http://www.dhammadownload.com

ပထမကြီးတန်း

ပဲခူးမြို့
သာသနာ့မဏ္ဍိုင်(ပါဠိတက္ကသိုလ်)ကျောင်းတိုက်
စာချကထိကအရှင်ဂါရဝ (သရက်)

# မဏ္ဍိုင် အလင်္ကာမှတ်စု

သာသနာ-၂၅၃၈ ကောဇာ-၁၃၅၆

http://www.dhammadownload.com

ပထမကြီးတန်း

ပဲခူးမြို့
သာသနာ့မဏ္ဍိုင်(ပါဠိတက္ကသိုလ်)ကျောင်းတိုက်
စာချကထိကအရှင်ဂါရဝ (သရက်)

# မဏ္ဍိုင်
# အလင်္ကာ မှတ်စု

သာသနာ-၂၅၃၈ ကောဇာ-၁၃၅၆

http://www.dhammadownload.com

## အလင်္ကာနှင့် ပတ်သက်၍

စကားအရာ စာပေရေးရာတို့၌
ကဗျာမဆန် ကာရန်မလှ သဘာဝမပီပြင်
သက်ဝင်ခြင်းကင်း ခက်ခဲခြင်းတွေ တွေ့နေပါသလား ?

လူမှုနယ်တွင် လူရာဝင်သည့်
အပြောအရေး အတွေးကျွမ်းကျင် ပညာရှင်တစ်ယောက် ဖြစ်ရန် . . .
ရှောင်ရန်အပြစ် ဆောင်ရန်အနှစ်တို့ကို
ခွဲခြားသိမြင် နားလည်ချင်ပါသလား ?

**အထူးသဖြင့်** ပထမကြီးတန်း၌ သာမက
ဓမ္မာစရိယတန်း သုတ်သီလက္ခန်ဘာသာ
ဒုတိယနေ့မှာ မပါမပြီးတဲ့ ဘာဝါလင်္ကာရ ထုတ်နည်းကို
မပင်မပန်း ရှင်လန်း လွယ်ကူစွာ သိထားချင်ပါသလား ?

**ယနေ့** စာချစာသင် အရှင်မြတ်များနှင့်
မြန်မာစာပေ လေ့လာလိုက်စားကြီးပွားလိုသော
ဝါသနာရှင်အားလုံးကို

**ဤစာအုပ်က တာဝန်ယူပါလိမ့်မည်။**

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

အလင်္ကာဘာသာအနက်အခဲအတွက်

မဏ္ဍိုင်

# အလင်္ကာမှတ်စု

သာသနာ့မဏ္ဍိုင် (ပါဠိတက္ကသိုလ်) ကျောင်းတိုက်၊ ပဲခူးမြို့
အရှင်ဂါရဝ (သရက်) ရှာဖွေတင်ပြသည်။

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၄၂ /၉၄ (၈)
မျက်နှာဖုံးခွင့်ပြုချက် - ၁/ ၉၄ (၁၀)

အကြိမ် - ပထမအကြိမ်၊
အုပ်ရေ - ၁၀၀၀၊
တန်ဖိုး - ဓမ္မဒါန၊
ပန်းချီ - ကိုဇော်မင်း (ကိုဇော် - ပန်းချီဒီဇိုင်း)
ခုနှစ် - ၁၉၉၄ - အောက်တိုဘာ၊

ထုတ်ဝေသူ ...
ဦးဇော်ဝင်း (၀၀၀၄)
ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဦးဇော်ဝင်း (၀၁၄၈၅) :
ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်
အမှတ်-၃၄၉၊ ဗိုလ်အောင်ကျော်လမ်း၊
ရန်ကုန်မြို့။

http://www.dhammadownload.com

# ကျမ်းဦး အမှာစကား

ဤ မဏ္ဍိုင်အလင်္ကာမှတ်စု စာမူကိုကြည့်ရှုသုံးသပ်ပြင်ဆင်ဖြည့်စွက်ပြီး ကျမ်းဦးအမှာ စကား ရေးသားပေးပါဟု စာမူပြကာ တောင်းပန်လာသော တပည့်ဖြစ်သူ အရှင်ဂါရဝ၏ ဤမဏ္ဍိုင်အလင်္ကာ မှတ်စု ကျမ်းစာမူကို မအားလပ်သည့်ကြားမှ အနည်းအကျဉ်းမျှ ကြည့်ရှု မိပေ၏။

စာမူအနည်းအကျဉ်းကို ကြည့်ရှုရုံမျှဖြင့် စာမူ၏အရည်အချင်းကို ခန့်မှန်းနိုင်ပေ၏။ အဆင့်အတန်းအလွန် မမြင့်သည့်တိုင် အလွန်မနိမ့်ကျ၊ အကုန်အစင် ပြည့်စုံ၏ဟု မဆိုနိုင်သည့်တိုင် ပြည့်စုံသင့်သလောက် ပြည့်စုံ၏ဟု ဆိုနိုင်ပေ၏။

အမှန်မှာ ဤကျမ်းစာ၏ မူလ အလင်္ကာခေါ် သုဗောဓာလင်္ကာရကျမ်းမှာ မူရင်းသက္ကတ ကျမ်းကြီးများမှ ထုတ်နုတ်၍ ဗုဒ္ဓဘာသာနှလောမဖြစ်အောင် မာဂဓဘာသာ (ပါဠိဘာသာ) ဖြင့် စီစဉ်ပြုလုပ်ထားခြင်းဖြစ်၏။ မူရင်း သက္ကတကျမ်းကြီးများမှ ထုတ်နုတ်စီစဉ်ထားသည့် အလျောက် လည်း ဂါထာပေါင်း (၃၆၇) ဂါထာ (တစ်ဘာဏဝါရကျော်) ရှိကာ ကျမ်းစာသားလည်းများ အဓိပ္ပါယ်လည်း နက်နဲ ခက်ခဲလှပါပေ၏။

ထိုသို့ ခက်ခဲနက်နဲသော အလင်္ကာကျမ်းစာကို ဆရာအမျိုးမျိုးက ပုံစံအမျိုးမျိုး အမည် အမျိုးမျိုးဖြင့် လွယ်ကူသည်ထက် လွယ်ကူအောင် စီစဉ်ရေးသားခဲ့ကြပါပေ၏။

ဤကျမ်းစာမူကို ရှာဖွေပြုစုတင်ပြသော တပည့်ဖြစ်သူ အရှင်ဂါရဝကား မိခင်မဏ္ဍိုင်တိုက်တွင် အုပ်ချုပ်ရေး စသော ကျောင်းတိုက်တာဝန်များကို ကူညီထမ်းဆောင်ယင်း ပထမကြီးတန်း ကဝိလက္ခဏာ ဘာသာ (၂)ကို တာဝန်ယူ ပို့ချနေသူဖြစ်၏။

ထိုသို့ သူကိုယ်တိုင်ပို့ချနေသောဘာသာတွင် ခေတ်အခြေအနေစာမေးပွဲလောကကို နားလည် ကာ ထိုဆရာ ဆရာများ ရေးသားထားသော ကျမ်းစာများမှ လိုအပ်ရာအဓိပ္ပါယ်များနှင့် အခြား ဗဟုသုတများကို ကြိုးစားရှာဖွေပို့ချ ရေးသားထားခြင်းဖြစ်သောကြောင့် အရာရာအထူး လိုအပ်လိမ့် မည်ဟု မထင်မိပါချေ။

ဤကဲ့သို့ မထင်မိသောကြောင့်လည်း ယနေ့စာမေးပွဲလောက စာသင်သားများသာမက ပို့ချ ပေးမည့် ဆရာများနှင့် ဝါသနာပါ၍ လေ့လာလိုက်စားလိုသူများပါ ကြည့်ရှုလေ့လာဆောင်ထားသင့်သော စာအုပ်တစ်အုပ် ဖြစ်ပေ၏ဟုသာ ကျမ်းဦးအမှာစကား ရေးသားလိုက်ရပေ၏

အရှင်သံဝရ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မာစရိယ ပါဠိပါရဂူ

ဒုတိယနာယက ဆရာတော်

သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်စာသင်တိုက်

ပန်းခြံကုန်းရပ်၊ ပဲခူးမြို့။

http://www.dhammadownload.com

# ပြည်လုံးကျွတ်ဖြန့်ချိရေး

ဒေါ်ညွန့်ဝေ

ပိဋကတ်စာပေ ဖြန့်ချိရေး

အမှတ် (၃၉-၄၀)၊ ရွှေတိဂုံဘုရား
တောင်ဘက်-ဈေးတော်ရုံ
ဒဂုံစာတိုက်-ရန်ကုန်မြို့။

ဖုန်း - ၃၈၃၅၁၁ (လိုင်းခွဲ) ၂၀၆

http://www.dhammadownload.com

## ကျမ်းဦး အမှာစကား

ဤ မဏ္ဍိုင်အလင်္ကာမှတ်စု စာမူကိုကြည့်ရှုသုံးသပ်ပြင်ဆင်ဖြည့်စွက်ပြီး ကျမ်းဦးအမှာ စကား ရေးသားပေးပါဟု စာမူပြကာ တောင်းပန်လာသော တပည့်ဖြစ်သူ အရှင်ဂါရဝ၏ ဤမဏ္ဍိုင်အလင်္ကာ မှတ်စု ကျမ်းစာမူကို မအားလပ်သည့်ကြားမှ အနည်းအကျဉ်းမျှ ကြည့်ရှု မိပေ၏။

စာမူအနည်းအကျဉ်းကို ကြည့်ရှုရုံမျှဖြင့် စာမူ၏အရည်အချင်းကို ခန့်မှန်းနိုင်ပေ၏။ အဆင့်အတန်းအလွန် မမြင့်သည့်တိုင် အလွန်မနိမ့်ကျ၊ အကုန်အစင် ပြည့်စုံ၏ဟု မဆိုနိုင်သည့်တိုင် ပြည့်စုံသင့်သလောက် ပြည့်စုံ၏ဟု ဆိုနိုင်ပေ၏။

အမှန်မှာ ဤကျမ်းစာ၏ မူလ အလင်္ကာခေါ်သုဗောဓာလင်္ကာရကျမ်းမှာ မူရင်းသက္ကတ ကျမ်းကြီးများမှ ထုတ်နုတ်၍ ဗုဒ္ဓဘာသာနှလောမဖြစ်အောင် မာဂဓဘာသာ (ပါဠိဘာသာ) ဖြင့် စီစဉ်ပြုလုပ်ထားခြင်းဖြစ်၏။ မူရင်း သက္ကတကျမ်းကြီးများမှ ထုတ်နုတ်စီစဉ်ထားသည့် အလျောက် လည်း ဂါထာပေါင်း (၃၆၇) ဂါထာ (တစ်ဘာဏဝါရကျော်) ရှိကာ ကျမ်းစာသားလည်းများ အဓိပ္ပါယ်လည်း နက်နဲ ခက်ခဲလှပါပေ၏။

ထိုသို့ ခက်ခဲနက်နဲသော အလင်္ကာကျမ်းစာကို ဆရာအမျိုးမျိုးက ပုံစံအမျိုးမျိုး အမည် အမျိုးမျိုးဖြင့် လွယ်ကူသည်ထက် လွယ်ကူအောင် စီစဉ်ရေးသားခဲ့ကြပါပေ၏။

ဤကျမ်းစာမူကို ရှာဖွေပြုစုတင်ပြသော တပည့်ဖြစ်သူ အရှင်ဂါရဝကား မိခင်မဏ္ဍိုင်တိုက်တွင် အုပ်ချုပ်ရေး စသော ကျောင်းတိုက်တာဝန်များကို ကူညီထမ်းဆောင်ယင်း ပထမကြီးတန်း ကဝိလက္ခဏာ ဘာသာ (၂)ကို တာဝန်ယူ ပို့ချနေသူဖြစ်၏။

ထိုသို့ သူကိုယ်တိုင်ပို့ချနေသောဘာသာတွင် ခေတ်အခြေအနေစာမေးပွဲလောကကို နားလည် ကာ ထိုဆရာ ဆရာများ ရေးသားထားသော ကျမ်းစာများမှ လိုအပ်ရာအဓိပ္ပါယ်များနှင့် အခြား ဗဟုသုတများကို ကြိုးစားရှာဖွေပို့ချ ရေးသားထားခြင်းဖြစ်သောကြောင့် အရာရာအထူး လိုအပ်လိမ့် မည်ဟု မထင်မိပါချေ။

ဤကဲ့သို့ မထင်မိသောကြောင့်လည်း ယနေ့စာမေးပွဲလောက စာသင်သားများသာမက ပို့ချ ပေးမည့် ဆရာများနှင့် ဝါသနာပါ၍ လေ့လာလိုက်စားလိုသူများပါ ကြည့်ရှုလေ့လာဆောင်ထားသင့်သော စာအုပ်တစ်အုပ် ဖြစ်ပေ၏ဟုသာ ကျမ်းဦးအမှာစကား ရေးသားလိုက်ရပေ၏


အရှင်သံဝရ
အဘိဓမ္မာဝတံသ ဓမ္မာစရိယ ပါဠိပါရဂူ
ဒုတိယနာယက ဆရာတော်
သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်စာသင်တိုက်
ပန်းခြံကုန်းရပ်၊ ပဲခူးမြို့။

http://www.dhammadownload.com


# ပြည်လုံးကျွတ်ဖြန့်ချိရေး

ဒေါ်ညွန့်ဝေ

ပိဋကတ်စာပေ ဖြန့်ချိရေး

အမှတ် (၃၉-၄၀)၊ ရွှေတိဂုံဘုရား
တောင်ဘက်-ဈေးတော်ရုံ
ဒဂုံစာတိုက်-ရန်ကုန်မြို့။

□□□

ဖုန်း - ၃၈၃၅၁၁ (လိုင်းခွဲ) ၂၀၆

http://www.dhammadownload.com

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

## အလင်္ကာနှင့် တန်ဖိုး

အလင်္ကာဟူသည် တန်ဆာဆင်ကြောင်းဖြစ်သော အရာဖြစ်၏။ လောက၌ အရာရာ တန်ဆာဆင်မှ တင့်တယ် ပြေပြစ်ချောမောလှပ၏။ ပစ္စည်း ဝတ္ထုသုံးစွဲရာ၌ ဖြစ်စေ၊ စကားအရာ စာပေရေးရာ သုံးစွဲရာ၌ဖြစ်စေ၊ တန်ဆာဆင်မှ တင့်တယ်နိုင်ကြ၏။ အထူးအားဖြင့် ပစ္စည်းဝတ္ထုထက် စကားအရာ စာပေရေးရာကို ပို၍တန်ဆာ ဆင်အပ်လှ၏။

လောက လူတစ်ဦးနှင့်တစ်ဦး၊ လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူး ဆက်ဆံရာ၌ ဦးစွာ စကားဖြင့်ဆက်သွယ်ရ၏။ ထိုသို့ ဆက်သွယ်ရာ၌လည်း စကားတန်ဆာ အဆင်ပြေ ပြေသလောက်အကျိုးရှိ၏။ ထို့အတူ စာပေရေးရာ၌လည်း အဆင်ပြေ၍ အဆင့် အတန်းမြင့်ကာ အကျိုးရှိရန် တန်ဆာဆင်ဖို့ အရေးကြီး၏။ လူမျိုး၏ ယဉ်ကျေးမှုသည် စာပေ၊ စာပေမြင့်မှ လူမျိုးတင့်သည် မဟုတ်ပါလား၊ ထို့ကြောင့်လည်း စကားအရာစာပေရေးရာတို့ကို တန်ဆာဆင်ရခြင်းမှာ ပို၍အရေး ကြီး၏ ဟုဆိုခြင်းဖြစ်၏။

လောကလူသားမဆိုထားနှင့် သုံးလောကထွတ်ထား မြတ်ဘုရားသော်မှ စကားတော် တရားတော်များကို ဝေနေယျသတ္တဝါတို့၏ အလိုက် အမျိုးမျိုးတန်ဆာဆင်ကာ ပြောတော် ဟောတော် မူ၏။ ထို့ကြောင့်လည်း ကုဋေကုဋာမကသော လူနတ်ဗြဟ္မာ သတ္တဝါတို့ ကျွတ်တန်းဝင်ခြင်း အကျိုးကို ရခဲ့ခြင်းဖြစ်ပါပေ၏။ ဤကဲ့သို့ စကားအရာ တန်ဆာဆင်ပါမှ ပိုမိုအကျိုးဖွံ့ဖြိုးသော ကြောင့်လည်း မိမိစကားစာပေများကို အများနားလည်လက်ခံ သာယာနာပျော်ဘွယ်ရှိအောင် တန်ဆာဆင်၍ ပြောဆိုရေးသားသင့်ခြင်း ဖြစ်ပါပေ၏။ သို့မှသာ မိမိကိစ္စအောင်မြင်မှုကို အပြည့်အဝရနိုင်ကြမည်ဖြစ်ပေ၏။

## အလင်္ကာရေစီး

ထိုသဘောကိုနားလည်ကြသော ရှေးပညာရှိများသည် ဗုဒ္ဓမပွင့်မီကပင် စကားကို တန်ဆာဆင်ကြောင်းဖြစ်သော ရာမ သမ္ဘဝသော အလင်္ကာကျမ်းများကို ရေးသားခဲ့ကြ၏။ ထိုသို့အစရှိခဲ့ရာ နောင်လာနောက်သားများက ထိုအလင်္ကာကျမ်းများကို မှီ၍ ခေတ်နှင့်လျော်ညီစွာ သက္ကဋဘာသာဖြင့် အလင်္ကာကျမ်းများကို ဆက်ကာဆက်ကာ ရေးသားပြုစုခဲ့ကြပါပေ၏။

http://www.dhammadownload.com

သာသနာသက္ကရာဇ် ၁၇၀၀ ကျော်သောအခါ၌ ခေတ်အခြေအနေကို ကောင်းစွာ နားလည်သော သီဟိုဠ်ကျွန်း နေ အရှင်သံဃရက္ခိတ မထေရ်က သက္ကတမသန်း မာဂဓဘာသာ ကျွမ်းသော သုဒ္ဓမဂဓိပုဂ္ဂိုလ်တို့အတွက် ထိုသက္ကတ အလင်္ကာကျမ်းကြီးများမှ ကောင်းနိုးရာရာတို့ကို ယူ၍သက္ကတမဘက် မာဂဓဘာသာသက်သက်ဖြင့် အလင်္ကာကျမ်းကို ရေးသားပြုစုပေးခဲ့ပါပေ၏။

ထိုသံဃရက္ခိတမထေရ်၏ ကျေးဇူးကြောင့်သာ ယနေ့အချိန်ထိ မာဂဓဘာသာဖြင့် မပင်မပန်း ပို့ချသင်ယူ နားလည်နေကြရခြင်းဖြစ်ပါ၏။ သို့သော်မူရင်း သက္ကတကျမ်းကြီးများမှ ထုတ်နုတ်စီစဉ်ထားသောကြောင့် ထင်သလောက် လွယ်ကူလှသည်တော့ မဟုတ်ပါပေ။

ထိုသို့ ထင်သလောက်မလွယ်ကူသည့်အတွက် စေတနာမေတ္တာကြီးမားကြသော ဆရာ သခင်ကျေးဇူးရှင်တို့ကတဖန်ကြီးမားပြင်းထန်လှသောဆန္ဒဝီရိယတို့ပြတန်းကာခေတ်စာသင်သား တို့ လွယ်ကူသည်ထက်လွယ်ကူ သက်သာသည်ထက် သက်သာစွာဖြင့် ပို့ချသင်ယူနားလည် နိုင်ကြစေရန် ပုံစံအမျိုးမျိုး အမည်အမျိုးမျိုး တို့ဖြင့်ရေးသားပြုစုပေးခဲ့ကြပြန်ပါ၏။ ဤသို့ဖြင့် အလင်္ကာကျမ်းစာဘာသာဟူသော ရေအယဉ်သည် ယနေ့တိုင် မရပ်မနား အစဉ်ရွေ့ရှား တသွင်သွင်စီးသွား ရေပန်းစားလျက်ရှိနေပါ၏။

## စာပေပို့ချ သင်ယူကြပုံနှင့် ဤမှတ်စုရေးရခြင်း

ယနေ့စာသင်သားများမှာ ဤအလင်္ကာဘာသာရပ် တစ်ခုသာမဟုတ် အခြားဘာသာရပ် များလည်းရှိကြ သေးသည်ဖြစ်ရာ ထိုထို ဆရာကြီးများရေးသားထားသည့် ကျယ်ဝန်းနက်နဲသော ထိုထို အလင်္ကာကျမ်းကြီးများကို တကူးတကကြည့်ရန် အချိန်မပေးနိုင်ကြပဲ၊ စာဝါ တစ်ဝါပြီး တစ်ဝါလိုက်ရင်းဖြင့်သာ တစ်နေ့တာကုန်ကြရ၏။

စာဝါပို့ချသင်ယူပြုလုပ်ရခြင်းကပင့်လျှင် နားမလည်သည်ကို နားလည်ရန်နှင့် အချိန် ကုန်ခံ၍ မကြည့်နိုင်ကြသည်ကို အချိန်ယူ၍ ကြည့်ရှုထားသော ဆရာ့ထံမှတဆင့် မှတ်သား ကြရန်ဖြစ်ကြပေ၏။

စာဝါပို့ချခြင်းဟူသည်လည်း ဆရာဖြစ်သူက ထိုထိုဆိုင်ရာ စာအုပ်တို့မှကြည့်ရှုပြီး လေ့လာမှတ်သားထားသော မှတ်စုမှတ်ရာများကို တဆင့်ပြန်လည်ရှင်းလင်း ပြောပြပို့ချကာ ဆိုင်ရာမှတ်စုမှတ်ရာများကို တဆင့်ရေးစေခြင်းဖြစ်၏။

ထိုသို့လိုက်ကူးစေခြင်း၊ လိုက်ကူးနေခြင်းဖြင့် ဆရာလည်း မရှင်းပြအား၊ တပည့်လည်း နားမလည်ဖြစ်ကာ အချိန်ကုန် အကျိုးမရှိဖြစ်ကြရ၏။

http://www.dhammadownload.com

ထိုသဘောတို့ကို နားလည်မိသောကြောင့် ပို့ချပေးသော ဆရာများလည်း အချိန်ရကာ သေချာကျန ရှင်းပြနိုင်စေ၊ စာဝါလိုက်တပည့်များလည်း စိတ်ပါဝင်စားစွာ နားထောင် နားလည်နိုင်စေ၊ လိုက်ရေးခြင်းဖြင့် ကုန်လွန်ရမည့် အချိန်တို့၌လည်း အခြားဘာသာရပ်တို့ကို ကြည့်ရှုနိုင်ကြစေဟု ဆန္ဒပြုကာ ဤမဏ္ဍိုင်အလင်္ကာမှတ်စုစာမူကို ရှာဖွေ ရေးသားတင်ပြရခြင်းဖြစ်ပါ၏။

## ဤစာအုပ်ပုံနှိပ်ဖြစ်ခြင်း

ဤမဏ္ဍိုင်အလင်္ကာမှတ်စုစာမူကို ဖယောင်းရိုက်လှည့်ထုတ်ကာ ဖြန့်ဝေခဲ့သည်မှာ ငါးနှစ်ပင်ရှိခဲ့ပေပြီ၊ ထိုထုတ်ဝေရာတို့၌ ကိုယ့်ကျောင်းတိုက်လိုအပ်ရုံနှင့် အနည်းငယ်သာပို၍ အုပ်ရေနှစ်ရာလောက်သာ လှည့်ထုတ်ခဲ့ ခြင်းဖြစ်ပါ၏။ တဖြည်းဖြည်းနှင့် အမေးများ အသုံးများလာကာ အများက ပုံနှိပ်အဖြစ် ထုတ်စေလိုသောကြောင့် လည်းကောင်း၊ ယနေ့စာသင်သားလောကကိုကြည့်လျှင်လည်း မှတ်စုမှတ်ရာ ရေးကူးဖို့ထက် ဆိုင်ရာအတန်းတွင်ဆိုင်ရာဘာသာရပ်တို့ထွက်လာသမျှစာအုပ်တို့ကို လက်မလွှတ်တန်း ဝယ်ယူကြည့်ရှုကြသည်ကိုသာ တွေ့ရသောကြောင့်လည်းကောင်း၊ မူလစာမူကို ပြင်ဆင်ဖြည့်စွက်ကာ ဤကဲ့သို့ ပုံနှိပ်ထုတ်ဝေဖြစ်ခြင်းဖြစ်ပါ၏။

## မှတ်စုရေးပုံ

ဆရာ့ဆရာကြီးများ၏ စာအုပ်များနှင့် အခြားဗဟုသုတ စာအုပ်များမှလိုအပ်ရာတို့ကို အပြည့်စုံဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ရှာဖွေကူးရေးမှတ်စုပြုထားပါ၏။ ပထမပိုင်း ဒုတိယပိုင်းတို့ကိုပူးတွဲကာ ပထမပိုင်း ဒေါသအဝိပ္ပါယ် ဒေါသသင့်ပုံ ပုံစံတို့နှင့် ဒုတိယပိုင်း ဒေါသဖြေဖျောက် ပြေပျောက်ပုံတို့ကို ရေးသားထားပါ၏။ နောက်အပြစ်ပျောက်၍ ဂုဏ်မြောက်ရာတတိယပိုင်းကို ဂုဏ်မြောက်ရာပုံစံတို့နှင့်လည်းကောင်း၊ သည့်နောက် အတ္ထရသတို့ကိုပြရာ စတုတ္ထပိုင်းကိုလည်းကောင်း၊ ပြီးမှ ပဉ္စမပိုင်းကို ဘာဝရသတို့၏ သဘောကို ပီပြင်စေ၍စာချတန်း သိလက္ခနဲ ဘာသာ၌ ဘာဝါလင်္ကာရထုတ်နည်း ရအောင်ပုံစံတို့နှင့် လည်းကောင်း စီစဉ်ရေးသားထားပါ၏။

(မှတ်ချက်= စာဝါပို့ချရာ၌ ပထမ–ဒုတိယပိုင်းကို ပူးတွဲပို့ချပြီး၊ တတိယပိုင်းကို၊ တတိယပိုင်းပြီးလျှင် စတုတ္ထပိုင်းကိုကျော်၍ ပဉ္စမပိုင်းကို၊ ပြီးမှ စတုတ္ထပိုင်းကို ပြန်လည်ပို့ချပါ၏။)

http://www.dhammadownload.com

## သင့်တန်စွာ ခွင့်ပန်ပါ၏

စာမူကိုကူးယူမှတ်စုပြုရာ၌ အထူးအားဖြင့် စု, တု, ပြု, ဟူသောမူအတိုင်း အလင်္ကာနိဿယသစ်၊ အလင်္ကာဘာသာဋီကာ၊ အလင်္ကာပန်းကုံး၊ အလင်္ကာရတ္တ မေဒိနီ၊ ဝမ္မာစရိယမျက်ရှု၊ နည်းပြဝမ္မာစရိယ၊ အလင်္ကာဘာသာအဖြေပဒေသာ စသည့်ကျမ်းများမှ မှတ်စုမှတ်ရာတို့နှင့် အမျိုးမျိုးသောဆရာတို့၏ မှတ်စုမှတ်ရာတို့ကို ထုတ်ယူမှတ်စုပြုထားပါ၏။ ဤကဲ့သို့ ထုတ်ယူမှတ်စု ပြုထားခြင်းကိုလည်း ပညာမလျှို ဝန်မတို မငြိုငြင်ပဲ တပည့်လွဲသကဲ့သို့ – ဝမ်းထဲကြည်သော ခွင့်လွှတ်ကြပါရန် ဤနေရာမှ သင့်တန်စွာ ခွင့်ပန်ပါ၏။

## ကဲ့ရဲ့ပြစ်တင် ကျိုးမမြင်

ဤစာမူကို ရေးသာပုံနှိပ်ဖြန့်ဝေရာ၌ ဤစာအုပ်တွင်ပါဝင်သော ပုံစံစသည်တို့ကိုမေးလိမ့်မည်ဟု မဆိုလိုပါ၊ ဤစာအုပ်ပါ ပုံစံတို့ကား၊ နမူနာယူ သဘောပေါက်ရန်အတွက်သာ ဖြစ်ပါ၏၊ လူ့ပတ်ဝန်းကျင်တွင် အလင်္ကာနှင့်မကင်းသော စကားစာသား အမူအရာ လောကသဘာဝများ မြောက်များစွာ ရှိနေကြပါသေး၏။ သို့အတွက်ကြောင့် လည်းကောင်း၊ ထိုထိုစာအုပ်တို့မှ မှတ်စုရေးကူးထားသောကြောင့် လည်းကောင်း၊ မေတ္တာစိတ်ပျက် ဒေါသစွက်ကာ အလကားပါကွာဟု ကဲ့ရဲ့ပြစ်တင် နေလျှင် အကျိုး မမြင်ရှုသာ ဖြစ်ပါလိမ့်မည်။

တစ်ဆင့်စကားကြားဘူးပါ၏၊ ဆရာတော်နှစ်ပါး – ဣဿာပွါးသော ဆရာတော်က အလကားပါကွာ – ဦး( ) ကျမ်းပြုတယ်ဆိုတာ သူများစာတွေ လိုက်ကူးရေးနေတာပါ– ပြောသောအခါ မေတ္တာပွါးသောတစ်ပါးက အရှင်ဘုရား – သူလိုက်ကူးရေးထားတဲ့ စာတွေကို ကုန်အောင်ဖတ်ဘူးပါ ရဲ့လား – ဟု ပြန်လျှောက်လိုက်ပါသတဲ့။

ဤကဲ့သို့ပင် ယခုလည်း မေတ္တာမထား ဣဿာပွါးကာ အလကားပါဟု – ဆိုခဲ့ကြားအံ့၊ မိမိသာလျှင် ကဲ့ရဲ့ပြစ်တင် ကျိုးမမြင် ဖြစ်ပါလိမ့်မည်။

## လက်ကမ်းကြိုလျှင် ကျေးဇူးတင်

ဤစာမူကိုရေးသားရာ၌ ဖြစ်ကတတ်ဆန်းမဟုတ်ပဲ အတော်အတန်ပြည့်စုံအောင် စေတနာ မေတ္တာ ဝီရိယထားကာ ကြိုးစားပြုစုထားပါ၏၊ သို့သော်လည်း၊ သတိလွတ်ကင်းမေ့လျော့ခြင်းကြောင့် ဖြစ်စေ မိမိဉာဏ်က မမီခြင်းကြောင့်ဖြစ်စေ၊ မနံ့စပ်ခြင်းကြောင့်ဖြစ်စေ၊ သဘာဝမသက် အပိုအလို မှားယွင်းချက်များရှိနိုင်ပါ၏၊ ယင်းမှားချက်များကိုအကယ်၍ တွေ့ရှိပါက စာချစာသင်အရှင်များနှင့် ဝါသနာရှင် ပုဂ္ဂိုလ်အပေါင်းက မေတ္တာစွက်ကာ

http://www.dhammadownload.com

ကိုယ်ချင်းစာလျက် ခွင့်လွှတ် ပြင်ဆင်နိုင်ကြပါစေဟု တောင်းပန်သမှု တိုက်တွန်းမှုပြုပါ၏၊
ဤသို့ခွင့်လွှတ် ပြင်ဆင်ပြီး ဤစာအုပ်ကို လက်ကမ်းကြီလျှင် အထူးပင် ကျေးဇူးတင်ပါ၏။

# ပြည်လုံးကျွတ်ဖြန့် ချိရေး

ဒေါ်ညွန့်ဝေ

## ပိဋကတ်စာပေ ဖြန့်ချိရေး

အမှတ် (၃၉-၄၀)၊ ရွှေတိဂုံဘုရား
တောင်ဘက်-ဈေးတော်ရုံ
ဒဂုံစာတိုက်-ရန်ကုန်မြို့။

□□□

ဖုန်း - ၃၈၃၅၁၁ (လိုင်းခွဲ) ၂၀၆

http://www.dhammadownload.com

http://www.dhammadownload.com

# အလင်္ကာမှတ်စု

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကျမ်းဦးအမှာစကား | က |
| ၂ | နိဒါန်း | ခ - ဆ |
| | ဤစာအုပ်တွင် မာတိကာပေါင်း ၈၅၀ ကျော် ပါဝင်သည် | |
| | **အလင်္ကာ ပထမ + ဒုတိယပိုင်း** | |
| ၃ | ရတနတ္တယ ပဏာမ | ၁ |
| ၄ | ဝစီပဏာမကို ပြရခြင်းအကြောင်း | ၁ |
| ၅ | ဤဂါထာ၌ပြသော ဂန္ထာရမ္ဘ | ၂ |
| ၆ | မဖွောဟုမဆိုဘဲ ဖါဏီဟုဆိုခြင်းအကြောင်း | ၃ |
| ၇ | ဝိသေသနဖြစ်တိုင်း လိင်မပြောင်း | ၄ |
| ၈ | ရာမ သမ္မာချလင်္ကာရာ၌ အာဒိအရ | ၅ |
| ၉ | အနုရူပေန သင့်လျော်ခြင်းအကြောင်း | ၆ |
| ၁၀ | အလင်္ကာရအရ မုချတ္ထနှင့် ဥပစာရတ္ထ | ၇ |
| ၁၁ | သုဗောဓာလင်္ကာရကျမ်းကို အလင်္ကာခေါ်ရပုံ | ၇ |
| ၁၂ | လောကအသုံးမကျ လှနံ့လှအဖြစ်ရန် အကြောင်း | ၈ |
| ၁၃ | လောကထင်ပေါ် လှတော်လှမော်ဖြစ်ရန်အကြောင်း | ၉ |
| ၁၄ | ပညာ့ဏာဘ်ဘိုရာ ဆရာကောင်းရှာ မှီခိုပါ | ၉ |
| ၁၅ | လောကမှာ မှီခိုရာဟူသည် | ၁၀ |
| ၁၆ | ကဗ္ဗကျမ်းနှင့် နာဋကကျမ်း | ၁၀ |
| ၁၇ | ကဗျာတတ်ရန် အင်္ဂါ -၃-ပါး | ၁၁ |
| ၁၈ | ဗန္ဓ အဓိပ္ပါယ် -စသည် | ၁၁ |
| ၁၉ | အလင်္ကာကျမ်းလာ ပဒ္ဓနှင့်ဆန်းကျမ်းလါပဒ္ဓ အထူး | ၁၃ |
| ၂၀ | ဂဇ္ဇပဒေသံ၌ ဂဇ္ဇအရ -စသည် | ၁၄ |
| ၂၁ | ကျမ်းစာကို အလင်္ကာခေါ်နိုင်ပုံ | ၁၅ |
| ၂၂ | ကဝိ - ပညာရှိဟူသည် | ၁၆ |
| ၂၃ | ဗန္ဓောစနာမသဒ္ဒတ္ထာ စကားနှစ်မှာ မထူးပါ | ၁၇ |
| ၂၄ | အလင်္ကာမှာ အပြစ်အဆာ ရှောင်သင့်ရာ | ၁၈ |
| ၂၅ | အတ္ထာလင်္ကာရဂုဏ်ထက် သဒ္ဒါလင်္ကာရဂုဏ်က အရေးကြီးပုံ | ၁၉ |

http://www.dhammadownload.com


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | **ဒေါသဝဇ္ဇော + ဒေါသပရိဟာရဝဇ္ဇော** | |
| ၂၆ | | ဒေါသအစိပ္ပါယ်နှင့် တည်ရာဌာနများ - စသည် | ၂၀ |
| ၂၇ | | အဋ္ဌပဒါန စသည် သချာတပ်၍ မဆိုခြင်းအကြောင်း | ၂၂ |
| | | **ပဒဒေါသနိက္ခေပ** | |
| ၂၈ | ၁။ | ဝိရုဒ္ဓတ္ထန္တရဒေါသနှင့်ဆိုင်ရာအစိပ္ပါယ်များ | ၂၂ |
| ၂၉ | | ဋီကာသစ်နိသျှဉ်ပါသော ဝိရုဒ္ဓတ္ထန္တရပုံစံ | ၂၄ |
| ၃၀ | ၂။ | အဝျတ္တဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၂၇ |
| ၃၁ | ၃။ | ကိလိဋ္ဌဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၃၀ |
| ၃၂ | | သဒ္ဒပဟေဠိ -၃-မျိုးနှင့်ပုံစံ | ၃၄ |
| ၃၃ | | ယမကနှင့်ဆိုင်ရာ အစိပ္ပါယ်များ | ၃၅ |
| ၃၄ | | ကမလံ - ဂါထာ ဒေါသသင့် / မသင့် အနက်ပေးပုံ | ၃၉ |
| ၃၅ | ၄။ | ဝိရောဓိဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၄၁ |
| ၃၆ | | ကြီးပွါးခြင်းအား - စသောစကားနှင့်ဝပ်၍ လောကသဘာဝမှတ်စရာ | ၄၃ |
| ၃၇ | | ပန်းမျိုးစုံတို့ တစ်ဥတုတည်း၌ အံ့ဩဘွယ် တပြိုင်နက်ပွင့်ရာအခါများ | ၄၅ |
| ၃၈ | ၅။ | နေယျဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၄၇ |
| ၃၉ | | ပါဠိတော်မှာ မှတ်စရာ | ၄၈ |
| ၄၀ | | သိင်္ဂါရ -၂-ခု အထူး | ၅၂ |
| ၄၁ | ၆။ | ဝိသေသနာပေက္ခဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၅၂ |
| ၄၂ | | နေယျဒေါသနှင့် ဝိသေသနာပေက္ခဒေါသအထူး | ၅၃ |
| ၄၃ | ၇။ | ဟီနတ္ထဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၅၄ |
| ၄၄ | | အဝျတ္တဒေါသနှင့် ဟီနတ္ထဒေါသအထူး | ၅၅ |
| ၄၅ | ၈။ | အနတ္ထကဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၅၆ |
| | | **ဝါကျဒေါသနိဒ္ဒေသ** | |
| ၄၆ | ၁။ | ဧကတ္ထဒေါသဆိုင်ရာအစိပ္ပါယ်များ | ၅၈ |
| ၄၇ | | ပါဠိတော်တို့၌ ဧကတ္ထဒေါသမသင့်ကြောင်း | ၆၃ |
| ၄၈ | | အာမေဍိတ်နှင့်ဝိစ္ဆာ အစိပ္ပါယ်အထူးနှင့်ပုံစံ | ၆၃ |
| ၄၉ | ၂။ | ဘဂ္ဂရီတိဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၆၃ |
| ၅၀ | ၃။ | ဗျာကိဏ္ဏဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၆၆ |
| ၅၁ | | ဗျာကိဏ္ဏ-သံကိဏ္ဏ-ဝါကျဂဗ္ဘိတဒေါသတို့အထူး | ၆၇ |
| ၅၂ | ၄။ | ဂါမ္မဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၆၉ |

http://www.dhammadownload.com


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅၃ | ၅။ | ယတိနှင့် ယတိဟိနဒေါသဆိုင်ရာအစိပ္ပါယ်များ | ၇၂ |
| ၅၄ | | သဒ္ဒါကျမ်း အလင်္ကာကျမ်းလာ ပဒဓွေဒတို့အထူး | ၇၃ |
| ၅၅ | | အညတာ ဝွညတာ၌ တုသဒ္ဒါ အညတာသဒ္ဒါတို့၏ သိစေချက်များ | ၇၄ |
| ၅၆ | ၆။ | ကမဘ္ဘုတဒေါသဆိုင်ရာအစိပ္ပါယ်များ | ၇၇ |
| ၅၇ | | လောကတခွင် ပြောဆိုသုံးစွဲရိုးအစဉ်နှင့်ပုံစံ | ၇၈ |
| ၅၈ | ၇။ | အတိဝုတ္တဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၈၀ |
| ၅၉ | | အာကာသကိုဆရာတို့အဆို | ၈၁ |
| ၆၀ | | အဝုတ္တနှင့် အတိဝုတ္တဒေါသအထူး | ၈၂ |
| ၆၁ | ၈။ | အပေတတ္ထဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၈၃ |
| ၆၂ | | အနတ္ထကနှင့်အပေတတ္ထဒေါသအထူး | ၈၄ |
| ၆၃ | | အပေတတ္ထဒေါသမသင့်သော စကားများ | ၈၄ |
| ၆၄ | ၉။ | ဗန္ဓဖရုသဒေါသဆိုင်ရာအစိပ္ပါယ်များ | ၈၅ |
| ၆၅ | | ဂါမ္မဒေါသနှင့်ဗန္ဓဖရုသဒေါသအထူး | ၈၆ |
| ၆၆ | | သုခုမာလာဝိရောဓိ စသည်အရ | ၈၇ |


## ဝါကျတ္ထဒေါသနိဒ္ဒေသ


| | | | |
|---|---|---|---|
| ၆၇ | | ဝါကျတ္ထဒေါသ -၆-ပါးတို့၏ လက္ခဏာကို မပြရခြင်းအကြောင်း | ၈၈ |
| ၆၈ | ၁။ | အပက္ကမဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၈၈ |
| ၆၉ | | ကာဗျာသသ၌ပြသော ပုံစံနှင့် သဘာဝအမှန် | ၈၉ |
| ၇၀ | | ကမဘ္ဘုတဒေါသနှင့် အပက္ကမဒေါသအထူး | ၈၉ |
| ၇၁ | ၂။ | ဩစိတျ ဟိနဒေါသဆိုင်ရာအစိပ္ပါယ်များ | ၉၂ |
| ၇၂ | | အတိဝုတ္တနှင့် ဩစိတျဟိနဒေါသအထူး | ၉၃ |
| ၇၃ | | ဤဂါထာ၌ ဥစိတ စသည်အရ | ၉၄ |
| ၇၄ | ၃။ | ဝါကျတ္ထ ဘဂ္ဂရိတိဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၉၆ |
| ၇၅ | | စသဒ္ဒါထားရပုံစည်းကမ်းနှင့် ဒေါသ | ၉၆ |
| ၇၆ | | ဝါကျဘဂ္ဂရိတိ ဝါကျတ္ထဘဂ္ဂရိတိ အထူး | ၉၈ |
| ၇၇ | ၄။ | သသံသယဒေါသဆိုင်ရာ အစိပ္ပါယ်များ | ၉၉ |
| ၇၈ | ၅။ | ဝါကျတ္ထဂါမ္မဒေါသဆိုင်ရာအစိပ္ပါယ်များ | ၁၀၁ |
| ၇၉ | | ဝါကျတ္ထဂါမ္မဒေါသ၌ သုတ်ကိုဖေါ်ပြရပုံ | ၁၀၂ |
| ၈၀ | | ဂါမ္မဒေါသ -၂-ပါး အထူး | ၁၀၂ |
| ၈၁ | ၆။ | ဒုဋ္ဌာလင်္ကာရဏဒေါသဆိုင်ရာအစိပ္ပါယ်များ | ၁၀၃ |
| ၈၂ | | ဒုဋ္ဌာလင်္ကာရအပြားအကျဉ်း | ၁၀၄ |

http://www.dhammadownload.com


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၈၃ | | ဤနေရာ၌ အခြေပုံစံမပြရခြင်းအကြောင်း | ၁၀၅ |
| ၈၄ | | ဒေါသေပရိဟာရိတ ဝသောပါဒတို့ဖြင့် သိစေချက် | ၁၀၅ |
| ၈၅ | | တိုက်တွန်းချက် | ၁၀၆ |
| | | **တတိယပိုင်း** | |
| ၈၆ | | တတိယပိုင်း၌ ပြဆိုမည့်အလင်္ကာ | ၁၀၇ |
| ၈၇ | | သမာဝယောဟု ဗဟုဝုစ်ဖြင့်ဆိုရခြင်း | ၁၀၈ |
| ၈၈ | | ဩစိတ္တဂုဏ်ကို သီးခြားမဆိုရခြင်းအကြောင်း | ၁၀၈ |
| ၈၉ | ၁။ | ပသာဒဂုဏ်ဆိုင်ရာအဓိပ္ပါယ်များ | ၁၀၉ |
| ၉၀ | | သဒ္ဒဩဇဂုဏ်ဆိုင်ရာ အဓိပ္ပါယ်များ | ၁၁၀ |
| ၉၁ | | ဝုတ္တိယမ္မ၏ အသက်သွေးကြောဖြစ်သောဂုဏ် | ၁၁၁ |
| ၉၂ | | ယ,တ, ဝသော သဗ္ဗနာမ်ပုဒ်တို့၏ ဝိသယနာမည်နှင့်ပုံစံ | ၁၁၂ |
| ၉၃ | ၂။ | အတ္ထဩဇဂုဏ် ဆိုင်ရာအဓိပ္ပါယ်များ | ၁၁၃ |
| ၉၄ | ၃။ | မဓုရတာဂုဏ် ဆိုင်ရာအဓိပ္ပါယ်များ | ၁၁၅ |
| ၉၅ | | ပညာရှိများမချီးမွမ်းသော မဓုရတာ | ၁၁၈ |
| ၉၆ | ၄။ | သမတာဂုဏ်ဆိုင်ရာ အဓိပ္ပါယ်များ | ၁၁၉ |
| ၉၇ | | သိထိလနှင့် ကောမလတို့မှာသည် | ၁၁၉ |
| ၉၈ | | မုဒု–ဖုဋ သမတာဂုဏ် ဆိုင်ရာအဓိပ္ပါယ်များ | ၁၂၀ |
| ၉၉ | | မိဿ သမတာ ဂုဏ်ဆိုင်ရာအဓိပ္ပါယ်များ | ၁၂၁ |
| ၁၀၀ | ၅။ | သုခုမာလတာဂုဏ် ဆိုင်ရာအဓိပ္ပါယ်များ | ၁၂၂ |
| ၁၀၁ | | သုခုမာလတာဂုဏ်၏ ဂုဏ်ထူး | ၁၂၃ |
| ၁၀၂ | | ပဒတ္ထဝိသယ သုခုမာလတ္တအဓိပ္ပါယ် | ၁၂၄ |
| ၁၀၃ | | မတာဒိ စသည်၌ အာဒိအရ | ၁၂၅ |
| ၁၀၄ | ၆။ | သိလေသဂုဏ် ဆိုင်ရာအဓိပ္ပါယ်များ | ၁၂၆ |
| ၁၀၅ | | ပဒါသတ္တိမဓုရတာနှင့် သိလေသဂုဏ်အထူး | ၁၂၆ |
| ၁၀၆ | | ဗန္ဓဂါရဝ၌ ဂါရဝအကျရာအရ မုချ–ဥပစာ | ၁၂၆ |
| ၁၀၇ | ၇။ | ဥဒါရတာဂုဏ် ဆိုင်ရာအဓိပ္ပါယ်များ | ၁၂၇ |
| ၁၀၈ | | အမွန်းတင်သမျှ ဝိသေသန ဒုတိယဥဒါရာ | ၁၂၉ |
| ၁၀၉ | ၈။ | ကန္တိဂုဏ်ဆိုင်ရာ အဓိပ္ပါယ်များ | ၁၂၉ |
| ၁၁၀ | ၉။ | အတ္ထဗျတ္တိဂုဏ် ဆိုင်ရာအဓိပ္ပါယ်များ | ၁၃၀ |
| ၁၁၁ | | အဖွဲ့အနွဲ့အားလုံး၏ အသက်သဘွယ်ဖြစ်သောဂုဏ် | ၁၃၂ |
| ၁၁၂ | ၁၀။ | သမာဓိဂုဏ် ဆိုင်ရာအဓိပ္ပါယ်များ | ၁၃၂ |
| ၁၁၃ | ၁။ | ပါဏိဝမှုသမာဓိဂုဏ်ပုံစံအချို့ | ၁၃၄ |

http://www.dhammadownload.com


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၁၄ | ၂။ | ရူပယုဂ္ဂသမာဓိဂုဏ် ပုံစံအချို့ | ၁၃၅ |
| ၁၁၅ | | ဂန္ဓဗမ္ဗသမာဓိဂုဏ်ရှိနိုင်ပုံ | ၁၃၆ |
| ၁၁၆ | ၃။ | ရသဗမ္ဗ သမာဓိဂုဏ်ပုံစံအချို့ | ၁၃၆ |
| ၁၁၇ | ၄။ | ဖြဝဗမ္ဗသမာဓိဂုဏ် ပုံစံအချို့ | ၁၃၇ |
| ၁၁၈ | | ဒယာရသနှင့်ဖြဝအထူး | ၁၃၇ |
| ၁၁၉ | ၅။ | ကဗ္ဗျဗမ္ဗသမာဓိဂုဏ် ပုံစံအချို့ | ၁၃၈ |
| ၁၂၀ | ၆။ | ကဋ္ဌိနဗမ္ဗသမာဓိဂုဏ် ပုံစံအချို့ | ၁၃၈ |
| ၁၂၁ | | သံသာရသောတံ–စသော ဂါထာရူပယုဂ္ဂ သမာဓိဂုဏ်လည်း ရောက်ပုံ | ၁၃၉ |
| ၁၂၂ | | အန်ထုတ်ခြင်းစကား ဂါမ္ဗဒေါသမှ လွတ်ရကြောင်း | ၁၄၀ |
| ၁၂၃ | | ဤနေရာ၌ ကဗ္ဗျဗမ္ဗ သမာဓိဂုဏ်ပုံစံ ထပ်ပြရခြင်း | ၁၄၀ |
| ၁၂၄ | | အဓိဗ္ဗကဗ္ဗျကံ ဂါထာဖြင့် သိစေအပ်သောအဓိပ္ပါယ်များ | ၁၄၁ |
| ၁၂၅ | | ကဗျာဆရာခေါ်ထိုက်သူ | ၁၄၂ |
| ၁၂၆ | | ကဗျာဘတ်အင်္ဂါ –၃–ပါး | ၁၄၂ |

## အလင်္ကာစတုတ္ထပိုင်း

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၂၇ | | အတ္ထာလင်္ကာရ –၂–ပါးနှင့် အဓိပ္ပါယ် | ၁၄၃ |
| ၁၂၈ | | အလင်္ကာရိယ စသည် –၃–ပါး | ၁၄၄ |
| ၁၂၉ | | ဝဏ်ဝုတ္တိ အလင်္ကာ ဆိုင်ရာအဓိပ္ပါယ်များ | ၁၄၅ |
| ၁၃၀ | | ဝဏ်ဝုတ္တိကို ပိုင်းခြားမပြရခြင်းအကြောင်း | ၁၄၆ |
| ၁၃၁ | | အဖွဲ့အနွဲ့၏ အသက်နှင့်တူသော ဥပမာ | ၁၄၇ |
| ၁၃၂ | | ကြက်သရေတိုးပွါးစေသောအလင်္ကာ | ၁၄၇ |
| ၁၃၃ | ၁။ | အတိသယဝုတ္တိ ဆိုင်ရာ အဓိပ္ပါယ်များ | ၁၄၇ |
| ၁၃၄ | ၂။ | ဥပမာအလင်္ကာ ဆိုင်ရာ အဓိပ္ပါယ်များ | ၁၅၀ |
| ၁၃၅ | | ဂုဏ်ပုဒ်မပါရှိသော်လည်း ဓမ္မဟီနာမဆိုပဲ ဝိပရိတခေါ်ရပုံ | ၁၅၅ |
| ၁၃၆ | | သိလေသောပမဟုတ် သန္တာနောပမာအမည်ထူးရပုံ | ၁၅၇ |
| ၁၃၇ | | သိလေသောပမာနှင့် သန္တာနောပမာအထူး | ၁၅၇ |
| ၁၃၈ | | ဂုဏ်မပါ၍ ဓမ္မဟီနာမဆိုသင့် | ၁၅၈ |
| ၁၃၉ | | ကဲ့ရဲ့ ရှုတ်ချပေမင့် နိန္ဒောပမာမဆိုသင့် | ၁၅၉ |
| ၁၄၀ | | ဥပမာပျက် –၇–ပါး ဆိုင်ရာ အဓိပ္ပါယ်များ | ၁၆၄ |
| ၁၄၁ | | ဥပမာပေက္ခိနှင့် ခဏ္ဍိတောပမာအထူး | ၁၆၇ |
| ၁၄၂ | | ဣဋ္ဌဝေဂါထာပါ စသဒ္ဒါ, တုလသဒ္ဒါတို့အနက် | ၁၆၇ |
| ၁၄၃ | | ဥပမာပျက်မဖြစ်သော ဘိန္နလိင်္ဂါဒိ ခြွင်းချက်ပုံစံများ | ၁၆၈ |
| ၁၄၄ | ၃။ | ရူပက အလင်္ကာနှင့်ဆိုင်ရာ အဓိပ္ပါယ်များ | ၁၆၉ |
| ၁၄၅ | | ဥပမာအလင်္ကာနှင့် ရူပကအလင်္ကာအထူး | ၁၇၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄၆ | ရူပကအလင်္ကာနှင့် ဝဏ်ဝုတ္တိအလင်္ကာအထူး | ၁၇၀ |
| ၁၄၇ | ရူပက လောကာတိက္ကန္တ ရူပကာတိသယ အထူး | ၁၇၁ |
| ၁၄၈ | ၄။ အာဝုတ္တိ အလင်္ကာ ဆိုင်ရာ အဓိပ္ပါယ်များ | ၁၇၃ |
| ၁၄၉ | ၅။ ဒီပကအလင်္ကာ ။ | ၁၇၄ |
| ၁၅၀ | ၆။ အက္ခေပအလင်္ကာ ။ | ၁၇၆ |
| ၁၅၁ | ၇။ အတ္ထန္တရနျာသအလင်္ကာ ။ | ၁၇၇ |
| ၁၅၂ | ၈။ ဗျတိရေက အလင်္ကာ ။ | ၁၇၉ |
| ၁၅၃ | နိန္ဒောပမာနှင့် ဗျတိရေက အလင်္ကာအထူး | ၁၇၉ |
| ၁၅၄ | ၉။ ဝိဘာဝနာ အလင်္ကာ ဆိုင်ရာ အဓိပ္ပါယ်များ | ၁၈၀ |
| ၁၅၅ | ၁၀။ ဟေတု အလင်္ကာ ။ | ၁၈၁ |
| ၁၅၆ | ကာရက, ဉာပက, ဟိတ်နှစ်ပါးဟေတုအလင်္ကာမည်ရပုံ | ၁၈၁ |
| ၁၅၇ | ၁၁။ သင်္ချာန-ယထာသင်္ချ-ကမအလင်္ကာဆိုင်ရာ အဓိပ္ပါယ် | ၁၈၂ |
| ၁၅၈ | အလင်္ကာများ ရောယှက်ရာ၌ မှတ်ဘွယ် | ၁၈၃ |
| ၁၅၉ | ၁၂။ ပိယတရ အလင်္ကာ ဆိုင်ရာ အဓိပ္ပါယ်များ | ၁၈၃ |
| ၁၆၀ | ၁၃။ သမာသဝုတ္တိ အလင်္ကာ ။ | ၁၈၄ |
| ၁၆၁ | ၁၄။ ပရိကပ္ပနာ အလင်္ကာ ။ | ၁၈၄ |
| ၁၆၂ | မြန်မာမှု၌ ပရိကပ္ပနာဝေါဟာရများ | ၁၈၇ |
| ၁၆၃ | ၁၅။ သမာဟိတအလင်္ကာ ဆိုင်ရာ အဓိပ္ပါယ်များ | ၁၈၇ |
| ၁၆၄ | ၁၆။ ပရိယာယဝုတ္တိ အလင်္ကာ ။ | ၁၈၈ |
| ၁၆၅ | ၁၇။ ဗျာဇတ္ထုတိအလင်္ကာ ။ | ၁၈၉ |
| ၁၆၆ | ၁၈။ ဝိသေသဝုတ္တိ အလင်္ကာ ။ | ၁၉၀ |
| ၁၆၇ | ၁၉။ ရုဠှာဟင်္ကာရ အလင်္ကာ ဆိုင်ရာအဓိပ္ပါယ်များ | ၁၉၁ |
| ၁၆၈ | ၂၀။ သိလေသ အလင်္ကာ ။ | ၁၉၂ |
| ၁၆၉ | ၂၁။ တုလျယောဂိတာ အလင်္ကာ ။ | ၁၉၅ |
| ၁၇၀ | ၂၂။ နိဒဿန အလင်္ကာ ။ | ၁၉၆ |
| ၁၇၁ | ၂၃။ မဟန္တတ္တ အလင်္ကာ ။ | ၁၉၇ |
| ၁၇၂ | သဘာဝ အတိသယ မဟန္တတ္တ အလင်္ကာ သုံးမျိုးအထူး | ၁၉၈ |
| ၁၇၃ | ၂၄။ ဝဉ္စနာ အလင်္ကာ ဆိုင်ရာအဓိပ္ပါယ်များ | ၁၉၈ |
| ၁၇၄ | သရူပေါပမာနှင့် ဝဉ္စနာအလင်္ကာအထူး | ၁၉၉ |
| ၁၇၅ | ၂၅။ အပ္ပကတတ္ထုတိအလင်္ကာ ဆိုင်ရာအဓိပ္ပါယ်များ | ၁၉၉ |
| ၁၇၆ | ၂၆။ ကောဝဠီအလင်္ကာ ။ | ၂၀၀ |
| ၁၇၇ | ၂၇။ အညမညဝိဘူသနအလင်္ကာ ။ | ၂၀၁ |
| ၁၇၈ | ၂၈။ သဟဝုတ္တိ အလင်္ကာ ။ | ၂၀၁ |
| ၁၇၉ | ၂၉။ ဝိရောဓိတ အလင်္ကာ ။ | ၂၀၂ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၁ | ၃၀။ ပရိဝုတ္တိ အလင်္ကာ ဆိုင်ရာအစိပ္ပါယ်များ | ၂၀၃ |
| ၁၈၂ | ၃၁။ ဘာမအလင်္ကာ ။ | ၂၀၄ |
| ၁၈၃ | ၃၂။ ဘာဝအလင်္ကာ ။ | ၂၀၄ |
| ၁၈၄ | ဘာဝမည်ပုံမှုချ ဒွာန | ၂၀၅ |
| ၁၈၅ | ၃၃။ မိဿအလ င်္ကာ ဆိုင်ရာအစိပ္ပါယ်များ | ၂၀၆ |
| ၁၈၆ | ၃၄။ အာသီအလင်္ကာ ။ | ၂၀၇ |
| ၁၈၇ | မုချအာသီနှင့် ဥပစာအာသီ | ၂၀၈ |
| ၁၈၈ | ၃၅။ ရသိ (ရသဝန္တ) အလင်္ကာ ဆိုင်ရာအစိပ္ပါယ်များ | ၂၀၈ |
| ၁၈၉ | သိင်္ဂါရ ရသဘာသ | ၂၀၉ |
| | **အလင်္ကာပဥ္စမပိုင်း** | |
| ၁၉၀ | ကဝိဖြစ်ခြင်းအင်္ဂါ –၃–ပါးနှင့် ကဝိဝေါပုံ | ၂၁၀ |
| ၁၉၁ | ပဋိဘာနနှင့် ပဋိဘာဝန္တအစိပ္ပါယ် | ၂၁၀ |
| ၁၉၂ | ဘာဝအရ မုချ ဥပစာခွဲကောက်ပုံ | ၂၁၂ |
| ၁၉၃ | ဌာယီဘာဝ၏ ဝဝနတ္တနှင့် အစိပ္ပါယ် | ၂၁၂ |
| ၁၉၄ | ဌာယီဘာဝ –၉–ပါးကို ဣဋ္ဌ – အနိဋ္ဌ ခွဲကောက်ပုံ | ၂၁၃ |
| ၁၉၅ | ဗျဘိစာရီဘာဝနှင့် ဝဝနတ္တနှင့် အစိပ္ပါယ် | ၂၁၃ |
| ၁၉၆ | တက္ကနှင့် စိန္တာအထူး | ၂၁၄ |
| ၁၉၇ | သမနှင့် သိသာဒအထူး | ၂၁၅ |
| ၁၉၈ | ဓေ့တာနှင့် မောဟအထူး | ၂၁၅ |
| ၁၉၉ | ဂိလါနိနှင့် ဗျာဓိအထူး | ၂၁၅ |
| ၂၀၀ | အပမာရနှင့် ဥမ္မာဒအထူး | ၂၁၆ |
| ၂၀၁ | သတ္တိကာဘာဝ ဆိုင်ရာအစိပ္ပါယ်များ | ၂၁၆ |
| ၂၀၂ | ဝိဘာဝဆိုင်ရာ အစိပ္ပါယ်များ | ၂၁၈ |
| ၂၀၃ | အနုဘာဝအစိပ္ပါယ် | ၂၁၈ |
| ၂၀၄ | သတ္တိကာဘာဝနှင့် အနုဘာဝအထူး | ၂၁၉ |
| ၂၀၅ | ရသ အစိပ္ပါယ် | ၂၂၀ |
| ၂၀၆ | ရသအရ မုချ ဥပစာ | ၂၂၀ |
| ၂၀၇ | ရသ –၉–ပါးကို ဣဋ္ဌ – အနိဋ္ဌခွဲပုံ | ၂၂၁ |
| ၂၀၈ | ဌာယီဘာဝ –၉–ပါးနှင့် ရသ –၉–ပါးတွဲစပ်ပုံဖော် | ၂၂၂ |
| ၂၀၉ | အာနန္ဒအရနှင့် ကရုဏာ စသည်ကို ရသအာနန္ဒဟု ဆိုခြင်း မဆန့်ကျင်ပုံ | ၂၂၃ |
| ၂၁၀ | ရတိဘာဝ အစိပ္ပါယ် | ၂၂၄ |
| ၂၁၁ | ၁။ သိင်္ဂါရရသအစိပ္ပါယ် | ၂၂၅ |

http://www.dhammadownload.com


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၁၂ | | ဘာဝါလက်ာရထုတ်နည်း | ၂၂၆ |
| ၂၁၃ | | ၃၅၆ –၇– ဂါထာတို့အရ ဘာဝါလက်ာရထုတ်နည်း | ၂၂၆ |
| ၂၁၄ | | အယောဂ သိင်္ဂိရရသ –ပုံစံ– –၁– စသည် | ၂၂၇ |
| ၂၁၅ | ၂။ | ဟာသဗ္ဗာယိဘာဝ ဆိုင်ရာအစီပွါယ် –ပုံစံ– ထုတ်နည်းများ | ၂၃၄ |
| ၂၁၆ | | ရယ်ခြင်း –၆–မျိုး ဖြစ်ရာပုဂ္ဂိုလ် –၃–စား | ၂၃၈ |
| ၂၁၇ | ၃။ | ကရုဏာရသ အစီပွါယ်နှင့်ပုံစံထုတ်နည်းများ | ၂၃၉ |
| ၂၁၈ | ၄။ | ရုဒ္ဒရသ | ။ | ၂၄၂ |
| ၂၁၉ | ၅။ | ဝီရရသ | ။ | ၂၄၅ |
| ၂၂၀ | | ပတာပနှင့် ဝီရွှမအထူး | ၂၄၆ |
| ၂၂၁ | | ဥဿာဟနှင့် ဝီရအထူး | ၂၄၇ |
| ၂၂၂ | | ကရုဏာရသနှင့် ဒယာဝီရရသအထူး ၂၅၂ | |
| ၂၂၃ | ၆။ | ဘယာနကရသ အစီပွါယ်နှင့် ပုံစံထုတ်နည်းများ | ၂၅၄ |
| ၂၂၄ | ၇။ | ဗီဘစ္ဆရသ | ။ | ၂၅၆ |
| ၂၂၅ | | စက်ဆုတ်မှု ဇိဂုစ္ဆာနှင့် သာယာအပ်သောရသတွဲပုံ | ၂၅၆ |
| ၂၂၆ | | ဇိဂုစ္ဆာ – ပေါသနံ ဂါထာရှုံ့ ဌာယိဘာဝ စသည်ထုတ်ပုံများ | ၂၅၇ |
| ၂၂၇ | ၈။ | အဗ္ဘုတရသ အစီပွါယ်နှင့် ပုံစံထုတ်နည်းများ | ၂၆၀ |
| ၂၂၈ | ၉။ | သန္တရသ | ။ | ၂၆၃ |
| ၂၂၉ | | စတုဒ္ဒိသောဂါထာ သန္တရသထုတ်ပုံ ၂၆၇ | |


✳✳✳✳✳

http://www.dhammadownload.com



# မဏ္ဍိုင် – အလင်္ကာမှတ်စု

## “နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

## ပထမပိုင်း

(၁) မုနိန္ဒ ဝဒနမ္ဘောဇ ----------ပ---------- မယံ့ပီဏာယတံ မနံ ။

### ဤမုနိန္ဒ ဂါထာဖြင့် သိစေချက်

ဤဂါထာဖြင့် ကျမ်းဦးအစ ရတနတ္တယပဏာမ ပြုခြင်းကို သိစေပါသည်။

### ရတနတ္တယ ပဏာမကို ပြုရသောကြောင့် ရနိုင်သောအကျိုး

၁။ သူတော်ကောင်းတို့၏ အလေ့အကျင့်ကို စောင့်ရှောက်ခြင်းအကျိုး။

၂။ အထူးသဖြင့် အလိုရှိအပ်သော အန္တရာယ်ကင်းခြင်း – ကျမ်းပြီးမြောက်ခြင်း အကျိုးများကိုရနိုင်ပါသည်။

### ပဏာမ (၃) မျိုး

၁။ ကိုယ်ဖြင့်ကိုင်းညွတ် ရိုကျိုး ရှိခိုးခြင်းသည် ကာယပဏာမမည်၏။

၂။ နမာမိ ဝန္ဒာမိစသည်ဖြင့် နှုတ်ဖြင့်ထုတ်ဖော်၍ ရှိခိုးခြင်းသည်– ဝစီပဏာမမည်၏။

၃။ ဘာဝနာပွါးများ လေ့လာသကဲ့သို့စိတ်ဖြင့်သာ တည်ကြည်ငြိမ်သက်စွာ အာရုံပြုခြင်းသည် မနောပဏာမ မည်၏။

ဆောင် = ကာယ ဝစီ မနောချီ သုံးလီပဏာမ။

### ထို(၃) ပါးတွင် ကျမ်းဆရာ ဝစီပဏာမကို ပြုရခြင်းအကြောင်း

ထို (၃) ပါးတို့တွင် ဝစီပဏာမသည် အခြား (၂) ပါးထက်သာလွန်ထူးခြား ကျေးဇူးကြီးမားသောကြောင့် ကျမ်းပြုဆရာသည် ဝစီပဏာမကို ပြုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



## ဤ၌ ဓမ္မပဏာမကိုသာ ပြရခြင်းအကြောင်း

တရားတော်ကို မြတ်နိုးရှိခိုးလျှင် တရားတော်၏ပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုကျင့်ကြံကြိုးကုတ် အားထုတ်ကြသော သံဃာတော်မြတ်ကိုလည်းကောင်း အဝိနာဘာဝနည်းအားဖြင့် ပူဇော်မြတ်နိုး ရှိခိုးပြီးဖြစ်သောကြောင့်ဖြစ်ပါသည်။

## ဓမ္မပဏာမပြရုံဖြင့် ရတနတ္တယပဏာမကို ပြရာရောက်ပုံ

ဤ၌ ဓမ္မပဏာမကိုသာ တိုက်ရိုက်ပြဆိုသော်လည်း ဝက်ဝုတ္တိအလင်္ကာနည်းအရ ရတနတ္တယပဏာမကို ပြရာရောက်ပါတော့သည်။

## ဂန္ထာရမ္ဘ (၃)မျိုး

၁။ လိုလားတောင့်တမှုလျှင် ရှေ့သွားရှိသောဂန္ထာရမ္ဘသည်အာသီသပုဗ္ဗကဂန္ထာရမ္ဘမည်၏။

၂။ ဝတ္ထုလျှင် ရှေ့ သွားခြင်းရှိသော ဂန္ထာရမ္ဘသည် ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘမည်၏။

၃။ ရှိခိုးခြင်း (ညွတ်ယိမ်းကိုင်းရှိုင်းခြင်း) ပဏာမလျှင် ရှေ့ သွားခြင်း (ပြဋ္ဌာန်းလျက်) ရှိသော ဂန္ထာရမ္ဘသည် ပဏာမ ပုဗ္ဗကဂန္ထာရမ္ဘ မည်၏။

## ဤဂါထာ၌ပြသော ဂန္ထာရမ္ဘ

ဤသုံးပါးတို့တွင် ဤမုနိန္ဒဝဒနမ္ဘောဇ စသော ဂါထာသည် စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်နိုင်ပါစေဟု တောင့်တမှုအာသီသကို ရှေ့ သွားပြုလျက် လုံလကြိုးကုတ်အားထုတ်သောကြောင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘ ဖြစ်ပါသည်။

ဆောင် = အာသီ ဝတ္ထု မှတ်ရှုပဏာမာ ဤသုံးဖြာ ဂန္ထာရမ္ဘမျိုး။ /

တောင့်တ ရှေ့ ထား ကျမ်းရေးသား မှတ်ထား အာသီသ။

## ဤဂါထာ၌ ဝါဏီပုဒ်ကို သကပက္ခ ပရပက္ခအနက် ပေးပုံနှင့် ကျမ်းဆရာအလို

ဤဂါထာ၌ ပထမနည်းအလို – ဝါဏီပုဒ်ကို – မြတ်တရားကို ဟုအနက်ပေးလျှင် ဗုဒ္ဓဘာသာဝင်ဖြစ်သော မိမိတို့ဘက်၏ အနက်ဖြစ်သောကြောင့် သကပက္ခအနက်ဖြစ်၏။

ဒုတိယနည်းအလို – သရဿတီနတ်သမီးကို ဟု အနက်ပေးလျှင် ဗုဒ္ဓဘာသာဝင် မဟုတ်သော ဟိန္ဒူလူမျိုး တို့ဘက်က အနက်ဖြစ်သောကြောင့် ပရပက္ခအနက်ဖြစ်၏။

ဤ၌ကျမ်းဆရာ အလိုကား – သကပက္ခအနက်ဖြစ်ပါသည်။

http://www.dhammadownload.com



## မုနိန္ဒသဒ္ဒါကိုသုံးစွဲရပုံ

မုနိန္ဒသဒ္ဒါမှတပါး အခြားဘုရားဟော ပရိယာယ်ပုဒ်များမြောက်မြားစွာရှိပါသော်လည်း ဤကျမ်းကိုပြုစုသော ပညာရှိကဝိပုဂ္ဂိုလ် အလိုရှိအပ်သော အနက်ကို မုနိန္ဒသဒ္ဒါကသာ ကောန်ဟောနိုင်သည့်ပြင် အသင့်ယှဉ်တွဲရှိခြင်း ဟူသော ဩစိတ္တဂုဏ်ကိုတိုးပွါးစေနိုင်သောကြောင့် မုနိန္ဒသဒ္ဒါကိုသာ ကျမ်းဆရာသုံးစွဲတော်မူပါသည်။

## မုနိန္ဒ၌ မုနိ အဓိပ္ပါယ် – အပြား နှင့် အရ

ပစ္စုပ္ပန် တမလွန် နှစ်တန်သော လောကကို သိတတ်သောကြောင့် မုနိမည်၏။

(ဥဘော လောကေ, မုနာတိ ဇာနာတီတိ မုနိ)

၁။ အာဂါရိယမုနိ။ ၂။ အနာဂါရိယမုနိ။ ၃။ သေက္ခမုနိ။

၄။ အသေက္ခမုနိ။ ၅။ ပစ္စေကမုနိ။

ဣန္ဒအရ – အစိုးရသူ သာမညရ၏။

(ဣန္ဒတိ ပရ မိဿရိယံ ကရောတီ တိ ဣန္ဒော)

မုနိန္ဒအရ – မြတ်စွာဘုရား ရ၏။

(မုနိစသော ဣန္ဒောစာတိ–မုနိန္ဒော၊ မုနိနံဣန္ဒောမုနိန္ဒော)

## သရဏံပါထိနံ မေဓော ဟုမဆိုပဲ ဝါထိဟုဆိုခြင်း အကြောင်း

ဟိန္နူဘာသာဝင်တို့အလိုအကျဖြစ်အောင် သရဿတိနတ်သမီးကိုလည်းရ၊ ဗုဒ္ဓဘာသာဝင်တို့ အလိုကျဖြစ်အောင် တရားတော်ကိုလည်း ရသောဝါထိသဒ္ဒါကို ဥပမာန ဥပမေယျ နှစ်မျိုးလုံး၌ ကပ်ငြိသောသိလေသလင်္ကာရနည်း ဖြင့်တန်ဆာဆင်ပြီးလျှင် သရဏံပါထိနံဝါထိ ဟု ဝါထိသဒ္ဒါကို ဆိုထားခြင်းဖြစ်ပါသည်။

## ဝါထိအရ သရဿတိနတ်သမီးကိုသာ ယူခဲ့သော် ရောက်နိုင်သောအပြစ်

သရဿတိနတ်သမီးကိုသာ ယူခဲ့သော်ကောင်းသည်၏အဖြစ်၊ ကိုးကွယ်ရာ၏အဖြစ်၊ စိတ်နှလုံးကို နှစ်သက် စေနိုင်သည်၏အဖြစ် ဟုဆိုအပ်သော အနက်တို့နှင့်မလိုက်လျောသော ကြောင့် အဗျတ္တဒေါသ သင့်ရောက်နိုင်ပါသည်။

http://www.dhammadownload.com



## ဝိသေသနဖြစ်တိုင်း လိင်မပြောင်း

သရဏံ ဝါကျ၌ သရဏံကား နိစ္စနပုံလိင်တည်း၊ ထို့ကြောင့် ဝါကျ၏ ဝိသေသန ဖြစ်သော်လည်း ဣတ္ထိလိင်မပြောင်းပဲ သရဏံဟု နပုံလိင်သာရှိရပါသည်။

## ဤဂါထာ၌ ရသင့်သော သဒ္ဒါလင်္ကာရဂုဏ်များ

၁။ စပ်အပ်သောပုဒ်များကို မဝေးစေမူ၍ နီးနီးတည်ရှိစေခြင်း၊ ထင်ရှားသော အနက်ရှိခြင်းတို့ကြောင့် ပသာဒဂုဏ် ရောက်ပါသည်။

၂။ မုနိန္ဒ ဝဒန မ္ဗောဇ ဂဗ္ဘသမ္ဘဝသုန္ဒရိဟု သမာသ် ရှည်လျားများပြား၍ အနက်ပေါ်လွင်ထင်ရှား ရှင်းလင်းသောကြောင့် ဩဇဂုဏ်ရောက်ပါသည်။

၃။ ဌာန်ချင်း မတြာချင်း သံယုတ်ချင်း အတူပါရှိသောကြောင့်လည်းကောင်း၊ အက္ခရာတူများပါရှိသောကြောင့် လည်းကောင်း၊ ပဒါသတ္တိ မဓုရတာဂုဏ်ရောက်ပါသည်။

၄။ သိထိလအက္ခရာများပါရှိသောကြောင့် သမတာဂုဏ်ရောက်ပါသည်။

၅။ အပြောကြီးသောစကား ရိုင်းစိုင်းသောစကား မပါရှိပဲ နှစ်သက်ဘွယ်ရှိသဖြင့် ကန္တိဂုဏ်ရောက်ပါသည်။

၆။ သဒ္ဒါအနက်ကို မဆောင်ရပဲ ပေါ်လွင်ထင်ရှားသော အနက်ရှိသောကြောင့် အတ္ထ ဗျတ္တိဂုဏ်ရောက်ပါသည်။

၇။ တရားတော်မှာ နှစ်သက်စေတတ်သော သတ္တိမရှိသော်လည်း သတ္တိရှိသကဲ့သို့ တင်စား၍ ဝါဏီ ပီဏယတံ ဟုဆိုထားသောကြောင့် သမာဓိဂုဏ်ရောက်ပါသည်။

၈။ မုနိငါးပါးကိုအစိုးရသော မြတ်စွာဘုရား၏ ခံတွင်းတော်မှဖြစ်သော တရားတော်သည် ငါ၏စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်နိုင်ပါစေဟုတောင့်တခြင်းသည် ရှေ့နောက်လိုက်လျော၍ အသင့်ယုတ္တိရှိသောကြောင့် ဩဇိ တျသမ္ဘောသကဂုဏ်ရောက်ပါသည်။

ဆောင် = ကျမ်းဦးအစ ပဏာမ၌ မှတ်ကြပသာ ဂုဏ်ဩဇာနှင့် ပဒါသတ္တိဂုဏ် ပေါင်းပြည့်၏၊ ကန္တိ သမတာအတ္ထဗျာတည့်၊ သမာဩစိတ်ဂုဏ်ရောင်ဖိတ်သည် ကြိတ်လိတ်သေချာမှတ်ဖို့တည်း။

http://www.dhammadownload.com



## ယင်းဂါထာ၌ ရနိုင်သောအတ္ထာလင်္ကာရများ

၁။ ဝါဏီ တစ်ပုဒ်တည်းက တရားတော်၊ နတ်သမီး၊ ဟုဆိုအပ်သော အနက်နှစ်မျိုးကို ဟောနိုင်၍ ယင်းဝါဏီ ကတ္တားပုဒ်၏ ကြိယာသည် ပိဏယတံဟု နှစ်မျိုး မပြား၊ တပါးတည်းသာဖြစ်သောကြောင့် အဘိန္နပဒ သိလေသအလင်္ကာ ရနိုင်ပါသည်။

၂။ ဥပမာန ဥပမေယျ မကွဲမပြားတသားတည်းဖြစ်သောကြောင့် ရူပက အလင်္ကာ ရနိုင်ပါသည်။

၃။ ဩစိတျသမ္ဘာသက အလင်္ကာ ရနိုင်ပါသည်။ (အကြောင်းပြရှေ့အတိုင်း)

၄။ တရားတော်က စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်နိုင်ပါစေဟု တောင့်တမှုပြုသောကြောင့် အာသီအလင်္ကာလည်း ရနိုင်ပါသည်။

* * * * *

(၂) ရာမသမ္မာဒျလင်္ကာရာ -----------ပ----------- သုဒ္ဓမာဂဓိကာနတေ။

## အလင်္ကာကျမ်းသစ် ထပ်ရေးရခြင်းအကြောင်း

ရာမ သမ္မ စသောအလင်္ကာကျမ်းဟောင်းများ ရှိနေပြီးဖြစ်သော်လည်း ထိုကျမ်းဟောင်းတို့ကို သက္ကဋဘာသာ ဖြင့်ရေးသားထားသည့်အတွက် မာဂဓဘာသာသက်သက်ကိုသာတတ်သော စာသင်သားတို့ မသုံးစွဲနိုင်သောကြောင့် ဤအသစ်ဖြစ်သော သုဗောဓာလင်္ကာရကျမ်းကို ထပ်မံရေးသားရပါသည်။ (၂ – ၃ တို့ကိုထောက်)

## ရာမသမ္မာဒလင်္ကာရာ၌ အာဒိအရ

အလင်္ကာရကောတ္ထုဘ ကာဗျဒဿ စသောကျမ်းများနှင့် ထိုကျမ်းတို့၌ပြသော သဒ္ဒါလင်္ကာရ – အတ္ထာလင်္ကာရ တို့ကိုယူရပါသည်။

<u>တနည်း</u> = ကာဗျဒပ္ပနကျမ်း – သာဟစ္စဒပ္ပနကျမ်း စသည်တို့ကိုယူ။

* * * * *

http://www.dhammadownload.com



(၃) တေနာပိ နာမတောသေယျ--------ပ-------- နေသမေသောပရိဿမော။

## ဤဂါထာဖြင့် သိစေချက်

၁။ အဘိဓာန – ကျမ်း၏အမည် (တချို့ နေရာ၌သဒ္ဒါဟုလည်းခေါ်၏)

၂။ အဘိဓေယျ – ကျမ်း၏ဟောနက် (သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရများ)

၃။ ကရဏပ္ပကာရ – ကျမ်းပြုပုံအစီအစဉ်။

၄။ ပကရဏပ္ပယောဇန – ကျမ်း၏အကျိုး။

၅။ ပဋိညာဉ် – ဝန်ခံမှု တို့ကိုပြပါသည်။

## အလင်္ကာရေန စသည်ဖြင့်သိစေချက်များ

၁။ အလင်္ကာရေန ပါဌ်ဖြင့် (အဘိဓာန) ကျမ်း၏အမည်ကိုပြပါသည်။

၂။ ထိုအလင်္ကာရသဒ္ဒါဖြင့်ပင် (အဘိဓေယျ) ကျမ်း၏ဟောနက်ကိုလည်းပြပါသည်။

၃။ ခေသံအနုရူပေနပါဌ်ဖြင့် သုဒ္ဓမာဂဓိပုဂ္ဂိုလ်တို့အားလျော်သောဟုဆိုသောကြောင့် မာဂဓဘာသာဖြင့် မကျဉ်း မကျယ်စီရင်မည်ဟု (ကရဏပ္ပကာရ) ကျမ်းပြုပုံအစီအစဉ်ကို ပြပါသည်။

၄။ အနုရူပေနအလင်္ကာရေနပါဌ်ဖြင့် ကျမ်းကိုသင်ယူသောပုဂ္ဂိုလ်သည် ဖွဲ့ နွဲ့ စီကုံးရာ၌ သဒ္ဒါတန်ဆာ အနက်တန်ဆာများကိုပြင်ဆင်တတ်လိမ့်မည်ဟူသော (ပကရဏပ္ပယောဇန) ကျမ်း၏အကျိုးကို ပြပါသည်။

၅။ အပိနာမဓော သေယျံ ခေသောပရိဿမော ပါဌ်တို့ဖြင့် (ပဋိညာဉ်) ဝန်ခံမှုကိုပြပါသည်။

## အနုရူပေန သင့်လျော်ခြင်းအကြောင်း

ကျမ်းဂန်သစ်ဖြစ်သောကြောင့်လည်းကောင်း၊ မြတ်စွာဘုရားဟောတော်မူသော မာဂဓဘာသာဖြင့် ရေးသားစီရင်ထားသောကြောင့်လည်းကောင်း ဤကျမ်းသည် သုဒ္ဓမာဂဓိကာပုဂ္ဂိုလ်တို့အားသင့်လျော်ပါသည်။

## အလင်္ကာရ အဓိပ္ပါယ်

အလင်္ကရောန္တိ အတ္တဘာဝံအနေနာတိ အလင်္ကာရော ဟူသော ဝစနတ္ထအရ ပုလဲသွယ် လက်ကောက်စသော တန်ဆာအထူးသည် ခန္ဓာကိုယ်ကို တန်ဆာဆင်ကြောင်းဖြစ်သောကြောင့် ယင်းပုလဲသွယ် လက်ကောက်စသော တန်ဆာအထူးကို အလင်္ကာရဟုခေါ်ပါသည်။

http://www.dhammadownload.com



အလင်္ကာရေ နတ္တိ ဗန္ဓသရီရံ အနေနာတိအလင်္ကာရော ဟူသော ဝိဓနတ္ထအရ အစီအကုံး အထုံးအဖွဲ့ တည်းဟူသောကိုယ်ကို တန်ဆာဆင်ကြောင်း ဖြစ်သောကြောင့် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို အလင်္ကာဟုခေါ်ပါသည်။

## အလင်္ကာရ အရ– မုချတ္ထနှင့် ဥပစာရတ္ထ

- သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့၏ အနက်သည် မုချတ္ထ။
- ယင်း သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရအနက်တို့၏ တည်ရာအဖွဲ့ ဗန္ဓဟု ဆိုအပ်သော– ကျမ်းဂန်သည် ဥပစာရတ္ထ ဖြစ်ပါသည်။

## သုဗောဓာလင်္ကာရကျမ်းကို အလင်္ကာခေါ်ရပုံ

ထိုအလင်္ကာရတို့ကိုပြသော သုဗောဓာလင်္ကာရကျမ်းကိုမူ အဆက်ဆက်တင်စားအပ်သော ပရမ္ပရူပစာရ (ဖလူ ပစာရ) အားဖြင့် အလင်္ကာ ဟုခေါ်ပါသည်။

ဆောင် = သဒ္ဒါအတ္ထ လင်္ကာရမှာ မုချအလင်္ကာ မည်ရပါ၏။

- ဖွဲ့မှာ ဌာန်ျူ ဖလူကျမ်းဂန် မည်ရပြန် မှတ်ရန်အထူးသာ ။

## သုဗောဓ သုဗောဓာလင်္ကာရမည်ခြင်း အကြောင်း

နှစ်ပါးသော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို ကောင်းစွာ သိကြောင်း ဖြစ်သောကြောင့် သုဗောဓ မည်ပါသည်။

ထိုနှစ်ပါးသော အလင်္ကာတို့ကို သိကြောင်းဖြစ်၍ အဖွဲ့ကို တန်ဆာဆင်ကြောင်း ဖြစ်သောကြောင့် သုဗောဓာလင်္ကာရ မည်ပါသည်။

## ဤဂါထာ၌ ရနိုင်သော အတ္ထာလင်္ကာရ

ဤဂါထာ၌ အလင်္ကာ ရေနပုဒ်ကို အသစ်ဖြစ်သော တန်ဆာအထူး အလင်္ကာကျမ်း အထူးဟူ၍ အနက် နှစ်ထပ်ပေးနိုင်ပြီး၊ တော သေယျံ– ဟု ကြိယာတစ်ပုဒ်တည်းဖြစ်၍ ကြိယာ မကွဲပြားသောကြောင့် အဘိန္နပဒ ဝါကျသိလေသ အလင်္ကာ ရနိုင်ပါသည်။

• • • • •

http://www.dhammadownload.com



(၄) ယေသံ နသန္တိတာပညာ ----------ပ---------- နာဝဗုဇ္ဈန္တိ ကိဉ္စိပိ။

## အနေကသတ္တန္တရ အရ

ပိဋကတ်သုံးပုံနှင့် တကွ တက်ကျမ်း သဒ္ဒါကျမ်း ဆန်းကျမ်း အဘိဓာန်ကျမ်း အလင်္ကာကျမ်း စသော များစွာသောကျမ်းတို့ကို ယူရပါသည်။

## ဤဂါထာအနေကသတ္တန္တရ အရနှင့် အကြောင်းပြချက်

အနေကသတ္တန္တရအရ – ဆိုလိုရင်းမှာ အလင်္ကာကျမ်းသာ ဖြစ်ပါသည်။

အကြောင်းမှာ = သတ္တန္တရတွင် ပါဝင်သော ဤအလင်္ကာကျမ်းကို သင်ယူပါဟု တိုက်တွန်းလိုသော ဥယျော ဇော်ဂါထာ ဖြစ်သောကြောင့်ဖြစ်ပါသည်။

## သတ္တန္တရောစိတာ ၌ဥစိတာအရ

ဆည်းပူးအပ်သော သုတမယပညာကို ယူရပါသည်။

ဆောင် = လိုက်နာ, တက်ခြင်း, ဆောင်ထားခြင်း, သုံးခင်းဥစိတ။

(သဝန – ဥဂ္ဂဟ – တရဏ)

## ဂန္ထန္တရ ဟူသည်

ဆောင် = ကျမ်းဂန်အချင်း ရောနှောရင်းမှ ဗဟုသုတ ဂန္ထန္တရခေါ်။

## လောက အသုံးမကျ လူနုံ လူအဖြစ်ရန်အကြောင်း

အဝေဂ ကရဏော တွန္တော၊ ဗဓိရော ကောသ ဝဓ္ဒိ တော။

သာဟိစ္စ ရဟိတော ပင်္ဂု၊ မူကော (ဂေါ) တက္ကဝဇ္ဇိတော။

❁ သဒ္ဒါမဲ့ဆန်း သူကန်းခေါ်တွင် တက်ကျမ်းမရ သူအဖြစ်အင်။

အလင်္ကာချို့ သူကျိုးအသွင်၊ ဘိဓာန်ကင်း နားပင်းဖြစ်ဘို့ပင်။

မှတ်ချက် ။ ။ စပ်အင်ကာရန် အတွက်တက်ကျမ်းကို ဒုတိယထားသည်။

http://www.dhammadownload.com



## လောကထင်ပေါ် လူတော် လူမော် ဖြစ်ရန်အကြောင်း

* သဒ္ဒါစကျွ မှန်စွာရှုပါမည်၊ အဘိဓာန်နား မှန်စွာကြားပါမည်။
အလင်္ကာခြေ မှန်စွာစေပါမည်၊ တက္ကခံတွင်း မှန်စွာရှင်းပါမည်။

* * * * *

(၅) ကိံ တေဟိပါဒ သုသူသာ ---------ပ--------- တေဝ သာဓူ ဝိဝေကိနော။

သုသူသာအရ = သင်ကြားလိုသောဆန္ဒ၊ ထိုသင်ကြားလိုခြင်းကို မှီ၍ ခြေရင်း၌ ချဉ်းကပ်လုပ်ကျွေးခြင်းကို ယူရပါသည်။

တပ္ပါဒရဇောကိဏ္ဏာအရ = ထိုဆရာတို့ခြေရင်း၌ ကပ်သောမြူတို့ဖြင့် ပြွန်းသော ဦးခေါင်းရှိသော သူတော်ကောင်း စာသင်သား တပည့်ကို ယူရပါသည်။

## ဤအမှတ် ၄–၅–နှစ်ဂါထာဖြင့်သိစေချက်

ပျို့ ကဗျာ ဂါထာ စုဏ္ဏိယတို့၌ ဂုဏ်ရောက်ပုံ၊ အပြစ်ရှိပုံကို ခွဲခြား၍ ပြတတ်သော ဤအလင်္ကာကျမ်းကဲ့ သို့သော သတ္ထန္တရ (ကျမ်းဂန်အမျိုးမျိုး)၌ ဆည်းပူးအပ်သော ဉာဏ်ပညာ မရှိသူသည် ခွဲခြား၍ မသိနိုင်၊ ဟု ဗျတိရေကအားဖြင့် လည်းကောင်း၊ ဆရာကောင်းတပည့် ကျမ်းဂန်သိသူတို့သာ အပြစ်နှင့် ဂုဏ် ခွဲခြား ဝေဘန်နိုင် ကုန်၏– ဟု အန္ဝယအားဖြင့် လည်းကောင်းသိစေပါသည်။

တနည်း = ဤနှစ်ဂါထာဖြင့် ဂုဏ်နှင့် အပြစ်ကို ခွဲခြား၍ သိဖို့ရန် ဤအလင်္ကာကျမ်းကို သင်ကြပါဟု သွယ်ဝိုက် သောနည်းအားဖြင့် တိုက်တွန်းမှု ဥယျောဇဉ်ကို သိစေပါသည်။

## ပညာတတ်ဘို့ရာ ဆရာကောင်းရှာ မှီခိုပါ

❀ ပညာ လုံလောက်လို့ ခံပြောက်တဲ့ဆရာ၊ သမုဒ်ကယ်ရစ်သွယ်နှင့်၊ မြစ်ပင်လယ် ဟိုဘက်တွင်းမှာ ရှိခြင်းရာ လေသန်နားကြား၏သေချာ၊ တတ်ပညာရှာသူတို့အပေါင်း၊ ထိုရပ်ကယ် ထိုမြေသို့ – ရောက်အောင်လေ ကြံဖန်လို့ မသွေလှန်– ထုတ်ခွန်အား သွားကြလေတော်င်း။

http://www.dhammadownload.com



## လောကမှာ မှီခိုရာဟူသည်

နိဟီယတိ ပုရိသော နိဟီနသေဝီ၊
န စ ဟာ ယေထ ကဒါစိ တုလျသေဝီ။
သေဋ္ဌမုပါဂမ္မ ဥဒေတိ ခိပ္ပံ၊
တသ္မာတ္တနော ဥတ္တရိတရံ ဘဇေထ။ (ဗုဒ္ဓ)

* * * * *

(၆–၇) ကဗ္ဗနာဋက နိက္ခိတ္တ ----------ပ---------- တတ္ထာပျ ဝိဟိတာဒရာ။

## ဤနှစ်ဂါထာကို မိန့်ဆိုရပုံ

ကဗ္ဗကျမ်း နာဋကကျမ်းတို့၌ အလေ့အလာမရှိ၍ ဂါထာ စုဏ္ဏိယ စသည်စီကုံး၍ ကျမ်းစာ ရေးသားခြင်း၊ ဂါထာစုဏ္ဏိယဖြင့် ရေးသားအပ်သော ကျမ်းစာတို့၏ သဘောကို နားလည်ခြင်း ရှိတော့မည်မဟုတ်ဟု ဆုတ်နစ်အားငယ်နေသော စာသင်သားတို့ကို အားတက်စေလိုသော ကြောင့် ဤနှစ်ဂါထာကို မိန့်ဆိုရပါသည်။

## ကဗ္ဗကျမ်းနှင့် နာဋကကျမ်း

ကဗ္ဗကျမ်းဟူသည် = ကာလိဒါသဆရာ စီရင်အပ်သော ကုမာရသမ္ဘဝကျမ်း၊ လဃုဝံသကျမ်း၊ မေဃဒူတကျမ်း၊ ဘတ္တိဟရိဆရာ စီရင်အပ်သော ဘတ္တိကဗ္ဗကျမ်း၊ ဗာရဝိဆရာ စီရင်အပ်သော ကိရာတဇ္ဇုနီယကျမ်း၊ သိရီဟာသဆရာစီရင်အပ်သော နေသဓိရစရိတကျမ်း၊ မာဃဆရာစီရင်အပ်သော သိသုပါလဝဓကျမ်း စသည်တို့တည်း။ (ကမ္ဘာကျော် ကဗျာဆရာ ရာဘင်ဒြာနတ်တဂိုး၏ ကဗျာများ၊ အဖိုးတန် မြန်မာ့ ပျို့ ကဗျာ လင်္ကာ စသည်တို့ကိုလည်း ကောက်ယူနိုင်ပါသည်။)(ကဝိနောဏ္ဍဒံကဗ္ဗ )

နာဋကကျမ်းဟူသည် = ရာမဇာတ်၊ ဘာရတဇာတ် အစရှိသော ပြဇာတ်တို့တည်း။ (ယခုခေတ် ရုပ်စပီးယား၏ လူ့သဘာဝ ဖော်ပြသည့် ပြဇာတ် များနှင့် အဖိုးတန် မြန်မာ့ပြဇာတ် တို့ကိုလည်း ယူနိုင်ပါသည်။

(နဋတီတိ နဋကော၊ နာဋကဿ ဣဒံ နာဋကံ)

http://www.dhammadownload.com



## ပဋိဘာဝေန္တော ၌ ပဋိဘာနှင့် ပဋိဘာဝန္တ အရ

ပဋိဘာအရ = အကြောင်းအားလျော်စွာ ဖွဲ့နွဲ့စီကုံးနိုင်သော ပဋိသန္ဓေက ပါလာသော ဉာဏ်ကို ယူရပါသည်။ (ပဋိဘာတိ တိ ပဋိဘာ)

တနည်း ။ ။ ကဗျာကျမ်း ကချေသည်ကျမ်း (ပြဇာတ်) တို့ကို လေ့လာသင်ကြား အားထုတ်ခြင်းမရှိမူ၍ ထိုထိုအရာ အားလျော်စွာ သိမြင်တတ်၊ ကဗျာဗန္ဓကို စီကုံးနှန်းဖွဲ့တတ်သော ဉာဏ်ပညာ (ပဋိဘာန – ထင်သောဉာဏ်ပညာ) ကိုယူရပါသည်။ (အာဝဇ္ဇန်းဟုခေါ်သော ရှင်သောဉာဏ်ဟူလို)

ပဋိဘာဝန္တအရ = ယင်းဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ယူရပါသည်။

(ပဋိဘာယေသံ အတ္ထီတိ ပဋိဘာဝန္တော)

### ကဗျာတတ်ရန် အင်္ဂါ (၃)ပါး

၁။ ပင်ကိုယ်ဉာဏ် ထက်မြက်ခြင်း။

၂။ လောကဝေါဟာရ အသုံးအနှုန်း အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း။

၃။ လွန်ကဲသော လုံ့လဝီရိယရှိရခြင်း။ ပေါင်း (၃)ပါး

* * * * *

(၈) ဗန္ဓော စနာမသဒ္ဒတ္ထာ -----------ပ----------- ဘေဒေနာယံ တိဓာဘဝေ။

### ဗန္ဓအစိပ္ပါယ်

တပေါင်းတည်းဖြစ်သော ပဒဒေါသ စသည်တို့သည် ကြဉ်အပ်သော (ပဒဒေါသ စသော အပြစ်တို့မှ ကင်းသော) သဒ္ဒါအနက်သည် ဗန္ဓမည်၏။

(ဗန္ဓောစ နာမ သဒ္ဒတ္ထာ၊ သဟိတာ ဒေါသဝဇ္ဇိတာ– ကိုထောက်)

ဆောင် = ချင်းချင်းငဲ့လတ် ကင်းလွတ်ဒေါသ ပဒဝါကျာ တဒတ္ထာ မည်ပါ ဗန္ဓတည်း။

### ဗန္ဓလက္ခဏာ (၃)ပါး

၁။ သဟိတာအရ = တပေါင်းတည်းဖြစ်ခြင်း၊ ဝါ– အချင်းချင်းသင့်လျော်သော အနက်နှင့်တကွ ဖြစ်ခြင်း။

http://www.dhammadownload.com



၂။ ဒေါသဝဇ္ဇိတာအရ = ပဒဒေါသစသော အပြစ်တို့မှ ကင်းစင်ခြင်း။
၃။ သဒ္ဒတ္ထာအရ = သဒ္ဒါအနက်ဖြစ်ခြင်း။ ပေါင်း (၃)ပါး။

မှတ်ချက်။ ။ (၁) ဣတ္ထိ ပစတိ၊ ဂါဝေါ ဂစ္ဆန္တိ – စသော ပုံစံတို့၌ သဟိတာ မဖြစ်။
(၂) အဂ္ဂိနာ ရုက္ခံ သိဥတိ – စသော ပုံစံတို့၌ ဒေါသ ဝဇ္ဇိတ မဖြစ်ကြ။

### ဗန္ဓအပြားနှင့် အဓိပ္ပါယ်

၁။ ဓမ္မပဒ ပါဠိတော် စသည်တို့ကဲ့သို့ ဂါထာသက်သက် ဖွဲ့စီအပ်သော ဗန္ဓမျိုးသည် ပဇ္ဇဗန္ဓ မည်၏။
၂။ ဓမ္မသင်္ဂဏီ စသော အဘိဓမ္မာပါဠိတော်ကြီးများ ကဲ့သို့ စုဏ္ဏိယသက်သက်ဖွဲ့စီအပ်သော ဗန္ဓမျိုးသည် ဂဇ္ဇ ဗန္ဓမည်၏။
၃။ ဇာတ်အဋ္ဌကထာ စသည်တို့ကဲ့သို့ ဂါထာ စုဏ္ဏိယ ရောနှော၍ ဖွဲ့စီအပ်သော ဗန္ဓမျိုးသည် ဝိမိဿ ဗန္ဓမည်၏။

### ပဇ္ဇ (ဂါထာ) ဗန္ဓသရုပ် အဓိပ္ပါယ်

၁။ ကေနိပါတ် ဇာတ်ဂါထာစသည်တို့ကဲ့သို့ တစ်ဂါထာတည်းဖြင့် အပြီးဖွဲ့အပ်သော ပဇ္ဇသည် မုတ္တက မည်၏။
ဆောင် ။ ။ တစ်ဂါထာတည်း အပြီးဖွဲ့က ထိုပဇ္ဇ မုတ္တကဟုခေါ်။
၂။ ပဥ္စကနိပါတ် ဇာတ်စသည်တို့ကဲ့သို့ နှစ်ဂါထာ သုံးဂါထာမှစ၍ ငါးဂါထာပြည့်မှပြီးသော အဖွဲ့သည် ကုလက မည်၏။
ဆောင် ။ ။ နှစ် သုံး လေး ငါး ဂါထာများဖြင့် ပြီးပြားစေက ထိုပဇ္ဇ– ကုလကဟုခေါ်။
၃။ အနက်အချင်းချင်း မငဲ့သော ကိုယ့်ကြိယာနှင့် ကိုယ်ဖြစ်သော အဘိတနကျမ်းလာ ဂါထာမျိုးသည် ကောသ မည်၏။
ဆောင် ။ ။ အနက်အချင်းချင်း အလျဉ်းမငဲ့ ကိုယ့်ရဲ့ကြိယာ ကိုယ်စီပါပြား ဂါထာများ မှတ်သား ကောသခေါ်။
၄။ ဆက္ကနိပါတ် စသည်ကဲ့သို့အကြောင်းအရာ တစ်ခုခုကို ဂါထာများစွာဖြင့် ဖွဲ့စီအပ်သော အဖွဲ့သည် သံဃာတ မည်၏။
ဆောင် ။ ။ ကြောင်းရာတစ်ခု ဂါထာစုဖြင့် ပေါင်းစုဖွဲ့က ထိုပဇ္ဇ သံဃာတဟုခေါ်။
ဆောင် ။ ။ မုတ် ကု ကော သံ ဤ လေးတန် မှတ်ရန် ပဇ္ဇအပြားတည်း။

http://www.dhammadownload.com



## အလင်္ကာကျမ်းလာ ပဒ္ဓနှင့် ဆန်းကျမ်းလာ ပဒ္ဓ အထူး

❁ အလင်္ကာကျမ်းလာ ပဒ္ဓသည် အထက်ပါအတိုင်း ၄မျိုးရှိ၏

❁ ဆန်းကျမ်းလာ ပဒ္ဓကား ဝုတ္တဇာတိ (ဝဏ္ဏဝုတ္တိ – မတ္တာဝုတ္တိ) အားဖြင့် ၂မျိုး ရှိ၏။

### ဂဒ္ဓ (စုဏ္ဏိယ) ဗန္ဓသရုပ်အဓိပ္ပါယ်

၁။ သမာသ်မပါသော အဖွဲ့သည် မုတ္တကမည်၏။

**ဆောင်** ။ ။ သမာသ်မပြ ထိုဂဒ္ဓ မုတ္တကဟုခေါ်။

၂။ ဂါထာပါဒကိုလည်းကောင်း၊ ပါဒ၏ အစိတ်အပိုင်းကို လည်းကောင်း၊ ထည့်သွင်း၍ ဖွဲ့အပ်သော ဂဒ္ဓသည် ဝုတ္တဂန္ဓိမည်၏။

**ဆောင်** ။ ။ ဂါထာတွင်းမှ ပါဒယူဘိ၊ ပါဒ၏လည်း တစိတခင်း ပုဒ်ကို သွင်းပြ ထိုဂဒ္ဓ ဝုတ္တဂန္ဓိခေါ်။

၃။ ရှည်လျား များပြားသော သမာသ်ပါသော ဂဒ္ဓသည် ဥက္ကလိကာပါယ မည်၏။

**ဆောင်** ။ ။ ရှည်လျားများစွာ သမာသ်ပါက ထိုဂဒ္ဓ ဥက္ကလိကာပါယခေါ်။

၄။ သမာသ်အနည်းငယ် ပါသော ဂဒ္ဓသည် စုဏ္ဏကမည်၏။

**ဆောင်** ။ ။ သမာသ်မကျယ် အနည်းငယ်မျှ ပါဂဒ္ဓ စုဏ္ဏက ဟုခေါ်။

**ဆောင်** ။ ။ မုတ် ဝုတ် ဥက္ကလိ စုဏ္ဏ ထည့် လေးရှိ ဂဒ္ဓအပြားတည်း။

* * * * *

(၉) နိဗန္ဓောစာနိဗန္ဓောစ ----------ပ---------- ဝိဒ္ဓနိယတရုတ္တန်။ ။

### ပဒ္ဓဗန္ဓ၏ သရုပ်နှင့်အဓိပ္ပါယ်

၁။ မုတ္တကစသော ဖွဲ့နည်းလေးမျိုးလုံး ပါဝင်စေလျက် ဖွဲ့အပ်သော ကဗျာကြီး (ကဗျာရှည်ကြီး)များသည် နိဗန္ဓ မည်၏။

၂။ မုတ္တက တစ်မျိုးတည်းဖြင့်သာ ဖွဲ့အပ်သော (တစ်ဂါထာဖြင့်ပြီးသော) ကဗျာအငယ်စားသည် အနိဗန္ဓမည်၏။

**ဆောင်** ။ ။ မုတ္တကစသည် မျိုးလေးလီတို့ စုံညီသောအား အခန်းများဖြင့် ဖွဲ့ထားကျယ်စွာ ထိုကာဗျ နိဗန္ဓဟုခေါ်။ သက်သက်မုတ္တကာ တစ်ဂါထာဖြင့်– ငယ်စွာဖွဲ့ပြ ထိုကာဗျ အနိဗန္ဓခေါ်။

* * * * *

http://www.dhammadownload.com



**(၁၀) အနဝဇ္ဇံ မုခမ္ဘောဇ ------------ပ------------ ကိ ံ နု တေ နိရလင်္ကာတာ။**

ဘာရတီအရ = အဖွဲ့အနွဲ့စကားကို (ဝါ) သဒ္ဒါကိုမှုချအားဖြင့်ယူရပါသည်။ အနက်ကိုလည်း အဘေဒေါပစာ – ဖလူပစာအားဖြင့် ယူရပါသည်။

* * * * *

**(၁၁) ဝိနာဂရုပဒေသန္တံ ------------ပ------------ ဟဿဘာဝံ ကထံနုသော။**

## ဂရုပဒေသံ ၌ ဂရုအရ

လောက၌ ပုတီးနားကပ် လက်ကြက်လက်ကောက်တို့ကို သူ့အရွယ်နှင့်သူ လိုက်အောင် တန်ဆာဆင်နည်းကိုသိသော လူကြီးသူမများ၊

ဂါထာဗန္ဓတို့၌လည်း အလင်္ကာနည်းတို့ဖြင့် တန်ဆာဆင်နည်းကို နားလည်သော ကာဗျ ဝိဒူ ပညာရှိကြီးများကို ဂရုအရ ယူရပါသည်။

**ဂရုပဒေသအရ** = ဖေါ်ပြပါ ဂရုတို့၏ ဥပဒေသများကို ယူရပါသည်။

(ဥပဒိဿတိ စေတနာတိ ဥပဒေသော၊ ဂရူနံ ဥပဒေသော ဂရုပဒေသော)

**ဗာလအရ** = မျက်နှာတန်ဆာဆင်နည်း၊ လူတို့တပ်ဆင်အပ်သော ဝတ်ဆင်နည်းတို့ကို မတတ်သောသူ၊ အဖွဲ့ ဗန္ဓကို တန်ဆာဆင်နည်း မတတ်သော သူတို့ကို ယူရပါသည်။

## အရာရာမပြင်ဆင်တတ်ပါက လူတကာရယ်ဘွယ်ရာ

လောက၌ ဆင်လျက် ပြင်လျက်နှင့်မလှ၊ ငင်လျက်နှင့်မရ ဆိုသကဲ့သို့ လှသဘာဝ အလှပြင်ဆင်ကြရာ၌ အပြင်အဆင် မတတ်လျှင် ထိုပြင်ဆင်ခြင်းသည် မြင်ရသူအဖို့ ရယ်ဘွယ်ရာဖြစ်၏။ ထို့အတူ ကဗျာလင်္ကာ စီကုံး ရာ၌လည်း အလင်္ကာနည်းမကျလျှင် (ဝါ) အလင်္ကာနည်းကျအောင် မဖွဲ့နွဲ့ မပြင်ဆင်တတ်လျှင် တတ်သိနားလည်သူတို့အဖို့ ရယ်ဘွယ်ရာပင် ဖြစ်သည်။

## ဟန်ပန်မရ လူ့ဗာလ

**ဆောင်** ။ ။ ဆရာသမား ညွှန်ကြားနည်းနာ, မကြည့်မရှု ဂရုကင်းကွာ တန်ဆာဆင်ခြင်း ပြုလျှင်းတုံပါ, ထိုဗာလ မုချရယ်ဘွယ်ရာ။

http://www.dhammadownload.com



## ဤဂါထာ၌ ရနိုင်သောအတ္ထာရလင်္ကာရ

သိလာပုတ္တကသ သရိရံ– ဟူသော စကား၌ ကျောက်ပြားနှင့် ကျောက်သား–နှစ်ခု မကွဲပြားသော်လည်း ကွဲပြားသလိုဆိုထားခြင်းကဲ့သို့၊ ဤဂါထာ၌ ပါရှိသော ဥပမာနဖြစ်သော လူတို့ဝတ်ဆင်အပ်သော ဝတ်ဆင်နည်းကို မတတ်သောဗာလ၊ ဥပမေယျဖြစ်သော အဖွဲ့ဗန္ဓကို တန်ဆာဆင်နည်း မတတ်သောဗာလဟု နှစ်မျိုးစုံအောင် ဆက်ဆံ၍ မကွဲပြားသော ကြိယာ ရှိသောကြောင့် အဘိန္နပဒဝါကျ သိလေသအလင်္ကာ ရနိုင်ပါသည်။

* * * * *

(၁၂) ဂန္ထောဝပိ ကဝိဝါစာန ----------ပ---------- တဗ္ဗောဟာရူပတာရတော။

## ဂန္ထ ကျမ်းဂန်ဟူသည်

ဂန္ထိ ယတေတိ ဂန္ထော – ပန်းပွင့်ကလေးများကို အစဉ်ကျန သေသပ်လှပအောင် သီကုံးထားသကဲ့သို့ အစီ အစဉ် သေသပ်ကျနလှပအောင် စီကုံး နှုန်းဖွဲ့ထားသော ဝါကျအပေါင်းကို ဂန္ထ (ကျမ်းဂန်) ဟု ခေါ်ပါသည်။

## အက္ခရာစသည် လေးမျိုး

ကေကဝဏ္ဏော အက္ခရော၊ အက္ခရသမူဟော ပဒံ။
ပဒသမူဟော ဝါကျံ၊ ဝါကျသမူဟော ဂန္ထော။

## ကျမ်းစာ ကို အလင်္ကာခေါ်နိုင်ပုံ

ယာတိတဗ္ဗစနီယတ္တံ တဗ္ဗောဟာရူပတာရတော – ကို ထောက်၍ မုချအားဖြင့် ကျမ်းဂန်ကို အလင်္ကာဟု မခေါ်နိုင်သော်လည်း၊ ကျမ်းဂန်နှင့် ကျမ်းဂန်ပါ အဖွဲ့အနွဲ့သည် ခွဲခြား၍ မရသော အဘေဒေါပစာရ ဖြစ်သော ကြောင့် – အကျိုးဖြစ်သော အဖွဲ့အနွဲ့၏ အလင်္ကာဟူသော အမည်ကို အကြောင်းဖြစ်သော ကျမ်းစာ၌ တင်စားမှု ဖလူပစာအားဖြင့် ကျမ်းဂန်ကို အလင်္ကာဟု ခေါ်နိုင်ပါသည်။

http://www.dhammadownload.com



## ကဝိ – ပညာရှိ ဟူသည်

ကဝတီတိ ကဝိ – အလင်္ကာကျမ်း၌ ပြဆိုထားသော နည်းများ အားလျော်စွာ အလင်္ကာ အမျိုးမျိုးကို နားလည်၍ ကဗျာ လင်္ကာ ဂါထာ ဗန္ဓ စုဏ္ဏိယတို့ကို အများသဘောကျ လက်ခံနိုင်အောင် ရေးသားဖွဲ့နွဲ့စီကုံးနိုင်သူကို ဤနေရာ၌ ကဝိ – ပညာရှိ ဟုခေါ်ပါသည်။

ကဝိဝါစာအရ – ထိုသူတို့ ရေးသားဖွဲ့နွဲ့ စီကုံးအပ်သော ကဗျာ လင်္ကာ ပျို့ ဂါထာ ဗန္ဓ စုဏ္ဏိယ ဟူသော သဒ္ဒါ အစဉ်ကိုရပါသည်။

* * * * *

(၁၃) ဒွိပ္ပကာရာ အလင်္ကာရာ ----------ပ---------- တံ သင်္ခိတ တဒါဝဠိ။

## အလင်္ကာ အပြား (၂)ပါး

၁။ သဒ္ဒါလင်္ကာရ။ ၂။ အတ္ထာလင်္ကာရ။

### သဒ္ဒတ္ထဘေဒတော၌ သဒ္ဒတ္ထအရ

ပုရိသော မဂ္ဂံ ဂစ္ဆတိ – စသည်တို့ကဲ့သို့ တန်ဆာဆင်မှု မပါသော သဒ္ဒါအစဉ်၊ ယောကျ်ားလမ်းသွား၏၊ စသည်တို့ကဲ့သို့ တန်ဆာဆင်မှုမပါသော အနက်အစဉ် တို့ကိုမယူရ၊ အဖွဲ့အနွဲ့ အမည်ရလောက်အောင် ဆိုင်ရာ အလင်္ကာတို့ဖြင့် တန်ဆာဆင်အပ်သော ထိုသဒ္ဒါတို့၏ အစဉ်၊ ထိုအနက်တို့၏ အစဉ်တို့ကို ရယူရပါမည်။

(<u>မှတ်ချက်။</u> ။ သဒ္ဒတ္ထ ဟူသည်– အခြားမဟုတ်၊ သဒ္ဒါတို့အစဉ်၊ အနက်တို့၏ အစဉ်ပင် ဖြစ်သည်ဟုပြသည် = သဒ္ဒတ္ထာ ဗန္ဓနာမာဝ၊ တံ သင်္ခိတ တဒါဝဠိ – ကို ထောက်)

### ဗန္ဓ– အဖွဲ့အနွဲ့ဟူသည်

ဗန္ဓိယတေဟိ ဗန္ဓော – ကဗျာအများကို ဖြစ်စေ၊ ဂါထာတစ်ခု ကဗျာတစ်ခုကို ဖြစ်စေ တပေါင်းတစည်း တစုတဝေး တစ်နေရာတည်း ဖြစ်အောင် စုစည်းဖွဲ့နွဲ့ ထားအပ်သောကြောင့် ဗန္ဓ – အဖွဲ့ခေါ်၏။

ထိုဗန္ဓအဖွဲ့ကိုပင်နွဲ့နွဲ့နှောင်းနှောင်းပျော့ပျော့ပြောင်းပြောင်းရှိအောင်ဖွဲ့ဆိုရသောကြောင့် အနွဲ့ဟု ဝိသေသနထပ်ဆင့်၍ အဖွဲ့အနွဲ့ဟုလည်း ခေါ်ကြပါသည်။

http://www.dhammadownload.com



## ဗန္ဓနှစ်တန် ထူးခြားဟန်

* သဒ္ဒါအနက်သည် အစိတ်ဖြစ်သော ဗန္ဓမည်၏။
* သဒ္ဒါအနက်တို့၏ အစဉ်သည် အပေါင်းဖြစ်သော ဗန္ဓမည်၏။ ဤသို့ထူးပါသည်။

## ဗန္ဓအရ ထပ်ပြရခြင်းအကြောင်း

(ဗန္ဓောစ နာမသဒ္ဒတ္ထာ) စသော စကားရပ်ဖြင့် ဗန္ဓမည်ပုံ စသည်ကို ပြဆိုပြီး ဖြစ်သော်လည်း အလင်္ကာ၏ အပြားနှင့်တကွ ထိုအလင်္ကာတို့၏ တည်ရာဖြစ်သောအဖွဲ့ ဗန္ဓကို တပေါင်းတစုတည်း ပြလိုသောကြောင့် ဤနေရာ၌ ဗန္ဓမည်ပုံ စသည်ကို ထပ်၍ပြဆိုရပါသည်။

## ဗန္ဓောစနာမသဒ္ဒတ္ထာ စကားနှစ်မွှာ မထူးပါ

အမှတ်(၈) ဂါထာ၌ ဗန္ဓောစနာမသဒ္ဒတ္ထာ ဟုဆိုပြီး၊ ဤအမှတ် (၁၃) ဂါထာ၌ သဒ္ဒတ္ထာ ဗန္ဓနာမာဝဟု ရှေ့နောက် ဆိုထားသည်။ အဆိုသာကွဲပြားသော်လည်း ဗန္ဓနှင့်သဒ္ဒတ္ထ၊ သဒ္ဒတ္ထနှင့် ဗန္ဓတို့ အရကောက်မှာ အတူတူ ပင် ဖြစ်သောကြောင့် မထူးပါ။

* * * * *

(၁၄) ဂုဏာလင်္ကာရသံယုတ္တာ ----------ပ---------- သာ ကညာဝိယ တာဒိသီ။

## ကဗျာဖွဲ့ရာ သတိပြုစရာ

ကဗျာဖွဲ့ရာတွင် ဂုဏ်မြောက်ဖို့ထက် အပြစ်ကင်းဖို့က အရေးကြီးသည်။ အဆင်းတန်ဆာ ဂုဏ်ပါဝါ (ဆင်ယင်ထုံးဖွဲ့မှု) ရှိသော်လည်း နူနာရောဂါ စွဲကပ်နေသော အပျိုကညာကို လူတကာ မနှစ်သက်သကဲ့သို့၊ ဂုဏ် တန်ဆာရှိသော်လည်း အပြစ်မကင်းပါမူကား ပညာရှိတို့ မနှစ်သက်ကြ။

အဆင်းတန်ဆာ ဂုဏ်ပါဝါ (ဆင်ယင်ထုံးဖွဲ့မှု) ကင်းပါသော်လည်း ရိုးရိုးယဉ်ယဉ်နှင့် အပြစ်ကင်းစင်သော အဆင်းကို လူတကာ ခုံမင်နှစ်သက်သကဲ့သို့ ဂုဏ်တန်ဆာ မရှိသော်လည်း အပြစ်ကင်းပါက ပညာရှိတို့ နှစ်သက် ကြပါသည်။

## ဂုဏာလင်္ကာရ သံယုတ္တာ – ဂုဏ်နှင့်အလင်္ကာအရ

❁ တတိယပိုင်း၌ပြမည့် သဒ္ဒါလင်္ကာရတို့သည် ဂုဏ်မည်ကုန်၏။
❁ စတုတ္ထပိုင်း၌ ပြမည့် အတ္ထာလင်္ကာရတို့သည် အလင်္ကာရ တန်ဆာမည်ကုန်၏။

http://www.dhammadownload.com



## ဂေါရီ ကညာ ကုမာရီ အထူး

❁ အဋ္ဌဝဿာ ဘဝေဂေါရီ၊ ဒသဝဿာ တု ကညကာ။
သမ္ပတ္တေ ဒွါဒသဝဿေ၊ ကုမာရီတိ ဘိဓိယတေ။

❁ ဂေါရီဆရစ် ရှစ်နှစ်ရွယ်ပါ၊ ဆယ်နှစ်ရွယ်ကျ ပျိုလှကညာ။
ကုမာရီတိ ဆယ့်နှစ်နှစ်လာ၊ အရွယ်သုံး မှတ်အုံး ဘိတန်မှာ။

* * * * *

(၁၅) တေန ဒေါသာ နိရာသော၀ ---------ပ--------- သဂုဏာ နဘဝေယျုက် ။

## ဤဂါထာ မိန့်ဆိုပုံနှင့် သိစေချက်

အဖွဲ့အနွဲ့၌ အပြစ်ကြီးလေးပုံကိုပြပြီး၍ ဒေါသကင်းအောင် ရေးသားစီကုံးဖို့ရန်နှင့်၊ အပြစ်ကင်းလျှင် အလိုအလျောက် ဂုဏ်ပေါ်ပေါက်နိုင်ကြောင်း ပြလို၍ တေန စသော ဤဂါထာကို မိန့်သည်။

အပြစ်ကင်းသော် ဂုဏ်ရှိတော့သည် ဖြစ်ကြောင့် အဆင်းတန်ဆာ ဂုဏ်ပါဝါရှိမှု (ဆင်ယင်ထုံးဖွဲ့မှု) ထက် အပြစ်ကင်းစင်မှုကိုသာ အရေးတယူ ပြုမူဆောင်ရွက်သင့်သည်ဟု သိစေပါသည်။

## ဤဂါထာကိုထောက်၍ ကဗျာလင်္ကာရေးရာ၌ မှတ်စရာ

အလင်္ကာရဆရာအလို ကဗျာလင်္ကာ ရေးသား စီကုံး ဖွဲ့ဆိုရာ၌ –

၁။ အပြစ်ဒေါသကင်းအောင် ရေးသား ဖွဲ့ဆိုသီကုံးခြင်း။

၂။ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့နှင့် ပြည့်စုံအောင် ရေးသား ဖွဲ့ဆိုသီကုံးခြင်း နှစ်မျိုးတို့တွင် အပြစ်ဒေါသ ကင်းအောင် ရေးသားသီကုံး ဖွဲ့ဆိုခြင်းကိုသာ အလိုရှိအပ်သည်ဟု မှတ်အပ်၏။

## အလင်္ကာမှာ အပြစ်အဆာရှောင်သင့်ရာ

ဆောင် ။ ။ သဒ္ဒအတ္ထ ပြည့်ဝတန်ဆာ၊ ဒေါသတစိ ကပ်ငြိတုံပါ၊ ယင်းသည့်ဗန္ဓ သံသကင်းကွာ၊ ထိုကြောင့်ပါ ရှောင်ကြပြစ်ဒေါသာ။

* * * * *

http://www.dhammadownload.com



(၁၆) သာလင်္ကာရ ဝိယုတ္တာပိ ----------ပ---------- ဂုဏာယုတ္တာ ဝရူဝိယ။

## အတ္ထာလင်္ကာရဂုဏ်ထက် သဒ္ဒါလင်္ကာရဂုဏ်က အရေးကြီးပုံ

မှဲ့ တင်းတိတ် ဝက်ခြံ ခရုသင်းကွက် နူနာ စသော အပြစ်အနာအဆာတို့မှ ကင်း၍ ကျော့ရှင်းဖြူစင် ပင်ကိုယ်ချော အမျိုးသမီးသည် အထူး မပြင်ဆင်ပါသော်လည်း မြင်ရသူ စိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်သကဲ့သို့၊ ပဒဒေါသစသော အပြစ်ကင်း၍ နဂိုရ်အတိုင်း သဒ္ဒါ လင်္ကာရဂုဏ်ရှိနေသော အဖွဲ့အနွဲ့သည် အတ္ထာ လင်္ကာရ (အနက်တန်ဆာ) မပြင်ဆင်ပါသော် လည်း ပညာရှိ စိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်သောကြောင့် အတ္ထာလင်္ကာရဂုဏ်မြောက်ဖို့ထက် သဒ္ဒါလင်္ကာရဂုဏ်မြောက်ဖို့က အရေးကြီး၏။

## အလိုရှိအပ်ရာ အပျိုကညာ အဖွဲ့ ဓနုကဗျာ

❋ ပုတီး နားဒှောင်း ကျောက်ကောင်းပမာ၊ သီလကျေးဇူး ဂုဏ်ထူးစုံစွာ၊
နူနာအစ ဒေါသကင်းကွာ၊ ပျိုအလှ လိုကြလူတကာ။

❋ ဒေါသတစိ စွန်းငြိကင်းကွာ ဂုဏ်ဆယ်ပါးဖြင့် တိုးပွားဝေဆာ၊
အလင်္ကာရ မြှူမှုမပါ၊ ထိုဓနု လိုကြပညာဝါ။

## အပျိုကညာ ဓနုကဗျာ တူကြရာ

အဖွဲ့အနွဲ့၌ အတ္ထာလင်္ကာရ မပါခြင်းသည် အမျိုးသမီး၌ တန်ဆာဆင်မထားခြင်းနှင့် တူ၏။ ပင်ကိုယ် သဒ္ဒါ လင်္ကာရဂုဏ်နှင့် ပြည့်စုံခြင်းသည် အမျိုးသမီး၏ ပင်ကိုယ်လှပကျော့ရှင်း အချိုးကျခြင်းနှင့် တူ၏။ အဖွဲ့အနွဲ့၌ ပဒဒေါသ စသည် မပါခြင်းသည် အမျိုးသမီး၏ မှဲ့ ဝက်ခြံ တင်းတိတ် နူနာ မရှိခြင်းနှင့် တူ၏။

## အဖွဲ့ဓနုသည် အတ္ထာရလင်္ကာရနှင့် မယှဉ်သော်လည်း ပသာဒစသော ဂုဏ်နှင့်ယှဉ်မှု နှစ်သက်ဘွယ်ရှိကြောင်း

ပဒဒေါသ စသော အပြစ်မှ ကင်းခြင်းကြောင့် နှစ်သက်ဘွယ် ရှိပါသည်။

http://www.dhammadownload.com



## ပဋိညာဉ်နှင့်ပဋိညာတကရဏ မဆန့်ကျင်ပုံ

ပဒဒေါသနှင့် ပဒတ္ထဒေါသတို့သည် များစွာထူးခြားကွဲပြားခြင်း မရှိကြသည်ဖြစ်ရာ သောတုဇနတို့ အသိ ဉာဏ်မရှုတ်ထွေးစေခြင်းငှာ ထိုနှစ်ပါးကို ပေါင်း၍ ပြထားသောကြောင့် ပဋိညာဉ်နှင့် ပဋိညာတကရဏ မဆန့်ကျင် ရှေ့နောက် ညီညွတ်သည်သာ မှတ်သင့်ပါသည်။

❀❀❀❀❀

## ဒေါသဝဗောဓ + ဒေါသပရိဟာရာဝဗောဓ

xxxxxxxxxxxxx

(၁၇) ပဒေဝါကျေ တဒတ္ထေစ -----------ပ----------- ကထျာမျှဟ်။

### ဒေါသအဓိပ္ပါယ်နှင့် တည်ရာဌာနများ

ကဗျာ၏ အရသာ အဆင်တန်ဆာတို့ကို မပျက်ပျက်အောင် ဖျက်ဆီးတတ်သော အပြစ် အနာအဆာတို့ကို ဒေါသဟု ခေါ်ပါသည်။

ဒေါသတို့၏ တည်ရာဌာနသည် – ပုဒ် ဝါကျ ဝါကျအနက် (ပဒ ဝါကျ ဝါကျတ္ထ) အားဖြင့် ၃ပါး ရှိပါသည်။

(ပဒေဝါကျေ တဒတ္ထေစ ---- ပ ----- မတာ၊ ကိုထောက်)

### ပဒ ဝါကျ ဝါကျတ္ထ ၃ပါးအရ

ပဒအရ = နာမ် အာချာတ် ဥပသာရ နိပါတ်ပုဒ်များရ၏။

ဝါကျအရ = သျာဒျန္တ တျာဒျန္တ ဝိဘတ်အဆုံးရှိသော ပုဒ်အပေါင်းရ၏။

(တနည်း = ကာရကကြိယာ အစုံအလင်ပါသော စကားစုရ၏။)

(ကောချာတော ပဒစယော သိယာဝါကျံ့ သကာရကော – အဘိတန် ၁၀၆ – ထောက်)

ဝါကျတ္ထအရ = ပုဒ်ဝါကျတို့၏ အနက်ရ၏။

### ၄င်း ဒေါသ (၃)ပါး အဓိပ္ပါယ်

၁။ တစ်ခုသောပုဒ်၌သာ သင့်သော ဒေါသသည် ပဒဒေါသမည်၏။

၂။ တစ်ခုသော ဝါကျ၌ သဒ္ဒါအားဖြင့် သင့်သော ဒေါသသည် ဝါကျဒေါသ မည်၏။

၃။ ဝါကျတစ်ခု၌ဖြစ်စေ၊ အများ၌ဖြစ်စေ၊ အနက်အဓိပ္ပာယ်အားဖြင့် သင့်သော ဒေါသသည် ဝါကျတ္ထဒေါသ မည်၏။

http://www.dhammadownload.com



## လက္ခ + ဥဒါဟရဏနှင့် လက္ခဏအစိပ္ပါယ်

- ❀ မှတ်သားအပ်သည်၏ အဖြစ်ဖြင့် ထုတ်ဆောင်ပြဆိုအပ်သောပြယုဂ်ပုံစံသည် လက္ခ ဥဒါဟရဏ် မည်၏။ (ဥဒါဟရီယတိ လက္ခဘာဝေနာတိဥဒါဟရဏံ)
- ❀ ထိုပြယုဂ် ဥဒါဟရဏ် ပုံစံကို မှတ်သားကြောင်း ဖြစ်သောသုတ်သည် လက္ခဏ မည်၏။ (လက္ခီယတိ လက္ခိယံ အနေနာတိ လက္ခဏံ)

* * * * *

**(၁၈–၁၉–၂၀) ဝိရုဒ္ဓတ္ထန္တရာ ----------ပ---------- ဒေါသာ ဝါကျတ္ထ နိသိတာ။**

**အမှာ။** ။ ပဒဒေါသ ၈ပါး၊ ဝါကျဒေါသ ၉ပါး၊ ဝါကျတ္ထဒေါသ ၆ပါးတို့ကို ဤသုံးဂါထာ ပါဠိရှိတိုင်းမှတ်ပါ။

## ပဒဒေါသ ၈ပါးကို ပဒဒေါသ ပဒတ္ထဒေါသခွဲပုံ

(က) ကိလိဋ္ဌ ဒေါသ, ဝိရောဓိ ဒေါသ, နေယျတ္ထ ဒေါသ, ဝိသေသနာ ပေက္ခ ဒေါသ ဤ၄ပါးတို့သည် ပဒဒေါသတို့ မည်ကုန်၏။

(ခ) ဝိရုဒ္ဓတ္ထန္တရ, အဗျတ္ထ, ဟီနတ္ထက အနတ္ထက ဒေါသ၊ ဤ၄ပါးတို့သည် ပဒတ္ထဒေါသတို့ မည်ကုန်၏။

## အချုပ်အားဖြင့်ပဒအတ္ထ မှတ်ဘွယ်

အတ္ထသဒ္ဒါမပါက ပဒဒေါသ၊ အတ္ထသဒ္ဒါပါက ပဒတ္ထ ဒေါသ မည်ကုန်၏။

**ဆောင် ။** ။ အတ္ထမပါ ပဒသာတည်း၊ ပါလာအတ္ထ ပဒတ္ထ နှစ်ဝခွဲလျှင် မဆန့်ကျင်။

## ပဒ ဝါကျ ဝါကျတ္ထသာပြ၍ ပဒတ္ထမပြသောကြောင့်ပဋိညာဉ်နှင့် ပဋိညာတကာရဏ မဆန့်ကျင်ပုံ

ပဒဒေါသနှင့် ပဒတ္ထဒေါသတို့သည် များစွာထူးခြား ကွဲပြားခြင်း မရှိကြသည်ဖြစ်ရာ သောတုဇနတို့ အသိ ဉာဏ်မရှုတ်ထွေးကြစေခြင်းငှာ ပဒဒေါသနှင့် ပဒတ္ထဒေါသတို့ကို ပေါင်း၍ ပြထားသောကြောင့် ပဋိညာဉ်နှင့် ပဋိ ညာတကာရဏ မဆန့်ကျင် ရှေ့နောက်ညီညွတ်သည်ဟု မှတ်သင့်ပါသည်။

## အဋ္ဌပဒါန စသည် သန်္ဓာတပ်၍ မဆိုခြင်းအကြောင်း

သရသ္သတိ ကဏ္ဍာဘရဏ စသော ထိုထို သတ္တရကျမ်းဂန်တို့၌ ပဒဒေါသ ဝါကျဒေါသ ဝါကျတို့ကိုများစွာ ပြထားသေးသည်ဖြစ်ရာ မာဂဓအားဖြင့် လျော်သော ထိုထိုအပြစ် ဒေါသတို့ကို လည်း ထိုက်သည်အားလျော်စွာ သွင်းယူ စေလိုသောကြောင့် သန္ဓာတပ်၍ မဆိုခြင်းဖြစ်ပါသည်။

ဆောင် ။ ။ သတ္တဋ္ဌမှ ပြစ်ဒေါသကို ယူကြစိမ့်ငှာ တိကျစွာသန္ဓာတပ်၍ မဆိုပေ။

## ပဒဒေါသ နိဂုံပ

xxxxxxxxxxxxxx

## (၂၁) ဝိရုဒ္ဓတ္ထန္တရံ ----------ပ---------- သုခယေနံ။

### ၁။ ဝိရုဒ္ဓတ္ထန္တရ ဒေါသအဓိပ္ပါယ်

အလိုရှိအပ်သောအနက်၌ အလိုမရှိအပ်သော ဆန့်ကျင်ဘက်အနက် တစ်မျိုး ရှိသောပုဒ် သည် ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့်သော ပုဒ်မည်၏။ – ဝါ – ပုဒ်ကြောင့်သင့်သော ဒေါသသည် ဝိရုဒ္ဓတ္ထန္တရဒေါသမည်၏။

ဆောင် ။ ။ လိုအပ်နက်တွင် လွန်ဆန့်ကျင်သည့် ပေါ်လွင်ထင်ရှား နက်တစ်ပါးပါ၊ ထို
ပုဒ်မှာ မည်ပါ ဝိရုဒ္ဓတ္ထန္တရ။

### ဝိရုဒ္ဓတ္ထန္တရဒေါသ အင်္ဂါ

၁။ အလိုရှိအပ်သော အနက်မှ အလိုမရှိအပ်သော တစ်ပါးသောအနက် ရှိခြင်း။

၂။ ယင်း အနက်တစ်ပါးက ဆန့်ကျင်ဘက်အကျိုးကို ပြခြင်း။ ပေါင်း ၂ပါး။

### ဂါထာပါပုံစံ ရှင်းလင်းချက်

မေ ဃော ဝိသဒေါ သုခယေ ဇနံ – ဟူသော ပုံစံ၌ ဝိသဟူသော ပုဒ်သည် သတ္တဝါတို့၏ ချမ်းသာစေမှု၌ အလိုရှိအပ်သော ရေ ဟူသော အနက်မှတပါး အလိုမရှိအပ်သောအဆိပ် ဟူသော ဆန့်ကျင်ဘက်အနက်တစ်ပါး ရှိသောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်သောပုဒ်ဖြစ်ပါသည်။ ဝါ – ဒေါသသင့်ပါသည်။

http://www.dhammadownload.com



## ဤမေဃော စသောစကားရပ်၌ မုချ ဥပစာဒေါသသင့်ပုံ

❁ မေဃော ဝိသဒေါသုခယေဇနံ – ဤစကားရပ်၌ ဆန့်ကျင်ဘက် အဆိပ်ဟူသော အနက်သည် မုချဝိရုဒ္ဓတ္ထကရဒေါသ မည်၏။

❁ ဆန့်ကျင်ဘက် အနက်တစ်ပါးကို ဟောသော အဆိပ်ဟော ဝိသဒေါပုဒ်သည် ဥပစာဝိရုဒ္ဓတ္ထကရ ဒေါသမည်၏။

**မှတ်ချက်** ။ ။ သဒ္ဒါဟူသမျှကိုဥပစာဒေါသ၊အနက်ဟူသမျှကိုမုချဒေါသကောက်ပါလေ။ (အာစရိယဝါဒ)

## ဝိရုဒ္ဓတ္ထကရံတံဟိ စသောဂါထာ၌ လက္ခဏ + လက္ချခွဲပုံ

❁ဤဂါထာ၌ ဝိရုဒ္ဓတ္ထကရံ -- ပ -- အဝိပ္ပေတေ - အထိသည် မှတ်ကြောင်း ဖြစ်သောကြောင့် (လက္ခဏ)သုတ် မည်၏။

❁ ယထာ မေဃော ---- ပ ---- ဇနံ - သည် မှတ်အပ်သောကြောင့် (လက္ချ) ဥဒါဟရဏ် ပုံစံမည်၏။

**အမှာ** ။ ။ ကျန်ဒေါသပြ ဂါထာတို့၌လည်း ဤနည်းမှီ၍ သိပါ။

## ဝိရုဒ္ဓတ္ထကရ ဒေါသသင့်သော ပုံစံအချို့

- အနည်းငယ်မျှ စိန်ကိုရ၍ ကြွယ်ဝချမ်းသာ လူရပ်ရွာ မျက်နှာပွင့်လန်းသည်။
- စိန်ကိုပေးတတ် သူဌေးမြတ်ကား တော်စပ်မျိုးဆွေ ကြွယ်ဝစေ၏။
- ရွှေပန်းကိုသာ ပေးလိုက်ပါဟု ခါခါစေဘိ၊ * ရွှေပန်းဖြင့် ပူဇော်သည်။
- နာဖျားမရှိ မထိဆင်းရဲ အိမ်သာထဲဝယ် မကွဲတူကွ ပျော်မွေ့ကြသည်။
- သုံးလူ့ဆွေကို ရိုသေလှစွာ လူပမာသို့ ကမ္ဘာလိုလိုက် စရိုက်အားကိုး ညွှန်ညွှန့်ဖြိုးသည် သီးမျိုးခိုင်ညှာ ပေပြွတ်တည်း။
- ယုန်နန်း ငွေအိမ် မျှော်ကြိမ်ကြိမ်လျှင် တိမ်နှင်ကြိုက်ကြုံ မမြင်တုံ၍ လွှဲသုံမျက်နှာ ကြွယ်တာရာကို ရှုကာ ငဲ့စား။
- ပန်းမှိုက်သွန်ရန် သူတာဝန်တည်း။
- သွေးရောင်ခြည်စက် သန်းလျက်ဖြူဝင်း လျှမ်းယှက်သည်။

http://www.dhammadownload.com



- ဘုန်းကြီးနှင့်မြာအလှ ရေတွင်းကျမှ ရေစက်ဆုံ သက်တုံ တက်တုံ ငင်တုံသေး ကြိုးချင်း လိမ်ရှုတ်ထွေး။
- ကညာပျို ဘာကိုမှ မလွှမ်းလိုက်ပါနဲ့ ဆရာညို ဖာကိုထမ်းပါလို့ မြို့ပခန်းကိုတဲ့ ပြန်တော့မယ်။
- စိတ်ပုတီးရယ်နဲ့ ရိပ်မိုးတဲ့ထွင့်ခေါင်၊ ဦးရွှေညို သီလချောရယ်နဲ့ တောခိုတဲ့ချောင်။
- သီလဆို ဖြူဖြူဆွတ်ကို အားရအောင်ချွတ်။
- အစိုးရခွေး လက်ပေးတတ်စွာ။
- လုံပေး လုံပေး နံဘေးထိုးမှာ ။ ကျောက်တွေများက တိုးပွားသေချာ။
- တပဿီ ဘဝံ ဂေါတမော – စသည်။

(တပဿီ – အကျင့်နှင့်ပြည့်စုံသော ရသေ့ရဟန်း၊ သူတော် သူမြတ်၊
တပဿီ – အထီးကျန်သူ၊ သူဆင်းရဲ၊ သူယုတ်၊)

## ရှင်းလင်းချက် နမူနာ

အထက်ဖေါ်ပြခဲ့သော ပုံစံတို့တွင် ပထမဆုံးပုံစံ၌ စိန်ဟူသောပုဒ်သည် – ဂုဏ်သရေရှိသော သူတို့ ဝတ်ဆင်အပ်သော ရတနာ စိန် ဟူသောအနက်၊ အသက်ကို ဆုံးရှုံးစေတတ်သော အဆိပ် စိန်ဟူသော အနက် ၂မျိုး ရနိုင်ပြီး အလိုရှိအပ်သော ရတနာစိန် ဟူသော အနက်နှင့် ဆန့်ကျင်သော အဆိပ်စိန်ဟူသော အနက်တပါး ရှိသောကြောင့် ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့်ပါသည်။

အမှာ။ ။ အခြားသော ပုံစံတို့၌လည်း ဤနည်းအတူ အလိုမရှိအပ်သော အနက်၊ ထိုအနက်က အလိုရှိအပ်သောအနက်ကို ဆန့်ကျင်နေပုံကို နားလည်အောင် ရှင်းပြပါလေ။

## ဋီကာသစ်နိဿျ၌ပါသော ဝိရုဒ္ဓတ္ထန္တရ ပုံစံ

- ဤသူကား လူစကား နားမလည်။ * မင်းကား လူပြောမပြော။
- ငါကား လူမှတ်လို့ပြောမိသည်။ ငါကားဘုရားမှတ်လို့ ကိုးကွယ်မိသည်။
- ငါကား သီလဝန္တ သူတော်ကောင်း အောက်မေ့မိသည်။ ဟူ၍ ပြောဆိုရာတို့၌လည်း အလိုရှိအပ်သောအနက် အလိုမရှိအပ်သော အနက်တစ်ပါး(အနက်ထူး) ပါရှိပြီး၊ ဆန့်ကျင်သောကြောင့် ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့် သော စကားမည်၏ ဟုမိန့်ဆိုတော်မူသည်။

http://www.dhammadownload.com



## ဝိရုဒ္ဓတ္တန္တရဒေါသကို ပဒဒေါသ ဟုခေါ်ပုံ

ဝိရုဒ္ဓတ္တန္တရ ဒေါသသည် ဝါကျ တစ်ခုလုံးပေါ်သို့ မရောက်၊ ဝိသဟူသော ပုဒ်တစ်ခု ပေါ်သို့သာ ရောက်သောကြောင့် ဝိရုဒ္ဓတ္တန္တရ ဒေါသကို ပဒဒေါသဟုခေါ်၏။

* * * * *

(၆၈) ကဒါစိ ကဝိကောသလ္လာ ----------ပ---------- ဝိဂါဟတေ။

## ကဒါစိစသော ဂါထာဖြင့် သိစေချက်

ဤဂါထာတို့ဖြင့် ပဌမပိုင်း၌ သင့်ခဲ့သော ဒေါသတို့သည် ပညာရှိတို့ ဉာဏ်အစွမ်းဖြင့် ပြင်ဆင်လိုက်လျှင် ဒေါသပျောက်၍ ဂုဏ်ပင်ရောက်နိုင်သည်ဟု ပြပါသည်။

ဆောင် ။ ။ ခါခပ်သိမ်းမှာ ဒေါသာမလွတ်၊ လွတ်တိုင်းလည်းဂုဏ်မပြည့်စုံ ပြပုံ ကဒါစိ။

* * * * *

(၆၉) တေနဝုတ္တ ----------ပ---------- နီယတေ။

## တေနဝုတ္တ စသော ဂါထာဖြင့်သိစေလျက်

ယခုအခါ ဒေါသတို့ကို ရှောင်လွှဲပုံ ရှောင်လွှဲနည်းတို့ကို ပြတော့မည်ဟု ပဋိညာဉ်ပြုသော စကားကို ပြဆိုသည်။ ဝါ – သိစေပါသည်။

## ဤဂါထာ၌ ဝိရောဓ စသည်အရ

ဝိရောဓအရကား = ဆိုအပ်ခဲ့ပြီးသော (၂၃)ပါးသော အပြစ်ဒေါသတို့ရ၏။

အဝိရောဓအရကား = အပြစ်ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော ဂုဏ် (၁၀)ပါး ရ၏။

ဒေါသပရိဟာရာဝဗောဓအရကား = ဒေါသ၏ အဖြေကို သိရာသိကြောင်း ဖြစ်သော ဒုတိယပိုင်းကိုရပါသည်။

* * * * *

http://www.dhammadownload.com



(၇၀) ဝိဇ္ဇုလ္လပါကာသာလိနံ ————————ဝ———————— သုခယေခနံ။

## ဤပုံစံ ဝိရုဒ္ဓတ္တဒ္ဒ္တရ ဒေါသမှ လွတ်ပုံအကြောင်း

ဤပုံစံ၌ စပါးမှည့်နေသောအခါ မိုးရွာမှု ရေကိုပေးသည်ဖြစ်စေ၊ အဆိပ်ကိုပေးသည်ဖြစ်စေ၊ ဆင်းရဲမည် ချည်းသာဖြစ်၍၊ ဝိသဒေါဟူသော ပုဒ်၏အနက်ကို မည်ကဲ့သို့ပင် ယူယူ၊ ဝါ – မည်သည့်အနက်ကိုယူယူ ဆန့်ကျင်ဘက်အနက်ထွက်ရန် မရှိသောကြောင့် ဝိရုဒ္ဓတ္တဒ္ဒ္တရ ဒေါသမှလွတ်ပါသည်။

## ပြခဲ့သော ဒေါသသင့်ပုံပြ နမူနာပုံစံတို့၌ ဒေါသ မသင့်အောင် ပြင်ဆင် ဖြေဖျောက်နည်းနမူနာပုံစံအချို့

* အနည်းငယ်မျှ စိန်ကျောက်ရ၍၊ * ကျောက်မျက် ခေါ်ဆို စိန်ကိုပေးတတ်။
* တတ်ကျွမ်းလိမ္မာ ရွှေပန်းတိမ်ဆရာ ပြုလုပ်ပေးသော ရွှေပန်း။
* နာဖျားမရှိ မထိဆင်းရဲ အိမ်သာထဲဝယ် မကွဲတူကွ မွေ့လျော်ကြသည် ရှေးက ကောင်းကျိုးကြမ္မာတည်း။
* သီးမျိုးခိုင်ညှာ ပွတ်သိပ်တည်း။ စသည်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုက်လျှင် ဒေါသမှ လွတ်ပါသည်။

**အမှာ။** ။ အခြားပုံစံတို့၌လည်း ဆန့်ကျင်ဘက်အနက် မထွက်အောင် ပြင်ဆင်ဖြည့်စွက်၍ ဒေါသမှလွတ်အောင် ပြောပြကြပါ။

## ဤဂါထာ၌ရသောဂုဏ် မြောက်သောဂုဏ်

ဤဂါထာ၌ စပ်အပ်သော ပုဒ်များ နီးနီးနားနားရှိပြီး ထင်ရှားသော အနက်ရှိခြင်းကြောင့် ပသာဒဂုဏ် ရပါသည်၊ မြောက်ပါသည်။

* * * * *

http://www.dhammadownload.com



## (၇၁) ဝိနာယကောပိ -----------ပ----------- သာမိ တေ ဂတိ။

### ပထမနည်းအလို အပြန်အလှန် ဒေါသသင့်ရပုံ

ဝိနာယကောပိ နာဂေါသိ – ဂဠုန်ဖြစ်လျက် နဂါးဖြစ်ခြင်း စသည်ဖြင့် ရှေ့နောက် ဆန့်ကျင်ဘက် အနက်ထွက် နေရကား ဝိနာယကောကို ထောက်၍ နာဂေါသည် လည်းကောင်း၊ နာဂေါကိုထောက်၍ ဝိနာယကောသည်လည်းကောင်း ဤသို့ အပြန်အလှန် ဝိရုဒ္ဓတ္ထတ္တရ ဒေါသသင့်ကြပါသည်။

### ဒုတိယနည်းအလို ဒေါသမှ လွတ်ရခြင်း

အလိုရှိအပ်သော အနက်၌ ဆန့်ကျင်ဘက် အနက်တပါး မရှိသောကြောင့် ဝိရုဒ္ဓါ အလင်္ကာရနည်းအရ ဒေါသမှ လွတ်ပါသည်။

**တနည်း** = ဝဋ္ဋိတာ ပဟေလိ ဖြစ်သောကြောင့် ဒေါသမှလွတ်ပါသည်။

**အမှာ** = ဤဂါထာ ဒေါသသင့်ပုံ / မသင့်ပုံ အနက်နှစ်နည်းပေးပါ။

### ဝိရုဒ္ဓတ္ထတ္တရဒေါသသင့်လျှင် ဖြေဆိုနည်း

၁။ ကထံ နာမ စသော ပဋိသေဓပုဒ် ထည့်၍လည်းကောင်း၊

၂။ သင့်တော်သော ဝိသေသနပုဒ် ထည့်၍လည်းကောင်း၊

၃။ ဒေါသသင့်သောပုဒ်ကို ဖယ်ရှား ပြောင်းလဲပစ်၍ လည်းကောင်း၊

၄။ ဝဋ္ဋိတာပဟေလိနည်းဖြင့်လည်းကောင်း – ပြင်ဆင်ဖြည့်စွက် ဖြေဆိုရပါမည်။

* * * * *

## (၂၂) ဝိသေသျမိက် -----------ပ----------- ဝိရူဠ္ဟတော။

### ၂။ အဇ္ဈတ္ထ ဒေါသအစိပ္ပါယ်

ဝိသေသျ ဂုဏ်ထားပုဒ်ထက်လွန်သော အနက်ရှိသော ဝိသေသန ဂုဏ်ပုဒ်သည် အဇ္ဈတ္ထ ဒေါသသင့်သော ပုဒ်မည်၏။

**(အဓိကော အတ္ထော ယေနာတိ အဇ္ဈတ္ထံ)**

**(အဓိကော အတ္ထော ဧတဿာတိ အဇ္ဈတ္ထော)**

http://www.dhammadownload.com



ဆောင် = ဂုဏေး (ဒြပ် – ဝိသေသျ) သေးငယ် ဂုဏ်(ဝိသေသန) ကြီးကျယ် မှတ်ဘွယ် အချုတ္တ။

## ဂါထာပါ ပုံစံရှင်းလင်းချက်

(ပိုးစုန်းကြူးငယ် ကောင်းကင်လည်၌ ရပ်ဆယ်မျက်နှာထွန်းလင်းဖြာသည် လွန်စွာတင့်တယ်လှသတည်း။)

ဩဘာသိတာ သေသဒိသော ခဇ္ဇောတောယံ ဝိရာဇတေ – ဟူသောပုံစံ၌ ဩဘာသိတာ သေသဒိသော ဟူသော ဝိသေသနပုဒ်သည် ပိုးစုန်းကြူးအနက်ကိုဟောသော ခဇ္ဇောတော ဟူသော ဝိသေသျပုဒ်ထက် ပိုလွန်သော အနက်ရှိသောကြောင့် (ဝါ) ပိုးစုန်းကြူးနှင့် မတန်အောင် ဝိသေသနပြုထားသောကြောင့် အချုတ္တဒေါသင့်သော ပုဒ်ဖြစ်ပါသည်၊ ဝါ – အချုတ္တဒေါသသင့်ပါသည်။

## ဤပုံစံ၌ မုချ – ဥပစာ

ဤပုံစံ၌ အရပ်ဆယ်မျက်နှာကိုထွန်းလင်း တောက်ပစေနိုင်၏ဟူသော လွန်ကဲသော အနက်သည် မုချအချုတ္တဒေါသသင့်၏။

ဤသို့လွန်ကဲသော အနက်ကိုဟောသည့် ဩဘာသိတာ သေသဒိသော ဟူသော ဝိသေသနပုဒ်သည် ဥပစာ အချုတ္တဒေါသသင့်ပါသည်။

## အလားတူ ဒေါသသင့်သောပုံစံအချို့

* ကောယံ ဓိန္နုသသရော ဝဂ္ဂု၊ သရဝဏ္ဏာန မုတ္တမော။
  အစ္စုတော ဓမ္မသာခါယ၊ မောရဏ္ဏောပေါ ကုဇတိ။
* ဖုဋ္ဌဏ္ဏာပ သရီရဝဏ္ဏာ၊ ဘုဇ္ဇသမ္ဘ ဒဒါဟိ တေ။
  မယူရ ဂိဝ သင်္ကာသ၊ ဣတော ပရိယာဟိ ဝါယသ။
* သီဟောဝ်ယ မဏ္ဍုတော၊ မောရောဝိယ ဝါယသော။
  ဖုဋ္ဌသဒိသော သိင်္ဂါရော။

http://www.dhammadownload.com



* လူအပေါင်းကိုနှစ်သက်စေနိုင်သော လူယုတ်မာ။
* ရေမြေသနင်း ဒွန်းစဏ္ဍားမင်း။ * သီလပြည့်ဝ မဏ္ဍုရ။
* သားမျှားခေါင်တင်ခြသေ့ဳရှင်ထက် အစွမ်းထက်သည့် သာဂုက်ဖိုမ။
* သာလိကာက တော်တော် မယ်ဘော်ကခရာလွန်း။
* ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ရေမြေ့ အရှင်ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက် စကြာသခင် ဖြစ်တော်မူသော ဗန္ဓုလ စစ်သူကြီး။
* လောင်းမင်းတရားတူ ဆင်ဖြူများရှင့်သွေး မောင်တူ လူယဉ်ကျေး။
* တိုင်းပြည်အတွက် တမြွက်အော်သေး မင်းစေရွှေသွေး။
* ဆရာတော်ခေါ် မောင်ရင်ကျော်သည် သက်တော် ဆယ်နှစ်မျှသာတည်း။
* ရွှေဝတ်ရွှေဆင်း ပြောင်ပြောင်ဝင်းသား နောင်မင်းသက်မျှ နတ်ထက်လှ၏။
* နမ်းဖတ်ချဉ် ရွှေဗိန္ဒု နန်းသူလက်သုံး။
* ဆင်ဖြူသခင် စကြာရှင်ဟု တိုင်းခွင်ကျော်ဟိး စစ်သူကြီးက သီးသီးရန်အင် ဖျက်ချိုးနှင်ခဲ့။
* ဆံထုံးတော်ကြီး တမာသီးနဲ့။ * မြင့်မိုရ်ထက်ကြီးသာ ဇီးစေ့ -- စသည်။

* * * * *

(၇၂) ကထံတာဒိဂုဏာ ----------ပ---------- ကိ ဘဝေ။

## ဩဘာသိတာ စသော ပုံစံ၌ ဒေါသလွတ်ပုံ

ဒေါသခန်း၌ ပြဆိုထားသော ဒေါသများကို မတန်မရာဆိုထားသော ဂုဏ်များကို ပြန်လည်ရုပ်သိမ်း၍ ဟုတ်တိုင်းမှန်ရာကို ဆိုလျှင်လည်းကောင်း၊ ကိ ဘဝေ စသောပုဒ်များဖြင့် ဖြေဆိုလျှင်လည်းကောင်း၊ဝိသေသနဝိသေသျ လိုက်လျောညီထွေရှိအောင် စီကုံးလျှင်လည်းကောင်း ဒေါသများမှ လွတ်ပါသည်။

## ဒေါသလွတ်ပုံ နမူနာပုံစံအချို့

* လူအပေါင်းကို နှစ်သက်စေနိုင်သော လူယုတ်မာ မည်သည်မရှိ။
* ပိုးစုန်းကြူးငယ် ကောင်းကင်လယ်၌ ရပ်ဆယ်မျက်နှာထွန်းလင်းဖြာသည် ဘယ်မှာ ဖြစ်တုံနိုင်အံ့နည်း။

http://www.dhammadownload.com



* သေနာ့သခင် စစ်ဘုရင်ဟု တိုင်းခွင်ကျော်ဟီး စစ်သူကြီးက သီးသီး ရန်အင်ဖျက်ချိုးနှင်ခဲ့။
* အဘယ်မျောက်ကို သီလရှိသောမျောက်ဟု သင်ကြားဘူးသနည်း။
* နမ်းဖတ်ချဉ် ဖြူဖြူဥ တောသူ့ လက်သုံး။
* မြင့်မိုထက်ကြီးသော ဓိုးစေ့မည်သည် မရှိ။ – စသည်ဖြင့် ကျန်ပုံစံတို့ကိုလည်း – လိုက်လျောညီထွေရှိအောင် ပြင်ဆင်ဖြည့်စွက်ပါက ဒေါသမှလွတ်ပါသည်။

* * * * *

(၂၃) ယဿတ္ထာဝ ----------ပ---------- မာလိဂ္ဂိုတေ ပိယာ။

## ၃။ ကိလိဋ္ဌ ဒေါသအဓိပ္ပါယ်

တတ်ပစ္စည်းဝိဘတ် စသည်ကိုဝေဘန်သောအားဖြင့် အနက်အသိခက်သော ပုဒ်သည် ကိလိဋ္ဌ ဒေါသသင့် သောပုဒ်မည်၏။

(ကိလိဿန္တိ သောတုဇနာ ဧတေနာတိ ကိလိဋ္ဌံ)

(ကိလိဋ္ဌံ ဝိယာတိ ကိလိဋ္ဌ – ညစ်ပေသောမှုန်နှင့် တူသောပုဒ်)

ဆောင် = တိမ်မြုပ် ကွယ်ဝှက်စကားခက် မှတ်ချက်ကိလိဋ္ဌ။

## ဂါထာပါ ပုံစံ ရှင်းလင်းချက်

တာယသောယမာလိဂ္ဂိုတေ ပိယာ – ၌ ပိယာပုဒ်သည် အာလိဂ္ဂိုတေဟူသော ကံဟောကြိယာ၏ ကတ္တား ဖြစ်ရကား တတိယန္တပုဒ်အဖြစ်ဖြင့် လိင်္ဂနှင့် ဝိဘတ်ကိုခွဲခြား၍ ရုပ်ပြီးဖို့ မလွယ်ကူသောကြောင့် လည်းကောင်း၊ တတိယကတ္တားအဖြစ်ဖြင့် အနက်ထင်ဖို့ ခက်ခဲသောကြောင့် လည်းကောင်း၊ ပိယာပုဒ်သည် ကိလိဋ္ဌဒေါသသင့်သော ပုဒ်ဖြစ်ပါသည်။

## သိစရာရှုပ်သည့် ပိယာပုဒ်၏ ရုပ်ပြီးပုံထုတ်နည်းစုံ

ပိယာဟူသောပုဒ်သည် ပီဏေတီတိပိ၊ (ပီဓာတ် အ ပစ္စည်း နဒါဒိဤပစ္စည်း၊ နစ်သက်စေတတ်သော မယား ရ၏။) ထိုပီဓာတ်နောင်နာဝိဘတ်သက်၊ ထိုနာဝိဘတ်ကိုယာ ပြု၊ ဤကို ရဿပြု၊ ပြီး၏။

အများသုံးမဟုတ်သဖြင့် ဤသို့ဝေဘန်၍သိရန် ခက်သောကြောင့် ကိလိဋ္ဌ ဒေါသသင့်၏။

http://www.dhammadownload.com



တနည်း = = တတိယာအနက်၌ ပထမာဝိဘတ်သက် ချေ၊ ပိယာပြီး၏။

တနည်း = = ပိယာပုဒ်သည် မယား ဟောပုဒ်ဖြစ်၍ ကညာကဲ့သို့ ပိယာယ ဖြစ်သင့်လျက် ယကို ချေ၍ ပိယာဟုပြီး၏။ ဤသို့အသိခက်သောကြောင့် ကိလိဋ္ဌဒေါသသင့်၏။

## ပကတျာဒိဝိဘာဂတော၌ အာဒိအရ – စသည်

ပကတျာဒိ၌ အာဒိအရ = ပစ္စယကိုလည်းကောင်း၊ ထိုပကတိပစ္စယတို့၏ ရုပ်ပြီးပုံကိုလည်းကောင်း ယူရပါသည်။

ပကတိအရ = ပုရိသစသော လိင်နှင့် ဂမုစသောဓာတ်တို့ကိုယူရပါသည်။

ပစ္စယအရ = သိစသော နာမ်ဝိဘတ်, တိစသော အာချာတ်ဝိဘတ်များနှင့် ဏ, စသော ပစ္စည်းများကိုယူရ ပါသည်။

ဆောင် = လိင်နှင့်ဓာတ်ကိုပကတိဆို၊ ထိုထိုပစ္စည်း ဝိဘတ်လည်းအပြီး ခေါ်ကြပစ္စယ။

ဆောင် = ပစ္စယ ပကတိ ရုပ်ပြီး မသိ၍ကဝိစာဆို လိုရာအနက် အသိခက်စွ ထိုပဒ ဒေါသကိလိဋ္ဌ။

## အလားတူ ဒေါသသင့်သော ပုံစံအချို့

- ဟိ ရမတိ ပင်၊ ဟင် ရမတိပေါက်။
  ထိရမတိ ပု၊ ခု ရမတိ ဓမ်။
- အိပ်စက်မပျော် တမ်းကာမျှော်လိမ့် ခါဂေါဝုလီ တိုင်ခဲ့ပြီ။
- ထားဝယ်ညှင်းကိုနတ်မင်းတို့ဝယ် ရှင်းရှင်းပယ်၏။
- ဆင်ကောင်ကိုပင် ကွယ်ဝှက်ချင်၍ မမြင်စေလှည့် မန်းဖုံး၏သို့။
- မျိုးသည်ရန်သည် သည်ဟောင်းလည်ကို၊ သာကြည်ယှက်တွဲဖက်ကာ နွဲ့သည် ချစ်ပွဲ ခင်းကျင်း စစ်တလင်း။
- မတတ်လိမ်မာ မြင်နည်းစွာသား ပညာမဲ့တွန် သူမိုက်ကျွန်ကို နိဗ္ဗာန်တရား ဟောလှည့်ငြားလည်း နားမနာ သိး သုတ်နှင့်ကြီးလျှင် ဆိမီးအတောက်ငြိမ်းကဲ့ပျောက်က အနောက်အရှေ့ မတွေ့ တီမှာ ရှာသော်ရအံ့။ စသည်။

http://www.dhammadownload.com



## ထိုပုံစံစကားတို့၊ ပါဠိချက်မှာ အသိခက်ရာ အနက်အဖြာဖြာ

* ဟိ – မဟိ သ – ကျွဲ၊ ပင် – ပင်္ကော – ညွန်၊ ဟင် – ဟံသ – ဟင်္သာ၊ ပေါက် – ပေါက္ခရဏီ – ရေကန်၊ ထိ – ဣတ္ထိ – မိန်းမ၊ ပု – ပုရိသ – ယောကျ်ား၊ ခု – ဘိက္ခု – ရဟန်း၊ ဓမ် – ဓမ္မ – တရား။
* ဂေါ့ဝူလိ – ဟူသော ပုဒ်သည် ဆည်းဆာအနက်ကို ဟော၏။
* ထားဝယ်ညှင်း ဟူသော ပုဒ်သည် အုတ်ကြွတ်အနက်ကို ဟော၏။
* မန်း ဟူသော ပုဒ်သည် စကော ဟူသော အနက်ကို ဟော၏။
* မျိုးသည် ရန် – ဟူသော ပုဒ်သည် မယားအနက်ကို ဟော၏။
* သည်ဟောင်.ဟူသော ပုဒ်သည် လင်ဟူသော အနက်ကို ဟော၏။
* သုတ် ဟူသောပုဒ်သည် နွားဟူသော အနက်ကို ဟော၏။

## ဆိုခဲ့ပြီးငြား စကားများ ကိလိဋ္ဌ သင့်ရပုံ

ထို စကားအားလုံးသည် အများမသုံး ပေါရာဏ စကားလုံးများ ဖြစ်ကြသည့်ပြင် ယခုကာလ အသုံးအစွဲ အလွန်နည်းပါးကာ ကွယ်ဝှက်နေ၍ အနက်မှန်ကို အသိခက်သောကြောင့် ကိလဋ္ဌ ဒေါသသင့်ကြပါသည်။

* * * * *

(၇၃) ပဟေဠိကာယ -----------ပ----------- နေ့ဆောက္ကတိ။

## အပြေပြေရာ ပိယာပုဒ် ဒေါသလွတ်ရပုံ

ပိယာ – ပ – နေ့ဆောက္ကတိ – ဟူသော ပုံစံ၌ ပိယာပုဒ်သည် ဖရုသာ ပဟေလိ၌ သွင်းယူရသောပုဒ် ဖြစ်သောကြောင့် ကိလိဋ္ဌ ဒေါသမှ လွတ်ပါသည်။

## ဒေါသမသင့်အောင် ပြင်ဆင်ပုံ နမူနာအချို့

* အိပ်စက်မပျော် တမ်းကာမျှော်လိမ့် ညဉ့်သော်ဆည်းဆာ တိုင်ခဲ့ပြီ။
* မျိုးသည် ရန်သည် သာကြည်ဖက်ငြား ဘယ်ယောကျ်ားကို နှစ်ပါးချမ်းသာ သိဂီရာသည် ဘယ်မှာမဖက် ရှိအံ့နည်း။ စသည် ။

http://www.dhammadownload.com



## အသိခက်သည့် အရာဌာနတိုင်း ကိလိဋ္ဌ ဒေါသမသင့်

ကိလိဋ္ဌ ဒေါသ၌ ပြခဲ့သော ပိယာပုဒ်သည် ရှုံးရှုံး စိကုံးရာ၌သာ ဒေါသသင့်၏။ ထိုပုဒ်ကို ကြည့်ရှု ကြံစည် သူတို့၏ ဉာဏ်ကို စမ်းသောအားဖြင့် စကားထာဝှက် ပဟေဠိပုဒ်ပါဟု ဆိုလျှင် ပိယာပုဒ်သည် ကိလိဋ္ဌမဖြစ်။

## စကားထာဝှက်ပဟေဠိ အချို့

- အသံကတစ်သံ ခါတရံ ခြေနှစ်ချောင်း၊ ခြေသုံးချောင်း နောက်တစ်ကြိမ် တစ်ချိန်က ခြေလေးချောင်း၊ ခြေချောင်းများလေ အားနွဲ့ပေ၊ ဖြေပါ ဘာကောင်နည်း။ (လူ)
- ကြက်တောင်စည်းတဲ့ ကျောက်ပေါက်မှာ။ (နှာနတ်သီး)
- ငယ်စဉ်အခါ စားဘော်စားဘက်၊ ကြီးသောအခါ အိပ်ဘော်အိပ်ဘက်။ (ဝါး)
- ခ သဝေတည်ထားလို့ နောက်ပါးကဝဆွယ်၊ လတည်လို့ရေး၊ ဇတက်ပျံ ဂ ပက်လံတံခွန် ပြေး ပေးပါခင်လေး။ (ဆေးလိပ်)
- တံခါးအို နှစ်ချပ် ဖျပ်ကနဲ ပွင့်စေတကား၊ သမာဓိချိန်ခွင်မှာ မာနနဲ့လေ နေပေမယ့် ရယ်ပွဲဖွဲ့ခြင်းများကြား၊ အားငယ်ရသူကွဲ့။ (ရွှေသွား)
- တောထဲကလူရိုင်း မြို့ရောက်တော့ မိန်းမတွေဝိုင်း။ (သနပ်ခါး)
- ကုန်းကွကုန်းကွ ထမရ။ (ထယ်စာခဲ)
- ဝါဠောတ္တ – ဝါး သက် – ဝက်သား၊ ဗျဠ္ဌေါတ္တ – ကျား သက် – ကြက်သား၊ တံစိတ္တံ – စသည်။

ပဟေဠိဟူသည် = ပကာရေန ဟိလတိ တောယာတိ ပဟေဠိကာ– အပြားအားဖြင့် ရွှင်မြူး ဖျော်ပါးကြကြောင်း စကားထာ စကားဝှက်တို့ ဖြစ်ပါသည်။

တနည်း = သူတပါးတို့ မသိနိုင်အောင် ကြံဖန်ပြောဆိုအပ်သော စကားများ ဖြစ်၏။

## ပဟေဠိ အမျိုးအစားနှင့် ယူသင့် /မယူသင့်သော ပဟေဠိ

၁။ ကြံစည်၍ မရနိုင်လောက်အောင် ခက်ခဲသော ပဟေဠိ။

၂။ ကြံစည်၍ ရနိုင်လောက်သော ပဟေဠိ – ဟု နှစ်မျိုး ရှိပါသည်။

http://www.dhammadownload.com



မယူသင့်သောပဟေလိ = ကိလိဋ္ဌပဒ – မန္ဒာဘိဓေယျ ဖြစ်၍ ကြံစည်၍ မရနိုင်အောင် ထင်ရာမြင်ရာကို ဖွက်ထားသော ပဟေလိမျိုးသည် ကိလိဋ္ဌ ဒေါသသင့်၍ မယူသင့်။

ယူသင့်သော ပဟေလိ = ကြံစည်၍ သိနိုင်လောက်သော ပဟေလိမျိုးသည် ကိလိဋ္ဌ ဒေါသမှ လွတ်ကာ – သဒ္ဒါ လင်္ကာရ၊ အတ္ထာလင်္ကာရသို့ လျော်စွာဝင်၍ ယူသင့်၏။

## သဒ္ဒပဟေလိ (၃)မျိုးနှင့် ပုံစံ

❀ ၁။ သမာဂတာနာမ သိယာ ဂုဠှတ္တာ ပဒသန္ဓိနာ။

ဆောင် ။ ။ သန္ဓိပုဒ် စပ်, ဖွက်တုံလတ် မှတ်အပ်သမာဂတာတည်း။

ပုံစံ ။ ။ အပိသုဒံ မေ မြှဟွေ အနုစ္ဆရိယာ ဂါထာယော ပဋိဘံသု ပုဗ္ဗေ အသုတပုဗ္ဗာ။ (မဟာဝါ – ပါ)

အနက် ။ ။ အနုစ္ဆရိယာ – မအံ့သြအပ်ကုန်သော (ဥဒ္ဒေသထားသည်ကို မသိ၍ ပေးခြင်း)
အနုစ္ဆရိယာ –အဖန်တလဲလဲအံ့သြအပ်ကုန်သော (ဥဒ္ဒေသထားသော သန္ဓိဖြင့် ဖွက်သည်ကိုသိ၍ ပေးသောအနက်)

❀ ၂။ ဝဉ္စိတညတ္တ ရုဠှေန၊ ယတ္ထသဒ္ဒေန ဝဉ္စနာ။

လိုအပ်သောအနက်မှတပါး မလိုအပ်သောအခြားအနက်ကိုအထင် များအောင် အနက် ၂ ချက်ထွက်သည့် ရုဠှသဒ္ဒါဖြင့် ဖွက်သော ဝဥ္စိတာ ပဟေလိ။

ဆောင် ။ ။ သဒ္ဒါအနက် နှစ်ချက်သင့်ရာ မလိုတာကို လိုတာထင်မှတ် ဖွက်တုံလတ် မှတ်အပ် ဝဉ္စိတာ။

ပုံစံ ။ ။ တိဋ္ဌတု ကရောဟိ နာဂဿ (မူ–ပဏ်–ဝမ္မိကသုတ်)

အနက် ။ ။ နာဂေါ – နဂါးသည် (ဖွက်သောအနက်)
နာဂေါ – ရဟန္တာသည် (အနက်မှန်)

❀ ၃။ ဒုက္ကန္တာတိ ဗျဝဟိ တပ္ပ ယောဂါ မောဟကာရိနီ –

အသိဉာဏ်ရှုပ်ထွေးအောင်စပ်သင့်သောပုဒ်ချင်းဝေးဝေးထားခြင်း၊ မစပ်သင့်သော ပုဒ်ချင်းနီးနီးထားခြင်း ဖြင့် ဖွက်သော ဒုက္ကန္တာ ပဟေလိ။

http://www.dhammadownload.com



ဆောင် ။ ။ မစပ်သင့်ရာပုဒ်များစွာ လယ်မှာခြား၍သာ ပုဒ်စပ်မသိ ဝှက်တုံဘိ မှတ်သိ ဥက္ကန္တာ။

ပုံစံ ။ ။ ဝရံ တေ မောဃ ပုရိသ အာသိဝိသဿ ဃောရဝိသဿမုခေ အင်္ဂဇာတံ ပက္ခိတ္တံ – (ပါ – ပါ) ဝရံနှင့် ပက္ခိတ္တံ – အစနှင့် အဆုံးထား၍ အစပ်ဝေး၏။

## ပဟေလိ အပြား (၁၆) ပါး

(က) သဒ္ဒပဟေလိအပြား (၇) ပါး၊ (ခ) အတ္တပဟေလိ အပြား (၈) ပါး။

(ဂ) သဒ္ဒတ္ထပဟေလိ အပြား (၁) ပါး၊ ပေါင်း ၁၆ ပါး။

အမှာ ။ ။ ကျန် ပဟေလိတို့ကို ဆရာ့ဆရာကြီးများ စာအုပ်တို့တွင် လေ့လာကြပါကုန်။

* * * * *

## (၂၄) ယကိလိဋ္ဌပဒံ ----------ပ---------- ကရိယတိ။

## ယံကိလိဋ္ဌ စသော ဂါထာဖြင့် သိစေချက်

ဤဂါထာဖြင့် ကိလိဋ္ဌပဒဒေါသသင့်သော ယမက နှင့် ပဟေလိတို့ကို ပြပါသည်။ဝါ – သိစေပါသည်။

## ကိလိဋ္ဌ ဒေါသင့်၍ မယူသင့်သောယမက နှင့် ပဟေလိ တို့၏လက္ခဏာ

၁။ ကိလိဋ္ဌပဒ – မသန့်ရှင်းသော ပုဒ်ရှိခြင်း။

၂။ မန္ဒာဘိဓေယျ – သဒ္ဒါများလျက် နည်းသောအနက်ရှိခြင်း၊ ပေါင်းနှစ်ပါး။

## ယမကာဒိ၌အာဒိဝန်အရ

ယမကာဒိ၌ အာဒိဖြင့်ကြံဆ၍ မရနိုင်လောက်အောင် ခက်ခဲသော ပဟေလိကို ယူရပါသည်။ (ဋီ)

* * * * *

http://www.dhammadownload.com



(၂၅) ပတိတသဒ္ဒ ----------ပ---------- မတာမေဒိသံ။

## ပတိတ စသောဂါထာဖြင့်သိစေချက်

ဤဂါထာဖြင့် ပသာဒဂုဏ်နှင့် ပြည့်စုံသော ယမကကိုပြပါသည်။ ဝါ–သိစေပါသည်။

## ဣစ္ဆိတ ယမက ၏လက္ခဏာ

၁။ ပတိတသဒ္ဒရစိတံ – သိလွယ်ထင်ရှားသော သဒ္ဒါတို့ဖြင့် စီကုံးအပ်ခြင်း။

၂။ သိလိဋ္ဌပဒသန္ဓိကံ – အချင်းချင်းဖက်ထား သကဲ့သို့ ပုဒ်တို့၏ပြေပြစ်ညက်ညောသော ဆက်သွယ်မှု၊ (ဝါ) စာစပ်၍လွယ်ကူမှုရှိခြင်း။ ပေါင်း ၂ ပါး။

## ဣစ္ဆိတ လက္ခဏာ နှစ်ပါးပြည့်စုံက ဒေါသမရောက် ဂုဏ်မြောက်ပုံ

ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ယမကကိုကိလိဋ္ဌဒေါသဋ္ဌ မသွင်းသင့်ပါ။ သဒ္ဒါလင်္ကာရ (ပသာဒဂုဏ်) ၌ သွင်းယူရပါသည်။

ပဒါနံ သန္ဓိ – ပုဒ်တို့၏ စပ်ခြင်းဟူသည် – ကဗ္ဗာအကြံယာအဖြစ် စသည်ဖြင့် စာစပ်ခြင်းတည်း။ ထိုသို့ စပ်မှုဆက်သွယ်မှုတစ်ပုဒ်နှင့် တစ်ပုဒ်မဝေးကွာလှသဖြင့် အချင်းချင်း တွဲဖက်ထားသကဲ့သို့ဖြစ်ခြင်းကို သိလိဋ္ဌပဒသန္ဓိ ဟုခေါ်၏။

## မယူသင့်သော ယမက၏ လက္ခဏာ

၁။ ကိလိဋ္ဌပဒံ။ ၂။ မန္ဒာဘိဓေယျံ။ ပေါင်း ၂ ပါး (၂၄)

## ယူသင့်သော ယမက၏ လက္ခဏာ

၁။ ပတိတသဒ္ဒရစိတံ။ ၂။ သိလိဋ္ဌပဒသန္ဓိကံ။ ပေါင်း ၂ ပါး (၂၅)

* * * * *

http://www.dhammadownload.com



(၂၆) အဗျပေတံ -----------ပ----------- မဇ္ဈက္ခဂေါစရံ။

## ယမက၏ အဓိပ္ပါယ် လက္ခဏာ

အထပ်ထပ်ရွတ်ဆိုအပ်သော များစွာသော အက္ခရာရှိသော နှစ်ပုဒ်အပေါင်းသည် ယမက မည်၏။

(အာဝုတ္တာ နေက ဝဏ္ဏဇံ ကိုထောက်)

## ယမက သရုပ်နှင့် အဓိပ္ပါယ်

၁။ အက္ခရာတစ်ပါး မခြားသော ယမကသည် အဗျပေတ ယမကမည်၏။

၂။ အက္ခရာတစ်ပါး ခြားသော ယမကသည် ဗျပေတ ယမကမည်၏။

၃။ အက္ခရာတစ်ပါး ခြား/မခြားသော ယမကသည် ဗျပေတာဗျပေတယမက (ဥဘယ မိဿက ယမက) မည်၏။

## ယမက၏လက္ခဏာ

၁။ အာဝုတ္တ – အက္ခရာတူ ထပ်၍ဆိုရခြင်း။

၂။ အနေကဝဏ္ဏ – အနည်းဆုံးအက္ခရာနှစ်လုံးရှိရခြင်း။

၃။ အာဝုတ္တာနေကဝဏ္ဏ – သရ ဗျည်း နှစ်ပါးစုံ တူရခြင်း။

၄။ ဘိန္နတ္ထ – အနက်ပြားရခြင်း။ ပေါင်း – ၄ – ပါး။

## ဤဂါထာဖြင့်သိစေချက်

* ဤဂါထာ၌ အာဝုတ္တ • ဟူသောပါဌ်ဖြင့် အက္ခရာတူကိုထပ်၍ ဆိုရမည်ဟူသော လက္ခဏာကိုလည်းကောင်း၊
* အနေကဝဏ္ဏ ဟူသော ပါဌ်ဖြင့် အနည်းဆုံးအက္ခရာ နှစ်လုံးရှိရမည်ဟူသော လက္ခဏာကိုလည်းကောင်း၊
* အာဝုတ္တာ နေကဝဏ္ဏ ဟူသော ပါဌ်ဖြင့် သရ ဗျည်းနှစ်ပါးစုံတူရမည် ဟူသော လက္ခဏာကိုလည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



## အာမေဍိတ် ဝိစ္ဆာ အာဘိက္ခည တို့၌ ယမက မဖြစ်နိုင်ကြောင်း

သပ္ပေါ်သပ္ပေါ်စသော အာမေဍိတ်, ဂါမေဂါမေ – စသောဝိစ္ဆာ, ဘုတွာဘုတွာ ဂစ္ဆတိ – စသော အာဘိက္ခည, စသော သဒ္ဒါတို့၌ အနက်မကွဲပြားသောကြောင့် (ဝါ) ဘိန္နတ္ထ မဖြစ်သောကြောင့် ယမက မဖြစ်နိုင်ပါ။

## ယမကတို့၏ ဖြစ်ရာ ကျက်စားရာ နေနိုင်ရာဌာန

တဥ္စပါဒါန မာဒိမဇ္ဈန္တ ဂေါစရံ – ကိုထောက်၍ အချို့ယမကသည် ဂါထာပါဒ၏ အစ၌၊ အချို့ယမကသည် အလည်၌၊ အချို့ယမကသည် အဆုံး၌ ဖြစ်ကြပါသည်။

## တစ်ပါဒ၌ အဗျပေတ ယမက အပြား (၇)ပါး

| | | | |
|---|---|---|---|
| ၁။ | အာဒိအဗျ ပေတယယမက။ | ၂။ | မဇ္ဈအဗျ ပေတယမက။ |
| ၃။ | အန္တအဗျပေတယမက။ | ၄။ | အာဒိမဇ္ဈအဗျပေတယမက။ |
| ၅။ | အာဒိအန္တအဗျပေတယ ယမက။ | ၆။ | မဇ္ဈအန္တအဗျပေတယမက။ |

၇။ အာဒိမဇ္ဈအန္တ အဗျပေတယမက။ – အားဖြင့် (၇)ပါး ဖြစ်ကြပါသည်။

## တစ်ဂါထာ၌ အဗျပေတယမကအပြားပေါင်း

ပထမပါဒနည်းတူ ဒုတိယပါဒ၌လည်း (၇)ပါး၊ တတိယပါဒ၌လည်း (၇)ပါး၊ စတုတ္ထပါဒ၌လည်း (၇)ပါး၊ အားဖြင့် – ၇ x ၄ = ၂၈ပါး ဖြစ်ပါသည်။

## တစ်ဂါထာ၌ ရနိုင်သော အဗျပေတ, ဗျပေတ, ဗျပေတာဗျပေတ ယမကပေါင်း

ထိုနည်းအတူ ဗျပေတာယမက၌လည်း ၂၈ပါး၊ ဗျပေတာဗျပေတ ယမက၌လည်း ၂၈ပါး အားဖြင့် ၂၈ x ၃ = ၈၄–ပါး ရနိုင်ပါသည်။

* * * * *

http://www.dhammadownload.com



(၂၇) သုစနာသုစနာ ----------ပ---------- စန္ဒကော။ ။

## ဤဂါထာ အဗျပေတ ပထမပါဒါဒိယမကဖြစ်ပုံ

ဤ သုစနာသုစနာ– ဟူသော ယမကသည် နှစ်ပုဒ်တို့၏အကြား၌ အက္ခရာ တစ်ပါး ခြားမှု မရှိသောကြောင့် လည်းကောင်း၊ ပထမပါဒ၏ အစ၌ဖြစ်သောကြောင့် လည်းကောင်း၊ အဗျပေတပထမပါဒါဒိ ယမကပုံစံ ဖြစ်ပါသည်။

အမှာ = အခြား ၂၈ – ၂၉ – ဂါထာပါ ပုံစံများ၌လည်း ဤပုံစံကို နည်းမှီ၍ အကြောင်းပြ ပြေဆိုကြပါလေ။

## ဗျပေတ ပ– ဒုပါဒါဒိယမကပုံစံ

* ပိယေနဝစသာ သဗ္ဗေ၊ ပိယေနပ္ပိယ ဘာဏိနော။
ပါဒါန တေ ဇိနောကာသိ၊ သော စမ္ဗောဟန္တု ဝေါပ္ပိယံ။ ။

## ဗျပေတာဗျပေတ ပ–စ–ဒု–တ ပါဒါဒိယမကပုံစံ

* သုမလံ သမလံ ကတ္တုံ၊ သုစိရံသုစိရံ ဇနေ။ (သုစိရံသုစိ –သုစံ အံသု ဥစိ)
သုစိရံ သုစိရံ ဂန္တုံ၊ သမလံ သမလံ ဘိယော။

အမှာ = အခြားအခြားသော ပုံစံတို့ကို အလင်္ကာပန်းကုံး စသော ထိုထိုကျမ်းဂန်တို့၌ ရှာဖွေ လေ့လာကြပါလေ။

* * * * *

(၃၀) ကမလံ ကမလံ ---- ပ ---- သဟိတံသဟိတံကရံ။ ။

## ပထမ + ဒုတိယပါဒကို စေတ္တဒေါသသင့် / မသင့် အနက်ပေးပုံ

ကမလံ – ကြာသည်၊ ကမလံ – ကြာကို၊ ကတ္တုံ – ပြုခြင်းငှာ၊ ဟောတိ – ဖြစ်၏၊ ဝနဒေါ – ရေကို ပေးတတ်သော၊ ဝနဒေါ – မိုးတိမ်သည်၊ အမ္ဗရံ – ကောင်းကင်ကို၊ ကတ္တုံ – ပြုခြင်းငှာ၊ ဟောတိ – ဖြစ်၏။ ဤသို့ ပေးက စေတ္တဒေါသသင့်၏။

http://www.dhammadownload.com



အမှာ = နိဿယလာအတိုင်း အနက်ပေးက ကေတ္တ ဒေါသမှလွတ်၏။

တနည်း = ကုမ်းလံ – ကို၊ ကံ + အလံ – ဟု ပုဒ်ဖြတ်၍လည်းကောင်း၊ ဝနဒေါ ဝနဒေါကို ဝနဒေါ + အဝနဒေါ – ဟု လည်းကောင်း ပုဒ်ဖြတ်၍ အနက်ပေးက ကေတ္တဒေါသမှ လွတ်၏။ ပုဒ်မဖြတ်ဘဲ အနက်ပေးက ကေတ္တဒေါသသင့်၏။

* * * * *

(၃၃) ယမကံတံ ----------ပ---------- ဘယါမယာ။။

## ယမက ပဟေလိတို့ကို အကျယ်မပြရခြင်းအကြောင်း

ဆိုခဲ့ပြီးသော သုကရဒုက္ကရ ယမကသည်လည်းကောင်း၊ မဆိုခဲ့ရသေးသော ပဟေလိ သည်လည်းကောင်း၊ နောက်မှပြဆိုမည့် သဒ္ဒါလင်္ကာရဂုဏ်ဟူသော သဒ္ဒရသ အတ္ထာလင်္ကာရ ဟူသော အတ္ထရသ မရှိကြ၍ အကျယ်ပြ လိုက်လျှင် တပည့်များ ပင်ပန်းမည် စိုးသောကြောင့် အကျယ်မပြ ရခြင်းဖြစ်ပါသည်။

## ပဟေလိကို သုံးစွဲသင့်သောအခါ

၁။ မြူးတူးပျော်ပါး ကစားခြင်းကို ပယ်ဖျောက်ရာအခါ။
၂။ ကျဉ်းမြောင်းရာအရပ်၌ တိုင်ပင်နှီးနှောရာအခါ။
၃။ သူတပါးကို တွေဝေစေလိုသောအခါ – တို့၌ ပဟေလိကို သုံးစွဲကြပါသည်။

## ပဟေလိကို သုံးရခြင်း

ဆောင် ။ ။ ပျော်မွဲသဘင်,ပျော်ရွှင်တုန်းခါ, လူပြွမ်းရာတွင် တိုင်ပင်ပြုမှု, သူ့ကိုတွေဝေ မသိစေမှု, ပြုဖို့ကျေးဇူး အလွန်ထူးပြီ ပဟေလိ။

## ယမကံတံဟု ဆိုတိုင်း သာ ပဟေလိဟု မပြင်ရ

ဆိုခဲ့ပြီးသော ယမကကို ယမကံတံဟု တ သဒ္ဒါဖြင့် ပြန်၍ ညွှန်ပြ၏၊ ပဟေလိကိုကား နာမည်တပ်ရုံမှ တပါး ပုံစံတစ်ခုမျှ မပြခဲ့သောကြောင့် တသဒ္ဒါဖြင့် မညွှန်ပြဘဲထား၏။ ထို့ကြောင့်သာ ပဟေလိ – ဟု မပြန်ရ။

http://www.dhammadownload.com



## အရာခပ်သိမ်း လိင်မပြောင်းရ

မဓုရာနိပုဒ်သည် ပဟေလိဟူသော ဣတ္ထိလိင်သို့ လိုက်သင့်သော်လည်း သဒ္ဒိသူပစာသဒ္ဒါဖြစ်သောကြောင့် မူလလိင်အတိုင်း မဓုရာနိဟုပင် ထားရ၏။ ချိုစိမ့်သော အရသာ၏ မဓုရအမည်ကို ယမကပဟေလိ၌ တင်စားသော ထိုကဲ့သို့ ဥပစာသဒ္ဒါတို့၌ မူလလိင် မပြောင်းရ။

* * * * *

(၃၄) ဒေသကာလ ----------ပ---------- ဟရဏာတော ဖုတ်။ ။

## ၄။ ဝိရောဓိဒေါသအစိပ္ပါယ်

ကုန်း ရေ စသော အရပ်ဒေသ၊ ညဉ့်နံနက် ဥတုစသောကာလ၊ ကခြင်း သီဆိုခြင်း စသော (၆၄)ပါးသော အတတ်သည်ကလာ၊ လူပြည် နတ်ပြည် စသော လောက၊ အသင့်ယုတ္တိဟုဆိုအပ်သော ဉာယ၊ မြတ်စွာဘုရား၏ ပါဠိတော်စသော အာဂုမ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ပုဒ်အပေါင်းသည် ဝိရောဓိ ဒေါသသင့်သော ပုဒ်မည်၏။

ဆောင် ။ ။ ဒေသစရှိ ဆန့်ကျင်ဘိ မှတ်သိ ဝိရောဓိ။

### (၁) ဒေသဝိရောဓိ ဒေါသသင့်သော ပုံစံအချို့

- တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်၊ * ကုန်း၌ပေါက်လာ ပဒုမ္မာ။
- ရေမှာ ပွင့်လန်း မြတ်လေးပန်း၊ * ငါး ပုဇွန် လိပ် ကုန်းမှာအိပ်၏။

အစရှိသော စကားတို့သည် အရပ်ဒေသနှင့် ဆန့်ကျင်သောကြောင့် ဒေသဝိရောဓိဒေါသ သင့်၏။

### (၂) ကာလဝိရောဓိ ဒေါသသင့်သော ပုံစံအချို့

- ကုမုဒြာကြာသည် နေ့မှာပွင့်၏။ * ပဒုမ္မာကြာသည် ညမှာပွင့်၏။
- ပန်းမျိုးစုံတို့သည် ဥတုသုံးပါးတို့၌ ပွင့်ကြ၏။
- ဆောင်းမှာခရေ နွေမှာသဇင် မိုးတွင်ပန်းပိတောက် ပွင့်ပေါ်ပေါက်၏။
- ကဆုန်လ၌ သဇင် ခဝဲပွင့်၏။ * နံနက်နေဝင် ညနေ နေထွက်။
- ဆောင်းတွင်းတောင်လေ တိုက်ခတ်နေ၏။ အစရှိသော စကားရပ်တို့၌ အချိန်အခါကာလနှင့် ဆန့်ကျင်သောကြောင့် ကာလဝိရောဓိ ဒေါသသင့်၏။

http://www.dhammadownload.com



## (၃) ကလာဝိရောဓိ ဒေါသသင့်သော ပုံစံအချို့

* ညစာတပ်ပွဲ၌ မျောက်ကဲ့သို့ မြူးခုန်၍ သိကြားထွက်က၏။
* လက်ထပ်မင်္ဂလာပွဲ၌ မျောက်မင်းအူသံတီး သင့်၏။
* မသာချရာ၌ စည်တော်ရှမ်းသင့်သည်။
* စည်းဝါးမကိုက်သော စောင်းသံသည် နားဖျော်ဘွယ်ရှိ၏။

## ဒွေးချိုးကဗျာ ဒေါသသင့်ရာ

* ကျွမ်းဂန်များကို ရွတ်ဆိုကြအများ, သို့မှသာ စာမေးမှာလ ကောင်းစွာ အောင်သွား။

အထက်ပါ ဒွေးချိုးကဗျာတွင် အအုပ်ပိုဒ်၌ မှာနှင့် စွာသည် ကာရန်တူသော်လည်း အသံမှာ ချိုသံဖြစ်နေ၍ ဒွေးချိုးအင်္ဂါနှင့် မညီညွတ်သောကြောင့် ကလာဝိရောဓိဒေါသသင့် ပါသည်။

ဒွေးချိုးကဗျာ ပြင်ဆင်ရာ၌ = ကျွမ်းဂန်များကို ရွတ်ဆိုကြအများ သို့မှသာ စာမေးခန်းမှာ အောင်ပန်းနှင့်ညား။

ဤဒွေးချိုးကဗျာမှာ ခန်း ပန်းဟု ချသံနှင့် စပ်ဆို၍ ဒွေးချိုးအင်္ဂါနှင့် ညီညွတ်သောကြောင့် ကလာဝိရောဓိ ဒေါသမှလွတ်၏။

မှတ်ချက် ။ ။ ထမင်းချက် ဟင်းချက် စသော အချက်အပြုတ်အတတ်၊ အိမ်ဆောက် တိုက်ဆောက်အလုပ်၊ လက်နက်အလုပ်၊ ပန်းပဲ ပန်းတိမ် စသောအလုပ်၊ တောင်းယက် ဖျာယက် စသောအလုပ် စသည်ဖြင့် စက်မှု လက်မှုအတတ် (၆၄)ပါးကိုလည်း ကလါအတတ် ဟုဆိုသည်။ (ယောနိသျှ)

## (၄) လောကဝိရောဓိ ဒေါသသင့်သော ပုံစံအချို့

* မီးကို မပူ အေးစွဟူ၏။ * စန္ဒကူးသည် ပူ၏။
* အနှစ်မရှိရှားတော်ပင်။ ကြက်ဆူပင်က နှစ်ရှိစွ။
* အဖေထက် သား တစ်လကြီး၏။ * ကြက်မတွန်၍ မိုးလင်း၏။
* မယားကို လင်ကကြောက်ရသည်။ * ခွေးဟောင်လို့ တောင်ပို့ပြေးသည်။
* ဆင်သည် ဦးစွန်းကို ခါ၏။ * မြင်းမှာ ချိုရှိသည် – စသော စကားရပ်တို့သည် လောကထုံးတမ်းစဉ်လာနှင့် ဆန့်ကျင်သောကြောင့် လောကဝိရောဓိ ဒေါသသင့်ပါသည်။

http://www.dhammadownload.com



## (၅) ဉာယဝိရောဓိ ဒေါသသင့်သော ပုံစံအချို့

- ခြေမရှိပဲ အပြေးသန်၏။ * ခေါင်းမရှိပဲ မော့ကြည့်၏။
- အကျိုးဆော့ – အကန်းမော့ – စောက်အ စကားများ၏။
- မျက်စိဟင်းလင်း တွင်းသာကြွင်းလည်း ရှိရင်းထက်ပင် ပို၍မြင်၏။
- လူပျိုကြီးမှာ မျက်နှာပွင့်ဆေး ရှိ၏။ * ကုလားပိန်မှာ လူဝဆေး ရှိ၏။
- အဖေထက် သား တစ်လကြီး၏။ * ဘဝကြီးယ်ကို စွန့်လျက် ဆည်းပူးအပ်သော ဘဝရှိ၏။
- လောဘကို စွန့်လျက် တပ်နှစ်သက်ခြင်းကို ဖြစ်စေ၏။
- ကြီးပွါးခြင်းအား စွန့်လွတ်ငြားလည်း သူတစ်ပါးတွက် ရှေ့ဆောင်ရွက်၏။

စသော စကားတို့သည် အသင့်ယုတ္တိ မရှိကြသောကြောင့် ဉာယဝိရောဓိ ဒေါသသင့်ကြ၏။

**လောကသဘာဝ** မှတ်စရာ = ကြီးပွားခြင်းအား စသောစကားရပ်၌ ကိုယ့်တွက်တောင် စွန့်ပြီးကာမှ သူများ ကြီးပွားဖို့ ဆောင်ရွက်၏ဟူသည် အသင့်ယုတ္တိမရှိ၊ လူဆိုတာ အတ္တသမားဖြစ်၍ ကိုယ့်အတွက်က အရင်ဖြစ် သည်။ (အတ္တသမံ ပေမံ နတ္ထိ) သို့အတွက် ဉာယဝိရောဓိ ဒေါသသင့်။

## (၆) အာဂမဝိရောဓိ ဒေါသသင့်သော ပုံစံအချို့

- အရာရာရုပ်သာ ပဓာနဖြစ်သည်။ * ဖေါက်ပြန်မှုသာ ထင်ရှားလာ မိဒ္ဓါရုပ်ပါတည်း။
- ဒါန သီလ ပြုလုပ်မှန်လည်း နိဗ္ဗာန်မရ မွဲရုံမျှ။
  (သစ်ပင်များလည်း အိပ်ငိုက်ခြင်းရှိ၍ မေဒိနီ ဉာယဆို၏။)
- ခံစား ဒုက္ခနိဗ္ဗာနတည်း။ – စသော စကားရပ်တို့သည် ဘုရားဟော အာဂုမ်ပါဠိတော်များနှင့် ဆန့်ကျင်သော ကြောင့် အာဂမဝိရောဓိ ဒေါသသင့်ကြ၏။

## ဝိရောဓိ ဒေါသသင့်သော ပုံစံအပေါင်း

- တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်၊ ပြွီအက်မြင့်မိုရ်၊ မီးကိုမပူ အေးစွာဟူ၏။
- ငါးလိပ်မိုးပျံ ညဥ့်ယာမ်နေထွက် တောင်ထက်ကြာပေါက် ကျရောက်နတ်ရွာ ထက်မှာငရဲ မစဲဒုက္ခ နိဗ္ဗာနတည်း။

http://www.dhammadownload.com



* မိုးပေါ်မှာရေကြီးလို့ ဘုန်းကြီးက ဘီးဆောင်၊ စစ်ကိုင်းချောင်က မယ်သီလ ခေါင်းပေါင်းစထောင်၊ နွေခေါင်ခေါင် နှင်းကျ ဥင်းတကာ စွန်ဖြစ် (ဉာယ) စသော ပုံစံများကိုလည်း နားလည်နိုင်ပါစေ။

မှတ်ချက် ။ ။ တောင်ထိပ်ကြာပေါက် ဟူသောစကားကို ဘာ – ဋီ၌ ဒေသဝိရောဓ ဆိုသည်။ အလင်္ကာ ရတ္တ မေဒိနီနှင့် အလင်္ကာဋီကာသစ်တို့ နိသျှဲကား လောကဝိရောဓ ဟုဆိုသည်။

* * * * *

(၇၅) ဗောဓိသတ္တပ္ပ ——————ပ—————— တဟိ ံဇလေ။

## ဒေသဝိရောဓ ဒေါသမှကင်းလွတ်ပုံ

ရေ၌ဖြစ်သော ပဒုမ္မာကြာပန်း စသည်တို့သည် ကြည်းကုန်း၌ ဖြစ်ကုန်၏ ဟုဆိုခြင်းသည် ဒေသဝိရောဂ ဒေါသသင့်ငြားသော်လည်း ဗောဓိသတ္တပ္ပဘာဝေန ဘုရားအလောင်း သုမေဓာ ရှင်ရသေ့၏ တန်ခိုးတော်ကြောင့် ဟူသော စကားကို ဖြည့်စွက်ပြလိုက်သဖြင့် ဒေသဝိရောဓ ဒေါသမှ လွတ်သွားပါသည်။

မှတ်ချက် ။ ။ ရေ၌ဖြစ်သော ပဒုမ္မာကြာပန်း စသည်တို့သည် ကြည်းကုန်း၌ ဖြစ်ကုန်၏ ဟု သာမညဆိုလျှင် ဒေသဝိရောဓ ဒေါသသင့်၏။
အကြောင်းပြပါလျှင် မသင့် – ကျန်ပုံစံများ နားလည်နိုင်ပါစေ။

## ဤဂါထာ၌ ရနိုင်သောဂုဏ်

ရေ၌ဖြစ်သော ပဒုမ္မာကြာပန်း စသည်တို့သည် အညောင်းဖြေတတ်သော ကတ္တုသတ္တိမရှိသော်လည်း ရှိသကဲ့သို့ တင်စား၍ ပြောဆိုသောကြောင့် ဤဂါထာသည် ကတ္တုဓမ္မသမာဓိဂုဏ် ရနိုင်ပါသည်။

* * * * *

http://www.dhammadownload.com



(၇၆) မဟာနဘာဝ ----------ပ---------- ကုသုမံ သမံ။ ။

* လူတို့သင်းကျစ်၊ ဘုန်းတော်လှစ်ကြောင့်၊ ဆယ့်နှစ်ရာသီ၊ ဖူးငုံစီသည့်၊ လီလီပန်းခိုင်၊ မွှေးပျံ့ကြိုင်လျက် တပြိုင်တည်းသာ ပွင့်ကြရာ၏။

## ကာလဝိရောဓိ ဒေါသမှကင်းလွတ်ပုံ

ဥတုသုံးပါး၌ ပန်းမျိုးစုံ တပြိုင်နက် ပွင့်၏–ဟူသော စကားသည် ကာလဝိရောဓိ ဒေါသသင့်ငြား သော်လည်း မဟာနဘာဝပိသုနော – ဘုရားအလောင်းတော်၏ ကြီးစွာသော တန်ခိုးအာနုဘော်ကို ပြသောအားဖြင့် ပွင့်ကြသည်ဟူသော စကားကို ဖြည့်စွက်ပြလိုက်သဖြင့် ကာလဝိရောဓိ ဒေါသမှကင်းလွတ်သွားပါသည်။

## ပန်းမျိုးစုံတို့ တစ်ဥတုတည်း၌ အံ့သြဘွယ် တစ်ပြိုင်နက်ပွင့်ရာအခါများ

* ဘုရားအလောင်းများ နိယတဗျာဒိတ် စကားကို ခံယူရာအခါ။
* ဓမ္မစကြာတရားတော်ကို ဟောရာအခါ။
* အာယုသင်္ခါရ စွန့်လွှတ်ရာအခါ။
* ပရိနိဗ္ဗာန်ပြုရာအခါ။ များ ဖြစ်ကြပါသည်။

ဆောင် ။ ။ ဗျာဒိဂ္ဂဟ ဓမ္မစကြာ, သင်္ခါအာယု နိဗ္ဗာန်ပြုရာ, ချိန်ခါလေးခု တစ်ဥတုမှာ, ပွင့်ပါကြ အံ့စရာ,ပန်းမျိုးစုံ။

## ဤဂါထာ၌ ရနိုင်သောဂုဏ်

လေသည် အာနုဘော်ကို ထင်ရှားမပြတတ်သော်လည်း ပြတတ်သကဲ့သို့ တင်စား၍ ဆိုထားသောကြောင့် ဤဂါထာ၌ ကတ္တုဓမ္မ သမာဓိဂုဏ် ရနိုင်ပါသည်။

* * * * *

(၇၇) နိမုဂ္ဂမာနသော ----------ပ---------- သမ္ပီဏေတိ ကံဓနုံ။ ။

## ကလာဝိရောဓိဒေါသမှ ကင်းလွတ်ပုံ

ဗေဠုဝစောင်းသံ၏ မညီညွတ်ခြင်းသည် ကလာဝိရောဓိ ဒေါသသင့်ငြားသော်လည်း နိမုဂ္ဂမာနသော ဗုဒ္ဓပီဏေ – ဘုရားရှင်၏ ဂုဏ်တော်၌ နစ်မြုပ်သော ပီတိကြောင့် လွဲမှားသွားရပါသည်ဟု ဖြည့်စွက်ပြောဆိုလိုက်သဖြင့် ကလာဝိရောဓိဒေါသမှ ကင်းလွတ်သွားပါသည်။

* * * * *

http://www.dhammadownload.com



(၇၈) ဂဏာယေစဏ္ဍ ----------ပ---------- ပဒိတ္တဂ်ါရပ္ပရိတံ။ ။

## လောကဝိရောဓ ဒေါသမှကင်းလွတ်ပုံ

အလွန်ပူသော မီးကျီးကို စန္ဒကူးထက်ပင် အေး၏ဟု ဆိုသဖြင့် လောကဝိရောဓ ဒေါသ သင့်ငြားသော်လည်း သဗ္ဗညုတဉာဏ်တော်၌ စွဲလမ်းနေသော အလောင်းတော် အလိုအားဖြင့် ပြောတာပါဟု သမ္ဗောဓိ သတ္တဟဒယော–ဟူသော စကားရပ်ကို ဖြည့်စွက်ပြလိုက်သဖြင့် လောကဝိရောဓဒေါသမှ ကင်းလွတ်သွားပါသည်။

* စဏ္ဍဝါတိုက် မီးလောင်မြိုက်လည်း ခိုက်ခိုက်တုန်ခါ အေးမြရာ၏ – ဟု – သာမညဆိုလျှင် ဒေါသ သင့်၏၊ ၄င်းစကားကိုပင် သဗ္ဗညုတဉာဏ်ကို ရလိုသော ဘုရားအလောင်းတော်၏ အလိုအားဖြင့် ပြောတာပါဟုဆိုလျှင် ဒေါသမှ လွတ်ပါသည်။

* * * * *

(၇၉) ပရိစ္စတ္တဘဝေါပိတွ ----------ပ---------- မုနိပုင်္ဂဝ ။ ။

* ကြံစည်မကုန်၊ ဘုန်းတော်ဂုဏ်နှင့်၊ ပြည့်စုံထင်ရှား – တို့ဘုရားသည်၊ ကြီးပွါးခြင်းအား စွန့်လွှတ်ငြားလည်း၊ တပါးသူတွက် ရှေ့ဆောင်ရွက်၏။

## ဉာယဝိရောဓ ဒေါသမှ ကင်းလွတ်ပုံ

ဘုရားရှင်သည် သုဂတိ ဒုဂ္ဂတိဘဝအားလုံးကို စွန့်ပယ်တော်မူပြီးဖြစ်၍ ဘဝမရှိသော ကြောင့် မိမိမှာ မရှိသောဘဝကို သတ္တဝါတို့အား ပေးတော်မူခြင်းသည် ဉာယဝိရောဓဒေါသ သင့်ရောက်ငြားသော်လည်း မကြံစည် နိုင်အောင် ကြီးကျယ်သောဂုဏ် အနှစ်ရှိသော ဘုရားရှင် တို့မှာ ဤသို့ပေးစွမ်းနိုင်သော သဘောရှိသောကြောင့် အစိန္တျဂုဏသာရာယ ဟူသော စကားဖြင့် ဉာယဝိရောဓ ဒေါသမှ ကင်းလွတ်သွားပါသည်။

## ဉာယဝိရောဓ သင့်သောပုဒ်နှင့် အဖြေပုဒ်

* ဉာယဝိရောဓသင့်သော ပုဒ်များကား ပရိစ္စတ္တဘဝနှင့် ဥပနီတဘဝဖြစ်၏၊
* ဉာယဝိရောဓ၏ အဖြေပုဒ် ကား အစိန္တျဂုဏသာရာယ ဖြစ်၏။

http://www.dhammadownload.com



## အချို့ပုံစံများလည်း ဉာယဝိရောဓိ လွတ်နိုင်သေးသည်သာ

* မြွေသည် ခြေမရှိပဲ အပြေးမြန်၏။ * ပုဇွန်လုံးသည် ခေါင်းမရှိပဲ မော့ကြည့်၏။
* သင့်လျော်တိုးတက် တံပိုးတွက်မှု ဘထက်သားကြီး ပြန်ပြန်စီး၍ ကြွေးသီးသီးကျင် ကြွေးပင်စိုက်က–စသည်ကဲ့သို့အသင့်ယုတ္တိရှိသောစကားများ ဖြစ်ကလည်း ဉာယဝိရောဓိ ဒေါသမှ ကင်းလွတ်ပါသည်။

* * * * *

(၈၀) နေဝါလပတိ ----------ပ---------- ဖုသေယျာ ပတ္တိ ဒုဂ္ဂတံ။ ။

## အာဂမဝိရောဓိဒေါသမှ ကင်းလွတ်ပုံ

တစ်စုံတစ်ယောက်သော သူနှင့် စကားမပြောသည် ဖြစ်ပါလျက် သမ္ဘာန မုသာဝါဒ ဒုက္ကဋ်အာပတ်သို့ ရောက်၏ ဟူသောစကားသည် အာဂမဝိရောဓိ ဒေါသသင့်ငြားသော်လည်း၊ ဝစီဝိညတ်၌ ပြုအပ်သောအမှုကို မပြုခြင်းကြောင့် သင့်ရောက်သည် ဟူသောစကားဖြင့် အာဂမဝိရောဓိ ဒေါသမှ ကင်းလွတ်သွားရပါသည်။

## ပြင်ဆင်ချက် နမူနာပုံစံ

* ဒါန သီလပြုလုပ်မှန်က နိဗ္ဗာန်သုခ ခံစားရမည်မှချ ဧကန် မလွဲတည်း။ ။
(ဒါနံ မောက္ခပဒံ ဝရံ)

* * * * *

(၃၅) ယဒပ္ပတိတ ----------ပ---------- ရောစန္တိရတ္တိယံ ။ ။

## ၅။ နေယျဒေါသ အဝိပ္ပါယ်

အကျိုးကိုသာဆုံ၍ အကြောင်းကို မဆိုသည့်အတွက် မထင်ရှားသော အနက်ရှိသောပုဒ် သည် နေယျဒေါသ သင့်သော ပုဒ်မည်၏။

ဆောင် ။ ။ ကြောင်းဆောင်သင့်ပါ ကျိုးပုဒ်မှာ မည်ပါနေယျ ပြစ်ဒေါသ။ ။

http://www.dhammadownload.com



## ပုံစံဖြင့် ရှင်းလင်းချက်

သဗ္ဗာပိ ဝဝလာ ဒိသာရောစန္တိ ရတ္တိယံ– ဟူသော ပုံစံ၌ ဝဝလာ ဟူသောပုဒ်သည် ဖွေးဖွေးဖြူခြင်း၏ အကြောင်းကို ပြဘိုလိုပါလျက် မပြသောကြောင့် နေယျဒေါသသင့်သော ပုဒ်ဖြစ်ပါသည်။

## နေယျဒေါသသင့်သောပုံစံအချို့

* ရပ်ဆယ်မျက်နှာ ဘော်သာခွါသွေး ဖြူဖြူဖွေးသည် စုဝေး တင့်တယ် ညဉ့်ချိန်ဝယ်။
* ဖြူဖွေးအရောင် ညဉ့်သန်းခေါင်သည် ပြောင်တလက်လက် အရောင်ထွက်၏။
* တောင်မြောက်ဘယ်ညာ ဝဲလှည့်ခါလျှင် များစွာသောင်းသောင်း ခြိုပုတ်ပေါင်းတို့ ထက်ကောင်းကင်ဘုံ ယိမ်းနွဲ့ ခုန်၏။
* မှန်ကင်းတန်ဆောင် လျှံဝါပြောင်သည် တိုမျှားမရှုစောင့်တကား။
* နိတျာရောင်လွှမ်း သမုဒ်ကမ်းတည်း။
* ကြောင်ကဲ့သို့ ကျင့်လေ၊ ညောင်ကဲ့သို့ ကျင့်လေ။ – စသည်

ဤပုံစံတို့၌ အသီးသီး အကြောင်းပြမပါသောကြောင့် နေယျဒေါသသင့်ကြပါသည်။

## မထင်ရှားရာမှတ်ဘွယ်ရာ

နိတျာရောင်လွှမ်း သမုဒ်ကမ်းတည်း ဟူသော ပုံစံတို့၌ ခွါဖြင့် ခွဲအပ်သော နဂါးတို့၏ သွေးကြောင့် အနီ ရောင်လွှမ်းရခြင်းတည်း ဟူသောအကြောင်းရှိသောကြောင့် ဒေါသသင့်ခြင်း ဖြစ်၏။

## ပါဠိတော်မှာ မှတ်စရာ

အတ္တိနာမ တာတ သုဒိန္န စသော ဝါကျကဲ့သို့ စကားအပြည့်အစုံမပါ၍ မသိသာ မထင်ရှားသော အနက်ရှိ သော ဝါကျမျိုးကိုလည်း နေယျတ္တ ဒေါသသင့်သော ဝါကျအဖြစ် မှတ်ယူအပ်၏ဟု စံကျောင်းနိသျ၌ ပြသေး၏။

* အတ္ထိ၏ ကတ္တားပုဒ်ကို ဓနံဖြစ်စေ၊ ဇီဝိတံဖြစ်စေ၊ ဆောင်ယူရမည်ဖြစ်သောကြောင့် နေယျဒေါသသင့်၏။
* အချို့အရာတို့၌ အတ္တဇ္ဈတ္တိဂုဏ် မရှိလျှင်လည်း နေယျဒေါသသင့်၏ ဟု သရသ္သတိ ကဏ္ဍာဘရဏ၌ ဆိုသတတ်။

http://www.dhammadownload.com



## ကြောင်ကဲ့သို့ ကျင့်ရာသည်များ ဤလေးပါး

* သူလျှိုလွှတ်ကာ ဥစ္စာရှာနှင့်, ပညာသုတိ အလိုရှိက, မိမိအရေး မပြီးသေးလျှင်, ထောက်တွေးစာနာ, ကြောင်သို့သာလျှင်, ကျင့်ရာသည်များ ဤလေးပါး (သုတ)

* * * * *

(၃၆) နေဒီသံဗဟု ----------ပ---------- ဝိလဃ်ံ နိ ။ ။

## ဒေါသနေယျသင့်လေက ပညာရှိများ မသုံးကြ။

တိုက်ရိုက်ဟောတတ်သော သဒ္ဒါ၊ သဒ္ဒါ၏ အစွမ်း အသင့်ယုတ္တိကို ခုန်ကျော်၍ ဖြစ်သော အသိဉာဏ်ကို ရခဲ သောကြောင့် နေယျဒေါသသင့်သောပုဒ်များကို ပညာရှိများ မသုံးစွဲကြ။

## မသုံးစွဲရခြင်း ရှင်းလင်းချက်

စာရေးသား စိကုံးခြင်းသည် စာဖတ်ရှုသူတို့လွယ်ကူစွာ အနက်အဓိပ္ပါယ် သိရှိနားလည်ရန် ဖြစ်သည်၊ ယင်းသို့ နားလည်ဘို့ရန် တိုက်ရိုက်ရေးသားနည်း၊ နည်းဥပစာတို့ဖြင့် သွယ်ဝိုက်၍ ရေးသားနည်းဟုနှစ်မျိုးရှိရာ ထိုနည်းတို့ကို လုံးဝမသုံးပဲ ရေးသားခဲ့လျှင် ဖတ်ရှုသူတို့ အသိဉာဏ်ကို မရရှိနိုင်သောကြောင့် နေယျဒေါသသင့်သော ပုဒ်များကို မသုံးစွဲကြခြင်း ဖြစ်သည် ဟုဆိုလိုသည်။

## ဝိလဃ် အဓိပ္ပါယ်

တိုက်ရိုက် ဟောတတ်သော သဒ္ဒါ၊ ထိုသဒ္ဒါ၏ အစွမ်းအသင့် ယုတ္တိဟု ဆိုအပ်သော သာမတ္ထိယကို ဖယ်ထားခြင်း၊ မပါဝင်ခြင်းကို ဝိလဃ် – ခုန်ကျော်သည်ဟု ခေါ်ပါသည်။

* * * * *

(၁၁) မရီစိစန္ဒနာလေပ ----------ပ---------- နိဗ္ဗာ ရုံ။ ။

## နေယျဒေါသမှ လွတ်မြောက်ပုံ

ဤဂါထာ၌ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့သည် ချမ်းအေးသော အရောင်ရှိသော လမင်း၏ အရောင် တည်း ဟူသော စန္ဒကူးဖြင့် လိမ်းကျံမှုကိုရခြင်းကြောင့် ဖွေးဖွေးဖြူ၏ ဟုဆိုရာဝယ် ဖွေးဖွေးဖြူပုံကို အကြောင်း နှင့်တကွ ပြဆိုသောကြောင့် ဓဝလာဟူသော ပုဒ်သည် နေယျဒေါသမှ ကင်းလွတ်ပါသည်။

http://www.dhammadownload.com



## နေယျဒေါသသင့်သော မြန်မာပုံစံဝယ် အကြောင်းပြချက်

* အေးကြည်ထပ်ထပ် လရောင်ဟပ်၍ ရပ်ဆယ်မျက်နှာ ဘော်သာခွါသွေး ဖြူဖြူဖွေးသည် စုဝေးတင့်တယ် လွန်ဘိသည်။ ဟု အကြောင်းပြင် ထည့်လိုက်ပါက ဒေါသမှ လွတ်တော့၏။

မှတ်ချက် ။ ။ အခြားပုံစံ၌လည်း ဤကဲ့သို့ အကြောင်း ဆောင်ပြပါက ဤဒေါသမှ လွတ်ပါသည်။

## ဤဂါထာ၌ ရနိုင်သောအတ္ထာလင်္ကာရ

လူ၏မျက်နှာ၊ အရပ်မျက်နှာတို့ကို ဥပမာ + ဥပမေယျ မခွဲခြားပဲ တသားတည်း အတူပြဆိုထားသောကြောင့် ရူပက အတ္ထာလင်္ကာရ ရနိုင်ပါသည်။

* * * * *

(၈၂) မနောနုရူနော ----------ပ---------- ဟဒယာနလော။ ။

## သာမတ္ထိယကြောင့် နေယျဒေါသမှလွတ်ပုံ

ဤဂါထာ၌– ၁။ နတ်သမီးတို့ ဖြားယောင်းကြသည်။

၂။ ဘုရားရှင်က သဘောတူ ခွင့်ပြုတော်မမူ။

၃။ မာနတ်ကြီးအသည်း မီးစွဲ၏။ – ဟူသော အချက်သုံးချက်သာပါ၍ မာနတ်၏ သမီးများ ရှုံးသွားသည်ဟူသော စကားတိုက်ရိုက်မပါသော်လည်း မာနတ်သမီး–၃ ယောက် တို့ ဘုရားရှင်မှ ရှုံးခြင်းကို ထောက်ဆ၍ သိရသောကြောင့် နေယျဒေါသမှ ကင်းလွတ်ပါသည်။

## ဖလူပစာ ဖလာနုမာနနည်းဖြင့် တစ်နည်းသိရပုံ

အကျိုးဖြစ်သော မာရဿဟဒယာနလော– ဟူသော သဒ္ဒါ၏ ဖလူပစာ – ဝါ – ဖလာနုမာနနည်းအားဖြင့် မာနတ်သမီးသုံးယောက်တို့ ဘုရားရှင်မှရှုံးခြင်းကြောင့် ဟူသော အကြောင်းစကားကို သာမတ္ထိယအားဖြင့် သိအပ်သောကြောင့် အကြောင်းကို ဆောင်စရာ မလိုရကား နေယျဒေါသမှ လွတ်မြောက်စေပါသည်။

http://www.dhammadownload.com



ဖလာနုမာနနည်းဟူသည် – ပြအပ်သော အကျိုးကို အစဉ်လိုက်၍ ကြည့်ရှုသောအခါ အကြောင်းကို မှန်းဆ၍ သိနိုင်သောနည်းသည် ဖလာနုမာနနည်းမည်၏။

## သာမတ္ထိယကြောင့် နေယျဒေါသ မသင့်သော ပုံစံအချို့နှင့် အကြောင်းပြချက်

* မြစ်ရေကြီး၏။ * ဒေဝဒတ္တော ဒိဝါနဘုဉ္ဇတော– ထူလော။
* ပသေယျ တံဝသ သတံအရောဂျံ၊
* အဆွေ့ဒွိမှာ သက်တစ်ရာလျှင် မနာမဖျား မြင်လိုပြား၏။
* သား ရွှေအိုးထမ်းလာတာ မြင်ချင်ပါတယ်။
* ယနေ့ တစ်ယောက်စာပဲ ထမင်းပိုတော့။ စသည်–

ဤပုံစံတို့၌– * မြစ်ရေကြီး၏။– ဟုဆိုရာ၌ မြစ်ညာဖြစ်ရသော အထက်အရပ်ဝယ် မိုးရွာသောကြောင့် ရေကြီးသည်ဟု ရေကြီးခြင်း၏ အကြောင်းကို မှန်းဆ၍ သိရသောကြောင့် ဝါ - ရေကြီးခြင်း၏ အကြောင်းကို ပြဆိုပြီးဖြစ်သောကြောင့် နေယျဒေါသမသင့်ပါ။

* ဒေဝဒတ်သည် နေ့အခါမစား – သို့သော်ဝနေ၏ ဟုဆိုရာ၌ နေ့မစားသော်လည်း ညစားသောကြောင့်သာ ဝနေခြင်းဖြစ်၏ဟု ဝခြင်း၏အကြောင်းကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသမသင့်ပါ။
* အဆွေ့ဒွိမှာ စသောစကားသည်လည်း ငါမြင်လို၏ ဟူသောစကားဖြင့်ပင် မိမိလည်း အသက်တစ်ရာရှည် လို၏ဟူသော အဓိပ္ပါယ်ကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသမှလွတ်ကာ အတ္ထဗျတ္တိဂုဏ် မြောက်ပါ သည်။
* သား ရွှေအိုးထမ်းလာတာ မြင်ချင်ပါတယ် – ဟူသောစကားသည် မိမိတို့လည်း မျက်စိ မြင်လိုခြင်းဟူသော အကြောင်းကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသမသင့်ပါ။
* ယနေ့ တစ်ယောက်စာပဲ ထမင်းပိုတော့ ဟူသော စကားသည် ယနေ့ တစ်ယောက်ပဲ ရှိတော့၏ တစ်ယောက် မရှိတော့ ဟူသော အဓိပ္ပါယ်ကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသမှ လွတ်ပါသည်။

## နေယျလွတ်စရာကြောင်းနှစ်ဖြာနှင့် သိစေရာနှစ်ဂါထာ

၁။ တိုက်ရိုက်ပါသော သဒ္ဒါဖြင့် အနက်ကို သိရခြင်း။

၂။ သဒ္ဒါ၏ သာမတ္ထိယအားဖြင့် အနက်ကို သိရခြင်း ဟု အနက်နှစ်မျိုးရှိ၏။

http://www.dhammadownload.com



* အမှတ်(၈၁)ဂါထာဖြင့် မရိစိစန္ဒနာလေပလာဘာဟု တိုက်ရိုက်ပါသော သဒ္ဒါဖြင့် သိရသောအနက်ကို ပြ၏။
* အမှတ်(၈၂) ဂါထာဖြင့် အကြောင်းသုံးချက်တို့ကို ပြ၍ သာမတ္ထိယအားဖြင့် သိအပ်သော အနက်ကို ပြ၏။

## သိင်္ဂါရ (၂)ခုအထူး

အဘိဓာန်ဂါထာ (၁၀၃)လာ သိင်္ဂါရဟူသည် မိန်းမနှင့်ယောက်ျားတို့၏ ပေါင်းဆုံချစ်ကြိုက်မှု ဖြစ်၏။

ဤအလင်္ကာ ဂါထာ (၈၂)လာ သိင်္ဂါရကား ပေါင်းဆုံချစ်ကြိုက်ဘို့ရန် တောင်းဆိုမှုဖြစ်၏။

ဤသို့ထူးပါသည်။

## ဤဂါထာ၌ ရနိုင်သော အတ္ထာလင်္ကာရ

ဤဂါထာအဖွဲ့ ဗန္ဓသည် ကြံဆသော ပရိကပ္ပနာအနက်ကို ထွန်းပြတက်သော သဒ္ဒါ တိုက်ရိုက်မပါသော်လည်း ဝါကျတစ်ခုလုံး၏ အနက်အားဖြင့်ကား ကြံဆသော ပရိကပ္ပနာ ဖြစ်သည်ဟု သိရသောကြောင့် ဌဂါထာသည် ဂါမ္ဘ ပရိကပ္ပနဝက်ဝုတ္တိအလင်္ကာ မြောက်ပါသည်။

* * * * *

(၃၇) သိယာဝိသေသနာ ----------ပ---------- စက္ခုနာ။ ။

## ၆။ ဝိသေသနာ ပေက္ခဒေါသအစိပ္ပါယ်

ဝိသေသနပုဒ်ကို မဆိုသည့်အတွက် ဝိသေသနကို ငဲ့ခြင်းရှိသော (ဝိသေသနလိုနေသော) ဝိသေသျပုဒ်သည် ဝိသေသနာပေက္ခဒေါသသင့်သော ပုဒ်မည်၏။ ဝါ – ဝိသေသျပုဒ်ကြောင့် သင့်သော ဒေါသသည် ဝိသေသနာပေက္ခ ဒေါသမည်၏။

ဆောင် ။ ။ ဝိသေသနလိုနေ ပုဒ်ထွေထွေ ဝိသေသနအပေက္ခ။ ။

## ဂါထာပါ ပုံစံရှင်းလင်းချက်

တံသောဘိယော ပဿတိစက္ခုနာ–ဟူသော ပုံစံ၌ စက္ခုနာဟူသော ဝိသေသျပုဒ်သည် ရဇ္ဇွေန (သို့) ပသာဒေနဟု ဝိသေသနပုဒ်ထည့်၍ ဆိုသင့်လျက် မဆိုသည့်အတွက် ဝိသေသနပုဒ်ကို ငဲ့ခြင်းရှိသောကြောင့် ဝိသေသနာပေက္ခ ဒေါသသင့်ပါသည်။

http://www.dhammadownload.com



## ဝိသေသနာပေက္ခဒေါသသင့်သော ပုံစံအချို့

* ဤယောက်ျားကား ပြစ်မှားမရှိ၊ ကြည့်တည့်တည့်ကို မျက်စိဖြင့်သာ ကြည့်ကာကာတည်း။
* သူဆိုးစူး မိန်းမူးတည့်တည့် စိမ်းစိမ်းကြည့်၏။
* ဆေးယူခဲ့ပါ အမောင်ရာ။ * အမြောက်ဆံ ပေးလိုက်ပါ။
* (မင်းဘယ်သူလဲ) တပည့်တော်ပါဘုရား။
* (မင်းဘယ်သူ့သားလဲ) အမေ့သား။
* (မင်းဘယ်မှာနေလဲ) ရွာမှာနေတယ်။ * (အချစ်တို့ကိုပေးနော်)

**မှတ်ချက်** ။ ။ မင်းဘယ်သူလဲ – တပည့်တော်ပါဘုရား – စသောပုံစံတို့ကို စံကျောင်း နိသျှ၌ ဝိသေနာပေက္ခ ဒေါသဟု ဆိုသည်။ ဘာ – ဋီ၌ကား နေယျဒေါသ ဟုဆိုသည်။

* * * * *

(၁၃) အပယာတာ ----------ပ---------- စက္ခုနာ။ ။

## ဝိသေသနာ ပေက္ခမှ လွတ်ပုံနှင့် နမူနာပုံစံ

ဤပုံစံ၌ စက္ခုနာဟူသော ဝိသေသျပုဒ်သည် ကောပေါင်ရလာဘူတေနဟူသော ဝိသေသန ပုဒ်ကို ရသောကြောင့် ဝိသေသနာပေက္ခ ဒေါသမှ လွတ်မြောက်သွားရပါသည်။

**နမူနာပုံစံ** ။ ။ * ဤယောက်ျားကား ပြစ်မှားမရှိ ကြည့်တည့်တည့်ကို မျက်စိနီစွာ ကြည့်ကာကာတည်း။

* စိရပ္ပဝါသိ ပုရိသံ၊ ဒူရတော သောတ္တိမာဂတံ။
သုဟာဇ္ဇာ မိတပုဗ္ဗေန၊ ဘိယျော ပဿန္တိ စက္ခုနာ။ ။

## နေယျဒေါသနှင့် ဝိသေသနာပေက္ခ ဒေါသအထူး

* အနက်အဓိပ္ပါယ် မထင်ရှားရာ၌ သင့်သောဒေါသသည် နေယျဒေါသမည်၏။
* ဝိသေသနမပါလျှင် ဝိသေသျအတွက် အဓိပ္ပါယ်အထူး မထွက်ရာ၌ သင့်သောဒေါသသည် ဝိသေသနာပေက္ခ ဒေါသမည်၏။ ဤသို့ထူးပါသည်။

* * * * *

http://www.dhammadownload.com



(၃၈) ဟီနံ ကရေ ----------ပ---------- ဒိဝါကရော။ ။

## ၇။ ဟီနတ္ထဒေါသအဓိပ္ပါယ်

ဝိသေသျပုဒ်၏ ဂုဏ်ကိုယုတ်အောင် ပြုတတ်သော ဝိသေသနပုဒ်သည် ဟီနတ္ထဒေါသ သင့်သောပုဒ် မည်၏။

ဆောင် ။ ။ ဝိသေသျနက် (ဒြဗ်အနက် – ဂုဏအနက်) ဂုဏ်မတက်ပဲ ဂုဏ်ပျက်အောင်ပြု ဝိသေသန ဟီနတ္ထဒေါသတည်း။

## ဝိသေသနအပြား နှင့် ဤဒေါသ၏ ဝိသေသန

၁။ ဝိသေသျ ဂုဏေး ဒြဗ်ပုဒ်ကို ဂုဏ်နိမ့်အောင် ပြုတတ်သော ဝိသေသန (ဂုဏ်ပုဒ်)၊

၂။ ဝိသေသျ ဂုဏေး ဒြဗ်ပုဒ်ကို ဂုဏ်မြင့်အောင် ပြုလုပ်တတ်သော ဝိသေသန– (ဂုဏ်ပုဒ်)– ဟု နှစ်မျိုးရှိရာ– ဤဟီနတ္ထဒေါသ၌ ဂုဏ်နိမ့်အောင် ဝါ–ယုတ်ညံ့အောင် ပြုလုပ်တတ်သော ဝိသေသနကို ယူရပါသည်။

## ဂါထာပါ ပုံစံ ရှင်းလင်းချက်

နိပ္ပဘီကတ ခဇ္ဇောတော – သမုဒေတိ ဒိဝါကရော– ဟူသော ပုံစံ၌ ဒိဝါကရောဟူသော ဝိသေသျပုဒ်၏ ဝိသေသနဖြစ်သော နိပ္ပဘီကတခဇ္ဇောတော ဟူသော ဝိသေသနပုဒ်သည် ကျွန်းသုံးကျွန်းကို တစ်ပြိုင်နက်တည်း ထွန်းလင်းစေနိုင်သော နေမင်းကို ဂုဏ်တက်အောင် ချီးမြှောက်ရာ မရောက်ပဲ ဂုဏ်ပျက် ဂုဏ်ယုတ်လျော့အောင်သာ ပြုရာရောက်သောကြောင့် ဟီနတ္ထဒေါသသင့်ပါသည်။

## ဟီနတ္ထ ဒေါသသင့်သော ပုံစံအချို့.

- ပိုးစုန်းကြူးရောင်, ကုန်အောင် ပယ်ရှင်း, ရှင်နေမင်းသည်, ထွန်းလင်းပေါ်ထွက်လာခဲ့ပြီ။
- အာဠာဝကရွာစား မင်း၏သား။
- သံချွန်ကောင်းသူ ပါရဂူ ထိုသူ အင်ဂျင်နီယာတည်း။
- တစ်ဝါရပြီးသော မထေရ်ကြီး။
- သင်ပုန်းကြီးကြေသော အဂ္ဂမဟာ ပဏ္ဍိတကြီး။
- အက္ခရာလေးဆယ် တစ်လုံးဆွယ်ထား နှုတ်ဝယ်ဆောင်သူ စာချသူ။
- မင်္ဂလသုတ်ကို စာအုပ်မကြည့်ပဲ ပို့ချနိုင်သော ဆရာတော်။

http://www.dhammadownload.com



* လာဠုဒါယီကဲ့သို့ အကျင့်ကောင်းသော ဆရာတော်ကြီး။
* ဒရယ် ယုန် ကြောင် တွေ့တိုင်းအောင်သည့် တောတောင်သနင်း ခြသေ့်မင်း။
* နံ့ပြည်စုတ်သိုက်ကို ဖျက်ဆီးနိုင်သော ဆင်ပြောင်ကြီး။
* ပြိတ္တာကဲ့သို့ ဆူဖြိုးသော သေဌေးကြီး။
* လူမြင်သမျှ စိတ်ဖျက်အောင် လှပါတဲ့ ပပဝတီ။ – စသည်။

## အခြားပုံစံ တို့၌လည်း နားလည်နိုင်ရန် ဥပမာ

ဤပုံစံတို့၌လည်း ဥပမာ * အာဇ္ဇာဝကရှာစား မင်း၏သားဟူသော ပုံစံ၌ ရှာသား ဟူသော ဝိသေသနဂုဏ် ပုဒ်သည် မင်းသားဟူသော ဝိသေသျ ဂုဏေးဒြဗ်ပုဒ်နှင့် မတန် မင်းသား ကိုပင် ဂုဏ်ယုတ်ညံ့အောင် (ဂုဏ်နိမ့် အောင်) ပြုရာရောက်သောကြောင့် အာဇ္ဇာဝကရှာစား ဟူသော ဝိသေသနပုဒ်သည် ဟီနတ္ထဒေါသသင့်ပါသည်။

## အဓိကတ္ထဒေါသ နှင့် ဟီနတ္ထဒေါသ အထူး

* ဝိသေသန ဂုဏ်ပုဒ်ကကြီး၍ ဝိသေသျ ဂုဏေး ဒြဗ်ပုဒ်က ငယ်နေလျှင် အဓိကတ္ထဒေါသ။
* ဝိသေသန ဂုဏ်ပုဒ်က အရာငယ်၍၊ ဝိသေသျဂုဏေး ဒြဗ်ပုဒ်က အရာကျယ်နေလျှင် ဟီနတ္ထဒေါသ။ ဤသို့ ထူးပါသည်။

ဆောင် ။ ။ * ဂုဏ်ကားကြီးကျယ် (ဝိသေသနကြီးကျယ်) ဂုဏေးငယ် (ဝိသေသျဒြဗ် ငယ်) သင့်ဘွယ် အဓိကတ္ထ။
* ဂုဏေး (ဒြဗ်ဝိသေသျ) ကြီးကျယ် ဂုဏ် (ဝိသေသန)သေးငယ် သင့်ဘွယ် ဟီနတ္ထ။

* * * * *

(၈၄) အပ္ပကာနံပိ ----------ပ---------- ဘာဏုမာ။ ။

## ဟီနတ္ထကဒေါသ မှ ကင်းလွတ်ပုံ

ဤဂါထာ၌ ဂရုဟာဇောတက အပိ သဒ္ဒါကြောင့် နိပ္ပဘာတာနိတခဖွေါ်တောသည် ဒိဝါကရောကို ဂုဏ်ဖျက် အောင်မပြု၊ ဂုဏ်တက်အောင် ပြုသောကြောင့် ဟီနတ္ထဒေါသမှ ကင်းလွတ်သွားပါသည်။

http://www.dhammadownload.com



## ဒေါသမသင့်အောင် ပြင်ဆင်ချက်နမူနာ

* ထွာလောက်ထွန်းပြောင် ဖိုးစုန်းရောင်မျှ ကွင်းရှောင်မခြွင်း ထွန်းတောက်လင်းသည့် နေမင်းပုံဟန် ပညာဝန် လည်း အလွန်ငယ်စွ ကံပါပဟု လုံ့လလျှော့ကာ မနေရာသည် ဖျက်ပါသူ၏ သတ္တိကို။
* ဒရယ် ယုန် ကြောင် တို့ကို ဖမ်းရာ၌သော်မှ ဝီရိယမလျှော့သော ခြင်္သေ့မင်း။
* ကျားသစ် ဆင် ပြောင် တွေ့တိုင်းအောင်သည့် တောတောင်သနင်း ခြင်္သေ့မင်း။
* လူမြင်သမျှ စိတ်ပျက်အောင်လုပါတဲ့ မရေသည်။ – စသည်–

## ဤဂါထာ၌ ရနိုင်သော အတ္ထာလင်္ကာရ

အများနှင့် မဆက်ဆံ ပညာရှိနှင့်သာ ဆက်ဆံသည်ဟု အထူးအားဖြင့် ပြဆိုသောကြောင့် ဤဂါထာ၌ ဟိ မပါသော ဟိဝိသိဋ္ဌဝိသေသ အတ္ထန္တရန္ယာသ အလင်္ကာ ရနိုင်ပါသည်။

* * * * *

(၃၉) ပါဒပူရဏ ------------ပ------------ ရှဟမ္ဗိစ ။ ။

## ၈။ အနတ္ထကဒေါသ အဓိပ္ပါယ်

ဂါထာပါဒ ပြည့်ရုံမျှသာဖြစ်၍ အနက်ထူးမရှိသောပုဒ်သည် အနတ္ထကဒေါသသင့်သော ပုဒ် မည်၏။

ဆောင် ။ ။ အနက်ကင်းကွာ ပုဒ်တို့မှာ သင့်ပါအနတ္ထ။

## ဂါထာပါ ပုံစံဖြင့် ရှင်းလင်းချက်

ဟိ ဝန္ဒေ ဗုဒ္ဓံသ ပါဒပင်္ကေ ရှဟမ္ဗိစ–ဟူသော ပုံစံ၌ ဟိနိပါတ်, အပိနိပါတ်, စနိပါတ် ပုဒ်တို့သည် ဂါထာပါဒ ပြည့်ရုံမျှသာ ထည့်သွင်းထားသော ပုဒ်များဖြစ်၍ အနက်မရှိသောကြောင့် ယင်းပုဒ်များသည် အနတ္ထက ဒေါသ သင့်ကြပါသည်။

## အနတ္ထကဒေါသသင့်သော ပုံစံအချို့

* ခြောက်ဆယ်ဂါထောင့်ဂါထာတည်း။
* မောက်မယ်မာနောင့် မာနတည်း။

http://www.dhammadownload.com



- ဘိုးစဉ်ဘောင်ဆက် ဘေးလက်ထက်၌၊
- မြင့်မိုရ်နှင့်သာ တောင်တကာလည်း နှိုင်းရာမဲ့ဘူး သွယ်မြင့်ဖြူးမျှ လူပြည်၌တွင် တုမမြင်တည်း။
- သစ္စာလေးဆင့် ငုံအာရင့်၍ ဖူးပွင့်ပြီးသော် မြတ်ရှင်ကျော်၏ ခြေတော်အစုံ ကြာပဒုံကို ခိုလှုံညွှတ်ဦးတိုက်ပါ၏။
- ရိုးရင့်ရွက်ရှည် တိုးဆင့်တက်ဝေ ဂိုးဂွင့်ဂွက်ဂွေ။
- ရွက်ရင့်ရိုးရှည် ခက်ဆင့်ဖြိုးစည် ဖက်ဖင့်ဖိုးဖီ။
- ကျောင်းခွင်လမ်းပါး ပန်းမာလ်များကို ထွေပြားမျက်စိ မြင်သည်ရှိသော် ~ စသည်

* * * * *

(၀၅) နပါဒ ပူရဏတ္ထာယ ----------ပ---------- ရုဟံ ဝရံ။ ။

## အနတ္ထဒေါသ မသင့်အောင် စီကုံးနည်း

ဂါထာစီကုံးရာ၌ အဘိတာန် ပရိယာယ်ပုဒ်များ လဲလှယ်၍လည်းကောင်း၊ လဲလှယ်စရာ မရှိလျှင် သောတ္ထအနက်၌ သက်သောဣယ,က, ဟံသ – စသော ပစ္စည်းများ သက်စေ၍ ပုဒ်ကို ကျယ်ပြန့်အောင်လုပ်၍ လည်းကောင်း၊ စီကုံးပါက အနတ္ထဒေါသ မသင့်ပါ။

ဆောင် ။ ။ ပါဒပူရဏ ဝါစာသိလိဋ္ဌ ကျိုးလိုက သင့်ရသကတ္ထာ ပစ္စယာ။

## အနတ္ထဒေါသမှ ကင်းလွတ်ပုံ

ဝန္ဒေမုနိန္ဒသ ပါဒပကော် ရုဟံဝရံ–ဟူသော ပုံစံ၌ ဟိ, အပိ, စ, တို့ကိုမပါစေပဲ ဝန္ဒေ ဗုဒ္ဓသ နေရာဝယ် ဝန္ဒေ မုနိန္ဒသဟု အဘိတာန်ပရိယာယ် လဲလှယ်၍ ပြင်ဆင်စီကုံး ထားသောကြောင့် အနတ္ထကဒေါသမ ကင်းလွတ်ပါသည်။

## အနတ္ထကဒေါသ မသင့်အောင် ပြင်ဆင်ချက်

- ဘိုး စဉ်မှဆက် ဘေးလက်ထက်၌၊
- မြင့်မိုရ်နှင့်သာ တောင်တကာသို့ နှိုင်းရာမဲ့ဘူး သွယ်မြင့်ဖြူးမျှ လူပြည်မှာပင် တုမမြင်သည်။

http://www.dhammadownload.com



## ပါဒပင်္ကေ ရှုဟံ၏ အရ နှင့် အလင်္ကာ

* ပါဒပင်္ကေရှုဟံ၏ အရကား = မြတ်စွာဘုရား၏ ခြေတော်အစုံကို သဒိသူပစာအားဖြင့် ရပါသည်။
* အလင်္ကာကား = ရူပက အလင်္ကာရပါသည်။

ဤတွင် ပဒဒေါသရှစ်ပါး ပြီး၏ ။

* * * * *

## "ဝါကျ ဒေါသ နိဒ္ဒေသ"

(၄၀) သဒ္ဒတော အတ္ထတော ----------ပ---------- ဝါရိဒေါ အယံ။ ။

### သဒ္ဒတော စသည် မိန့်ဆိုရပုံ

ပဒေဒေါသတို့ကို ပြပြီး၍ ယခုအခါ ဝါကျဒေါသတို့ကို ပြရာဝယ် မာတိကာစဉ်ခဲ့သည့် အတိုင်း ကေတ္ထဒေါသကို ပြလိုသောကြောင့် သဒ္ဒတော စသည်ကို မိန့်ဆိုပါသည်။

### ၁။ ကေတ္ထဒေါသ အဓိပ္ပါယ်

သဒ္ဒါအနက် နှစ်ချက် တူနေသောပုဒ်ကို ထပ်၍ဆိုခြင်းသည် လည်းကောင်း၊ သဒ္ဒါပင်မတူသော်လည်း အနက်တူပုဒ်ကို ထပ်၍ဆိုခြင်းသည် လည်းကောင်း၊ ကေတ္ထဒေါသမည်၏။

ဆောင် ။ ။ သဒ္ဒါအနက်တူ ထပ်ဆိုမှု မှတ်ယူ ကေတ္ထ။

မှတ်ချက် ။ ။ ဤဂါထာ၌ ကေတ္ထဒေါသနှင့် ပုနရုတ္တိဒေါသဟူသည် အတူတူပင်ဖြစ်၏။

### ကေတ္ထဒေါသအပြား

၁။ သဒ္ဒကေတ္ထဒေါသ။ ၂။ အတ္ထကေတ္ထဒေါသ အားဖြင့် နှစ်ပါး။

(သဒ္ဒတော အတ္ထတော – ကိုထောက်)

http://www.dhammadownload.com



## သဒ္ဒကေတ္တ ဒေါသသင့်ပုံ

ဘာတိဝါရိဒေါ ဝါရိဒေါအယံ ဟူသော ပုံစံ၌ ဝါရိဒေါ ဝါရိဒေါဟု သဒ္ဒါအနက်တူ ပုဒ်ကို နှစ်ခါထပ်၍ ဆိုသောကြောင့် ယင်း ဝါရိဒေါပုဒ်နှင့်တကွ တစ်ဝါကျလုံးသည် ကေဒေသူ ပစာရအားဖြင့် သဒ္ဒကေတ္တ ဒေါသသင့် ပါသည်။

## သဒ္ဒကေတ္တ ဒေါသသင့်သော ပုံစံအချို့

- ရေပေးပေတတ် ရေပေးနတ်လျှင် ရေတာတ်ဆွတ်ဖျန်း တောက်ပထွန်းသည် ပြောင်ရွှန်းထိန်ထိန် ဝေသတည်း။
- မွေးသဖခင် ပိတာရင်ကို ဘဝင်အထိ ချစ်ဘိ၏။
- သိကြား သိကြားသာ မြင်နိုင်သည်။
- ဘုရား ဘုရားသာ ထင်နိုင်သည်။ စသည်။

* * * * *

(၄၁) တိတ္ထိယကိုရ ----------ပ---------- မဟာဓနေ။ ။

## အတ္ထကေတ္တ ဒေါသသင့်ပုံ

ဤပုံစံ၌ ပသာဒေတိပသန္နေ–ဝယ် ကြည်ညိုသူတို့ကို ကြည်ညိုစေ၏။ ဟု ကြည်ညိုခြင်း အနက်ကို ထပ်၍ဆိုသောကြောင့် ပသာဒေတိ ပသန္နေပုဒ်နှင့်တကွ တစ်ဝါကျလုံးသည် အတ္ထကေတ္တ ဒေါသသင့်ပါသည်။

## အတ္ထကေတ္တ ဒေါသသင့်သော ပုံစံအချို့

- ဒိဋ္ဌိယူမှား သူအများတို့ အောင်ဩဘာတော်မူ မြတ်ဘုန်းသူကို ကြည်ဖြူကော်ရော် ပူဇော်သူအား ညွှတ်တွားစေ၏။
- ခြေနှစ်ချောင်း ရှိသောလူ။
- ကျွဲ , နွား တိရစ္ဆာန် ဆေးကုဆရာ။
- အမိကဖွား အမယ်သားလျှင်။
- အများပြည်သူ။
- ဆင်းဝါနုပိ လုလင်ပျို။

http://www.dhammadownload.com



* မြောက်သားငယ်လည်း ဓနိးကျွမ်းဝင် ဆွေအိမ်ရှင်ကို၊
* ချစ်ခင်စုံမက် ကြင်နာရက်သား ပွားတက် ထူပြော ရမက်ဇောဖြင့် မက်မောမှောင်တည့် တစ်ထောင်ကိဟု ချစ်မိချစ်ရာ ကြင်နာစွာလျှင်။
* ကိုးသူဌေး မိးသွေးငိုသည် ကျီးမွေးကို ရှုံးတဲ့ခင်လေး။
* ထုံးသို့ ဖွေးဖြူ ဖျိုင်းမွေးတူသည့် ငွမ်းဖြူသွင်လှ ခင်နှမ။ – စသည်။

* * * * *

(၈၆) ဘယကောဓ ----------ပ---------- ကတ္တတာ ကတော။

## ကေတ္တဒေါသမှ ကင်းလွတ်ရပုံ

ဘယကောဓ စသော အာမေဍိတ်အရာ၌လည်းကောင်း၊ ဂါမေ ဂါမေကဲ့သို့သော ဝိစ္ဆာ၌ လည်းကောင်း၊ ကမလံ ကမလံ စသည်တို့ကဲ့သို့သော ယမကတို့၌ လည်းကောင်း နှစ်ကြိမ် သုံးကြိမ် ထပ်၍ ပြောရမြဲ ဖြစ်သောကြောင့် ကေတ္တဒေါသမသင့်ပါ။

## ကေတ္တဒေါသ မသင့်ရာဌာန

အနက်ထူးကို သိစေရာ၌ သဒ္ဒါအနက်နှစ်ချက် တူသော်လည်း ကေတ္တဒေါသမသင့်၊ ယောနိဿယ – ကေတ္တဒေါသ၌ သဒ္ဒါကဲ့ဖြစ်သော ပရိယာယ်ပုဒ်များဖြင့် ဝိသေသန ကူမလျှင် ကေတ္တဒေါသမရောက်)

## ဤဂါထာ ပသံသာဒိ–၌ အာဒိ၏ အာဒိဝန်

အဆောတလျှင်ပြုခြင်း စသော ခြောက်ပါးကို ယူအပ်၏။ ဝါ – ဝိစ္ဆာကို ယူအပ်၏။

## ဘယစသော အာမေဍိတ်အပြား (၉)ပါး

* ဘယေကောဓေ ပသံသာယံ၊ တုရိတေ ကောတုဟလေစ္ဆရေ။
  ဟာသေ သောကေ ပသာဒေစ၊ ကရေ အာမေဍိတံ ဗုဓော။ (ဘိ – ၁၀၇)

* * * * *

http://www.dhammadownload.com



(၈၇) သပွေါ်သပွေါ်အယ် ----------ပ---------- တမုပသပ္ပတိ။

## ဂါထာပါပုံစံ ရှင်းလင်းချက်

အထက်ပါ သပွေါ် သပွေါ် ဟူသော ပုံစံ၌ မြွေမြွေဟု နှစ်ကြိမ်နှစ်ခါ ထပ်ဆိုပါသော်လည်း ကြောက်ခြင်းဘယ အာမေဍိတ်၏ အစွမ်းဖြင့် ဆိုရသောကြောင့် ကေတ္တဒေါသမသင့်ပါ။

### (၁) ကေတ္တဒေါသ မသင့်သော ထိတ်လန့်ကြောက်ရွံ့ခြင်း ဘယအာမေဍိတ်ပုံစံ

* သပွေါ် သပွေါ် – မြွေဟောက် မြွေဟောက် အသေပေါက်လိမ့်။
* မြွေကြီး မြွေကြီး။ သူခိုး သူခိုး၊ သူပုန် သူပုန်၊ ဆင်ကြီး – ဆင်ကြီး – စသည် –

### (၂) အမျက်ထွက်ခြင်း ကောဓအာမေဍိတ်ပုံစံ

* ဝိဇ္ဈ ဝိဇ္ဈ – သတ်လော့ သတ်လော့ နှောက်မလျော့နဲ့။
* ရိုက် ရိုက်၊ ထိုး ထိုး၊ ခုတ် ခုတ်၊ ထစ် ထစ်၊ ပစ် ပစ် – စသည်။

### (၃) ချီးမွမ်းခြင်း ပသံသ အာမေဍိတ်ပုံစံ

* သာဓု သာဓု – ကောင်းစွ ကောင်းစွ ဤဘဝ၌၊
* ဟုတ်ပေစွ ဟုတ်ပေစွ။
* ကောင်းပေစွ ကောင်းပေစွ – စသည်။

### (၄) အဆောတလျင်ဖြစ်ခြင်း တုရိတ အာမေဍိတ်ပုံစံ

* ဂစ္ဆ ဂစ္ဆ – မြန်မြန်ချဉ်းကပ် ဆရာမြတ်ထံ၊
* သွားသွား၊ လာလာ၊
* ဖယ်ဖယ်၊ မှန်မှန်ပြော – စသည်။

### (၅) အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း ကောတုဟလ အာမေဍိတ်ပုံစံ

* လေယာဉ်ပျံ လေယာဉ်ပျံ၊ ရထား ရထား၊ ကား ကား၊ လှည်း လှည်း စသည်။

http://www.dhammadownload.com



## (၆) အံ့ဘွယ်သရဲဖြစ်ခြင်း – အဗ္ဘုတ အာမေဍိတ်ပုံစံ

* ရဟန္တာ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ၊ ဘုရားသခင် ဘုရားသခင်။
* ဘုရား ဘုရား၊ တရား တရား၊ သံဃာ သံဃာ – စသည်။

## (၇) မြူးတူးပျော်ရွှင်ခြင်း ဟာသ အာမေဍိတ်ပုံစံ

* ရွှေ့ကိုကြွပါဘုရား၊ ရွှေ့ကိုကြွပါဘုရား၊ ဟီး ဟီး ဟား ဟား ရယ်ဘွယ်လား ဟော့–
* ဟော့ ဟော့ ကရော် ကရော် – စသည်။

## (၈) စိုးရိမ်ခြင်း သောကအာမေဍိတ်ပုံစံ

* အမေ အမေ သေခဲ့လေရဲ့၊ အမလေး အမလေး၊ သေပါပြီ သေပါပြီ၊ မင်းလတ် မင်းလတ် ငါ့သည်းပွတ် – စသည်။

## (၉) ကြည်ညိုခြင်းပသာဒ အာမေဍိတ်ပုံစံ

* ချမ်းသာလေစွ ချမ်းသာလေစွ၊ အေးမြပေစွ အေးမြပေစွ၊ ဩော် ဗုဒ္ဓ ဗုဒ္ဓ တုမရပေ၊ စသည်။

## (၁၀) ပြန့်နှံ့ရာ ဝိစ္ဆာအာမေဍိတ်ပုံစံ

* ဂါမေ ဂါမေ ဇလံ အတ္ထိ – ရွာတိုင်း ရွာတိုင်း ရေရှိ၏။
* ဂါမောဂါမောရမဏီယော – ရွာတိုင်း ရွာတိုင်း မွေ့လျော်ဘွယ်ကောင်း၏။
* သေလေ သေလေ နမာဏိက္ကံ – တောင်တိုင်း တောင်တိုင်း ပတ္တမြား မရှိ။
* ဂဇေ ဂဇေ နမုတ္တိကံ – ဆင်တိုင်း ဆင်တိုင်း အမြွေတေမရှိ။
* ဝနေဝနေနစန္ဒနံ – တောတိုင်း တောတိုင်း စန္ဒကူးမရှိ။
* ဌာနေ ဌာနေ နပဏ္ဍိတံ – အရပ်တိုင်း အရပ်တိုင်း ပညာတတ်မရှိ။

## ထိုဝိစ္ဆာနှင့် အလားတူသော အဖန်ဖန်ဖြစ်ခြင်း၊ မပြတ်ဖြစ်ခြင်းဟု ဆိုအပ်သော အာဘိက္ခညဒ္ဒလည်း ဧကတ္တဒေါသမသင့်ပုံ

* ပစတိပစတိ – ချက်၏ ချက်၏ – အလွန်ချက်၏။
* လုနာဟိ လုနာဟိ – ရိတ်လော့ ရိတ်လော့ – အဖန်ဖန် ရိတ်လော့ – စသည်။

http://www.dhammadownload.com



## အာမေဍိတ် ဝိစ္ဆာမဟုတ်ငြားသော်လည်း ဧကတ္တဒေါသမသင့်သော စကားအချို့

* ဘုရား ပုထိုး – ရဟန်းသံဃာ၊ ဩဇာအာဏာ၊ အိမ်ရှင်ဇနီး၊ ခမည်းခမက်၊ စသည် စကားဖို စကားမ အစွမ်းဖြင့် ဆိုရာစကားများ။
* ပါပေါ ပါပေါ – လူယုတ်မာ လူယုတ်မာ၊ စသည် ဂရုဟာကဲ့ရဲ့သောအားဖြင့် ဆိုရာစကားများ။
* အဘိရူပက အဘိရူပက – တယ်လှပါကလား တယ်လှပါကလား – စသည် အံ့သမာန အတုမရှိခြင်း အစွမ်းဖြင့် ဆိုရာ စကားများ။
* ဇာတိသဉ္ဇာတိ – စသည် ပရိယာယ်ပုဒ်များကို ထပ်ဆိုသော စကားများ စသည်တို့၌ ဧကတ္တဒေါသမသင့်ကြ။

## ပါဠိတော်တို့၌ ဧကတ္တဒေါသမသင့်ကြောင်း

ထိုထို ပါဠိတော်တို့၌ ဇာတိ သဉ္ဇာတိ စသည်ဖြင့် ပရိယာယ်သဒ္ဒါများကို ထပ်၍ ဟောခြင်းသည် ဒေသနာဝိလာ သ၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဝေနေယျဇ္ဈာသယ၏ အစွမ်း အားဖြင့်လည်းကောင်း၊ ဟောတော်မူခြင်း ဖြစ်သောကြောင့် ဧကတ္တဒေါသမသင့်။

## အာမေဍိတ်နှင့်ဝိစ္ဆာ အဓိပ္ပါယ်အထူးနှင့် ပုံစံ

❁ ဒြပ်အနက် တစ်ခုတည်းကိုပင် နှစ်ကြိမ်ထပ်၍ဆိုခြင်းသည် အာမေဍိတ်မည်၏။

ပုံစံ ။ ။ သပ္ပေါ် သပ္ပေါ်– မြွေမြွေ – စသည်။

❁ ဒြပ်အနက်ပြားသော ပုဒ်မျိုးကို ကြိယာဂုဏ်ဒြပ်တို့၏ အစွမ်းအားဖြင့် နှစ်ကြိမ်ထပ်၍ ဆိုခြင်းသည် ဝိစ္ဆာ မည်၏။

ပုံစံ ။ ။ ဂါမေဂါမေဇလေံအတ္ထိ – စသည် –

* * * * *

(၄၂) အာရုဋ္ဌတ္ထမ ---------ပ--------- အဟောတဝ

## ၂။ ဘဂ္ဂရီတိဒေါသအဓိပ္ပါယ်

အားထုတ်အပ်ပြီးသော သဗ္ဗနာမ်ပုဒ်စသည်တို့ အစဉ်ကျိုးပျက်ခြင်း ရှိသောဝါကျသည် ဘဂ္ဂရီတိ ဒေါသ သင့်သော ဝါကျမည်၏။

ဆောင် ။ ။ ပုဒ် သဗ္ဗနာမ် စဉ်ကျိုးပြန် မှတ်ရန် ဘဂ္ဂရီတိက။

http://www.dhammadownload.com



## ဂါထာပါပုံစံ ရှင်းလင်းချက်

ကာပိ ပညာ၊ ကောပိ ဂုဏော၊ ပကတိပိ အဟောတဝ–ဟူသော ပုံစံ၌ ကာပိပညာဟုလည်းကောင်း၊ ကောပိ ဂုဏောဟုလည်းကောင်း၊ အားထုတ်ပြီး ဆိုပြီးမှ တတိယစကားရပ်၌ ပကတိပိ အဟောဟု ဆိုခြင်းသည် ရှေ့စကား နှစ်ရပ်၌ ဆိုအပ်ခဲ့သော ကာပိ ကောပိဟူသော သဗ္ဗနာမ်ပုဒ်အစဉ်ကို ဖြတ်တောက်ရာရောက်သောကြောင့် ထို ပကတိပိ အဲဟောတဝဟူသော ဝါကျသည် ဘဂ္ဂရီတိဒေါသသင့်ပါသည်။

## အစဉ်ကျိုးပျက်၏ဟူသည် သဗ္ဗာနာမ်ပုဒ်၌သာမဟုတ်

ဘဂ္ဂါ + ရီတိ အဿ တ္တော်ာဝါတိ–ဘဂ္ဂရီတိ – အစဉ်ကျိုးပျက်သောဝါကျ။

အစဉ်ဟူရာ၌ – ကာပိ ကောပိကိုကြည့်၍ သဗ္ဗနာမ်ပုဒ် အစဉ်ဟုသာ မမှတ်သင့်၊ သဗ္ဗနာမ်ပုဒ်သာမက သုဒ္ဓနာမ်၊ အာချာတ်ကြိယာပုဒ်၊ နိပါတ် ဥပသာရပုဒ်များ အစဉ်ကျိုးပျက်လျက် ပါဝင်သော ဝါကျများသည်လည်း ဘဂ္ဂရီတိဒေါသသင့်၏ဟုမှတ်။

## ဘဂ္ဂရီတိဒေါသသင့်သောပုံစံအချို့

* ဘယ်တောင် ဘယ်ကမ်း ဘယ်လမ်းမဆံ့ မြေပြင်နံ့မှ တိုက်အံ့ဘယ်ညာ ချီတက်လာသည်။
* ဘယ်တောင် ဘယ်ကမ်း သည်စခန်းသို့ ရည်မှန်းကာဝင်။
* ဘယ်နံရောခါ ဘယ်ရွာမြေမိုး ဒို့ဆွေမျိုးတို့ ကောင်းကျိုး ရည်ငံ။
* သည်တွင်ရွှေမြို့ သည်သို့စေတီ သည်ဆီရွှေနန်း ဒို့စခန်းဝယ်။
* ဤခေတ် ဤခါ မင်းရာဇာနှင့် ဤမှာသောင်းကျန်း မောင်သရမ်းတို့ ငြိမ်းချမ်းဘို့ရာ ဝေးဝေးကွာလိမ့်။
* မြတ်စွာဘုရား၏ ဥဏ္ဏာလုံမွေးရှင်တော်သည် ဖြူ၏။ ထိုဖွေးသော ဥဏ္ဏာလုံမွေးရှင်တော်ကို ရှိခိုးပါ၏။
* လွှမ်းပါသလေ ဖာချည်တဲ့ကြိုး၊ မယ့်ထံမောင်မရောက်တယ် တောင်းဖေါက်တဲ့စုး။
* လင်းကြက်ကဆော် စည်တော်ကဒိန်းဒိန်း ပျိုတို့မောင် ကြက်ပြာပိုက်တယ် ပြည်ထီးက ကုတ်ကုတ်။

http://www.dhammadownload.com



* ထမင်းစားမယ်၊ မုန့်စားမယ်၊ ဟင်းရေသောက်မယ်။
* (ပြည်ထောင်စု မပြိုကွဲရေး။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး။)

* * * * *

(၈၈) ယောကောပိ ----------ပ---------- မဟောဒယော။

## ဘဂ္ဂရီတိဒေါသမှ လွတ်မြောက်ပုံ

ဤပုံစံ၌ ကောပိ ကာပိ ကောပိဟု သဗ္ဗနာမ်ပုဒ် အစဉ်မကျိုးပျက်သောကြောင့် ဘဂ္ဂရီတိဒေါသမှ လွတ်ပါသည်။

## အစဉ်မကျိုးပျက်သော ပုံစံအချို့နှင့် ပြင်ဆင်ပုံ

* ကိစ္စောမနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။
  ကိစ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ၊ ကိစ္ဆံသဒ္ဓမ္မ သဝနံ။
* မြေမှန်မျိုးမှန် စိုက်နည်းမှန် ရာသီမှန်အောင်စိုက်။
* ဤခေတ် ဤခါ ဤရာဇာနှင့် ဤမှာသောင်းကျန်း ဤသရမ်းတို့ ငြိမ်းချမ်းဘို့ရာ ဝေးဝေး ကွာလိမ့်။
* သည်မင်း သည်စိုး သည်သူခိုးနှင့် သည်မိုးသည်လေ သည်လူတွေနှင့်။
* သူတော်မထေရ် ငါ့အရည်နှင့် ငါသည်တွေးဆ ငါ့စိတ်ကမူ ဒုက္ခမချွတ် ဤဝဋ်တွင်းမှာ။

## ဤပုံစံများ ဒေါသမသင့်ကြခြင်းအကြောင်း

ဤပုံစံများတွင် ကိစ္ဆောကိစ္ဆံ ကိစ္ဆောကိစ္ဆံ ဟူ၍ ကိစ္ဆသဒ္ဒါ၏ အစဉ်၊ ပထမာ ဝိဘတ် အစဉ်မကျိုးပျက်သော ကြောင့် လည်းကောင်း၊ မှန်, ဤ, သည်, ငါဟူသော ကြိယာ သဗ္ဗနာမ်ပုဒ် တို့ကို ဆိုသင့်သည့်အတိုင်း ပြည့်စုံအောင် ဆိုထားသောကြောင့် လည်းကောင်း၊ အစဉ်မကျိုးပျက် ရကား ဘဂ္ဂရီတိဒေါသမှ လွတ်ကြပါသည်။

* * * * *

http://www.dhammadownload.com



(၄၃) ပဒါနံ့ ဒုဗ္ဗိ ----------ပ---------- ဟာရဏံယထာ။ ။

## ၃။ ဗျာကိဏ္ဏဒေါသအဓိပ္ပါယ်

ဝါကျတစ်ခု၌ နာမ်ပုဒ်အာချာတ်ပုဒ် စသည်တို့ကိုအစပ်ဝေး၍ ရှုပ်ထွေးအောင် ထားခြင်းကြောင့် အနက်မရှင်းလွန်စွာတွေဝေရခြင်းရှိသော ဒေါသသည် ဝါကျဗျာကိဏ္ဏဒေါသ မည်၏။

ဆောင် ။ ။ ရောနှောရှုပ်ထွေး ပုဒ်စပ်ဝေး မည်ပေးဗျာကိဏ္ဏ။

* * * * *

(၄၄) ဗဟုဂုဏော ----------ပ---------- သမနုဿရံ။

## ဂါထာပါပုံစံဖြင့် ရှင်းလင်းချက်

ဤဂါထာပါပုံစံ၌ –

၁။ ဗဟုဂုဏောကို သမနုဿရံ၌ ကံ–ကံ၏ ကြိယာအဖြစ်ဖြင့် အလည်ကပုဒ်ပေါင်းများစွာကို ခုန်ကျော်၍ စပ်အပ်၏။

၂။ ဒုန္နနာနံပိကို ဟိတံ၌ သံ–သာမိ အဖြစ်ဖြင့် စပ်အပ်၏။

၃။ ဟိတံကို သုဂတံ၌ ဝိသေသန–ဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

၄။ အယံ ဓိနောကို ပဏမတိ၌ ကတ္တားကြိယာအဖြစ်ဖြင့် စပ်အပ်၏။

၅။ သမနုဿရံကို ပမုဒိတော၌ ဟိတ်–ဟိတ်၏ ဖိုလ်အဖြစ်ဖြင့် စပ်အပ်၏။

၆။ နိစ္စံကို ပဏမတိ၌ ကြိယာဝိသေသန ကြိယာဝိသေသျ အဖြစ်ဖြင့် စပ်အပ်၏။

၇။ သုဂတံကို ပဏမတိ၌ ကံ–ကံ၏ ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

ဤသို့ အစပ်ဝေးသောကြောင့် ဗျာကိဏ္ဏဒေါသသင့်ပါသည်။

## အလားတူ ပုံစံအချို့နှင့် အကြောင်းပြ

* ဘုရား တရား ပြဒါး သံဃာ ဤလေးဖြာကို မကွာနိစ္စ တရဏဖြင့် အတ္တအနက် လွန်သိခက်သည်၏ အဖြစ် လည်းကောင်း။

* မြတ်စွာဗုဒ္ဓ ဦးနိမ်ချ၍, ဓမ္မရှစ်ဖြာ ရှိပန်ထွာကာ, သံဃာ ဆယ်ပါး သဒ္ဓါပွါးလျက်။

* ဇမ္ဗူနဒရွှေသိင်္ဂနှင့် နဝရတနာ စပ်ပြာခဲမ ကြိမ်ခွေစသည် လောကဘာသာ ဆင်စရာလည်း တန်ဆာမကင်း ရောင်ဆင်းပြုသ မိန်းမလှသို့၊

http://www.dhammadownload.com



* အရှေ့ဆို တောင်ပေါ်ထိပ်က လိပ်ခွပ်လို့သမင်သေ ချေမိုးမျှော်လို့နေ– စသည်·
* ဤပုံစံတို့၌ ဓမ္မနဒ–စသောလင်္ကာပုံစံမျိုးသည် အဆိုးအကောင်း နှစ်မျိုးဖြင့် စုပေါင်း ရောနှော၍ ဆိုထားသောကြောင့်လည်းကောင်း၊
* အရှေ့ဆို တောင်ပေါ်ထိပ်က စသောလင်္ကာပုံစံမျိုးသည် အဆက်အစပ် မရှိထင်ရာ မြင်ရာရောပြွန်း ရေးစပ် ထားသောကြောင့် လည်းကောင်း၊ ဗျာကိဏ္ဏဒေါသသင့်ပါသည်။

### ဗျာကိဏ္ဏဒေါသ, သံကိဏ္ဏဒေါသ, ဝါကျဂဗ္ဘိတဒေါသတို့အထူး

* ဝါကျတစ်ခုတည်း၌ ပုဒ်တို့ကို ရှုပ်ထွေးအောင်ထားလျှင် ဗျာကိဏ္ဏဒေါသ။
* ဝါကျအချင်းချင်း ရောယှက်လျှင် သံကိဏ္ဏဒေါသ။
* ဝါကျတစ်ခုအတွင်းသို့ အခြားဝါကျတစ်ခုဝင်နေလျှင် ဝါကျဂဗ္ဘိတဒေါသ။

ဆောင် ။ ။ * ဝါကျတစ်ခု ပုဒ်စုစု ရှုပ်မှုဗျာကိဏ္ဏ။
* ဝါကျချင်းချင်း ရောယှက်လျှဉ်း မယှဉ်းသံကိဏ္ဏ။
* ဝါကျအတွင်း ဝါကျချဉ်း မယှဉ်း ဂဗ္ဘိတ။

* * * * *

(၈၉) အဗျာမောဟ ----------ပ---------- ကဝိသဿရာ။ ။

### အဗျာမောဟကရံ ဂါထာဖြင့်သိစေချက်

အဗျာမောဟကရံ ဗန္ဓံ – စသည်ဖြင့် ဗျာကိဏ္ဏဒေါသမှ လွတ်မြောက်ရန် ရှောင်လွှဲဖြေဆိုပုံ နည်းဥပဒေကို ပြပါသည်။

### ဗျာကိဏ္ဏသ ယထာဟု မထည့်ရခြင်းအကြောင်း

ဗျာကိဏ္ဏဒေါသသင့်ပြီးသော ဝါကျကို ပြေအောင်ဖြေ၍မရသောကြောင့် ဗျာကိဏ္ဏသ ယထာဟု မထည့် ဆိုပဲ ဗျာကိဏ္ဏဒေါသမသင့်အောင် စီကုံးနည်းကိုသာ ပြလိုသောကြောင့် အဗျာမောဟကရံ ဗန္ဓံ စသည်ကို ဆိုသည်။

မှတ်ချက် ။ ။ အခြားသော အဖြေသဘောကိုပြသည့် ယထာဟူသော စကားရပ်မပါရာ တို့၌လည်း ဤနည်းအတိုင်းပင်သိပါ။

http://www.dhammadownload.com



## ဗျာကိဏ္ဏဒေါသမသင့်အောင်ရေးသားစီကုံးနည်း

၁။ အဒူရပဒဝိန္နာသ = စပ်သင့်ရာပုဒ်များကို နီးနီးကပ်ကပ်ထား၍ စီကုံးခြင်း။

၂။ အဗျာကိဏ္ဏ = မစပ်သင့်သောပုဒ် တစ်ပါးတို့နှင့် ရောယှက်ခြင်း မရှိအောင် စီကုံးခြင်း။

၃။ မနောဟရ = ပညာရှိစိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်သော အဖွဲ့ ဗန္ဓဖြစ်အောင် စီကုံးခြင်း။

၄။ အဗျာမောဟကရ = အနက်အဓိပ္ပါယ်ယူရာ၌ ဇဝေဇဝါ ယုံမှားတွေးတောမှု မရှိသော အဖွဲ့ ဗန္ဓဖြစ်အောင် ရေးသားစီကုံးခြင်း။ ပေါင်း ၄ပါး။

ဆောင် ။ ။ စပ်သင့်သောပုဒ်များ နီးစွာထား၍ နက်များပေါ်လွင် ရေးသားလျှင် ကင်းစင် ဗျာကိဏ္ဏ။

* * * * *

(၉၀) နီလုပ္ပလာဘံ ----------ပ---------- ပိယဒဿနော။

## ဗျာကိဏ္ဏဒေါသမှ လွတ်မြောက်ပုံ

ဤဂါထာပါ နီလုပ္ပလာဘံသည် နယနံ၌၊ ဗန္ဓူကရုစိရောသည် အဓရာ၌၊ နာသာသည် ဟေမကုံသော၌၊ တေနအယံဇိနောသည် ပိယဒဿနော၌ စပ်ရသည်၊ ဤသို့စပ်သင့်သော ပုဒ်ချင်း အလွန်နီးကပ်စွာ ထားသောကြောင့် ဗျာကိဏ္ဏဒေါသမှ လွတ်မြောက်ရပါသည်။

## ဗျာကိဏ္ဏဒေါသလွတ်မြောက်သောပုံစံနမူနာ

- မျက်လုံးအစုံ ကြည်ညိုပုံတည်း၊ အစုံနှုတ်ခမ်းမိုးစွေပန်းသို့၊ နီမြန်းတင့်တယ် နစ်သက်ဖွယ်သာ၊ နှာခေါင်း မှာမူ ရွှေချွန်းတူသား၊ အကြောင်းများကြောင့် ဘုရားဇိနော်ရုပ်ပုံတော်သည် ဖူးမျှော်မဝ ရှိတော့သည်။
- ဘုရား တရား သံဃာများနှင့် ပြဒါးမည်ရာ ဤလေးဖြာကို မကွာနိစ္စ တရဏဖြင့် အစ္ဆ အနက် လွန်သိခက်၏။

http://www.dhammadownload.com



## အရာဌာနတိုင်း ဗျာကိဏ္ဏ ဒေါသမသင့်

ဥက္ကန္တာပဟေလိသို့ သွင်းလိုသဖြင့် သိကုံးနှုန်းဖွဲ့သောအရာ ဌာနတို့ဝယ် ဗျာကိဏ္ဏဒေါသ မသင့်ပါ။

## ဗျာကိဏ္ဏ၏ ပဟေလိအရာ

ဗျာကိဏ္ဏဒေါသကို ပဟေလိအရာ၌ အသုံးပြုမှု ဥက္ကန္တာ ပဟေလိအရာ၌ အသုံးပြုရပါသည်။

## ပသာဒဂုဏ်၏ ဆန့်ကျင်ဘက်

ဗျာကိဏ္ဏဒေါသသည် ပသာဒဂုဏ်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ပသာဒဂုဏ်ရောက်လျှင် ဗျာကိဏ္ဏဒေါသမှ လွတ်ပါသည်။

## ဥပစာတင်သမျှ မူလလိင်ပုစ်မပျက်စေရ

နာသောဟေမက်ိသော ဟူသောပါဠ်၌ နာသာကိုငဲ့၍ ဟေမက်ိသာဟု ဣတ္ထိလိင်ရှိရမည်ကဲ့သို့ ထင်ရ၏၊ သို့သော် ဥပမာ တဒ္ဓိတ်ပုဒ်မဟုတ်၊ ရွှေချွန်းနှင့် တူသည်ကို တူသည်ဟုမဆိုဘဲ သဒိသူပစာတင်ထားသော ပုဒ် ဖြစ်၍ မူလလိင်အတိုင်း ဟေမက်ိသော ဟုပင်ရှိရသည်။ ဥပစာတင်သမျှ မူလလိင်ပုစ်မပျက်စေရ။

* * * * *

(၄၅) ဝိသိဋ္ဌဝစနာ ----------ပ---------- ကီ နွိဒံ။ ။

## ၄။ ဂါမ္မဒေါသအစိပ္ပါယ်

ချောမောပြေပြစ်သော စကားမှကင်းသော ရိုင်းပြသောစကား၊ ဝါကျသည် ဂါမ္မဒေါသသင့်သော စကား ဝါကျမည်၏။

ဆောင် ။ ။ ရိုင်းပြ စကား, သုံးနှုန်းထား, မှတ်သားဂါမ္မ, ပြစ်ဒေါသ။

http://www.dhammadownload.com



## ဂါထာပါပုံစံ ရှင်းလင်းချက်

ကညေကာမယမာနံ မံ၊ နကာမယသိ ကိ နွိဒံ ဟူသောပုံစံ၌ ငါကနင့်ကိုကြိုက်ပါလျက် နင်ကငါ့ကိုမကြိုက် ဟူသော စကားသည် ချောမောပြေပြစ်ခြင်းမှ ကင်း၍ အလွန်ရိုင်းပြသော ကြောင့် ဂါမ္မဒေါသသင့်ပါသည်။ ။

## ဂါမ္မဒေါသသင့်သောပုံစံအချို့

* အိုဟော့အပျို နင့်ကိုငါချစ် နင်မချစ် အဖြစ်ဘယ်လိုဟာတဲ့တုန်း။
* နင့်ကိုငါချစ်တယ် ငါ့ကိုနင်ချစ်မလား။
* အသားနုလျက် ညိုပြာညက်နှင့် ရမက်ငွါးငွါး မောင့်ရည်းစား။
* သည်းဖိုလှိုက်လှိုက် နင့်ကိုကြိုက်လို့ ပွေ့ပိုက်ဖက်ရမ်း နမ်းလိုသည်။
* ငါလည်းနှစ်ခြိုက် ရှင်လည်းကြိုက်၏၊ မလိုက်မနာ ရှင့်ခြင်းရာသည် ဘယ်မှာ ညှန့်ပြန်ဘိ ၏သို့။
* မြွက်ကြိုက်မရှက် စုံမက်မေ့မူး ကိလေပူး၍ ကြိုက်ရူး ချစ်ရူး အမောင့်ပူးလျက် မုန်ဦးယိုကျ ချစ်နမကြောင့်။
* ချီးယိုချင်တယ်။ သေး ပေါက်ချင်တယ်။

## ဂါမ္မဒေါသသင့်သောစကားရပ်များ

၁။ တောသူတောင်သားတို့ အရပ်ဒေသ၌ ပြောဆိုအပ်သောစကား။
၂။ တောသူတောင်သားတို့ ပြောဆိုအပ်သော စကားကဲ့သို့ ရိုင်းစိုင်းရိုင်းတာခြင်း ရှိသောစကား။
၃။ ပုဒ်ခြင်းရောစပ်က မကောင်းသဖြင့် သိအပ်သောအနက်ရှိသော စကားတို့ ဖြစ်ပါသည်။

* * * * *

### (၄၆) ပဒသန္ဓာန ---------ပ--------- ဘဝတော ပိယာ

## ပဒသန္ဓာန ဂါမ္မအဓိပ္ပါယ်

ပုဒ်တစ်ခုကို တစ်ခုသောပုဒ်နှင့် စပ်လိုက်သောအခါ မကောင်းသောအနက်ကို သိအပ်သော ဝါကျသည်လည်း ဂါမ္မဒေါသသင့်သော ဝါကျမည်၏။

ဆောင် ။ ။ ပုဒ်ချင်းစပ်ဖက် မကောင်းနက်, ပေါ်ထွက် ဂါမ္မ, တစ်နည်းပြ။

http://www.dhammadownload.com



## ဂါထာပါပုံစံ ရှင်းလင်းချက်

ယာဘာဝတော ပိယာဒ္ဒိယာ+ဘာဝတောပိယာ ဟုယာနှင့် ဘကို မပေါင်းစပ်မူ၍ ရွတ်လျှင် အပြစ်လွတ် သော်လည်း ယာနှင့်ဘကို ပေါင်းစပ်၍ ယာဘာဝတောဟု ပေါင်းစပ်ရွတ်လျှင် ယာဘ–မေထုနေ–ဟူ၍ တတ်နက် ရှိရကား မေထုန်ရှိသူ ဟူသော မကောင်းသဖြင့် သိရသော အနက်ကို သိအပ်သောကြောင့် ဂါမ္မဒေသ သင့်ပါသည်။

## အလားတူပုံစံအချို့

* တို့သမီးထွေး ငယ် + ပါသေး၍ ချစ်ရေးဆိုကြား ရှင်တို့သားနှင့် ထိမ်းမြားခြင်းငှာ မသင့်ပါ။
* လက်တစ်အုပ်လောက် ကျင်းအပေါက်နှင့် တွင်းစောက်+ပတ်လည် ရှိဘိသည်။
* နက်ရှိုင်းကျယ်စောက် + ပတ်လည်လျှောက်လည်း။
* လင်းဒပဏီစောက်+ ဆံနီထမင်းချောက်။
* နမထံနီး တစ်ကိုယ်တည်းလျှင် သွားပြီးကာလ + ချောင်းထရသည်။
* အလိုစောက် + ပတ်ကြားအင်္ကျီထဲက ဖါးကလေး။
* ဟိုမှာ မတွေ့ဘူးလား ငါ့လီး + တောင်တန်း နေတာပဲ။ ။ စသည်။

* * * * *

(၉၁) သမတိက္ကန္တ –––––––––––ပ––––––––––– အတိဝတ္တတိ။ ။

## ဂါမ္မဒေါသမသင့်အောင်ရေးသားစီကုံးနည်း

နစ်သက်ဘွယ် ယဉ်ကျေးသော စကားလုံးတို့ဖြင့် ရေးသား စီကုံးရပါသည်။

* * * * *

(၉၂) ဒုနောတိ –––––––––––ပ––––––––––– မုပေက္ခသေ။ ။

## ဂါမ္မဒေါသမှ လွတ်မြောက်ပုံ

ဤဂါထာ၌ သနားကြင်နာ ကရုဏာမရှိသော ကာမတဏှာ ဒွန်းစဏ္ဍါးသည် ငါ့ကိုနှိပ်စက်၏ဟူသော စကားဖြင့် မိမိခင်ပွန်းသည် ယောကျ်ားအပေါ်၌ အလွန်ချစ်ကြိုက်၍

http://www.dhammadownload.com



နေကြောင်းကို လည်းကောင်း၊ ချမ်းသာခြင်းရှိသော သင်သည် ဆင်းရဲခြင်းသို့ ရောက်နေသောငါ့ကို အဘယ့်ကြောင့် မကြည့်ရှုသနည်းဟူသော စကားရပ်ဖြင့် မိမိခင်ပွန်းသည် ယောကျ်ားသည် မိမိကို စွန့်ပစ်၍ တစ်ပါးသော မိန်းမနှင့် ချစ်ကြိုက်ခြင်းကိုလည်းကောင်း၊ သွယ်ဝိုက်၍ ပြောဆိုသောကြောင့် ဂါမ္မဒေါသမှ ကင်းလွတ်ပါသည်။

## ဂါမ္မဒေါသ မသင့်သောပုံစံအချို့နှင့် အကြောင်းပြ

* လိမ္မာယဉ်ကျေး မြူလေးမာန်ကွာ၊ မခိုတရို့ ကိုကိုသက်လျှာ၊
  သင့်အတွက်ကြောင့် နေ့ရက်ရှည်ကြာ၊ ကျိုးမပြီး ကိုကြီးသေလိမ့်မှာ။
* မယ်ကိုမြင်ရ ယဉ်စစမို့ ဘဝမကွာ ကြည်အေးစွာဖြင့် မေတ္တာရေစင် နှောလိုက်ချင်၏။
  စသည်။

အထက်ပါပုံစံမျိုးတို့၌ ချစ်ကြိုက်ခြင်းကို တိုက်ရိုက်တည့်တိုး မဆိုဘဲ ကျိုးမပြီး ကိုကြီးသေလိမ့်မှာ၊ မေတ္တာ ရေစင် နှောလိုက်ချင်၏ စသည်ဖြင့် ယဉ်ကျေးစွာ သွယ်ဝိုက်၍ဆိုသောကြောင့် ဂါမ္မဒေါသမှ လွတ်မြောက်ပါသည်။

## ဤဂါထာ၌ ရနိုင်သောဂုဏ်နှင့် ရနိုင်သောရသများ

ဤဂါထာ၌ မိမိသည် လင်၌ ချစ်ကြိုက်ခြင်းကိုလည်းကောင်း၊ ချစ်ကြိုက်လျက် ကွေကွင်း၍ အောက်မေ့ပူဆွေး ရခြင်းကိုလည်းကောင်း၊ ဆင်းရဲခြင်းကိုလည်းကောင်း၊ ပြသောကြောင့် သုခုမာလတာ ဂုဏ်မြောက်၍ ကရုဏာရသများ ရနိုင်ပါသည်။

* * * * *

(၄၇) ဝုတ္တေသု ---------ပ---------- ဟိနန္တိ သာပန။ ။

## ၅။ ယတိနှင့် ယတိဟီနဒေါသအစိပ္ပါယ်

ဆန်း၌ ညွန်ပြအပ်သော နေရာဝယ် ပုဒ်ကိုဖြတ်ခြင်း၊ ရပ်တန့်ခြင်းသည် ယတိမည်၏။

တနည်း ။ ။ သျှာချန္တ၊ တျှာချန္တ ပုဒ်တို့ကိုဖြတ်၍ ထားခြင်းသည် ယတိမည်၏။
ထိုသို့ ယတိရှိရမည့်နေရာ၌ ယတိမရှိအောင် သိကုံးထားသော အဖွဲ့အနွဲ့ရှိသောဝါကျသည် ယတိဟီနဒေါသသင့်သော ဝါကျမည်၏။

ဆောင် ။ ။ ဆန်းနှင့်ညီညို ဖြတ်ရာဘိ ယတိခေါ်လေကြ။
ဖြတ်သင့်ညွှန်ဘိ မဖြတ်ဘိ ယတိဟီန ဖြစ်ဒေါသ။

http://www.dhammadownload.com



## သဒ္ဒါကျမ်းလာ ပဒစ္ဆေဒနှင့် အလင်္ကာကျမ်းလာ ပဒပစ္ဆေဒအထူး

* သဒ္ဒါကျမ်းလာ ပဒစ္ဆေဒဟူသည် – သန္ဓိပုဒ် ဖြတ်ခြင်းတည်း။
* ဤအလင်္ကာကျမ်းလာ ပဒစ္ဆေဒဟူသည် – အပန်းဖြေသောအားဖြင့် ရပ်တန့်နားနေခြင်းတည်း။

* * * * *

## (၄၈) ယတိသဗ္ဗတ္ထ ---- ပ ---- ပိ ကတ္ထစိ။ ။

## ဤဂါထာပါ ယတိသုံးဌာနေ

၁။ ပါဒန္တသာမညယတိ = အလုံးစုံဂါထာ၏ ပါဒအဆုံး၌ ယတိဖြစ်ရခြင်း။

၂။ ဝုတ္တမှ ဝိသေသယတိ = အထူးအားဖြင့် ဂါထာ၏ ထက်ဝက်၌ ယတိဖြစ် ရခြင်း။

၃။ အနေကဝဏ္ဏ ပဒမဇ္ဈယတိ = အချို့အရာဝယ် ပထမပါဒ၏ အဆုံးနှင့် ဒုတိယပါဒအစ၌လည်းကောင်း၊ တတိယပါဒ၏ အဆုံးနှင့်စတုတ္ထပါဒအစ၌လည်းကောင်း၊ လေးလုံးထက်မနည်းသော ရှေ့နောက်အားဖြင့် များသော အက္ခရာရှိသော ပုဒ်၏ အလည်၌ လည်းကောင်း ယတိဖြစ်ရခြင်း။ သုံးဌာန။

* * * * *

## (၄၉) တံနမေ ----------ပ---------- ရသေဟိ ယော။ ။

## ၃ – နံပါတ်ယတိကို အလျော် – ဆန့်ကျင်ဘက်အားဖြင့် ပုံစံဖြင့်ရှင်းလင်းချက်

အလျော်ပုံစံ = ဤဂါထာ၌ တမိ–ကရဝတ္တံ–ပုံစံဝယ် မိနှင့် က၏ အကြားသည် ပါဒန္တပင်ဖြစ်သော်လည်း များသောအက္ခရာရှိသောပုဒ် အလည်ဖြစ်သောကြောင့် ယတိဟိနဒေါသမသင့်ပါ။

## အလျော်ပုံစံ ဒေါသလွတ်ရာ မြန်မာကဗျာ

* ဒုမရာဇ်နှင့် ရင်နှစ်တူပေါက် ခုနစ်ယောက်တွင် နှောင်းပေါက်မနော်ဟာရီဒေါ် ရှင့်။

ဆန့်ကျင်ဘက်ပုံစံ = သိဥ္စတိပုဒ်၌ကား သိဥ္စဟူသော ယတိဖြစ်ခြင်းသည် ရှေ့၌သာ အက္ခရာများ၍ တိဟူသော နောက်ပုဒ်၌ကား များအက္ခရာမရှိ၊ တိဟု အက္ခရာတစ်လုံးသာ ကြွင်းကျန်သောကြောင့် ယတိဟိနဒေါသ သင့်ပါသည်။

http://www.dhammadownload.com



## ယတိဟိနဒေါသသင့်သောပုံစံအချို့

* လောမဟံ + သောနဟေဿတိ။
* ကာယဝိညာ ဒွတ္တိ သာကား နှစ်ဖြာဝိညတ် + ကိုလည်းတတ်၏။
* တင့်တယ်ထွန်းပ နေရောင်သ + ဖွယ်၊ ကြကိသ + ရေမျိုး နေ့စဉ်တိုးသား၊ တချို့ယှဉ်ပင် မယှဉ်စေလို + ၍သာဆို၏။
* အေးကြိုင်စန္ဒ + ကူး မည်ရသား။
* သင်းကြိုင်ထုံနံ့ + သာနှင့်ဆန့်၍။
* လျှောင်းဃိဒွတ်မင်း + သား သေနင်းလည်း။
* လက်ငင်း မြောက်မျက် + နာရပ်ထက်သို့ လှမ်းတက်ခုနစ်ဖဝါး။
* လောဘမူစိတ်မာန် မုန်ယို၍ ချွန်းညိုနှင့်ချိတ်သော်လည်း ဆို့ပိတ်မရ,တကာမ စောအုံ မာဂဏ္ဍီရုပ်ပုံ တရုံ ကြုံမတွေ့ဘူး။

## ပိုဒ်ဆုံးယတိများ

* အထွတ်ရှင်ပင် မယှဉ်စေလို + ၍သာဆိုသည်။

## မြန်မာမှုဝယ် ယတိမှတ်ဘွယ်

မြန်မာယတိသည် = ၁။ ပိုဒ်တွင်းယတိ။ ၂။ ပိုဒ်ဆုံးယတိဟု ၂ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် သဒ္ဒါနည်း အနက်နည်းနှင့် ဆန့်ကျင်လျက် အနက်ပျက်အောင် ဖြတ်မှားက အဖြတ်အရပ်မှား အပြစ် ယတိဟိနဒေါသသင့် ပါသည်။

* * * * *

(၅၀–၅၁) သရောသန္ဓိမှိ ––––––––––ပ–––––––––– ပရေနတု။ ။

## အညထာတွညထာဒ္ဒိ တုသဒ္ဒါ အညထာသဒ္ဒါတို့၏ သိစေချက်များ

* တုသဒ္ဒါဖြင့် ပက္ခန္တရဇောတက နိပါတ်ပုဒ် အဖြစ်ကို သိစေသည်။
* ရှေ့အညထာသဒ္ဒါဖြင့် ဝိဘတ္တိယာလောပေ ကိုအပါဒါန်ပြု၍ ဝိဘတ်ကြေခြင်းမှတပါး ဝိဘတ်ကြေခြင်းမရှိ သော အခြင်းအရာအားဖြင့် ဟုဆိုလိုခြင်း။

http://www.dhammadownload.com



* နောက်အညထာသဒ္ဒါဖြင့် ပုဗ္ဗန္တောဝိယကို အပါဒါန်ပြု၍ ရှေ့ပုဒ်၏အဆုံးကဲ့သို့ ရွတ်ဆိုခြင်းမှတပါး (နောက်ပုဒ်၏အစကဲ့သို့) သော အခြင်းအရာအားဖြင့် ဟုဆိုလိုခြင်းတို့ကို သိစေပါသည်။

## ယတိဌာနများ

၁။ ဝိဘတ္တိလောပသန္ဓိယတိ = ရှေ့ပုဒ်ဝိဘတ်ကိုချေ၍ သန္ဓိစပ်ထားရာ၌ ရပ်တန့်ခြင်း။

၂။ ဝိဘတ္တိအလောပသန္ဓိယတိ = ရှေ့ပုဒ်နောက်ပုဒ် စပ်ထားရာဝယ် ဝိဘတ်မကြေသော အရာ၌ရပ်တန့်ခြင်း။

၃။ ယာဒေသာဒိယတိ = ယပြုရာဌာန စသည်၌ ရပ်တန့်ခြင်း။

၄။ စာဒိယတိ (နိပါတယတိ) = နိပါတ်အရာ၌ဖြစ်သော ရပ်တန့်ခြင်း။

၅။ ပါဒိယတိ (ဥပသဂ္ဂယတိ) = ဥပသာရအရာ၌ ရပ်တန့်ခြင်း။

## အလင်္ကာလာယတိ (၈)မျိုး။ တနည်း – ယတိ (၆)မျိုး

* ဂါထာနံပါတ် (၄၈)ယတိ ၃မျိုးနှင့် ပေါင်းလျှင် ယတိ (၈)မျိုးရှိ၏။ အထက်ပါ (၅)မျိုးတွင် (၁–၂–၃) နံပါတ် လာယတိ(၃)မျိုးကို သန္ဓိယတိအနေအားဖြင့် ပေါင်း၍ တစ်ခုတည်းယူလျှင် ယတိ (၆)မျိုး ဖြစ်ပါသည်။

## ယာဒေသာဒိ၌ အာဒိသဒ္ဒါဖြင့် သိမ်းယူသင့်သော အာဒေသများ

ဥညကို ပြုအပ်သော ဝ အက္ခရာ၊ ဈလကို ပြုအပ်သော ဣယဉဝ၊ နိဂ္ဂဟိတ်ကို ပြုအပ်သော မ ဒ ဥ စသည် တို့ကိုယူရပါသည်။

## ဖြစ်ရပ်ထုံး နည်းဥပဒေ (ယတိ)

ဆောင် ။ ။ ၁။ ကြေပျက် ဝိဘတ် ပုဒ်ချင်းစပ် ရွတ်ဖတ် ပုဗ္ဗပဒန္တ။

၂။ ဝိဘတ်မကြေ ပုဒ်စပ်လေ နောက်နေပုဒ်အစ။

၃။ ယ ဝ အာဒိ ပြုတုံဘိ နောက်ရှိပုဒ်အစ။

၄။ နိပါတ်ကုန်လုံး ရှေ့ပုဒ်ဆုံး။

၅။ ကုန်လုံး ဥပ နောက်အစ။

* * * * *

http://www.dhammadownload.com



(၅၂–၅၃) နမေတံ ——————ပ—————— ဝိဓမ္မတိ။ ။

**ဂါထာပါ ဒေါသမှ လွတ်ရာယတိတို့ကို ရှင်းလင်းချက်နှင့် အလားတူ ပုံစံအချို့**

၁။ သဗ္ဗော + ပမာ ဟူသော ပုံစံ၌သဗ္ဗဟူသော ရှေ့ပုဒ်၏ ဝိဘတ်ကိုချေ၍၊ ဥပမာ ဟူသော နောက်ပုဒ်နှင့် သန္ဓိစပ်ရာဝယ် ဥပမာဟူသော နောက်ပုဒ်၏ အစဖြစ်သော ဥသရကို ရှေ့ပုဒ်၏ အဆုံးကဲ့သို့ပြု၍ သဗ္ဗော,ပမာဟု ယတိ ဖြတ်၍ ရွတ်ဆိုအပ်သောကြောင့် ယတိဟိန ဒေါသမှ လွတ်ပါသည်။

သဗ္ဗာ +,ဥပမာယော – သဗ္ဗောပမာယော (သမာသ်တွဲစဉ် သဗ္ဗာ၌ ယောဝိဘတ်၊ သန္ဓိစပ်သောအခါကြေ၍ သဗ္ဗောပမာယော ဟုဖြစ်၏။)

ပုံစံတူ ။ ။ ဝိဟိံ သု + ပရတ္တိယာ – စသည်။

၂။ ပတ္တ + သောပမာ – ဟူသောပြယုဂ်၌ ပတ္တသဟူသော ရှေ့ပုဒ်၏ ဝိဘတ်ကိုမချေမူ၍ ဥပမာဟူသော နောက်ပုဒ်နှင့် သန္ဓိစပ်ရာဝယ် ပတ္တသဟူသော ရှေ့ပုဒ်၏အဆုံးဖြစ်သော သအက္ခရာကို ဥပမာဟူသော နောက်ပုဒ်၏အစကဲ့သို့ပြု၍ ပတ္တ,သောပမာဟု ယတိဖြတ်၍ ရွတ်ဆိုအပ်သောကြောင့် ယတိဟိနဒေါသမှ ကင်းလွတ်ပါသည်။

ပုံစံတ ။ ။ တိ + ထိမာနိ – စသည်။

၃။ ဝန္ဒနာမျှနန္တ – ဟူသောပုံစံ၌ ဝန္ဒာမိဟူသောပုဒ်ရှိ ဣသရ၏ အပြုဖြစ်သော ယအက္ခရာ ကို အနန္တဟူသော နောက်ပုဒ်၏အစကဲ့သို့ပြု၍ ဝန္ဒနာ,မျှနန္တဟု ယတိဖြတ်၍ ဆိုအပ်သောကြောင့် ယတိဟိနဒေါသမှ လွတ်ပါသည်။

ပုံစံတူ ။ ။ တေသ + မောပမတာ၊ ခေါ် + မျာယံဝဗ္ဗော၊ ဗဟွာဗာဓော၊ အထ + ခွဿ၊ သွဿ၊ ယ + ဒနိစ္စံ၊ တ + ဒနတ္တာ၊ တေ + ဒဝေါစ၊ တ + ဒနုပရောစေနေ၊ တ + မဟံ၊ ပစ္စတ္တ + ညေဝ၊ သ + ညောဂေါ – စသည်။

၄။ ပညာစ မေတ္တာစဟူသော ပြယုဂ်၌ ရှေ့ပုဒ်ကိုမှီသော စနိပါတ်ပုဒ်တို့ကို ပညာ မေတ္တာ ဟူသော ရှေ့ပုဒ်၏ အဆုံးကဲ့သို့ပြု၍ ပညာစ မေတ္တာစဟု ယတိဖြတ်၍ ရွတ်ဆိုအပ်သောကြောင့် ယတိဟိနဒေါသမှ ကင်းလွတ် ပါသည်။

http://www.dhammadownload.com



ပုံစံတူ ။ ။ သတ္တာစ သာရိပုတ္တောစ၊ ဓမ္မော စ သောတဥ္စ သည်။

၅။ နိဿိမာဟူသောပုံစံ၌ နောက်ပုဒ်ကိုမှီသော ဥပသာရပုဒ်ကို သိမာဟူသော နောက်ပုဒ်၏အစကဲ့သို့ပြု၍ ယတိဖြတ်က ရွတ်ဆိုအပ်သောကြောင့် ယတိဟီနဒေါသမှ ကင်းလွတ်ပါသည်။

ပုံစံတူ ။ ။ ပဏာရော၊ ပရာဘဝေါ၊ နိက္ခမတိ – စသည်။

* * * * *

(၅၄) မဟာမေတ္တာ ----------ပ---------- ဂုဏာလယံ

## နိပါတယတိ ဥပသဂ္ဂယတိနှင့်စပ်၍ ဒေါသသင့်ပုံ

* မဟာမေတ္တာ မဟာပညာ စယတ္တပရမောဒယာ ဟူသောပုံစံ၌ မဟာမေတ္တာ မဟာပညာဟူသော ရှေ့ပုဒ် ကိုမှီသော စနိပါတ်ပုဒ်ကို ယတ္တပရမောဒယာဟူသော နောက်ပုဒ်၏ အစကဲ့သို့ပြု၍ မဟာမေတ္တာ မဟာပညာ စယတ္တပရမောဒယာဟု ယတိဖြတ်က ရွတ်ဆိုအပ် သောကြောင့် ယတိဟီနဒေါသသင့်ပါသည်။

* ပဏာမာမိ ဇိနံ တံ ပ၊ ဝရံ ဝရဂုဏာလယံ – ဟူသော ပြယုဂ်၌ ဝရံဟူသော နောက်ပုဒ် ကိုမှီသော ပ ဟူသော ဥပသာရကို တံ ဟူသော ရှေ့ပုဒ်၏ အဆုံးကဲ့သို့ပြု၍ တံပ ဝရံ ဟု ယတိ ဖြတ်က ရွတ်ဆိုသောကြောင့် ယတိဟီန ဒေါသ သင့်ပါသည်။

* * * * *

(၅၅) ပဒတ္ထဣမတော ----------ပ---------- သောဘနံ။

## ၆။ ကမစ္စုတဒေါသအစီပွါယ်

လောက၌သုံးစွဲမြဲဖြစ်သောကြောင့် တောင်းရိုးတောင်းစဉ် ပြောရိုးပြောစဉ်အတိုင်း မသုံးစွဲ မပြောဆိုခြင်းကြောင့်ဖြစ်သော အပြစ်သည် ကမစ္စုတဒေါသမည်၏။

ဆောင် ။ ။ လောကဆိုရိုး စဉ်ပျက်ကျိုး သင့်ရိုး ကမစ္စုတ။

http://www.dhammadownload.com



## ဂါထာပါပုံစံ ရှင်းလင်းချက်

ခေတ္တံ ဝါ ဒေဟိ ဂါမံ ဝါ ဒေသံ ဝါ မမ သောဘန – ဟူသောပုံစံ၌ လယ်ကိုဖြစ်စေ၊ ရွာကို ဖြစ်စေ၊ နယ်ကို ဖြစ်စေ၊ ပေးပါဟု အနည်းကစ၍ အများကိုတောင်းခြင်းသည် တောင်းရိုး တောင်းစဉ် အစဉ်မကျသောကြောင့် ကမဘ္ဘဋ္ဌတ ဒေါသသင့်ပါသည်။

## လောကတခွင် ပြောဆိုသုံးစွဲရိုး အစဉ်နှင့်ပုံစံ

၁။ အမြတ်အယုတ်တို့တွင် အမြတ်ကို ရှေ့ကထား၍ ဆိုရသည်။
ပုံစံ ။ ။ ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာ – စသည်။

၂။ ကျေးဇူးရှိသောသူတို့ကို ဆိုရာ၌ ကျေးဇူးအများဆုံး ရှိသည်မှစ၍ ဆိုရသည်။
ပုံစံ ။ ။ အမိ အဖ၊ မျက်စိ နား နှာ – စသည်။

၃။ အရေအတွက်ကို ဆိုရာ၌ နည်းသောအရေအတွက်ကစ၍ ဆိုရသည်။
ပုံစံ ။ ။ လေးရက် ငါးရက် – စသည်။

၄။ ကုသိုလ်ကိုဆိုရာ၌ ယုတ်သောကုသိုလ်ကစ၍ ဆိုရသည်။
ပုံစံ ။ ။ ဒါန သီလ ဘာဝနာ၊ သီလ သမာဓိ ပညာ စသည်။

ဆောင် ။ ။ တောင်းရမ်းသောခါ များရာကစ။
ဝယ်တုံကမူ နည်းမှစကာပေးကြရာ၏။
သချာထို့တူ၊ မြတ်မူ ရှေ့လာ၊ ကုသလာမှာ ယုတ်ရာလက်ဦး။
ကျေးဇူးကဲလွန် ဦးစွာညွှန်ရ။
ဤသို့စသား ဆိုစဉ်များမှ ဖျက်ပြားစေမူ ကမဘ္ဘဋ္ဌသင့်မှုဖြစ်ဒေါသ။

## ကမဘ္ဘဋ္ဌတသင့်သော ပုံစံအချို့

- ကောင်းမြတ်တင့်တယ်လယ်ကိုပေးပါ၊မပေးပါကရွာကိုမျှလော့၊ မမျှနိုင်မူ တိုက်နယ်ယူမည်၊ မြူဆံချသ်မျှ မလျှော့တည်း။
- ငွေကြေးကြုပ၍ တစ်ကျပ်တစ်ရာ မပါတစ်ထောင် ပြောမအောင်ခဲ့၊

http://www.dhammadownload.com



* မျက်နှာသုတ်ပုဝါလေးစွန့်ပါ။ အဲဒါမစွန့်နိုင်လျှင် သင်းပိုင်တစ်ထည်လောက်စွန့်ပါ။ အဲဒါမစွန့်နိုင်လျှင် ကေသီတစ်ထည်စွန့်ပါ။
* ဘုရား သံဃာ ရတနာနှင့် ကိုးဖြာဂုဏ်ထိုက် တရားမြိုက်ကို။
* ဗုဒ္ဓ ဘုရား သံဃာများနှင့် တရားဆယ်ထွေ ပရမေရှင်း။
* မိဘဆရာ မြတ်သံဃာနှင့် ဘဂဝါဇိန မြတ်ဝမ္ဗကို နေ့ညမပြတ် ရှိခိုးအပ်၏။
* ဗိုလ်ခြေများမြောင် သောင်းထောင်ရာမျှ။
* ဥသျှောင်လည်ဆစ် ရင်ဝယ်နစ် အဖြစ်ဆိုးလေစွ။
* ရှင်ချစ်ချွေးမ မိဘဘော်ရွေ မျိုးဆွေသိသူ လူလည်းမမြင်။ မေးလျှင်တုန့်ခေါက် တစ်ယောက်မဲ့အောင် ငွေတောင်ဂီရိဝေးလေဘိသို့။
* မင်းတို့ မောင်တို့ အကို ညီနောင် နှမမောင်လေး ငါးယောက်ဘမိ ရှိသေကြ။

**မှတ်ချက်** ။ ။ ရှင်ချစ်ချွေးမ စသောစကား၌ အမျိုးအဆွေထက် အဘော်အရွေကို ချစ်ခင်ကောင်း သကဲ့သို့ မိဘဘော်ရွေ မျိုးဆွေဟု အစဉ်ထားမှုကြောင့် ဒေါသသင့် ရပါသည်။

* * * * *

(၉၄) ဥဒါရစရိတော ------------ပ------------ သောဘနံ။

## ကမစ္စုတဒေါသမှ ကင်းလွတ်ပုံ

ဤပုံစံ၌ အများကစ၍ တောင်းရကား တောင်းနည်းကို နားလည်သူတို့၏ ထုံးစံကျသောကြောင့် ကမစ္စုတ ဒေါသမှ ကင်းလွတ်ပါသည်။

## ကမစ္စုတဒေါသမှ ကင်းလွတ်သော ပုံစံအချို့

* ဣဝဏ္ဏ ဝဏ္ဏာ ဇုလာ။
* ဒါနံ သီလဥ္စ နိက္ခမံ၊ ပညာဝီရိယ ပဥ္စမံ။
  ခန္တီ သစ္စ မဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ မာဒသ။
* ဘုရား တရား သံဃာအားလျှင် ညွှတ်တွားသဒ္ဒါ၊ ဆရာ မိဘ ဟူသမျှကို ဒွါရမနော သဒ္ဒါစေလျက်။
* ရင်လည် ဦးရစ် တိုင်အောင်နစ်သား။
* ရှင်ချစ်ချွေးမ မိဘမျိုးဆွေ ဘော်ရွေသိသူ။ စသည်။

* * * * *

http://www.dhammadownload.com



(၅၆) လောကိယတ္ထ ---- ပ ---- ထနဓမ္မနေ။

## ၇။ အတိဝုတ္တ ဒေါသအဓိပ္ပါယ်

လောက၌ သိအပ်သော အနက်သဘောကိုလွန်၍ ဆိုအပ်သောဝါကျသည် အတိဝုတ္တ ဒေါသသင့်သော ဝါကျမည်၏။

ဆောင် ။ ။ ပိုလွန်ဝါကြွား ပြောစကား မှတ်သား တိဝုတ္တ။

## ဂါထာပါပုံစံ ရှင်းလင်းချက်

အတိသမ္ဘာဝမောကာသမေတိဿာ ထနဓမ္မနေ ဟူသော ပုံစံ၌ မိန်းမ၏ သားမြတ်နှစ်ခုကို ဆွဲဖြန့်လိုက်သည့် ရှိသော် ကောင်းကင်မဆန့်ဟု ဆိုခြင်းသည် လောကသိအပ်သော အနက်သဘောကိုလွန်၍ ဆိုသောကြောင့် အတိဝုတ္တဒေါသသင့်သော ဝါကျဖြစ်ပါသည်။

## အတိဝုတ္တဒေါသသင့်သော ပုံစံအချို့

* သားသည် မိခင် သားမြတ်ပြင်ကို ဖြန့်လျှင်အာကာ ထောက်တည်ရာ ဘယ်မှတစ် ရှိအံ့နည်း။
* ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့ မန်း တုန်အောင် လမ်းဆုံက ဟစ်ချင်တော့ သည်ခေတ်မှာ သည်လိုဟာဖြင့် သည်ကိုယ်မှာသေ သေလုပါပေါ့ ကမ္ဘာကိုဖြဟ္မာတို့ပြုခဲ့တယ် ဆောင်းရတုပွဲ။
* လူမို့သာ လျှလျှကျန်တယ် – ရေနံတောင်ခဲသည့်သည်ဆောင်း။
* လောကတခွင် ချစ်သက်ခင်ထက် ရုပ်သွင်လှပ မရှိရတည့်။
* အာကာကို လွှာပုံပြုပါလို့ မေရုကိုတဲ့ စုပ်တံသွင်၊ သမုဒ်မှင်ရေဖျော်လို့ မေတ္တာတွေ စာစီကုံးရလျှင် ဆုံးစမထင်။
* ဖေါင်တိန်ကောင်းလို့သာ စာမေးပွဲအောင်သည်။
* ကျောက်ဖြာဝက်တူးစားသည်။
* ဆင်ထက်ကြီးမား ကြွက်များပေါ်စွာ၊ လိပ်ထက်ကြီးဖြိုး ကြမ်းပိုးတွေပါ။ ပိဿာထောင်မျှ ချိမနိုင်ပါ၊ သို့ဆိုက ဒေါသတိဝုတ္တာ – စသည်။

http://www.dhammadownload.com



## အာကာသကို ဆရာတို့အဆို

ဤနေရာ၌ အာကာသဆိုသော စကားအရကို မိန်းမ၏ သားမြတ်နှစ်ခုအကြားကိုယူသော ယုတ္တိရှိဖြစ်နိုင်၍ အတိဝုတ္တ ဒေါသမသင့်ဟု ဆရာတို့ဆိုကြ၏။

## အတိဝုတ္တတို့ဖြစ်နိုင်ရာနှင့် စကားလုံးအမျိုးအစား

အတိဝုတ္တိဒေါသသည် အပြောကြီးသူတို့၌ ဖြစ်၏။

ဥပမာ ။ ။ ချိုပါသား၊ ပခန်းသား၊ လှတောသား စသူတို့ ပြောဆိုသော လေလုံးထွားထွား ဝါကြွားသော စကားလုံးများ ဖြစ်ကြ၏။

* * * * *

## (၉၅) မုနိန္ဒ စန္ဒ ----------ပ---------- ဝိဓမ္မနေ။

## အတိဝုတ္တ ဒေါသမသင့်ပုံ

ဤပုံစံ၌ ဘုရားတည်းဟူသော လမင်းမှ ကောင်းစွာဖြစ်သော ကျော်စောခြင်းအစုဟူသော အရောင်တို့၏ ကျယ်ပြန့်ပုံကတော့ဖြင့် ဤကောင်းကင် တစ်ခုလုံးလည်း မဆန့်တော့ဟု ဆိုခြင်းသည် ဘုရားရှင်၏ဂုဏ်တော်များကား အပ္ပမေယျဖြစ်သောကြောင့် ယုတ္တိရှိဖြစ်နိုင်၍ အတိဝုတ္တ ဒေါသမှ ကင်းလွတ်ပါသည်။

## အတိဝုတ္တဒေါသမသင့်သော အရာများ

၁။ ဘုရားရှင်ကို ချီးမွမ်းရာ – ဝါ – ဂုဏ်ကျေးဇူးရှိ၍ ထင်ရှားသူကို ချီးမွမ်းရာ။
၂။ တရားအားထုတ်ခြင်း၏ အကျိုးကို ချီးမွမ်းရာ။
၃။ ဥပမာဆောင်၍ တိုက်တွန်းတော်မူရာ။
၄။ ချစ်ပုံကိုပြသောအရာ။
၅။ ကြွားဝါးသောအရာ။

တနည်း ။ ။ ၁။ ချီးမွမ်းသင့်သောသူကို ချီးမွမ်းသောအရာ။
၂။ နှစ်သက်ဘွယ်သော စကားကိုဆိုသော အရာတို့၌ အလွန်အကြူး ဆိုသော်လည်း အတိဝုတ္တ ဒေါသမသင့်ဟု သက္ကဋကျမ်းများ၌ ဆို၏။

## ပုံစံနှင့်တွဲပုံ

* ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊ ကပ္ပမ္ပိ စေ အညမ ဘာသမာနော။
  ခိယေထကပ္ပေါ စီရဒီဃမန္တရေ၊ ဝဏ္ဏော နခီယေထ တထာဂတဿ။
* ဒန္တော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါသော သတ္တော့ခိပ္ပမေဝ ဝိသေသ ဂါမီ ဟောတိ။
* အောင်ဆန်းဗိုလ်ချုပ် ဂုဏ်ကိုထုတ်သော် အဟုတ်မြန်ပြည် မဆန့်ပြီတည့်။
* လစ္ဆဝီ လစ္ဆဝီ ပရိသတ်ကို တာဝတိံသာ နတ်ပရိသတ်နှင့် ထပ်တူကြည့်ကြ။
* အာကာကို လွှာပုံပြုပါလို့ မေရုကိုတံ့စုတ်တံချို၊ သမုဒ်ကိုမင်ရေဖျော်လို့ ချစ်တာတွေ စာစီကုံးရယင် ဆုံးအံ့မထင်။
* ကမ္ဘာတွင် နေဇာတုန်းမှ မောင်မုန်းပါ့မယ်။
* တစ်နေ့ တစ်ရက် အတွေ့ခက်ဟော့ ဆယ်သက်ဆယ်ကမ္ဘာထင်တယ်ခင်။
* တစ်နေ့ တစ်ရက် အတွေ့ခက်လျှင် လွမ်းရက်ရာထောင် ဝေတယ်ခင်။
* စိုးပါနဲ့မေရယ် မိုးကြယ်မို့လား။
* သည်တောင်ကို မောင်ဖြိုပါ့မယ် မြင့်မိုရ်မို့လား။
* တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ။

## အစျုတ္တဒေါသနှင့် အတိဝုတ္တဒေါသ အထူး

* ဝိသေသနအနက်များ လွန်တက်အောင် အပြောကြီးခြင်းသည် အစျုတ္တဒေါသ – ဝါ – ဝိသေသျ – ဂုဏေး ဒြဗ်ငယ်၍ ဝိသေသန ဂုဏ်ကြီးခြင်းသည် အစျုတ္တ။
* တစ်ဝါကျလုံး အပြောကြီးရာရောက်အောင် အပြောကြီးခြင်းသည် အတိဝုတ္တ ဒေါသမည်၏။

– ဝါ – သူတပါးကို အလွန်အကျူး ချီးမွမ်းပြောဆိုခြင်းသည် အတိဝုတ္တဒေါသမည်၏။

ဆောင် ။ ။ * ဝိသေသန,ပုဒ်၌မျှသာ သင့်ခဲ့ပါက အစျုတ္တ။
( ဝိသေသနပုဒ်ကြီးလွန်းခြင်းသည် အစျုတ္တ )
* ဝါကျလုံးမှာ သင့်တုံပါက တိဝုတ္တ၊ ထူးကြဉ်သို့သာ။
( ဝိသေသန ဝိသေသျ နှစ်ပါးစုံကြီးလွန်းခြင်းသည် အတိဝုတ္တ )

* * * * *

http://www.dhammadownload.com



(၅၇) သမုဒါယတ္ထတော ----------ပ---------- ပိဝိ ဇလံ။

## ၈။ အပေတတ္ထ ဒေါသအစိပ္ပါယ်

အပေါင်းအားဖြင့် သိအပ်သော တစ်စုံတစ်ခုသော အနက်ထူးမှကင်းသော ဝါကျသည် အပေတ္ထဒေါသသင့်သော ဝါကျမည်၏။

ဆောင် ။ ။ တစ်ပုဒ်စီမျှ အနက်ရလည်း ဝါကျအတွက် ပိဏ္ဍတ်နက်က ကောက်မရ အပေတတ္ထခေါ်။

## ဂါထာပါပုံစံရှင်းလင်းချက်

ဂါဝိပုတ္တော ဗလိဗဒ္ဓေါ၊ တိဏံ ခါဒီ ပိဝိ ဇလံ – ဟူသောပုံစံ၌ နွားမ၏ သားဖြစ်သော နွားလားသည် မြက်ကို စား၏၊ ရေကိုသောက်၏ ဟုဆိုခြင်းသည် နွားဟူက နွားမ၏သားဖြစ်ပြီး မြက်ကိုစားမြဲရေကိုသောက်မြဲဖြစ်၍ အပေါင်းအားဖြင့် သိအပ်သော တစ်စုံတစ်ခုသော အနက်ထူးမှ ကင်းသောကြောင့် အပေတတ္ထဒေါသ သင့်ပါသည်။

## အပေတတ္ထဒေါသသင့်သောပုံစံအချို့

* နွားမ၏သား ထိုနွားလားကား မြက်များစားပြီ၊ ရေသောက်ပြီ။
* နွေတွင်နေပူ နှိုရည်ဖြူ၏၊ တောထူတောင်ထပ်များပေသည်။
* မိုးရေရွာသွန်း သားလုထွန်းသည် ကင့်ပွန်းခြံနွယ်များပေသည်။
* စပါးလုံးထဲမှာ ဆန်ရှိသည်။ * ခြေနှစ်ချောင်းရှိသော လူသည်သွား၏။
* သင့်မိခင်သည် သင်နှင့်ဆွေမျိုးတော်စပ်၏။
* ခြေလေးချောင်းရှိသောမြင်းသည် အိပ်၏။
* ရွာမရမ်း တောင်ထန်းရယ်တဲ့ ပတ်လည်၊ ကျွဲတွေက မြက်တွေစား၊ ဘုရားတည် နှစ်ဆူနှင့် လောင်လိုက်လေ ကိုရွှေမီးရယ် ကုန်းမြင့်သာမော။
* အရှေ့ဆို တောင်ပေါ်ထိပ်က လိပ်မကြီးတင်ပလ္လင်ခွေ၊ မိုင်းငင်လို့နေ၊ မျောက်ကိုက်လျှင် ရွှေချ၊ အမေက ရိုက်တယ် ဖူးသီးမှ အရိုးတော်မယ် ကြီးတော်ရယ် မြင်လှည့်ပါဦး။
* ကျွဲပျောက်လို့နွားကိုရှာ ဆင်ခြေရာ သည်မှာတွေ့၊ မမေ့နဲ့ ချစ်တဲ့သူရယ် အလိုဗျာ ပေးပါ့ကျွပ်မြင်း။

http://www.dhammadownload.com



* ဆောင်းခါအေးချမ်း ကြာပန်းဝေဆာ၊ ဥယျာဉ်ကကြီး၊ မြင်းစီးနိုင်ပါ။
* ထုံးဟာဖြူဖွေး မီးသွေးမည်းတယ်၊ သကြားချိုကာသံပုရာချဉ်တယ်၊ ရေဟာမြင့်ရာမှ နိမ့်ရာစီးတယ်။
* တန်ကူးကုန်လျှင် ကဆုန်ဆန်းလတ္တံ့။
* ဆောင်းမှာမြောက်လေ၊ နွေမှာတံလျှပ် ဤကွေတာရပ်ဝန်း၊ နေဟာ ပူလွန်းတယ်။
* ယုံမလားတော့မသိဘူး နံပြားကို ဂျုံနဲ့လုပ်ထားတယ်။
* ထမင်းကို ဆန်နဲ့ချက်ထားတယ်။

## အနုတ္တဒေါသနှင့် အပေတတ္ထဒေါသအထူး

* တစ်ပုဒ်တည်းသော စကားရပ်၌ အဓိပ္ပါယ်ယူဆ၍ မရခြင်းကြောင့်သင့်သောဒေါသသည် အနုတ္တကဒေါသမည်၏။
* ဝါကျတစ်ခုလုံး ယူဆ၍မရခြင်းကြောင့် သင့်သောဒေါသသည် အပေတတ္ထကဒေါသ မည်၏။

ဆောင် ။ ။ * တစ်ပုဒ်တည်းမျှ သင့်တုံက ဒေါသအနုတ္တာ။
* တစ်ဝါကျလုံး အပြစ်ဖုံး သင့်ထုံးပေတတ္ထာ။

* * * * *

(၉၆) ဝါကျာဗျာပန္န ----------ဗ---------- ဒုဿတိ။

## အပေတတ္ထမသင့်သောစကားများ

၁။ အရူးစကား၊ ၂။ ကလေးသူငယ်စကား။
၃။ ပညာမဲ့သော မိန်းမစကား ၄။ မှားရှဲဆိုသောစကား။
၅။ မေ့လျော့၍ ဆိုသောစကားများ ဖြစ်ကြပါသည်။

ဆောင် ။ ။ အရူးစသား ပြောစကား လွတ်ကြားပေတတ္ထ။
အရူးတသွယ် သူငယ်တဝ မိန်းမတပါး – ပြောစကားတည့်၊
တရားမဲ့ရှိ ဤသုံးမျိုး အကျိုးအပြစ် မစိစစ်ရာ။ (မယ)

http://www.dhammadownload.com



## ဥမ္မတ္တကာဒိ၌ အာဒိအရ

ကလေးသူငယ်, သဘင်သည်, ပညာမဲ့သော မိန်းမတို့ကိုယူ။

* * * * *

## (၉၇) သမုဒ္ဒေါ ----------ပ---------- ရာဝဏော ပိယော။

### ဤဂါထာ၌ အပြစ်သင့်ပုံ မသင့်ပုံ

ဤဂါထာ၌ သမုဒ္ဒရာရေ သောက်ကောင်း၏၊ ယနေ့ငါအဖျားတက်၏၊ ဒီမိုးတွေ ချုံးလိုက်ကြတာ၊ သိကြား မင်း၏ ရာဝဏ်ဆင်ဟာ ချစ်စရာကောင်းတယ်၊ ဤသို့ဝါကျ လေးဝါကျ ရှိရာတွင် သူ့ဝါကျနှင့်သူအဓိပ္ပါယ် ရသော်လည်း လေးဝါကျလုံးပေါင်း၍ အဓိပ္ပါယ်ယူသောအခါ စိတ်မကောင်းသော အရူးစကား (သို့) ကလေးပြောသောစကား (သို့) တောကြို့အုံကြားက လူရိုင်းပြောသောစကားဟုဆိုလျှင် ကြားရသူတိုင်းမှာ ပြုံးစရာပျော်စရာပင် ကောင်းသေးသည့် အတွက် အပေတတ္ထဒေါသမသင့်ပါ။

* လူကောင်းသူကောင်းတစ်ယောက်၏ ပြောစကားဖြစ်လျှင်ကား အပေတတ္ထဒေါသ သင့်ပါသည်။

### အပြစ်မသင့်သောပုံစံအချို့နှင့် အကြောင်းပြ

* ညောင်ဦးက ကမ္ဘာပြို စမ္ပါနဂိုရ်က ဖွားမပေါင်ကျိုး။
* လုံဖျားပုဇင်းနား ကျီးကန်း ချေးပါ။
* လိပ်ခွပ်လို့ သမင်မှိန်း စိုင်အသက်ထွက်သည်။
* လိပ်လင်းတကျ မျောက်အုန်းသီးရသည်။

ဤစကားရပ်များသည် အပြစ်တင်လို၍ပြောခြင်း၊ ပြောင်လှောင်လို၍ ပြောခြင်း ဖြစ်သောကြောင့် အပေတ္ထဒေါသမသင့်ပါ။

* * * * *

## (၉၈) ဗန္ဓေ ဖရုသတာ ----------ပ---------- ဗလတျုလံ။

### ၉။ ဗန္ဓဖရုသဒေါသအဓိပ္ပါယ်

အရှုတ်ခက်သော ဝနိတအက္ခရာ (ဃောသအက္ခရာ) များစွာပါရှိသောဝါကျသည် ဗန္ဓဖရုသ ဒေါသသင့်သော ဝါကျမည်၏။

ဆောင် ။ ။ ဝနိတ အက္ခရာ,များစွာပါ,သင့်ရာ ဗန္ဓ,ဖရုသ။

http://www.dhammadownload.com



## ဂါထာပါပုံစံရှင်းလင်းချက်

ခရာခီလာ ပရိက္ခိဏာ ခေတ္တေခိတ္တံ ဖလတျလံ – ဟူသောပုံစံ၌ ခ အက္ခရာငါးလုံး၊ ဖ အက္ခရာငါးလုံးပါ၏၊ ဤကဲ့သို့ အရွတ်ဖတ်ခက်သော ဝနိတအက္ခရာများစွာ ပါသောကြောင့် ဗန္ဓဖရုသဒေါသ သင့်ပါသည်။

## ဗန္ဓဖရုသတာ၌ ဖရုသအရ

ဝဂ်တို့၏ ဒုတိယ စတုတ္ထအက္ခရာ (၁၀)လုံးကို ယူပါ။

## ဗန္ဓဖရုသ ဒေါသသင့်သောပုံစံအချို့

* ခိုးလိုး ခုလု ခုခုခါခါ ခေါ်ခေါ်သံကြား ဖန်များမကွာ ဆိုဆိုဆဲဆဲ ခက်ခဲသူပါ၊ ဘာပဲဖြစ်ဖြစ် ဓွတ်နှစ်လုပ်တော့မှာ။
* ထက်ခေါင်နဘံ ဒိန်းဒိန်းသံဖြင့် ဆူညံထိုးခတ် လောကတတ်လုံး ခြိမ့်ခြိမ့်ချုန်းအောင် ဂျုံးဂျုံးသည်းထစ် မာနတ်စစ်တို့။
* ဒေါင်ဒေါင်သံကြီး ဒိန်းဒိန်းတီးလျက်။
* ခွေးရူးပြန်သော် ကုရန်မခက် ခါးအထက်ကို ချက်နှင့်တိုင်းကာ အောက်ပင့်ခွါလျက်။
* ကောက်ကောက်ကျစ်ကျစ် စိတ်မိုက်ညစ်နှင့် အပြစ်ဝန်တက် ငရဲနက်ဟု လေးချက်ဘုံရပ် တိုက်ရိုက်ကပ်သား မအိပ်မစပ် အထပ်ထပ်လျှင် သုံးသပ်မိုက်မိုက် ဒုစရိုက်ကို အလိုက်ဘာသာ ပြုကျင့်ရာလည်း။
* ဖြောင်းဖြောင်းဖျဖျ မေးပါ့ခါခါ ခေါ်ခဲ့ခေါ်ခဲ့ ဖေါ်မဲ့ဝေးကွာ။
* အေးအေးဆေးဆေး လုပ်ကျွေးလေပါ။ သို့ဆိုက ဗန္ဓဖရုသာ။

## ဂါမ္မဒေါသနှင့် ဗန္ဓဖရုသဒေါသအထူး

* ဂါမ္မဒေါသ၌ အနက်အဓိပ္ပါယ် ကြမ်းတမ်း၏။
* ဗန္ဓဖရုသဒေါသ၌ကား အက္ခရာ (အသံ) ကြမ်းတမ်း၏။

**ဆောင်** ။ ။ * အနက်ကြမ်းရာ ဂါမ္မသာတည်း။
* အက္ခရာသုတိ ကြမ်းတမ်းဘိ မှတ်သိ ဗန္ဓဖရုသ။

* * * * *

http://www.dhammadownload.com



(၉၈) သုခုမာလာ ----------ပ---------- သံဒူသယေယျ တံ။

**ဗန္ဓဖရုသဒေါသမသင့်အောင် စီကုံးနည်းနှစ်မျိုး**

၁။ သုခုမာလာ ဂုဏ်နှင့်မဆန့်ကျင်အောင် စီကုံးခြင်း။

၂။ ဒွာန်တူ အက္ခရာများကို နီးနီးကပ်ကပ်ထား၍ စီကုံးခြင်း။

**ဤဂါထာ၌ သုခုမာလာ ဝိရောဓိ စသည်အရ**

(က) သုခုမာလာဝိရောဓိအရ = သုခုမာလတာဂုဏ်ကိုရ၏။

(ခ) သုခုမာလာဝိရောဓိတ္တအရ = သုခုမာလတာဂုဏ်နှင့်မဆန့်ကျင်ခြင်း ကြိယာကို ရ၏။

(ဂ) သုခုမာလာဝိရောဓိတ္တ ဒိတ္တအရ = သုခုမာလတာဂုဏ်နှင့်ဆန့်ကျင်ခြင်းမရှိသည်၏ အဖြစ်ကိုပြတတ်သောသုခုမာလတာဂုဏ်ရှိသော ဝါကျကိုရ၏။

(ဃ) သုခုမာလာဝိရောဓိတ္တ ဒိတ္တဘာဝအရ = သုခုမာလတာဂုဏ်နှင့် ဆန့်ကျင်ခြင်းမရှိသော အဖြစ်ကိုပြတတ်သော ဝါကျ၏ဖြစ်ကြောင်း ဖြစ်သော သုခုမာလတာဂုဏ်ကိုရ၏။

ဆောင် ။ ။ သုခုမာလ, ပြည့်စုံက, ကင်း ထ ဖရုသာ။

* * * * *

(၉၉) ပသန္နာ ----------ပ---------- ပရမ္မုခါ။

**ဤဂါထာဒေါသမှ လွတ်မြောက်ပုံနှင့် ဂုဏ်မြောက်ပုံ**

ဤဂါထာ၌ ပထမပါဒဝယ် ဓနိတအက္ခရာ ဘ တစ်လုံး၊ ဒုတိယပါဒ၌ ဓနိတအက္ခရာ ဓ တစ်လုံး၊ တတိယ ပါဒ၌ ဓနိတအက္ခရာ ဓ နှစ်လုံး၊ စတုတ္ထပါဒ၌ ဓနိတအက္ခရာ ခ တစ်လုံးသာ ပါ၏။

ဤသို့ဓနိတအက္ခရာနည်းခြင်း၊ သိထိလအက္ခရာများခြင်း၊ ဒွာန်တူအက္ခရာလည်း နီးကပ်လျက် များစွာပါဝင် ခြင်းကြောင့် ဗန္ဓဖရုသ ဒေါသမှလွတ်၍ သုခုမာလတာဂုဏ် နှင့်ပြည့်စုံ ပါသည်။

http://www.dhammadownload.com



## အပြစ်လွတ်၍ ဂုဏ်မြောက်ရာ မြန်မာပုံစံ

* ကျက်မှတ်စဉ်းစား၊ ကြံစည်များ၍၊ မေးကြားသူထံ ကျေပွန်ဖျက်ဖျက် သင်လေ့ကျက်မှ တိုးတက်ပညာ တတ်ကြွစွာလိမ့်။

* * * * *

## ဝါကျတ္ထဒေါသနိဒ္ဒေသ

(၅၉) ဥေယျံ လက္ခဏာ -----------ပ----------- သန္ဓသယာမျှဟံ။

## ဝါကျတ္ထဒေါသ(၆)ပါး တို့၏ လက္ခဏာကို မပြရခြင်းအကြောင်း

အနက်အတိုင်း မှည့်ထားအပ်သော အနွတ္ထနာမည်ကိုကြည့်၍ သဘောကို သိနိုင်သော ကြောင့် သဘောကို ပြသော (လက္ခဏ) သုတ်ကိုမပြတော့ပဲ (လက္ချ) ဥဒါဟရဏ်ကိုသာ ပြပါသည်။

* * * * *

(၆၀) ဘာဝနာဒါန -----------ပ----------- သံသယော။

## ၁။ အပက္ကမဒေါသအစိပ္ပါယ်

ရှေးဦးစွာဆိုအပ်သောစကားနှင့် နောက်မှဆိုအပ်သော စကားတို့၏ အကြောင်းအကျိုး အစဉ်မှကင်းသော ဝါကျသည် အပက္ကမဒေါသသင့်သော ဝါကျမည်၏။

ဆောင် ။ ။ ရှေ့နောက်နှစ်ချက် အစဉ်ပျက် အပက္ကမဖြစ်ဒေါသ။

## ဂါထာပါပုံစံရှင်းလင်းချက်

ဤပုံစံ၌ ဘာဝနာနှင့်စည်းစိမ်, ဒါနနှင့်နတ်ပြည်ဖြစ်ခြင်း စသောအကျိုး၊ သီလနှင့်နိဗ္ဗာန် စိစဉ် ဆွဲစပ်ခြင်းသည် ဆိုရိုးအစဉ် အကြောင်းအကျိုးအစဉ်မှ ကင်းသောကြောင့် အပက္ကမ ဒေါသသင့်ပါသည်။

http://www.dhammadownload.com



## အပက္ကမဒေါသသင့်သောပုံစံအချို့

- ဘာဝနာ ဒါနသီလတရား အကျိုးများဖြင့် ခံစားရိပ်ငြိမ် စည်းစိမ်ဥစ္စာ နတ်ရွာနိဗ္ဗာန် ရမလွန်တည်း။
- နောက်ကျွန်းဥတ္တင် ရွှေ့ရပ်ခွင်မှာ ခုနစ်ရာ ထောင်, ငါး ရာ ထောင် တည်း, ယခေါင် မလွဲရှည်စမြဲတည်း။
- အရှင်၏ကျော်စောခြင်း၊ တန်ခိုးကြီးခြင်းတို့သည် နေလတို့နှင့်တူကုန်၏။
- ခွေးနှင့်ဆိတ်တို့သည် မြက်နှင့်အမဲသားကို အသီးသီး စားကြကုန်၏။
- တပို့တပေါင်း ရှေးနှောင်းအညီ လေးရက်စိမှတ် အန္တရဋ်ဟု–စသည်။

## ကာဗျဒသသဋ္ဌိပြသောပုံစံနှင့် သဘာဝအမှန်

- ဠိတံ နိမ္မာန သံဟရ၊ ဟေတဝေါဂဇဘ္ဘေတေ။
  သမ္ဘူတနာရာယ နမ္ဘောဇ၊ ယောနယော ပါလယန္တု ဝေါ။
- လောက၏တည်ခြင်း၊ ဖန်ဆင်းခြင်း၊ ဖျက်ဆီးခြင်းအကြောင်း ဖြစ်ကုန်သော ထိုမဟာဒေဝ ဗိဿနိုးဗြဟ္မာတို့သည် သင်တို့အား စောင့်ရှောင့်ပါစေကုန်သတည်း။

**သဘာဝအမှန်** = လောကကို ဗိဿနိုးကတည်၏။ ဗြဟ္မာကဖန်ဆင်း၏၊ မဟာဒေဝက ဖျက်ဆီး၏။

## ကမဒုတဒေါသနှင့် အပက္ကမတို့အထူး

- အမြင့်အယုတ် အကြီးအငယ် အများအနည်းစသော လောကဝေါဟာရအတိုင်း စဉ်သင့်ပါလျက် မစဉ်ခြင်းသည် ကမဒုတဒေါသ။
- ရှေ့စကား နောက်စကားအကျိုးအကြောင်း အစဉ်အတိုင်း မကျခြင်းသည် အပက္ကမ ဒေါသ။

ဆောင် ။ ။ * စဉ်ရှိုးလောက စဉ်မကျ မှတ်ကြကမဒု။
* ရှေ့နောက်ကြောင်းကျိုး အစဉ်ကျိုး မှတ်ရိုး ပက္ကမု။

* * * * *

http://www.dhammadownload.com



## (၁၀၀) ဘာဝနာ ဒါန –––– ပ –––– န သံသယော။

### အပဏ္ဏမဒေါသမှလွတ်မြောက်ပုံ

ဒါနနှင့်စည်းစိမ်၊ သီလနှင့်နတ်ပြည်၌ဖြစ်ခြင်း စသောအကျိုး၊ ဘာဝနာနှင့် နိဗ္ဗာန် ဤသို့ ဆိုရိုးအစဉ် အကြောင်းအကျိုး အစဉ်ကိုက်ညီသောကြောင့် အပဏ္ဏမဒေါသမှ လွတ်မြောက်ပါသည်။

### ကင်းလွတ်ပုံ ပုံစံအချို့

* ယခုဘဝ ပြုလုပ်ရသည့် ဒါနသီလ ဘာဝနာတို့ ဥစ္စာစည်းစိမ် ရိပ်ငြိမ်နတ်ဘုံ ရွှေဘုံနိဗ္ဗာန် ရအောင်ဖန်၏။
* ရှေ့ကျွန်း ဂေါရာ ဥတ္တရာတို့၊ ခုနစ်ရာ ထောင်, ငါး ရာ ထောင် တည့်။
* လောက၏တည်ခြင်း၊ ဖန်ဆင်းခြင်း၊ ဖျက်ဆီးခြင်း၏ အကြောင်းဖြစ်ကုန်သော ဗိဿနိုးဗြဟ္မာ မဟာဒေဝ တို့သည် – ။
* စိတ်စေတသိတ် ရုပ်နိမ် တို့မှာ, သိခြင်းမှီခြင်း၊ ဖေါက်ထွင်းထွက်ရာ, အာဝေဏိက ပြည့်ဝစုံစွာ သို့ဆိုက ကင်းထပဏ္ဏမာ။

မှတ်ချက် ။ ။ ဣဝဏ္ဏုဝဏ္ဏာ ဇုလာ, သုဘ်သည် ရှေ့နောက်အစဉ်တည့်သောကြောင့် အပဏ္ဏမဒေါသမှ ကင်းလွတ်သည်ဟု ဘာ–ဋီ ၌ဆိုသည်။

သဂ္ဂါဒိ၌ အာဒိဝန် = အာဒိဝန်ကားအသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသည်ယူ။

* * * * *

## (၁၀၁) ဥဒ္ဒိဋ္ဌဝိသယော –––––––––––ပ––––––––––– ဝိလယံနေ။

### အစဉ်မတည့်သော်လည်း အပဏ္ဏမဒေါသမသင့်ပုံ

ရှေးဦးစွာဆိုအပ်သော အနက်နှင့်နောက်ထပ်ဆိုအပ်သောအနက်သည် အစဉ်မကျသော်လည်း တစ်စုံ တစ်ရာ ထူးခြားချက်ကို ပေါ်ပြစရာရှိ၍ ရှေ့နောက်အစဉ် မတည့်ရာ၌ အပဏ္ဏမဒေါသမသင့်ပါ။

http://www.dhammadownload.com



ဆောင် ။ ။ * တစ်ခုတစ်ရာ ကျိုးရှိပါ၍ ရှေ့လာနောက်ထား ပြဆိုကြား လွတ်သွား ပက္ကမ။

* ရှေ့စကား၌ မှတ်သားဘွယ်ရာ အထူးသာလျှင် နောက်မှာရရှိ စဉ်ကျော်ဘိ ကင်း၏ ပက္ကမာ။

## ဤဂါထာ ဥဒ္ဒိဋ္ဌ – အနုဒ္ဒိဋ္ဌ အရ

* ရှေးဦးစွာ ညွှန်ပြအပ်သော အနက်သည် ဥဒ္ဒိဋ္ဌ။
* နောက်ထပ်ညွှန်ပြအပ်သော အနက်သည် အနုဒ္ဒိဋ္ဌ။

* * * * *

## (၁၀၂) ကုသလာကုသလံ ----------ပ---------- ပထမဒွယံ။

## ဂါထာပါပုံစံရှင်းလင်းချက်

ဤပုံစံ၌ အဗျာကတ၏ အကျိုးမပေးခြင်းနှင့် ကုသိုလ်အကုသိုလ်တို့၏ အကျိုးပေးပုံ ထူးခြားချက်ကို ပြလိုသောကြောင့် ရှေ့ဝါကျ၌ ကုသလ အကုသလ အဗျာကတဟုစဉ်ပြီး နောက်ဝါကျ၀ယ် အဗျာကတ ကုသလ အကုသလ ဟု ဆိုခြင်းသည် အစဉ်မတည့်သော်လည်း အပက္ကမ ဒေါသမသင့်ပါ။

## အနက်ထူးကို သိစေလိုရာ၌ အပက္ကမဒေါသမသင့်ကြ

ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေတေ ကုသလမူလာတိ – ဟူသော ပုဗ္ဗဝါကျ၌၊ ကုသလာ ဓမ္မာကို ရှေး၊ ကုသလမူလာကို နောက်ထား၍ တိဆေ၀ ကုသလာမူလာနိ၊ အ၀သေသာကုသလာ ဓမ္မာ၊ နကုသလမူလာ–ဟူသော အဖြေဝါကျ၌ ကုသလဓမ္မနှင့် ကုသလမူလအထူးကို ပြလို သောကြောင့် ကုသလမူလကိုရှေး၊ ကုသလ ဓမ္မကို နောက်ထားခြင်းသည်– အပက္ကမဒေါသ မသင့်ပါ။

* * * * *

http://www.dhammadownload.com



(၆၁) ပူဇနီယတရော ----------ပ---------- သမုဒိတာ အဟုံ။

## ၂။ ဩစိတျဟီနဒေါသအဓိပ္ပါယ် (အင်္ဂါများ)

၁။ မိမိဂုဏ်ကို မိမိပလွှား ဝါကြွား လေထွား ပြောဆိုခြင်း။

၂။ နှုတ်အပြောနှင့် ကိုယ်အလုပ် မကိုက်ညီခြင်း။

၃။ ရှေ့နောက်မညီညွှတ် တိမ်းပါးချွတ်ချော်သော စကားကို ပြောဆိုခြင်း။

၄။ အသင့်ယုတ္တိမရှိသော စကားကို ပြောဆိုခြင်းတို့ကြောင့် သင့်ရောက်သောအပြစ်သည် ဩစိတျ ဟီနဒေါသမည်၏။

ဆောင် ။ ။ ရှေ့ပြုနောက်ပြု ကိုယ်နှုတ်မှုတို့ နှစ်ခုမလျော် ကိုယ့်ဂုဏ်ဖေါ် မှည့်ခေါ် ဩစိတျဟီနက။

## ဂါထာပါပုံစံရှင်းလင်းချက်

ဤပူဇနီယတရောလောကေ – စသောပုံစံ၌ ဂုဏ်ဟူသမျှတို့ ငါ့မှာအားလုံး စုနေသောကြောင့် ငါသည်အမြဲ ပူဇော်အခံထိုက်ဆုံး ဖြစ်သည်ဟုဆိုခြင်းသည် ကိုယ့်ကိုယ်ကို ချီးမြှောက်လွန်းရာ (ကြွားလွန်းရာ) ရောက်သောကြောင့် ဩစိတျဟီန ဒေါသသင့်ပါသည်။

မှတ်ချက် ။ ။ အကြွားလွန်ကဲသောကြောင့် အတိဝုတ္တဝါကျလည်း ဖြစ်နိုင်ပါ၏။

## ဩစိတျ ဟီနဒေါသသင့်သောပုံစံအချို့

* တစ်မိုးလုံးအောက် ငါတစ်ယောက်၌ စုရောက်ဂုဏ်ပေါင်း ပြည့်နှက်အောင်း၏။
* သောင်းသောင်းဖြဖြ ပူဇော်ကြရန် ငါသာတန်သည်ကဲလွန်ဂုဏ်ထူးရှင်ပေမို့။
* သည်လောကတွင် ပညာရှင် ငါလျှင်ဖြစ်သတတ်။
* ငါနှင့်ငါသာနိုင်းစရာတည်း။
* မိုးထက်မိုးပြင် မိုးတစ်ခွင်ဝယ် နတ်မယ်တမျှ နတ်မက သည်,အလှကြာ ဝတ်နေတို့လော။
* ချစ်ခဲ့သမျှ နှစ်ကာလ သချီသချာ ကြာခဲ့ပြီ။
* စကားခွန်းစ မျှော်ပါရသည် ကမ္ဘာ့ကမ္ဘာ ကြာခဲ့ပြီ။
* ခါချဉ်ကောင် မာန်သီးလို့ တောင်ကြီးဖြိုမယ်ကြံ ခါးကမသန်။
* ရာဟုဖမ်း၍ ညှိုးနွမ်းမကြည် နေမင်းသည်လျှင် ချမ်းကြည်အေးမြ မပါစေ။

* * * * *

http://www.dhammadownload.com



(၆၂) ယာစိတောဟံ ----------ပ---------- ဟာဒယံ မမ။

## ဤဂါထာရှေ့နောက်အညီ စကားမပီသောကြောင့် ဩစိတျဟီနသင့်ပုံ ရှင်းလင်းချက်

ဤဂါထာစကား၌ အသက်ကိုပင် ပေးလှူမည်ဟူသော ရှေ့စကားနှင့် အသက်မကြီးကျယ်သေးသော သားသမီး ကို လှူရသောကြောင့် စိတ်နလုံးတုန်လှုပ်၏ဟူသော နောက်စကားသည် ရှေ့နောက်မညီသောကြောင့် ဩစိတျဟီန ဒေါသသင့်ပါသည်။

## ရှေ့နောက်မညီသောပုံစံအချို့

* ရွှေလသာ မှောင်မိုက်ထဲ ဖန်ဂတုံးနဲ့ ရောင်ကြီးမွေ။ * နောက်လိုက်တွေမိုလ်ခြေနှင့် ရွှေကိုယ်တော် တစ်ယောက်တည်း၊ * မြင်းစီးလို့ ခြေလျှင်လာ။
* ဝါးနဲ့ထိုး ဝါးကျိုးပါလို့ လှံမှာခွေ၊ ပျိုတို့မောင် ရွှေရောင်ငိုက် ဖြုတ်ကိုက်မှသေ။
* ရန်သူမတွေ့မီကြိုးဝါး၍ တွေ့သော် ပုန်းရှောင်သူ။
* ဆွေမျိုးချင်း နီးလျှင် တကျက်ကျက် ဝေးလျှင်တသက်သက်။
* ကျွန်တော်ပါရှင်၊ ကျွန်မပါခင်ဗျား။
* ရေမရှိမြစ်လယ်ခေါင်၊ နမမရှိ သုံးယောက်မောင်၊ ထင်းမရှိ တောသုံးတောင် – စသည်

## အတိဝုတ္တဒေါသနှင့် ဩစိတျဟီနဒေါသအထူး

* အတိဝုတ္တ ဒေါသ၌ သူတစ်ပါးအတွက် အလွန်ပြောခြင်း။ (ကြွားခြင်း) ဖြစ်၏။
* ဩစိတျဟီနကား မိမိဂုဏ်ကို ချီးမွမ်းခြင်း၊ (ကြွားခြင်း) ဖြစ်၏။ ဤသို့ထူး။

ဆောင် ။ ။ * သူများအတွက် အပိုစွက် ကြွားချက်တိဝုတ္တ။
* ကိုယ့်ဂုဏ်ကိုယ်ဖော် ကြွားလေသော် ခေါ်ဝေါ်ဩစိတျ။

* * * * *

(၁၀၃) သဂုဏာ ----------ပ---------- ဘူတတ္တ သံသိနာ။

## အကျိုးရှိရာမှာ ဂုဏ်ဖော်ပါ

နားထောင်သူများ အကျိုးပွါးမည့် အကြောင်းရှိခဲ့သော် ဟုတ်မှန်ထင်ရှားသော မိမိဂုဏ်ကို ထုတ်ဖော် ပြောဆိုက ဩစိတျ ဟီန ဒေါသအပြစ်မရှိပါ။ (ဤဂါထာကိုထောက်၍သိအပ်၏။)

http://www.dhammadownload.com



ဆောင် ။ ။ ဟုတ်မှန်အယူ ဆိုတတ်သူ ကြောင်းမူရှိသောခါ ကိုယ့်ဂုဏ်ဖော်ပြ စိတ္တဟိနကင်းသည်သာ။

## ဩစိတ္တဟိနဒေါသမသင့်သောပုံစံများ

* နမေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။
  သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။
* ပညာသိဝ္ဂ ပြည့်ဝစုံပါ မယုံရိုက စမ်းကြခါခါ၊
  သီလဂုဏ်လည်း မည်းညစ်ကင်းကွာ၊ ငါစွပ်စွဲ မလွဲအပါယ်ရွာ။

မှတ်ချက် ။ ။ ဤပုံစံတို့၌ ပြောဆိုသင့်သောအရာဝယ် ပြောဆိုခြင်းကြောင့် ဩစိတ္တဟိနဒေါသမှ လွတ်ပါသည်။

* ရေ၌ပေါက်သော ပဒုမ္မာကြာပန်းသည် ရေနှင့်မရော။
* လောက၌ မီးရှူးသန့်စင် ဖွားမြင်သောဘုရားသည် လောကနှင့်မရော။
* ရွှေလသာ ဝါဝါဝင်း၊ ဖလ်ဂတုံးနဲ့ ဘုန်းကြီးတွေ၊ *နောက်လိုက်တွေ မိုလ်ခြေနှင့် ရွှေကိုယ်တော် ထွက်လာပြန် မြင်းစီးလို့အပြန်။
* အစကောင်းမှ အနှောင်းသေချာသည်။
* နဂိုရ်ရှိမှ နဂိုဏ်းထွက်သည်။ * အရင်းကြီးမှ အမြတ်အစွန်းကြီးပွားသည်။
* အရင်းလဲက အဖျားထင်းဖြစ်သည်။
* ကြေးမရှားပဲ ကျောင်းဆောက်သည်။ – စသည်

မှတ်ချက် ။ ။ ဤစကားရပ်တို့၌လည်း ရှေ့နောက်အသင့် ယုတ္တိရှိသောကြောင့် ဩစိတ္တ ဟိနဒေါသမှ လွတ်ပါသည်။

## ဤဂါထာ၌ ဥစိတ စသည်အရ

(က) ဥစိတအရ = မှတ်ယူအပ်သော စကားစသည်ရ၏။
(ခ) ဩစိတ္တအရ = မှတ်ယူအပ်သော စကား၏ဖြစ်ကြောင်း သဘာဝရ၏။
(ဂ) ဩစိတ္တဟိနအရ = မှတ်ယူအပ်သော အကြောင်းမှကင်းသော စကားရ၏။
(ဃ) ဩစိတ္တ ဟိနတာအရ = ဩစိတ္တဟိနဒေါသရ၏။
(င) ဩစိတ္တဟိနတာပတ္တိအရ = ဩစိတ္တဟိနဒေါသသို့ ရောက်ခြင်းကြိယာရ၏။

* * * * *

http://www.dhammadownload.com



(၁၀၄ – ၅) ဩစိတျံနာမ ----------ပ---------- သိယာ ကတော။

## ဩစိတျံနာမစသည်ဖြင့် သိစေချက်

ဩစိတျံနာမ ---- ပ ---- အာဒရာ နစ်ပါဒဖြင့် ဩစိတျဂုဏ်ကိုသိအောင်ပြု အပ်၏ဟု တိုက်တွန်းချက် ဥယျောဇဉ်ကို သိစေပါသည်။

## ဤဩစိတျအရာ၌ မှတ်သားဘွယ်

၁။ မိမိဂုဏ်ကျေးဇူးကို အကျိုးထူးမရှိလျှင် မဖေါ်ပြရ၊

၂။ ရှေ့စကားနှင့် နောက်စကား အပြောနှင့်အလုပ်ကို ညီစေရမည်၊ သို့မှသာ ဒေါသမှ လွတ်၏။

ဤဩစိတျဒေါသကို ကလေးကစသိကြ၍ ကိုယ့်ဂုဏ်ကိုမဖေါ်ပြသင့်ပဲ ဖေါ်ပြလျှင် ကိုယ့်အမည်ကိုယ်ဖေါ် မသူတော် ခုနစ်ပါးထဲကလူပဲဟု အပြောခံရတတ်ပေသည်။

* * * * *

(၁၀၆) ယောမာရသေန ----------ပ---------- ဇယ်စိနော။

## ဩစိတျဟီနဒေါသမှ လွတ်မြောက်ပုံ

ဤဂါထာ၌ အာသန္နဝိဇယုဿဝဘွဲ့ထူးရ၍ ကိုယ်တွင်းမာန်လေးပါးကို အောင်တော်မူလတ့်သော မြတ်စွာဘုရားသည် သာမာန်ပြင်ပရန်ဖြစ်သော မာနတ်စစ်တပ်ကို မြက်မှိုက်လောက်မျှ မအောက်မေ့ဟူသော စကားသည် အသင့်ယုတ္တိရှိသောကြောင့် ဩစိတျဟီန ဒေါသမှ လွတ်မြောက်ပါသည်။

## ဤစကား၌ ရနိုင်သော ဂုဏ် အလင်္ကာ ရသ

ဤစကားသည် ဩစိတျဂုဏ် ကန္တိဂုဏ်မြောက်၍ ရုဋ္ဌာဟင်္ကာရ အလင်္ကာနှင့် ပြည့်စုံပြီး၊ ယုဒ္ဓဝီရ ရသနှင့်လည်း ပြည့်စုံသည်။

ထိုရန်သူအပေါင်းကို အောင်မြင်ကာနီးဖြစ်သော မြတ်စွာဘုရားသည် သင်တို့အား အောင်ဆုကို ပေးပါစေ သတည်း တူသော စကားသည်လည်း အသင်ယုတ္တိရှိသောကြောင့် ဩစိတျ ဟီနဒေါသမှ လွတ်မြောက်ပါသည်။

ဤစကားသည်လည်း ဩစိတျဂုဏ် ကန္တိဂုဏ်မြောက်၍ အာသိအလင်္ကာနှင့် ပြည့်စုံပါသည်၊

* * * * *

http://www.dhammadownload.com



(၆၃) ဣတ္ထိနံ ----------ပ---------- ကုလမိုစ။

## ၃။ ဝါကျတ္တ ဘဂ္ဂရိတိဒေါသအဓိပ္ပါယ်

ကျိုးပျက်သော ဝိဘတ်အနက် အစဉ်ရှိသော ဒေါသသည် ဝါကျတ္တဘဂ္ဂရိတိ ဒေါသမည်၏။

ဆောင် ။ ။ နာမ်ဝိဘတ္တိ စဉ်ပျက်ဘိ ရီတိဘဂ္ဂ ဝါကျတ္တ။

## ဂါထာပါပုံစံရှင်းလင်းချက်

ဤဂါထာ၌ ဣတ္ထိနံ ဒုဇ္ဇနာနံဟူ၍ သမ္ဗန်အနက်၌သက်သော ဆဋ္ဌီဝိဘတ်ကိုဆိုပြီးမှ ဝိသေသိဂ်ီမို စသည်ဖြင့် အာဓာရအနက်၌သက်သော သတ္တမီဝိဘတ်ကို ဆိုခြင်းသည် နာမ်ဝိဘတ်အနက် အစဉ်ပျက်သောကြောင့် ဝါကျတ္တဘဂ္ဂရိတိ ဒေါသသင့်ပါသည်။

ဤဂါထာ၌ စ နိပါတ်ပုဒ်ကို ဣတ္ထိနံဟူသော အစပုဒ်၌လည်း မထိုင်စေပဲ ဒုဇ္ဇနာနဉ္စ ဟူသော အလည်ပုဒ် ရာဇကုလမို့စ ဟူသောအဆုံးပုဒ်တို့၌သာ ထိုင်စေ၍ သဒ္ဒါအစီအစဉ်ပျက်သောကြောင့် (သဒ္ဒ) ဝါကျဘဂ္ဂရိတိ ဒေါသသင့်ပါသည်။

## စ သဒ္ဒါထားရပုံ စည်းကမ်းနှင့်ဒေါသ

၁။ အစပုဒ်အဆုံး၌သော်လည်းကောင်း၊

၂။ နောက်ဆုံးပုဒ် အဆုံး၌သော်လည်းကောင်း၊

၃။ ပုဒ်တိုင်းပုဒ်တိုင်း၏ အဆုံး၌သော်လည်းကောင်း ယှဉ်စပ်ထားရပါသည်။

ဆောင် ။ ။ အစအဆုံး ပုဒ်အားလုံး စွဲသုံး စ သဒ္ဒါ။

* ဤစည်းကမ်းချက် သုံးချက်တို့တွင် တစ်ချက်ချက်နှင့် မညီခဲ့သော (သဒ္ဒ) ဝါကျဘဂ္ဂရိတိ ဒေါသသင့်၏။

## ဝါကျတ္တ ဘဂ္ဂရိတိ ဒေါသသင့်သော ပုံစံအချို့

* လူ့သေလူ့ယုတ် ဒုသီလ်နွား မိန်းမများအား လားလား ခင်မင် ကျွမ်းမဝင်နှင့်၊ အလျှင် ထန်စီး မြစ်ကြီးကိုရှောင် သားကောင်ချိုပါ ရောဂါဆိုက တွေ့သမျှကို မကျွမ်းလိုနှင့်။

http://www.dhammadownload.com



* ကိုယ့်ကြောင့် သူကြောင့် ဘယ်သူကြောင့်ဟု စိုးနှောင့်ဆင့်ဆင့် မယားဖြင့်လည်း အေးခွင့် မပြိုး သမီးနှင့်သား စီးပွားတို့၌ စိတ်အိုက်မသာ ပူဆာသောက များပါဒဟု။
* ငယ်မယား၏ ကြင်သားအလိုက် ကြီးပေါင်း၌လည်း နှစ်ခြိုက်သက်ပုံ ကြင်မောတုံ့ရှင်။
* အမေ၌လည်း ရှိသေ၊ အဖေ့အားလည်းရှိသေ၊ ဘိုးဘွားကိုလည်းရှိသေ။
* ဆိလည်းရှိသည်၊ ဆားရှိသည်၊ ဆန်လည်းရှိသည်။
* ဘေးလည်းနန်းရိုး ရွှေနန်းစိုး၏၊ ဘိုးလည်းနတ်ရှင် ဘခင်မင်းခေါင် ဘုန်းစက်ရောင်ဖြင့် ပြည်ထောင်အလုံး တုတ်ခွန်ကျုံး၏။
* ဂေါ်ဝတ်မွှေးရည် သင်းတော့သည်နှင့် တိမ်နီလာခြံ – စသည်။

## အသတ်မညီလင့် ဘဂ္ဂရီသင့်

ည သတ်နှင့် န သတ်, တ သတ်နှင့် ပ သတ်, န သတ်နှင့် မ သတ်တို့ကို ယှဉ်စပ်၍ဆိုခြင်း သည်လည်း ဘဂ္ဂရီတိဒေါသသင့်၏။

* * * * *

## (၁၀၇) အာရဒ္ဓကဏ္ဍ ––––––––––ပ–––––––––– က္ခာပိ ဝိန္ဒတိ

## အတိက္ကမနလယ်ဏေဖြင့် သိစေအပ်သော အနက်

ဒွိပဋိသေဓော ပကတျတ္တော – ပဋိသေဓ နှစ်ချက်ပြက ပကတိအနက် ထွက်မြဲဟူသည် နှင့်အညီ– အတိက္က မန လယ်နဟု ခုန်ကျော်ခြင်း အနက်နှစ်ခုကို ပြသဖြင့် မခုန်ကျော်ခြင်း ဟူသော ပကတိအနက်ကိုပင် ပြန်ရသည်ဟု သိစေ၏။

* * * * *

## (၁၀၈) သုဇနေညာန ––––––––––ပ–––––––––– ကုလသသေ။

## ဘဂ္ဂရီတိဒေါသမှ လွတ်မြောက်ပုံ

ဤဂါထာ၌ သုဇနေညာနံ ဣတ္ထိနံ စသည်ဖြင့် ဆဋ္ဌီဝိဘတ်၏ သမ္ဗန်အနက်ချည်း စိစဉ်၍ ပြသောကြောင့် အတ္တ ဘဂ္ဂရီတိ ဒေါသမှ ကင်းလွတ်ပါသည်။

ဆောင် ။ ။ အာထုတ်အပ်စဉ် မကျိုးလျှင် ကင်းစင် ပြစ်ဘဂ္ဂ။

http://www.dhammadownload.com



စသဒ္ဒါကိုလည်း ရာဇကေုလဿစဟု အဆုံးတစ်နေရာ၌သာ အန္တဒီပကနည်းအားဖြင့် ထားသောကြောင့် သဒ္ဒ (ဝါကျ) ဘဂ္ဂရီတိဒေါသမှ လည်းလွတ်ပါသည်။

* * * * *

(၁၀၉) ဘေသဇ္ဇေ ----------ပ---------- သ ဂုဏောပိစ။

## သတ္တမီအနက်ဖြင့် ဘဂ္ဂရီတိဒေါသမှ လွတ်မြောက်ပုံ

ဤဂါထာ၌ ဘေသဇ္ဇေ ဝိဟိတေ စသည်ဖြင့် သတ္တမီဝိဘတ်၏ အဓိကရဏ အနက်ချည်း စိစဉ်၍ပြသောကြောင့် အတ္ထဘဂ္ဂရီတိဒေါသမှ လွတ်ပါသည်။

စသဒ္ဒါကို သဂုဏော ပိစ ဟု အဆုံးတစ်နေရာ၌သာ အန္တဒီပကနည်းအားဖြင့် ထားသောကြောင့် သဒ္ဒ(ဝါကျ) ဘဂ္ဂရီတိဒေါသမှ လွတ်ပါသည်။

## ဝိဘတ်နှစ်မျိုး ပုံစံအချို့

ဒေါသခန်း၌ ဆဋ္ဌီ သတ္တမီ အစီအစဉ်နှစ်မျိုးပျက်ပုံကို ပြသောကြောင့် ဤပရိဟာရ အခန်း၌လည်း ဆဋ္ဌီအနက် အစီအစဉ်မပျက်ပုံ၊ သတ္တမီအနက် အစီအစဉ်မပျက်ပုံ ဥဒါဟရဏ် နှစ်မျိုးကို ပြသည်။

## ဝါကျဘဂ္ဂရီတိ ဝါကျတ္ထ ဘဂ္ဂရီတိ အထူး

- ဝါကျတစ်ခုစီ တစ်ခုစီ၌ သဒ္ဒါ၏အစဉ်ပျက်ခြင်းသည် ဝါကျဘဂ္ဂရီတိ ဒေါသ။
- ဝါကျအများကို တပေါင်းတည်းဆိုရာ၌ အနက်အဓိပ္ပါယ် အစဉ်ပျက်ခြင်းသည် ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ။

ဆောင် ။ ။ * ဝါကျတစ်မှာ စဉ်ပျက်ပါက ဝါကျဘဂ္ဂရီ ခေါ်တွင်သည်။
* ဝါကျများမှာ စဉ်ပျက်ပါက ဝါကျတ္ထဘဂ္ဂရီတိ ခေါ်ဟွင်သည်။

## တနည်းအထူး

- ရှေးဦးအစ ပထမဆိုအပ်သော ပုဒ်တာတ်ပစ္စည်းတို့နှင့် နောပ်ထပ်ဆိုအပ်သော ပုဒ်တာတ်ပစ္စည်းတို့ မညီညွတ်ခြင်း အစဉ်ပျက်ခြင်းကြောင့် သင့်သောဒေါသသည် ဝါကျဘဂ္ဂရီတိ ဒေါသ။

http://www.dhammadownload.com



* ရှေးဦးအစ ပထမဆိုအပ်သော ကတ္တား ကံ စသော ဝိဘတ်အနက်နှင့် နောက်ထပ်ဆိုအပ်သော ကတ္တား ကံ စသော ဝိဘတ်အနက်တို့ မညီညွတ်ခြင်း၊ အစဉ်ကျိုးပျက်ခြင်းကြောင့် သင့်သော ဒေါသသည် ဝါကျဂတ္တ ဘဂ္ဂရီတိဒေါသ၊ ဤသို့ထူး၏။

ဆောင် ။ ။ * ပုဒ်ပစ္စည်းစာတတ် စဉ်ကျိုးပြက် သင့်လတ်ဝါကျ ရီတိတည်း။
* ဝိဘတ်အနက် အစဉ်ပျက် သင့်ချက် အတ္တရီတိတည်း။

မှတ်ချက် ။ ။ ကမစ္စုတ အပက္ကမ ဝါကျဘဂ္ဂရီတိ – ၄ –မျိုးတို့၏ အထူးကိုရေးပါဟု မေးလျှင်လည်း ဆိုခဲ့ပြီးသည့်အတိုင်း ၄မျိုးပေါင်း၍ ရေးရန်သာ ဖြစ်သည်။

* * * * *

(၆၄) မုနိန္ဒ စန္ဒိမာ ----------ပ---------- ပိဋကတော။

## ၄။ သသံသယဒေါသအဓိပ္ပါယ်

တစ်ပုဒ်တည်း၌ အနက်နှစ်ချက် ထွက်သည်ဖြစ်၍ ယုံမှားခြင်းရှိသော ဝါကျသည် သသံသယ ဒေါသမည်၏။

ဆောင် ။ ။ ယုံမှားဖို့ရန် နက်ပါပြန် သသံသယ ဖြစ်ဒေါသ။

## ဂါထာပါပုံစံရှင်းလင်းချက်

ဤပုံစံ၌ ဂေါသဒ္ဒါသည် ရောင်ခြည်တော်ဟူသော အနက်၊ နွားဟူသော အနက်ကို ဟော၏။ ထိုတွင် ရောင်ခြည်ဟူသော အနက်၌ မထင်ရှား၊ နွားဟူသော အနက်၌သာ ထင်ရှား၍၊ နွားကိုမြင်သောကြောင့် နစ်သက် ရွှင်လန်း ဝမ်းမြောက်လေသလားဟုယုံမှားဘွယ်ရှိသောကြောင့် သသံသယဒေါသသင့်ပါသည်။

## သသံသယဒေါသသင့်သောပုံစံအချို့

* ကြွံကြွံတင်တင် ဘေးကိုမြင်သော် အိမ်တွင်ထားရန် သူစိမ်၏။
* သားနှင့်သမီး ချစ်ဇနီးတို့ ဘေးကြီးရန်ကွာ တားဆီးပါအံ့။
* ဝန်ကြီးချုပ်သည် သဘောပေါ်၌ အစွမ်းကုန် သန့်ရှင်းရန် တရားဟော၏။

http://www.dhammadownload.com



* ဤသို့ကျင့်လမ်း မဂ်စခန်းကို ရဟန်းတကာ ကျင့်မြဲသာတည်း။
* အချက်မသိတော့ သားမက်သူခိုးထင်၊ ငှက်မသိတော့ ဆက်ရက်ဂျိုးထင်၊ အဆက်မသိတော့ လက်အကျိုးထင်။
* တွေဝေညှိုးငယ် မျက်စိလည်၍ ပြင်ကျယ်မြစ်ထဲ ကူးနိုင်ခဲသား ဆင်းရဲယောကျ်ားလှေသမားလည်း မားမားမလှုပ် ကျွန်းမြိုင်အုပ်ကို မှိုးချုပ်လုနီး နေဝင်ပြီးမှ သီးသီးခြားခြားတွေ့မြင်ကြား၍ ဝမ်းပါးတာသာ။
* ခွေးဖြူတောမတိုး * ကြောင်ကိုမြင်သော် လိုချင်၏။
* ချစ်ခြင်း ခင်ခြင်း မကင်းခဲ့ပါ၊ ဆက်ဆံပေါင်းသင်း မယွင်းရှည်ကြာ။ လည်ချင်းတွဲလို့ နွဲ့တဲ့သူပါ၊ သို့ဆိုက ဒေါသသံသယာ။
* အလွမ်းတွေ ဝေမယူချင်ပါနဲ့ * မဖောက်ထုံးရောင်းသည်။ စသည်–

* * * * *

(၁၁၀) မုနိန္ဒ စန္ဒိမာ ----------ပ---------- ပီဏိတော။

## သံသံသယဒေါသမှ လွတ်မြောက်ပုံ

ဤဂါထာ၌ အရောင်အနက်ကို ဟောကြောင်း ထင်ရှားသော ရုံသိသဒ္ဒါကိုဆိုသောကြောင့် သသံသယဒေါသမှ ကင်းလွတ်ပါသည်။

## သသံသယဒေါသလွတ်ရန်ပြင်ပုံ

* ဝန်ကြီးချုပ်သည် အစွမ်းကုန် သန့်ရှင်းရန် သဘောပေါ်၌ တရားဟော၏။
* ဤသို့ ကျင့်လမ်း မဂ်စခန်းကို ရဟန်းများစွာ ကျင့်မြဲသာတည်း။
* တွေဝေညှိုးငယ် မျက်စိလယ်၍ ပြင်ကျယ်မြစ်ထဲ ကူးနိုင်ခဲသား ဆင်းရဲယောကျ်ားလှေသမားလည်း မားမားပေါ်လွင် မြေကျွန်းခွင်ကို နေဝင်လုနီး မှိုးချုပ်ပြီးမှ သီးသီးခြားခြား တွေ့မြင်ကြား၍ ဝမ်းပါးတာသာ။
* ဖြူတော ခွေး မတိုးဝံ့။ * အလွမ်းတွေ ဝေပြီး မယူချင်ပါနဲ့။
* မဖောက်ရသေး သောထုံး ရောင်းသည်။
* မေတ္တာဆက်နှင်း ချစ်ခြင်းဖြင့်သာ ဆက်ဆံပေါင်းသင်း မယွင်းရှည်ကြာ။ လည်ချင်းတွဲလို့ နွဲ့တဲ့သူပါ၊ သို့ဆိုက ကင်း ထ သံသယာ – စသည်။

* * * * *

http://www.dhammadownload.com



(၁၁၁) သံသယာ ယေဝ ----------ပ---------- သမပ္ပိတော။

## ယုံမှားစရာရှိတိုင်း သသံသယဒေါသမသင့်

၁။ ကီဠာ = စကားထာဝှက်တမ်း ကစားသောအားဖြင့် ပျော်ရွှင် မြူးတူးခြင်း။
၂။ အာကိဏ္ဏသမ္ဘန္တ = လူပြွန်းသောအရပ်၌ တိုင်ပင်နှီးနှော ပြောဆိုခြင်း။
၃။ ပရမဗျာမောဟန = သူတပါးကို ပြင်းစွာ တွေဝေစေလိုခြင်း။

ဤအကြောင်း သုံးပါးကြောင့် သူတပါးတို့ ယုံမှားသံသယဖြစ်အောင် တမင်ကလာ စီကုံးရေးသားလျှင် သသံသယ ဒေါသမသင့်ပါ။

ဆောင် ။ ။ ကီဠာ မန္တန ဗျာမောဟ သုံးဝကြောင်းဖြင့်သာ၊
သသံသယ ယှဉ်တုံက ကင်း ထ ယင်း ဒေါသာ။

* * * * *

(၁၁၂) ယာတေ ဒုတိယ ----------ပ---------- မဇ္ဈာယနာဒိနာ။

## ဤဂါထာ၌ သသံသယ ဒေါသမသင့်ပုံ

ဤဂါထာ၌ ဂရုသဒ္ဒါသည် ကောဇကြာသပတေးဂြိုလ်ဟူသော အနက်၊ ပညာသင်ပေးသော ဆရာဟူသော အနက် နှစ်မျိုးကိုဟော၏။

နိလယသဒ္ဒါသည်လည်း နေရာအိမ်ဟူသော အနက်၊ ရာသီဟူသော အနက်နှစ်မျိုးကိုဟော၏။ ဤသို့ ဆရာအနက်၌ ယုံမှား သံသယဖြစ်စေနိုင်သော ဂရုသဒ္ဒါ၊ နေအိမ်အနက်၌ ယုံမှားသံသယ ဖြစ်စေနိုင်သော နိလယသဒ္ဒါဖြင့် တမင်ကလာ ယုံမှား သံသယဖြစ်အောင် စီကုံးအပ်သော ဝဋ္ဋိတာပဟေဠိ ဖြစ်သောကြောင့် သသံသယဒေါသမှ ကင်းလွတ်ပါသည်။

* * * * *

(၆၅) ဝါကျတ္ထတော ----------ပ---------- ပဉ္စဓာန ဝိဿမိ။

## ၅။ ဝါကျတ္ထ ဂါမ္မဒေါသအစိပ္ပါယ်

ဝါကျအနက်အားဖြင့် မကောင်းသဖြင့် သိအပ်သော အနက်ကိုပြသောဝါကျသည် ဂါမ္မဒေါသသင့်သော ဝါကျမည်၏။

ဆောင် ။ ။ ဝါကျလုံးဝယ် တစ်သွယ်အကောင်း မကောင်းအနက် နှစ်ချက်ထွက်
မှတ်ချက် ဂါမ္မ ဝါကျတ္ထ။

http://www.dhammadownload.com



## ဂါထာပါ ပေါ်သောစသော စကားရပ်၌ ဂါမ္မဒေါသသင့်ပုံ

ဤပုံစံ၌ ရဲစွမ်းသတ္တိရှိသော ယောက်ျားသည် (ရဲစွမ်းသတ္တိရှိသောကြောင့် – ဝါ – အားကောင်းသောကြောင့်ပင်) ရန်သူကို သတ်ပြီး၍ မောပန်းခြင်းမရှိ ဟုဆိုလျှင် ရိုင်းပြသော စကားရပ်မပါသောကြောင့် ဝါကျတ္တဂါမ္မ ဒေါသမသင့်ပါ။

များစွာသတ်သွေးရှိသော ယောက်ျားသည် (သတ်အားကောင်းသောကြောင့်ပင်) အလွန်အကျူး ကာမသွားလာပြီး၍ မောပန်းခြင်း မရှိဟုဆိုလျှင်ကား လူကောင်းသူကောင်းတို့ မကြားကောင်း မနာသာ အလွန်ရိုင်း ပြသော စကားဖြစ်သောကြောင့် ဝါကျတ္တ ဂါမ္မ ဒေါသသင့်ပါသည်။

## ဂါမ္မဒေါသသင့်သောပုံစံအချို့

* ယောက်ျားတို့အား စွမ်းပကားနှင့် မယားအတွက် လုပ်နိုင်လျက်သား။
* ညဉ့်ခါကာလ လုံးကြွ၍သာ ဖြာဖြာစီးစီး သက်ကြီးရှိက်ကာ၊ မျက်တောင်စင်းစင်း ရိုးတွင်းစိမ့်လာ သို့ဆိုက ဂါမ္မပြစ်ဒေါသာ–စသည်။

မှတ်ချက် ။ ။ ယောက်ျားတို့အား– စသောစကားရပ်၌ စွမ်းပကားဟူသော စကားအရ စီးပွားရှာခြင်း – ဟူသော ပကတေ့သောအားအင်ကို ယူလျှင် သင့်မြတ်၍ ဒေါသမသင့်ပါ၊ ကာမဂုဏ်၌ စွမ်းနိုင်သောအားအင်ကိုယူသော် ရိုင်းပြသောကြောင့် ဂါမ္မဒေါသသင့်ပါသည်။

## ဝါကျတ္တ ဂါမ္မဒေါသ၌ သုတ်ကိုဖေါ်ပြရပုံ

ဂါမ္မဒေါသ၌ နာမည်ကြားရုံမျှဖြင့် အနက်ကို မသိနိုင်သောကြောင့် ဝါကျတ္တတော ဒုပ္ပတီတိ ကရံဂါမ္မံ မတံ–ဟု (လက္ခဏ) သုတ်ကို ဖေါ်ပြရခြင်းဖြစ်ပါသည်။

ဆောင် ။ ။ အနွတ္တအား မထင်ရှား ရေးသားလက္ခဏ။

## ဂါမ္မဒေါသ ၂ ပါးအထူး

❋ မကောင်းသောအနက် တစ်မျိုးတည်းသာထွက်သော ဝါကျ၌ ပါသောပုဒ်သည် ဝါကျဂါမ္မ ဒေါသမည်၏။

http://www.dhammadownload.com



❋ သင့်လျော်သောအနက်ကို ဟောငြားသော်လည်း မသင့်လျော်သောအနက်ကို ဟောလိမ့်မည်ဟူ၍ မှတ်ထင် ရသောဝါကျ၌ ပါသောပုဒ်သည် ဝါကျတ္ထ ဂါမ္မ ဒေါသမည်၏။

* * * * *

## (၁၁၃) သုဘဂါ ဘဂိဏီ —— ပ —— သကလေဟိပိ။

## ဝါကျတ္ထ ဂါမ္မ ဒေါသမသင့်ပုံ

(သုဘဂါ – ကောင်းသော အင်္ဂါဇာတ်ရှိသော အမျိုးသမီး၊ ဘဂိနီ – အင်္ဂါဇာတ်ရှိသူ၊ ဤသို့ သဒ္ဒတ္ထ အနက် ရှိသော်လည်း) သုဘဂါ – လုပတင့်တယ်ဟူသော ဝေါဟာရတ္ထ ပြောရိုးအနက်သာလျှင် ထင်ရှားသောကြောင့် လည်းကောင်း၊ ဘဂိနီသဒ္ဒါသည်လည်း နှမ အစ်မဟူသော ဝေါဟာရတ္ထသာလျှင် ထင်ရှားသောကြောင့် လည်းကောင်း၊ ယဉ်ကျေးသော အသုံးအနှုန်းဖြစ်၍ ဂါမ္မဒေါသမသင့်တော့ပါ။

## အလားတူ ဒေါသမသင့်သော ပုံစံအချို့နှင့် အကြောင်းပြချက်

* တလဂါတကေ ပါစိတ္တိယံ – * ဇတုမဋ္ဌကေ ပါစိတ္တိယံ၊

မှတ်ချက် ။ ။ ဤပါဠိတော်များသည် ကရုဏာပြဋ္ဌာန်း၍ ဘုရားရှင်ဟောကြားတော်မူသောကြောင့် ဂါမ္မ ဒေါသမသင့်ပါ။

* မျက်နှာပွင့်လန်း ရွှေပန်းဆင်ကာ တင့်တယ်ယဉ်ကျေး ဖြူဖွေးဝင်းဝါ၊ သတို့သမီး ပြည်ကြီးသူပါ၊ သို့ဆိုက ဂါမ္မ ကင်းသည်သာ။

မှတ်ချက် ။ ။ ဤပုံစံ၌ မျက်နှာပွင့်လန်းခြင်းဟူသော စကားဖြင့် ရွှေပန်းကို မယုံမှားတော့၍ ဒေါသ မသင့်ပါ။

* * * * *

## (၆၆) ဒုဋ္ဌာလင်္ကာရဏံ —— ပ —— ဘဝိဿတိ။

## ၆။ ဒုဋ္ဌာလင်္ကာရဏ ဒေါသအစိပ္ပါယ်

၃၅ ပါးသော အတ္ထာလင်္ကာရတို့ကို ဖျက်ဆီးတတ်သော အနက်ပါရှိရာ ဝါကျသည် ဒုဋ္ဌာလင်္ကာရဏ ဒေါသ သင့်သော ဝါကျမည်၏။

http://www.dhammadownload.com



ဆောင် ။ ။ အတ္ထာလင်္ကာရ ဖျက်ဆီးက မှတ်ကြ ဒုဋ္ဌာလင်္ကာရာ။

## ဤ၌ သရုပ်သကောင် ပုံစံမပြရခြင်းအကြောင်း

နောက်၌ပြမည့် အလင်္ကာများ ပျက်လျှင် ဤဒုဋ္ဌာလင်္ကတိဒေါသချည်း ဖြစ်ပြီး အတ္ထာလင်္ကာရ များသလောက် ပျက်ပုံလည်းများရကား ဒုဋ္ဌာလင်္ကတိဒေါသကို သီးခြား ပြနေဘွယ်မလို၊ အလင်္ကာတို့ကိုပြရာ စတုတ္ထပိုင်း၌ ထင်ရှား လတ့်ဖြစ်သောကြောင့် ဤ၌ သရုပ်သကောင်ပုံစံကို မပြရခြင်း ဖြစ်ပါသည်။

## ဒုဋ္ဌာလင်္ကာရ အပြားအကျဉ်း

၁။ ဥပမာ ဥပမေယျ လိင်မတူပဲဆိုခြင်း၊ ၂။ ဝစ်မတူပဲဆိုခြင်း၊
၃။ ဥပမာကို အယုတ်အားဖြင့်ဆိုခြင်း၊ ၄။ အလွန်အားဖြင့်ဆိုခြင်း၊
၅။ ထပ်မံဆိုခြင်း၊ ၆။ တည်ရာကိုထပ်၍ဆိုခြင်း၊
၇။ ကျိုးပျက်ခြင်း၊ ပေါင်း (၇)ပါး ရှိ၏။

## ဥဒ္ဒေသ နိဒ္ဒေသ မဆန့်ကျင်ပုံ

ဥဒ္ဒေသ၌ ဒုဋ္ဌာလင်္ကတိ ဟုဆို၍၊ ဤနိဒ္ဒေသ၌ ဒုဋ္ဌာလင်္ကာရဏဲဟု ဆိုပါသော်လည်း အလင်္ကတိသဒ္ဒါနှင့် အလင်္ကာရဏ သဒ္ဒါတို့သည် တူသောအနက်ရှိသောကြောင့် ဥဒ္ဒေသ နိဒ္ဒေသ မဆန့်ကျင်ပါ။

## တဿာလင်္ကာရနိဒ္ဒေသေ၌ အလင်္ကာရနိဒ္ဒေသအရ

သဒ္ဒါလင်္ကာရများကို အလင်္ကာရဟု မသုံးပဲ ဂုဏ်ဟုသာသုံး၍ အတ္ထာ လင်္ကာရတို့ကိုသာ အလင်္ကာရဟု သုံးစွဲသောကြောင့် အလင်္ကာရ ရနိဒ္ဒေသအရ အတ္ထာလင်္ကာရတို့ကို ပြရာ စတုတ္ထပိုင်းကို ယူရပါသည်။

* * * * *

http://www.dhammadownload.com



## (၁၁၄) ဒုဋ္ဌာလင်္ကာရ —— ပ —— ဂမိဿတိ။

## ဤနေရာ၌ အဖြေပုံစံ မပြရခြင်းအကြောင်း

ဒေါသသည် ဖျက်ဆီးအပ်သော အလင်္ကာ၏ကင်းခြင်း ဟူသည် ဆိုအပ်လတ္တံ့သော အလင်္ကာများ မပျက်ခြင်း ဖြစ်၏။ အလင်္ကာမပျက်လျှင် ကောင်းသောအလင်္ကာများ ဖြစ်တော့သည်၊ ထိုကောင်းသော အစဉ်သည် အလင်္ကာတို့ကိုပြရာ စတုတ္ထပိုင်း၌ ထင်ရှား လတ္တံ့ဖြစ်၏။ ဤ၌ပြနေလျှင် စတုတ္ထပိုင်း၌လည်း ထပ်ပြရမည်ဖြစ်၍ ထပ်နေမည် ဖြစ်သောကြောင့် ဤ၌မပြရခြင်း ဖြစ်ပါသည်။

* * * * *

## (၆၇) ကတောဇြ —— ပ —— ခေဒကရံ ပရမ္ဘိ။

## ဤဂါထာ၌ ဂါထာပါဒတို့ဖြင့် အသီးသီးသိစေချက်

ပထမ နှစ်ပါဒဖြင့် သတ္တရ အလင်္ကာကျမ်းကြီးများကဲ့သို့ အကျယ်မချဲ့ပဲ အကျဉ်း နည်းအားဖြင့် ကောင်းမြတ်သော ဒေါသအပြားကို ပြုအပ်ပြီဟု နိဂုံးကို သိစေပါသည်။

နောက်နှစ်ပါဒဖြင့် စာသင်သားတို့ ပင်ပန်းမှုကိုပြုတတ်သော အခြားဒေါသများ ရှိသေးသော်လည်း ဤပြအပ်ခဲ့ပြီးသော ဒေါသအပြားသည် ထိုတိုက်ရိုက်မဆိုအပ်ပဲ ကျန်သေးသော ဒေါသအားလုံးကို ကဗျာတတ်သိ ပညာရှိ တို့အား သိဂှာ စွမ်းနိုင်လောက်ပါပြီဟု အမှာစကားကို သိစေပါသည်။

* * * * *

## (၁၁၅) ဒေါသေ ပရိဟရိတု —— ပ —— ယသောဘိလာသီ။

## ဒေါသေပရိဟရိတု စသောပါဒတို့ဖြင့် သိစေချက်

ဤ၌ ဒေါသေပရိဟရိတု —— ပ —— ကတောမယေဝ ဟူသော နှစ်ပါဒဖြင့် ငါသည် ဤဆိုအပ်ပြီးသော နည်းဖြင့် အပြစ်ဒေါသတို့ကို ရှောင်ကွင်း၍ ရေးသားစီကုံးတတ်ဘို့ရာ ဤကောင်းသော နည်းဥပဒေသကို ရာမ သမ္မကာဗျဒဿ စသော ကျမ်းဂန်တပါးသို့ အစဉ်လိုက်၍ ပြုအပ်သည်ကား ပြီးဆုံးပြီဟု နိဂုန်းကိုသိစေပါသည်။

http://www.dhammadownload.com



ဝိညာယိမံ ——— ပ ——— ယသောဘိလာသီ – ဤနှစ်ပါဒဖြင့် အပြစ်နှင့် ဂုဏ်ကိုအလုံးစုံ သိပြီးသော ဆရာမြတ်တို့၏ (အဝိကပ္ပသာဒါ) အလွန်ကျေနပ်ဝမ်းမြောက် ချီးမြှောက်သင်ပြခြင်းကြောင့်ပြခဲ့သော နည်းဥပဒေသကို သိရ၍ စာအရေးအသား၌ ကျော်ကြားလိုသော စာသင်သားသည် အပြစ်မှ ဝေးစွာရှောင်ရှား ရေးသားစီကုံး ကြပါလေဟု တိုက်တွန်းမှု ဥယျောဇဉ်ကို သိစေပါသည်။

## တိုက်တွန်းချက်

* အင်္ဂါ ငါး၀ ပြည့်စေခါ၊ ဆရာ့ထံကပ် အတတ်သင်ရာ။
ဆရာကြည်နူး အထူးသင်မှာ၊ အကောက်ပြထောက်ဆ ချင့်ချိန်နှိုင်းပါ။

ဤတွင် ပထမ – ဒုတိယပိုင်းပြီးပါပြီ။

* * * * *

http://www.dhammadownload.com



(၁၁၆) သမ္ဘဝန္တိ ----------ပ---------- သမ္ဘူ သယန္တိယေ။ ။

## ဤသမ္ဘဝန္တိ ဂါထာ၏ သဘော

ဤဂါထာသည် ရှေ့နှစ်ပိုင်းနှင့် ဤတတိယပိုင်း၏ ဆက်သွယ်ပုံ အနုသန္ဓေကိုလည်းကောင်း၊ သဒ္ဒါလင်္ကာရဂုဏ်ကို ပြအံ့ဟူသော ပဋိညာဉ်ကိုလည်းကောင်း ပြသော ဂါထာ ဖြစ်ပါသည်။

## တတိယပိုင်း၌ ပြဆိုမည့် အလင်္ကာ

သဒ္ဒေ သမ္ဘူသယန္တိ-ကို ထောက်၍ သဒ္ဒါတို့ကို တန်ဆာဆင်တတ်ဟု ဆိုသောကြောင့် ယခုပြမည့် တတိယပိုင်း ၌ သဒ္ဒါလင်္ကာရ ဟူသော ဂုဏ်တို့ကို ပြဆိုပါမည်။

## ဤနေရာ၌ ဂုဏ် ဟူသည်

မိမိတို့မှိရာ အဖွဲ့ဗန္ဓကို (ကြားနာဖို့ရန်) ပညာရှိတို့ကို ခေါ်စေတတ်သောကြောင့် ဂုဏ်ဟု ခေါ်ပါသည်။

## သဒ္ဒေသမ္ဘူသယန္တိယေ-ဖြင့် သိစေချက်

သဒ္ဒေအလင်္ကာရေန္တိ သမ္ဘူသယန္တိ တိ သဒ္ဒါလင်္ကာရာ-ဟူသော ဝိဂ္ဂဟကို သိစေပါသည်။

## သဒ္ဒါလင်္ကာရ-ဟူသည်

သဒ္ဒါတို့ကို တန်ဆာဆင်တတ်၊ တင့်တယ်စေတတ်သော ဂုဏ်များသည် သဒ္ဒါလင်္ကာရ တို့ မည်ကြပါသည်။

* * * * *

(၁၁၇) ပသာဒေါဇော ----------ပ---------- သမာဓယော။

## ပသာဒေါဇောဂါထာသိစေချက်

ဤဂါထာကား သဒ္ဒါလင်္ကာရမည်သော ဂုဏ် (၁၀)ပါး၏ မာတိကာ ခေါင်းစဉ်ကိုပြသော ဂါထာ ဖြစ်ပါသည်။

http://www.dhammadownload.com



## တတိယပိုင်းလာဂုဏ် (၁၀)ပါး အကျဉ်း

၁။ ပသာဒဂုဏ် = ကြည်လင်ဖွယ်ရှိဂုဏ်။
၂။ သြဇဂုဏ် = ချဉ်းစပ် + ချုံး + ချဲ့ (ဆိုနှစ်ပြည့်) ဂုဏ်။
၃။ မဓုရတာဂုဏ် = သာယာနာပျော်ဖွယ်ရှိ (နားဝင်ချို) ဂုဏ်။
၄။ သမတာဂုဏ် = အသံတူ (အချီအချညီမျှ) ဂုဏ်။
၅။ သုခုမာလတာဂုဏ် = အဖတ်လွယ် (စကားယဉ်) ဂုဏ်။
၆။ သိလေသဂုဏ် = စပ်ဖက် တွဲကပ် ဂုဏ်။
၇။ ဥဒါရတာဂုဏ် = ဂုဏ်ထူးပြ ဂုဏ်။
၈။ ကန္တိဂုဏ် = နှစ်သက်ဖွယ်ရှိ ဂုဏ်။
၉။ အတ္ထဗျတ္တိဂုဏ် = စကားရှင်းလင်း အနက်လွယ် ဂုဏ်။
၁၀။ သမာဓိဂုဏ် = တင်စား ဂုဏ်တို့ ဖြစ်ကြပါသည်။

## ဤဂါထာ၌ သမာဓိ ဟု ဧကဝုစ်ဖြင့် မဆိုဘဲသမာဓယောဟု ဗဟုဝုစ်ဖြင့်ဆိုရခြင်း

ထိုသမာဓိဂုဏ်၏ များသောအပြားရှိသည်၏အဖြစ်ကို ပြလိုသောကြောင့် ဗဟုဝုစ်ဖြင့် ဆိုရပါသည်။

**ဆောင်။** အပြားများဘိ သမာဓိ ဆိုဘိ ဗဟုဝစနာ။ ။

## ဂုဏ် (၁၀)ပါးကို သဒ္ဒ အတ္ထ သဒ္ဒတ္ထ ခွဲပုံ

**ဆောင်။** ။ *ဂုဏ်သြဇနှင့် ဥဒါရတာ- သဒ္ဒါအတ္ထ နှစ်ချက်ရ၏။
*သမာဓိတွက် အတ္ထနက်သာ၊ တစ်နည်းမှာမူ ဥပစာလျှင် တင်သော် သဒ္ဒ,ဂုဏ်လည်းရသတဲ့။
*သေသအများ (၇)ပါးမှူ, မပြား သဒ္ဒ, ဂုဏ်သာရသည် မှတ်ကြ အချုပ်အခွဲတည်း။

## သြစိတျဂုဏ်ကိုသီးခြား မဆိုရခြင်းအကြောင်း

ကန္တိ ဂုဏ်နှင့် သြစိတျဂုဏ် တူသောကြောင့် ဤဂါထာ၌ သီးခြား မဆိုပါ။

* * * * *

http://www.dhammadownload.com



(၁၁၈) ဂုဏောဃော ----------ပ---------- မစ္ဆန္တု နိမ္မလ်။ ။

## ဂုဏ်နှင့် ပြည့်စုံသောအဖွဲ့အနွဲ့၏ အကျိုး

ဂုဏ် (၁၀)ပါးနှင့် ပြည့်စုံသော အဖွဲ့အနွဲ့သည်-

၁။ ပညာရှိတို့၏ စိတ်နှလုံးကို နှစ်သိမ့်စေနိုင်ခြင်း။

၂။ အဖွဲ့အနွဲ့ကို ရေးသားသော ကဗျာဆရာတို့၏ အလွန်စင်ကြယ်သော ကျော်စောကိတ္တိ (နာမည်ကြီးခြင်း)ကို ပြီးစေနိုင်ခြင်းအကျိုး။ နှစ်ပါးကို ရနိုင်ပါသည်။

## ဤဂါထာဖြင့် တိုက်တွန်းချက်

ထို့ကြောင့် ဤဂါထာဖြင့် ဤပြလတ္တံ့သော ဂုဏ် (၁၀)ပါးကို နားလည်အောင် ကြိုးစား၍ ဂုဏ်ပါသော ဂါထာ ကာဗျကိုသာ ဖွဲ့နွဲ့သီကုံးကြပါလေဟု တိုက်တွန်းခြင်းကိုပြပါသည်။ ဝါ-တိုက်တွန်းပါသည်။

* * * * *

(၁၁၉) အဒ္ဓရာပဟိတ ----------ပ---------- ဓနေဃ ယထာ။

## ၁။ ပသာဒဂုဏ်၏ လက္ခဏာနှင့်အဓိပ္ပာယ်

၁။ အဒ္ဓရာပဟိတသမ္ဗန္ဓ = စပ်သင့်သော ပုဒ်ချင်း နီးကပ်စွာ ထားခြင်း။

၂။ သုပ္ပသိဒ္ဓါဘိဓေယျ = အလွန်ထင်ရှားသော အနက်ရှိခြင်း။

ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသော ဂုဏ်သည် ကြည်လင်ဖွယ်ရှိသော ပသာဒဂုဏ် မည်၏။

**ဆောင်။** ။ စပ်အပ်ပုဒ်ချင်း နီးကပ်ခြင်းနှင့် ရှင်းလင်းသိသာ နက်ရှိပါ ဂုဏာပသာဒ။

## သုပ္ပသိဒ္ဓါဘိဓေယျာ၌ သုပ္ပသိဒ္ဓအရ

သုပသိဒ္ဓအရ = သဒ္ဒါနက်ကိုယူ။ အဓိပ္ပာယ်နက်ကိုမူကား ပကတိအားဖြင့် နက်နဲသောကြောင့် မယူရ။

* * * * *

http://www.dhammadownload.com



(၁၂၀) အလက်ရေဇ္ဇာ ----------ပ---------- မွှုဇာေဝရေ။

## ဤဂါထာ ပသာဒဂုဏ်မြောက်ပုံ

အချင်းချင်း စပ်သင့်သော ဝဒနံ ဟူသော ကံပုဒ်နှင့် အလက် ရေဇ္ဇာ ဟူသော ကြိယာ၊ မုနိနော ဟူသော သမ္ဗန်၊ ဝဒနံ အဝရုံသိယော ဟူသော- သမ္ဗန္ဓ၊ အဝရုံသိယော ဟူသော ကတ္တား၊ သောဘန္တေ ဟူသော ကြိယာ၊ အမ္ဗုဇောဝရေ ဟူသော အာဓာရ၊ အရုဏာရုံသိယော ဟူသော အာဓာယ်၊ သမ္ဘတန္တာ ဟူသော ဝိသေသန- အရုဏာရုံသိယော ဟူသော ဝိသေသျ၊ ပုဒ်တို့ နီးကပ်ခြင်း၊ သိလွယ်သော အနက်ရှိခြင်းတို့ကြောင့် ကိလိဋ္ဌ ဒေါသ, ဗျာကိဏ္ဏ ဒေါသတို့မှ လွတ်၍ ပသာဒဂုဏ်မြောက်ပါသည်။

## အလားတူဂုဏ်မြောက်သော ပုံစံအချို့

* နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
* မုနိဂ်ဝ သုံးလူ့ဘကား မဆွစွာစွာ ဝါဆိုခါ၌ ဗာရာဏသီပြည်ကိုမှီ၍- ဝဂ္ဂီငါးယောက် ရှင်တို့မှောက်ဝယ်။
* ပရိက္ခရာ ဥစ္စာအိမ်ထောင် ကုန်အောင် ခြွေခြွေ စွန့်ခဲ့ပေ၍ မနေလူ့ရပ် တောသို့ကပ်လည်း။
* သောက်ဝါတက်ဆဲ ကြာငုံထဲ၌ ရဲရဲဝင်းပ ရောင်ခြည်ကျသို့။
* လူ့ဘောင် မျက်မြင် ယခုပင်လည်း ကြီးထင်အားထူ လုလ္လကူမှု သူမတူအောင် များမြောက်အကျိုး ပြည့်စုံတိုး၏။
* မကြိုးစားလျှင်း လွန်ရှိပျင်းမှု ကံရင်းရှိလှည့် လိုမပြည့်တည်း။ စသည်။

## ဒေါသပျောက်က ဂုဏ်မြောက်ကြ

<u>ဆောင်</u>။ ။ ဗျာကိဏ် ကိလိဋ္ဌ လွန်မြောက်က ဂုဏ ပသာဒါ၊ ကြွင်းသည့်ဂုဏရုံခါမျှ ဖြစ်ကြလျော်ရုံသာ။

* * * * *

(၁၂၁) ဩဇောသမာသ ----------ပ---------- ကာမီယတေ ယထာ။ ။

## သဒ္ဒ ဩဇဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပာယ်

၁။ သမသ ဗာဟုလျ = သမာသ်ရှည်လျား များပြားခြင်း။

၂။ အနာကုလ = မရှုတ်ထွေးဘဲ ရှင်းလင်းခြင်း။

http://www.dhammadownload.com



ဤလက္ခဏာ နှစ်ပါးနှင့် ပြည့်စုံသော ဂုဏ်သည် သဒ္ဒ ဩဇဂုဏ် မည်၏။

**ဆောင်။** ။ * သမာသ်များခြင်း၊ မရှုတ်ခြင်း ဟု ကြောင်းရင်းနှစ်လီ အင်္ဂါညီ,ရပြီ ဩဇဂုဏ်။
* များသမာသ ပါရှိကမူ သဒ္ဒဩဇာ၊ ချုံးချဲ့ခါ မှတ်ပါ ဩဇဂုဏ်။

## စုဏ္ဏိယ ဗန္ဓ၏ အသက်သွေးကြောဖြစ်သောဂုဏ်

ဇသော ဂဒ္ဒဿ ဇီဝိတံ- ကိုထောက်၍ ဩဇဂုဏ်သည် စုဏ္ဏိယဗန္ဓ၏ အသက်သွေးကြော သဖွယ် ဖြစ်ပါသည်။

## ဤဂုဏ်ကို ဂါထာ၌လည်း အလိုရှိအပ်ပုံ

ပဇ္ဇေပိ ကိုထောက်၍ မရှုတ်ထွေးလျှင် ဩဇဂုဏ်ကို ဂါထာ၌လည်း အလိုရှိအပ်ပါသည်။

* * * * *

(၁၂) မုနိန္ဒမန္ဒ ----------ပ---------- ဓရပလ္လဝေါ။

## ဤဂါထာ၌ သဒ္ဒဩဇဂုဏ်မြောက်ပုံ

ဤဂါထာ၌မုနိန္ဒ မန္ဒသဉ္ဇာတ ဟာသစန္ဒန လိမ္ပိတာ-တစ်ပုဒ်တည်းမှာပင် သမာသ် (၇)မျိုး အဆင့်ဆင့်တွဲရအောင် သမာသ်များသောကြောင့်လည်းကောင်း၊ ပုဒ်နေရှုတ်ထွေးခြင်းလည်း မရှိသောကြောင့်လည်းကောင်း သဒ္ဒဩဇာဂုဏ်မြောက် ပါသည်။

**မှတ်ချက်။** ။အနက်ထင်ရှားသောကြောင့် ပသာဒဂုဏ်လည်းမြောက်ပါသည်။

## မုနိန္ဒမန္ဒ သဉ္ဇာတ ဟာသစန္ဒန လိမ္ပိတာ-သမာသ်(၇)မျိုး

၁။ မုနီနံ + ဣန္ဒော = မုနိန္ဒော။ ဆဋ္ဌီတပ္ပုရိသ် သမာသ်၊
၂။ သမ္မာ + ဇာတော = သဉ္ဇာတော။ ကမ္မဓာရဲသမာသ်။
၃။ မန္ဒံ + သဉ္ဇာတော = မန္ဒ သဉ္ဇာတော။ ဒုတိယာ တပ္ပုရိသ်သမာသ်။
၄။ မန္ဒသဉ္ဇာတောစ + သော + ဟာသောစာတိ = မန္ဒသဉ္ဇာတဟာသော။ ကမ္မဓာရဲ
၅။ မန္ဒသဉ္ဇာတဟာသသင်္ခါတံ+စန္ဒနံ-မန္ဒ-ပ-စန္ဒနံ။ ကမ္မဓာရဲ။
၆။ မုနိန္ဒဿ + မန္ဒ-ပ-စန္ဒနံ = မုနိန္ဒ-ပ-စန္ဒနံ = ဆဋ္ဌီတပ္ပုရိသ်။
၇။ မုနိန္ဒ-ပ-စန္ဒနေန + လိမ္ပိတာ = မုနိန္ဒ-ပ-လိမ္ပိတာ။ တတိယာတပ္ပုရိသ်။

http://www.dhammadownload.com



## မြန်မာလင်္ကာ သမာသ်ပါ ဩဇဂုဏ်လင်္ကာ

* ပါဏာတိပါတ် မသတ်သူ့သက် ခိုးဝှက်မမှု မယူသေစာ အိမ်ရာမမှား မုသားမဆို ကိုယ်ကို နိမ့်ချ စောင့်သီလဖြင့် = ဤလင်္ကာသည် ကို၊ သို့၊ အား၊ ၌စသော ကာရကဝိဘတ်မပါပဲ သမာသ်ပုဒ်ဖြင့်သာ အများဆုံး သီကုံးထားသောကြောင့် ဩဇဂုဏ်သို့ရောက်သော အလင်္ကာ ဖြစ်ပါသည်။

## ဤဂါထာ၌ တဿပုဒ်နှင့် စပ်၍ ယ, တ, တေ,ဣမစသောသဗ္ဗနာမ်ပုဒ်တို့၏စွဲရာ ဝိသယနာမည် ၃-မျိုး။ တစ်နည်း ၄-မျိုးနှင့် ပုံစံ

❋ ၁။ လွန်ခဲ့ပြီးသော စွဲရာဒြပ်နက်ရှိသော တ သည် ပက္ကန္တ ဝိသယ တ မည်၏။

* ပက္ကန္တော ဝိသယော ယဿာတိ ပက္ကန္တ ဝိသယော။

* ပုံစံ = တတ္ထ ဝုတ္တာ ဘိဝေမ္မတ္တာ-စသည်။

❋ ၂။ တိုက်ရိုက်ထင်ရှားသော စွဲရာ အနက်ရှိသော တ သည် ပသိဒ္ဓဝိသယ တ မည်၏။

* ပသိဒ္ဓေါ ဝိသယော ယဿါတိ ပသိဒ္ဓဝိသယော။

* ပုံစံ = နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

❋ ၃။ ခံစားပြီး တွေ့ကြုံပြီး လွန်ခဲ့ပြီးသော ကြိယာကို ပြန်၍ စွဲရသော တ သည် အနုဘူတ ဝိသယတ မည်၏။

* အနုဘူယိတ္ထ ဣတိ အနုဘူတော၊ အနုဘူတော-ဝိသယော ယဿာတိ အနုဘူတ ဝိသယော။

* ပုံစံ = အတီတံ နာနုသောစာမိ၊ န ပဇပ္ပါမိ နာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။

❋ ၄။ အနိယမ ယ သဒ္ဒါစွဲသော အနက်ကို ပြန်၍စွဲရသော တသဒ္ဒါသည် နိယမ တမည်၏။

* ပုံစံ = ယောပနေသ ဖဿဝေဒနာဒိနံ ဓမ္မာနံ ပုဗ္ဗော၊ သောဏ္ဏစ သမ္ဗဟောတိ ဝိဘာဝိတော။

**ဆောင်။** ။ ပက္ကန် ပသိဒ္ဓ နုဘူတ သုံးဝဝိသယာ။
နိယမ ဂိသယ ထည့်ပြန်က လေးဝဝိသယာ။
၁။ လွန်ပြီးဒြပ် သုံးသပ်စွဲက ပက္ကန္တမည်။
၂။ တကွစွဲရာ ပါရှိပါက ပသိဒ္ဓ။

http://www.dhammadownload.com



၃။ စွဲကြကြိယာ နဘူတာ၊

၄။ အနိယတ်ယ စွဲသမျှနှင့် ထိုယကြိယာ ယင်းနှစ်ဖြာကို ဆောင်ကာစွဲရ တဒ္ဓ မှတ်ကြ နိယမာ။

## ဤဂါထာပါ တသဒ္ဒါ၏ ဝိသယ

ဤမုနိန္ဒမနုဿညာတ စသောဂါထာဝယ်ပါသော သဒ္ဒါသည် လွန်ခဲ့ပြီးသော မုနိန္ဒစသော ဒြဗ်ကို ပြန်၍စွဲရသောကြောင့် ပက္ကန္တဝိသယမည်၏။

* * * * *

(၁၂၃) ပဒါဘိဓေယျ ------ပ------ဩဓောဝတံယထာ။

## ၂။ အတ္ထန္တရန္နာသ၏ လက္ခဏာနှင့် အဓိပ္ပါယ်

၁။ အကျယ်ဖြစ်သော အနက်ကို အကျဉ်းချုံးခြင်း။

၂။ အကျဉ်းဖြစ်သော အနက်ကို အကျယ်ချဲ့ခြင်း။

ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသောဂုဏ်သည် အတ္ထန္တရန္နာသဂုဏ်မည်၏။

ဆောင်။ ။ ပုဒ်အနက်များ ချုံးချဲ့ငြား မှတ်သား ဂုဏ်ဩဇ။

## အတ္ထန္တရန္နာသဂုဏ်အပြား (၂)ပါး

၁။ သမာသ အတ္ထန္တရန္နာသဂုဏ် = အကျယ်အနက်ကို အကျဉ်းချုံးခြင်း။

၂။ ဗျာသအတ္ထန္တရန္နာသဂုဏ် = အကျဉ်းအနက်ကို အကျယ်ချဲ့ခြင်း။ ပေါင်း ၂-ပါး။

* * * * *

(၁၂၄) ဓောတယိတ္တာန-----ပ-----သ သာဝကော။

## ဤဂါထာ၌ သမာသ အတ္ထ ဩဇဂုဏ်မြောက်ပုံ

ဤဂါထာဖြင့် မြတ်စွာဘုရားရှင်၏ ၄၅ ဝါပတ်လုံး ဖြစ်တော်မူစဉ် (ဗုဒ္ဓဝင်)အားလုံးကို တစ်ဂါထာတည်းဖြင့် ပြည့်စုံအောင် ချုံး၍ပြထားသောကြောင့် သမာသ အတ္ထန္တရန္နာသဂုဏ်မြောက်ပါသည်။

## သမာသအတ္ထန္တရန္နာသဂုဏ်မြောက်သော ပုံစံအချို့နှင့်အဓိပ္ပာယ်

* ဘုန်းတော်တုကျွန်း တို့ထိပ်ပန်းကား ထွန်းစေတရား လူအများကို များပြားဒုက္ခ သံသာရမှ ဆောင်မကယ်တင် မီးပုံသွင်သို့ လူ့ခွင်ညီးညီး ထွန်းလင်းပြီး၍ ပြည်ကြီးရိပ်မြို့ နိဗ္ဗာန်လှသည် ဝိုင်းအုံတပည့်တူကွတည်း။

http://www.dhammadownload.com



* ဟန္တဒါနိ ဘိက္ခဝေ----ပ----အပ္ပမာဒေန သမ္ပါဒေထ။

ဤပါဠိတော်၌ ၄၅ ဝါပတ်လုံး ဟောထားအပ်သော သီလသမာဓိ ပညာအကြောင်းအရာ အားလုံးကို အပ္ပမာဒ တစ်ပုဒ်တည်းဖြင့် အကျဉ်းချုံးထားသောကြောင့် သမာသအတ္တသြဇ ဂုဏ် မြောက်ပါသည်။

* သီလေ ပတိဋ္ဌာယ နရောသပညော -ပ- စိတ္တံပညဉ္စ ဘာဝယံ။

ဤဂါထာ၌ သီလ သမာဓိ ပညာတို့ကို အကျဉ်းချုံးပြထားသောကြောင့် သမာသ အတ္တသြဇဂုဏ် မြောက်ပါသည်။

* ထကြွသိမ်းဆည်း မျှသုံးစွဲပေါင်းမြဲ မိတ်ဆွေကောင်း။

ဤကဗျာ၌ မြတ်စွာဘုရားသည် အကျယ်ဟောတော်မူခဲ့သော သမ္ပဒါလေးပါးကို အကျဉ်းချုံး၍ အနက်အဓိပ္ပာယ် မပျက်စီးအောင်ဖွဲ့ဆိုထားသောကြောင့် သမာသ အတ္တသြဇဂုဏ်မြောက်ပါသည်။

* မြေ-သီရ၊ မှန်-ဘ က၊ နောက်ဇေ-ပ အံ၊ ရှေ့ဇေ-ဟံ သင်၊ မြိ-ဂဇ၊ လေသင်ပန၊ တောင်စ မိ-ရေမြောက် စ, မ, ပေါက်။

* သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာအက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်း ဆင်လော့။

* တစ်မှန့်မြေစာ တစ်လှာပန်းခြောက်၊ တစ်ပေါက်ရေစက် ငါတို့လက်မှ ရန်သူရလျှင် မြန်မာ့ သမိုင်း ရိုင်းမတော့မယ်။

* တောင်တောရယ်သာ မာလာကင့်ဖူး တစ်ပင်ကို နှစ်ပင်ယှက်တယ် ကျေးငှက်ကမြူး။

* * * * *

(၁၂၅) မဏ္ဍကဋ္ဌိ -----ပ----- ပါဒမ္ဘုဇ ဒွယေ။

## ဤဂါထာ၌ ဗျာသအတ္တသြဇဂုဏ်မြောက်ပုံ

ငါသည် အဘယ်နည်းဖြင့် ဘုရားရှင်၏ အသရေရှိသော ခြေတော်တို့ကို အမြဲဦးတိုက်၍ နေရပါအံ့နည်းဟူသော သူ၏အလိုဆန္ဒကို ဤဂါထာဖြင့် အကျယ်ချဲ့၍ ဖွဲ့နွဲ့စီကုံးထားသောကြောင့် ဤဂါထာသည် ဗျာသအတ္တသြဇဂုဏ်မြောက် ပါသည်။

## ဗျာသအတ္တသြဇဂုဏ်မြောက်ပုံပြပုံစံနှင့်အဓိပ္ပါယ်

* နတ္ထိစာတိ ဧရာဗျာဓိ၊ မရဏဉ္စ မဟာမုနေ။

အဇရာ မရဏံ ပုရေ၊ ဂမိဿာမိ အသခံတံ။ ။

http://www.dhammadownload.com



ဤဂါထာ၌ ပရိနိဗ္ဗာန်ပြုပါတော့အံ့ဟူသော အနက်အကျဉ်းကို အကျယ်ရဲ့ထားသော ကြောင့် ဗျာသအတ္တသြဇောဂုဏ် မြောက်ပါသည်။

## ဒေါသပျောက်ကဂုဏ်မြောက်ကြ

ဆောင်။ ။ ကိလိဋ္ဌ ဗျာကိဏ် နှစ်ကြိမ်ဒေါသ လွန်မြောက်က ပသာဒဂုဏ်သြဇာ။

* * * * *

## (၁၂၆) ဣစ္စတြ------ပ------မဘိယောဂတော။ ။

## သြဇောဂုဏ်မြောက်အောင် စီကုံးနိုင်သူ

ပင်ကိုယ်ဉာဏ်ထက်မြက်ပြီး ဆိုင်ရာစာပေကျမ်းဂန် ဗဟုသုတပြည့်စုံသူများသာလျှင် သြဇောဂုဏ်မြောက်အောင် စီကုံးနိုင်ပါသည်။

## ဗျာသအတ္တသြဇောဂုဏ်ဖြစ်ခြင်းအကြောင်း

ထက်မြက်သောပညာရှိတို့၏ လွန်ကဲသော လုလ္လဝီရိယကြောင့် ဖြစ်၏။

(ဧတယတေယံ----ပ----ယောဂတော–ကိုထောက်။)

* * * * *

## (၁၂၇) မဓုရတ္တံ-----ပ-----ပရောယတာ။ ။

## ၃။ မဓုရတာဂုဏ်အဓိပ္ပါယ်

ဌာန်တူ အက္ခရာတို့ကို နီးနီးကပ်ကပ်ထားခြင်းဖြင့် သာယာနာပျော်ဖွယ်ကောင်းသော ဂုဏ်သည် မဓုရတာဂုဏ်မည်၏။

## မဓုရတာဂုဏ်အပြားနှင့်အဓိပ္ပါယ်

၁။ ပဒါသတ္တိ မဓုရတာဂုဏ် = သမသုတိ ဌာန်ကရိုဏ်းအားဖြင့်ဖြစ်စေ၊ ဒီယချင်း ရဿချင်း၊ သိထိလချင်း ဓနိတချင်းအားဖြင့်ဖြစ်စေ၊ သံယုတ်အားဖြင့်ဖြစ်စေ၊ နီးကပ်ခြင်း။

http://www.dhammadownload.com



၂။ အနုပ္ပါသမစုရတာဂုဏ် ဝဏ္ဏဝုတ္တိဌာန်စသည်အားဖြင့် တူရုံသာမကဘဲ အလားတူ အက္ခရာတို့ကို ထပ်ဆိုခြင်း။

ဆောင်။ ။ ဒီဃ ရဿ ဓနိတနှင့် သိထိလမှန် ဌာန် သံယုတ်ပုဒ်ချင်းနီးက မစုရ မှတ်ကြ ပဒါသတ္တိတည်း။

* ဌာန်စသည်မျှ တူရုံမကဘဲ ဝဏ္ဏအတူ့ထပ်ဆိုမှု ဂုဏ်ယူအနုပ္ပါသတည်း။

## မြန်မာအသံ (၁၀)ပါး

* ပုဒ်စပ်ချောမွေ့ သန္ဓေ့ခြားဖြတ် သံလွတ်ဖွင့်ဆို ရှည်တိုလေးပေါ့၊ တင်းလျော့နိဂ္ဂဟိတ်၊ အစိတ်အဖြာ အင်္ဂါဆယ်ခု ဖတ်မှုမကျွမ်း နားမချမ်းမှု တတ်စွမ်းသောလျော်က် အကောက်အငင် မသင်ပြင်ပဲ မဖင့်နွဲ့နှင့်။ (ကိုးခန်း)

## စပ်အင်ကာရန်မှန်ရာ ပဒါသတ္တိ မစုရတာ

အချုပ်အားဖြင့် ကာရန်မှန်ကန်စွာ ရေးသားစီကုံးထားသော ကဗျာ လင်္ကာမှန်သမျှကို ပဒါသတ္တိ မစုရတာဂုဏ်ရောက် သည်ဟု မှတ်ပါ။

* * * * *

(၁၂၈) ပဒါသော-----ပ-----မဟုဿဝေါ။ ။

## ဤဂါထာပဒါသတ္တိ မစုရတာဂုဏ်မြောက်ပုံ

ဤဂါထာ ယဒါ သော၌ ဩဟု ဒီဃချင်း မတြာချင်းတူညီနီးကပ်၏။ ယနှင့်ဓတို့သည် တာလုဌာန်၏ အစွမ်း ဖြင့် နီးကပ်၏၊ အဘိသမ္ဗောဓိ သမ္ဗုဒ္ဓော-ဝယ်မ္ဗော-ပ္ဗုဒ္ဓော ဟု သံယုတ်ချင်းနီးကပ်၏။ ဘိဓိ ဟု ဓနိတအက္ခရာချင်း နီးကပ်၏။ သနှင့် တတို့သည် ဌာန်ချင်းတူကြ၏။ ဤသို့ စသည်ဖြင့် ဌာန်စသည်တူညီကြသောကြောင့် ပဒါသတ္တိ မစု ရတာဂုဏ် မြောက်ပါသည်။

## ပဒါသတ္တိမစုရတာဂုဏ်ပုံစံအရိပ်

* အကြင်ကာလ ရဟန်းဘသည် ဗုဒ္ဓစင်စစ် ထင်ရှားဖြစ်၏။ ထိုခေတ်မှစ သုံးလောက၌ ဓမ္မသဘင်ပွဲကြီးယင်သည် နေ့စဉ်တိုး၍ တိုး၍တည်း။

* ဆူလှယ်နမ်းကာဖက်ရမ်းကာနှင့် ရှိုက်ကာငါတို့ ငိုကြသည်။

http://www.dhammadownload.com



* ရွှေစည်တီး တီး,ရွှေထီးဆောင်းဆောင်း, ရွှေပေါင်းသွယ်သွယ် ရွှေစလွယ်နှင့်။
* တောင်တောရယ်သာ မာလာကင်ဖူး တစ်ပင်ကို နှစ်ပင်ယှက်တယ် ကျေးငှက်ကမြူး။
* ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်က လွမ်းအောင်ကူချဲ့ ပန်းတော်ဖြူ မြက်နေဇာထူလှ ဖိုးတောင်သူတဲ့။

* * * * *

(၁၂၉) မုနိန္ဒ မန္ဒ ----------ပ---------- စန္ဒကန္တိယော။ ။

## အနုပ္ပါသမစုရတာဂုဏ်မြောက်ပုံ

ဤဂါထာ၌ နှငါးလုံး, န္တလေးလုံး ထပ်လျက်ပါရှိ၏။ ထိုသို့အက္ခရာတူကို ထပ်ထပ် ဆိုသောကြောင့် အနုပ္ပါသမစုရတာဂုဏ် မြောက်ပါသည်။

## အနုပ္ပါသမစုရတာ ဂုဏ်မြောက်ပုံပြ ပုံစံအချို့

* ဖြူဖြူဝင်းဝင်း ကြူကြူသင်းသည့် ပန်းမင်းသင်းခွေ တင့်တယ်လေသို့ ကုဋေကဋာ မရေသာအောင် ဂုဏ်ဝါ သင်းသင်း မင်းမင်းထပ်ထပ် ပူဇော်အပ်သား မြတ်ဘုရား၏ သွားများဖြူဖွေး ဖြေးဖြေးညှင်းညှင်းပြုံးရယ်ခြင်းသည့် လမင်းရောင်ကို လှောင်သလိုလျှင် ထိုထိုရပ်နယ် ကွန့်မြူး၏။
* ဣန္ဒနီလ ဒလဒ္ဒန္ဒ၊ သုန္ဒရံ သိရိမန္ဒိရံ။
  မုနိန္ဒ နယနဒ္ဒန္ဒ၊ ဝိန္ဒတိန္ဒီဝရဗ္ဘုတိံ ။
* ပဿတိ ပဿော ပဿန္တံ၊ အပဿန္တဉ္စ ပဿတိ။
  အပဿန္တော အပဿန္တံ၊ ပဿန္တဉ္စ နပဿတိ။
* သိပုသိ၊ မသိကိုသိသည်၊ မသိလျှင် သိမသိကိုမသိ။
* သူ့ဂုဏ် သူ့သိရ် သူ့အရှိန်နှင့်။ * ငါ့အိမ် ငါ့သား၊ ငါ့ဥစ္စာ ငါငါစွဲလန်းကုန်။
* တိုင်းအတည်တည်ပြည်အစိုစို မြို့အခမ်းခမ်း, နန်းအသီးသီး ထီးအဆူဆူ။
* ကာမစည်းစိမ် တဏှာအိမ်၌ ကြိမ်ကြိမ်မွှန်းနစ်တရစ်ရစ်နှင့် ဖြစ်ဖြစ်သမျှ အဝဝကို။
* တသမ္ဘေခေ တပေလျှဉ်းလျှဉ်း တညှင်းဆိုးဆိုး, တညိုးလျလျ တတလွမ်းလွမ်း တသမ်းဟယ်ဟယ် တတွယ်တာတာ တဟာလှိုက်လှိုက် တရှိုက်ငင်ငင် တပင်ပန်းပန်း တဝမ်းလျားလျား ရဟတ်ခြားသို့။ (ကိုးခန်း)
  (ထိုတွင် နာမ်ကိုပင် ကြိယာပြု၍ ကျစ်လစ်သိပ်သည်းစွာ ဖွဲ့ဆိုထားသောကြောင့် သမာသဩဇဂုဏ်လည်း ရောက်၏။)

http://www.dhammadownload.com



* ပပချပ်ချပ် လုပ်လုပ်လျှာလျှာ ဆာဆာလိုက်လိုက် ရှိက်ရှိက်ရဲ့ရဲ့ လှုပ်လဲ့လဲ့နှင့် ကနွဲ့ ကနောင်း ရသေ့ကျောင်းသို့ သမ်းပြောင်းမှုးဝေ ကြွဝင်လေသည် ညွှတ်ခွေတိမ်းပါး တိမ်းပိုတည်း။ (သူဇာ)။
* ရှင်ပျလူးလာအသာအယာ ခေါင်းတမော့မော့ မျှော်တလင့်လင့်-
* ခေါက်ရှာငှက်ပျံ ခင်ပုပ်ပျံနှင့် ဘုတ်ပျံ ရှူးပျံ လောကခမ်း။ စသည်-
* ကရင်မကရင်မကရင်က မကရင်ကရင်ကြီးကရိုက်လိမ့်မယ်

* * * * *

(၁၃၀) သဗ္ဗကောမလ ----------ပ---------- မာလိနီ။

## ပညာရှိများ မချီးမွမ်းထိုက်သော မဓုရတာဂုဏ်နှင့် ချီးမွမ်းထိုက်သော မဓုရတာဂုဏ်

ဓနိတအက္ခရာလုံးဝမပါပဲ နူးညံ့သော အက္ခရာတို့ဖြင့်သာ စီကုံးအပ်သော အနုပ္ပါသမဓုရတာ ဂုဏ်ကို သိလေသဂုဏ်နှင့် ဆန့်ကျင်သောကြောင့် ပညာရှိများမချီးမွမ်း၊ အထက်၌ဆိုအပ်လတ္တံ့ ကုန်သော သိလေသအလင်္ကာ သမတာအလင်္ကာတို့နှင့် ရောနှောသော မဓုရတာဂုဏ်ပါသော အဖွဲ့နွဲ့ကိုကား ပညာရှိတို့ အထူးပင်နှစ်သက်ချီးမွမ်းကြပါသည်။

## ပညာရှိများမချီးမွမ်းကြသောပုံစံ

- အယံမာလတိ မာလာ,လိနု လောလာနိမာလိနီ-ဟူသော ဤပုံစံ၌ အက္ခရာတွေများကို ထပ်၍ဆိုသော်လည်း ဓနိတအက္ခရာတစ်လုံးမျှ မပါဝင်မှု၍ သိလေသဂုဏ်နှင့် ဆန့်ကျင်သောကြောင့် ပညာရှိများ မချီးမွမ်းကြပါ

* ဤမြတ်လေးပန်း စဉ်အတန်းဝယ် ပန်း၌နားကာ ပန်းဝတ်လျှာကို ပန်းမှာယူစား ပိတုန်းများတို့ ပျံလွှားအုံးအုံး ပျော်ရွှင်ပြီးသည် စုရုံးဒီဒီ မည်လို့ကို။
* (မှောင်မိုက်မှာ မီးမှိတ်မှ မိုက်မိုက်မဲ မောင်မေးမယ်။)

## ဓနိတအက္ခရာမပါသော်လည်း ပညာရှိများ၏ နှစ်သက်သော အနုပ္ပါသမဓုရတာဂုဏ်ပုံစံ

* ပေါ်လွင်မပြု ကောင်းရာတုလျက် ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုး ကိုယ်၌တည်စေမင်း။ (လောကသာရပျို့)

http://www.dhammadownload.com



## ဒေါသပျောက်က ဂုဏ်မြောက်ကြ

ဆောင်။ ။ ဂါမ္ဘဖရုသ လွန်မြောက်က ဂုဏာမခုရာ။

* * * * *

(၁၃၁) မုဒုဟိဝါ ----------ပ---------- သမတာယထာ။

## ၄။ သမတာဂုဏ်အဓိပ္ပါယ်

မုဒုဖြစ်သော သိထိလအက္ခရာသက်သက်ဖြင့်သော်လည်းကောင်း၊ ဖုဋဖြစ်သော ဓနိတအက္ခရာသက်သက်ဖြင့်သော် လည်းကောင်း၊ မုဒု ဖုဋရောသော အားဖြင့်သော်လည်းကောင်း၊ အချိုးအချဉ်းနှင့်တူမျှသော ဂုဏ်သည် သမတာဂုဏ်မည်၏။

### သမတာဂုဏ်ပုံစံအချို့

* တောင်ငွေ့ဝေဝေ အထွေထွေနှင့် လေလည်းရောရာ မိုးမပါပဲ သံဂါမြောက်မြောက် ဆီးနှင်းပေါက်လည်း မိုးလောက်ပြင်းထန် သွန်းချပြန်သော်။
* ရှုးမှမြတ်တော့သည်ဘုရား၊ ကူးမှ ခတ်တော့သည်ဘုရား၊ ထူးမှတတ်တော့သည်ဘုရား။
* ခက်လက်ဝေဆာ ဖူးပွင့်လာ နိုင်ညွှာသင်းထုံထုံ။

### သမတာဂုဏ်အပြား (၃)ပါး။

၁။ အချိုးအချဉ်းနှင့်တူသော သိထိလအက္ခရာချည်းပါရှိသော သမတာဂုဏ်သည် ကောဝလ မုဒုသမတာဂုဏ်မည်၏။

၂။ အချိုးအချဉ်းနှင့်တူမျှပြီး ဓနိတအက္ခရာချည်းပါရှိသော သမတာဂုဏ်သည် ကောဝလ ဖုဋသမတာ ဂုဏ်မည်၏။

၃။ အချိုးအချဉ်းနှင့်တူသိထိလ ဓနိတရောနှောပါရှိသော သမတာဂုဏ်သည် မိဿသမတာဂုဏ် မည်၏။

ဆောင်။ ။ မုဒု ဖုဋ မိဿဟူပြီ ယင်းသုံးလီဖြင့် အချိုးအချတူရုံမျှနှင့် ပါဒလေးခု–

### သမတာဂုဏ်သုံးမျိုးပြားရကြောင်း

သုတိ(အသံ) သုံးမျိုးပြားသောကြောင့် သမတာဂုဏ်သုံးမျိုးပြားရပါသည်။

http://www.dhammadownload.com



## သိထိလနှင့် ကောမလတို့ဟူသည်

သိထိလဟူသည် ဝဂ်၏ ပထမ တတိယအက္ခရာများသာတည်း။ ကောကိလာလာ ပသံဝါဒိ အစရှိသော မုဒု သမတာပုံစံ၌ ထိုသိထိလအက္ခရာများသာမက ဝဂ်၏ပဥ္စမနှင့် အဝဂ်များလည်း ပါဝင်သောကြောင့် ဓနိတမဟုတ်လျှင် ကောမလဟုချည်းမှတ်။

* * * * *

(၁၃၂) ကောကိလာ ----------ပ---------- ဓ နိဗ္ဗုတိ။

### မုဒုသမတာဂုဏ်မြောက်ပုံ

ဤဂါထာ၌ လေးပါဒလုံး မုဒုအက္ခရာတို့ဖြင့် အညီအမျှစီကုံးထားသောကြောင့် မုဒုသမတာ ဂုဏ် မြောက်ပါသည်။

### ဤဂါထာဓနိတအက္ခရာတစ်လုံးထည့်ထားရခြင်း

ဒုတိယပါဒ ဝိဗ္ဗောဝယ် ဓနိတ ဘအက္ခရာတစ်လုံး ပါနေခြင်းသည် သိလေသအလင်္ကာနှင့် မဆန့်ကျင်ရုံမျှ ထည့်ဆိုထားခြင်းဖြစ်ပါသည်။

### မုဒုသမတာဂုဏ်မြောက်သောပုံစံအချို့

* ဗာလ် နပသေ့ နသုဏော၊ နစဗာလေနသံဝသေ။
  ဗာလေနာလ္လာပသလ္လာပံ၊နကရေ နစရောစယေ။
* သမုဒ်နက်ကျယ်, ပင်လယ်ကမ်းဘေး,နယ်ကျေးရံပိတ်, ပဒိုက္ကရားမင်းကြီးအားလျှင်။
* ယေါလွှင်မပြု, ကောင်းရာတုလျက်, ကောင်းမှုမြတ်နိုး, ကောင်းအောင်ကြိုး၍, ကောင်းကျိုး ကိုယ်၌, တည်စေမင်း။
* ကိုယ့်ကိုသနား တရားဆောင့်ပါ၊ ကိုယ့်ကိုကိုယ်ငဲ့ ကျင့်ကွဲ့ကောင်းစွာ၊ ကိုယ်သနားမှ ကိုယ်ကားချမ်းသာ ကိုယ့်အကျိုးကို ကိုယ်တိုးစေသင့်ပါ။

* * * * *

(၁၃၃) သမ္ဘာဝနိယ ----------ပ---------- သမ္ဘာဝယေဝိဘုံ။ ။

### ဖုဋသမတာဂုဏ်မြောက်ပုံ

ဤဂါထာ၌ ပထမ, ဒုတိယ, စတုတ္ထပါဒတို့ဝယ် ဖုဋဖြစ်သော ဘ-အက္ခရာ ၂-လုံးစီ ထည့်၍၊ တတိယပါဒ၌ ဖုဋဖြစ်သော ဘ-ထ-ခ သုံးလုံးထည့်ထား၏။ ထိုသို့ လုံးရေမညီမျှသော်လည်း ပါဒတိုင်း၌ ဖုဋဓနိတအက္ခရာပါချင်း ညီမျှသောကြောင့် ဖုဋသမတာဂုဏ်မြောက်ပါသည်။

http://www.dhammadownload.com



## ဖုဋ္ဌသမတာဂုဏ်မြောက်သော ပုံစံအချို့

* ချိုးမွှမ်းရှိသေထိုက်လှပေသည့် စိတ်နေဆန္ဒ မြင့်မြတ်လှသား ဘုန်းခြောက်ပါးနှင့် ပြည့်ငြားစုံလင် နိဗ္ဗာန်ဝင်လတ် ဘုရားမြတ်ကို ကင်းပြတ်ဒုက္ခ လွန်အေးမြသည့် သုခရိပ်မြုံ နိဗ္ဗာန်ဘုံသို့ ခိုလှုံလိုငြား ဝေနေယျသည် မှန်းထား ကျွတ်တမ်း ကြွေ့ကြွေ့ရမ်းလျက် ချိုးမွှမ်း ရှိသေ ပြုသင့်ပေ၏။

* ချစ်ခင်သောအား စိတ်ထားဖြောင့်စွာ ဆက်ဆံပေါင်းသင်း သားချင်းပမာ ဝေဖန်မှုတာ ထောက်မလျက်သာ နေထိုင်သင့် အခွင့်ရသည့်ခါ။

* * * * *

(၁၃၄) လဒ္ဓစန္ဒန ------------ပ------------ မုခမာရုတာ။ ။

## မိဿသမတာဂုဏ်မြောက်ပုံ

ဤဂါထာ၌ ပါဒတိုင်းဝယ် ဖုဋ္ဌတစ်လုံးစီ (ဒ္ဓ ဒ္ဓ ဘ ခ) ပါ၍ မုဒု အက္ခရာလည်း ပါသောကြောင့် မုဒုဖုဋ္ဌ ညီမျှ၍ မိဿသမတာဂုဏ် မြောက်ပါသည်။

## မုဒုဖုဋ္ဌ ညီမျှရမည်ဟူသည်

ဤမိဿသမတာဂုဏ်၌ မုဒုအက္ခရာနှင့် ဖုဋ္ဌအက္ခရာတို့ လုံးရေ ညီမျှရမည်ဟု မဆိုလို၊ ပါဒတိုင်း၌ မုဒု အက္ခရာ ဖုဋ္ဌ အက္ခရာ ပါဝင်သောအားဖြင့် ညီမျှရမည်ဟု ဆိုလိုသည်။

## ဒေါသပျောက်က ဂုဏ်မြောက်ကြ

ဆောင်။ ။ ဗန္ဓဖရုသ လွန်မြောက်က ဂုဏသမထာ။

## မိဿသမတာဂုဏ်မြောက်သောပုံစံအချို့

* ခင်ခင်မှတ်မှတ် လိုက်လံတတ်သား ထူးပွတ်မဆိုင်း စိတ်ဆင်ရိုင်းကို။

* တရားဓမ္မ ဟောပြတုံပါ ပါပဗာလ ဆန္ဒကင်းကွာ ပြန်စွပ်စွဲလို့ ဆဲတတ်သေးပါ၊ ထို့ကြောင့်ပ တွေးဆ ဟောသင့်ပါ။

* * * * *

http://www.dhammadownload.com



(၁၃၅) အနိဋ္ဌရက္ခ ----------ပ---------- သုခုမာလတာ။

## ၅။ သုခုမာလတာဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပာယ်

၁။ နူးညံ့သော ကောမလ အက္ခရာများစွာပါ၍ ကြမ်းတမ်းသော အက္ခရာ အနည်းငယ်သာ ပါရှိခြင်း။

၂။ အစွတ်ခက်သော (သန္ဓိ သမာသ် သံယုတ်) ပုဒ်ဖျည်းများ မပါရှိခြင်း။

ဤလက္ခဏာ နှစ်ပါးနှင့် ပြည့်စုံသော ဂုဏ်သည် သုခုမာလတာဂုဏ်မြောက်ပါသည်။

ဆောင်။ ။ နူးညံ့အက္ခရာ များစွာပါလျက် အစွတ်ခက်သား မပါငြား မှတ်သားသုခုမာ။

## သုခုမာလတာဂုဏ် ၂-ပါး။

၁။ သဒ္ဒသုခုမာလတာဂုဏ်။ ၂။ အတ္ထသုခုမာလတာဂုဏ်- ပေါင်း ၂-ပါး။

* * * * *

(၁၃၆) ပသဿန္တာ ----------ပ---------- ကောဋ္ဌိပရိမုစါ။ ။

## သဒ္ဒသုခုမာလတာဂုဏ်မြောက်ပုံ

ဤဂါထာ၌ ပထမ ဒုတိယ စတုတ္ထပါဒတို့ဝယ် ဓ, ဘ, ခ ဟု ဆိုအပ်သော ဓနိတ အက္ခရာ တစ်လုံးစီသာ ပါရှိခြင်း၊ တတိယ ပါဒဝယ် ဓဒ္ဓ ဟူသော ဓနိတ အက္ခရာ (ဖရုသ အက္ခရာ) နှစ်လုံးသာ ပါရှိခြင်း၊ ၄ ပါဒလုံး၌ ကြွင်းကျန်ရစ်သော အက္ခရာများသည် နူးညံ့သော ကောမလအက္ခရာများ ဖြစ်ခြင်း၊ အစွတ်ခက်သော သံယုတ် ဖျည်းများ မပါရှိခြင်းတို့ကြောင့် ဤဂါထာသည် သဒ္ဒသုခုမာလတာဂုဏ်မြောက်ပါသည်။

## သဒ္ဒသုခုမာလတာဂုဏ်လက္ခဏာ

ဆောင်။ ။ များပြားသိထိ ဓနိနည်းလတ် ဖတ်ရွတ်လွယ်လှ အင်နှစ်ဝ သဒ္ဒ သုခုမာ။

## သဒ္ဒသုခုမာလတာဂုဏ် ပုံစံအချို့

* မြတ်စွာဘုန်းကြွယ် လက်ထက်ဝယ်ကား ပြည့်ကြွယ်စုံလင် ရှင့်ရုပ်သွင်ကို ဖူးမြင်ကြကာ လွန်ချိုသာသည့် ဩဇာပြည့်လျှံ တရားသံကို နာခံမှတ်သား ပျော်ပွဲများမှ လွဲထား မျက်နှာ ကျင့်ကြပါသည် များစွာ သူတော်အပေါင်းတည်း။

http://www.dhammadownload.com



* ခန္ဓာ ငါးဝ နိစ္စကင်းကွာ သုခ ဟူက မြူမျှမပါ။
အတ္တနှင့်ဝေး စစ်ဆေးကြပါ သုဘာကင်း မယွင်းရှဲဖွယ်ရာ။

* * * * *

(၁၃၇) အလင်္ကာရ ----------ပ---------- တဒုန္နလာ။

## သုခုမာလတာ၏ ဂုဏ်ထူး

ဤသုခုမာလတာဂုဏ်နှင့် ပြည့်စုံသော အဖွဲ့အနွဲ့သည် အတ္တာလင်္ကာရနှင့် မပြည့်စုံပါသော်လည်း ပညာရှိများကို နှစ်သက်စေနိုင်၏။ အတ္တာလင်္ကာရတို့နှင့် ပြည့်စုံပါမူကား နှစ်ဘက်နှစ်မျိုး စုံသော (စွယ်စုံ) အဖွဲ့အနွဲ့မျိုး ဖြစ်သောကြောင့် ဆိုဖွယ်ရာမရှိ၊ အလွန်အကျူး အထူးအားဖြင့် နှစ်သက်စေနိုင်ပါသည်။

**ဆောင်။** ။ သုခုမာလ ပြည့်စုံကမူ အတ္တာလင်္ကာရာ ယွင်းသွေနွာလည်း ပညာရှိတို့ လွန်နှစ်မြို့၏။ အချို့အလင်္ကာ ပါဝင်ပါမူ မနွာရက်ရက် လွန်နှစ်သက်သည် နှစ်ဘက်နှစ်မျိုး စုံသောကြောင့်–။

## အတ္တာလင်္ကာရ ကင်းလျက် နှစ်သက်ဖွယ်ကောင်းသောဂုဏ်

အတ္တာလင်္ကာရ ကင်းလျက် နှစ်သက်ဖွယ်ကောင်းသောဂုဏ်သည် သုခုမာလတာ ဂုဏ်ပင် ဖြစ်ပါသည်။

* * * * *

(၁၃၈) ရောမဥ္စပိဥ္စ----------ပ---------- သာခုသီဓါဝလာ။ ။

## ရောမဥ္စ ဤဂါထာကို မြန်မာမှုပြုခြင်း

* မွေးညှင်း ကြက်သီး အတောင်မြီးကို ထီးသို့ ဖြန့်က ရှင်ပျပျဖြင့်၊ခေါ်ကြ သာခုခေါ်သံပြုလျက် သုံးလူ့ဆရာ မိုးဒေဝါကြောင့် ယစ်ကာမွေ့လျော် ဤသူတော်ကောင်း ငှက်ဥဒေါင်းတို့ သောင်းသောင်းဖြဖြ မြူးခုန်ကြသည် မွေစည်တော် ရှမ်းစဉ်ကို–။

http://www.dhammadownload.com



## ဤဂါထာ ဂုဏ်နှင့် အလင်္ကာမြောက်ပုံ

ဤဂါထာ၌ နိဋ္ဌုရအက္ခရာ (ကြမ်းတမ်းသော အက္ခရာ ဠ-ဓ-ဒ-ဃ-ဓ-ဓါ ၆-လုံးသာ ပါသဖြင့်) နည်းပါး၍ ကောမလအက္ခရာများသောကြောင့်လည်းကောင်း အရှုတ်ခက်သော အက္ခရာမပါပဲ၊ အရွတ်လွယ်သောအက္ခရာချည်းသာ ဖြစ်သောကြောင့်လည်းကောင်း၊ ဤဂါထာသည် သဒ္ဒသုခုမာလတာဂုဏ်မြောက်ပါသည်။

တွန်နိုင်သမျှအားလုံးကို အကြွင်းမရှိအောင် ရုပ်ပုံပြုထားသောကြောင့် ဤဂါထာသည် အသေသဝတ္ထု ဝိသယရူပက အလင်္ကာ ဖြစ်ပါသည်။

## သဒ္ဒသုခုမာတာဂုဏ် ပုံစံ

* ဘုရား လှူ့ဘ မုန့်နှလျက် မိန်းမယောကျ်ား လူ့စကားဖြင့် မကြားစကောင်း မဆိုကောင်းကို အကြောင်းဆောင်သွေး ဆိုတုံသေးရှင့် ဆိုရေးရှိက ဆိုအပ်လှ၏။ ဆိုစများလျား ထားပချော်ဘိ ငါ့ဝန်ရှိခဲ့။

* * * * *

(၁၃၉) သုခုမာလင်္ကာ ----------ပ---------- သာဒိ ကိတ္တနံ။

## ပဒတ္ထဝိသယသုခုမာလင်္ကာ အဓိပ္ပာယ်

အနက်အဓိပ္ပာယ်တစ်ခုကို ပြောရာ၌ ပြောရိုးအတိုင်းကဲ့သို့ မပြောဘဲ သိမ်မွေ့ယဉ်ကျေးသော စကားလုံးတို့ကို သုံးစွဲ ပြောဆိုခြင်းသည် ပဒတ္ထဝိသယ သုခုမာလင်္ကာ (အတ္ထသုခုမာလင်္ကာ) မည်ပါသည်။

## ဂါထာပါ ပုံစံရှင်းလင်းချက်

မတာဒိ သတ္တေသု ကိတ္တိသေသာ ဒိကိတ္တနံ-ဟူသော ပုံစံ၌ သေသည်ကို သေသည်ဟု ရိုးရိုး တည့်တိုး မပြောဘဲ သူ၏ ဂုဏ်သတင်းသာ ကြွင်းရစ်တော့သတဲ့ ဟု ယဉ်ကျေး သိမ်မွေ့စွာ သုံးနှုန်းသောကြောင့် အတ္ထ သုခုမာလတာဂုဏ် မြောက်ပါသည်။

မှတ်ချက်။ ။ ဤသို့ အနက်ပေါ်တည်သော်လည်း စကားအသုံးအနှုန်း ယဉ်ကျေးနူးညံ့မှုဖြစ်သော ကြောင့် အတ္ထာလင်္ကာရမဟုတ် သဒ္ဒါလင်္ကာရ ဂုဏ်သာ-ဟု ဘာဒီဆရာဆိုပါသည်။

http://www.dhammadownload.com



## မတာဒိ စသည်၌ အာဒိအရ

* ကိတ္တိသေသာဒိ၌ အာဒိ၏ အာဒိဝန်ကား = ဒိဝံဂတော၊ သဂ္ဂကာယံ၊ အလင်္ကရိ၊ ပရိနိဗ္ဗုတော- စသည်ကိုယူ။
* မတာဒိ၌ အာဒိဖြင့် = မွေးဖွား၏၊ စသည်ကိုယူ။
* ကိတ္တိသေသာဒိ၌ အာဒိဖြင့် = မိးရှုးသန့်စင် ဖွားမြင်၏ စသည်ကို ယူ။

အချုပ်မှာ = ဝါကျ ဒေါသ၌ ပြခဲ့သော ဂါမ္မ ဒေါသမဖြစ်စေဘဲ၊ ဂါမ္မ ဒေါသ အဖြေ၌ ပြခဲ့သော ဝါကျမျိုး သည် သုခုမာတာဂုဏ် ရောက်၏ ဟု မှတ်။ ။

## အတ္ထသုခုမာတာဂုဏ် ပုံစံအချို့

* ယမန်သာတည့် နရာဓိပ လောကကြေငှာန်း မိထိပ်ပန်းလျှင် လျှင်လွန်း နိဗ္ဗာန်ဝင်ခဲ့တွန်၍ ပူပန်ပြင်းစွာ။
* ထိုပြီကာလ မိဘဆွေတော် နတ်ပြည်ပျော်လည်း။ * ဗုဒ္ဓစောလူ ပြည်နိဗ္ဗူ ဆွတ်ချူ ကြွမြန်းလှူ။
* လေးစားကော်ရော် တိုင်းလုံးကျော်သည် ထေရ်တော်မြတ်လှ အမည့်မျှသာ ကြွင်းရစ်ရှာခဲ့။
* သေစေလိုသော စိတ်မနောဖြင့် သဘောယုတ်စွသည်ဗာလကိုမထစေသား အိပ်စေသားဟု။
* နောင်ညီလေးပါး နောင်ဖွားရွယ်လှ ငယ်နမတို့ ဝံသမပြား မျိုးမခြားအောင် စုလျား ပတ်နှောင် ပြည်တည်ထောင်ပြီး။
* ရှင်ဘုရင်နတ်ရွာစံပြီ၊ ကံတော်ကုန်ပြီ၊ ဘုန်းကြီးပျံတော်မူပြီ၊ နတ်ပြည်ကြွပြီ၊ ဘုရားရဟန္တာ ပရိနိဗ္ဗာန်စံတော်မူပြီ၊
* ဆုံးရှာပြီ၊ ကွယ်လွန်ရှာပြီ၊ အနိစ္စရောက်ပြီ၊ ခရစ်တော်၌အိပ်ပျော်ပြီ၊ အလ္လာအရှင်မြတ် အမိန့်တော်ခံယူပြီ။
* ဖွားမြင်သည်၊ မျက်နှာမြင်သည်၊ မီးရှုးသန့်စင်သည်။
* ရေမြေသနင်း မြတ်မင်းရာဇာ ကျော်စောခြင်းမျှ ကြွင်းရစ်တော့ပါ။
* မိဖုရားလည်း ပတ္တမြားပြည့်ကာ မရှင်ပြ နေရတော့သည်သာ။

## ဒေါသပျောက်က ဂုဏ်မြောက်ကြ

ဆောင်။ ။ * ဗန္ဓဖရုသ လွန်မြောက်က သဒ္ဒသုခုမာ။
* ဩစိတ် ဂါမ္မ လွန်မြောက်က အတ္ထသုခုမာ။

* * * * *

http://www.dhammadownload.com



(၁၄၀) သိလိဋ္ဌပဒ ----------ပ---------- နာမ တံယထာ။ ။

## ၆။ သိလေသဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပာယ်

၁။ အလုံးအဆင့် သံယုတ် အက္ခရာတို့ကို နီးနီးကပ်ကပ် ထားခြင်း၊ ဝါ-ဌာန်တူပုဒ်များ နီးနီးကပ်ကပ်ထားခြင်း။

၂။ ဒီဃဓနိတအက္ခရာ ဟူသော ဗန္ဓဂါရဝ အက္ခရာပါရှိခြင်း။

ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသော ဂုဏ်သည် သိလေသဂုဏ်မည်၏။

ဆောင်။ ။ လုံးဆင့် ဒီဃ ဓနိတ ပါကသိလေသာ။

## ပဒါသတ္တိမဓုရတာနှင့် သိလေသဂုဏ် အထူး

* ပဒါသတ္တိမဓုရတာဂုဏ်၌ ဌာန်တူအက္ခရာတို့၏ နီးကပ်ခြင်းသည် လိုရင်းလက္ခဏာတည်း။
* သိလေသဂုဏ်၌ကား ဌာန်တူ နီးကပ်ခြင်းသည် လိုရင်း မဟုတ်။ ဗန္ဓ ဂါရဝ အက္ခရာ ပါခြင်းသာ လိုရင်းတည်း။

ဆောင်။ ။ * ဌာန်တူအက္ခရာ နီးကပ်စွာကို ပဒါသတ္တိ လက္ခဏာ မည့်လော့၊

* ဤသိလေသာ လက္ခဏာကား ဗန္ဓဂါရဝပတနသည်၊ မှတ်ကြ နှစ်မျိုး အထူးတည်း။

## ဗန္ဓဂါရဝ၌ ဂါရဝအက္ခရာအရ မုချ-ဥပစာ

* မုချအရ - ဒီဃ အက္ခရာများ ရ၏။
* ဥပစာအရ - ဓနိတအက္ခရာများ ရ၏။

(သံယောဂဝန္တ အက္ခရာတို့ကို သိလိဋ္ဌပဒ သံသဂ္ဂလက္ခဏာ၌ ယူပြီး ဖြစ်၏။)

* * * * *

(၁၄၁) ဗာလိန္ဒု ----------ပ---------- ဝလိတာဝတံ။

## ဤဂါထာ သိလေသဂုဏ်မြောက်ပုံ

ဤဂါထာ၌ သံယုတ်အက္ခရာများစွာ ပါရှိခြင်း၊ ဓတုတ္ထပါဒမှတစ်ပါးသော ပါဒတို့၌ ဓနိတ(ဒီဃ) အက္ခရာ ပါရှိခြင်း။ ဤနှစ်ပါးနှင့် ပြည့်စုံသောကြောင့် ဤဂါထာသည် သိလေသဂုဏ် မြောက်ပါသည်။

http://www.dhammadownload.com



## သိလေသဂုဏ်မြောက်သော ပုံစံအချို့

* ရွှင်ရွှင်ပျပျ ကကသိသိ ချိုချိုကျူးကျူး ထူးထူး ဆန်းဆန်း။
* နုနုထွတ်ထွတ် မွတ်မွတ် မွေ့မွေ့ မြေ့မြေ့ချော်ချော်၊ လွန်လှမော်၍။
* ရင်ကြောစိမ်းစိမ်း ရှိန်းရှိန်းရွှမ်းရွှမ်း လန်းလန်းလတ်လတ် စွတ်စွတ်စွေးစွေး မြရိပ်ပြေးလျက်။

**အမှာ။** ။ ဤကဗျာများသည် အနုပ္ပါသမဓုရတာဂုဏ် ဖြစ်သင့်သည်။

* * * * *

(၁၄၂) ဥက္ကံသဝဏ္ဏော ----------ပ---------- ဗန္ဓပဒ္ဒတိ။ ။

## ၇။ ဥဒါရတာ ဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပာယ်

အများဖြစ်ရိုးဖြစ်စဉ် ဂုဏ်ထက် လွန်ကဲခြင်းရှိသော စာဂါတိသယ စသော ဂုဏ်သည် (ပထမ) ဥဒါရတာ ဂုဏ်မည်၏။

**ဆောင်။** ။ ထူးချွန် လွန်မြတ် ဂုဏ်ပါလတ် သိမှတ်ဥဒါရာ။

## ဥက္ကံသဝဏ္ဏော ၌ ဥက္ကံသအရ

စာဂုက္ကံသ၊ သီလုက္ကံသ၊ ပညုက္ကံသ၊ ဝီရိယုက္ကံသ၊ သဒ္ဓုက္ကံသ စသော ဂုဏ်လွန်ကဲခြင်းများ ဖြစ်ပါသည်။

* * * * *

(၁၄၃) ပါဒဏ္ဍော ----------ပ---------- နီရဇတ္တနံ။ ။

## ဤဂါထာ ပထမ ဥဒါရတာ ဂုဏ်မြောက်ပုံ

လောက၌ မြူလိမ်းကျံအပ်သော ကိုယ်ရှိသူသည် မြူကင်းသူ မဖြစ်နိုင်သော်လည်း ဘုရားရှင်၏ ခြေတော်မှ မြူဖြင့် တစ်ကိုယ်လုံး လိမ်းကျံထားသည် ဟု ဆိုရလောက်အောင် အမြဲ ကိုးကွယ်ဆည်းကပ်နေသူတို့မှာ ဘုရားရှင်၏ သီလသမာဓိ ပညာတော် မေတ္တာကရုဏာတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် အမှန်ပင် ကိလေသာမြူတို့ လုံးဝ သန့်ရှင်းနိုင်ပါသည်။

ဤသို့ ဤဂါထာသည် ဘုရားရှင်၏ တန်ခိုးအာနုဘော် လွန်ကဲပုံကို ပြဆိုသောကြောင့် (ပထမ) ဥဒါရတာဂုဏ် မြောက်ပါသည်။

http://www.dhammadownload.com



## • ကာမံ သိဝယော- စသော ဂါထာ ဂုဏ်နှင့်ရသ

* ကာမံ သိဝယော သဗ္ဗေ၊ ပဗ္ဗာ- ဓဇ္ဇေ ဟနန္တု၊ဝါ။
နေဝ ဒါနာ ဝိရမိဿံ၊ ကာမံ ဆိန္ဒန္တု သတ္တဓာ။ ။

ဤဂါထာသည် စာဂါတိသယဂုဏ်နှင့် ပြည့်စုံသောကြောင့် ဥဒါရတာဂုဏ် ရောက်၏၊ ဒါနဝီရရသနှင့် ပြည့်စုံပါသည်။ ။

* * * * *

(၁၄၅) ဥဒါရော သောဝိ ----------ပ---------- ဟေမင်္ဂဒါဒယော။ ။

## ဒုတိယဥဒါရတာရာဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပာယ်

၁။ အနည်းဆုံး ဂုဏ်ပြဝိသေသနပုဒ် တစ်ခု ပါရှိခြင်း။
၂။ ဗန္ဓဖရုသ ဒေါသ ဂါမ္မ ဒေါသတို့မှ လွတ်မြောက်ခြင်း။

ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံပြီး ရိုးရိုး ဝိသေသနမဟုတ်ဘဲ ချီးမွမ်းခြင်းကိုပြသော အမွှန်းတင် ဝိသေသနပုဒ်များ ပါရှိခြင်းကြောင့် မြောက်သောဂုဏ်သည် ဒုတိယ ဥဒါရတာဂုဏ် မည်ပါသည်။

## ဂါထာပါပုံစံတို့ ရှင်းလင်းချက်

ကီဠာသရောလီလာ၊ ဟာသော ဟေမင်္ဂဒါ- စသည်တို့၌ ကီဠာ-လီလာ ဟေမ တို့သည် သောက်ရေအိုင်,ချိုး ရေအိုင်၊ မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်ခြင်း၊ ငွေကြေးစသည်တို့မှ အထူးပြု၍ ဆိုသောကြောင့် ဒုတိယဥဒါရတာဂုဏ် မြောက်ပါသည်။

## ဟေမင်္ဂဒါဒယော-၌ အာဒိ၏ အာဒိဝန်

အာဒိဖြင့် ပတ္တမြား နာဒေါင်း ရွှေလက်ကောက် ရွှေလက်ကြုပ် ရွှေလက်စွပ် စသည်ကိုယူ။

## ဒုတိယဥဒါရတာဂုဏ် မြောက်သော ပုံစံအချို့

* ဣတိဝိ သောဘဂဝါ အရဟံ --- ပ --- ဘဂဝါ။
* ရေကစားဖို့ ရေအိုင်၊ မင်္ဂလာကန်တော်။
* ကစားမြူးတူး ပျော်ရွှင်မြူးဖို့ ကြည်နူးဘွယ်ရာ ဥယျာဉ်သာ။

http://www.dhammadownload.com



* ကြားရရုံမျှ ဟဒယ ရှင်ပျစေရာ ရယ်ခြင်းသာ။
* ရွှေခြေကျဉ်း၊ စိန်နားကပ်၊ စိန်လက်စွပ်၊ ပတ္တမြား ခါးစည်းကြိုး။
* စိန်ကြောင် နီလာ မြသန္တာ စိကာဖွဲ့ယှက် မြဘာယက်။
* စိန်နားကပ်ကြီး ပန်ရမလို။
* အက်စ်အီးကားပေါ်ဝယ် ဖိမ်နဲ့ နေမယ်။
* ထက်မြက်ဉာဏ်ရှင် ကြိုးကုတ်သင် လျှင်လျှင်အတတ်စုံ။

## အမှန်းတင်သမျှ ဝိသေသနဒုတိယဥဒါရာ

ဝိသေသျကို အမှန်းတင်သော (ထိုသို့ အမှန်းတင်ရာ၌ စကားလုံးလည်း မကြမ်း၊ အနက်အဓိပ္ပာယ်လည်းမရိုင်း ဝိသေသျနှင့် ကိုက်ညီ၍ အသင့်ယုတ္တိလည်း ရှိသော) ဝိသေသန ဟူသမျှ ဥဒါရတာဂုဏ်ရသည်ချည်း ဟု မှတ်ပါ။

## ဒေါသ ပျောက်က ဂုဏ်မြောက်ကြ

ဆောင်။ ။ ဗန္ဓဖရုသ ဂါမ္မတစ်လီ လွန်မြောက်ပြီ ဒုတိ ဥဒါရာ။

* * * * *

(၁၄၆) လောကီယတ္ထာန ----------ပ---------- ပရိဟာရတော့။ ။

## ၈။ ကန္တိဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပာယ်

၁။ လောက၌ ဖြစ်သင့်ဖြစ်ထိုက်သော အကြောင်းအရာကိုမကျော်ခြင်း။
၂။ လူအပေါင်းက ပညတ်သင့်ပါပေသည်၊ ဖြစ်သင့်ပါပေသည်ဟု လက်ခံနိုင်၍ နှစ်သက်စရာကောင်းခြင်း။

ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသော ဂုဏ်သည်ကန္တိဂုဏ် မည်၏။

ဆောင်။ ။ လောကဖြစ်ပေါ် လွန်မကျော်ဘဲ သူတော်နှစ်လို ထိုဂုဏ်ကို- ခေါ်ဆို ကန္တိတဲ့။ ။

## ကန္တိဂုဏ်မြောက်ပုံပြ လင်္ကာဂါထာနှင့် ကန္တိဂုဏ်မြောက်ပုံ

(၉၅။ မုနိန္ဒ ----------ပ---------- ဝိဓ္ဓေနေ။)

ဤဂါထာ၌ ဘုရားတည်း ဟူသော လမင်းမှ ကောင်းစွာဖြစ်သော အကျော်စောအစု၏ အရောင် (ဂုဏ်သတင်း)သည် ကောင်းကင်တစ်ခုလုံး မဆန့်နိုင်ဟု ဆိုခြင်းသည် လောက၌ ဖြစ်နိုင်

http://www.dhammadownload.com



သော သဘောကို ကျော်လွန်မသွားဘဲ အပြော ကြီးသော စကားမဟုတ်သောကြောင့် လည်းကောင်း၊ ပညာရှိသူတော်ကောင်းတို့၏ နှစ်သက်ဘွယ်ကောင်းသောစကား (အဖွဲ့အနွဲ့) ဖြစ်သောကြောင့် လည်းကောင်း၊ ဤဂါထာသည် ကန္တိဂုဏ် မြောက်ပါသည်။

## ကန္တိဂုဏ်မြောက် ပုံစံအချို့

* ထက်ဆိုဘဝင် ကောင်းကင်ထက်ဖြင့် ချင့်တွက်မနိုင် ဥာဏ်မဏ္ဍိုင်။
* အောင်ဆန်း ဗိုလ်ချုပ် ဂုဏ်ကို ထုတ်သော် အဟုတ် မြန်ပြည် မဆန့်ပြီတည်း။
* ဗိုလ်ချုပ်အောင်ဆန်း ဂုဏ်လျှမ်းလျှမ်း စာတမ်းရေးမကုန်။
* မှော်သောက မင်းမြတ်လှ၏ ဂုဏခြင်းရာ ကျေးဇူးမှာကား ကျွန်းသာစမ္ဗူ နှံ့သော ဟူ၏။
* စကြာမင်း၏ ကျေးဇူးသည် စကြာဝဠာတိုက်မလောက်။
* ခုနှစ်နှစ်ရွယ် သတို့သမီးငယ်ကလေးများသော်မှ နိဗ္ဗာန်ကို မြင်နိုင်ကြ၏။

## လွန်မြောက်ဒေါသ မြောက်ဂုဏ။

ဆောင်။ ။ တိဝုတ် ဂါမှ လွန်မြောက်က ဂုဏကန္တိပါ။

* * * * *

(၁၄၇) အတ္ထဗျတ္တာ ----------ပ---------- ပဒသီတာ။ ။

## ၉။ အတ္ထဗျတ္တိဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပာယ်

သဒ္ဒါအားဖြင့်ဖြစ်စေ၊ သဒ္ဒါ၏ ဟောစွမ်းနိုင်သော သာမတ္ထိယအားဖြင့် ဖြစ်စေ၊ အခြားပုဒ်တစ်ခုကို ဆောင်ယူဘွယ် မလိုလောက်အောင် ထင်ရှားနေခြင်းသည် အတ္ထဗျတ္တိဂုဏ် မည်၏။

ဆောင်။ ။ * သဒ္ဒအတ္ထ မဆောင်ရ အတ္ထဗျတ္တိကာ။
* ဗျာကိတ္တနှင့် နေယျစရှိ ပြစ်မငြိမှ ဆိုလိုသည့်နက် ထင်ရှားထွက် မှတ်ချက် အတ္ထဗျတ္တိတည်း။

## အတ္ထဗျတ္တိဂုဏ် သရုပ်နှင့် အဓိပ္ပာယ်

၁။ အနက်ကို သဒ္ဒါအားဖြင့် ဆောင်ယူဘွယ်မလိုဘဲ သဒ္ဒါအားဖြင့်အနက်ထင်ရှားသည်၏ အဖြစ်သည် သဒ္ဒအတ္ထဗျတ္တိ ဂုဏ် မည်၏။

http://www.dhammadownload.com



၂။ အနက်ကို အနက်အားဖြင့် ဆောင်ယူဘွယ်မလိုဘဲ အနက်တစ်မျိုးအားဖြင့် အနက်တစ်မျိုး ထင်ရှားသည်၏ အဖြစ်သည် အတ္ထ အတ္ထဗျတ္တိဂုဏ် မည်၏။

## အတ္ထဗျတ္တိဂုဏ်မြောက်ပုံပြ လင်္ကာဂါထာနှင့် ဂုဏ်မြောက်ပုံ

(၈၁) မရိစိစန္ဒနာ ----------ပ---------- နိစ္စရုံ။

* အေးကြည်ထပ်ထပ် လရောင်ဟပ်၍ ရပ်ဆယ်မျက်နှာ ဘော်သာစွာသွေး ဖြူဖြူဖွေးသည် စုဆေး တင့်တယ်လွန်ဘိသည်။

ဤဂါထာ၌ အရပ်မျက်နှာ ဖွေးဖြူရခြင်း၏ အကြောင်းဖြစ်သော မရိစိစန္ဒနာလေပလာဘာသိတမရိစိနော– ဟူသော အကြောင်း သဒ္ဒါ တိုက်ရိုက်ပါရှိ၍၊ အကြောင်း သဒ္ဒါ ဆောင်ထည့်ဖွယ် မလိုပဲ သဒ္ဒါအားဖြင့် အရပ်မျက်နှာ ဖွေးဖြူရခြင်းတည်း ဟူသော အနက်ထင်ရှားသောကြောင့် သဒ္ဒအတ္ထဗျတ္တိဂုဏ် မြောက်ပါသည်။

## သဒ္ဒအတ္ထဗျတ္တိဂုဏ် ပုံစံတူ

* ဗောဓိသတ္တ လုလင်လုလည်း မွေးဘနှင့်မင်း ရသေ့ဆင်းကို မြင်လျှင်း လက်ဦး တရံဘူးသော် မိုးနွှးသစ်ပင် လန်းလန်းရှင်သို့ ဝမ်းရှင်ဝမ်းသာ ကြည်ညွတ်စွာ၍ ကပ်ခါ ရှိနိုး ဝပ်ဝပ်ကျိုးလျက် မြတ်နိုးတနာ သုံးဂါထာဖြင့် ထိုခါခဏ ရွတ်သတည်း။

* * * * *

(၉၀) နီလုပ္ပလာဘံ ----------ပ---------- ဝိယာဒသသနော။

ဤဂါထာသည်လည်း သဒ္ဒအတ္ထဗျတ္တိဂုဏ်မြောက်ပါသည်။

## အတ္ထဗျတ္တိဂုဏ်မြောက်ပုံပြ လင်္ကာဂါထာနှင့် ဂုဏ်မြောက်ပုံ

(၈၂) မနောဒ ----------ပ---------- ဟာဒယာနုလော။

ဤဂါထာ၌ မာနတ်မင်း စိတ်ပူပန်သည် ဟူသော အနက်တစ်မျိုးတည်းဖြင့်ပင် သမီးများ ဘုရားမှ ရှုံးပါသည်ဟု အနက် တိုက်ရိုက် မပါစေကာမူ ရှုံးကြောင်း ထင်ရှားသိသာသောကြောင့် အတ္ထ အတ္ထဗျတ္တိဂုဏ် မြောက်ပါသည်။

* * * * *

http://www.dhammadownload.com



(၁၄၈) သဘာဝါ ----------ပ---------- ပေဟန္တိနော။

## ဤဂါထာ အတ္ထဗျတ္တိဂုဏ်မြောက်ပုံ

ဤဂါထာ၌ မကိုင်ရှုရောင်တို့ကို မစွန့်ကုန်ဟူသော အနက်ပြင့်ပင်လျှင် အတိုင်းမသိသော လူနတ်ပြဟ္မာ သတ္တဝါတို့သည် မြတ်စွာဘုရားကို အမြဲရှိခိုးဦးတိုက်နေကြသည် ဟူသော အနက်တိုက်ရိုက်မပါစေကာမူ ထင်ရှားသိသာသောကြောင့် အတ္ထ အတ္ထဗျတ္တိဂုဏ် မြောက်ပါသည်။

## အတ္ထအတ္ထဗျတ္တိဂုဏ် မြောက်သော ပုံစံအချို့

* အဆွေ့၌မှာ သက်တစ်ရာလျှင် မနာမဖျား မြင်လိုကြြား၏။
* အနှစ်တစ်ရာ အနာကင်းကွာ သင့်ချမ်းသာကို မြင်ရပါလို ငါဆုဆို၏။
* တိုက်ခန်းဆောင်ဝယ် ကိုယ်ရောင်သာမျှ ပပစလောက် ဆင်း စံ မြောက်သား။
* သား ရွှေအိုး ထမ်းလာတာ ငါတို့ မြင်လိုကြတယ်။

## အပြစ် ပျောက်လျှင် ဂုဏ်သို့ဝင်

ဆောင်။ ။ ဗျာကိဏ် နေယျ စသည်မှ လွတ်က အတ္ထဗျတ္တိက။

* * * * *

(၁၄၉) ဗန္ဓသာရေတိ ----------ပ---------- ယံ ဂုဏော။ ။

## အဖွဲ့အနွဲ့အားလုံးတို့၏ အသက်သဖွယ်ဖြစ်သော ဂုဏ်

စုဏ္ဏိယ ဂါထာ ကဗျာ ဟူသမျှ သော အဖွဲ့အနွဲ့ အားလုံးတို့၏ အသက်သွေးကြောသဖွယ် ဖြစ်သော ဂုဏ်မှာ သမာဓိ ဂုဏ် ဖြစ်ပါသည်။

(ဗန္ဓသာရေတိမည္တိ ယံ သမဂ္ဂါဝိ ဝိညုနော-ကိုထောက်)

* * * * *

(၁၅၀) အညဓမ္မာ ----------ပ---------- နိရုစ္စတိ။ ။

## ၁၀။ သမာဓိဂုဏ် အဓိပ္ပာယ်

မုချဖြစ်သော အရာဝတ္ထုတို့၏ ထင်ရှားသောသဘောကို မုချ မဟုတ်သော ဥပစာ အရာဝတ္ထုတို့၌ လောက ဝေါဟာရ ထုံးတမ်းစည်းကမ်းနှင့် မဆန့်ကျင်သောအားဖြင့် တင်စား ပြောဆိုရေးသားအပ်သောဂုဏ်သည် သမာဓိဂုဏ် မည်ပါသည်။

ဆောင်။ ။ ဝတ္ထုတပါး သဘောများကို တခြားဝတ္ထုတင်စားမှု မှတ်ရှု သမာဓိ။

* * * * *

http://www.dhammadownload.com



(၁၅၁-၂) အပါဏော ----------ပ---------- ကမာ သိယာ။

## သမာဓိဂုဏ်အပြားနှင့် အဓိပ္ပာယ်

၁။ သက်ရှိသတ္တဝါတို့မှာသာ ရကောင်းသော အိပ်မှု ဒိုက်မှုသွားလာမှု စသော သဘောတို့ကို သက်မဲ့ ဝတ္ထုတို့အပေါ်၌ တင်စားပြောဆိုသော အပါဏောပါဏိဓမ္မသမာဓိဂုဏ်။

၂။ အဆင်းသဏ္ဌာန်ရှိသော ဝတ္ထုတို့မှာသာ ရကောင်းသော ငုပ်လျှိုးရမှု ကြည့်မြင်ရမှု၊ စမ်းသပ်တွေ့ထိရမှု စသော သဘောတို့ကို အဆင်းသဏ္ဌာန်မရှိသော ဝတ္ထုအပေါ်၌ တင်စားပြောဆိုသော နိရူပေ ရူပယုတ္တ သမာဓိဂုဏ်။

၃။ အရသာသဘောရှိစကောင်းသော ဝတ္ထုတို့၏ ချိုသောအရသာ ချဉ်သောအရသာ စသည်တို့ကို အရသာမရှိသော ဝတ္ထုတို့အပေါ်၌ တင်စားပြောဆိုသော နိရသေ သရသ ဓမ္မ သမာဓိဂုဏ်။

၄။ အရည်ဖြစ်သော ဝတ္ထုတို့၏ သောက်၍ရစကောင်းသော သဘောကို အရည်သဘောမရှိသော ဝတ္ထုတို့၌ တင်စား ပြောဆိုသော အဒြဝေဒြဝယုတ္တသမာဓိဂုဏ်။

၅။ ပြုလုပ်တတ်သော ကတ္တားဖြစ်သော လူစသည်တို့၏ ရှက်ခြင်းကြောက်ခြင်း စသော သဘောကို မပြုလုပ်တတ်သော အကတ္တုဖြစ်သည့် လက်နက် စသည်တို့၌ တင်စားပြောဆိုသော အကတ္တရိ ကတ္တုဓမ္မ သမာဓိဂုဏ်။

၆။ အစိုင်အခဲဖြစ်သော အထည် ဒြပ် ရစကောင်းသော ဖောက်ခွဲခြင်း စသော သဘောကို အစိုင်အခဲ အထည်ဒြပ် မဟုတ်သော ဝတ္ထုတို့၌ တင်စားပြောဆိုသော ကဌိနသာ သရီရဓမ္မ သမာဓိဂုဏ်။

* * * * *

(၁၅၃) ဥဏ္ဏာပုဏ္ဏိန္နနာ ----------ပ---------- ကုမုဒိနီ တဝ။ ။

## ဤဂါထာ ပါဏိဓမ္မ သမာဓိဂုဏ်မြောက်ပုံ

ဤဂါထာ၌ သက်ရှိသတ္တဝါတို့၌သာ ရစကောင်းသော ပေါင်းဆုံခြင်း၊ အိပ်ဒိုက်ခြင်း၊ ဝမ်းမြောက်ခြင်း တို့ကို ဥဏ္ဏလုံ မွှေးရှင်တော်နှင့် ကြာပန်း ဟု ဆိုအပ်သော သက်မဲ့ဝတ္ထုတို့အပေါ်၌ လောကထုံးတမ်းစည်းကမ်းကို မလွန် စေပဲတင်စား၍ ပြောဆိုထားသောကြောင့် အပါဏောပါဏိဓမ္မ သမာဓိဂုဏ် မြောက်ပါသည်။

http://www.dhammadownload.com



## ၁။ ပါဠိမှ သမာဓိဂုဏ် ပုံစံအချို့

* စန္ဒရကန် ကျောက်မျက်မှန်နှင့် ငွေစန္ဒီမာ လရောင်ဝါတို့ မျက်နှာချင်းကပ် ရင်ချင်းထပ်လျက် စပ်ဟပ်ပိရိ ပေါင်းဖော်မိ၍ ပီတိရွှင်လန်း နှစ်သက်လွန်းသည် ရွှန်းရွှန်း အရည်ယိုသတည်း။
* ဗေဒါပျံ့ အံကိုခဲ ပန်းပန်လျက်ပဲ။
* နှင်းဆီကယဉ် သဇင်ကပြုံး၊
* ကြာပန်း တို့သည် ပျက်ရယ်ဖြုကုန်၏။
* ပဒုမ္မာကြာတို့သည် နေ့အခါ၌ အိပ်ကုန်၏။
* တက်ခဲ့လို့ ခေါ် မောမြေမြင့် တောင်တန်း။
* ဝသုန်ဤမြေ သက်သေအရာ တည်ပါစေသား။
* ဤမြေပံသု သက်သေပြု ကောင်းမှု နိုင်နိုင်လုံ။
* လေပြင်းထန်၍ တောမြိုင်ယံလည်း ဒေါသမာန်ထ ဟူးဟူးကြွ၏။
* နွေရှူး လေဟုန် စီးကာစုန်သည် ကခုန်သည့်လား ရွက်ဝါများ။
* အောင်လံတွေ ရောင်ပျံ့ မြူးကာပေါ့။
* ဒီကလောင် ရောင်ခြည်လွှတ် ဦးညွတ်တယ်လေး။
* မင်းလွင်မြူနိုး စိုးမိုးနွေသဘင်။
* မြူးကြွ မြောက်လေထန်။
* ပျဉ်းမငုတ်တို သက်ကြားအို
* လေပြင်းနိုက်လျက် မငိုက်ဦးခေါင်း။
* ကြောက်ဖွယ်မုန်တိုင်း လေအရိုင်းလျှင်၊
* လမ်းဟောင်းကြီးလျှင် ငိုချင်းရှည်ကြီး ဆိုခဲ့သည်။
* ဖိုလမင်းလည်း သူ့အဆင်းနှင့် အလင်းနှင့်။
* သူ့ဂုဏ် သူ့သိရ် သူ့အရှိန်နှင့်။
* သန်းခေါင်းဝယ် ညီလာကျင်းသည့် ကြယ်မင်းများ ဆင်းသရေသူချစ်လိမ့်လေ။
* အကြော်သည်မ ဖိုအဝ၌ ထင်းစရေနံ့ ယမ်းတစ်ဆံနဲ့ မီးလျှံ နဂါး နိုးပြီပေါ့။
* အုန်း ထန်း ပေလက် တမာရွက်တို့ ရွှေစက်ရွှေပြောက် ရွှေရည်သောက်၏။
* ပွင့်ငုံကို လင့်ကုန်ကြတော့လို့ ခေါင်းကြွကာ ဆာဝေဆေနဲ့ သူလည်းလေ လောကီသားလိုပေါ့ ကြွားချင်လှပေလိမ့်မယ်။
* မောင်တို့က ရေတွေသွန် ဇေတီငယ်မွန်းရချည် လွမ်းစရာ့ သည်နေရာ။

http://www.dhammadownload.com



* လေချမ်းလည်းကူ မိုးလည်းမြူသော် ဘယ်သူဆီးတား တတ်နိုင်အားလိမ့်။
* သီးကင်းနုစ အချို့ကမူ မြတ်ရှင်တော်ကို ပူဇော်လို့ငှာ သီးကြရှာ၏။
* မဟာလှေကား တို့ဘုရားကို ညွတ်တွား သဒ္ဒါ ဖူးပွင့်လာ၏။
* သောင်အခြေ ခေါင်ရေ လေမြူးတော့ ရေရှူးတွေ ဖွေး။
* ကျူရိုးရှင် ပိပိဟိန်း မိန်းဆောင်းသံ တေး။ ။

* * * * *

(၁၅၄).ဒယာရသေသူ ----------ပ-- ------- ပါဒမှုစနတာ။

## ၂။ ရူပယုတ္တ သမာဓိဂုဏ်မြောက်ပုံ

အဆင်းသဏ္ဌာန် ပုံဟန်ရှိသော ရေ္ခစကောင်းသော ဒုပ်လျှိုးခြင်းကို အဆင်းသဏ္ဌာန် ပုံဟန်မရှိသော ကရုဏာတော်တည်း ဟူသော ဂုဏ်၌ တင်စား၍ ဆိုထားသောကြောင့် နိရူပေ ရူပယုတ္တ သမာဓိဂုဏ်မြောက်ပါသည်။

### အလားတူပုံစံအချို့

* မန္တာတာဒိ နရိန္ဒာနံ၊ ယာ မာတာ သာ ဘဝဏ္ဏဝေ။
* နိမုဂ္ဂါပဟံ တယာတာတ၊ တာရိတာ ဘဝသာဂရာ။
* သံသာရ သောတံ ဆိန္ဒိတွာ။
* ဓမ္မတာသွန်းသည့် ကရုဏာ ရေ သွန်း လေလေတည်း
* သဒ္ဒါမြနိုင် ပင်ရိပ်မြိုင်၌ မဏ္ဍိုင်ပွင့်နိုက်။
* အကိုက်သွန်းသွန်း ဉာဏ်ညွှန့်လန်းလျှင် ထွန်းလှသောခါ။
* ဗောဓိသမ္ဘာပဒေသာ၏ ပညာနိုင်ဖြိုး အမြိုက်သီးကို။
* သစ္စာလေးနိုင် မြတ်ပန်းနိုင်ကို။
* သီလမြေဝယ် ဝီရိယခြေကိုချ၊ သဒ္ဒါလက်ဖြင့် ပညာပုဆိန် ကိုင်ရွယ်ချိန်ပါစ။
* သံသရာဝဲ ဩဃထဲ အမြဲကျင်လည်ကုန်။
* တရားစည်ကြီး ရိုက်တီးကြသလေ။
* အချစ်ဆိုတာပူလောင်တဲ့ မီးတောက်ငယ်တစ်ခု။
* မေတ္တာဟာအေးမြတဲ့ စမ်းချောင်းငယ်တစ်ခု။
* သားတို့ရုပ်ရည်သီတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်း။

http://www.dhammadownload.com



## ရူပယုတ္တသမာဓိဂုဏ်ကဲ့သို့ ဂန္ဓဓမ္မသမာဓိဂုဏ်ရှိနိုင်ပုံ- အဓိပ္ပါယ်နှင့် ပုံစံ

* အနံ့မရှိသော သီလစသည်၌ အနံ့ရှိသကဲ့သို့ တင်စားပြောဆိုခြင်းသည် ဂန္ဓဓမ္မသမာဓိဂုဏ် မည်၏။
* စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။
  ဧတေသံ ဂန္ဓ ဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။ ။
* ယော'စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

### မြန်မာပုံစံ

* နံ့သာသုံးမည် မြနှင်းရည်ဟု သင်းကြည်ကြိုင်ပျံ့ မေတ္တာနံ့ကို နူးညံ့လိမ်းသပ် ဆက်ကပ်လှူရှိပါသော။ စသည်။

* * * * *

(၁၅၅) မစုရေဝိ ----------ပ---------- ဂုဏာနံသော။

## ၃။ ရသဓမ္မ သမာဓိဂုဏ်မြောက်ပုံ

ဤဂါထာ၌ ချိုသောအရသာမရှိသော မဟာကရုဏာ ပညာစသော ဂုဏ်တော်များ၌ အရသာရှိသော ထောပတ်ပျားရည် စသည်တို့၏ ချိုစိမ့်သော ဂုဏ်သဘောကိုလည်းကောင်း၊ ဆားငန်အရသာမရှိသော အဈောသယ ဆန္ဒအပေါ်၌ ငန်သော အရသာရှိသော ဆပ်ပြာ ဆားတို့၏ ငန်သောဂုဏ်သဘောကိုလည်းကောင်း၊ တင်စား၍ ဆိုထားသောကြောင့် နိရသေ သရသဓမ္မသမာဓိဂုဏ် မြောက်ပါသည်။

### ရသဓမ္မသမာဓိဂုဏ်မြောက်ပုံစံအချို့

* ချိုစိမ့်ရသာ ဒေသနာကို လိမ္မာမပွန် လူ့ဆားငန်တို့ အလွန်ကြောက်၍ ကြည်ညိုတွန့်သည် စွန့်သွားထုံးတီတပါတည်း။
* မျက်နှာချိုချို မူပိုပိုနှင့်၊ * တေးသံကတမြမြချို၊ * သီချင်းဆိုက ချိုမြမြ ကြိုင်ဖွ သင်းထုံထုံ။
* ရတုချို စိတ်ကို သွေးလေတော့။ အို-အကြင်နာတရား'လည်း ခါးနေရဲ့။
* သုံးလူ့မင်းမြတ် လူနှင့် နတ်အား ဟောကြားလေသည် တရားသံချိုမြမြတည်း။

http://www.dhammadownload.com



* ဒေါ်ချိုချို ပြောဆိုရှုတ်လေပေါ့။ * ချိုသာအေးမြ မွေးကြိုင်လှသည့် ဓမ္မရသာမြတ်သြဇာ။
* ချိုမြစိမ့်စိမ့် ဘဝင်ငြိမ့်သည့် နှစ်သိမ့်မေတ္တာအရသာ။
* ဓမ္မက္ခန္ဓာ ငါ့ပညာဟု အင်္ဂါကိုးမည် ရင်နှိုရည်ကို ချမ်းကြည်သောက်ငြား တက်စီးပွားဇ၏။
* မောင်မင်းစကားကြားရသည်မှာ ခါးသည်သာတည်း။ ထို့ကြောင့် ငါပင် သင့်ကိုမြင်ရ စိတ်ချဉ်လှ၏။

* * * * *

(၁၅၆) သမ္ဗုတ္တသိဒ္ဓ -----------ပ----------- သလက္ခဏာ။ ။

## ၄။ ဒြဝဓမ္မ သမာဓိဂုဏ်မြောက်ပုံ

မကိုင်ရှုဥသျှောင်တည်းဟူသော လက်ခုပ်ဖြင့် ခပ်၍ သောက်ခြင်းသည် ရေစသည်တို့၌သာ ရစကောင်းသော ဒြဝဓမ္မဖြစ်သည်၊ ထိုဒြဝဓမ္မသဘောကို အရည်မဟုတ်သော ဘုရားရှင်၏ ဂုဏ်တော်၌ တင်စား၍ ဆိုထားသောကြောင့် အဒြဝေဒြဝယုတ္တဓမ္မသမာဓိဂုဏ်မြောက်ပါသည်။

### ဒြဝဓမ္မသမာဓိဂုဏ်ပုံစံအချို့

* မုဟုတ် တဏှာသမဏာ၊ ခိရံတွံ ပါယိတော မယာ။
  တယာဟံ သန္တမစ္ဆန္တံ၊ ဓမ္မခိရံ ဟိ ပါယိတာ။
* လရောင်ဆမ်း၍ ရွာလမ်းမြေမှာ ဝင်းဝင်းဝါ၏၊
* တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။
* သုတ် အဘိဓမ္မာ ဝိနယာဟု မည်သာကျော်ဟိုး တရားမိုးကို သောက်ချိုးစေကာ။
* ပညာရည်နို့ သောက်စို့မကုန်။
* မေတ္တာဆွတ်ဖြန်း ရန်မသန်း။ * စေတနာမိုး ဝေဆာဖြိုးသည်။
* ရွှေမဥ္ဇူ နှုတ်ချိုခွန်းရယ်နဲ့ သွန်းလိုက်မိပါ။
* ဘဝကို အသက်သွင်းသည့် ဝမ်းမြောက်ခြင်း ပီတိရည်ဖန်တီးဆောက်တည်။
* မေတ္တာရေစင် တသွင်သွင် နေ့စဉ်ဆွတ်ဖြန်းကုန်။ စသည်။

### ဒယာရသနှင့် ဒြဝအထူး

* ရူပယုတ္တပုံစံ၌ ပါသော ဒယာရသဟူသည် = ကရုဏာရေတည်း။ ဝါ။ ရေရိုးရိုးရ၏။
* ဒြဝယုတ္တ၌ ဒြဝအရကား = ရေမှတစ်ပါးသောအရည်ရ၏။

* * * * *

http://www.dhammadownload.com



(၁၅၇) မာရာရိ ----------ပ---------- နတာ တဝ။ ။

## ၅။ ကတ္တုဝမ္မ သမာဓိဂုဏ်မြောက်ပုံ

ဤဂါထာ၌ ရှက်တတ်သော ကတ္တုသတ္တိ၊ အခြားအသွင်တစ်မျိုး ပြောင်းလွဲတတ်သော ကတ္တုသတ္တိ၊ ခြေတော်ဦးခိုက် တတ်သော ကတ္တုသတ္တိ မရှိသော လက်နက်များ၌ ထိုကတ္တုသုံးမျိုးကို တင်စား၍ ဖွဲ့နွဲ့စီကုံးထားသောကြောင့် အကတ္တရိ ကတ္တုဝမ္မသမာဓိဂုဏ်မြောက်ပါသည်။ ။

## ကတ္တုဝမ္မသမာဓိဂုဏ်ပုံစံအချို့နှင့် ဂုဏ်မြောက်ပုံ

* စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ၊
တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါနရာ။ ။

ဤဂါထာ၌ တိုက်တွန်းတတ်သော ကတ္တုသတ္တိမရှိသော သူအိုသူနာသူသေကလေးတို့၌ တိုက်တွန်းတတ်သော နတ်တမန်တို့၏ ကတ္တားသဘောကို တင်စား၍ ဖွဲ့နွဲ့စီကုံးထားသောကြောင့် အကတ္တရိ ကတ္တုဝမ္မသမာဓိဂုဏ်မြောက်ပါသည်။

* သာသနာသုံးဆွေ သုံးမြွတေ ဟု ကျက်သရေဆောင်လတ်။

ဤပုံစံ၌ ကတ္တားသဘောသာ ရထိုက်သော ကျက်သရေဆောင်ခြင်းကို ကတ္တားသဘော မရှိသော သာသနာသုံးပါး၌ တင်စား၍ ဆိုထားသောကြောင့် အကတ္တရိကတ္တုဝမ္မသမာဓိဂုဏ် မြောက်ပါသည်။

* နွေရှူးလေဟုန် စီးကာစုန်သည် ကခုန်သည့်လား ရွက်ဝါများ။

* နေအရုဏ် အောင်လံစိုက်တော့။

* ချူလို့ယူလို့ မူနွဲ့နွဲ့ ကြူတဲ့နှင်းဆီရုံ။

* * * * *

(၁၅၈) မုနိန္ဒဘာဏုမာ ----------ပ---------- မန္ဒတမံ ပရံ။ ။

## ၆။ ကဋ္ဌိန ဓမ္မသမာဓိဂုဏ်မြောက်ပုံ

ဤဂါထာ၌ အခိုင်အခဲဖြစ်သော တောင်မြေစသည်တို့၏ ဖောက်ခွဲအပ်သောသဘောကို ဖောက်ခွဲဘို့ရာ အခိုင်အခဲ မဟုတ်သော ပရမတ္ထသဘာဝ အသရိရဖြစ်သည့် မောဟအမှောင်၌ တင်စား၍ ဆိုထားသောကြောင့် ကဋ္ဌိနသဘာသရိရ ဓမ္မသမာဓိဂုဏ်မြောက်ပါသည်။

http://www.dhammadownload.com



## ကဋ္ဌိနစိမ္မသမာဓိဂုဏ်ပုံစံအချို့

* သံသာရသောတံ ဆိန္ဒိတွာ၊ ဝိဒ္ဓံသေတွာ တယော ဘဝေ။
ဓမ္မာနာဝံ သမာရုယှ၊ သန္တာရေယံ သဒေဝကံ။
* သံသရာစက် ကန့်အကွက်ကို ပယ်ဖျက်ခုတ်ထွင် သုတ်သင်ပြီးကာ။
* နတ်ရွာတက်ရန် စောင်းတန်းမှန်လျက် နိဗ္ဗာန်ဒွါရတံခါးမလည်း သီလသံကောက် ဖွင့်တိုင်းပေါက်၍။
* တရားလှေကို တက်ကာစီးလို့ မဂ်ဖေါင်ကြီးနဲ့ကူးစို့ကွယ်။
* တရားမဂ်ဖိုလ် သံမှိုနက်ပြီး အောင်စည်တီး၍။
* သံယောဇဉ်မြေတလင်းမှာ လေညှင်းနဲ့အတူ ကြွေဆင်းတဲ့သူ ခရေဖြူရေ။
* အိပ်မက်ဝတ်မှုံ မှောင်ဝတ်ရုံနဲ့။ * ပြုံးရိပ်ဆင်မြန်း။
* သံယောဇဉ်ဆိုတာကရော နံ့သာ ရဲ့ မြစ်ဖျားခံရာ ရေသောက်မြစ်တစ်ခု။
* မြင့်မိုရ်တောင်ဦး မကြူး ကျေးဇူးမိဘာဂုဏ်။

## သံသာရသောတံ စသောဂါထာ ရူပယုတ္တသမာဓိဂုဏ်လည်းရောက်ပုံ။

ပကတိရေ၏ ဖြတ်ကူးသွားကောင်းသော သဘောကို အရေမရကောင်းသော သံသရာ၌ တင်စားအပ်သောကြောင့် ရူပယုတ္တ သမာဓိဂုဏ်လည်း ရောက်နိုင်ပါသည်။

• • • • •

(၁၅၉) ဝမနဂ္ဂိ ----------ပ----------ဝိန္ဒတိဂါမှတ်။

## ဝမနဂ္ဂိ ဤဂါထာဖြင့် သိစေချက်

ဤဂါထာဖြင့် ပြခဲ့ပြီးသော ပါဏိဓမ္မစသည်တို့တွင် မုချမဟုတ်ပဲ ဥပစာတင်စားလျှင် ချီးမွမ်းဖွယ်ကောင်း၍ ဥပစာမလုပ်ပဲ မုချအရာ၌ သုံးစွဲလျှင်မကောင်း၊ ဥပစာတင်စားအပ်သော အနက်မှတပါး တကယ်ပျို့ခြင်း၊ တကယ်လေတက် ခြင်း၊ တကယ်ဝမ်းလျှောခြင်းအနက်ကို ဟောသော ပုဒ်ဖြစ်လျှင်ကား ဂေန်ဂါမ္မဒေါသသင့်၏ဟု သိစေပါသည်။

• • • • •

http://www.dhammadownload.com



(၁၆၀) ကန္တိနံ ----------ပ---------- ကရေန္တိ ယော။ ။

## ကန္တိနံ ဤဂါထာသိစေချက်

ဤဂါထာသည် ကတ္တားအဝိညာဏက(အစိတ္တ)၊ က-အပဓာန(အမုချ)အဖြစ်ကို ပြသော ပုံစံပြဂါထာဖြစ်သည်။

## ဤဂါထာ၌ ဒေါသပျောက်၍ ဂုဏ်ရောက်ပုံ

ဤဂါထာ၌ ဂုဏ်ဥပစာသဘောအန်တတ်သော ကတ္တုသတ္တိမရှိပဲ ကတ္တုသတ္တိသဘောရှိသကဲ့သို့ တင်စား၍ ပြောဆိုထားသောကြောင့် အကတ္တရိကတ္တုဓမ္မသမာဓိဂုဏ်မြောက်ပါသည်။

**တစ်နည်း။** ။ အဝိညာဏကဖြစ်သော ခြေသည်းတော်အစဉ်၌ တင်စား၍ ဆိုထားသောကြောင့် ပါဏိဓမ္မ သမာဓိဂုဏ်, ကန္တိဂုဏ်မြောက်ပါသည်။

## အန်ထုတ်ခြင်းစကားဂါမ္မဒေါသမှ လွတ်ရကြောင်း

အန်ထုတ်ခြင်းဟူသော စကားသည် ပဓာန(မုချ) မဟုတ်ပဲ၊ အပဓာန(အမုချ)ဖြစ်သောကြောင့် ဂါမ္မဒေါသမှ လွတ်ပါသည်။

## ထပ်၍ပြသော ကတ္တုဓမ္မသမာဓိဂုဏ်ပုံစံအချို့

* ဝမန် ပဋိပန္နာန်၊ ဖလဋ္ဌာန် ဝိရေစနံ။
  ဩသဓံ ဖလလာဘီနံ၊ ပုညခေတ္တံ ဂဝေသိနံ။
* ကိလေသာသွေး အော့အန်ထွေး မဂ်လေးမြတ်ပုဂ္ဂိုလ်။
* တရားဆေးကို သောက်ကာမျို မဂ်ဖိုလ်ရောက်သကို။

## ဒေါသလှန်မြောက်ဂုဏ်သို့ရောက်

**ဆောင်။** ။ ဂါမ္မလွန်ဘိ သမာဓိ ကန္တိဂုဏာဖြစ်တတ်ပါ။

## ဤနေရာ၌ ကတ္တုဓမ္မ သမာဓိဂုဏ်ပုံစံထပ်ပြရခြင်း

ကတ္တုဓမ္မသမာဓိပုဏ်ပုံစံဖြစ်သော်လည်း ဝမန(ပျို့အန်ခြင်း)ကို တကယ်အန်ခြင်းအရာ၌ မသုံးဘဲ ဂုဏ်ဥပစာအရာ၌ သုံးစွဲထားခြင်းကြောင့် ဂါမ္မဒေါသမရောက်ကြောင်း သမာဓိဂုဏ်-ကန္တိဂုဏ်ရောက်ကြောင်းပြလို၍ ထပ်ပြရပါသည်။

* * * * *

http://www.dhammadownload.com



(၁၆၁) အစိတ္တကတ္တုကံ ----------ပ---------- ယဒုတ္တမံ။ ။

## အစိတ္တကတ္တုကံဤဂါထာဖြင့် သိစေအပ်သောအစိပ္ပါယ်များ

ပျို့အန်ခြင်းစသည်ကို တင်စား၍ဆိုရာ၌ ကတ္တားသည်-

(၁) အဝိညာဏက(အစိတ္တ)ကတ္တား၊ (၂) သဝိညာဏက(သစိတ္တ)ကတ္တားဟု နှစ်မျိုးရှိ၏။

ကံသည်လည်း= (၁) ပဓာန(မုချ)ကံ၊ (၂) အပဓာန(အမုချ)ကံဟု နှစ်မျိုးရှိ၏။

ထိုတွင်(၁)ကတ္တားက အဝိညာဏက(အစိတ္တ)ကတ္တား၊ ကံက အပဓာန(အမုချ)ဖြစ်ခဲ့ပါမူ ဂါမ္မဒေါသမသင့်။ ကန္တိဂုဏ်သမာဓိဂုဏ်ရောက်ပါသည်။

(၂) ကတ္တားက သဝိညာဏက(သစိတ္တ)ကတ္တားပင်ဖြစ်စေကာမူ၊ ကံကအပဓာန(အမုချ)ကံ ဖြစ်လျှင် ကောင်းသေး၏။ ဂါမ္မဒေါသမသင့်။ ကန္တိဂုဏ်သမာဓိဂုဏ်ရောက်ပါသည်။

(၃) ကတ္တားကလည်း သဝိညာဏက(သစိတ္တ)ကတ္တား။ ကံကလည်း ပဓာန(မုချ)ကံဖြစ်ပါမူကား မကောင်းတော့၊ ဂါမ္မဒေါသသင့်တော့ပါသည်ဟူသော အစိပ္ပါယ်တို့ကို သိစေပါသည်။

**မှတ်ချက်**။ ။ ပျို့အန်စသားစကားများမှာကတ္တားအဝိညာ ဏကာကမူ ဖြစ်တုံက်မူ ဂါမ္မဒေါသာ လွတ်မြောက်ပါ၏။ သဝိညာကတ္တားဖြစ်ပေငြားလည်း ကံကားဂုဏ ဖြစ်တုံကမူ ကောင်းလှသေးပါ၊ မုချာကမူ ဖြစ်တုံကလျှင် ဂါမ္မ ဒေါသာ သင့်လေပါသည် သေချာပိုင်းခြား စစ်လေ့လော့။

* * * * *

(၁၆၂) ဥဂ္ဂိရန္တော ----------ပ---------- နသမ္ဘိဏာယေန။

## ဥဂ္ဂိရန္တောဤဂါထာသိစေချက်

ဤဂါထာသည် ကတ္တားသဝိညာဏက(သစိတ္တ)၊ ကံအပဓာန(အမုချ)အဖြစ်ကိုပြသော ပုံစံပြဂါထာအဖြစ် သိစေ ပါသည်။

## ဤဂါထာ၌ ဒေါသပျောက်၍ ဂုဏ်မြောက်ပုံ

* အရည်၏အန်ထုတ်ထိုက်သော ရူပယုတ္တသဘောကို အရည်မဟုတ်သော မေတ္တာတော်၌ အရည်သဘောမျိုး တင်စားပြောဆိုထားသောကြောင့် ရူပယုတ္တသမာဓိဂုဏ်မြောက်ပါသည်။
* ဤဂါထာ၌ ဇိနဝရော-(သဗ္ဗညုသည်)ဟူသော ကတ္တားသည် သဝိညာဏက(သစိတ္တ)ပင် ဖြစ်သော်လည်း သွေဟာရသံ(ကရုဏာမေတ္တာအရသာကို)ဟူသော ကံကအပဓာန(အမုချ) ဖြစ်သောကြောင့် ဂါမ္မဒေါသမှ လွန်မြောက်၍ ရူပယုတ္တသမာဓိဂုဏ်-ကန္တိဂုဏ် မြောက်ပါသည်။

* * * * *

http://www.dhammadownload.com



(၁၆၃) ယောသဒ္ဒ-----------ပ----------- မနှုရှပ်။

## ကဗျာဆရာခေါ်ထိုက်သူ

၁။ သဒ္ဒါကျမ်း၊ ၂။ အဘိဓာန်ကျမ်း၊ ၃။ ဆန်းကျမ်း၊ ၄။ အလင်္ကာကျမ်းတို့၌ ကျမ်းကျင် တတ်မြောက်ရုံသာမက ထိုကျမ်းတို့ကို အမြဲအစွဲအားထုတ်သောပုဂ္ဂိုလ်ကို- ကဝိဟု ဆိုနိုင်ပါသည်။

**ဆောင်**။ ။ သဒ္ဒါကျမ်း ဘိဓာန်ဆန်းအလင်္ကာလေးကျမ်းပင် ကျွမ်းကျင်လတ် မြဲမပြတ်လေ့လာ၊ လျစ်လျူရှု ရေးသားမှု ပြုကိစ္စာပင် ရှောင်ခွာကြဉ်ထား၊ ကဗျာရှင် ပညာရှင်မြတ်ကဝိရယ်လို့ မှတ်သိကာ ဂုဏ်ရှိန်မောက်လို့ရယ် ထွန်းတောက်ထင်ရှား။

## ကဗျာတတ်အင်္ဂါ-၃-ပါး

ထိုလေးကျမ်းကို တတ်မြောက်ရုံမျှဖြင့် ပြည့်စုံကုံလုံသော စာရေးဆရာဟု မဆိုနိုင် မဖြစ်နိုင်သေး၊ (၁) ပင်ကိုယ် ဉာဏ်ထက်မြက်ခြင်း၊ (၂) အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံ ကြွယ်ဝရခြင်း၊ (၃) လွန်ကဲသော လုံ့လဝီရိယရှိရခြင်း၊ ဟူသော ကျမ်းရင်းစကားဦးအဖွင့်က ပြဆိုခဲ့သော အင်္ဂါ၃-ပါးနှင့်လည်း ပြည့်စုံမှ ဖြစ်နိုင်ပါသည်။

ဝုဏ္ဏာဝဗောဓ တတိယပရိစ္ဆေဒ ဤတွင်ပြီးပါပြီ။

* * * * * * * *

http://www.dhammadownload.com



(၁၆၄) အတ္ထာလင်္ကာရ ----------ပ---------- တတောစုနာ။ ။

## အတ္ထာလင်္ကာရ ဤဂါထာသိစေချက်

ဤဂါထာသည် ဆိုအပ်လတ္တံ့သော အတ္ထာလင်္ကာရတို့နှင့် စပ်၍ စကားပျိုးနှင့် ပဋိညာဉ်ကို သိစေပါသည်။

## ဤဂါထာဆိုလိုချက်

ဆိုခဲ့ပြီးသော ပသာဒစသောဂုဏ်တို့နှင့် ပြည့်စုံပြီးသော အဖွဲ့အနွဲ့တို့သည် ယခုဆိုအပ်လတ္တံ့သော အတ္ထာလင်္ကာရတို့နှင့် တန်ဆာဆင်ပြည့်စုံပါမူကား ပို၍နှစ်သက်ဖွယ်ကောင်း၏။

ဥပမာအားဖြင့်–နူနာစသည်ဖြင့် အပြစ်ကင်း၍ ပင်ကိုချောမောလှပအချိုးကျသော အမျိုးသမီးသည် ပုတီးလက်ကောက် လက်စွပ်လက်ကြပ်စသော တန်ဆာတို့ဆင်လိုက်ပါမူကား ပို၍ ချောမောလှပအချိုးကျကာ ရှုချင်စဖွယ်ကောင်းလာသကဲ့သို့ ဖြစ်ပေသည်။

ထို့ကြောင့် ယခုအခါ၌ အဆင်တန်ဆာနှင့်တူသော အတ္ထာအလင်္ကာရတို့ကို ပြဆိုပေအံ့–ဟု ဆိုလိုပါသည်။

* * * * *

(၁၆၅) သဘာဝဝင်္ကဝုတ္တိနံ ----------ပ---------- ဝိဘာဝိနီ။ ။

## ဤဂါထာဖြင့်ပြသော အတ္ထာလင်္ကာရ (၂)ပါးနှင့်အဓိပ္ပါယ်

၁။ ဇာတ်ဂုဏ် ကြိယာ ဒြဗ်တို့၏ အထူးထူး အပြားပြား ဆန်းကြယ်သော အနိုက်အတန့်ကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက် တိုက်ရိုက်ထင်ရှားစွာပြသော အလင်္ကာသည် သဘာဝဝုတ္တိအလင်္ကာမည်၏။

၂။ ဇာတ်ဂုဏ်ကြိယာဒြဗ်ဟုဆိုအပ်သော ဝတ္ထုတို့၏ အထူးထူးအပြားပြား ဆန်းကြယ်သော အနိုက်အတန့်ကို သာယာနာပျော်ဖွယ်ရှိအောင် မုချတိုက်ရိုက်ဆိုခြင်းမှတစ်ပါး အတိသယ ဥပမာရူပကစသော အခြားအရာဖြင့် သွယ်ဝိုက်၍ပြသော အလင်္ကာသည် ဝင်္ကဝုတ္တိ အလင်္ကာမည်၏။

## သဘာဝဝုတ္တိအလင်္ကာ(၄)မျိုးနှင့်အဓိပ္ပါယ်

၁။ ဇာတ်၏ ထူးထွေဆန်းကြယ်သော အနိုက်အတန့်သဘောကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက် တိုက်ရိုက်ပြဆိုသော အလင်္ကာသည် ဇာတိသဘာဝဝုတ္တိအလင်္ကာမည်၏။

http://www.dhammadownload.com



၂။ ဂုဏ်၏------ပ------ဂုဏသဘာဝဝုတ္တိအလင်္ကာမည်၏။
၃။ ကြိယာ၏-----ပ------ကြိယာသဘာဝဝုတ္တိအလင်္ကာမည်၏။
၄။ ဒြဗ်၏------ပ------ဒဗ္ဗသဘာဝဝုတ္တိအလင်္ကာမည်၏။

မှတ်ချက်။ ။ နာမသဘာဝဝုတ္တိအလင်္ကာထည့်၍ ၅-ပါးဟုလည်း ဆိုကြသေး၏။
ဆောင်။ ။ ဇာတ်ဂုဏ်ကြိယာ ဒဗ္ဗာနာမ သဘာဝ၏ကို တိုက်ရိုက်ဆို ခေါ်ဆိုသဘာဝ။

* * * * *

(၁၆၆) လီလာဝိကန္တိ ----------ပ---------- ဝါစမာသဘိ။

## ဒဗ္ဗသဘာဝဝုတ္တိ အလင်္ကာမြောက်ပုံ

ဤဂါထာသည် ဖွားမြင်ကာစဖြစ်သော ဘုရားလောင်းတော် ဒြဗ်ဝတ္ထုကို-
၁။ တင့်တယ်စမွါယ်စွာ ခုနစ်ဖဝါးလှမ်းကြွပုံ အခိုက်အတန့်။
၂။ အရပ်မျက်နှာတို့၌ ခန့်ခန့်ငြားငြား ရှုစားတော်မူပုံအခိုက်အတန့်။
၃။ ရဲဝန့်စွာ မိန့်မြွက်တော်မူပုံ အခိုက်အတန့်။
ဤသုံးမျိုးသော အခိုက်အတန့်ဖြင့် တန်ဆာဆင်ထားရာ မသွယ်မဝိုက် တိုက်ရိုက်ဆိုထားသောကြောင့် ဒဗ္ဗသဘာဝဝုတ္တိ အတ္ထာလင်္ကာရဂုဏ်မြောက်ပါသည်။

မှတ်ချက်။ ။အကြောင်းအရာတစ်မျိုးကို မသွယ်မဝိုက်ပဲ တိုက်ရိုက်အားဖြင့် ထင်ရှားပေါ်လွင်အောင် ဖွဲ့နွဲ့စီကုံးအပ်သမျှကို သဘာဝဝုတ္တိအတ္ထာလင်္ကာရချည်းဟုမှတ်ပါ။

## အလင်္ကာရိယစသည် (၃)ပါး

၁။ တန်ဆာဆင်အပ်သော အလင်္ကာရိယ။
၂။ ဇာတ်စသည်တို့၏ ထူးထွေဆန်းကြယ်သော အခိုက်အတန့်သဘောဟုဆိုအပ်သော သဘာဝဝုတ္တိ။
၃။ တန်ဆာဆင်ကြောင်းဖြစ်သောအလင်္ကာ။ ပေါင်း၃-ပါး။

## ဤဂါထာ၌ အလင်္ကာရိယာစသည် ၃-မျိုးခွဲပုံ

၁။ ဘုရားလောင်းဒြဗ်သည် ပြုအပ်သောသွားခြင်းအစရှိသည်တို့သည် တန်ဆာဆင်ယင်အပ်သော သဘောဖြစ်သောကြောင့် အလင်္ကာရိယ။

http://www.dhammadownload.com



၂။ ဘုရားလောင်းဖြစ်တော်၏ တင့်တယ်သောသွားခြင်း၊ အရပ်ဆယ်မျက်နှာတို့ကို ကြည့်ရှုခြင်း၊ မကြောက်မရွံ့ ကြုံးဝါးမြွက်ဆိုခြင်းဟု ဆိုအပ်သော အနိုက်အတန့်ကို ထင်စွာပြတတ်သော ဂုဏ်အဖွဲ့သည် ဒဗ္ဗသဘာဝဝုတ္တိမည်၏။

၃။ ထိုအဖွဲ့သိမ်းပင်လျှင် ဘုရားလောင်းဖြစ်တော်သည် ပြုအပ်သောသွားခြင်းစသော ဆန်းကြယ်သော သဘောကို တန်ဆာဆင်သောကြောင့် အလင်္ကာမည်၏။

## ဤပုံစံ ဒဗ္ဗသဘာဝဝုတ္တိအလင်္ကာခေါ်ပုံ

အထက်ပါစကားသုံးရပ်တွင် နောက်စကားနှစ်ရပ်ကို ပေါင်း၍– ဤပုံစံကို ဒဗ္ဗသဘာဝဝုတ္တိအလင်္ကာဟု ခေါ်ပါသည်။

**အမှာ။** ။ ဇာတိ–ဂုဏ–ကြိယာ–နာမ–သဘာဝဝုတ္တိတို့ကိုလည်း ဤနည်းအတိုင်းပင် ခွဲစိတ်ဝေဖန်ပါလေ။

**ဆောင်။** ။ ဖြစ်ပြုထား သွားခြင်းကြည့်ခြင်း မြွက်ဆိုခြင်းပင် အလင်္ကာရ၊ မြဲမှတ်သိလေ၊ ပြဘိထိုထို ဝုတ္တိဆိုလျှင် ထိုပင်အလင်္ကာ မည်ရပါမည် စိတ်ဖြာဤနည်း နှင်နှင်တည်း။

## ဇာတိသဘာဝဝုတ္တိပုံစံ

* တို့ရပ်တို့ရွာ တို့ခန်းဝါ၌ ခန္ဓာယှက်ဆိုင်း နေမြဲတိုင်းသာ သက်ပိုင်းယိုယွင်း ကံကုန်ခြင်းနှင့် ထမင်းရေစာ အခါလွန်လျက် မာန်ပြိုင်တက်၍ မျက်ထွက်တုံငြား ဤသို့အားဖြင့် လေးပါးကြောင်းချာ စုတိရာတွင် = (ဓေ–၄)

ဤပုံစံသည် နတ်ဇာတ်၏ ထူးခြားဆန်းကြယ်သော သေရခြင်းလေးမျိုးအကြောင်းသဘောကို သာယာနာပျော်ဖွယ် ရှိအောင် မသွယ်မဝိုက် တိုက်ရိုက်ဆိုသောကြောင့် ဇာတိသဘာဝဝုတ္တိမည်၏။

(**အမှာ**။ ။ ဂုဏ–ကြိယာ–ဒဗ္ဗ–နာမသဘာဝဝုတ္တိတို့ကို အလင်္ကာပန်းကုံး မေဒိနီစသော စာအုပ်တို့၌ ရှုကြပါလေ။ ဤ၌ ကျယ်မည်စိုး၍ မရေးတော့ပြီ။)

* * * * *

## (၁၆၇) ဝုတ္တိဝတ္တု ----------ပ---------- ဗိဇောပဒဿနံ။ ။

## ဝက်ဝုတ္တိအလင်္ကာအဓိပ္ပါယ်

ဇာတ်ဂုဏ်ကြိယာ ဖြစ်ဟူသော ဝတ္ထု၏ ပင်ကိုယ်ရှိသော သဘောကို လောကသဘောကိုလွန်၍ဖြစ်စေ၊ ဥပမာရူပက စသည်တို့ဖြင့်ဖြစ်စေ၊ တစ်မျိုးတစ်ဖုံကြံဆသွယ်ဝိုက်သောအားဖြင့် ဆိုသော အလင်္ကာသည် ဝက်ဝုတ္တိအလင်္ကာမည်၏။

http://www.dhammadownload.com



မှတ်ရန်။ ။ စာတ်စသည်တို့၏ ထိုထိုအနိုက်အတန့်ကို ကြံဆသွယ်ဝိုက်သောအားဖြင့်ဆိုသော အလင်္ကာ သည် ဝက်ဝုတ္တိအလင်္ကာမည်၏။

## ဤ၌ ဝက်ဝုတ္တိကို ပိုင်းခြားမပြရခြင်း

အဆုံးအပိုင်းအခြားမရှိ များပြားသောကြောင့် ဝက်ဝုတ္တိကို ပိုင်းခြား၍ မပြ၊ အကြောင်းကို သိနိုင်ရုံမျှသာ ပြခြင်းဖြစ်ပါသည်။

ဝက်ဝုတ္တိအလင်္ကာပုံစံအချို့ = * ပညာရည်နို့ သောက်ကာစို့ မှတ်ဘို့ပုံစံလာ။
* မေတ္တာရေချမ်းဆွတ်ကာဖျန်း ရှင်လန်းကိုယ်စိတ်မှာ။
* တရားရေအေး အမြိုက်ဆေး တိုက်ကျွေးမြတ်ဗုဒ္ဓါ။

* * * * *

(၁၆၈-၁၇၁) တတ္ထာတိသယ ----------ပ---------- မာသိရသိဏ္ဍတိ။

## ဝက်ဝုတ္တိအပြား

ဆောင်။ ။ အတိ ဥပမာ ရူပကာနှင့်၊ အာဝုတ် ဒီပကံ အကျေပံတည့်၊ အတ္တန်ဖျတိရေ၊ ဝိယောကမ၊ ဝိယတရာ၊ သမာပရိ၊ သမာဟိတာ၊ ပရိယာယ၊ ဗျာဇောပ ဝိသေ၊ တထွေရှုဋ္ဌ၊ သျလေသနှင့်၊ တုလျယောဂီ၊ နိဒဿန၊ မဟန္တ ဝဋ္ဋနာ၊ အပ္ပကာပြင်၊ ကောအညာ၊ သဟာဝုတ္တိ ဝိရောဓိတည့်၊ ပရိဝုတ်ဘာမ၊ ဘာဝတဖြာ၊ မိဿာ အာသိ၊ ရသိနောက်ဖျား၊ သုံးဆယ့်ငါးသည် အပြားဝက်ဝုတ္တိတည်း။

(မှတ်ချက်။ ။ အစိပ္ပါယ်အကျယ်တို့ကို အလင်္ကာပန်းကုံးစသည်တို့၌ရှုပါ။)

* * * * *

(၁၇၂) တောဘောဒါ ----------ပ---------- သိရိပရံ။ ။

## ဤဂါထာဖြင့် သိစေချက်

ဤ၌ ပထမပါဒဖြင့် နိဂုံးကိုပြ၏။ ကျန်သုံးပါဒပြင့် ဘာဝနှင့် သိလေသ၏ ထူးခြားသောဂုဏ်ကို ပြ၏။

http://www.dhammadownload.com



## အဖွဲ့အနွဲ့၏ အသက်နှင့်တူသော ဥပမာ

* ဘာဝအလင်္ကာဖြစ်ပါသည်။ (ဘာဝေါဗီဝိတမုစ္စတေ-ကိုထောက်)

## ကျက်သရေတိုးပွားစေတတ်သော အလင်္ကာ

* သိလေသအလင်္ကာဖြစ်ပါသည်။ (ဝက်ဝုတ္တိသုပေါသေတိ သိလေသော တုသိရိံပရံ-ထောက်)

ဆောင်။ ။ ထိုတွင်ဘာဝ ပါဝင်မှသာ ဗီဝသက်ဝင် ကဗျာရှင်တည်း၊ ထိုပြင်သိလေ ပါဝင်လေမူ သရေပြည့်ဖြိုး လွန့်လွန့်တိုးသည် နှစ်မျိုးထူး၍ မှတ်ရာသော်။

## စတုတ္ထပိုင်းလာ ဘာဝအလင်္ကာနှင့် ပဌမပိုင်းလာ ဘာဝတို့၏အထူး

* စတုတ္ထပိုင်းလာ ဘာဝအလင်္ကာသည် တစ်စုံတစ်ခုသောအကြောင်းဖြင့် ပညာရှိတို့၏ အလိုကို သိစေတတ်သော နာမ် အာချာတ်ပုဒ်စသည်တို့ကိုဆိုခြင်း အထူးဖြစ်၏။
* ပဌမပိုင်းလာ ဘာဝ(၉)ပါးတို့သည် တရားကိုယ်အားဖြင့် စိတ်စေတသိက်တို့၏ ဖောက်ပြန်ခြင်းအထူး၊ ကိုယ်၏ဖောက်ပြန်ခြင်းအထူး၊ နှုတ်၏ဖောက်ပြန်ခြင်း အထူး ဖြစ်၏။ ဤသို့ထူးပါသည်။

* * * * *

(၁၇၃) ပကာသကာ ----------ပ---------- လောကိယာတိစသာဒ္ဓိတာ။

## ဤဂါထာဖြင့်သိစေချက်

ဤဂါထာ၌ ရှေ့နှစ်ပါဒဖြင့် အတိသယဝုတ္တိ၏ လက္ခဏာကိုပြ၍၊ နောက်နှစ်ပါဒဖြင့် အတိသယဝုတ္တိနှစ်မျိုး အပြားကိုပြပါသည်။

## (၁) အတိသယဝုတ္တိ၏အဓိပ္ပါယ်

လောကရှိသော ဇာတ်ဂုဏ်ကြိယာဒြဗ်ဟူသော ဝတ္ထုတို့၏ မထင်ရှားသော အနက်သဘောတို့ကို ထင်ရှားပေါ်လွင် စေခြင်း၊ တစ်ပါးသောပစ္စည်းဝတ္ထုတို့၏ ဂုဏ်သဘောကို ထူးခြားလွန်ကဲစွာ ရေးသားပြောဆိုဖွဲ့နွဲ့ခြင်းသည် အတိသယဝုတ္တိ အလင်္ကာမည်၏။

http://www.dhammadownload.com



ဆောင်။ ။ လွန်ကဲပိုမို အထူးဆို ခေါ်ဆိုတိသယ။

တစ်နည်း။ ။ မထင်မရှား အနက်များကို ထင်ရှားစေ၍ လွန်ကဲသောသည့် ဂုဏ်ဖော်ဘိ ခေါ်၏တိသယဝုတ်။

## အတိသယဝုတ္တိအလင်္ကာမြောက်ပုံစံအချို့

* ပျော့ရာမှာဖယောင်း၊ * မာရာမှာ သံချောင်း၊
* ထက်ရာမှာရေစောင်း၊ * တုံးရာမှာ ဓါးမပေါင်း၊
* လေးရာမှာကျောက်မောင်း၊ * ပေါ့ရာမှာ ပူပေါင်း၊
* မြင့်မိုရ်တောင်စုတ် မင်သမုဒ် စက္ကူကုဂ်(စက္ကူ)အာကာသ။
* ကြမ်းပိုးကိုလိပ် ဆင်ကိုဆိတ် ကဲသိပ် ပိုလျှော့ပြ။
* ညောင်စေ့ညောင်ပင် ပမာတင် စာတွင်မြတ်ဒါန။

## ဒွိဓာအရအတိသယဝုတ္တိအလင်္ကာအပြား(၂)ပါး

၁။ လောကဋ္ဌ ဖြစ်ရိုးဖြစ်စဉ်ကို လွန်သော အကြောင်းအရာ၊ လွန်ကဲထူးဆန်းသောဂုဏ်ကို ဖွဲ့ဆိုခြင်းသည် လောကာတိက္ကန္တ ဝိသယအတိသယဝုတ္တိအလင်္ကာမည်၏။

၂။ လောကဋ္ဌ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သော လွန်ကဲထူးဆန်းသောဂုဏ်ကို ဆိုခြင်းသည် လောကိယာတိသယဝုတ္တိအလင်္ကာမည်၏။

ဆောင်။ ။ လောကထင်ရှား သဘောများထက် ကျော်လွှားလွန်ကာ ပြောဆိုပါမူ လောကာတိက္ကန္တ တိသယတည်း၊ လောကထင်ရှားသဘောများကို လွန်စွာဆိုက လောကိယ မှတ်ကြ တိသယာ။

## ဒေါသပြေပျောက်ဂုဏ်အလင်္ကာမြောက်

ဆောင်။ ။ တိဝုတ်ကင်းပျောက် ဥဒါမြောက် သက်ရောက်တိသယာ။

* * * * *

(၁၇၄) လောကိယာတိသာ ----------ပ---------- တိက္ကန္တ ဂေါစရာ။ ။

## လောကိယာတိသယဝုတ္တိအပြား (၅)ပါး

၁။ ဇာတိလောကိယာတိသယဝုတ္တိ၊ ၂။ ဂုဏ--ဝုတ္တိ၊ ၃။ ကြိယာ---ဝုတ္တိ၊ ၄။ ဒဗ္ဗ---ဝုတ္တိ၊ ၅။ နာမ---ဝုတ္တိ။ ပေါင်း ၅-ပါးဖြစ်၏။

http://www.dhammadownload.com



## ဤနေရာ၌ လောကိယာကို မပြပဲ လောကာတိက္ကန္တ ကိုသာပြရခြင်း

**ဆောင်**။ ။ လောကာတိသယ သဘာဝတို့ ဘေဒတူညီ၊ ငါးပါးစီတည့်၊ သွေဖီသဘာဝ နည်းငယ်မျှ ထူးကြလေတော့သည်။

* * * * *

(၁၇၅) ပိဏ္ဍိ----------ပ---------- တဏှာဟာရောပိကိ ။

## ဤဂါထာ လောကာတိက္ကန္တ အတိသယအလင်္ကာမြောက်ပုံ

ဤပြရုပ်၌ ရုပ်ပုံတော်ရေကို ဖူးမြော်သောအားဖြင့် သောက်ကြရပါလျက် ဖူးမြော်လိုသော အာသာမပြေဟု ဆိုခြင်း သည် လောကထုံးစံကို လွန်သောကြောင့်- လောကာတိက္ကန္တ ဖြစ်၏။

ဘုရားရှင် ခန္ဓာကိုယ်တော်၏ သူတစ်ပါးထက်ထူးခြားသပ္ပါယ်တော်မူပုံကို ချီးမွမ်းဖွဲ့နွဲ့သောကြောင့် အတိသယ အလင်္ကာဂုဏ် မြောက်ပါသည်။

ထိုချီးမွမ်းရာ၌ အလွန်သပ္ပါယ်သည်ဟု တိုက်ရိုက်မဆိုဘဲ ဖူးမြော်လိုသော တဏှာကို မပယ်နိုင်ဟု ဆိုသဖြင့် ကိုယ်တော်၏ သပ္ပါယ်ပုံမှာ ဖူး၍မဝ ဖူးပြီးရင်း ဖူးချင်ရင်း ဖြစ်လောက်အောင် အလွန့်အလွန် သပ္ပါယ်ကြောင်းကို သွယ်ဝိုက်၍ ချီးမွမ်းထားသောကြောင့် ဝက်ဝုတ္တိလည်း ဖြစ်ပါသည်။

## ဤဂါထာ၌ အလင်္ကာရိယအလင်္ကာရခွဲပုံ

* မြတ်စွာဘုရား ခန္ဓာကိုယ်တော်၏ အလွန်နှစ်သက်ဖွယ်ဂုဏ်သည် (ဝါ) ရောင်ခြည်တော်တို့သည် တန်ဆာဆင်အပ်သောကြောင့် အလင်္ကာရိယမည်ကုန်၏။
* ထိုနှစ်သက်ဖွယ်ဖြစ်ပုံကို သွယ်ဝိုက်၍ ဖွဲ့ဆိုထားသော တဏှာကို ပယ်ဖျောက်နိုင်ပါလျက် ဖူးမြော်သောအားဖြင့် သောက်သူတို့၏ တဏှာအငတ်မဖျောက်နိုင်ဟူသော စကားသည် အလင်္ကာရမည်၏။
* တန်ဆာဆင်ခံရခြင်းသည် အလင်္ကာရိယ။
* ပြင်ဆင်ဖွဲ့ဆိုထားခြင်းသည် အလင်္ကာရ။

**ဆောင်**။ ။ လွန်နှစ်သက်ဖွယ် ရောင်ခြောက်သွယ်မူ မှတ်ယူလင်္ကာရိ၊ ညွှန်ဘိထိုထို သွယ်ဝိုက်ဆိုသား စကားများမှာ အလင်္ကာသည် ခွဲပါဤနည်းနှင်နှင်တည်း။

* * * * *

http://www.dhammadownload.com



(၁၇၆) ဥပမာနော ----------ပ---------- သာတိတာ။ ။

## ဥပမာနော ဤဂါထာသိစေချက်

ဤဂါထာရှေ့နှစ်ပါဒဖြင့် ဥပမာအလင်္ကာ၏ လက္ခဏာကိုပြ၍၊ နောက်နှစ်ပါဒဖြင့် ဥပမာအလင်္ကာအပြားကို သိစေပါသည်။

## ၂။ ဥပမာအလင်္ကာအဓိပ္ပါယ်နှင့်ပုံစံ

ဥပမာန ဥပမေယျဟူသော ဝတ္ထုနှစ်ခုတို့၏ ဖြစ်ကြောင်းဖြစ်ရာ တူမျှခြင်းဂုဏ်သည် ဥပမာအလင်္ကာမည်၏။

ပုံစံ။ ။ ကြောင်သည်ကျားကဲ့သို့၊ ဝက်သည်ဆင်ကဲ့သို့။ စသည်။

## သာတိတာ၌ တိတာအရ ဥပမာအလင်္ကာ ၃-မျိုး

၁။ သဒ္ဒါအားဖြင့် သိအပ်သော သဒ္ဒဂမ္မဥပမာ။

၂။ အနက်အားဖြင့် သိအပ်သော အတ္ထဂမ္မဥပမာ။

၃။ အဖွဲ့ဝါကျတစ်ခုလုံး၏ အစွမ်းအားဖြင့် သိအပ်သော ဝါကျတ္ထဝိသယ ဥပမာ။

ဆောင်။ ။ ပမာ ပမေနှစ်ထွေတူမျှ သမ္ဘန္ဓမှာ ဥပမာတည်း။ တဖြာထိုမှ- သဒ္ဒဂမ္မာ အတ္ထာဂမ္မ ဝါကျတ္ထ ဝိသယာ ခွဲထွက်လာသည် မှတ်ပါသုံးမျိုးဦးစွာတည်း။

* * * * *

(၁၇၇) သမာသပစ္စယေဝါဒီ ----------ပ---------- စန္ဒိမာနနော။ ။

## ဝသာတိတာ၌ တိတာအရ သဒ္ဒဂမ္မျုပမာအပြား၃-ပါး။

၁။ သမာသ်ပုဒ်ဖြင့်သိအပ်သော သမာသသဒ္ဒဂ မ္မဥပမာ။

၂။ ပစ္စည်းဖြင့် ညွှန်ပြအပ်သော ပစ္စယသဒ္ဒဂ မ္မဥပမာ။

၃။ ဣဝစသော သဒ္ဒါတို့ဖြင့် ညွှန်ပြအပ်သော ဣဝါဒိသဒ္ဒဂ မ္မ ဥပမာ။

http://www.dhammadownload.com



## မုနိန္ဒောစန္ဒိမာနနော သမာသသဒ္ဒဂမ္ဘူပမာဖြစ်ပုံ

မုနိန္ဒောစန္ဒိမာနနောဟူသော ပုံစံ၌-စန္ဒိမာဝိယ အာနနောယဿာတိ-စန္ဒိမာနနော-ဟု ဝိဂ္ဂဟပြု၍ပြီးသောအခါ စန္ဒိမာနနော-ဟူသော သမာသ်ပုဒ်သည် ဝိယသဒ္ဒါ၏ ဥပမာအနက်ကို (အမွေခံသောအားဖြင့်)ဟောရစ်၏။ ဤသို့- သမာသ်ပုဒ်က ဥပမာအနက်ကို ဟောသောကြောင့် စန္ဒိမာနနောပုဒ်သည် သမာသသဒ္ဒဂမ္ဘူပမာဖြစ်ပါသည်။

## ဥပမာစသော အစိတ်(၆)ပါးခွဲပြချက်

၁။ ဥပမိယတေ အနေနာတိ ဥပမာနံ-နှိုင်းယှဉ်ကြောင်းဖြစ်သော အရာဝတ္ထု(အနှိုင်းဝတ္ထု)သည် ဥပမာနမည်၏။

၂။ ဥပမိယတေတိ ဥပမေယျံ-နှိုင်းယှဉ်အပ်သောအရာ (အနှိုင်းခံဝတ္ထု)သည် ဥပမေယျမည်၏။

၃။ သမာနော ဓမ္မော သဓမ္မော -ဥပမာန ဥပမေယျတို့၏ တူသောဂုဏ်သည် သဓမ္မမည်၏။

၄။ သဓမ္မဿ ဘာဝေါ သဓမ္မတ္တံ-တူမျှသော ဂုဏ်၏ဖြစ်ကြောင်းဖြစ်ရာဖြစ်သော အစပ်သမ္ဗန်သည် သဓမ္မတ္တမည်၏။

(ဥပမာနနှင့် ဥပမေယျတို့ တူမျှကြောင်းကို ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးတတ်သောသဘောကို ဆိုလိုသည်။)

၅။ ဥပမိယတေဥပမာ-နှိုင်းယှဉ်ခြင်းသည် ဥပမာမည်၏။ (၎င်းသည် သဓမ္မတ္တနှင့် အရကောက်တူ၏၊ သမ္ဗန်,သဓမ္မတ္တ,ဥပမာ, သဒိသဘာဝ, သာဒိသျ-တို့သည် ဤနေရာ၌ ထပ်တူထပ်မျှပင်ဖြစ်ကြ၏။ အမည်မျှသာကွဲကြ၏။)

၆။ ဥပမံ ဇောတေတီတိ ဥပမာဇောတကော- ဣဝ(ကဲ့သို့) စသော သဒ္ဒါတို့သည် ဥပမာကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတကမည်၏။

ဆောင်။ ။ နှိုင်းယှဉ်ကြောင်းမှာ ဥပမာန၊ နှိုင်းအပ်ကလျှင် ဥပမေယျာ၊ တူစွာဂုဏာ သဓမ္မမှန်၊ သမ္ဗန်ဓမ္မတ္တ၊ ကောက်ယူကြလော့၊ ဓမ္မတ္တဥပမာတူမျှပါ၏။ ထိုသာထွန်းဘိ ဣဝါဒိမှာ ဇောတကာသည် ခွဲပါအစိတ် ၆-ပါးတည်း။

## စန္ဒိမာနနော ဤပုံစံ၌ ဥပမာစသည်အစိတ် ၆-ပါးခွဲပုံ

၁။ လသည် နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ဥပမာန။

၂။ မျက်နှာတော်သည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျ။

၃။ နှစ်သက်ဖွယ် ကြည်လင်တင့်တယ်သော ဂုဏ်သည် သဓမ္မ။

http://www.dhammadownload.com



၄။ လဌ္ဌိရှိသော တင့်တယ်ကြည်လင်သော ဂုဏ်သည် လဌ္ဌိသာရှိသည်မဟုတ်၊ မျက်နှာတော်၌လည်း ရှိသည်၊ မျက်နှာတော်၌ရှိသော တင့်တယ်ကြည်လင်သောဂုဏ်သည် မျက်နှာ၌သာရှိသည်မဟုတ်၊ လဌ္ဌိလည်းရှိသည် ဟူသော ဂုဏ်တို့၏ တစပ်တည်းဖြစ်ခြင်းသမ္မန်သည် သဓမ္မတ္တ။

၅။ ထိုသဓမ္မတ္တမည်သော သမ္မန်သည်ပင် ဥပမာ။

၆။ ဝိယ(ကဲ့သို့)သဒ္ဒါသည် ဥပမာဇောတက။

## ဤဂါထာ၌ အလင်္ကာရိယ + အလင်္ကာရခွဲပုံ

* ဘုရားရှင်၏ မျက်နှာတော်သည် လတည်းဟူသော ဥပမာဖြင့် တန်ဆာဆင်အပ်သောကြောင့် အလင်္ကာရိယမည်၏။
* လသည် ဥပမာအလင်္ကာရ၊ ထိုအနက်များကိုပြသော မုနိန္ဒောစန္ဒိမာနနော ဟူသော အဖွဲ့အနွဲ့လည်း အကျိုးအနက်၏အမည်ကို တင်စား၍ ဖလူပစာအားဖြင့် ဥပမာ အတ္ထာလင်္ကာရအဖွဲ့အနွဲ့မည်၏။
* ဘုရားမျက်နှာတော်၏ လှပတင့်တယ် သပ္ပါယ်ခြင်းကို တိုက်ရိုက်မဆိုပဲ လနှင့်တူ၏ဟု သွယ်ဝိုက်၍ဆိုသောကြောင့် ဝင်္ကဝုတ္တိအဖွဲ့လည်း မည်၏။

* * * * *

(၁၇၈) အာယာဒိပစ္စယာ -----------ပ----------- ဒလီယတိ။ ။

## ပက်ဇာယတေ၌ ပစ္စယသဒ္ဒဂမ္မျူပမာဖြစ်ပုံ

ဝဒနံပက်ဇာယတေ-ဟူသော ပုဒ်၌(ပက်ဇံ ဝိယ ရစိရံအာစရတိ ပဝတ္တတိ တိ=ပက်ဇာယတေ) ဟု ဝိဂ္ဂဟပြု၍ပြီးသော အခါ-ပက်ဇာယတေဟူသော အာချာတ်ပုဒ်သည် ဝိယသဒ္ဒါ၏ ဥပမာ အနက်ကို အမွေခံသောအားဖြင့် ဟောရစ်၏။ ဤသို့ ပက်ဇာတေဟူသော အာချာတ်ပုဒ်ဝယ် အာယပစ္စည်းက ဥပမာအနက်ကို ဟောသောကြောင့် ပက်ဇာယတေသည် ပစ္စယသဒ္ဒဂမ္မျူပမာ ဖြစ်ပါသည်။

## ပက်ဇာယတေ၌ အစိတ် ၆-ပါးခွဲပြချက်

၁။ ကြာသည် ဥပမာန မည်၏။

၂။ နှစ်သက်စဖွယ်ဖြစ်ခြင်း (အာစရဏ)ကြိယာ၏ ကတ္တားဖြစ်သော မျက်နှာသည် ဥပမေယျမည်၏။

http://www.dhammadownload.com



၃။ နှစ်သက်ဖွယ်၏ အဖြစ်တည်းဟူသော တူမျှသောဂုဏ်သည် သမ္မေမည်၏။

၄။ တူမျှသည်၏ အဖြစ်ဖြင့် ထိုဂုဏ်တို့၏ တစပ်တည်းဖြစ်ခြင်း သမ္မန်သည် သဓမ္မတ္တ မည်၏။

၅။ ထိုသမ္မန်သည်ပင်လျှင် ဥပမာမည်၏။

၆။ ဝါကျအနိုက်၌ရှိသော ဝိယ(ကဲ့သို့)သဒ္ဒါသည် ဥပမာဇောတကမည်၏။

(မှတ်ချက်။ ။ မုနိန္ဒနယနဒွန္ဒံ၊ နီလုပ္ပလံဒလီယတိ။ ပုံစံကိုလည်း အထက်ပါအတိုင်း နည်းမှီ၍ သိပါ။)

## အာယာဒိပစ္စယာ၌ အာဒိအရ ပစ္စယအရ

အာယာဒိ၌ အာဒိဖြင့် ဤယ–ကပစ္စည်းများကိုလည်းကောင်း၊ အာယနာမတော ကတ္တုပမာနာဒါစာရေ၊ ဤ ယူပမာနာစသုတ်တို့ဖြင့် သက်သော အာယဤယပစ္စည်းများကိုလည်းကောင်း၊ ယဒနုပပန္နာနိပါတနာသိဇ္ဈန္တိသုတ်ဖြင့် သက်သော ဥပမာအနက်ဟော ကပစ္စည်းတို့ကိုလည်းကောင်း၊ ဥပမာအနက်၌ သက်အပ်သော အာယိတတ္တစသော တဒ္ဓိတ်ပစ္စည်းတို့ကိုလည်းကောင်း ယူရပါသည်။

* * * * *

(၁၇၉–၁၈၄) လူဝါဒီ ----------ပ---------- ကရောတိ မေ။ ။

(မှတ်ချက်။ ။ လူဝါဒီစသော ၆–ဂါထာဖြင့် ပြသော လူဝါဒီအကျယ်ကို ဂါထာအနက်အတိုင်း ရေတွက်ပါလေ။)

## မြန်မာလူဝါဒီဂိုဏ်းသဒ္ဒါများ

ဆောင်။ ။ ကဲ့သို့–ထင်းပန်း–နှင်းပန်း၊ တရထည်၊ တရည်၊ သေတ္တူ၊ တန္တူ၊ ကိုယ်စား၊ တပြေး၊ လား၊ ရှိ၊ နှိုင်းစက်၊ ညီ၊ မျှ၊ မခွ၊ သဖွယ်၊ ဘက်ပြိုင်၊ နယ်၊ သို့၊ နည်း၊ ဆွယ်၊ မခြား၊ ယိုးမှား၊ ဆ၊ ယောင်၊ ထင်ယောင်၊ ပမာ၊ မသာလှည့်ကျင်၊ အသွင်၊ သဏ္ဌာန်၊ နှန်းနှန်း၊ ဟန်၊ လို၊ နှိုင်းတန်၊ နှင်းနိုး၊ မယှဉ်း၊ နိုး၊ တု၊ ကနု၊ ထပ်တူ၊ နှိုင်း၊ တူ၊ နှန်း၊ မပြား၊ မထူးခြား၊ သွင်၊ နီးနီး၊ ဆင်၊ စံ၊ နှင်နှင်၊ မလွန်ပြီ၊ တညီ၊ မလွဲ၊ တမဲစသား၊ အလွန်များသည် ဤကားဥပမာဇောတက။ ။

http://www.dhammadownload.com



## ဥဒါဟရဏ်အမြွက်

ကဲ့သို့-ခြေလက်ကျိုးပုံ၊ ဖြစ်သကဲ့သို့၊ (ငရဲ-၂၅၆)စသည်။
(မှတ်ချက်။ ။ ကျန်ပုံစံတို့ကို အလင်္ကာပန်းကုံး ၂၅၃စသည်၌ရှုပါ။)

## (၁၈၆-၁၉၅) ဤ(၁၀)ဂါထာဖြင့် ပြအပ်သော သဒ္ဒဂါမျှူပမာအပြား(၁၁)ပါး

| | |
|---|---|
| ၁။ ဓမ္မောပမာ | = ဂုဏ်ပုဒ်တိုက်ရိုက်ပါသော ဥပမာ။ |
| ၂။ ဓမ္မဟီနောပမာ | = ဂုဏ်ပုဒ်တိုက်ရိုက်မပါသော ဥပမာ။ |
| ၃။ ဝိပရိတောပမာ | = ဥပမာန ဥပမေယျတို့ ရှေ့နောက်ပြန်သော ဥပမာ။ |
| ၄။ အညမညောပမာ | = အပြန်အလှန် နှိုင်းခိုင်းသောဥပမာ။ |
| ၅။ အဗ္ဘုတောပမာ | = အံ့ဩဖွယ်ကောင်းသော သဘောကိုပြတတ်သောဥပမာ။ |
| ၆။ သိလေသောပမာ | = ဥပမာန ဥပမေယျ ၂-ပါးလုံး၌ ကပ်ငြိသက်ဆိုင်သော ဂုဏ်ပုဒ်၏ အစွမ်းအားဖြင့်ဆိုအပ်သော ဥပမာ။ |
| ၇။ သန္တာနောပမာ | = သမာသ်တွဲစပ်ထားသော အသံတူ အနက်ကွဲပုဒ်အစဉ်ဖြင့် ဆိုအပ်သောဥပမာ။ |
| ၈။ နိန္ဒောပမာ | = ဥပမာနကို ကဲ့ရဲ့လျက် နှိုင်းခိုင်းသောဥပမာ။ |
| ၉။ ပဋိသေဓောပမာ | = တားမြစ်အပ်သော ဥပမာနဖြင့် နှိုင်းခိုင်းအပ်သောဥပမာ။ |
| ၁၀။ အသာဓာရဏောပမာ | = အတုမရှိသော ဥမေယျဖြင့်ပင်ပြန်၍ နှိုင်းခိုင်းသောဥပမာ။ |
| ၁၁။ အဘူတောပမာ | = ထင်ရှားမရှိသော ဥပမာနဖြင့် နှိုင်းခိုင်းသော ဥပမာ။ |

* * * * *

(၁၈၆) ဝိကာသိ ----------ပ---------- နိဒ္ဒသသနာ။

✱ သုံးလူ့ဆရာ ဓောမြတ်စွာ၏ လွှံနိစွာ ရှင်လန်း မျက်နှာဝန်းကား ပွင့်လန်းကြာနှယ် လွန်တင့်တယ်၏။

## ဓမ္မောပမာဖြစ်ပုံ

ဝိကာသိပဒုမံ ဝါတိ သုန္ဒရံ သုဂတာနနံ ဟူသော ပုံစံ၌ပွင့်နေသော ပဒုမ္မာကြာနှင့် ဘုရားရှင့်မျက်နှာတော်၏ အလွန်လှပတင့်တယ်ခြင်းအားဖြင့် တူမျှသော ဂုဏ်ကို အတိသုန္ဒရံပုဒ်ဖြင့် ထင်ရှားပြသောကြောင့် ဓမ္မောပမာဖြစ်ပါသည်။

http://www.dhammadownload.com



## ဇမွောပမာ၌ ဓမ္မအရ

ဓမ္မောပမာ၌ ဓမ္မသဒ္ဒါသည် ဂုဏ်ဟူသောအနက်ကို ဟောပါသည်။

* * * * *

### (၁၈၇) ဓမ္မဟီနာ ----------ပ---------- နမ္မုစ် တဝ။

* ရဟန်းတို့ဘ မုနိန္ဒပ မြတ်စွာမျက်နှာ ပဒုမာနှင့် ပမာတမူ တူတော်မူ၏။

### ဓမ္မဟီနောပမာဖြစ်ပုံ

မုခမ္ဘောဇေသဒိသံမုနိန္ဒေဟူသော ပုံစံ၌ တူမျှသော ဂုဏ်ကို ပြတတ်သော အတိသုန္ဒရံစသော ဂုဏ်တော်ဟောသံဒ္ဒါ မပါရှိသောကြောင့် ဓမ္မဟီနောပမာဖြစ်ပါသည်။

* နေအရုဏ်သင် ကားကားစွင့်လျက် ပွင့်သည့်ရွှေကြာ ပဒုမာသည် မြတ်စွာဘုန်းပွင့် မျက်နှာနှင့်လျှင် လွန်တူဆင်၏။

### ဝိပရိတောပမာဖြစ်ပုံ

တုလျမာနနေနမ္ဗုဇ်တဝ ဟူသော ပုံစံ၌ မျက်နှာသည် ကြာပန်းနှင့်တူ၏ဟူသော နှိုင်းနိုင်း ပြောဆိုရိုးမှ ပြန်လှန်၍ ကြာပန်းသည် မျက်နှာနှင့်တူ၏ဟုဆိုသောကြောင့် ဝိပရိတောပမာဖြစ်ပါသည်။

### ဤပုံစံ၌ ဂုဏ်ပုဒ်မပါရှိသော်လည်း ဓမ္မဟီနာမဆိုပဲ ဝိပရိတခေါ်ရပုံ

ဤဝိပရိတောပမာပုံစံ၌လည်း ဂုဏ်ပုဒ်မပါရှိသောကြောင့် ဓမ္မဟီနာပင်ခေါ်ဆိုသင့်သော်လည်း ပြန်၍ဆိုသံအားကောင်း သောကြောင့် ဝိပရိတပင် ခေါ်ရပါသည်။

**ဆောင်။** ။ ဓမ္မဟီနာ မည်သင့်ပါလည်း ပြန်ကာဆိုဘိ လွန်အားရှိ၍ ဝိပရိတ–အမည်ရ ကြံကြ နောက်မှာ နည်းတူသာ။

* * * * *

### (၁၈၈) တဝါနန ----------ပ---------- ပမာနတော။

* ယှက်ရံ့အိုင်တွင်း ကြူကြူသင်းသည့် ပွင့်လင်းရွှေကြာပဒုမာသည် မြတ်စွာဗုဒ္ဓမုခတရှိ တူယောင်၏။ စိန မြတ်စွာ ရွှေမျက်နှာလည်း ကြာနှင့်တမူ အလားတူ၏။

http://www.dhammadownload.com



## အညမညောပမာဖြစ်ပုံ

ဤဂါထာဝယ် တဝါနနမိဝမ္ဗောဇ ၌ မျက်နှာတော်ကို ဥပမာန၊ ကြာပန်းကို ဥပမေယျအဖြစ် ဖြင့်ပြ၏။ အမ္ဗောဇ မိဝတေမုခံ ၌ ကြာပန်းကို ဥပမာန၊ မျက်နှာတော်ကို ဥပမေယျအဖြစ်ဖြင့်ပြ၏။ ဤသို့ မျက်နှာတော်နှင့်ကြာပန်းတို့ အချင်းချင်း အပြန်အလှန် ဥပမာနဖြစ်သောကြောင့် အညမညောပမာဖြစ်ပါသည်။

## သဒ္ဒါဂါမွအညမညောပမာအလင်္ကာပုံစံ

* ဝမ်းဘဲဟသ်ာ မြောင်းကိုပစ်၍ မြစ်ကိုရှာ ရေသာများ၍ ငါးမတွေ့။
* အပျိုကညာ အဟောင်းပစ်၍ အသစ်ရှာ နေရာများ၍ ကြားမစေ့။

* * * * *

(၁၈၉) ယဒိကိဉ္စိ ----------ပ---------- အဗ္ဘုတောပမာ။

* မျက်လုံးမျက်ခုံး ရှင်ပြုံးတင့်တယ် ပြည့်စုံကြွယ်သည့် အံ့ဖွယ်ထူးဆန်း ရွှေကြာပန်းလျှင် ဖြစ်ထွန်း ကောင်းစွာပေါ်ပေါက်လာက ထိုကြာရှင်တော် မျက်နှာတော်၏ နှိုင်းလျော်ရန် ကင်း လုပခြင်းကို ဆောင်ခြင်းကောင်းစွာ စွမ်းနိုင်ရာ၏။

## အဗ္ဘုတောပမာဖြစ်ပုံ

ဤဂါထာပါ ဥပမာသည် အံ့ဩဘွယ်ကောင်းသော သဘောဂုဏ်အထူးကို ပြတတ်သော ကြောင့် အဗ္ဘုတောပမာ ဖြစ်ပါသည်။

## အဗ္ဘုတောပမာ ပုံစံတစ်မျိုး

* လိပ်ကန်း ထမ်းပိုး ပင်လယ်ရိုး၌ တိုးရန်ခဲစွာ ပုံပမာသို့၊ အောက်စွာလည်ရှာ သတ္တဝါလည်း၊ လူမှာမလွဲ ဖြစ်ရန်ခဲ၏။

* * * * *

http://www.dhammadownload.com



(၁၉၀) သုဂန္ဓိသောဘာ ------ပ------ပမာမတာ။ ။

* ဓမ္မသာမိ မာရဇိဟ် မုနိထွတ်တင် ဘုရားရှင် ရှင်ပင်မျက်နှာ ပဒုမာသို့ ကောင်းစွာ ငြိမ့်အေး ကြူကြူမွှေး၍ ညစ်ကြေးမဝင် ရောင်ရှင်ရွှန်းရွှန်း အပြည့်ထွန်းသည် လဆန်းရောင်နှင့် ဆန့်ကျင်၏။

## သိလေသောပမာဖြစ်ပုံ

ဤဂါထာ သုဂန္ဓိသောဘာသမ္မန္ဓိ သိသိရံ သုစိရောစိ ဟူသော ဝိသေသနသုံးပုဒ်တို့သည် ဥပမေယျနှစ်ပုဒ်လုံးကို ကပ်ငြိ ထိစပ်တတ် ဟောတတ်၏။ ထိုသို့ ဥပမာန ဥပမေယျ အနက်နှစ်ပါးလုံး၌ ကပ်ငြိထိစပ်သောဂုဏ်၏ အစွမ်းအားဖြင့် ဆိုအပ်သောကြောင့် သိလေသောပမာ ဖြစ်ပါသည်။

* * * * *

(၁၉၁) သရူပသဒ္ဒ -----------ပ----------- နန သောဘိနီ။ ။

* ဝေနေအများ ကျိုးတိုးပွားတို့ ကိုးစားမှီရာ မြတ်ဗုဒ္ဓါသည် ရွှေဝါဝင်းပြောင် ဟင်္သာမောင်သို့ ရွှေတောင်ရှိ ကိုယ် တင့်တယ်ပို၏။ (နော)

## သန္တာနောပမာဖြစ်ပုံ

ဗာလာဝုယျာန မာလာယ သာလကာနနသောဘိနီ ဟူသော ပုံစံ၌ သုတိတူသော(အသံတူသော) သဒ္ဒါအစဉ်ဖြင့် ဆိုအပ်သော ဥပမာဖြစ်သောကြောင့် သန္တာနောပမာ ဖြစ်ပါသည်။

## သိလေသောမဟုတ်- သန္တာနော ပမာအမည်ထူးရပုံ

ပြခဲ့သောနည်းအတိုင်း အနက်နှစ်ထပ်ရသဖြင့် သိလေသောပမာဟုဆိုသင့်သော်လည်း သမာသ်ပုဒ်အစဉ်တို့ဖြင့် ဆိုအပ်သောကြောင့် သန္တာနောပမာဟုသာ အမည်ထူးရပါ့သည်။

## သိလေသောပမာနှင့် သန္တာနောပမာအထူး

* သိလေသော ပမာ၌ အသံတူ အနက်တူသည်၊ ဝိသေသနပုဒ်များကို သမာသ်ဖြင့်ဖြစ်စေ၊ အသီးသီး(ဝါကျဖြင့်)ဖြစ်စေဆိုနိုင်သည်။

http://www.dhammadownload.com



* သဒ္ဒာနော့ပမာ၌ကား အသံတူအနက်ပြားသည်၊ ဝိသေသနပုဒ်ကို သမာသ်ဖြင့်သာ ဆိုနိုင်သည်။

တနည်း။ ။ * ဝါကျ၌ အနက်နှစ်ပါးကပ်ငြိနေလျှင် သိလေသော့ပမာ၊
* သမာသ်ပုဒ်၌ အနက်နှစ်ပါး ကပ်ငြိနေလျှင် သဒ္ဒာနော့ပမာမည်၏။

* * * * *

(၁၉၂) ခယိစန္ဒော ----------ပ---------- နိန္ဒောပမာမတာ။ ။

* ဒေါင်းအိမ်စကြာ ပုဏ္ဏမာသည် ကလာတစ်ဆုတ် နေ့စဉ်ယုတ်၏ ကုမုဒ်ရွှေကြာ ပဒုမာလည်း လယ်မှာဝတ်ဆံ အပြည့်လျှံ၏။ သယမ္ဘူနတ် ရှင်တော်မြတ်၏ တုလွတ်မျက်နှာ ထိုလကြာနှင့် ရောင်ဝါဂုဏ်ဖြင့် တူပေသင့်လည်း ကဲတင့်ဂုဏ်ဝါပိုတော့၏။

## နိန္ဒောပမာဖြစ်ပုံ

ဤဂါထာ၌ ဘုရားရှင်၏ မျက်နှာတော်သည် ထိုလဆန်းကြာပန်းတို့နှင့် လှပတင့်တယ်ခြင်း ကောင်းသောအနံ့ရှိခြင်း အားဖြင့် တူသည်ဟု ဥပမာပြုရသော်လည်း(ခယ-အဖြစ်၊ ဗဟုရဇအဖြစ်မှ ကင်းသောကြောင့်)ထိုလဆန်းကြာပန်းတို့ထက် လွန်ကဲသော ဂုဏ်ရှိပါသည်။ ဤသို့ ဥပမာန ဖြစ်သောကြောင့် လဆန်းကြာပန်းတို့ကို ကဲ့ရဲ့နှိမ့်ချ၍ ဥပမာပြုသောကြောင့် နိန္ဒောပမာဖြစ်ပါသည်။

## ဂုဏ်မပါ၍ ဓမ္မဟီနာမဆိုသင့်

ဂုဏ်ပုဒ်မပါသောကြောင့် ဓမ္မဟီနာဆိုသင့်သော်လည်း ကဲ့ရဲ့ခြင်းကပြတန်းနေသောကြောင့် နိန္ဒောပမာပင်မည်ပါသည်။

* * * * *

(၁၉၃) အသမဗ္ဘော ----------ပ---------- ပဋိသေဓောပမာသိယာ။ ။

* ခြောက်သွယ်ရောင်ညွန့် ပြောင်ပြောင်ကွန့်သား ဘုန်းဝှန့်ကြီးလှ၊ အို-စိန လုံးဝမစင် အရေးထင်သည့် ယုန်ရှင်စန္ဒ ဘော်ငွေလကား ရှင်ဖျာ့မျက်နှာ-တူသည်သာဟု သံဝါထောင်လွှား မကြွေးဝါးသင့်။

http://www.dhammadownload.com



## ပဋိသေဓောပမာဖြစ်ပုံ

ဤဂါထာ၌ စန္ဒောကင်္ကီ (လုံးဝမစင် အရေးထင်သည့်)ဟူသော ဝိသေသနပုဒ်ဖြင့် ဥပမာနဖြစ်သော လကိုကဲ့ရဲ့ ၏။ ပဋိဂန္ဓိတုံ့အသမတ္တောဖြင့် လနှင့် မျက်နှာကြည်လင်ထွန်းပသော ဂုဏ်အားဖြင့် တူမျှပုံကိုပြပြီး၍ လနှင့်မျက်နှာကြည်လင် ထွန်းပသောဂုဏ်အားဖြင့် တူသော်လည်း အလုံးစုံတူပုံကို တားမြစ်၏။

**လိုရင်း။** ။ ထိုသို့ တားမြစ်ခြင်းကို ပဓာနထားလျက် မြစ်အပ်သောလတည်းဟူသော ဥပမာနဖြင့် နှိုင်းခိုင်းအပ်သောကြောင့် ပဋိသေဓောပမာဖြစ်ပါသည်။။

## ကဲ့ရဲ့ရှုတ်ချပေမင့် နိန္ဒောပမာမဆိုသင့်

စန္ဒောကင်္ကီ –ဟူသော ဝိသေသန နှစ်ပုဒ်တို့ဖြင့် ဥပမာနဖြစ်သောလကို ကဲ့ရဲ့ ရှုတ်ချရာ ရောက်၍ နိန္ဒောပမာဟုဆိုသင့်သော်လည်း (အသမတ္တောပဋိဂန္ဓိတုံ့)ဟု ဥပမာနအဖြစ်ကို တားမြစ်ထားသောကြောင့် ပဋိသေဓောပမာသာ ဆိုသင့်ပါသည်။

* * * * *

(၁၉၄) ကန္တိ စန္ဒာ ----------ပ----------. သာဓာရဏောပမာ။ ။

* မုနိထွတ်တင် ဘုရားရှင် ရှင်ပင်မျက်နှာ လနှင့်ကြာ၏ ရောင်ဝါတင့်ဟန် ကဲမိုးလွန်၍ နှိုင်းရန်ကိုယ်သာရှိတော့ပါ၏။

## အသာဓာရဏောပမာဖြစ်ပုံ

ဘုရားရှင်၏ မျက်နှာတော်သည် ဘုရားရှင်၏ မျက်နှာတော်နှင့်သာတူ၏– ဤကဲ့သို့ အတုမရှိသော ဥပမေယျဖြစ်သော မျက်နှာတော်ဖြင့်ပင် ပြန်၍ နှိုင်းခိုင်းခြင်းကို ပြဆိုသောကြောင့် အသာဓာရဏောပမာ ဖြစ်ပါသည်။

## အသာဓာရဏောပမာ သိမှတ်ရန်

* မိမိတည်းဟူသောဥပမာဖြင့်နှိုင်းယှဉ်ခြင်း ဥပမာသည် အသာဓာရဏောပမာ။

* တခြားသောဥပမာဖြင့် မဆက်ဆံသောဥပမာသည် အသာဓာရဏောပမာမည်၏။

http://www.dhammadownload.com



## အသာဓာရဏောပမာ ပုံစံအချို့

* သဒ္ဒါလက်သုံးကျမ်းရိုးထုံး၍ သီးရုံးသီးမွှင့ တူယှဉ်မြင့်သော် ငါနှင့်ငါသာနိုင်းစရာဟု။ (ကိုးခန်းပျို့နိဂုမ်း)
* လမ်းပေါက်ခရီးသိဒ္ဓိပြီး၍ အုံချီးထောမနာ တသြဘာဖြင့် ငါသာငါနိုင်း ပမာနိုင်းသည် ပြိုင်တိုင်းအောင်စိမ့်ကျော်သဲတည်း။ (မဃ)

* * * * *

(၁၉၅) သဗ္ဗမ္ဗောစ ----------ပ---------- ဘူတောပမာအယ်။ ။

* ပစ္စုပ်သံသရာ ကျိုးနစ်ဖြာကို ကောင်းစွာသိမြင် မြတ်ရှင်ပင်၊ ရှင်ပင့်မျက်နှာ တစ်နေရာ၌ ယှဉ်ကာဥသံ အလုံးစုံကို စုပုံထား၍ ကြာပန်းများ၏ ကောင်းပြောရောင်လို ဖိတ်ဖိတ်ယိုသည် ထိုထိုကွန့်မြူး တောက်ချက်ထူး။

## အဘူတောပမာဖြစ်ပုံ

ဤပုံစံ၌ တစ်ကမ္ဘာလုံးမှာ အနံ့အပြားရှိနေသော ကြာပန်းအားလုံးတို့သည် တစ်နေရာတည်း၌ မစုဆုံနိုင်ရာချေ၊ မည်သူတစ်ဦးတစ်ယောက်မျှလည်း စုပုံခြင်းငှာ မတတ်နိုင်၊ ထိုသို့ ထင်ရှားမရှိသော ဝတ္ထုတို့ဖြင့် နှိုင်းခိုင်းသောကြောင့် အဘူတောပမာဖြစ်ပါသည်။

## အဘူတောပမာအလားတူပုံစံ

* ရှေ့နောက်မြောက်တောင် ရပ်လေးဘောင်မှ ကျောက်တောင်မိုးပါး-ကြိတ်လာပြားသို့ အများသတ္တဝါလူတကာ၌၊ ရော်မရှာ၊ မဝေးလှပဲ နောက်ကကြိတ်လာ ခွဲမစွာသည် နီးကာနီးကာကပ်ခဲ့ပြီ။

အမှာ။ ။ ဝမ္မောပမာမှစ၍ အဘူတောပမာတိုင်အောင်သော ဥပမာ(၁၁)မျိုးကို ဣဝါဒိသဒ္ဒဂမ္မျပမာ(၁၁)မျိုးဟု မှတ်ပါ။

* * * * *

http://www.dhammadownload.com



(၁၉၆) ပတီယတေစ္ဆ -----------ပ----------- ဝိနာ အပိ။ ။

## အတ္ထာဂမ္မူပမာအဓိပ္ပါယ်

ဥပမာန ဥပမေယျဝတ္ထုတို့၏ အစပ်သမ္ဗန်ဟူသော ဥပမာကို ထွန်းပြတတ်သော သမာသ်ပုဒ်၊ အာယစသောပစ္စည်း၊ ဣဝါဒိဂိုဏ်း-ဤသဒ္ဒါသုံးမျိုးမပါပဲ ဖွဲ့ဆိုထားသော သဒ္ဒါများ၏ ဥပမာကိုပြစွမ်းနိုင်သော အစွမ်းသတ္တိအားဖြင့် သိနိုင် သော ဥပမာသည် အတ္ထာဂမ္မူပမာမည်၏။

**အချုပ်မှတ်ရန်။** ။ သမာသ်ပုဒ် အာယစသောပစ္စည်း ဣဝစသောသဒ္ဒါဖြင့် ယှဉ်ခြင်းကိုကြဉ်၍ ဥပမာန ဥပမေယျသဒ္ဒါတို့၏အစွမ်းဖြင့် သိရသောဥပမာကို အတ္ထာဂမ္မူပမာ ဟုခေါ်။ ။

## အတ္ထာဂမ္မူပမာအပြား (၄)ပါး

၁။ သရူပေါပမာ = တူမျှသောသဘောရှိသောဥပမာ။
၂။ ပရိကပ္ပေါပမာ = ကြံဆသဖြင့် သိအပ်သောဥပမာ။
၃။ သံသယောပမာ = ယုံမှားခြင်းဖြင့် နှိုင်းခိုင်းသောဥပမာ။
၄။ ပတိဝတ္ထူပမာ = အတူဝတ္ထုကို နောက်မှပြ၍ ခိုင်းနှိုင်းအပ်သောဥပမာ။

* * * * *

(၁၉၇) ဘိင်္ဂါနေမာနိ -----------ပ----------- သရူပေါပမာ မတာ။ ။

* လှုပ်လှုပ်ရှားရှား ဤပဟာများကား ဟုတ်ပြောင်းမထင် ပိတုန်းလျှင်တည်း။
တို့ရှင်မြတ်စွာ မျက်လုံးပါပေ၊ ဤပဟာရွှန်းရွှန်း ရှင်လန်းလန်းလည်း ကြာပန်းမထင် မျက်နှာပင်တည်း။

## သရူပေါပမာအဓိပ္ပါယ်

* အလွန်ထင်ရှားစွာတူသော ဥပမာဖြင့် နှိုင်းယှဉ်ခြင်းသည် သရူပေါပမာမည်၏။

## သရူပေါပမာဖြစ်ပုံ

ဤပုံစံ၌ မျက်လုံးတော်နှင့် ပိတုန်းတို့၏ တူမျှသော လှုပ်ရှားခြင်းသဘော၊ မျက်နှာတော်နှင့် ကြာပန်းတို့၏ တူမျှသော ရွှင်လန်းခြင်းသဘောရှိသောကြောင့် သရူပေါပမာဖြစ်ပါသည်။

http://www.dhammadownload.com



## ဥပမာစသည်ခွဲချက်

၁။ ပိတုန်းလေးနှစ်ကောင်သည် ဥပမာန။
၂။ မျက်စေ့နှစ်လုံးကား ဥပမေယျ။
၃။ မည်းနက်သော အဆင်းအရောင်နှင့် လှုပ်ရှားပုံအားဖြင့် တူမျှသော အစပ်သမ္ဗန်မှာ ဥပမာ။

## သရူပအတ္ထဂမ္ဘောပမာခေါ်ရပုံ

အလွန်သိသာထင်ရှားစွာတူသော သဘောရှိသောကြောင့် သရူပေါပမာမည်၏။ ဆိုခဲ့ပြီးသည့်အတိုင်း ဥပမာန ဥပမေယျသဒ္ဒါတို့၏ အနက်အားဖြင့်ပင် ဆဲ့သိအပ်သောကြောင့် အတ္ထဂမ္ဘာလည်းမည်၏။ ထိုနှစ်ခုကိုပေါင်း၍ ဤ ဥပမာကို သရူပ အတ္ထဂမ္ဘောပမာဟုခေါ်သည်။

**အမှာ။** ။ နာမ္ဗုစံ မုခမေဝိစံ-ပုံစံ၌လည်း အထက်ပါနည်းအတိုင်း နည်းမှီသိပါ။ ။

* * * * *

(၁၉၈) မဃောဝ မုခ ----------ပ---------- ပရိကပ္ပေါပမာအယ်။

## ပရိကပ္ပေါပမာအဓိပ္ပါယ်

* ကြံဆသောအားဖြင့် နှိုင်းယှဉ်ခြင်းသည် ပရိကပ္ပေါပမာမည်၏။
(ပရိကပ္ပနာယ ဝုတ္တာ ဥပမာ = ပရိကပ္ပေါပမာ။)

## ပရိကပ္ပေါပမာဖြစ်ပုံ

ဤဂါထာ၌ လတည်းဟူသော ဥပမာနက မိမိကိုယ်ကို မချီးမွမ်းပါပဲ ချီးမွမ်းသကဲ့သို့ ကြံစည်၍ ဆိုအပ်သောကြောင့် ပရိကပ္ပေါပမာမည်၏။

* * * * *

(၁၉၉) ကာ်ဝါမ္ဗုဇွေဝ ----------ပ---------- သံသယောပမာ။ ။

## သံသယောပမာအဓိပ္ပါယ်

* ယုံမှားဖွယ်ရှိသော ဥပမာဖြင့် နှိုင်းခိုင်းခြင်းသည် သံသယောပမာမည်၏။
(သံသယေန ဝုတ္တာဥပမာ = သံသယောပမာ)

http://www.dhammadownload.com



## သံသယောပမာဖြစ်ပုံ

ဤဂါထာ၌ ဥပမာန ဥပမေယျနှစ်ပါးတို့၏ တူပုံကို ယုံမှားဘွယ်ဖြစ်ခြင်းဖြင့် ပြဆိုအပ်သောကြောင့် သံသယော ပမာဖြစ်ပါသည်။

* * * * *

(၂၀၀) ကိဋ္ဌိဝတ္တုံ -----------ပ----------- ပတိဝတ္ထုပမာ ယတာ။

## ပတိဝတ္ထုပမာအဓိပ္ပါယ်

အလိုရှိအပ်သော ဥပမေယျကို ရှေးဦးစွာပြဆိုပြီး၍ ဥပမာနကို ဆိုသောအားဖြင့် ဥပမာန ဥပမေယျတို့၏ တူသည်၏ အဖြစ်ကို သိရသောအားဖြင့် နှိုင်းယှဉ်ခြင်း ဥပမာသည် ပတိဝတ္ထုပမာ မည်၏။ (ပတိဝတ္ထုနှာဥပမာ ပတိဝတ္ထုပမာ)

* * * * *

(၂၀၁) ဓနေသု -----------ပ----------- တဿပါဒပေါ။ ။

## ပတိဝတ္ထုပမာဖြစ်ပုံ

ဤဂါထာ၌ အလိုရှိအပ်သော မြတ်စွာဘုရားတည်းဟူသော ဥပမေယျကို ဦးစွာဆိုပြီးမှ ယင်းဥပမေယျဝတ္ထုနှင့်အတူ မရှိသောဂုဏ်အားဖြင့် တူမျှသော ပင်လယ်ကသစ်ပင်တည်းဟူသော ဥပမာနဝတ္ထုကို နောက်မှဆိုသောကြောင့် ဥပမာန ဥပမေယျဝတ္ထုတို့၏ ဂုဏ်ရည်တူမျှပုံကို သိရသောကြောင့် ပတိဝတ္ထုပမာဖြစ်ပါသည်။

## ပတိဝတ္ထုပမာဖြစ်သောအခြားပုံစံအချို့

* ကုလားကလယ်၊ ငါးဖယ်။ * ကျွန်ကုလား မယားတောသူ။

## ဤဥပမာတူမျှခြင်းသာမျှဟူသည်

**တူမျှခြင်းသာမျှဟူသည်**– ပင်လယ်ကသစ်ပင်၏ သစ်ပင်တို့ထက်မြတ်ခြင်း၊ ဘုရား၏ အခြားသတ္တဝါတို့ထက် မြတ်ခြင်းသည် ဥပမာန၊ ဥပမေယျဝတ္ထုနှစ်ပါး တူမျှခြင်း (သာမျ)ဖြစ်ပါသည်။

http://www.dhammadownload.com



## ဤဂါထာပါဒတို့ဖြင့် သိစေရာ

* ဤဂါထာ ရှေ့နှစ်ပါဒဖြင့် ဘုရားရှင်ဟူသော ဥပမေယျကိုပြ၏။
* နောက်နှစ်ပါဒဖြင့် ပင်လယ်ကသစ်ပင်ဟူသော ဥပမာနဝတ္ထုကိုပြ၏။

* * * * *

## (၂၀၂) ဝါကျတ္ထေနေဝ ----------ပ---------- ပမာဒ္ဒိတာ။ ။

## ဝါကျတ္ထောပမာအဓိပ္ပါယ်

ဝါကျတစ်ခုလုံး၏ အနက်ဖြင့်သာ ဥပမာပြုအပ်သော ဥပမာသည် ဝါကျတ္ထောပမာမည်၏။ (ဝါကျတ္ထေနဥပမာ–ဝါကျတ္ထောပမာ။)

## ဝါကျတ္ထောပမာ(၂)မျိုး

၁။ ဣဝသဒ္ဒါနှင့်ယှဉ်သော ဣဝယုတ္တ ဝါကျတ္ထောပမာ။
၂။ ဣဝသဒ္ဒါနှင့် မယှဉ်သော ဣဝဝိယုတ္တ ဝါကျတ္ထောပမာ။

မှတ်ချက်။ ။ ဂါထာနံပါတ် ၂၀၃–၂၀၄–၂၀၅–၆–၇–၈–အဓိပ္ပါယ်များ သိသာပြီ။

## ဥပမာန–ဥပမေယျတို့သဘော

ဆောင်။ ။ ဥပမာန–ဥပမေယျ ပဒနှစ်ပါး လိင်ဝုစ်ပြားလည်း ဝိဘတ်ကားမူ တူမြဲဟူ၏။

## ဒုဋ္ဌာလင်္ကာတိ ဒေါသသင့်သောဥပမာများ (ဥပမာပျက်) ၇–ပါး။

| | | |
|---|---|---|
| ၁။ ဘိန္နလိင်္ဂေါပမာ | = | လိင်ချင်းမတူသောဥပမာ။ |
| ၂။ ဝိဓာတိဝစနာဥပမာ | = | ဝုစ်မတူသောဥပမာ။ |
| ၃။ ဟီနောပမာ | = | ယုတ်ညံ့သောဥပမာ။ |
| ၄။ အဓိကောပမာ | = | ကြီးကျယ်လွန်ကဲသောဥပမာ။ |
| ၅။ အဖုဋ္ဌောပမာ | = | အနက်ထူးမရှိသောဥပမာ။ |
| ၆။ ဥပမာပေက္ခိနီဥပမာ | = | ဥပမာပုဒ်ကိုငဲ့သောဥပမာ။ |
| ၇။ ခဏ္ဍိတောပမာ | = | ဥပမာကျိုးသောဥပမာ။ |

http://www.dhammadownload.com



ဆောင်။ ။ လိင်ကွဲ ဝစ်ကွဲ ယုတ် လွန်ကဲဘိ၊ နက်မထိနှင့် ငဲ့ဘိဥပမာ၊ ကျိုးပါပမာန ပေါင်းသတ္တကို ကဗျာ့အရာ လိမ်မာမြင်သိ ပညာရှိတို့ မနစ်မြို့ချေ၊ တချို့နေရာ ဥပမာဆို လင်္ကာကိုပင် ဖျက်ဖြိုခြင်းငှာ စွမ်းနိုင်ပါသည် ဒုဋ္ဌာလင်္ကာ အပြစ်ငြီ။

* * * * *

(၂၀၆) ဟံသီဝါယံ ----------ပ---------- ဘဒ္ဒေါဒိယေ။ ။

* ယုန်ပျံစကြာ စန်းသော်တာသည် ဟသ်ာမလျှင် လွန်တူဆင်၏။

## (၁) ဘိန္နလိင်္ဂေါပမာဖြစ်ပုံ

ဤ၌သသိ လသည် ပုံလိင်ဖြစ်၍ ဟံသောဝ (ဟသ်ာနှင့်လျှင်လွန်တူဆင်) ဟု နှိုင်းခိုင်းသင့်ပါလျက် မနှိုင်းခိုင်းပဲ ဟံသီဝ (ဟသ်ာမလျှင် လွန်တူဆင်)ဟု ဣတ္ထိလိင်ဖြင့် ဥပမာပြု၍ နှိုင်းခိုင်းခြင်းသည် လိင်မတူသောကြောင့် ဘိန္နလိင်္ဂေါ ပမာဖြစ်ပါသည်။

## (၂) ဝိဇာတိဝစနာပုံစံနှင့်ရှင်းချက်

* အာကာသံသရာနိဂ- ကောင်းကင်သည်ကား ရေအိုင်များနှင့် မခြားတမူ အလားတူရှင်း။
* ကောင်းကင်သည် ရေအိုင်များနှင့်တူ၏ဟု ဥပမာပြုရာ၌ အာကာသံကားဧကဝုစ်။ သရာနိကားဗဟုဝုစ် ဖြစ်သောကြောင့် ဝိဇာတိဝစနာဥပမာ (ဥပမာပျက်)ဖြစ်၏။

## (၃) ဟီနောပမာပုံစံနှင့်ရှင်းချက်

* သာဝဘတ္တော ဘဋော မိပေ- * ဤလူစားစား သခင်နား၌ ခစားခွေးတူ။
* အစေားယောက်ျားသည် ခွေးနှင့်တူ၏ဟု ဥပမာပြုရာ၌- ဥပမေယျဖြစ်သော အစေား ယောက်ျားက လူဇာတ်ရှိ မြင့်မြတ်ပြီး၊ ဥပမာနဖြစ်သောခွေးက တိရိစ္ဆာန်ဇာတ်ရှိ ယုတ်ညံ့၏။ ဤသို့မြင့်မြတ်သောလူကို ယုတ်ညံ့သော တိရစ္ဆာန်နှင့် နှိုင်းခိုင်းသောကြောင့် ဟီနောပမာမည်၏။
* ဤဥပမာ ဟီနတ္တ ဒေါသသင့်၏။

## အချို့အရာ ဟီနောပမာ မဖြစ်

၁။ ကွဲရဲ့သောအရာမျိုး။ ၂။ နည်းယူသင့်သောအရာမျိုးတို့၌ ဟီနောပမာမဖြစ်။

http://www.dhammadownload.com



## (၄) အဓိကောပမာပုံစံနှင့်ရှင်းချက်

* ခရွောတောဘာဏုမာလိဝိဘာတိ။
* ပိုးစုန်းဖြူသည် နေတူမယှဉ်း ထွန်းတောက်လင်း၏။
* ပိုးစုန်းကြူးသည် နေမင်းကဲ့သို့ ထွန်းတောက်လင်း၏-ဟု ဥပမာပြုရာ၌ နေမင်းဟူသော ဥပမာနသည် ပိုးစုန်းကြူးဟူသော ဥပမေယျထက် လွန်ကဲမြင့်မြတ်သောကြောင့် အဓိကောပမာမည်၏။
* ဤဥပမာ အရျတ္တ ဒေါသသင့်၏။

## (၅) အဖုဋ္ဌတ္ထောပမာပုံစံနှင့်ရှင်းချက်

* ဗလမ္ဘောဓိ သာဂရောဝိယ သံခုဘိ။
* ခပင်းရန်စည် တားကန်တည်သည့် စစ်သည်များစွာ သမုဒ္ဒါသည် ရောပင်လယ် ဆူသည့်နှယ်တည်း။

ဤပုံစံ၌ ဗလမ္ဘောဓိ (စစ်သည်များစွာ သမုဒ္ဒါသည်)ဟူသော ရူပကဖြင့်ပင် စစ်သည်များ သမုဒ္ဒရာနှင့် တူကြောင်း ထင်ရှားပြီးဖြစ်၏။ သာဂရောဝိယ (ရောပင်လယ်ဆူသည့်နှယ်)ဟူသော ဥပမာနကိုထပ်၍ဆိုသဖြင့် တွေ့ထိ စရာ အနက်ထူးမရှိတော့သောကြောင့် အဖုဋ္ဌတ္ထောပမာမည်၏။ (ပုနရုတ္တိဒေါသ-ဧကတ္ထဒေါသလည်းသင့်၏။)

* * * * *

(၂၀၀) စန္ဒေကလင်္ကော ----------ပ----------- နိသာကရော။ ။

## (၆) ဥပမာပေက္ခိနီ ဥပမာပုံစံနှင့်ရှင်းချက်

* စန္ဒေ ကလင်္ကော ဘိင်္ဂါဝ-လဝယ်ယုန်လျှင် ပိတုန်းဆင်၏။

* ဤပုံစံ၌ ကလင်္ကော (ယုန်လျှင်)ဟူသော ဥပမေယျ၌ အာတာရရှိသကဲ့သို့ ဘိင်္ဂါဝ (ပိတုန်းဆင်၏)ဟူသော ဥပမာန၌ ပုပ္ဖဂစ္ဆ (ပန်းခြုံ)စသော အာတာရရှိသင့်ပါလျက် မရှိပဲလိုနေ၏။ ထိုသို့ လိုနေသောလ၏ ဥပမာနဖြစ်သော ပုပ္ဖဂစ္ဆ(ပန်းခြုံ)စသည်ကိုငဲ့သောကြောင့် ဥပမာပေက္ခိနီ မည်၏။

http://www.dhammadownload.com



## (၇) ဧကဒေသောပမာပုံစံနှင့်ရှင်းချက်

* ကေရဝါကာရော သကလင်္ကော နိသာကရော–ဆေဟင်စခန်း ယုန်ရေးစွန်းသည့် လဝန်းနှင့်မှု ကြာဖြူတူသည်။

* ဤပုံစံ၌ နိသာကရော(လဝန်း)ဟူသော ဥပမေယျပုဒ်၌ သကလင်္ကော (ယုန်ရေးစွန်းသည့်)ဟူသော ဝိသေသနပုဒ်ပါရှိသကဲ့သို့ (ကေရဝ + (ကြာဖြူ)ဟူသော ဥပမာန၌လည်း သဘိင်္ဂေါ(ပိတုန်းရှိသည့်))စသော ဝိသေသန ပုဒ်ပါရှိသင့်လျက် မပါရှိချေ။ ထိုသို့ ဥပမာန တပိုင်းတစသာရှိ၍ ပိတုန်းတည်းဟူသော ဥပမာနကျိုးပျက်သောကြောင့် ဧကဒေသောပမာမည်၏။

## ဥပမာယေကဒိန်နှင့် ဧကဒေသောပမာအထူး

* တည်ရာအာတရဖြစ်သော ဥပမာကိုငဲ့ခြင်းရှိသော ဥပမာသည်– ဥပမာယေကဒိန်မည်၏။
* ဝိသေသန ဥပမာတစ်ပိုင်းပြတ်နေသော ဥပမာသည် ဧကဒေသောပမာမည်၏။ ။ ဤသို့ထူးပါသည်။

ဆောင်။ ။ တည်ရာတာရ ပမာနကို ငဲ့ရသောခါ ပမာယေကဒိမှတ်သားဘိလော။ ဝိသေသနာ ဥပမာတစ်ပိုင်း ဖြတ်၍ နှိုင်းက မဆိုင်းမှတ်ဘိ ဧကဒေသောပမာ အမည်သာသည် နှစ်ဖြာအထူး မှတ်ဘို့တည်း။

* * * * *

(၂၀၉) ဣဋ္ဌောပမာဒိ ----------ပ---------- ကွစိဒေဝတု။ ။

## ဤဂါထာပါဒတို့ဖြင့် သိစေချက်

* ရှေ့နှစ်ပါဒဖြင့် ဆိုအပ်ပြီးသော ဒုဋ္ဌာလင်္ကာဒိဒေါသရောက်သော ဥပမာပြယုဂ်တို့ကို နိဂုံးအုပ်သည်။
* နောက်နှစ်ပါဒတို့ဖြင့် နောက်၌လာမည့် ဥပမာပုံစံများအတွက် အချီနိဒါန်းကို ပြသည်။

## ဤဂါထာပါစသဒ္ဒါတုသဒ္ဒါတို့အနက်

* ကရောန္တိစ၌ စသဒ္ဒါသည် သမုစ္စယဇောတကဖြစ်၍ ရှေ့ဝါကျ၏အနက်ကိုဆည်း၏။ လေးစားမှုကို မပြုတာလည်းရှိ၏။ တချို့နေရာ၌ ပြုတာလည်းရှိသေး၏ဟု ဆည်းသည်၊
* တုသဒ္ဒါကား ပက္ခန္တရဇောတကတည်း။

* * * * *

http://www.dhammadownload.com



(၂၁၀) ဣတ္ထိဝါယ ----------ပ---------- စနမိဝန္ဓိတာ။ ။

## ဥပမာယှက်မဖြစ်သော ဘိန္နလိင်္ဂါဒိခြင်းချက်ပုံစံများ

* (၁)အယံစနော ဣတ္ထိဝ ယာတိ- *ဤသည့်ယောကျာ်း မိန်းမသားနှင့် အသွားအလာမှုရာတူလှ။
ဤ၌ ဥပမာန ဥပမေယျလိင်ကွဲပြားသော်လည်း ကဲ့ရဲ့သောအားဖြင့် ဆိုခြင်းကြောင့် ဒုဋ္ဌာလင်္ကာဒေါသမသင့်။

(၂)သော ပုမာဝိယ ဝဒတိ-* ဤမိန်းမကား ယောကျာ်းပမာကြမ်းစွာပြောဆို။
ဤ၌ ဥပမာန ဥပမေယျလိင် ကွဲပြားကြသော်လည်း၊ ချီးမွမ်းသောအားဖြင့် ဆိုခြင်းကြောင့် ဒုဋ္ဌာလင်္ကာ ဒေါသမသင့်။

(၃)အယံ မေ ပါဏာသိယ ပိယော-*သက်တို့ကိုသို့ သူ့ကိုငါလျှင် လွန်ချစ်ခင်၏။ ။
ဤ၌ ဥပမာန ဥပမေယျဝစ်ကွဲပြားသော်လည်း၊ ဝစ်ကွဲပြားသင့်သော အရာဌာနဖြစ်သောကြောင့် ဒုဋ္ဌာ လင်္ကာဒေါသမသင့်။

(၄)ဝိဇ္ဇာဓနံ မိဝန္ဓိတာ- *များဖြင်ပညာ အပြာပြာကို ဥစ္စာမသွေ့ စုသင့်ပေ၏။
ဤ၌ ဥပမာန ဥပမေယျဝစ်ကွဲပြားသော်လည်း၊ ဝစ်ကွဲပြားသင့်သော အရာဌာနဖြစ်သောကြောင့် ဒုဋ္ဌာ လင်္ကာဒေါသမသင့်။

မှတ်ချက်။ ။ဤ၌ ၁-၂ပုံစံတို့သည် ဘိန္နလိင်္ဂေါပမာဖြစ်ကြ၏။ ၃-၄ပုံစံတို့သည် ဝိဇာတိဝစနာ ဥပမာပုံစံ များ ဖြစ်ကြ၏။

* * * * *

(၂၁၁) ဘဝံဝိယ ----------ပ---------- ရောဟိတုံအယံ။

(၁)မြေကိုစောင့်တတ် အိုမင်းမြတ် နတ်နတ်သနင်းသိကြားမင်းသည် ရှင်မင်းမြတ်နှယ် လွန်တင့်တယ်၏။

(၂)ဘုန်းကြွယ်အထူးစောရန်ငွေးကား မြူးထူးရောင်လျှံ ဒေါင်းယာဉ်ပျံ၏ ထက်ယံမိုးဝင်း တင့်တယ်ခြင်းသို့ ထန်ပြင်းကဲမိုး ကိုယ့်တန်ခိုးဖြင့် စိုးမိုးပိုင်နင်း တက်ရောက်ခြင်းဌာ စွမ်းနိုင်ပါသည်- ဂုဏ်ဝါကွန့်မြူးလွန့်လွန့်လူး။

အမှာ။ ။ အစိပ္ပါယ်အကျယ်ကား သိသာပြီ။ အလင်္ကာပန်းကုံးစသည်၌ရှုပါ။

http://www.dhammadownload.com



## ဒုဋ္ဌာလင်္ကာတိဒေါသအဖြေများ

အထက်ပါနစ်ဂါထာပါ ပုံစံတို့သည် ဘိန္နလိင်္ဂေါပမာခြွင်းချက်ပုံစံများဖြစ်ကြ၍ ဒုဋ္ဌာလင်္ကာတိ ဒေါသမသင့်ကြ၊ ဒုဋ္ဌာ လင်္ကာတိ ဒေါသအဖြေများသာ ဖြစ်ကြ၍ ပညာရှိများ သုံးစွဲကြပါသည်။

* * * * *

### (၂၁) ဥပမာနော ----------ပ---------- ရူပကမုစ္စတေ။

## (၃) ရူပကအလင်္ကာအစိပ္ပါယ်

ဥပမာန ဥပမေယျတို့သဘောအားဖြင့် ကွဲပြားကြသော်လည်း ဥပမာန ဥပမေယျတို့ကို မကွဲပြား တသားတည်း ဖြစ်နေသကဲ့သို့ တင်စားပြဆိုသော ဥပမာမျိုးကိုပင် ရူပကအလင်္ကာဟု ခေါ်ပါသည်။

**ဆောင်။** ၊ ဂမာပမေယျနှစ်ဝမပြား အတူထား မှတ်သား ရူပက။

## ရူပကအလင်္ကာအကျယ်

စကားလုံးဖြင့်ဖွဲ့သည်ဖြစ်စေ၊ ပုဒ်စုဖြင့်ဖွဲ့သည်ဖြစ်စေ၊ ဝါကျဖြင့် ဖွဲ့သည်ဖြစ်စေ၊ (၁)အနှိုင်းခံ 'ဥပမေယျနှင့် အနှိုင်း ဥပမာနတို့ ထပ်တူပြုသောသဘောရှိပြီး၊ (၂)တူသောဂုဏ်တစ်ခုခုလည်းရှိမည်ဆိုလျှင် ရူပကအလင်္ကာဟုခေါ်ကြောင်း သိနိုင်ပါသည်။

ရူပကတွင် အနှိုင်းခံဥပမေယျနှင့် နှိုင်းပြသော အနှိုင်းဥပမာနတို့ပါ၏။

ထိုအနှိုင်းခံနှင့် အနှိုင်းတို့တွင် တူသောဂုဏ်(သဓမ္မ)တစ်ခုခုရှိသည်သာဖြစ်၏။

- * စကားလုံးအဆင့်ရူပကပုံစံ = ဝါသနာမျိုးစေ့။
- * ပုဒ်စုအဆင့် ရူပကပုံစံ = ဝါသနာတည်းဟူသောမျိုးစေ့။
- * ဝါကျအဆင့်ရူပကပုံစံ = ဝါသနာကားမျိုးစေ့ပင်တည်း။
- * စာသင်သားတို့အတွေ့အမြင်များသော ရူပကအလင်္ကာပုံစံများမှာ နာမ်ပုဒ်နှစ်ခုကို ယှဉ်တွဲထားသည့် ပုံစံမျိုးဖြစ်ကြသည်။

  **ပုံစံများ။** ။အာကာသရွက်ထည်ရုံ။ ဝါသနာမျိုးစေ့၊ စာပတ္တမြား၊ လက်ရုံးမီး။
- * ဤပုံစံများကား အနှိုင်းခံကရှေ့၊ အနှိုင်းကနောက် ယှဉ်တွဲထားသောပုံစံများဖြစ်ကြ၏။

http://www.dhammadownload.com



<u>ပုံစံအချို့</u>

* ပညာရှေ့အိုး လှူမနိုး ဆိုရိုးစကားလာ။
* စာပေမျက်စိ သင့်တွင်ရှိ မြင်ဘိအရာရာ။
* လောကဓာတ်ခုံ ကောင်းဆိုးခုံ ကခုန်ဒိုရယ်ကာ။

မှတ်ချက်။ ။အနှိုင်းကရှေ့၊ အနှိုင်းခံကနောက် ယှဉ်တွဲသော ပုံစံများလည်း ရှိသည်။
ပုံစံများ။ ။ မဟူရာညှ ငွေနှင်း။ (မည်းနက်သောဂုဏ်၊ ဖြူဖွေးသောဂုဏ်။)

## ဥပမာအလင်္ကာနှင့် ရူပကအလင်္ကာအထူး

* ဥပမာန ဥပမေယျနှစ်မျိုးခွဲခြား၍ ပြလျှင် ဥပမာအလင်္ကာမည်၏။
ပုံစံ။ ။ပညာသည် ဆီမီးကဲ့သို့ တထိန်ထိန် တညီးညီးထွန်းတောက်၏။
* ဤပုံစံများ ဥပမေယျနှင့် ဥပမာနတို့ ကွဲပြားမနေတော့ဘဲ တသားတည်း တစပ်တည်းပင် ဖြစ်သွား၏။

တနည်း။ ။ * ဥပမာ၌ ဂုဏ်သာ တူ၏၊ ဒြပ်ကား မတူ။
* ရူပက၌ ဂုဏ်ဒြပ် နှစ်ပါးလုံး တူ၏။

တနည်း။ ။ * ဥပမာမှာ ဥပမာန ပုဒ်အရရှိ၏။
* ရူပက၌ ဥပမာနပုဒ်အရ မရှိချေ။

ဆောင်။ ။ * ဂုဏ်ရည်တူခြား ဒြပ်ပြား မှတ်သား သေချာဥပမာတည်း။
* ဂုဏာဒဗ္ဗ တူညီမျှ မှတ်ကြရူပက။

တနည်း။ ။ * ဥပမာန ဥပမေယျ ဟု အရ ကွဲရာ ဥပမာတည်း။
* နှစ်ဖြာမခွဲ တသားတည်းပြ ရူပက မှတ်ကြအထူးတည်း။ ။

## ရူပကနှင့် ဝက်ဝုတ္တိအထူး

* နာမ်ချည်းဟူက ရူပက တူမျှခိုင်းနှိုင်းရာ။
* ကြိယာဟူ တွဲပါမူ မှတ်ယူဝက်သာ။
* ဘဝခရီး အချစ်မီး မြစ်ကြီးသံသရာ။ (ရူပက)
* ဘဝခရီး ကွေ့ကောက်ပြီး ကျော်ပြီးသွားရပါ။ (ဝက်ဝုတ္တိ)
* ပုံစံနှစ်ခု ယှဉ်နှိုင်းမူ ထူးမှုပေါ်မည်သာ။

http://www.dhammadownload.com



## ရူပကနှင့် လောကာတိက္ကန္တ ရူပကာတိသယ အထူး

* ရူပကၥ် ဥပမာန ဟောသဒ္ဒါ၊ ဥပမေယျ ဟောသဒ္ဒါ အပြည့်အစုံ ပါ၏။ ဥပမေယျကိုသာ အရကောက်ရ၏။
* လောကာတိက္ကန္တ ရူပကာတိသယ၌ ဥပမေယျ ဟောသဒ္ဒါမပါ၊ ဥပမာနဟောသဒ္ဒါ မျှသာ ပါ၏။ အရကိုမူဥပမေယျပင် ကောက်ရ၏။

ဆောင်။ ။ * ပမာ ပမေ၊ နှစ်ထွေသဒ္ဒ ပြည့်ပါကြ၍၊ ကောက်ရပမေယျာ၊ ရူပကာတည်း၊
* ပမာမျှပေ ပါရှိလေ၍ ပမေကောက်ရ တိသယ နှစ်ဝအထူးသာ။ ။

* * * * *

(၂၁၃) အသေသဝတ္ထု ----------ပ---------- သာတိဓာ။ ။

## ဒွိဓာအရ ရူပကအပြား (၂)ပါး(မူ)

၁။ အနက်အားလုံးကို အကြွင်းအကျန်မရှိအောင် အတူပြုသော အသေသဝတ္ထုဝိသယ ရူပကအလင်္ကာ။
၂။ အနက်တစိတ်တဒေသကိုသာ အတူပြုသော ဧကဒေသဝိဝတ္တိ ရူပကအလင်္ကာ။ ။

## တိဓာအရ– ရူပကအပြား (၃)ပါး (မူလီ)

၁။ သမာသ်ပုဒ်ဖြင့် တင်စားပြဆိုသော သမာသရူပက။
၂။ ဝါကျဖြင့် တင်စားပြဆိုသော အသမာသရူပက။
၃။ သမာသ်တမျိုး၊ ဝါကျတမျိုးဖြင့် တင်စားပြဆိုသော သမာသာသမာသရူပက။

မှတ်ချက်။ ။ အထက်ပါ ဒွိဓာအရ ရူပကအပြား နှစ်ပါးတွင် တစ်ပါးတစ်ပါးလျှင် အထက်ပါ သုံးပါးစီ ပြားပြန်သောကြောင့် ရူပကအလင်္ကာ (၆)ပါး ပြားပါသည်။

## ဧကဒေသဝိဝတ္တိ ရူပကအပြား (၃)ပါး

၁။ ဧကဒေသဝိဝတ္တိ သမာသရူပက၊
၂။ ဧကဒေသဝိဝတ္တိ အသမာသ ရူပက၊
၃။ ဧကဒေသဝိဝတ္တိ သမာသာသမာသရူပက၊

* * * * *

http://www.dhammadownload.com



(၂၁၄) အဝ္ဂလိဒလ ----------ပ---------- ပဒမ္မုခံ။

* ခြေချောင်းတော်ကြာချပ်- တို့ဖြင့် လွန်စွာ တင့်တယ်သော- ခြေသည်းတော်ရောင် ဝတ်မှုံ ဝတ်ဆံရှိသော မြတ်စွာဘုရား၏ ခြေတော်အစုံကြာပဒုံကို ဘယ်သူဦးမညွတ်ပဲ ရှိပါမည်နည်း။ (ဤကား စကားလုံးအဆင့်များဖြင့် ဆိုခြင်း ဖြစ်သည်။)

## အသေသဝတ္ထုဝိသယအလင်္ကာ သမာသရူပကဖြစ်ပုံ

ဤဂါထာ၌ မြတ်စွာဘုရားရှင်၏ ခြေတော်ဆိုင်ရာ အစိတ်အပိုင်းများကို အကြွင်းအကျန် မရှိအောင် ပဒုမ္မာကြာပန်း ပုံပြု၍ နှိုင်းခိုင်းထားသောကြောင့် အသေသဝတ္ထုဝိသယမည်၏။ ထိုသို့ နှိုင်းခိုင်းရာ၌လည်း ဥပမေယျဥပမာနတို့ကို မကွဲမပြား တသားတည်းဖြစ်နေသကဲ့သို့ သမာသ်ပုဒ်ဖြင့် တင်စားပြဆိုသောကြောင့် သမာသရူပကလည်း မည်၏။ ထိုနှစ်မျိုးကို ပေါင်း၍ ပြသောကြောင့် အသေသဝတ္ထုဝိသယသမာသရူပက ဖြစ်ပါသည်။

* * * * *

(၂၁၅) ရတနာဝိ ----------ပ---------- ဝိနောမ္မုဝိ။

* ဤမြတ်စွာဘုရားသည် ငါတို့ မျက်မှောက် သမုဒ္ဒရာကြီးဖြစ်၏။ များစွာသော ဂုဏ်တော်တို့သည် ရတနာတို့ ပင်တည်း။ ကရုဏာတော်သည် အေးမြသော ရေပင်တည်း။ သဘောတော် နက်နဲခြင်းသည် နက်ရှိုင်းခြင်းပင်တည်း။

(ဤကား ဝါကျအဆင့်ဖြင့် ဆိုထားခြင်းတည်း။)

**မှတ်ချက်။** ။ အထက်နှစ်ဂါထာကို- ခြေသည်းတော်တည်း ဟူသော ကြာချပ်- စသည်ဖြင့်ဆိုလျှင်- ပုဒ်စုဖြင့် ဆိုခြင်းဖြစ်၏။

## အသေသဝတ္ထုဝိသယ အသမာသရူပကအလင်္ကာမြောက်ပုံ

ဘုရားရှင်ကို မဟာသမုဒ္ဒရာပုံပဏ္ဍာန်ပေါ်လာအောင် ရုပ်ပုံတော် ဖွဲ့ရာ၌ သမုဒ္ဒရာ၏ သက်ဆိုင်ရာ အစိတ်အပိုင်းများကို မကျန်စေဘဲ ဖွဲ့သောကြောင့်လည်းကောင်း၊ ထိုသို့ ဖွဲ့ရာ၌လည်း သမာသ်မဟုတ်သော ဝါကျပုဒ်တို့ဖြင့် ဖွဲ့သောကြောင့်လည်းကောင်း၊ အသေသဝတ္ထုဝိသယ အသမာသရူပကအလင်္ကာဂုဏ်မြောက်ပါသည်။

http://www.dhammadownload.com



## ရူပကအလင်္ကာမြောက်သော ပုံစံအချို့

* သီလံသေတု မဟာသေဋ္ဌော - သီလပဟူကြား နိဗ္ဗာန်သွားဖို့ ခင်းထားလေကြား သံတံတားတည်း။
* သီလံ သေဋ္ဌော အဘိဝါဟော - လွန်မြတ်သီလာ မန္တိုင်းသာ မြင်းပြူရတနာ ပမာတည်း။
* သီလံ သဗ္ဗလ မေဝဂ္ဂံ - သီလမွန်မြတ် ချိုစိမ့်လတ် စားနပ်ရိက္ခာ ပမာတည်း။
* သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
  ဟိရီ ဤသာ မနောယောတ္တံ၊ သတိ မေ ဖာလပါစနံ။
* မျိုးစေ့ သဒ္ဓါ၊ ပညာထွန်တုံး၊ တထုံးမှတ်ဘိ သတိထွန်သွား ပမာထား လော့။
* သခင်မဲ့သူ ပွင့်မဥ္ဇူတည်း၊
* သီလပုလဲစွန့်ကြဲဒါန၊ စာဂမဏိ။
* ရှင်ချို့ မျက်လုံး ပိတုန်း ကဟန်။
* လဲ့လဲ့ ပြုံးရယ် ကြာပန်းနယ်တည်း။

* * * * *

(၂၁၆) စန္ဒိကာမန္ဒဟာသာ ----------ပ---------- ကုမုဒကာနနံ

### အသေသဝတ္ထုဝိသယ သမာသာသမာသရူပကအလင်္ကာမြောက်ပုံ

ဤဂါထာ၌ ဝဒနိန္ဒုနော မနောကုမုဒကာနနံ (မျက်နှာစန္ဒ- စိတ်ကြာဖြူမြိုင်)တို့ကား အသမာသ ရူပက၊ စန္ဒိကာမန္ဒ ဟာသာ ညှင်းပျစွဲးငယ်- ပြုံးရယ်ခြင်း ဟူ လရောင်မှုကား) အသမာသရူပက၊ ဤသို့ သမာသ်တချို့ ဝါကျတချို့အားဖြင့် အကြွင်းအကျန်မရှိအောင် ရူပကပြုထားသောကြောင့် အသေသဝတ္ထုဝိသယ သမာသာသမာသ ရူပကအလင်္ကာ မြောက်ပါသည်။

အမှာ။ ။ ဂါထာနံပါတ် ၂၁၇ မှ ၂၂၃ အထိ အနက်အဓိပ္ပာယ်များကို သိသာသလောက်ပြီဖြစ်၍ မပြတော့ပြီ။

* * * * *

(၂၂၄) ပုနပ္ပုန ----------ပ---------- မာဝုတ္တိနာမတော။

### ၄။ အာဝုတ္တိ အလင်္ကာအဓိပ္ပာယ်

အနက်ကိုဖြစ်စေ၊ ပုဒ်ကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ၊ တစ်ကြိမ်တည်းဖြင့် မပြီးစေဘဲ၊ အထပ်ထပ်ဆိုခြင်းသည် အာဝုတ္တိအလင်္ကာမည်၏။

(အာ-ပုနပ္ပုနံ + ဝုတ္တိ ကထနံ = အာဝုတ္တိ) (အတ္တသဿ- စသည်ကိုထောက်)

http://www.dhammadownload.com



## အာဝုတ္တိအလင်္ကာအပြား (၃)ပါး

၁။ အတ္ထာဝုတ္တိ = အနက်ကိုထပ်၍ ရွတ်ဆိုရေးသားခြင်း။
၂။ ပဒါဝုတ္တိ = ပုဒ်ကိုထပ်၍ ရွတ်ဆိုရေးသားခြင်း။
၃။ ဥဘယာဝုတ္တိ = အနက်-ပုဒ်နှစ်မျိုးလုံးကို ထပ်၍ ရွတ်ဆိုရေးသားခြင်း။

* * * * *

(၂၂၅) မနောဟရတိ -----------ပ----------- ဓိနသာ ယံ။

## အတ္ထာဝုတ္တိ ဖြစ်ပုံ

ဤဂါထာ၌ ယူခြင်း အနက်တစ်ခုကိုပင် ဟရတိ-အာဒဒါတိ-ဂဏှာတိ- ဟု ဝေဝုစ်ပရိယာယ် စကားလုယ် တို့ဖြင့် အထပ်ထပ် ဆိုအပ်သောကြောင့် အတ္ထာဝုတ္တိ- အလင်္ကာဖြစ်ပါသည်။

## မြန်မာစကား ကြိယာ၌လည်း အတ္ထာဝုတ္တိအလင်္ကာဖြစ်ပုံ

မြန်မာစကားများ၌လည်း ယူ၏- ဟူသော အနက်တစ်ခုတည်းကိုပင်- ဆောင်ထား- ယူငင်-သိမ်းပိုက်-ဟူသော ပရိယာယ် သဒ္ဒါအမျိုးမျိုးဖြင့် ထပ်ဆိုထားလျှင် အတ္ထာဝုတ္တိအလင်္ကာဖြစ်ပါသည်။

အမှာ။ ။ ဂါထာနံပါတ် ၂၂၆-၂၂၇ တို့ကိုလည်း နည်းမှီသိပါ။

* * * * *

(၂၂၈) ကေဝတ္တမာနုဓိ -----------ပ----------- ဝိသယံ တိတာ။ ။

## ၅။ ဒီပက အလင်္ကာ အဓိပ္ပာယ်

ဆီမီးသည် မိမိအနီး၌ရှိသော ဝတ္ထုအဝေး၌ရှိသော ဝတ္ထုများကို ထင်ရှားပြသကဲ့သို့ မိမိ တည်ရာ ဝါကျ၏ အနက်ကိုလည်းကောင်း၊ အခြား ဝါကျ၏ အနက်ကိုလည်းကောင်း၊ ထင်ရှား ပြတတ်သောကြောင့် ဒီပကအလင်္ကာမည်ပါသည်။

ဆောင်။ ။ ဇာတိဂုဏ ကြိယာတို့ ၈ လယ် ဆုံး မှာ တည်ကာနေကြ၊ ဝါကျလုံးအား ကျေးဇူးများ မှတ်သားဒီပက။

http://www.dhammadownload.com



## ဒီပကနည်း (၃) နည်း

၁။ အာဒိဒီပက = ဝါကျ၏ အစ၌တည်၍ အားလုံးရှိသော ဝါကျကိုကျေးဇူးပြုတတ် ထင်ရှား ပြတတ်သောနည်း။
၂။ မဇ္ဈေဒီပက = ဝါကျ၏ အလယ်၌ တည်၍ ------ပ------ ပြတတ်သောနည်း။
၃။ အန္တဒီပက = ဝါကျ၏ အဆုံး၌ တည်၍ ------ပ------ ပြတတ်သောနည်း။

## တနည်း- ဒီပကနည်း (၉) နည်း

အထက်ပါ (၃)နည်းတွင် တစ်နည်း တစ်နည်းလျှင် ကြိယာပုဒ် ဖြစ်သော ကြိယာဒီပက၊ ဇာတိပုဒ်ဖြစ်သော ဇာတိဒီပက၊ ဂုဏ်ပုဒ်ဖြစ်သော ဂုဏဒီပကအားဖြင့် (၃)နည်းပြားနိုင်သောကြောင့် ဒီပကနည်း (၉)နည်း ရှိပါသည်။

* * * * *

(၂၂၉) အကာသိ ဗုဒ္ဓေါ ----------ပ---------- တတ္တိယ မဒ္ဒနံ။ ။

## ဤဂါထာ ကြိယာ အာဒိဒီပကဖြစ်ပုံ

ဤဂါထာ၌ အကာသိ -ပ- မိတောဒယံ၊ တစ်ဝါကျ၊ သဗ္ဗေ-ပ-မဒ္ဒနံ၊ တစ်ဝါကျ- ဤသို့ နှစ်ဝါကျရှိရာတွင် ပထမဝါကျ၏ အစ၌ဖြစ်သော အကာသိကြိယာသည်- ဒုတိယဝါကျ အားလည်း ကျေးဇူးပြုသောကြောင့် ကြိယာ အာဒိဒီပကအလင်္ကာဖြစ်ပါသည်။

**မှတ်ချက်။** ။ ကျေးဇူးပြုဟူသောစကားသည် အကာသိကြိယာပုဒ်၏ အနေက တိတ္တိယ မဒ္ဒနံ- ဟူသော ကံပုဒ်၏ စပ်ရာကြိယာလည်း ဖြစ်သည် ဟူသောအဓိပ္ပာယ်ကို ပြပါသည်။

**အမှာ။** ။ ဂါထာနံပါတ် ၂၃၀-၂၃၁-တို့၏ အဓိပ္ပာယ်များ နည်းမှီသိပါ။

* * * * *

(၂၃၂-၃) ယောတာဝိပ္ပန္ဒိ ----------ပ---------- မာလာဒီပကံမတံ။

## မာလာဒီပက အဓိပ္ပာယ်

ရှေးရှေးဝါကျကိုငုံခြင်းရှိသော ဝါကျအစဉ်သည် မာလာဒီပကအလင်္ကာမည်ပါသည်။

http://www.dhammadownload.com



## ဤပုံစံ မာလာဒီပကသာဖြစ်ရပုံ

ဤပုံစံသည် ဟောတိ ဟူသော ကြိယာ အစဉ်ပါပြီး အလုံးစုံသော ဝါကျကို ကျေးဇူး ပြုတတ် ထင်ရှားပြတတ်သောကြောင့် ကြိယာ အာဒိဒီပက ဖြစ်သင့်သော်လည်း ဟောတာဝိပ္ပန္တိ သာရာယသိလံ စသော ရှေ့ဝါကျကိုငဲ့သော ဝါကျ အင်္ဂါ ဖြစ်သောကြောင့် မာလာဒီပကအလင်္ကာသာ ဖြစ်ရပါသည်။ :

**မှတ်ချက်။** ။အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသော ပုံစံမျိုးတို့သည်လည်း မာလာဒီပက တို့ပင် ဖြစ်ကြသည်။

* * * * *

(၂၃၄) အနေနေဝ ----------ပ---------- သုဒ္ဓ ဗုဒ္ဓိဘိ။

## ဤဂါထာ သိစေချက်

ဤအလင်္ကာကျမ်းအလို ကြိယာ ဒီပက ဇာတိဒီပက ဂုဏဒီပကတို့သည် (၉)မျိုး ရှိသကဲ့သို့ မာလာဒီပကသည်လည်း ကြိယာမာလာဒီပက စသည်ဖြင့် ရှိနိုင်သောကြောင့် ဒီပက အလင်္ကာကိုလည်း (၁၈)မျိုး ရှိကြောင်း သုဒ္ဓဗုဒ္ဓိ ပုဂ္ဂိုလ်တို့ သည် အနုမာနဉာဏ်ဖြင့်သိကြပါလေ ဟု သိစေသည်။

* * * * *

(၂၃၅) ဝိသေသဝစနန္တာယံ ----------ပ---------- တိတကာလပ္ပဘေဒတော။

## ၆။ အက္ခေပအလင်္ကာအဓိပ္ပာယ်

တစ်စုံတစ်ခု ထူးခြားသော အကြောင်းအရာကို ဆိုလိုရာ၌ တိုက်ရိုက်အားဖြင့် ထူးခြားပုံကို မဆိုဘဲ၊ တားမြစ်သော စကားကိုဆိုခြင်းသည် အက္ခေပအလင်္ကာမည်၏။

## တိကာအရ-အက္ခေပအလင်္ကာအပြား (၃)ပါး

၁။ အတီတက္ခေပ = အတိတ်ကာလကို တားမြစ်ခြင်း။
၂။ ဝတ္တမာန က္ခေပ = ပစ္စုပ္ပန်ကာလကို တားမြစ်ခြင်း။
၃။ အနာဂတက္ခေပ = အနာဂတ်ကာလကို တားမြစ်ခြင်း။

http://www.dhammadownload.com



**ဆောင်**။ ။ တစ်ခုခုကို ထူးဆိုလိုငြား ပယ်မြစ်တားက အက္ခေပ၊ ကာလဘေဒါ သုံးမျိုးဖြာ။

**အမှာ**။ ။ ၂၃၆–၂၃၇–၂၃၈ နံပါတ်များ သိသာပြီ။ ။

## အတီတာနာဂတက္ခေပအလင်္ကာပုံစံတစ်မျိုး

အတီတာနာနုသောစာမိ၊ နပတ္ထယာမိ နာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။ ။

ဤပါဠိတော်သည် ပစ္စုပ္ပန်ဖြစ်သော အစာအာဟာရဖြင့် မျှတရောင့်ရဲခြင်း၏ အကျိုးထူးကို ပြလို၍ အတိတ် အနာဂတ် နှစ်ပါးကို တားမြစ်သောကြောင့် အတီတာနာဂတက္ခေပ အလင်္ကာမည်၏။

* * * * *

(၂၃၉) ဧဿော ----------ပ---------- ဟိဝိသိဋ္ဌသဘာဒတော။

## ၇။ အတ္ထန္တရန్యာသ အလင်္ကာအဓိပ္ပာယ်

ဝါကျနှစ်ခုရှိရာတွင် မူလဝါကျအနက်ကို ပြီးစေတတ်သော (ခိုင်မြဲအောင်ပြုတတ်သော) နောက်ဝါကျကို အတ္ထန္တရန్యာသ ဟု ခေါ်သည်။

**တနည်း**။ ။ ရှေ့၌ဆိုခဲ့ပြီးသော စကားကို ခိုင်မြဲစေရန် ယိုစကားနှင့် အလားတူဖြစ်သော နောက်စကားကို ထပ်ဆိုခြင်း သည် အတ္ထန္တရန္ယာသမည်၏။

အတ္ထော စ သော အန္တရောစာတိ အတ္ထန္တရော၊ အတ္ထန္တရဿ + နိအာသော (ဌပန်–ကထန်) အတ္ထန္တရန္ယာ သော။

## အတ္ထန္တရန္ယာသအလင်္ကာအပြား (၄)ပါး

၁။ ဟိရဟိတသဗ္ဗဗျာပီ အတ္ထန္တရန္ယာသ။
၂။ ဟိ–သဟိတ သဗ္ဗဗျာပီ အတ္ထန္တရန္ယာသ။
၃။ ဟိ–ရဟိတ ဝိသေသ ဋ္ဌအတ္ထန္တရန္ယာသ။
၄။ ဟိ–သတဟိတ ဝိသေသ ဋ္ဌအတ္ထန္တရန္ယာသ။

**ဆောင်**။ ။ တပါး ဝါကျတ် ပြီးစေတတ်က၊ အတ္ထန္တရန္ယာသတည့်၊ သဗ္ဗ ဝိသေ၊ ဟိ မှားစေ၊ ပြားလေလေးမျိုးသာ။

http://www.dhammadownload.com



## ပတိဝတ္တုပမာနှင့် အတ္ထန္တရန္ယာသအထူး

* ရှေးဝါကျကိုပြီးစေမှု၊ တူမှု နှစ်ခုကို ရှေ့ရှုပြဆိုက ပတိဝတ္တုပမာမည်၏။
* ရှေ့ဝါကျစုကို ပြီးစေမှု သက်သက်ကိုသာ ရှေ့ရှုပြဆိုကအတ္ထန္တရန္ယာသ အလင်္ကာမည်၏။

ဆောင်။ ။*ပြီးမှု တူမှု ထိုနှစ်ခုကို ရှေ့ရှုပတိ ဝတ္ထုသိကြ။ *ရှေ့ဝါကျစုပြီးစေမှုသာ ရှေ့ရှု ပါက န္ယာသ ထူးကြသဘောမှာ။

* * * * *

(၂၄၀) တေပိ လောကဟိတာ ----------ပ---------- ကေနုလဃ္ဃိတော။ ။

## ဟိရဟိတသမ္ဗန္ဓျာပီအတ္ထန္တရန္ယာသ ပုံစံနှင့် ရှင်းလင်းချက်

(က) လောကလူများ ကျိုးစီပွားကို ဆောင်ထားတတ်ကြ နေနှင့်လပင်– အတ္တတောင်စွန်း ကွယ်ကာယွန်း၍ မထွန်းရောင်ဝါ ချုပ်ပျောက်ပါလိမ့်။
(ခ) သေချာစေငှ ဉာဏ်ဖြင့်ရှုလော့၊ ပုပ္ပုရွှ သခ်ါရတို့ဖြစ်ကပျက်မြဲမလွဲမှန်လှ သဘာဝကို သတ္တသခ်ါ ဘယ်အရာသည် ခုန်ကာလွှန်မြောက်နိုင်မည်နည်း။

* ထိုတွင် ရှေ့သုံးပါဒ (က) အမှတ်ပြစကားရပ်တို့သည် မူလဝါကျဖြစ်၏။ စတုတ္ထပါဒ (ခ) အမှတ်ပြစကားရပ်သည် နောက်ဝါကျဖြစ်၏။
၁။ နိယမော ကေနုလဃ္ဃိတော (ပုပ္ပုရွှ စသည်) နောက်စကားရပ်သည် ရှေ့စကားရပ်၏ အနက်အဓိပ္ပာယ်ကို ပြီးစေ ခိုင်မြဲစေသောကြောင့် အတ္ထန္တရန္ယာသဖြစ်၏။
၂။ ထိုစကားရပ်၌ ဟိသဒ္ဒါမပါသောကြောင့် ဟိ–ရဟိတလည်း မည်၏။
၃။ ထိုဖြစ်က ပျက်မြဲ သဘောသည် သတ္တဝါသခ်ါရ အကုန်လုံးနှင့်ပျံ့နှံ့ ဆက်ဆံသောကြောင့် သဗ္ဗဗျာပီလည်း မည်၏။
* ထိုသုံးရပ်ကိုပေါင်း၍ ဟိ–ရဟိတသဗ္ဗဗျာပီအတ္ထန္တရန္ယာသဖြစ်ပါသည်။

အမှာ။ ။ ၂၄၁–၂–၃ နံပါတ် ဂါထာများ အထက်ပါ ဂါထာကို နည်းမှီသိပါ။

* * * * *

http://www.dhammadownload.com



(၂၄၄) ဝါစ္စဂမျှေထ -----------ပ----------- စတုဗ္ဗာေး ။

## ၈။ ဗျတိရေကအလင်္ကာအဓိပ္ပာယ်

အရာဝတ္ထုနှစ်ခုတို့၏ တူသော သဘောကို သဒ္ဒါသည် တိုက်ရိုက်ဟောအပ်သည်ဖြစ်စေ၊ တိုက်ရိုက် မဟောအပ်ဘဲ စိတ်ဖြင့် မှန်းဆ၍ သိအပ်သည်ဖြစ်စေ၊ ထိုဝတ္ထုနှစ်ခုတို့ကို (မတူနိုင်ခြင်း၏ အကြောင်းကိုပြ၍) ခွဲခြားခြင်း၊ ထူးအောင်ပြုခြင်းသည် ဗျာတိရေကအလင်္ကာမည်၏။

## ဗျတိရေကမူအားဖြင့် (၂)ပါး

ထိုဗျတိရေကအလင်္ကာသည် သဒ္ဒါတိုက်ရိုက်ပါသော ဝါစ္စ၊ တိုက်ရိုက်မရှိမှန်းဆ၍ သိအပ်သော ဂမ္မအားဖြင့် ရှေးဦးစွာ (၂)ပါးပြား၏။

## မူလီအားဖြင့် (၂)ပါး

ထိုနှစ်ပါးတို့တွင် တစ်ပါးတစ်ပါး၌ ဧက၊ ဥဘယ ဟု နှစ်ပါးပြားပြန်သောကြောင့် ဗျတိရေက (၄)ပါး ပြားပြန်ပါသည်။

## ဗျတိရေကအလင်္ကာအပြား (၄)ပါး

၁။ သဒ္ဒါ တိုက်ရိုက်ပါ၍ ဥပမေယျတစ်ပါး၏ အထူးကိုသာဆိုသော ဝါစ္စဧကဗျတိရေက။

၂။ သဒ္ဒါ တိုက်ရိုက်ပါသည့်အပြင် နှစ်ပါးလုံး၏ အထူးကိုဆိုသော ဝါစ္စဥဘယဗျတိရေက။

၃။ အနက်၏ အစွမ်းအားဖြင့်သာ တူမျှပုံကို ဆသိရ၍ ဥပမေယျ၏ အထူးမျှကိုသာ ဆိုသော ဂမ္မဧကဗျတိရေက။

၄။ အနက်၏ အစွမ်းအားဖြင့်သာ တူမျှပုံကို သိစေ၍ နှစ်ပါးလုံး၏ အထူးကို ဆိုသော ဂမ္မဥဘယ ဗျတိရေက။

**ဆောင်။** ။ ဝတ္ထုနှစ်ပါး အတူထားကာ ဆိုတုံပါလျက် ထူးခြားချက်ကို မိန့်မြွက်ပြန်လေ ဗျတိရေတည့်၊ ဝါစ္စေ ဂါမ္မာ ထိုနှစ်ဖြာကို ဧကာဥဘယ ပွားတုံက ပြားရလေးမျိုးသာ။

## နိဒ္ဒေသပမာနှင့် ဗျတိရေကအလင်္ကာအထူး

* ဝတ္ထုနှစ်ခုတူသည်ကို ပြပြီးလျှင် ဥပမာန ဖြစ်သော ဝတ္ထုကို အပြစ်တင်၍ ကဲ့ရဲ့ခြင်း သည် နိဒ္ဒေသပမာမည်၏။
* မကဲ့ရဲ့ပဲ ဝတ္ထုနှစ်ခု ကွဲလွဲပုံကိုသာ ပြခြင်းသည် ဗျတိရေက မည်၏။

* * * * *

http://www.dhammadownload.com



(၂၄၅) ဂမ္ဘီရတ္တ ----------ပ---------- ဒိသေနတော။

## ဝါစကေဗျတိရေကအလင်္ကာဖြစ်ပုံ

* ဂမ္ဘီရတ္တ-ပ-တွ မသိ- ဟူသော စကားရပ်ဖြင့် သမုဒ္ဒရာနှင့် ဘုရားရှင်သည် ဂမ္ဘီရတ္တဂုဏ်၊ မဟတ္တဂုဏ်အားဖြင့် တူ၏ ဟု တူပုံတုလျသဒ္ဒါ တိုက်ရိုက်ပါသောကြောင့် ဝါစ္စမည်၏။

* သောဒေါတု-ပ-တော ဟူသော စကားရပ်ဖြင့်ဘုရားရှင်တည်း ဟူသော ဥပမေယျ တစ်ခုတည်း၏သာ ထူးခြား ဟန်ကို ပြဆိုသောကြောင့် ကေလည်းမည်၏။

* ဘုရားရှင်နှင့်သမုဒ္ဒရာဝတ္ထုနှစ်ခုတို့၏ တူညီပုံသဘောကို ပြပြီးမှ ဘုရားရှင်က သမုဒ္ဒရာထက် ထူးခြားသာလွန် ကြောင်းကို ပြဆိုပြန်သောကြောင့် ဗျတိရေကလည်း မည်၏။

* ထိုသုံးခုကို ပေါင်း၍ ဝါစ္စကေဗျတိရေကအလင်္ကာ ဖြစ်လာပါသည်။

* * * * *

(၂၄၆) မဟာသတ္တာတိ ----------ပ---------- တာဒိကရုဏ္ဏတိ။

## မဟာသတ္တာတိဂမ္ဘီရမည်ပုံအထူး

* မဟာသမုဒ္ဒရာသည် ကြီးမားသော တိမိင်္ဂလ စသော ငါးတို့၏ နေရာဖြစ်သောကြောင့် မဟာသတ္တမည်၏။ မြတ်စွာဘုရားကား လူနတ်ဗြဟ္မာ သတ္တဝါတို့ထက် မြတ်သော သတ္တဝါဝိသေသ ပုရိသုတ္တမ ဖြစ်သောကြောင့် မဟာသတ္တမည်၏။

* သမုဒ္ဒရာသည် သက်ဝင်နိုင်ခဲ ထောက်တည်ရန် ခက်ခဲအောင် နက်ရှိုင်းသောကြောင့် အတိဂမ္ဘီရမည်၏။ မြတ်စွာ ဘုရားကား အဇ္ဈာသယ အလိုဆန္ဒ သဘောတော်၏ နက်နဲသောကြောင့် အတိဂမ္ဘီရမည်၏။

အမှာ။ ။ ၂၄၇-၈-နံပါတ် ဂါထာများ အထက်ဂါထာ နည်းမှီသိပါ။

* * * * *

(၂၄၉) ပသိဒ္ဓကာရဏ် ----------ပ---------- ဝိဘာဝနာ။

## ၉။ ဝိဘာဝနာအလင်္ကာအဓိပ္ပာယ်

လောကထင်ရှား ရှိသောအကြောင်းကို ပယ်ရှားတားမြစ်၍ မထင်ရှားသော တခြား အကြောင်းကို ထင်စွာပြရာ အလင်္ကာသည်လည်းကောင်း၊ သူ့သဘာဝအတိုင်း ပြီးစီးသော အကျိုးဂုဏ်ကို ထင်စွာပြရာ အလင်္ကာသည် လည်းကောင်း ဝိဘာဝနာ အလင်္ကာမည်၏။

http://www.dhammadownload.com



**ဆောင်။** ။ ထင်ရှားကြောင်းများ ပယ်မြစ်တားလျက် တစ်ပါးကြောင်းရင်း ပြဆိုခြင်းနှင့် ပြီးခြင်းသဘာဝ ထင်စွာပြ မည်ရဝိဘာ အလင်္ကာ။

## ဝိဘာဝနာအလင်္ကာအပြား (၂)ပါး

၁။ **ကာရဏန္တရဝိဘာဝနာ** = ထင်ရှားသောအကြောင်းကို တားမြစ်၍ အကြောင်းတပါးကိုပြဆိုသော ဝိဘာဝနာ အလင်္ကာ။

၂။ **သဘာဝိကတ္တဝိဘာဝနာ** = အကြောင်း မထင်ရှားသောကြောင့် မိမိသဘော ဓမ္မတာအတိုင်း ဖြစ်ခြင်းကို ပြဆိုသော ဝိဘာဝနာအလင်္ကာ။

**အမှာ။** ။ ၂၅၀-၂၅၁ နံပါတ်များ နည်းမှီသိပါ။

* * * * *

## (၂၅၂) ဇနကောဉာပကော ----------ပ---------- တယောဒီတံ။

## ၁၀။ ဟေတုအလင်္ကာ အစီရင်

နှစ်ပါးသောဇနကဟိတ် ဉာပကဟိတ်တို့ကို တိုက်ရိုက်တည့်တိုး ရိုးရိုးကြီး မဆိုဘဲ အထူးပြင်ဆင်၍ ပြဆိုအပ်သော အလင်္ကာသည် ဟေတုအလင်္ကာမည်၏။

**ဆောင်။** ။ ဖြစ်စေသိစေ၊ ကြောင်းနှစ်ထွေကို ပြုလေထူးစွာ တန်ဆာဆင်ယင် ပြဆိုလျှင်၊ မည်တွင် ဟေတွာ လင်္ကာရာ။

## ဒုဝိဓာအရ-ဟေတုအလင်္ကာအပြား (၂)ပါး

၁။ **ဇနကဟေတု** = သရက်စေ့က သရက်ပင်ကိုဖြစ်စေ သကဲ့သို့ အကျိုးကို တိုက်ရိုက်ဖြစ်တတ်သော အကြောင်း။

၂။ **ဉာပကဟေတု** = အပေါ်၌လွင့်နေသော မီးခိုးကိုမြင်ရသောကြောင့် အောက်၌ မီးရှိကြောင်းကို သိရသကဲ့သို့ အကျိုးကိုသိစေတတ်သော အကြောင်း။

## ဇနက ဉာပကဟိတ်နှစ်ပါး ဟေတု အလင်္ကာမည်ရပုံ

ထိုဟိတ်နှစ်ပါးသည် အကျိုးတရားကို အထူးပြုတတ်သောကြောင့် ဟေတုအလင်္ကာ မည်ပါသည်။

http://www.dhammadownload.com



(၂၅၃) ဘာဝါဘာဝ -----------ပ----------- မုခမဏ္ဍ နိဒဿနံ။ ။

## ဟိတ်အပြား (၅)ပါး

၁။ ဘာဝကိစ္စ ကာရကဟေတု။ ၂။ အဘာဝကိစ္စ ကာရကဟေတု။
၃။ ဘာဝကိစ္စဉာပကဟေတု။ ၄။ အယုတ္တကာရီ စိတ္တဟေတု။
၅။ ယုတ္တကာရီ စိတ္တဟေတု။ ပေါင်း (၅)ပါး။

**အမှာ။** ။ ၂၅၄-၅-၆-၇-၈ နံပါတ်ဂါထာများ သိသာပြီ။ အနက်လေ့လာပါ။

* * * * *

(၂၅၉) ဥဒိဋ္ဌာနံ -----------ပ----------- ကမောပိစ။

## ၁၁။ သင်္ချာန ယထာသင်္ချ ကမအလင်္ကာအဓိပ္ပာယ်

ပဌမ ပြဆိုခဲ့ပြီးသော ပုဒ်အနက်တို့ကို အစဉ်အတိုင်း (အနက်တစ်မျိုးအားဖြင့်) နောက်ထပ်ပြဆိုခြင်းသည် သင်္ချာန ယထာသင်္ချ, ကမအလင်္ကာမည်၏။
**ဆောင်။** ။ ဥဒ္ဒေသ နိဒ္ဒေသ စဉ် ညီမျှ ကမအလင်္ကာ။

## သင်္ချာနအလင်္ကာ ယထာသင်္ချအလင်္ကာခေါ်နိုင်ပုံ

ဤအလင်္ကာသည် အစဉ်အားလျော်စွာ ဆိုသော အလင်္ကာဖြစ်သောကြောင့် သင်္ချာနအလင်္ကာ-ယထာသင်္ချအလင်္ကာ ဟူ၍လည်း ခေါ်နိုင်ပါသည်။ (သင်္ချာနယထာသင်္ချကမသဒ္ဒါတို့ အနက်တူကြ၏။)

## အပက္ကမ ဒေါသလွတ်လျှင် ကမအလင်္ကာသို့ဝင်

ဤအလင်္ကာသည် အပက္ကမဒေါသနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အပက္ကမ ဒေါသမှ လွတ်လျှင် ကမအလင်္ကာသို့ဝင်ပါသည်။

**ဆောင်။** ။ အပက္ကမ လွန်မြောက်က ကမအလင်္ကာ။ ။

* * * * *

http://www.dhammadownload.com



(၂၆၀) အလာပဟာသ ----------ပ---------- ဝန် ဧလဲ။ ။

## ကမအလင်္ကာမည်ပုံ

ဤဂါထာ၌ ရှေ့နှစ်ပါဒသည် ဥဒ္ဒေသ၊ နောက်နှစ်ပါဒသည် အနုဒ္ဒေသမည်၏။

ထိုတွင် အသံတော်နှင့် ဥသြ၊ ဥသြနှင့် တော၊ ပြုံးရယ်ခြင်းနှင့် ကြာဖြူတော၊ ကြာဖြူတောနှင့် ရေတို့ ဥဒ္ဒေသ နိဒ္ဒေသအစဉ်ကိုက်ညီသောကြောင့် ကမအလင်္ကာမည်ပါသည်။

## အလင်္ကာများ ရောယှက်ရာ၌ မှတ်ဖွယ်

ဆောင်။ ။ ပရိကပ္ပနာ မည်သင့်ပါလည်း စဉ်သာပဓာန ထားကာပြ၍ ကမအလင်္ကာ ခေါ်ရပါ၏။ များစွာ လင်္ကာရ ပေါင်းဆုံကမူ ညွှန်ပြလိုရာ အလင်္ကာကို မှန်စွာပဓာန ခေါ်ဝေါ်ရသည် မှတ်ကြ နောက်လည်း ဤနည်းတည်း။

* * * * *

(၂၆၁) သိယာပိယတရံ ----------ပ---------- ပဋိပါဒနံ။ ။

## ၁၂။ ပိယတရအလင်္ကာအဓိပ္ပာယ်

မိမိအလွန်မြတ်နိုး နှစ်သက်အပ်သော တစ်စုံတစ်ခုသော အနက်သဘောကို ဖော်ပြပြောဆိုသော အလင်္ကာသည် ပိယတရအလင်္ကာမည်၏။

(အတိသယေန ပိယံ = ပိယတရံ)

ဆောင်။ ။ လွန်စွာစွဲမက် နှစ်သက်အပ်သော သဘောအတွ မြွက်ဖော်ပြ ပိယတရာအလင်္ကာ။

* * * ၁ *

(၂၆၂) ပီတိယာ မေ ----------ပ---------- ပုနဒဿနာ။ ။

## ဤဂါထာ ပိယတရအလင်္ကာမြောက်ပုံ

ဤဂါထာ၌ ဘုရားရှင်သည် အတုမရှိအောင် အလွန်အမင်း မြတ်နိုးစရာကောင်းသော ပိယတရဖြစ်သည်ဟု သွယ်ဝိုက်သောနည်းအားဖြင့် ပြဆိုသောကြောင့် ပိယတရ အလင်္ကာ မြောက်ပါသည်။

http://www.dhammadownload.com



## ပိယတရ အလင်္ကာပုံစံတစ်မျိုး

* တနေဝင် မြင်ရနိုးနိုး တမိုးသောက် ရောက်လာလိမ့်မည် ထင်တရေးနှင့် မြင်သေးတယ်။

* * * * *

(၂၆၃) ဝဏ္ဏိတေနော ----------ပ---------- သခေ်ပ ရူပကော။ ။

## ၁၃။ သမာသဝုတ္တိ အလင်္ကာအဓိပ္ပါယ်

ဥပမာအလင်္ကာ ရူပကအလင်္ကာတို့၌ကဲ့သို့ ဥပမာန ဥပမေယျတို့ကို အကျယ်တဝင့် ထုတ်ဖော်၍ မပြဆိုပဲ ဥပမေယျဝတ္ထုကို စိတ်၌ သိမ့်ဝှက်မှတ်သားထားလျက် ဥပမေယျဝတ္ထုနှင့် ဂုဏ်ရည်တူမျှသော ဥပမာနဝတ္ထုမျှကိုသာ ဂုဏ်ထူး ဝိသေသနအပြည့်အစုံနှင့်တကွ ရေးသားခြင်းသည် (အနက်ကိုချုံးခြင်း သဘောရှိသောကြောင့်) သမာသဝုတ္တိအလင်္ကာ မည်၏။

## အကျဉ်းချုပ်လိုရင်း

ဥပမေယျကို မပြဆိုပဲ ဂုဏ်ထူးဝိသေသန အပြည့်အစုံနှင့်တကွသော ဥပမာနမျှကိုသာ ပြဆိုခြင်းသည် သမာသ ဝုတ္တိအလင်္ကာမည်၏။

**ဆောင်။** ။ ချိုးမွမ်းအပ်လှ၊ ပမာနဖြင့် မေယျ စိတ်မှတ် ဝှက်ဆိုတတ် သမာသ်ဝုတ္တာအလင်္ကာ။

* * * * *

(၂၆၄) သာယံဝိသေသျ ----------ပ---------- ဝိသေသနာ။

## သမာသဝုတ္တိအလင်္ကာအပြား(၂)ပါး

၁။ ဥပမာနဥပမေယျ ဝိသေသသျမျှသာ ကွဲပြား၍ သိလေသအားဖြင့် ဝိသေသနတူသော အဘိန္နဝိသေသန သမာသဝုတ္တိအလင်္ကာ။

၂။ ဥပမာနဥပမေယျ သေသျမျှကွဲပြား၍၊ မတူသော ဝိသေသန-တူသော ဝိသေသနနှစ်မျိုး ပါရှိသော ဘိန္နာဘိန္န ဝိသေသနသမာသဝုတ္တိအလင်္ကာ။

**ဆောင်။** ။ ဝိသေသျမျှပေကွဲပြားလေ၍ ဝိသေထပ်တူ တူ-မတူ, မှတ်ယူနှစ်မျိုးသာ။

* * * * *

http://www.dhammadownload.com



(၂၆၅) ဝိသုဒ္ဓါမတ ----------ပ---------- ပါဒိတောမယာ။

## အဘိန္နဝိသေသနသမာသဝုတ္တိအလင်္ကာမည်ပုံ

ဤပုံစံ၌ ဥပမာနအရ သမုဒ္ဒရာ၊ ဥပမေယျအရ တရားကိုရသောကြောင့် ဥပမာန ဥပမေယျ ဝိသေသျဒြဗ်နှစ်ခု ကွဲပြားသော်လည်း ဝိသေသန (၁။ ဝိသုဒ္ဓါမတသန္တာယိ၊ ၂။ ပဝတ္တ ရတနာလယော၊ ၃။ ဂမ္ဘီရော၊)သုံးခုတို့သည် ပြဆိုခဲ့ ပြီးသည့်အတိုင်း ဥပမာန ဥပမေယျနှစ်ခုတို့နှင့် သင့်တင့်ဆက်ဆံတူမျှသောကြောင့် အဘိန္န ဝိသေသနမည်၏။ ဥပမေယျကိုမဆိုပဲ ဝိသေသန အပြည့်အစုံနှင့်တကွသော ဥပမာနမျှကိုသာ (အကျဉ်းချုံးသဖြင့်) ပြဆိုသောကြောင့် သမာသလည်း မည်၏။ ထိုနှစ်ခုကိုပေါင်းသော် အဘိန္နဝိသေသနသမာသဝုတ္တိအလင်္ကာမည်၏။

**အမှာ။** ။ ၂၆၆-၂၆၇-နံပါတ်ဂါထာများ အထက်နည်းမှီသိပါ။

* * * * *

(၂၆၈) ဝတ္ထုနောသ ----------ပ---------- ပရိကပ္ပနာ။ ။

## ၁၄။ ပရိကပ္ပနာအလင်္ကာအဓိပ္ပါယ်

သက်ရှိဝတ္ထုဖြစ်စေ၊ သက်မဲ့ဝတ္ထုဖြစ်စေ၊ တစ်စုံတစ်ခုသော အရာဝတ္ထု၏ အမှန်ဖြစ်သော သဘောမှတစ်ပါးသော အခြင်းအရာအားဖြင့် ကြံကြံဖန်ဖန် ပြောဆိုအပ်သော အလင်္ကာသည် ပရိကပ္ပနာ အလင်္ကာမည်၏။

(ဖြစ်တာကတစ်မျိုး။ ပြောတာကတစ်မျိုးဖြစ်အောင် ကြံဆောင်ထားအပ်ရာအလင်္ကာ- ဟူလို)

**ဆောင်။** ။ သဘောလျှောက်သာ မှန်ကန်စွာလျှင် ဖြစ်လာထင်ရှား ဝတ္ထုများကို ပယ်ရှားပကတိ ကြံဆိုဘိ ပရိကပ္ပနာ။

## ပရိကပ္ပနာ အလင်္ကာပုံစံအချို့

- အာဇာတသတ်မင်းဆောက်လုပ်အပ်သော မဏ္ဍပ်သည်နတ်ဗိမာန်ကို ပြက်ရယ်ပြုသကဲ့သို့ ဖြစ်၏။
- သုစိတ္တာသုမာလာတို့ ထမီလဲသောအခါ လျှပ်စစ်ပျက်သကဲ့သို့ဖြစ်၏။

* * * * *

http://www.dhammadownload.com



(၂၆၉) ဥပမာဗ္ဘန္တ ရတ္တေန -----------ပ----------- ပရိကပ္ပနာ။ ။

## ပရိကပ္ပနာအလင်္ကာအပြား(၄)ပါး

၁။ ဥပမာအတွင်းငုပ်သောအားဖြင့် ကြံစည်စိတ်ကူး၍ ပြောဆိုသော ဥပမဗ္ဘန္တ ရ ပရိကပ္ပနာ။
၂။ ကြိယာကို တစ်မျိုးတစ်ဖုံ ကြံစည်စိတ်ကူး၍ ပြောဆိုသော ကြိယာပရိကပ္ပနာ-။
၃။ တစ်စုံတစ်ခုသော ဂုဏ်ထူးကို တစ်မျိုးတစ်ဖုံကြံစည်၍ ပြောဆိုအပ်သော ဂုဏပရိကပ္ပနာ။
၄။ တစ်မျိုးတစ်ဖုံအားဖြင့် ကြံဆခြင်းကို (မညေ-သင်္ကေ-ဟန် ယောင်-တကား) စသော သဒ္ဒါများ မပါရှိသော်လည်း ဝါကျ၏ အစွမ်းအားဖြင့် သိအပ်သော ဂမ္မပရိကပ္ပနာ။

**ဆောင်။** ။ ဥပမဗ္ဘန္တ ရာ ကိရိယာနှင့်ဂုဏာ ဂမ္မ လေးပါးမျှ ပြားထကပ္ပနာ၊

* * * * *

(၂၇၀) ဏ္ဏဝ္ဗာဘဂ်ီ -----------ပ----------- ဘိယော ဂတော။ ။

## ဥပမဗ္ဘန္တ ရ ပရိကပ္ပနာဖြစ်ပုံ

* နတ်သမီးသုံးယောက်တို့ မလှုပ်မယှက် ငြိမ်သက်စွာ ကြံမှိုင်ထိုင်နေခြင်းသည် ဇော်ဂနီမတို့ မန္တာန်စုတ်သည်နှင့်တူ၏ ဟု ဆိုရာ၌ နတ်သမီးတို့သည် ဥပမေယျ၊ ဇော်ဂနီမတို့သည် ဥပမာနဖြစ်သည်ဟု အစွမ်းသတ္တိဖြင့်သိနိုင်၏။ ထိုသို့ ဥပမာအတွင်း၌ရှိသောကြောင့် ဥပမာဗ္ဘန္တ ရ မည်၏။ * သဘောအားလျှော်စွာ စိတ်ပျက်၍ မှိုင်တွေချကာ ထိုင်နေကြသော မာရ်နတ်သမီးတို့ကို ထိုဟုတ်မှန်တိုင်းသော ပကတိသဘောကို ပယ်စွန့်၍ မန္တာန်စုတ်ခြင်းဖြင့် အလိုသို့ အပါဆောင်သည်ဟု တစ်မျိုးတစ်ဖုံအားဖြင့် ကြံစည်ပြောဆိုသောကြောင့် ပရိကပ္ပနာလည်းမည်၏။ * ထိုနှစ်မျိုးကို ပေါင်းသော် ဥပမာဗ္ဘန္တ ရ ပရိကပ္ပနာဖြစ်ပါသည်။

**အမှာ။** ။ ၂၇၁-၂၇၂-နံပါတ်ဂါထာများ အထက်နည်းမှီသိပါ။

* * * * *

(၂၇၃) မညေသင်္ကေ -----------ပ----------- ဝါကျေန ဂမျတေ။ ။

## မညေစသည်ပါ မပါ ပရိကပ္ပနာအခွဲ

* မညေသင်္ကေစုဝံ နူနဣဝစသောသဒ္ဒါများ တိုက်ရိုက်ပါသော ကပ္ပနာကို ဝါစ္စပရိကပ္ပနာ၊ သဒ္ဒပရိကပ္ပနာ ဟုဆိုအပ်၏။

http://www.dhammadownload.com



ဌင်းသဒ္ဒါစု မပါရှိပဲ ဝါကျ၏ အစွမ်းအားဖြင့်သာ သိအပ်သော ပရိကပ္ပနာမျိုးကို ဂမ္ဘပရိကပ္ပနာ၊ ပတိယမာန ပရိကပ္ပနာ၊ အတ္ထပရိကပ္ပနာဟုဆိုအပ်၏။

## မြန်မာမှု၌ ပရိကပ္ပနာ ဇောတကများ

**ဆောင်။** ။ ဟန်-ယောင် တကား-တွေး-စဉ်းစားနှင့် ထင်မှား-ကြံစည်-သလော(မည်)စသည် ကပ္ပနာ ထွန်းပြရာ။

* * * * *

(၂၇၅) အာရမ္ဘသ ----------ပ---------- သမာဟိတံ။ ။

## ၁၅။ သမာဟိတအလင်္ကာအစီပွါယ်

ရန်သူကို အောင်နိုင်ခြင်းစသော အကျိုးတစ်စုံတစ်ရာကို ပြုလုပ်ရန် အားထုတ်နေသော ပုဂ္ဂိုလ်မှာ ထိုအကျိုးပြီးစေဘို့ အရေး၌ ကျေးဇူးများသော အခြားအကြောင်းတစ်မျိုးကိုထပ်၍ရခြင်းကို သမာဟိတအလင်္ကာဟု ခေါ်ပါသည်။

* * * * *

(၂၇၆) မာရာရိဘင်္ဂ ----------ပ---------- မုပကာရိကာ။ ။

## ဉာဏ်ဂါထာ သမာဟိတအလင်္ကာမြောက်ပုံ

ဉာဏ်ဂါထာ၌ ရန်သူမာန်နတ်ကိုနှိမ်နင်းခြင်းသည် ဘုရားရှင်၏ အားထုတ်အပ်သောကိစ္စတည်း၊ ထိုကိစ္စကို ပြုတော် မူအပ်သော ဘုရားရှင်အား ရှေးဘုန်းကံကြောင့် မဟာပထဝီမြေကြီးသည် ပြင်းထန်စွာ မြည်ဟီးလျက် ကျေးဇူးပြုကာ ကူညီလာရလေသည်။ ဉာဏ်သို့ ရန်သူမာရ်နတ်ကို နှိမ်နင်းရေး၌ မြေကြီး၏ ကျယ်စွာမြည်ဟီးခြင်းတည်းဟူသော ကျေးဇူး များသောအကြောင်းတစ်မျိုးကို ထပ်၍ရပုံကို ပြသောကြောင့် သမာဟိတအလင်္ကာဂုဏ်မြောက်ပါသည်။

* * * * *

http://www.dhammadownload.com



(၂၇၇) အဝတ္တာဘိ ------ပ------သုစိဗုဒ္ဓယော။ ။

## ၁၆။ ပရိယာယဝုတ္တိအလင်္ကာအစိပ္ပါယ်

မိမိအလိုရှိအပ်သော အနက်သဘောကို တိုက်ရိုက်မပြောဆိုပဲ ထိုကိစ္စပြီးစီးအောင်မြင်ရန် အတွက် သွယ်ဝိုက်၍ ပြောဆိုခြင်းသည် ပရိယာယဝုတ္တိအလင်္ကာမည်၏။

**ဆောင်။** ။ လိုအပ်သဘော သွယ်ဝိုက်ပြော မှတ်လော ပရိယာ။

* * * * *

(၂၇၈) ဝိဝင္ဂဂံဏာ ----------ပ---------- ယဒိစ္ဆသိ။ ။

## ဤဂါထာ ပရိယာယဝုတ္တိအလင်္ကာမြောက်ပုံ

ဤဂါထာ၌ ဥစ္စာကိုခိုးစေခြင်းသည် အလိုရှိအပ်သော အနက်အကြောင်းအရာတည်း၊ ထိုသို့ ခိုးစေလိုသော်လည်း ခိုးချေလော့ဟု တိုက်ရိုက်မပြော၊ အကာအရံမရှိ၍ အလွယ်တကူ သွားလာနိုင်သော မည်သည့်နေရာမှာ ဥစ္စာတွေထားသည်၊ အစောင့်အရှောက်လည်းမရှိ၊ ဥစ္စာကို လိုချင်လျှင် အလိုရှိတိုင်းသွားပါလားဟု ခိုးစေခြင်းကို သွယ်ဝိုက်၍ ပြောဆိုသောကြောင့် ပရိယာယဝုတ္တိအလင်္ကာဂုဏ်မြောက်ပါသည်။

## အခြားပုံစံအချို့

* အဆွေ့၌မှာ သက်တစ်ရာလျှင် မနာမဖျား မြင်းလိုပြေး၏။
* အနှစ်တစ်ရာ အနာကင်းစွာ သင့်ချမ်းသာကို မြင်ရပါလို ငါဆုဆို၏။
* သားရွှေအိုး ထမ်းလာတာ ငါတို့မြင်ချင်ပါတယ်။
* မိုးခေါင်ခေါင် ငါ့ရောင် ဘယ်သူဆွဲပါ့မယ်။

## ပရိယာယဝုတ္တိ၏ လွတ်ရာဒေါသနှင့် မြောက်ရာဂုဏ်

* ဤအလင်္ကာသည် နေယျဒေါသ ဗျာကိဏ္ဏဒေါသတို့မှ လွတ်၍ အတ္တဗျတ္တိဂုဏ်မြောက် ပါသည်။

* * * * *

http://www.dhammadownload.com



(၂၇၉) ထုတိ ကရောတိ ----------ပ---------- သန္တိဝိ မတြဟိ။

## ၁၇။ ဗျာဇဝဏ္ဏနာ အလင်္ကာအဓိပ္ပါယ်

သိလေသသဘောပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းခြင်း (ချီးမွမ်းယောင်ပြု၍ ကဲ့ရဲ့ခြင်း)သည် ဗျာဇဝဏ္ဏနာအလင်္ကာမည်၏။

ဆောင်။ ။*ကဲ့ရဲ့ယောင်ပြု ချီးမွမ်းမှုနှစ်ခုအနက်လာ။ } ဋီသစ်
မြဲသိလေသ မှိဖြစ်ရ ဗျာဇဝဏ္ဏနာ၊
* တစ်ချို့ဌာန မမှိကြ ဖြစ်ရသေးသည်သာ။ (ဆရာများ)

## ဗျာဇဝဏ္ဏနနာ ပုံစံအချို့

- ဤရဟန်းသည် လောကရေးရာကိုနားမလည်၊ စာမှုကားတော်တော်ရှိ၏။ (ဤကား- ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းခြင်းတည်း။)
- ဤရဟန်းသည် စာပေကျမ်းဂန်ကိုထောက်လျှင် ရွှေကျောင်းနှင့်တော်၏။ အကျင့်သီလကို ထောက်လျှင် မြက်ကျောင်း နှင့်မျှမတော်။
- ဤရဟန်းသည် ရုပ်ပုံသဏ္ဍာန်ကိုကြည့်လျှင် နှစ်သက်ဘွယ်ကောင်း၏။ အကျင့်သီလကို သိလျှင် ရွံစဖွယ်ကောင်း၏။
(ဤသည်တို့ကား- ချီးမွမ်းယောင်ပြု၍ ကဲ့ရဲ့ခြင်းတို့တည်း။)

* * * * *

(၂၈၀) သဉ္ဇာလေတု ----------ပ---------- ဝဒါမ ကိံ။ ။

## ဤဂါထာ၌ဗျာဇဝဏ္ဏနာအလင်္ကာဖြစ်ပုံ

(ဤဂါထာ၌ ကုဝလယသည် သိလေသအားဖြင့် ကြာတော မြေအဝှန်းဟူသော အနက်နှစ်ခုကိုဟော၏။)

ထိုတွင် ကြာတောကို လှုပ်စေနိုင်သည်ဟူသော စကားဖြင့် ကဲ့ရဲ့သကဲ့သို့ဖြစ်၏။ မြေအဝှန်းကိုလှုပ်စေသည်ဟူသော စကားဖြင့် ချီးမွမ်း၏။ ထိုသို့ ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းသောကြောင့် ဗျာဇဝဏ္ဏနာအလင်္ကာဖြစ်ပါသည်။

* * * * *

http://www.dhammadownload.com



(၂၈၁) ဝိသေသိစ္ဆာယံ ----------ပ---------- နာမ ယံ ဘဝေ။ ။

## ၁၈။ ဝိသေသဝုတ္တိ အလင်္ကာအဓိပ္ပါယ်

လောကဥ္စရသင့်သော အကူအညီကိုမရရှိပဲ တစ်ယောက်တည်းဖြင့် အကျိုးပြီးအောင် ဆောင်ရွက်နိုင်သူကို ထူးခြား သော စွမ်းရည်သတ္တိရှိသူဟု ခေါ်ရသကဲ့သို့၊ ထို့အတူ ဒြဗ်စသော အကူအညီမပါပဲ ဆိုင်ရာကျိုးပြီးအောင် ဆောင်ရွက်နိုင် သည့် သတ္တိထူးကို ဖော်ပြသောအလင်္ကာကို ဝိသေသဝုတ္တိအလင်္ကာဟု ခေါ်ပါသည်။

## ဝိသေသဝုတ္တိအလင်္ကာအပြား (၄)ပါး

၁။ ဒြဗ်ချို့တဲ့ပုံကိုပြလျက် တစ်စုံတစ်ခုအထူးကိုပြဆိုသော ဒဗ္ဗဝိသေသဝုတ္တိအလင်္ကာ။
၂။ ကြိယာချို့တဲ့------ပ------ ကြိယာဝိသေသဝုတ္တိအလင်္ကာ။
၃။ ဇာတ်ချို့တဲ့------ပ------ ဇာတိဝိသေသဝုတ္တိအလင်္ကာ။
၄။ ဂုဏ်ချို့တဲ့------ပ------ ဂုဏဝိသေသဝုတ္တိအလင်္ကာ။

**ဆောင်။** ။ ထူးဆိုလိုလတ် ဒြဗ်ကြိယာ ဇာတ်ဂုဏာ၏ ကင်းကွာယွင်းသွေပြဆိုလေ ဝိသေဝုတ္တိသာ။

* * * * *

(၂၈၃) န ဗဒ္ဓါ ----------ပ---------- ဝရော သယံ။ ။

## ကြိယာဝိသေသဝုတ္တိအလင်္ကာပုံစံတစ်မျိုးနှင့်အကြောင်းပြ

* မိုးချုပ်လို့ တုတ်မဆောင်၊ ပျို့တို့မောင်ကြောက်ပါရိုးလား၊
မင်းတို့မောင် ညာလက်ညှိုး ဆေးကြောင့်တန်ခိုး။

ဤပုံစံကဗျာ၌ ညာလက်ညှိုးဆေးတန်ခိုးတည်းဟူသော အထူးကိုပြလို၍ တုတ်မဆောင် ဟူသော ကြိယာချို့တဲ့ သည်ကို ပြသောကြောင့် ကြိယာဝိသေသဝုတ္တိအလင်္ကာဖြစ်ပါသည်။

**အမှာ။** ။ ၂၈၄-၂၈၅နံပါတ်ဂါထာများ နည်းမှ်သိပါ။ နောက်ဂါထာများ သိသာထင်ရှားလျှင် (ကျယ်အံ့ထင်၍) မရေးတော့ပြီ။

* * * * *

http://www.dhammadownload.com



(၂၈၆) ဒသိယတေ ----------ပ---------- ရူပ္ပကာလင်္ကာရမိဒိသံ။ ။

## ၁၉။ ရူပ္ပကာလင်္ကာရအလင်္ကာအစိပ္ပါယ်

အလွန်အကဲ ရဲစွမ်းသတ္တိလုံ့လဝီရိယရှိကြောင်းကို ပြဆိုရာအလင်္ကာကို ရူပ္ပကာလင်္ကာရဟု ခေါ်ပါသည်။

**ဆောင်။** ။ ရဲရင့်ကြီးစား ဂုဏ်အများကို ပြထား အလွန် ကြီးဝါးဟန် မှတ်ရန် ရူပ္ပကာလင်္ကာရ။

## ဤမှတစ်ပါး အခြားသော ရူပ္ပကာလင်္ကာရ

တကယ်မကြီးဝါးသော်လည်း ကြီးဝါးသကဲ့သို့ဖြစ်သော ရဲရင့်သောအမူအရာကိုလည်း ရူပ္ပကာလင်္ကာရဟုပင် ခေါ်ရသည်။

* * * * *

(၂၈၇) ဒမေ နန္ဒောပနန္ဒသ ----------ပ---------- တာဒိသော။

## ရူပ္ပကာလင်္ကာရ အလင်္ကာမြောက်ပုံ

ဤဂါထာ၌ ဈာန်စိတ်ကို လေ့လာခြင်းရှိသူ၏ အဖြစ်ဖြင့် ရဲရင့်ခြင်း၊ အားထုတ်ခြင်းဂုဏ်ကို ပြရန် နန္ဒောပနန္ဒ နဂါးမင်းကို ငါဘုရားကိုယ်တော်တိုင်မဆိုထားနှင့် မောဂ္ဂလာန်စသော ငါ့သားတော်များပင် မဆုံးမလောက်ဟု တကယ် မကြီးဝါးသော်လည်း တကယ်ကြီးဝါးမြွက်ဆိုသကဲ့သို့ စကားမျိုးဖြစ်သောကြောင့် ရူပ္ပကာလင်္ကာရအလင်္ကာမြောက်ပါသည်။

## ရူပ္ပကာလင်္ကာရအလင်္ကာလွတ်ရာဒေါသနှင့် မြောက်ရာဂုဏ်

ဤရူပ္ပကာလင်္ကာရ အလင်္ကာသည် ဩစိတျဟိန ဒေါသမှလွတ်၍ ဩစိတျဂုဏ်ကန္တိဂုဏ် မြောက်ပါသည်။

## ရူပ္ပကာလင်္ကာရ ပုံစံတစ်မျိုး

* ဟတ္ထိခန္ဓဥ္စ အာရုယှ၊ အာရောပေတွာ ပဘာဝတိံ။
သင်္ဂါမံ ဩတရိတွာန၊ သီဟနာဒံ နဒီကုသော။ (သတ္တတိနိပါတ်)

* * * * *

http://www.dhammadownload.com



(၂၈၈) သိလေသော -----------ပ----------- တေတာယမိရိတော။ ။

## ၂၀။ သိလေသအလင်္ကာအဓိပ္ပါယ်

အနက်တစ်ခုကို ဟောခိုက် အခြားအနက်ကလည်း ငြိကပ်၍ ပါနေရာ ဖြစ်သောစကား (သဒ္ဒါ)သည် သိလေသအလင်္ကာမည်၏။

(တစ်ပါးမက များပြားသောအနက်ရှိသော တစ်ခုသောပုဒ်နှင့် ယှဉ်သော သဒ္ဒါသည် သိလေသအလင်္ကာမည်၏။)

ဆောင်။ ။ အနက်တစ်ပါး ဟောခိုက်ငြားဝယ် အခြားအနက် ကပ်လျက်ပြရာ ထိုသဒ္ဒါ မှတ်ပါသိလေသ။

### သိလေသအလင်္ကာအပြား (၃)ပါး

၁။ ဝိဘတ္တိလ်ဝါကျအရာ၌ တူမျှသော ပုဒ်ရှိသော အဘိန္နပဒဝါကျသိလေသ။

၂။ ဝိဘတ္တိလ်ဝါကျအရာ၌ ကွဲပြားသောပုဒ်ရှိသော ဘိန္နပဒဝါကျသိလေသ။

၃။ ဝိဘတ္တိလ်ဝါကျအရာ၌ ကွဲပြား/မကွဲပြားသော ပုဒ်ရှိသော ဘိန္နာဘိန္နပဒ ဝါကျသိလေသ။

တစ်နည်း။ ။ သိလေသအပြား(၈)ပါးကို ၂၉၂-၂၉၃-ဂါထာတို့အတိုင်းသိပါ။

* * * * *

(၂၈၉) အန္ဓတမဟရော -----------ပ----------- ဗောဓယံ နေ။ ။

### အဘိန္နပဒဝါကျသိလေသအလင်္ကာမည်ပုံ

* မဟန္တော + ဥဒယော မဟောဒယော။

* မဟန္တော-ကြီးကျယ်သော၊ ဥဒယော-နေထွက်ရာဥဒည်တောင်၊ မဟောဒယော-ကြီးကျယ်သော နေထွက်ရာဥဒည် တောင်။ (ဥပမာန-နေနှင့်ဆိုင်သောအနက်)

* မဟန္တော-ကြီးကျယ်သော၊ ဥဒယော + တိုးပွားခြင်း၊

မဟောဒယော-ကြီးကျယ်သောတိုးပွားခြင်း။ (ဥပမေယျ-ဘုရားနှင့်ဆိုင်သောအနက်)

ဤပုံစံ၌ပါရှိသော ပုဒ်တို့သည် အနက်ကွဲပြားလျက် ဥပမာနဖြစ်သောနေ, ဥပမေယျဖြစ်သော ဘုရားတို့၌ ငြိကပ်ထိစပ်တတ်သော သဘောရှိသောကြောင့် သိလေသမည်၏။ ဝိဘတ္တိလ်ဝါကျ အခိုက်အတန့်၌ တူမျှသော ပုဒ်ရှိသော ကြောင့် အဘိန္န ပဒဝါကျလည်း မည်၏။ ထိုနှစ်ခုကိုပေါင်း၍ အဘိန္နပဒဝါကျသိလေသဟုခေါ်သည်။

အမှာ။ ။ ၂၉၀-၂၉၁-နံပါတ်ဂါထာများ အနက်ကြည့်၍ သိပါ။

http://www.dhammadownload.com



## (၂၉၂–၂၉၃) + ဝိရုဒ္ဓ ------------ပ------------ ဘဝိသတိ)
## ဤနှစ်ဂါထာတို့ဖြင့် တစ်မျိုးတစ်ဖုံအားဖြင့် သိစေသော
## သိလေသအလင်္ကာ အပြား(၈)ပါး။

၁။ ဆန့်ကျင်သော ကြိယာပါရှိသော ဝိရုဒ္ဓကမ္မ သိလေသ။

၂။ မဆန့်ကျင်သော ကြိယာပါရှိသော အဝိရုဒ္ဓကမ္မ သိလေသ။

၃။ မပြားသော ကြိယာပါရှိသော အဘိန္နကမ္မ သိလေသ။

၄။ အဝဓာရဏနိယမ ဝေ(သာလျှင်) သဒ္ဒါပါရှိသော နိယမဝန္တသိလေသ။

၅။ အဝဓာရဏနိယမ ဝေ(သာလျှင်) သဒ္ဒါကိုပယ်သော သဒ္ဒါပါရှိသော နိယမကွေ ပဝစန သိလေသ။

၆။ ဆန့်ကျင်သော အနက်မရှိသော– အဝိရောဓိ သိလေသ။

၇။ ဆန့်ကျင်သော အနက်ရှိသော– ဝိရောဓိ သိလေသ။

၈။ အသင့်ယုတ္တိကို တိုးပွားစေတတ်သောပုဒ် စသည်ဖြစ်သော ဩစိတျသမ္ဘော သကပဒ သိလေသ။ အားဖြင့် ပေါင်း (၈)ပါး။

ဆောင်။ ။ဆန့်ကျင်ကိရိ မဆန့်ဘိနှင့် ကိရိမပြား ပါဩသာလျှင်, သာလျှင် ပယ်ဟန့်, နက်မဆန် နှင့်, နက်ဆန့်ကျင်ဘိ ယုတ္တိပွားစေ ဤရှစ်ထွေ ပြား လေသိလေသာ တစ်နည်းလာ။

မှတ်ချက်။ ။ယခင် သိလေသ သုံးပါးနှင့်ပေါင်းလျှင် (၁၁)ပါး ဖြစ်၏။

## ဤဂါထာ ကမ္မအရ–စသည်

* ကမ္မာဒ္ဒ ကမ္မအရ – ကြိယာကို ယူရပါသည်။
* ပဇ္ဇာဒိဒ္ဒ– အာဒိဖြင့် ဩစိတျ သမ္ဘောသက ဝါကျကို ယူရပါသည်။
* သမ္ဘောသကာဒိဒ္ဒ– အာဒိဖြင့် သိလေသောပမာ စသည်ကို ယူရပါသည်။
* အာဒိသဒ္ဒါ၏ အာဒိဝန်ကား– ဥပမာသိလေသ စသည်ကို ယူရပါသည်။

* * * * *

http://www.dhammadownload.com



(၂၉၄) သဝဲသေ ----------ပ---------- ဝိဇမ္ဘတေ။

## ဝိရုဒ္ဓကမ္မသိလေသအလင်္ကာ အဓိပ္ပာယ်

* ဆန့်ကျင်သော ကြိယာရှိသော သိလေသအလင်္ကာသည် ဝိရုဒ္ဓကမ္မသိလေသ အလင်္ကာ မည်ပါသည်။

## ဤဂါထာပုံစံ၌ ဝိရုဒ္ဓကမ္မသိလေသ အလင်္ကာမည်ပုံ

ဤပုံစံ၌ ပရာဘဝတိကြိယာ၊ ဝိဇမ္ဘတေကြိယာတို့၏ ဆန့်ကျင်ခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကလ္လ ဝိဂ္ဂဟောပုဒ်၌ အနက်နှစ်ထပ်ပေးရသောကြောင့်လည်းကောင်း ဝိရုဒ္ဓကမ္မ သိလေသအလင်္ကာ မည်ပါသည်။

## အခြားပုံစံတစ်မျိုးနှင့် အကြောင်းပြ

* မယ်ကညာ ချစ်သမီးကြောင့် သစ်သီးကိုရှာ စိတ်မငြိမ် မယ်ဣတ္ထိ မာတုကြောင့် စာရှု မကောင်း။

ဤအလင်္ကာ၌ သစ်သီးကိုရှာဟူသော ကြိယာ၊ စာရှုမကောင်းဟူသော ကြိယာနှစ်ခုတို့၏ ဆန့်ကျင်ခြင်းရှိသော ကြောင့် ဝိရုဒ္ဓကမ္မသိလေသအလင်္ကာ မည်၏။

● ● ● ● ●

(၂၉၇) ကေသက္ကိနံ ----------ပ---------- တိရစ္ဆတာ။

## နိယမဝန္တသိလေသအလင်္ကာ မည်ပုံ

ကေသက္ကိနံ– စသောပုဒ်တို့၌ နိယမဟုဆိုအပ်သော ပိုင်းခြားခြင်း ဝေ(သာလျှင်) သဒ္ဒါပါရှိသောကြောင့်လည်းကောင်း၊ ကဏ္ဍကဏ္ဍ– စသော ပုဒ်တို့၌ အနက်နှစ်ထပ် ငြိကပ်နေသောကြောင့်လည်းကောင်း နိယမဝန္တသိလေသ အလင်္ကာ မည်ပါသည်။ ။

http://www.dhammadownload.com



(၃၀၂) ဂုဏယုတ္တေဟိ ----------ပ---------- တုလျယောဂိတာ

## ၂၁။ တုလျယောဂိတာအလင်္ကာအဓိပ္ပာယ်

ချီးမွမ်းလိုသောကြောင့်ဖြစ်စေ၊ ကဲ့ရဲ့လိုသောကြောင့်ဖြစ်စေ ဝတ္ထု နှစ်ခုသုံးခု စသည်ကို ဂုဏ်တူထား၍ တစ်စုံ တစ်ယောက်သောသူ၏ ဂုဏ်ကို ပြောဆိုခြင်း၊ အပြစ်ကို ပြောဆိုခြင်း နှစ်ပါးလုံးသည်ပင် တုလျယောဂိတာအလင်္ကာ မည်ပါသည်။ ။

တစ်နည်း။ ။ ကောင်းသောဂုဏ်၊ မကောင်းသောဂုဏ် ရှိသော ဝတ္ထုတို့နှင့် တန်းတူညီမျှမှုပြု၍ တစ်စုံတစ်ယောက်ကို ချီးမွမ်းပြောဆိုခြင်းသည် တုလျယောဂိတာအလင်္ကာ မည်ပါသည်။ ။

ဆောင်။ ။ ချီးမွမ်းလိုခဲ့ ကဲ့ရဲ့လိုလတ် အကြောင်းရပ်ကြောင့် ဝတ္ထုနှစ်ပါး ဂုဏ်တူထား ဆိုငြားတုလျယောဂိတာ။

### ခွဲသင့်သော တုလျယောဂိတာအလင်္ကာ (၂)မျိုး

၁။ ကောင်းသောဂုဏ်ကိုပြဆိုသော တုလျယောဂိတာ။
၂။ အပြစ်ကိုပြဆိုသော တုလျယောဂိတာ။ ပေါင်းနှစ်မျိုး။

* * * * *

(၃၀၃) သမ္ဗတ္တ ----------ပ---------- တမောနုဒေါ။

### တုလျယောဂိတာ အလင်္ကာဂုဏ်မြောက်ပုံ

ဤဂါထာ၌ နှစ်သက်မှုကိုပေးနိုင်ခြင်း၊ အရောင်အလင်းကိုပြုခြင်း၊ အမိုက်မှောင်ကို ပယ်ဖျက်နိုင်ခြင်းဟူသော ဂုဏ်နှင့်ယှဉ်သော နေနှင့်အတူထား၍ မြတ်စွာဘုရား၏ ဂုဏ်ကို ချီးမွမ်း ပြောဆိုသောကြောင့် တုလျယောဂိတာအလင်္ကာ ဂုဏ်မြောက်ပါသည်။

http://www.dhammadownload.com



## တုလျယောဂိတာ အလင်္ကာပုံစံအချို့

* အသီးတွင် သရက်၊ အရွက်တွင် လဘက်၊ အသားတွင် ဝက်။
* ပတ္တမြားငမောက်၊ ငါး ငါးသလောက်။
* ငါးမှာ ငါးသလောက်၊ မယားမှာ ဆံတောက်။
* ပြည်တွင် ဗာရာ၊ ပန်းမှာ မုလေး၊ အအေးသီတာ ရေမှာမိုးများ၊ ယောက်ျားတွင် ပေ,ပရမေ သူရာ၊ မိန်းမမှာကား ကညာပျိုစင်၊ သီးတွင် သရက်၊ သားတွင် ဝက်ဟူ၊ မြစ်မူ ဂင်္ဂါ ထူးမြတ်စွာသို့။
* အင်္ဂါကွန္တမြစ်မသမုဒ္ဒရာ ပြောလဟာနှင့် ကြီးစွာလောဘ မဟိစ္ဆအား ခမ်းနားပစ္စည်း အနည်းနည်းတိ၊ ပေါပြည်းဖြင်အေး နေ့တိုင်းပေးလည်း မြတ်လေးလွန်ကဲ ရောင့်ရဲစေဌာ မတတ်ရာ။
* ကုလားနှစ်ယောက် ကွေးကောက်လက်ခြေ၊ မျက်စိစွေစောင်း၊ အကြောင်းယွန်းသွေ၊ ခါးကိုင်းနားထိုင်း၊ ရိုင်းစိုင်း ဖြစ်ထွေ၊ ထိုနှစ်ယောက် ခွဲကောက်မပြီးပေ။ (နိန္ဒာတုလျ ယောဂိတာအလင်္ကာ)
* ရေမရှိကန်၊ ဆန်မဲ့စပါး၊ တရားမဲ့မင်း၊ ခိုးကင်းသည့်မီး ဤလေးသီးကား ချည်းနှီးမျှသာ လူတစ် ကျိုးမရှိဘူး။ ။

* * * * *

## (၃၀၄) အတ္တန္ဒရဲ .... ပ .... တဲ နိဒဿနံ။

## ၂၂။ နိဒဿနအလင်္ကာအဓိပ္ပာယ်

အကြောင်းတစ်ခုဖြင့် မူလအကျိုးတစ်ခုကို ပြပြီး၍ ထိုအကျိုးနှင့်တူသော အကျိုးတစ်ခုကို ဆက်လက်ပြဆိုသော အလင်္ကာသည် နိဒဿနအလင်္ကာမည်၏။

(တစ်ချက်ခုတ် နှစ်ချက်ပြတ် ဟူသကဲ့သို့ အကြောင်းတစ်ပါးဖြင့် အကျိုးနှစ်ပါးကို ပြီးစေသော အလင်္ကာဟူလို)

http://www.dhammadownload.com



## နိဒဿနအလင်္ကာအပြား (၂)ပါး

၁။ အလိုမရှိအပ်သော အကျိုးကို ဆက်ပြသော အသန္တဖလနိဒဿနအလင်္ကာ။

၂။ အလိုရှိအပ်သော အကျိုးကို ဆက်ပြအပ်သော သန္တဖလနိဒဿနအလင်္ကာ။

ဆောင်။ ။ တစ်ပါးအကျိုးပြီးကြောင်းမျိုးဖြင့် ကျိုးတူတစ်ခု ဆက်ပြမှု မှတ်ရှုနိဒဿနာ။ မလိုအကျိုး လိုအကျိုး နှစ်မျိုး ပြားသည်သာ။

* * * * *

(၁၀၅) ဥဒယာသမ်ဏန္တသ ----------ပ---------- ဒုရန္တတံ။

## ဤဂါထာအသန္တဖလ နိဒဿနအလင်္ကာမည်ပုံ

ဘုရားပွင့်တော်မူခြင်းသည် အကြောင်းမည်၏။ ထိုအကြောင်းကြောင့် မကောင်းမှုအကုသိုလ်တို့၏ ပျက်စီးခြင်း သည် မူလအကျိုးမည်၏။ ဘုရားမင်းနှင့် ဆန့်ကျင်သောသူတို့၏ ပျက်စီးခြင်းသည် ထိုမူလအကျိုးနှင့်တူသော အကျိုး မည်၏။ ထိုဆန့်ကျင်ဘက် ပုဂ္ဂိုလ်တို့၏ ပျက်စီးခြင်းအကျိုးသည် အလိုမရှိအပ်သော အကျိုးဖြစ်သောကြောင့် အသန္တဖလလည်းမည်၏။ ထိုသို့ အလိုမရှိအပ်သော အကျိုးကို ဆက်၍ပြဆိုအပ်သောကြောင့် အသန္တဖလ နိဒဿန အလင်္ကာမည်၏။

* * * * *

(၁၀၇) ဝိဘူတိယာ ----------ပ---------- တံ မဟန္တတ္တမိရိတံ။

## ၂၃။ မဟန္တတ္တအလင်္ကာ အဓိပ္ပာယ်

စည်းစိမ်ချမ်းသာ၏ ကြီးကျယ်ခမ်းနားပုံကိုလည်းကောင်း၊ အလိုဆန္ဒ (အဇ္ဈာသယ)၏ ကြီးမားမြင့်မြတ်ပုံကိုလည်းကောင်း ပြဆိုသောအလင်္ကာသည် မဟန္တတ္တအလင်္ကာ မည်၏။

ဆောင်။ ။ စည်းစိမ်ဆန္ဒ ကြီးကျယ်လှ ထုတ်ပြမဟန္တတ္တာ။

http://www.dhammadownload.com



## မဟတ္တတ္တအလင်္ကာ (၂)ပါး

၁။ စည်းစိမ်ဥစ္စာ၏ လွန်ကဲကြီးကျယ်ပုံကို ပြဆိုသော အလင်္ကာသည် ဝိဘူတိမဟတ္တတ္တ အလင်္ကာ မည်၏။

၂။ အလိုအစ္ဆျာသယဆန္ဒ၏ လွန်ကဲကြီးကျယ်ပုံကို ပြဆိုသော အလင်္ကာသည် အစ္ဆျာသယ မဟတ္တတ္တအလင်္ကာ မည်၏။

## သဘာဝ အတိသယ မဟတ္တတ္တအလင်္ကာ သုံးမျိုးအထူး

၁။ သာမန်ဖြစ်သော သဘောသဘာဝကို တန်ဆာဆင်၍ဆိုက သဘာဝဝုတ္တိအလင်္ကာ မည်၏။

၂။ ထိုထက်သာလွန်သော သဘောသဘာဝကို ပြဆိုက အတိသယဝုတ္တိအလင်္ကာ မည်၏။

၃။ အလွန်အကြူး အထူးအံ့ဖွယ်ကောင်းသော သဘောသဘာဝကို ပြဆိုက မဟတ္တတ္တ အလင်္ကာ မည်၏။

ဆောင်။ ၁။ သာမန်ဖြစ်သော သဘောကိုပင် တန်ဆာဆင်က သဘာဝတည်း၊
၂။ တိသယမှာ တို့ထက်သာ၏။
၃။ လွန်စွာ အထူးချီးကျူးသင့်လှ သဘာဝကို ပြဆိုပေတတ် မဟတ္တတ် ခွဲအပ် ဤသို့သာ။

* * * * *

(၃၁၀) ဂေါပေတ္ဗာ ----------ပ---------- ဝဋ္ဋနာ မတာ

## ၂၄။ ဝဋ္ဋနာအလင်္ကာအဓိပ္ပာယ်

ချီးမွမ်းလိုအပ်သော ဝတ္ထုကို မဖော်ပြဘဲ ဝှက်ထား၍ ထိုဝတ္ထု၏ အတူမဟုတ်သော (သို့မဟုတ်) အတူဖြစ်သော တစ်စုံတစ်ခုကို ဖော်ပြသောအားဖြင့် လှည့်စားကြောင်း အဖွဲ့အနွဲ့ကို ဝဋ္ဋနာအလင်္ကာဟု ခေါ်သည်။

ဆောင်။ ။ ချီးမွမ်းလိုကြား ဝတ္ထုများကို ဝှက်ထားမတူ ဝတ္ထုတူ ပြမူ ဝဋ္ဋနာ။

http://www.dhammadownload.com



## ဝဋ္ဋနာအလင်္ကာ အပြား (၂)ပါး

၁။ ချီးမွမ်းလိုသော ဝတ္ထုကို လျှို့ဝှက်ထား၍ ထိုချီးမွမ်းလိုသော ဝတ္ထုနှင့်မတူသော ဝတ္ထုကို ပြဆိုသော အသမဝဋ္ဋနာ အလင်္ကာ။

၂။ ချီးမွမ်းလိုသော ဝတ္ထုကို ဝှက်ထား၍ ထိုချီးမွမ်းလိုသော ဝတ္ထုနှင့်တူသော ဝတ္ထုကို ပြဆိုသော သမဝဋ္ဋနာအလင်္ကာ။

## သရူပေါပမာနှင့် ဝဋ္ဋနာအလင်္ကာအထူး

* သရူပေါပမာ၌ အတူကိုသာ ပတာနထား၍ ဆိုသည်။
* ဝဋ္ဋာနာအလင်္ကာ၌ကား ဝှက်၍ချီးမွမ်းခြင်းကို ပတာနထား၍ ဆိုသည်။

ဆောင်။ ။ အတူပတာနထားဆိုက သရူပဥပမာ။
ကွယ်ဝှက်မှုမျှ ပတာန ဟောကဝဋ္ဋနာ။

* * * * *

(၃၁၁) ပုရတော ———————ပ——————— ဒသဝလိတံ။

## အသမဝဋ္ဋနာအလင်္ကာမည်ပုံ

ဤ၌ ချီးမွမ်းလိုသော မာရ်နတ်ကို လျှို့ဝှက်ထား၍ မြားတစ်သောင်းဖြစ်သည်ဟု ထိုမာရ်နတ်နှင့်မတူသော မြားကို ပြဆိုသောကြောင့် အသမဝဋ္ဋနာအလင်္ကာ မည်ပါသည်။

* * * * *

(၃၁၃) ပရာနုဝတ္တနာ ———————ပ——————— အပ္ပကတတ္တုတိ။

## ၂၅။ အပ္ပကတတ္တုတိအလင်္ကာ အဓိပ္ပာယ်

သူတစ်ပါး၏ အလိုသို့ လိုက်ပါရခြင်း စသော တစ်စုံတရာကြောင့် ငြီးငွေ့စိတ်ပျက်နေသော သူတစ်ဦးတစ်ယောက်သည် မိမိကိုယ်တိုင် မလုပ်နိုင်သော တစ်စုံတစ်ခုသောအရာ၌ စိတ်ဖြင့် ရှာဖွေကြံဆလျက် ချီးမွမ်းမှုကို ပြုခြင်းသည် အပ္ပက တတ္တုတိအလင်္ကာ မည်၏။

http://www.dhammadownload.com



ဆောင်။ ။ မလှုပ်နိုင် ကင်းကွာ စုံတစ်ရာဝယ် ဖွေရှာကြံဆ ချီးမွမ်းက အပ္ပကတာထုတိသာ။

* * * * *

(၃၁၅) ဥတ္တရံဥတ္တရံ ----------ပ---------- နိသေဝတော။

## ၂၆။ ကောဝဠိအလင်္ကာ အဓိပ္ပာယ်

နောက်နောက်၌နေသော ပုဒ်သည် ရှေ့ရှေ့၌နေသော ပုဒ်၏ ဂုဏ်ထူးပြ ဝိသေသနဖြစ်ခြင်းသည်ပင် ကောဝဠိအလင်္ကာ မည်၏။

ဆောင်။ ။ * နောက်နောက်ပဒေ ရှေ့ပုဒ်နေ၏ ဝိသေသန ဖြစ်တုံက ကောဝဠိသာ၊
* စီရင်မြစ်တား နှစ်ပါးပြား မှတ်သား ကြလေရာ။

### ကောဝဠိအလင်္ကာ အပြား (၂)ပြား

၁။ အမြစ်အတား (ပဋိသေဓ) မပါဘဲ နောက်နောက်ပုဒ်ကို ရှေ့ရှေ့ပုဒ်၏ ဂုဏ်ပြ ဝိသေသန အဖြစ်ဖြင့်သာ စီရင်သော ဝိဓိကောဝဠိအလင်္ကာ။

၂။ မြစ်တားမှု (ပဋိသေဓ) ကို ပြုလျက် နောက်နောက်ပုဒ်သည် ရှေ့ရှေ့ပုဒ်၏ ဂုဏ်ထူးပြ ဝိသေသနဖြစ်သော နိသေဓ ကောဝဠိအလင်္ကာ။

(၃၁၆) ပါဒါ နခါဠိ ----------ပ---------- သောဘန္တိသတ္တုနော

### ဝိဓိကောဝဠိအလင်္ကာမည်ပုံ

တမောပဟာ နေကရသာ– ဟူသော နောက်ပုဒ်သည် ရံသိ ဟူသော ရှေ့ပုဒ်၏ ဝိသေသန ဖြစ်၏။ ရံသိသုဘာ ဟူသော ပုဒ်သည် နခါဠိဟူသော ရှေ့ပုဒ်၏ ဝိသေသနဖြစ်၏။ နခါဠိရုစိရာ ဟူသော နောက်ပုဒ်သည် ပါဒါ၏ ဝိသေသန ဖြစ်၏။ ဤသို့ ပဋိသေဓ မပါဘဲ နောက်နောက်ပုဒ်ကို ရှေ့ရှေ့ပုဒ်၏ ဂုဏ်ပြဝိသေသနအဖြစ်ဖြင့် စီရင်သောကြောင့် ဝိဓိ ကောဝဠိအလင်္ကာ မည်၏။

http://www.dhammadownload.com



(၃၁၈) ယဟိ ဘူသိယ ----------ပ---------- အညမညဝိဘူသနံ

## ၂၇။ အညမည ဝိဘူသန အဓိပ္ပာယ်

အရာဝတ္ထုနှစ်မျိုးတို့၏ အပြန်အလှန် ဆန်ဆာဆင်ယင်အပ် တန်ဆာဆင်တတ်သည်၏ အဖြစ်ကိုပြရာ အလင်္ကာ သည် အညမညဝိဘူသနအလင်္ကာ မည်၏။

ဆောင်။ ။ ဝတ္ထုနှစ်သင်း တူမှုကင်းလည်း အချင်းချင်းလျှင် တန်ဆာဆင် မည့်တွင် အညမညပါ။

* * * * *

(၃၁၉) ဗျာမံ သုမဏ္ဍလံ ----------ပ---------- တာဒိသိ

## အညမညဝိဘူသနအလင်္ကာ တန်ဆာဆင်ပုံအချို့

(က) ရေအိုင်သည် ပဒုမ္မာကြာတို့ဖြင့် တင့်တယ်၏။
ပဒုမ္မာကြာတို့သည်လည်း ရေအိုင်ဖြင့်ပင် တင့်တယ်၏။

(ခ) စာချဆရာသည် စာသင်သားတို့ဖြင့် ကြီးပွားတင့်တယ်၏။
စာသင်သားတို့လည်း စာချဆရာဖြင့်ပင် ကြီးပွားတင့်တယ်ကြရပေ၏။

* * * * *

(၃၂၀) ကထနံ ----------ပ---------- တဒ္ဒဒါဟရဏံယထာ

## ၂၈။ သဟာဝုတ္တိအလင်္ကာ အဓိပ္ပာယ်

အရာဝတ္ထုနှစ်ခုတို့၏ ကြိယာ (သို့မဟုတ်) ဂုဏ်၏ အတူတကွဖြစ်ပုံကို ပြဆိုသော အဖွဲ့အနွဲ့သည် သဟာဝုတ္တိ အလင်္ကာ မည်၏။

ဆောင်။ ။ ကြိယာချင်း ဂုဏ်ချင်းတူကွ ဆိုတုံက သဟာဝုတ္တိသာ။

http://www.dhammadownload.com



## သဟဝုတ္တိအလင်္ကာအပြား (၂)ပါး

၁။ ကြိယာတို့ အတူတကွဖြစ်ခြင်းကို ပြဆိုသောကြိယာ သဟဝုတ္တိအလင်္ကာ။

၂။ ဂုဏ်တို့ အတူတကွဖြစ်ခြင်းကို ပြဆိုသောဂုဏ သဟဝုတ္တိအလင်္ကာ။

* * * * *

(၃၂၃) ဝိရောဓိနံ ----------ပ---- ------ ဝိရောဓိတာ။

## ၂၉။ ဝိရောဓိတအလင်္ကာ အဓိပ္ပာယ်

ချီးမွမ်းလိုအပ်သော ဝတ္ထု၏ လွန်ကဲသည်၏ အဖြစ်ကိုပြခြင်းငှာ ဆန့်ကျင်ဘက်ဖြစ်ကြသော ဂုဏ်ကြိယာ စသောပုဒ်အနက်တို့၏ ရောစပ်ခြင်းကိုပြဆိုသော အလင်္ကာသည် ဝိရောဓိတာအလင်္ကာ မည်၏။

ဆောင်။ ။ လွန်သည့် ဂုဏ်အင်ပြဆိုချင်၍ ဆန့်ကျင်သဘော ပုဒ်နက်ရော– ဝိရောဓိတာ အလင်္ကာ။

* * * * *

(၃၂၄) ဂုဏာသဘာဝ ----------ပ---------- မာနသံ

## ဝိရောဓိတာအလင်္ကာ ပုံစံအချို့

* သူ့ကို ချီးမြှောက် ကိုယ့်ဂုဏ်မြှောက်၏။ ယွင်းဖောက်အလိုဝ (ဝန်) မတိုနှင့်၊ သူ့ကို ဂုဏ်နှိမ့် ကိုယ့်ဂုဏ်နိမ့်၏။ စည်းစိမ့်အရာ သူ့ချမ်းသာ၌ ဣဿာမပွါ ဝမ်းမြောက်ရှလော့။ (မဃ)

* ဟသ်ာမင်းတို့ တွန်ကျူးသံသည် ချစ်နှစ်သက်ခြင်းကို တိုးပွားစေ၏။ ဥဒေါင်းတို့တွန်သံသည် လွန်လွန်မင်းမင်း နှစ်သက်ခြင်းကို ကုန်ခမ်းစေ၏။

* * * * *

http://www.dhammadownload.com



(၃၂၅) ယသသကသသစ ----------ပ----------- သာ မတာ။

## ၃၀။ ပရိဝုတ္တိအလင်္ကာ အဓိပ္ပာယ်

တစ်စုံတစ်ခုသော ဝတ္ထုကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား ပေးခြင်းကြောင့် ထူးကဲသာလွန်သော (အကျိုးဖြစ်သော) ဝတ္ထုကို လဲလှယ်၍ယူခြင်းသည် ပရိဝုတ္တိအလင်္ကာ မည်၏။

ဆောင်။ ။ တစ်စုံတစ်ခု ပေးလှူမှုဖြင့် ဝတ္ထုထူးရှိ ယူတုံဘိ ပရိဝုတ္တိသာ။

* * * * *

(၃၂၆) ပုရာပရေသံ -----------ပ----------- သမ္ဗုဒ္ဓတာ သိရီ။

## ဤဂါထာ ပရိဝုတ္တိအလင်္ကာဂုဏ်မြောက်ပုံ

ဤဂါထာ၌ မျက်လုံး စသော လှူဖွယ်ဝတ္ထုကိုပေး၍ ထူးကဲမွန်မြတ်သော သမ္ဗုဒ္ဓတဉာဏ်အသရေတော်ကို ယူခြင်း ကြောင့် ပရိဝုတ္တိအလင်္ကာဂုဏ် မြောက်ပါသည်။

### ပရိဝုတ္တိအလင်္ကာပုံစံအချို့

- ရိုက်နှက်ပုတ်ခတ်ခြင်းကိုပေးလျက် သူတစ်ပါးတို့ကြာမြင့်စွာ စုဆောင်းထားသော ပစ္စည်းဥစ္စာကို ယူလေပြီ။
- ဆွေးမြေ့ပူပန်မှုသဘောရှိသော ခန္ဓာကိုယ်တည်းဟူသော ပစ္စည်းဖြင့် ဆွေးမြေ့ပူပန်ခြင်းမရှိသော နိဗ္ဗာန်ကို အရယူပြီ။
- ဆန်ပေးမှ ဆီရ၊ သမီးပေးမှ သမက်ရ၊ ရော့– ပတ္တမြား ရော့– နဂါး။

* * * * *

http://www.dhammadownload.com



(၃၂၇) ကိဥ္စိဒိဿာန ----------ပ---------- ဘမော မတော။

## ၃၁။ ဘမအလင်္ကာအဓိပ္ပာယ်

မိမိ ရှေးက သိဘူးတွေ့မြင်ဘူးသော ဝတ္ထုနှင့် ရုပ်သွင်သဏ္ဍာန်တူသော တစ်စုံတစ်ခုသော ဝတ္ထုကို တွေ့မြင်သောအခါ မိမိ ရှေးက သိဘူးတွေ့မြင်ဘူးသော ဝတ္ထုဟု တကယ်ပင် မှတ်ထင်ခြင်း အထင်လွဲခြင်းသည် ဘမအလင်္ကာ မည်၏။

ဆောင်။ ။ သိဘူး ရှေးက ဝတ္ထုမျှနှင့် တူလှ ရုပ်သွင် ဝတ္ထုမြင်သော် ထိုပင်မှတ်ကြ ထင်လွဲက ဘမအလင်္ကာ။

ဘမအလင်္ကာကို လိုရင်းမှတ်ရန်။ ။ အထင်လွဲမှုမှန်သမျှကို ဘမအလင်္ကာဟု ခေါ်နိုင်၏။

### ဘမအလင်္ကာ ပုံစံအချို့

* ငှက်မသိက ဆက်ရက်ချိုးထင်။
* အချက်မသိက သားမက် သူခိုးထင်။
* အဆက်မသိက လက်အကျိုးထင်။

* * * * *

(၃၂၈) ပဝုဇ္ဇတေ ယံ ----------ပ---------- နာမာယမိရိတော။

## ၃၂။ ဘာဝအလင်္ကာအဓိပ္ပာယ်

ဝတ္ထုတစ်ပါး၏ သဘာဝဓမ္မကို တားမြစ်၍ဖြစ်စေ၊ မတားမြစ်မူ၍ဖြစ်စေ ပညာရှိတို့၏ အလိုသဘောဆန္ဒကို ထင်စွာ ပြဆိုသော အလင်္ကာသည် ဘာဝအလင်္ကာ မည်၏။

ဆောင်။ ။ ကဝိဆန္ဒ ထင်စွာပြ ဘာဝအလင်္ကာ။

http://www.dhammadownload.com



## ဘာဝမည်ပုံ မုချ–ဒွာနျူ

ပညာရှိတို့၏ အလိုကို ပြတတ်သောစကားသည်သာ မုချအားဖြင့် ဘာဝမည်၏။ တစ်စုံတစ်ခုသော အခြင်းအရာ အားဖြင့် ပညာရှိတို့၏ အလိုကို သိစေတတ်သော နာမ်ပုဒ်၊ ဝိသေသနပုဒ် အာချာတ်ပုဒ် စသည်ကိုဆိုခြင်းသည် (ဝါ) ထိုပုဒ် တို့သည် ဒွာနျူပစာအားဖြင့် ဘာဝမည်၏။

ဆောင်။ ။ ကဝိအလို ပြဆိုစကား မည်ငြားဘာဝ မုချတ္တတည်း။ မှတ်ကြမှီရာ ပုဒ်တို့မှာမူ ဒွာနျူခေါ်ယူ ဘာဝ အမည်ရ။

* * * * *

(၃၃၀) နနုတေယေဝ ----------ပ---------- ဗေဟုန္တိနော။

## ဤဂါထာဘာဝလင်္ကာ မည်ပုံ

ဤဂါထာ၌ ကမ္ဘာပျက်ရာအချိန်အခါ၌ သမုဒ္ဒရာတောင်တို့သည် မိမိသဘောကို စွန့်ကြ၍ ပညာရှိပုဂ္ဂိုလ်တို့သည်ကား ကမ္ဘာပျက်သော်လည်း မိမိတို့သဘောကို မစွန့်ကြဟု သမုဒ္ဒရာ တောင်တို့၏ သဘာဝအားဖြင့် ဖြစ်ပုံကိုတားမြစ်၍ ပညာရှိ တို့၏ စည်းကမ်းစောင့်ထိန်းခြင်း၊ မတုန်မလှုပ်ခြင်းဂုဏ်ကို ထင်စွာပြသောကြောင့် ဘာဝအလင်္ကာ မည်၏။

## ဘာဝအလင်္ကာနမူနာ

- မြေကြီးကိုသာ တီစား၍ ကုန်လိမ့်မည်။ မိုးကောင်းကင်သာ ပြို၍ကျလိမ့်မည်။ ကျွန်ုပ်၏ သစ္စာမဏ္ဍိုင်ကား ယိမ်းယိုင် လိမ့်မည် မဟုတ်ပါ။

* * * * *

http://www.dhammadownload.com



(၃၃၁) အင်္ဂီဘာဝ ----------ပ---------- မိဿန္တိပဝုစ္စတိ။

## ၃၃။ မိဿအလင်္ကာအဓိပ္ပာယ်

အဖွဲ့အနွဲ့အစီအကုံး၌ ပြီးစေအပ်၊ ပြီးစေတတ်သည်၏ အဖြစ်ကြောင့်ဖြစ်စေ၊ တူမျှသော အားရှိကုန်သည်၏ အဖြစ်ကြောင့်ဖြစ်စေ အလင်္ကာနှစ်မျိုးသုံးမျိုး စသည် ရောခြင်းကို မိဿ အလင်္ကာဟုခေါ်သည်။

**အကျဉ်းမှတ်ရန်။** ။ အလင်္ကာတို့ကို ရောယှက်၍ ပြခြင်းသည် မိဿအလင်္ကာ မည်၏။

### မိဿအလင်္ကာအပြား (၂)ပါး

၁။ ပြီးစေအပ် ပြီးစေတတ်သည်၏အဖြစ်ဖြင့် ရောနှောသော အင်္ဂီဘာဝမိဿအလင်္ကာ

၂။ တူမျှသော အားရှိသည်၏ အဖြစ်ဖြင့် ရောနှောသော သဒိသဗလဘာဝမိဿအလင်္ကာ

**ဆောင်။** ။ အလင်္ကာရ ရောနှောက မိဿအလင်္ကာ။ ပြီးစေတတ်- အပ်, အားတူလတ် နှစ်ရပ်ခွဲလေပါ။

### အင်္ဂီဘာဝ၌ အင်္ဂစသည်ခွဲကောက်ပုံ

* ပြီးစေတတ်သောသဘောသည် အင်္ဂ။
* ပြီးစေအပ်သောသဘောသည် အင်္ဂီ။
* ပြီးစေတတ် ပြီးစေအပ်သည်၏ အဖြစ်ဖြင့် စပ်သောသမ္ဗန်သည် အင်္ဂီဘာဝ။

* * * * *

(၃၃၂) ပသတ္ထ မုနိနော ----------ပ---------- တော စနေ။

### အင်္ဂီဘာဝမိဿ အလင်္ကာဂုဏ်မြောက်ပုံ

ဤဂါထာ၌ ပါဒနခရံသိ မဟာနဒီဖြင့် ရူပကအလင်္ကာကို ပြပါသည်။ နိမုဂ္ဂေ- ဖြင့် ဒြဝယုတ္တ သမာဓိဂုဏ်ကို ပြသည်။ ထိုသို့ ရူပကအလင်္ကာနှင့် သမာဓိအလင်္ကာတို့ ပြီးစေတတ်

http://www.dhammadownload.com



ပြီးစေအပ်သည်၏ အဖြစ်ဖြင့် ရောနှောပြဆိုသောကြောင့် အင်္ဂီဘာဝမိဿ အလင်္ကာဂုဏ် မြောက်ပါသည်။

## အင်္ဂီဘာဝဖြစ်ပုံအကျဉ်း

ပါဒနခရံသိ မဟာနဒီဟူသော စကားရပ်သည် ခြေသည်းတော်ရောင် တည်းဟူသော မြေကြီးဟု ရူပကအလင်္ကာ ဖြစ်၍၊ နိမုဂ္ဂဟူသော စကားရပ်သည် မြတ်စွာဘုရား၏ ခြေသည်းတော်ရောင်တည်းဟူသော မြေကြီး၌ ငုပ်သည်ဆိုသောကြောင့် ဒြဝယုတ္တ သမာဓိဂုဏ်ရောက်သော သဒ္ဒါလင်္ကာရဖြစ်သည်။ ထိုသို့ အပဓာန (အင်္ဂ) ပဓာန– (အင်္ဂီ) အနေဖြင့် (ဝါ) ပြီးစေ တတ်၊ ပြီးစေအပ်သည်၏ အဖြစ်ဖြင့် အလင်္ကာနှစ်ပါးရောနှောခြင်းကြောင့် အင်္ဂီဘာဝ ဖြစ်ရပါသည်။

* * * * *

### (၃၃၃) ဝေသော သဘာဝ ----------ပ---------- ကံ ဇနံ။

## သဒိသဗလဘာဝမိဿ အလင်္ကာဂုဏ်မြောက်ပုံ

ဤဂါထာ၌ ဝေသောသဘာဝမဇုရောဖြင့် နိရသေသရသဝမ္မသမာဓိဂုဏ် အလင်္ကာကို ပြသည်။ ရှုပ်နေတွေ့နရသာ ယတာနံဖြင့် ရူပကအလင်္ကာကို ပြသည်။ မဇုဝါတဖြင့် ဥပမာအလင်္ကာကို ပြသည်။ ဤအလင်္ကာသုံးမျိုး ရောထားသော ကြောင့်လည်းကောင်း၊ ထိုသို့ရောရာ၌ သပ္ပဓာန ဖြစ်စေမှုဝယ် ကိုယ်စီကိုယ်င အားချင်းတူမျှသောကြောင့်လည်းကောင်း၊ သဒိသဗလဘာဝမိဿ အလင်္ကာဂုဏ်မြောက်ပါသည်။

* * * * *

### (၃၃၄) အာသိန္နာမ ----------ပ---------- လောက မပါယတော။

## ၃၄။ အာသီအလင်္ကာအစိပ္ပာယ်

**အလိုရှိအပ်သော အကျိုးစီးပွားကို တောင့်တခြင်းသည် အာသီအလင်္ကာ မည်၏။**

**ဆောင်။ ။ လိုအပ်ကျိုးများ တောင့်တငြား မှတ်သားအာသီပါ။**

http://www.dhammadownload.com



## ပုံစံဖြင့် ရှင်းလင်းချက်

တိလောကေက ဂတိနာထော၊ ပါတုလောနာ မပါယတော။ ဟူသော ပုံစံ၌ လောကသုံးပါး၏ အတုမဲ့ တစ်ပါးတည်း ကိုးကွယ်ရာ ဘုရားရှင်သည် သတ္တဝါအပေါင်းကို အပါယ်ဘေးမှ စောင့်ရှောက်တော်မူပါစေသတည်းဟု တောင့်တသောကြောင့် အာသီအလင်္ကာဂုဏ်မြောက်ပါသည်။

## အာသီအလင်္ကာပျိုကဗျာ

* ယောက်ျားသမုတ် ကြံသည့်နှုတ်ဖြင့် သမ္ဗုဒ္ဓဆု သဗ္ဗညုကို ယခုကြိုက်စွာ သာသနာ၌ အခါပတ်ကုံး စည်းစိမ်ကျူးလျက် နှလုံးနူးစေကုန်သတည်း။ (ပါရမီခဏ်းပျို့)

## မုချအာသီနှင့် ဥပစာအာသီ

* အလိုရှိအပ်သောအကျိုးကို တောင့်တခြင်းသည် မုချအာသီ။
* ထိုအာသီကိုပြသော အဖွဲ့ဗန္ဓသည် ဖလူပစာအာသီ။

* * * * *

## (၃၃၅) ရသပ္ပတိ ----------ပ---------- ဝိတနတော။

## ၃၅။ ရသိ (ရသဝန္တ) အလင်္ကာအဓိပ္ပာယ်

ပြဆိုလတ္တံ့သော သိင်္ဂါရ စသည့်ရသ (၉)ပါးတို့တွင် တစ်ပါးပါးနှင့် ပြည့်စုံသော အလင်္ကာသည် ရသိ (ရသဝန္တ) အလင်္ကာ မည်၏။

**ဆောင်။** ။ ရသ (၉)ပါး တစ်ပါးပါး ပါကြားရသိသာ။

* * * * *

http://www.dhammadownload.com



(၃၃၆) ရာဂါနုတမ္ဗုတ ------------ပ------------ သမ္ဘမေန။

## ရသီအလင်္ကာဂုဏ်မြောက်ပုံ

ဤဂါထာ၌ ဘုရားရှင်၏ ကြွလှမ်းရာမြေကို အပျိုကညာယောင်ဆောင်၍လည်းကောင်း၊ ထိုမြေမှ ထွက်ပေါ်လာသော ပဒုမ္မာကြာပန်းတို့ကို (အနားညွတ်ပေးသော) မျက်နှာကလေး ယောင်ဆောင်၍လည်းကောင်း၊ ဘုရားရှင့်ခြေတော်များကို လုလင်ပျိုယောင်ဆောင်၍လည်း ကောင်း၊ ခြေတော်များ၏ ပဒုမ္မကြာပန်းတို့အပေါ်၌ နင်းသွားခြင်းကို လက်ဝါးဖြင့်ပွေ့ကာ မျက်နှာကို နမ်းစုတ်လေယောင် ပုံဆောင်၍လည်းကောင်း၊ သမ္ဘောဂသိင်္ဂါရ,ရသ သဘာဝနှင့် ပြည့်စုံအောင် ဖွဲ့နွဲ့ထားသောကြောင့် ရသအလင်္ကာဂုဏ်မြောက်ပါသည်။

## သိင်္ဂါရ,ရသ ဘာသ

ယောကျ်ား မိန်းမတို့ ချစ်ကြိုက်ခြင်းသည် ကာမသိင်္ဂါရ,ရသ အစစ်မည်၏။ ယောကျ်ား မိန်းမတို့ ချစ်ကြိုက်ခြင်းကဲ့သို့ အတုပြုလုပ်ဆိုအပ်သော အဝိညာဏကဝတ္ထုတို့၏ ချစ်ကြိုက်ခြင်း သည် ကာမသိင်္ဂါရ,ရသ ဘာသ မည်၏။

အတ္ထာလင်္ကာရာဝဗောဓ စတုတ္ထပိုင်း ဤတွင်ပြီးပြီ။

* * * * *

http://www.dhammadownload.com



## (၃၃၈) ပဋိဘာဝနတာ ----------ပ---------- ကဝိနာပရံ

### ကဝိဖြစ်ခြင်းအင်္ဂါ (၃)ပါးနှင့် ကဝိခေါ်ပုံ

၁။ ပဋိဘာဝနတာ = ပင်ကိုယ်ပဋိဘာန်ဉာဏ်ရှိခြင်း (ဝါ) ပဋိသန္ဓေဉာဏ် တစ်ဏုပ္ပတ္တိဉာဏ်ရှိခြင်း။

၂။ လောကဝေါဟာရ မနုသာရိနာ = လောကအသုံးအနှုန်းသို့လိုက်၍ (အများသုံး အများသိ စကားဖြင့်) ရေးသားစီကုံး လေ့ရှိခြင်း။

၃။ ဩစိတျသမုလ္လာသဝေဒိနာ = ဆိုလိုအပ်သော အနက်အဓိပ္ပာယ်၏ အသင့်ယုတ္တိရှိရှိနှင့် ပေါ်လွင်ထင်ရှားအောင် ရေးပုံရေးနည်းကို နားလည်ခြင်း။

ဤ အင်္ဂါသုံးပါးနှင့် ပြည့်စုံသူကို ကဝိဟုခေါ်၏။

### ပဋိဘာနနှင့် ပဋိဘာဝန္တအဓိပ္ပာယ်

* အဖွဲ့အနွဲ့ကို အရသာပေါ်အောင် ရေးသားစီကုံးခြင်းအားဖြင့် စင်စစ်ကျေးဇူးများသော အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ဉာဏ်အထူးကို ပဋိဘာန်ဟုခေါ်၏။

* ထိုဉာဏ်ထူးရှိသူကို ပဋိဘာဝန္တဟုခေါ်၏။

* * * * *

## (၃၃၉) ဌာယိသမ္ဘန္ဓိနော ----------ပ---------- သာ ဒါယသာဝုန်

### ဤဂါထာဖြင့် ပြအပ်သော အနက် (၆)မျိုး

| | | |
|---|---|---|
| ၁။ ဌာယိဘာဝ | ၂။ ဗျဘိစာရိဘာဝ | ၃။ သတ္တိကာဘာဝ (ကေလဘာဝ) |
| ၄။ ဝိဘာဝ | ၅။ အနုဘာဝ | ၆။ ရသ |

ဆောင်။ ။ ဌာယိဗျဘိ နောက်သတ္တိဝယ် ထည့်ဖွယ် ဘာဝ သုံးမျိုးရ၍၊ ဝိဘာဝနှော နုဘာဝေါ နှင့် ထပ်လောရသ ခေါင်းစဉ်ပြသည်မှတ်ကြ ဤဂါထာတွင်တည်း။

http://www.dhammadownload.com



## ဤပဉ္စမပိုင်း၌ ဘာဝ စသည်ကွဲပြားပုံ

* ဤပဉ္စမပိုင်း၌ ဘာဝ၊ ဝိဘာဝ။ အနုဘာဝ– ဟု ၃မျိုးရှိ၏။
* ထိုတွင် – ဘာဝသည် – ၁။ ဌာယီဘာဝ ၂။ဗျဘိစာရီဘာဝ ၃။ သတ္တိကာဘာဝ ဟုသုံးမျိုးပြား၏။
* ဝိဘာဝသည်လည်း – ၁။ အာလမ္ဗဏဝိဘာဝ ၂။ ဥဒ္ဒိပနဝိဘာဝ ဟူ၍နှစ်မျိုးပြား၏။
* အနုဘာဝ၌ကား အပြားမရှိပါ။

## အားလုံးပေါင်းသော် (၇)မျိုး

| | | |
|---|---|---|
| ၁။ ဌာယီဘာဝ | ၂။ ဗျဘိစာရီဘာဝ | ၃။ သတ္တိကာဘာဝ |
| ၄။ အာလမ္ဗဝိဘာဝ | ၅။ ဥဒ္ဒိပနဝိဘာဝ | ၆။ အနုဘာဝ |
| ၇။ ရသ | ပေါင်း (၇)မျိုး | |

* * * * *

(၃၄၀) စိတ္တဝုတ္တိ ------------ပ------------ ပရိကိတ္တိတာ။

## ဤဂါထာကို ဆိုရပုံ

ဌာယီဘာဝ စသော (၆)မျိုးတွင် ဌာယီဗျဘိစာရီသတ္တိကတို့နှင့် ဆက်ဆံသော ဘာဝသဒ္ဒါ၏ ဝစနတ္ထကို ရှေးဦးစွာ ပြလိုသောကြောင့် ဤဂါထာကို ဆိုပါသည်။

## ဘာဝသဒ္ဒါ၏ ဝစနတ္ထနှင့် အရကောက်

ရသေ ဘာဝယန္တီတိ– ဘာဝါ အရ သိင်္ဂါရ စသော ရသတို့ကို ဖြစ်စေတတ်သောကြောင့် ပျော်မွေ့ခြင်းစသော စိတ်၏ ဖြစ်ပုံအထူးတို့ကို ဘာဝဟု ခေါ်သည်။

ဆောင်။ ။ စိတ်၏ ဖြစ်ခြင်း ထူးအခြင်းကို ဘာဝ ဆိုလော့။

http://www.dhammadownload.com



## ဘာဝအရ မုချဘာဝ– ဥပစာဘာဝ ခွဲခြားကောက်ပုံ

* ဘာဝအရ– ဌာယီဘာဝ၊ ဗျဘိစာရီဘာဝ၊ သတ္တိကာဘာဝ ဟူသော စိတ်ဖြစ်ခြင်းအထူးသည် မုချဘာဝ မည်၏။
* ကိုယ်နှုတ်တို့၏ ဖြစ်ခြင်းအထူးသည် ဌာနူပစာဘာဝ မည်၏။

## ရတျာဒယော–၌ အာဒိအရ

ဟာသ သောက စသော– ဌာယီဘာဝတို့ကိုလည်းကောင်း၊ နိဗ္ဗေဒ စသော ဗျဘိစာရီဘာဝတို့ကိုလည်းကောင်း၊ ထမ္ဘ– စသော သတ္တိကာဘာဝတို့ကိုလည်းကောင်း ယူရပါသည်။

## စိတ္တဝုတ္တိဝိသေသာနှင့် ရတျာဒယော အရတူပုံ

ထိုရတိ စသည်တို့သည် ထိုဌာယီဘာဝ စသည်တို့ဖြစ်ရာ၌ ဇာတ်လိုက်ပုဂ္ဂိုလ်၏ စိတ်ဖြစ်ပုံ အထူးများဖြစ်သောကြောင့် စိတ္တဝုတ္တိ ဝိသေသာနှင့် ရတျာဒယော အရတူပါသည်။

* * * * *

(၃၄၁) ဝိရောဓိနည ----------ပ---------- သဒ္ဒိတော။

## ဌာယီဘာဝ၏ ဝစနတ္ထနှင့် အဓိပ္ပာယ်

* တိဋ္ဌတိ သီလေနာတိ– ဌာယီ၊ ဌာယီ စသော ဘာဝေါစာတိ– ဌာယီဘာဝေါ။
  ခိုင်မြဲသည်၏အဖြစ်၊ ကေန်ဖြစ်သည်၏ အဖြစ်ကြောင့် ဌာယီမည်၏။
* ထိရတ္တာ ကေန္တိ ကတ္တာ = ဌာယီ (ဘာ–ဋီ)

ဆန့်ကျင်ဘက်ဖြစ်သော အခြားဘာဝတစ်ခုက ဖုံးကွယ်ဖျက်ဆီး၍ မရနိုင်လောက်အောင် မိမိသဘောအတိုင်း ခိုင်မြဲတည်တန့်လေ့ရှိသောသဘောသည် ဌာယီဘာဝ မည်၏။

ဆောင်။ ။ ဆန့်ကျင်ဘက်ခြား ဘာဝတစ်ပါးကြောင့် ပျက်ပြားမလည်း မြဲစွာတည် ဌာယီဘာဝခေါ်။

http://www.dhammadownload.com



## (၃၄၂) ရတိဟာသသောစ -----------ပ----------- ဌာယိနော

### ဌာယီဘာဝ (၉)ပါး သရုပ်

၁။ ရတိဌာယီဘာဝ = ချစ်ကြိုက်ခြင်း၊ မွေ့လျော်ခြင်း။
၂။ ဟာသဌာယီဘာဝ = ပြုံးရယ်ခြင်း။
၃။ သောကဌာယီဘာဝ = စိုးရိမ်ကြောင့်ကြ သနားကြင်နာခြင်း။
၄။ ကောဓဌာယီဘာဝ = ကြမ်းကြုတ်ခက်ထန်ခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း။
၅။ ဥဿာဟဌာယီဘာဝ = ရဲရင့်ခြင်း။
၆။ ဘယဌာယီဘာဝ = ကြောက်ရွံ့ခြင်း။
၇။ ဇိဂုစ္ဆာဌာယီဘာဝ = စက်ဆုပ်ရွံရှာခြင်း
၈။ ဝိမှယဌာယီဘာဝ = အံ့သြခြင်း
၉။ သမဌာယီဘာဝ = ငြိမ်သက်တည်ကြည်ခြင်း

ဆောင်။ ။ ကောင်းကျိုး၌နော် စိတ်မွေ့ပျော်က ခေါ်လေရတိ၊ ရယ်ရွှင်ဘိမူ ယူလေဟာသ၊ စိုးရိမ်ကမူ သောကဟူ၍၊ ထွက်မူ ဒေါသ ကောဓအမှန်၊ အားထုတ်ပြန်က ဥဿာဟပေ၊ ကြောက်ရွံ့လေက ဘယ မှတ်ပါ၊ စက်ဆုတ် တာကို ဆိုဇိဂုစ္ဆာ၊ အံ့သြပါက ဝိမှယနော်၊ ငြိမ်သော်သမ ခေါ်ဆိုကြသည် ဘာဝဌာယီ ကိုးမျိုးတည်။

### ဌာယီဘာဝ (၉)ပါးကို ဣဋ္ဌ - အနိဋ္ဌခွဲကောက်ပုံ

* ရတိ, ဟာသ, ဥဿဟ, ဝိမှယ, သမ အားဖြင့် ငါးပါးသည် ဣဋ္ဌ ဌာယီဘာဝ။
* သောက, ကောဓ, ဘယ, ဇိဂုစ္ဆ အားဖြင့် လေးပါးသည် အနိဋ္ဌဌာယီဘာဝ မည်၏။

* * * * *

## (၃၄၃) တိရောဘာဝါ -----------ပ----------- ဗျဘိစာရိနော

### ဗျဘိစာရိဘာဝ၏ ဝစနတ္ထနှင့် အဓိပ္ပာယ်

* ဝိသေသေန အာဘိမုချေတော စရန္တိ သိလေနာတိ- ဗျဘိစာရိနော။

http://www.dhammadownload.com



ကွယ်ပျောက်၍ဖြစ်ခြင်း၊ ထင်ရှားစွာဖြစ်ခြင်း အစရှိသော အထူးအားဖြင့် အမြဲမတည် တတ် ရွေ့ရှားတတ်သော သဘောသည် ဗျဘိစာရီဘာဝ မည်၏။

**ဆောင်။** ။ မြဲမတည်ရှိ ရွေ့ရှားဘိ ဗျဘိစာရီသာ။

## . ကွယ်ပျောက်ပုံနှင့် ထင်ရှားပုံ

ဗျဘိစာရီဘာဝတို့၌ပါသော မောပန်းခြင်း သမသည် ယောက်ျား မိန်းမတို့ ပျော်ပါးခြင်း ဟူသော ရတိဋ္ဌာယီဘာဝ တွင် ပါဝင်ရသောအခါ မောပမ်းသော်လည်း မောပမ်းမှုမထင်ရှားဘဲ မြုပ်ကွယ်ပျောက်သွား၍ သုခသဘောသို့ ရောနှော ပါဝင်သွား၏။ သောကဋ္ဌာယီဘာဝတွင် ပါဝင်ရလျှင်ကား ပင်ပမ်းခြင်းသဘောသည် ထင်ရှားပေါ်လာ၏။ ဤသို့ စသည်ဖြင့် ကွယ် ပျောက်၍သော်လည်းကောင်း၊ ထင်ရှား၍သော်လည်းကောင်း ဖြစ်ပါသည်။

## ဝိဘာဝါဒိ၌ အာဒိအနက်

အာဒိဖြင့် ဋ္ဌာယီဘာဝ၌ရှိသော သုခဒုက္ခသဘောကို မိမိ (ဗျဘိစာရီဘာဝ) ကယူခြင်း၊ (မိမိ၌တင်ခြင်း) ကိုယူ။

ဘာဘိမုချ ဟူသည် – အဘိမုခါနံဘာဝေါ အာဘိမုချံ။

ဋ္ဌာယီဘာဝသို့ ရှေ့ရှုသောဗျဘိစာရီဘာဝတို့၏ ဖြစ်ကြောင်းဖြစ်ရာ ရှေ့ရှုခြင်းကြိယာ ဖြစ်၏။

* * * * *

(၃၄၄) နိဗ္ဗေဒေါ တက္က ––––––––––ပ–––––––––– တော္တိ သမေတော။

## တက္ကနှင့် စိန္တာ အထူး

* ယုံမှားသံသယရှိ၍သော်လည်းကောင်း၊ အကျိုးကို အလိုရှိ၍သော်လည်းကောင်း ကြံစည် ခြင်းသည် တက္ကမည်၏။

http://www.dhammadownload.com



* အကျိုးစီးပွား ပျက်ပြားခြင်းကြောင့်လည်းကောင်း၊ လိုအပ်သည်ကို မရသောကြောင့်လည်းကောင်း၊ နောင်တ ပူပန် ခြင်းကြောင့်လည်းကောင်း ကြံမှိုင်ခြင်းသည် စိန္တာ မည်၏။

ဆောင်။ ။ ရမှုအကျိုး တစ်မျိုးယုံမှား အကြောင်းများတွက် ကြံစည်ချက်ကို တက္ကယူပါ၊ ဥစ္စာပျက်ရှုံး နှလုံးပူတွက် ကြံမှိုင်ချက်မှာ ခေါ် စိန္တာ။

## သမနှင့် ဝိသာဒအထူး

* အလွန်အားထုတ်ခြင်းကြောင့် ကိုယ်စိတ်တို့၏ ပင်ပန်းခြင်းသည် သမ မည်၏။
* မိမိအားထုတ်သောအမှု၏ အကျိုးမပြီးခြင်း၊ ပျက်စီးခြင်းကြောင့် အစွမ်းကုန်ခြင်း စိတ်ပင်ပန်းခြင်းသည် ဝိသာဒ မည်၏။

ဆောင်။ ။ အားသွန်ကြိုးကုတ် အလုပ်အတွက် ကိုယ်လက်ညှိုးနွမ်း ပင်ပန်းပါက သမဟု ယူ၊ ထိုတူအမှု အလုပ်စုများ ပျက်ပြား၍ပင် အားအင်ကုန်ခမ်း စိတ်ပင်ပန်းက ဝိသာဒ။

## ဇဠတာနှင့် မောဟ အထူး

* အလိုရှိအပ် အလိုမရှိအပ်သော အာရုံတို့နှင့် တွေ့ဆုံခြင်းကြောင့် တွေဝေ၍ အံ့အားသင့်ခြင်း၊ ကြက်သေသေခြင်း၊ တွေဝေနေခြင်း၊ မသိခြင်းသည် ဇဠတာ မည်၏။
* လွန်လွန်ကဲကဲကြောက်ခြင်း စသည်တို့ကြောင့် မိန်းမောတွေဝေ မေ့မြောခြင်းသည် မောဟ မည်၏။

ဆောင်။ ။ မလိုအာရုံ တွေ့ကြုံလေက ပြုရမသိ၊ သိလျက်သညာ တွေ့ဝေပါက ဇဠတာ။

* သညာရွေ့လျော မိန်းမောတွေဝေ မျောနစ်လေက မောဟဟုသာ မှတ်ယူပါ။

## ဂိလာနိနှင့် ဗျာဓိအထူး

* စိတ်ပူခြင်းအနာရောဂါ နှိပ်စက်ခြင်း ပင်ပန်းခြင်း ဆာလောင်မွတ်သိပ်ခြင်း စသည်တို့ကြောင့် အားအင်ကုန်ခမ်း ညှိုးနွမ်းခြင်းသည် ဂိလာနိ မည်၏။

http://www.dhammadownload.com



* သွေးသည်းချေ စသည်တို့ကြောင့် ဖျားနာခြင်းသည် ဗျာဓိ မည်၏။

ဆောင်။ ။ ကိုယ်မှာ အင်အား ကုန်ခမ်းပြောဘိ ဂိလာနိ၊
သလိပ်သည်းချေ သွေးလေအတွက် ဖျားနာချက်ကို ဗျာဓိဆိုပါ။

## အပမာရနှင့် ဥမ္မာဒအထူး

* ဘီလူးဖမ်းခြင်း စသည်ကြောင့် စိတ်ပြန့်လွင့်ခြမ်း ရူးခြင်းသည် အပမာရမည်၏။
* သည်းချေပျက်ခြင်း စသည်တို့ကြောင့် ရူးခြင်းသည် ဥမ္မာဒ မည်၏။

ဆောင်။ ။ ဘီလူးကြောင့်သာ ရူးစပါက အပသ္မာရ (အပမာရ)၊
တဝသည်းချေ ရူးတုံပေက ဥမ္မာဒ။

* * * * *

## (၃၄၅) သမာဟိတတ္တ ----------ပ---------- ဘဝန္တိတေ။

## သတ္တိကာဘာဝ အဓိပ္ပာယ်

ငြိမ်သက်တည်ကြည်သောစိတ်ကြောင့် ဖြစ်သောသဘောသည် ဖြစ်စေအပ်သော ထမ္ဘပဥ္စယ စသော ဘာဝသည် သတ္တိကာဘာဝ မည်၏။

ဆောင်။ ။ ကေဂ္ဂတာ ဖြစ်စေပါသည့် ထမ္ဘစသား ခြင်းရာများ မှတ်သားသတ္တိကာ။

## သတ္တာ, သတ္တ, သတ္တိကာ တို့၏အရ အဓိပ္ပာယ်

(က) ငြိမ်သက်တည်ကြည်သော စိတ်သည် သတ္တာ မည်၏။
(သန္တော အတ္တာ – သတ္တာ)

(ခ) ငြိမ်သက်တည်ကြည်သော စိတ်ကြောင့်ဖြစ်သော ကေဂ္ဂတာသည် သတ္တ မည်၏။
(သတ္တတော ပဘဝံ့သတ္တံ)

(ဂ) ငြိမ်သက်တည်ကြည်သော စိတ်ကြောင့်ဖြစ်သော ကေဂ္ဂတာသည် ဖြစ်စေအပ်သော ထမ္ဘပဥ္စယ စသော ရှစ်ပါးသည် သတ္တိကာ မည်၏။
(သတ္တေန ဥပပါဒိတာ သတ္တိကာ)

http://www.dhammadownload.com



(၃၄၆) ထမ္ဘောပလယ ----------ပ---------- တေ တုသတ္တိကာ

## သတ္တိကာဘာဝ အပြားသရုပ်အဝိပ္ပာယ်

၁။ ကိုယ်စိတ်တောင့်တင်း ခိုင်မာခြင်းမှာ ထမ္ဘသာတည့်။
၂။ အိပ်ခါပျော်လှ ပဠယ ပင်။
၃။ ကိုယ်တွင် မွေးညှင်းထကြွခြင်းမှာ ရောမဉ္စာသွင်း။
၄။ ချွေးထွက်ခြင်းသည် သေဒ မည်၏။
၅။ မျက်ရေယိုလျှင် အဿုတွင် ရှင့်။
၆။ ကိုယ်လျှင်လှုပ်မှု ဝေပထုပေ။
၇။ တစ်ခုခုတွက် အဆင်းပျက်ဘိ ဝေဝဏ္ဏိယ။
၈။ ဝိသရတာ သံပျက်ပါသည်– ရှစ်ဖြာ သတ္တိကာ ဘာဝတည်း။

* * * * *

(၃၄၇) ယဒါရတ္တာ ----------ပ---------- ဗျဘိစာရိနော။

## ဤဂါထာဖြင့် သိစေသောအဝိပ္ပာယ်

ဤဂါထာဖြင့် ပြခဲ့သော ဌာယီဘာဝတို့သည် မိမိပင်ကိုယ်သဘော၌ ခိုင်မြဲတည်တန့်ခြင်း မရှိသောအခါ ဗျဘိစာရီ ဘာဝဟု အမည်ပြောင်းလာပုံကို သိစေပါသည်။

## ဤဂါထာဖြင့် သိစေသော ဗျဘိစာရပေါင်း

၃၄၄–ဂါထာဖြင့် ပြအပ်သော နဂိုဗျဘိစာရီဘာဝ (၃၃)ပါး၊ ဤဂါထာဖြင့် ပြအပ်သော ဌာယီဘာဝမှ ပြောင်းလာ သော ဗျဘိစာရီဘာဝ (၉)ပါး ပေါင်း (၄၂)ပါး ဖြစ်ပါသည်။

* * * * *

(၃၅၃) သဝိဘာဝါနုဘာ ----------ပ---------- သော ရသော။

## သဝိဘာဝါ ဤဂါထာ ဆိုလိုရင်း

ရှေ့ဂါထာ၌ပြအပ်ခဲ့သော ထိုရသဟူသည် တစ်ခြားမဟုတ်၊ ဌာယီဘာဝပင် ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်၏။

* ဌာယေဝ သောရသောကို ထောက်။

## ရသအမည်ရနိုင်သော ဌာယီဘာဝ

အဖွဲ့အနွဲ့၏ အရသာပေါ်အောင် ဝိဘာဝ အနုဘာဝတို့ဖြင့်လည်းကောင်း သိုင်းသိုင်း ဝိုင်းဝိုင်း ဆောင်ပြအပ်သော (ဖွဲ့နွဲ့စီကုံးအပ်သော) ဌာယီဘာဝမျိုးမှ ရသ,အမည်ရနိုင်ပါသည်။ ဌာယီဘာဝအတိုင်း ရသ,အမည် မရနိုင်ပါ။

* * * * *

(၃၅၄) သိင်္ဂါရဟာသ ----------ပ---------- ဌာယီနနုက္ကမာ။

## သိင်္ဂါရ၏ နာမည် ဤဂါထာတစ်မျိုးပြ

ဤဂါထာကား ပြခဲ့သော ဌာယီဘာဝ (၉)ပါးကိုပင် အစဉ်အတိုင်းဖက်စပ်၍ ရသ (၉)ပါး ဟု နာမည်တစ်မျိုး တပ်ပြသော ဂါထာဖြစ်၏။

အမှာ။ ။ ရသကိုးပါး သရုပ်ကို ဂါထာအတိုင်း မှတ်ပါ။

## ရသ (၉)ပါးကို ဣဋ္ဌရသ/အနိဋ္ဌရသ ခွဲခြားကောက်ပုံ

* သိင်္ဂါရ, ဟာသ, ဝီရ, အဗ္ဘုတ, သန္တရသ ငါးပါးသည် ဣဋ္ဌရသ။
* ကရုဏာ, ရုဒ္ဒ, ဘယာနက, ဝိဘစ္ဆရသ – လေးပါးသည် အနိဋ္ဌရသ မည်၏။

http://www.dhammadownload.com



## ဌာယီဘာဝ (၉)ပါးနှင့် ရသ (၉)ပါး တွဲစပ်ပုံဇယား

| စဉ် | ဌာယီဘာဝ | ရသ | သဘောနှင့် တရားကိုယ်အရ ကောက် |
|---|---|---|---|
| ၁။ | ရတိ | သိင်္ဂါရ | ချစ်ခင်နှစ်သက်ခြင်းဟူသော ပီတိ (တစ်နည်း– ပိဟာ) |
| ၂။ | ဟာသ | ဟဿ | ရယ်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း (သောမနဿဝေဒနာ အချို့အရာ၌ မုဒိတာလည်း ဖြစ်နိုင်သည်) |
| ၃။ | သောက | ကရုဏာ | သနားကြင်နာအပ်သောအဖြစ်သို့ရောက်အောင် စိုးရိမ်ပူဆွေးခြင်း (ဒေါမနဿဝေဒနာ) |
| ၄။ | ကောဓ | ရုဒ္ဒ | ကြမ်းကြုတ်ခက်ထန်ခြင်း (ကြမ်းကြုတ်ခက်ထန်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသ) |
| ၅။ | ဥဿာဟ | ဝီရ | ရဲရင့်အားထုတ်ခြင်း (ဝီရိယ) |
| ၆။ | ဘယ | ဘယာနက | ကြောက်ရွံ့ခြင်း (ဆုတ်နစ်သော အခြင်းအရာအားဖြင့် ဖြစ်သောဒေါသ) |
| ၇။ | ဇိဂုစ္ဆာ | ဝိဘစ္ဆ | စက်ဆုတ်ခြင်း (စက်ဆုတ်သောအခြင်း အရာအားဖြင့် ဖြစ်သောဒေါသ) တစ်နည်း– ထိတ်လန့်ငြီးငွေ့သော အခြင်းအရာအားဖြင့် ဖြစ်သော ဩတပ္ပ) |
| ၈။ | ဝိမှယ | အဗ္ဘုတ | အံ့ဩခြင်း၊ မဖြစ်စဘူးဖြစ်ခြင်း (အံ့ဩသော အခြင်းအရာအားဖြင့်ဖြစ်သော ဆန္ဒ) ရံခါ ပီတိသောမနဿ ကောက်ရသည်လည်းရှိ၏) |
| ၉။ | သမ | သန္တ | ငြိမ်းအေးခြင်း (ငြိမ်းအေးသောအခြင်းအရာအားဖြင့် ဖြစ်သော ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ) ရံခါ သမာဓိကို ကောက်ရသည်လည်းရှိ၏။ |

http://www.dhammadownload.com



(၃၅၅) ဒုက္ခရူပေယ ----------ပ---------- သန္တရသာဟိ။

## အာနန္ဒအရနှင့် ကရုဏာ စသည်ကို ရသအာနန္ဒ ဟုဆိုခြင်း မဆန့်ကျင့်ပုံ

အာနန္ဒအရကား– နှစ်သက်မှု ပီတိသောမနဿ တည်း။ ထို့ကြောင့် ဒုက္ခမကင်းသော ကရုဏာ စသော ရသ,အရာဝယ် အဘာယ်နည်းဖြင့် နှစ်သက်မှု ဖြစ်နိုင်ပါသနည်း။ ဒုက္ခ ဒေါမနဿဖြစ်သော ကရုဏာနှင့် ပီတိသောမနဿဖြစ်သော အာနန္ဒသည် မဆန့်ကျင်ပုံ–

ကရုဏာစသော ရသ,အရာဝယ် နှစ်သက်မှုဖြစ်၏ဟူရာ၌ အမှန်တကယ် ဖြစ်ပျက်နေသည်ကို နှစ်သက်ခြင်းမဟုတ်၊ ထိုအကြောင်းအရာကို ဖွဲ့စီထားသော ပျို့ကဗျာ ဂါထာတို့ကို နှစ်သက်ခြင်းသာဖြစ်သောကြောင့် ကရုဏာစသည်ကို ရသ,အာနန္ဒဟု ဆိုခြင်းသည် မဆန့်ကျင်ပါ။

❀ တတော ဝေဿန္တရော ရာဇာ၊ ဒါနံ ဒတွာန ခတ္တိယော။
ပဏ္ဏသာလံ ပဝိသိတွာ၊ ကလုနံ ပရိဒေဝယိ။

ဤဂါထာ၌ အမှန်တကယ် ဖြစ်ပျက်နေသည်ကို သာယာနှစ်သက်ခြင်းမဟုတ်၊ တကယ့်အဖြစ်အပျက်ကို တင်ပြပုံ ကိုသာ နှစ်သက်ခြင်းဖြစ်၍ သာယာအပ်သောကြောင့် ရသ,ဟု ဆိုနိုင်ပါသည်။

## ကရုဏာဒီကေ၌ ကရုဏာအရ

ကရုဏာဒီကေ၌– ကရုနီယတော၊ တိ– ကရုဏာဟု ဝိဂ္ဂြိုဟ်ဆို၍ ကရုဏာအရာ– ကရုဏာစေတသိက်ကို မကောက်ရ။ ဒုက္ခရူပေ– ဟူသော ဝိသေသနကို ထောက်၍ ဒေါမနဿ ဝေဒနာ ဟုဆိုအပ်သော သောကကို ကောက်အပ်၏။

(သောကနှင့် အာနန္ဒလည်းအရ ကောက်တူ၏။)

## အာဒိအရ

- အာဒိဖြင့် ရုဒ္ဒ, ဘယာနက, ဝိဘစ္ဆာတို့ကို ယူရပါသည်။

http://www.dhammadownload.com



## အဘိဓမ္မာ၌လာသော ကရုဏာနှင့် အလင်္ကာ၌လာသော ကရုဏာအထူး

အဘိဓမ္မာ၌လာသော ကရုဏာကား ကရုဏာအစစ် ကရုဏာစေတသိက်ဖြစ်၏။ ဤ၌လာသော ကရုဏာကား– ကရုဏာအတု ဒေါမနဿဝေဒနာ ဖြစ်၏။

* * * * *

## (၃၅၆) ရမ္မ ဒေသ ----------ပ---------- ရှုစွတေ။

### ရတိဘာဝအဓိပ္ပာယ်

ပျော်ရွှင်ဖွယ်ကောင်းသောအရပ်၊ သီဆိုတီးမှုတ်ခြင်း စသော ကာလ၊ မိုးဥတု စသော ကာလ၊ ပန်းပန်ခြင်း နံ့သာလိမ်းခြင်း စသော အဆင်အပြင်၊ တင့်တယ်သောအပြုအမူ စသော နှစ်သက်ဖွယ်ရာအမူအရာ အစရှိသည်ကို အဖန်ဖန် တလဲလဲ မှီဝဲခြင်းကြောင့် အချင်းချင်း ချစ်ကြိုက်ကြကုန်သော လုလင်ပျို မိန်းမပျိုတို့၏ ဝမ်းမြောက်ကြည်နူး ပျော်မြူးခြင်းကို ကာမ ရတိ ဌာယီဘာဝဟု ခေါ်ပါသည်။

### ဤနေရာ၌ ပဠိသေဝနာအရ

ပဠိသေဝနာ၌– ပဠိ– ကို ပုနပ္ပုနံ၊ သေဝနာကို အနုဘဝနေန– ဟု အဓိပ္ပာယ်ဖွင့်ထားသောကြောင့် ရမ္မ– စသည်ကို တွေ့ကာမတ္တဖြင့် စိတ်ကို ရပ်မထားဘဲ ဆက်လက် တွေးတောခြင်းကိုပင် ကောက်ရပါသည်။

### ဝေသာဒိ၌ အာဒိသဒ္ဒါ၏ အာဒိဝန်နှင့် ရတိရှုစွတေ၌ ရတိအရ

* အာဒိဝန်ကား– ပြောဆိုခြင်း ဘာသိတ၊ ပြုံးရွှင်ခြင်း– မိဟိတ စသည်ဖြစ်၏။
* ရတိအရကား– နှစ်သက်တတ်သော ပီတိ ဖြစ်၏။

* * * * *

http://www.dhammadownload.com



(၃၅၇) ယုတ္တာဘာဝါ ----------ပ---------- ဝသာတိတး။

## (၁) သိင်္ဂါရ,ရသ အဓိပ္ပာယ်

သင့်လျော်သော ဗျဘိစာရီဘာဝ အနုဘာဝတို့ဖြင့် ဖွဲ့ဆိုအပ်သော ရတိဌာယီဘာဝသည်ပင် သိင်္ဂါရ,ရသ မည်၏။

### သိင်္ဂါရ,ရသ အပြား (၃)ပါး

၁။ အယောဂသိင်္ဂါရ,ရသ– သမီးရည်းစားဘဝ၌ မပေါင်းရသေးသော (ပေါင်းဖို့ရန်မျှော်လင့်နေသော) ချစ်ကြိုက်ခြင်း။

၂။ ဝိပ္ပယောဂ သိင်္ဂါရ,ရသ– မပေါင်းရမိဖြစ်စေ၊ ပေါင်းပြီးမှဖြစ်စေ ရှင်ကွဲ,ကွဲနေရခြင်း။

၃။ သမ္ဘောဂသိင်္ဂါရ,ရသ– ထိထိရောက်ရောက် ပေါင်းသင်းဆက်ဆံလျက် ချစ်ကြိုက်ခြင်း။

ဆောင်။ ။ပေါင်းသင်းလိုလျက် မပေါင်းဖက်ရ၊ အယောဂတည်း။ ပေါင်းကြကြင်နာ နောင်ခါကွဲကြ ဝိယောဂတွင် ချစ်ခင်ကြင်နာ ပေါင်းဆုံပါ၍ ဒဿနာဒိသာယာဘိက သမ္ဘောဂသည် မှတ်ကြသုံးမျိုး အခွဲတည်း။

### တစ်နည်း။ သိင်္ဂါရ (၃)ပါး

၁။ ကာမရတိ သိင်္ဂါရ,ရသ

၂။ ဓမ္မရတိ သိင်္ဂါရ,ရသ

၃။ ယုဒ္ဓသိင်္ဂါရ,ရသ – ဟူ၍ သုံးမျိုးပြား၏။

### ဘာဝလင်္ကာရထုတ်နည်း

၁။ ပဓာနကြိယာပုဒ်၏ တရားကိုယ်ကိုအရကောက်၍ ယင်းအစုတရားကို ဌာယီဘာဝထုတ်။

၂။ ကံပုဒ်၏အရ (အကြောင်းရင်း– နိုးသောအကြောင်း) ကို အာလမ္ဗဏဝိဘာဝထုတ်။

http://www.dhammadownload.com



၃။ ယင်းအာလမ္ဗဏဝိဘာဝ၏ ဂုဏ်၊ သဝိညာဏက, အဝိညာဏက အခြေအရံဖြစ်သော အကြောင်းများ (ဝေးသော အကြောင်းများ)ကို ဥဒ္ဒိပနဝိဘာဝထုတ်။

၄။ ဌာယီဘာဝကြောင့် ဆက်ကာဆက်ကာ ဖြစ်ပေါ်လာသောအကျိုးတရားများကို အနုဘာဝ ထုတ်။

၅။ ဌာယီဘာဝ၏ အခြေအရံသဘောများကို ရသင့်သလို သတ္တိကာဘာဝနှင့် ဗျဘိစာရီဘာဝ ထုတ်။

၆။ ထိုဝိဘာဝ အနုဘာဝ သတ္တိကာဘာဝ ဗျဘိစာရီဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဌာယီ ဘာဝကိုပင် ရသ,ထုတ်။

## (၃၅၆ – ၇) ဂါထာတို့အရ ဘာဝါလင်္ကာရ ထုတ်နည်း

၁။ ကာမဂုဏ်ငါးပါးနှင့်စပ်လျဉ်း၍ မိန်းမ ယောက်ျားတို့၏ အချင်းချင်း ကြိုက်နှစ်သက်ခြင်းဟု ဆိုအပ်သော ပီတိစေတသိက် သည် ရတိဌာယီဘာဝ။ (ရစ္စတေ–ကိုရှု။)

၂။ အချင်းချင်းအာရုံပြုကြကုန်သော မိန်းမယောက်ျားတို့သည် အာလမ္ဗဏဝိဘာဝ။ (ယူဝါန ဉောည ရတ္တာနံ – ကိုရှု)

၃။ မွှေ့လျော်ဖွယ်ကောင်းသောအရပ်၊ မွှေ့လျော်ဖွယ်ကောင်းသော က,ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ မွှေ့လျော်ဖွယ် ကောင်းသော ဆည်းဆာ – စသော အချိန်ကာလ၊ မွှေ့လျော် ဖွယ်ကောင်းသော အသွင်အပြင် စသည်တို့သည် ဥဒ္ဒိပနဝိဘာဝ။

၄။ ထိုရတိဌာယီဘာဝအားလျော်သော ကြက်သီးမွေးညှင်းထ,ခြင်း ရောမဥ္စ စသည်တို့သည် သတ္တိကာဘာဝ။

၅။ ထိုရတိဌာယီဘာဝအားလျော်သော ငါချစ်သလို ချစ်ပါ့မလား– ဟု ယုံမှားခြင်းသင်္ကာ၊ ချစ်သူနှင့် တွေ့ဖို့ရန် အားထုတ်ခြင်း ဉဿုက၊ ကြည်လင်ခြင်း ဟရိသ၊ နှစ်သက် ရောင့်ရဲခြင်း ပီတိ စသည်တို့သည် ဗျဘိစာရီဘာဝ။

၆။ ထိုရတိဌာယီဘာဝကြောင့် ဖြစ်ပေါ်လာသော မွှေ့ဖက်နမ်းစုတ်ခြင်း စသော ကိုယ် အမူအရာ၊ ချစ်ဖွယ်သောစကား ကို ပြောဆိုခြင်း စသော နှုတ်အမူအရာ စသည်တို့သည် အနုဘာဝ။

(ယုတ္တာဘာဝါ နဘာဝါတော၊ နိဗန္ဓာ– ကိုရှု။)

http://www.dhammadownload.com



၇။ ထိုဝိဘာဝ၊ အနုဘာဝ၊ သတ္တိကာဘာဝ၊ဗျဘိစာရီဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာဝသည် သိင်္ဂါရ ရသ မည်၏။

**ဆောင်။** ။ နှစ်သက်ချင်းချင်း စွဲမက်ခြင်းမှာ ရတိသာတည့်၊ အာရမ္မဏဝိဘာဝမှ ကျား မ ကေနိစင်စစ်မှန်ရှင့်၊ ပျော်ရန်ကောင်းလှ ရပ်ဒေသနှင့် ကမ္ဘ ဆိုမှု တီးမှု ဆည်းဆာ တန်ဆာဝတ်စား စသည်များမှာ ဝိဘာဥဒ္ဒိ ဖြစ်လေပြီတည့်၊ ဌာယီကြောင့်သာ ဖြစ်ပေါ်လာသည့် နှစ်ဖြာကိုယ်မှု နှုတ်အမှုကို အနုဘာဝ မှတ်ယူကြလော့။ ဘာဝ ရတိ သင့်လျော်ဘိသည့် သတ္တိရောမဉ္စ ဟရိသ ဗျဘိ အစရှိသား ဘာဝများဖြင့် တိုးပွားစေက သိင်္ဂါရသည် ပြားရ အ ဝိ သမ္ဘောတည်း။

**မှတ်ချက်။** ။ မိန်းမ ယောက်ျားတို့ကိုသာ သတ်မှတ်ပြဆိုထားပါသော်လည်း အာရုံငါးပါး ကာမ ဂုဏ်တရားတို့ကို လိုက်စားမွေ့လျော်ခြင်း ဟူသမျှကိုပင် ရတိဋ္ဌာယီဘာဝ သိင်္ဂါရ ရသ အရ ကောက်နိုင်၏။ ကောက်သင့်၏။

## ရတိဋ္ဌာယီဘာဝနှင့် သိင်္ဂါရ,ရသအရ

* သာမညဖြစ်သော ပီတိသည် ရတိဋ္ဌာယီဘာဝ။
* သာယာအပ်သောအဖြစ်သို့ရောက်သော ပီတိ,သည် သိင်္ဂါရ,ရသ မည်၏။

## အဘိဓာန်လာ သိင်္ဂါရ

* ပေါသဿ နာရိယံပေါသေ၊ ဣတ္ထိယာသင်္ဂမံ ပတိ။
  ယာပိဟာ သေသိင်္ဂါရော၊ ရတိ ကီဠာဒိကာရဏော။ (၁၀၃)

## အယောဂသိင်္ဂါရ,ရသ ပုံစံ (၁)

* အစ္ဆရာနံ ဒဿနေန၊ ရဂဂ္ဂိ အဓ္ဓဒယှတိ။
  ကာမပင်္ကေ သံသီဒါမိ၊ ဝေယျံနုတ္တိ မဟာမုနေ။

http://www.dhammadownload.com



၁။ နန္ဒရဟန်း၏ သန္တာန်၌ဖြစ်သော ဒဿနရာဂ၏ အစွမ်းကြောင့်ဖြစ်သည့် ပီတိပြတန်းသော စိတ်အပြွါဒ်သည် -- ရတိဌာယီ ဘာဝ။

၂။ နတ်သမီးများသည် -- အာလမ္ဗဏ ဝိဘာဝ။

၃။ အဆင်းတန်ဆာ ဥယျာဉ်ဗိမာန်စသည်တို့သည် -- ဥဒ္ဒီပန ဝိဘာဝ။

၄။ ဝေပထု စသည်တို့သည် -- သတ္တိကာဘာဝ။

၅။ စပလ (လျှပ်ပေါ်လော်လီခြင်း) စသည်တို့သည် -- ဗျဘိစာရီဘာဝ။

၆။ ဤဂါထာစကားအားလုံးကို မြတ်စွာဘုရားအား လျှောက်ထားတိုင်တည်ခြင်းဟူသော ဝါစသိက ဗျာပါဒသည် -- အနုဘာဝ။

၇။ ထိုဝိဘာဝ အနုဘာဝ၊ သတ္တိကာဘာဝ၊ ဗျဘိစာရီဘာဝ – တို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည်ပင် -- အယောဂသိင်္ဂါရ,ရသ မည်၏။

❀ (ငွါးငွါးစွင့်စွင့် ကားကားပွင့် ယမင့်လှရှုပါ။)

ပုံစံ (၂)

❀ သုဝဏ္ဏစိရ ဝသနေ၊ ဇာတရူပ သုမေခလေ။
သုသောဏိ တဝ ကာမေဟိ၊ နာဟံ ရဇ္ဇေန မတ္တိကော။ (ကုသဇာတ်)

❀ ရွှေခြည်ထိုးထမိကို ဝတ်ဆင်ထားသော ရွှေခါးပတ်ကို ပတ်ထားသောခါးနှင့် တင်လှသော အို– ပဘာဝတီ၊ သင့်ကို အလိုရှိခြင်းကြောင့် ငါသည်– မင်းအဖြစ်ကိုပင် မလိုချင်တော့ပြီ။

အမှာ။ ။ နောက်ဂါထာများကို အနက်မပေးတော့ပြီ။ ဆရာများက အနက်ပေးပြောပြကြပါလေ။

၁။ ကုသမင်း၏ ပဘာဝတီကို ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း ပီတိ၊ ရာဂပြတန်းသော အကုသိုလ်စိတ်အပြွာဒ်သည် -- ရတိဌာယီဘာဝ။

၂။ ပဘာဝတီမင်းသမီးသည် -- အာလမ္ဗဏဝိဘာဝ။

၃။ ပဘာဝတီမျာ၏ အဝတ်ခါးကြိုး တင့်တယ်သော ခါး စသော သွင်ပြင်မူရာသည် -- ဥဒ္ဒီပန ဝိဘာဝ။

http://www.dhammadownload.com



၄။ မင်း၏ အဖြစ်ကို အလိုမရှိတော့ဟု ဆိုခြင်းသည် — အနုဘာဝ။
၅။ ကြက်သီးမွေးညှင်းထခြင်း (မျက်ရည်ယိုခြင်း)သည် — သတ္တိကာဘာဝ။
၆။ ဆင်ခြင်စဉ်းစားခြင်း တက္က၊ စိတ်ဆင်းရဲခြင်း ဒီနတာ၊ အောက်မေ့အမှတ်ရခြင်း သတိ၊ သည်းမခံနိုင်ခြင်း အမရိသ တို့သည် — ဗျဘိစာရီဘာဝ။
၇။ ထိုဘာဝ ဝိဘာဝ အနုဘာဝ တို့ဖြင့် တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာဝသည်ပင်လျှင် ဤနေရာ၌ — အယောဂ သိင်္ဂါရ,ရသ မည်၏။

မှတ်ချက်။ ။ဤပုံစံကို ယောနိသျ စသော ရှေ့ဆရာများက အယောဂရသဟု ဆိုကြ၏။ ဘာင်္ဂီ– ဆရာက သမ္ဘောဂ ရသ ဟုဆို၏။ ပန်းကုံးဆရာက ဝိပ္ပယောဂရသ သာ ဖြစ်သင့်သည်ဟုဆို၏။

## ဝိပ္ပယောဂပုံစံ (၁)

❀ နဟရာမိ နဘုဉ္ဇာမိ၊ အာရာသိယံာမိ ဝါရိဇံ။
အထ ကေန န ဝဏ္ဏေန၊ ဂန္ဓတ္ထေနောတိ ဝုစ္စတိ။ (သိ–၄)

၁။ ကြာနံ့ကို နမ်းရှူခြင်းသည် — ရတိဋ္ဌာယီဘာဝ။
၂။ ကြာနံ့သည် — အာလမ္ဗဏဝိဘာဝ။
၃။ ကြာနံ့ကို ဆောင်သောလေ၊ အနံ့၏ ကောင်းခြင်းဟူသော ဂုဏ်တို့သည် — ဥဒ္ဒီပနဝိဘာဝ။
၄။ အနံ့သူခိုးဟု အဆိုခံရခြင်းသည် — အနုဘာဝ။
၅။ အသံဖောက်ပြန်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်း စသည်တို့သည် — သတ္တိကာဘာဝ။
၆။ အဘယ့်ကြောင့် အဆိုခံရပါသနည်းဟု ကြံစည်ခြင်း၊ ဆင်ခြင်ခြင်း၊ စဉ်းစားခြင်းသည် — ဗျဘိစာရီဘာဝ။
၇။ ထိုဘာဝ ဝိဘာဝ .... ပ .... — ဝိပ္ပယောဂသိင်္ဂါရ,ရသ။

http://www.dhammadownload.com



## ပုံစံ (၂)

✽ သာတတ္တပရိဒေဝေသိ၊ ရာဇပုတ္တိ ယသဿိနီ။
သမ္မုလာ ဥတုမတ္တက္ခာ၊ ဝနေ နာထံ အပဿန္တီ။

၁။ သောတ္တိသေနနှင့် သမ္မုလာမင်းသမီးတို့၏ ချစ်ခြင်းကား — ရတိဋ္ဌာယိဘာဝ။
၂။ နာထံအရ ကြင်ဘက်သောတ္တိသေနကား — အာလမ္ဗဏဝိဘာဝ။
၃။ အပဿန္တီအရ မတွေ့မြင်ရခြင်းကား — ဥဒ္ဒီပနဝိဘာဝ။
၄။ သောကလှိုက်ဆူ မျက်ရည်ပူပြည့် တွေဝေသောမျက်စိရှိခြင်း စသောအကျိုးအဆက်ဆက်သည် — အနုဘာဝ။
၅။ ထို ဘာဝ ----- ပ ----- — ဝိပ္ပယောဂသိင်္ဂါရ,ရသ။

## ပုံစံ (၃)

✽ ဒိသွာ ဘတ္တု သုဏာနိ၊ ဝသနာနိ ဝိဏံ ပိစ။
ပရောဒိ ကန္တိကာနန္ဒာ၊ ဝိယောဂါ ကန္တနန္ဒတော။

၁။ ရူပနန္ဒာနှင့် နန္ဒမင်းသားတို့၏ ချစ်ခြင်းသည် — ရတိဋ္ဌာယိဘာဝ။
၂။ နန္ဒမင်းသားသည် — အာလမ္ဗဏဝိဘာဝ။
၃။ အဝတ်တန်ဆာ ဝတ်လဲတော်တီးနေကျ စောင်းတို့သည် — ဥဒ္ဒီပနဝိဘာဝ။
၄။ ငိုကြွေးခြင်းစသည်သည် — အနုဘာဝဝိဘာဝ။
၅။ ထိုဘာဝ ဝိဘာဝ ----- ပ ----- — ဝိယောဂသိင်္ဂါရ,ရသ။

• • • • •

## သမ္ဘောဂသိင်္ဂါရ,ရသ ပုံစံ (၁)

✽ စိရပ္ပဝါသိ ပုရိသံ၊ ဒူရတော သောတ္တိ အာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။

http://www.dhammadownload.com



၁။ ဆွေမျိုးစသည်တို့၏ သန္တာန်၌ ဖြစ်သော နှစ်သက်ခြင်းပီတိသည်
-- ရတိဋ္ဌာယီဘာဝ။

၂။ ကြားမြင့်စွာ ကွဲကွာနေသော ယောက်ျားသည် -- အာလမ္ဗဏဝိဘာဝ။

၃။ ချမ်းသာစွာ ပြန်လာခြင်းသည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ ကိုယ်အမူအရာ နှုတ်အမူအရာတို့သည် -- အနုဘာဝ။

၅။ ကြက်သီးမွေးညှင်းထခြင်း စသည်တို့သည် -- သတ္တိကာဘာဝ။

၆။ စိတ်ကြည်လင်ခြင်း ရွှင်လန်းခြင်း ဟရိသ စသည်တို့သည်
-- ဗျဘိစာရီဘာဝ။

၇။ ထိုဘာဝဝိဘာဝ ----- ပ ----- -- သမ္ဘောဂ သိင်္ဂါရ,ရသ။

## ပုံစံ (၂)

ဂီတသဒ္ဒေန ကပိယ၊ ဗန္ဓကရိ ဝ ဝိဝသံ။
ယာမံ ဒုက္ခရေ နိယောဇေသိ၊ လဒ္ဓါ သေရန္ဓတိ မယာ။

၁။ အလိုသို့ပါအောင် ကာမနှောင်ကြိုးဖြင့် ဆွဲငင်ရစ်ပတ်ခြင်းသည်
-- ရတိဋ္ဌာယီ။

၂။ ဣရန္ဓတိ နဂါးပျိုမသည် -- အာလမ္ဗဏဝိဘာဝ။

၃။ သီချင်းသံသည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ ပြုနိုင်ခဲသောအမှု၌ စေခိုင်းခြင်းသည် -- ဗျဘိစာရီဘာဝ။

၅။ ရတိဋ္ဌာယိဘာဝ၏ ထင်ရှားတိုးပွားစေခြင်းမှာ ဂီတသဒ္ဒေန အစရှိသည်ဖြင့် ဖွဲ့နွဲ့ရွတ်ဆို ကြကုန်သော ကဗျာဆရာ တို့၏ ဝါစသိကပယောဂ၊ ကချေသည်တို့၏ ကပြမှုဟူသော ကာယိကဗျာပါဒတို့သည်ကား– -- အနုဘာဝ။

၆။ ထိုဘာဝ ဝိဘာဝ ----- ပ ----- -- သမ္ဘောဂသိင်္ဂါရ,ရသ။

* * * * *

http://www.dhammadownload.com



## ဓမ္မသိင်္ဂါရ,ရသ ပုံစံ (၁)

❁ ကရဏာသီတလ ဟဒယံ၊ ပညာပဇ္ဇောတ ဝိဟတ မောဟတမံ။
သနရာမရ လောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။ သိ–၅။

၁။ ဝန္ဒေ ဟူသော ပါဠိအရ ကာယပယောဂစေတနာ၊ စဝိပဏာမစေတနာ။
မနောပဏာမ စေတနာနှင့်တကွ သောပီတိသည် -- ဓမ္မရတိဌာယီဘာဝ။
၂။ မြတ်စွာဘုရားသခင်ဒြဗ်တော်သည် -- အာလမ္ဗဏဝိဘာဝ။
၃။ ကရုဏာသီတလ ဟဒယံ စသော ဝိသေသနပုဒ်တို့ဖြင့် ပြအပ်သော ဂုဏ်တော်၊ လက္ခဏာဟာရ နေတ္တိနည်းအားဖြင့် ပြအပ်သော ဂုဏ်တော်ဉာဏ်တော်တို့သည်
-- ဥဒ္ဒီပန ဝိဘာဝ။
၄။ ရှိခိုးသော ကိုယ်နှုတ်အမူအရာနှင့်တကွ ရှိခိုးသဖြင့် ရအပ်သော ပသာဒ ပီတိ၊ ပါမောဇ္ဇ စသောအကျိုး၊ အန္တရာယ်ကင်းခြင်း၊ ကျမ်းပြီးခြင်း အကျိုးသည်
--. အနုဘာဝ။
၅။ ကြက်သီးမွေးညှင်းထခြင်း၊ ရောမဥ္စ စသည်တို့သည် -- သတ္တိကာဘာဝ။
၆။ အလိုပြည့်၍ နှစ်သက်ခြင်း ပီတိ၊ စိတ်ရွှင်လန်းခြင်း ဟရိသ၊ ဟုတ်တိုင်းမှန်စွာ သိခြင်း မတိ တို့သည် -- ဗျဘိစာရီဘာဝ။
၇။ ထိုဘာဝ ----- ပ ----- -- ဓမ္မသိင်္ဂါရ,ရသ မည်၏။

❁ ဖန်ဝါနီမြန်း ကမ္မဋ္ဌာန်း ရဟန်းကျင့်ဘော့မှာ။

## ပုံစံ (၂)

❁ ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒိပဿ။

❁ ဘုရားဘုရားဟု ထုတ်ဖော်ကြွေးကြော်သောသူ၏ သန္တာန်၌ဖြစ်သော ပီတိကို ရှု၍ထုတ်ပါ။

http://www.dhammadownload.com



## ပုံစံ (၃)

❀ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

* ရှိုးခိုးသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ကာယ ဝစီ မနောပဏာမနှင့် တကွဖြစ်သော ပီတိစေတသိက်သည် ဓမ္မရတိဌာယီဘာဝ။

မှတ်ချက်။ ။ ဤသို့ ဓမ္မသိင်္ဂါရ,ရသကို ထုတ်ခြင်းသည် သမဌာယီဘာဝ သန္တရသကို သိးခြား မပြသော အဘိတန်ဋီကာ ကျမ်း၏ အလိုတည်း။

ဤအလင်္ကာကျမ်း၏ အလိုအားဖြင့် ထိုပုံစံသည် သန္တရသ၏ ပုံစံသာ ဖြစ်သင့်၏။

### ယုဒ္ဓသိင်္ဂါရ,ရသ ပုံစံ

❀ အလိနစိတ္တင်္ကနိဿာယ၊ ပဟဋ္ဌာ မဟတိ စမူ။
ကောသလံ သေနာသန္တုဋ္ဌ၊ ဇိဝ္ဂါပိဟံ အဂါဟယိ။

၁။ ဗာရာဏသီပြည်သား စစ်သည်များတို့၏ စစ်တိုက်ခြင်း၌ သာယာနှစ်သက်ခြင်းသည် -- ရတိဌာယီဘာဝ။

၂။ စစ်သည်ဗိုလ်ပါနှင့်တကွသော ကောသလမင်းသည် -- အာလမ္ဗဏဝိဘာဝ။

၃။ ဘုရားအလောင်းတော် အလိနမင်းသား မင်္ဂလာဆင် အာဇာနည် ချပ်မိန်သို့ လက်နက် စသည်တို့သည် -- ဥဒ္ဒိပနဝိဘာဝ။

၄။ ကောသလမင်းကို အရှင်လက်ရ ဖမ်းယူခြင်း၊ စစ်အောင်ခြင်း စသည်တို့သည် -- အနုဘာဝ။

၅။ သေဒဝေဝဏ္ဏိယ စသည်တို့သည် -- သတ္တိကာဘာဝ။

၆။ ကိုယ်စိတ်ပင်ပန်းခြင်း သမ၊ အဆောတလျှင်ပြုလုပ်ခြင်း အာဝေဂ စသည်တို့သည် -- ဗျဘိစာရီဘာဝ။

၇။ ထို ဘာဝ ----- ပ ----- -- ယုဒ္ဓသိင်္ဂါရ,ရသ မည်၏။

မှတ်ချက်။ ။ ယုဒ္ဓသိင်္ဂါရ,ရသ ဟူသည် အခြားမဟုတ်၊ လာလတ္တံ့သော ယုဒ္ဓဝီရ,ရသတို့ပင် ဖြစ်၏။

* * * * *

http://www.dhammadownload.com



(၃၅၈) ဝိကာရာကတိ ----------ပ---------- ပဘုတိနံ့ သော။

## (၂) ဟာသဋ္ဌာယီဘာဝအဓိပ္ပာယ်

ပင်ကိုယ်သဘောမှ ထူခြားသောအမူအရာ အစရှိသည်တို့ဖြင့် မိမိနှင့် သူတစ်ပါးတို့၏ ရယ်ရွှင်ခြင်းသည် ဟာသ ဋ္ဌာယီဘာဝမည်၏။

(ဝိကာရာကတိအာဒိဟိ ----- ပ ----- ဟာသော ကိုထောက်)

### ဟာသဋ္ဌာယီဘာဝ မှုချ– ဥပစာ

* ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော သောမနဿဇော (၁၃)ပါးတို့တွင် တစ်ပါးပါးသည် မှုချအားဖြင့် ဟာသဋ္ဌာယီ ဘာဝ ဟာဿရသ မည်၏။
* ထိုသောမနဿဇောသည် ဖြစ်စေအပ်သော ပြုံးရယ်ခြင်း စိတ္တဇရုပ်သည် ဋ္ဌာနူပစာ အားဖြင့် ဟာသဋ္ဌာယီဘာဝ–ဟာဿရသ မည်၏။

### ဟာသဋ္ဌာယီဘာဝ အဖြစ်များရာပုဂ္ဂိုလ်

ယင်းဋ္ဌာယီဘာဝသည် များသောအားဖြင့် မိန်းမတို့၏ သန္တာန်၌ဖြစ်သည်။ (ဘိယျောတ္ထိ ပဘုတိနံ့သော– ကိုထောက်)

### ဝိကာရာကတိအာဒီဟိ၌ အာကတိ၏ သရုပ်

အာကတိသည် အရုပ်အရွယ် အသွင်တို့နှင့်မလျော်သော ဆံထုံးခြင်း၊ သွားခြင်း၊ ရပ်ခြင်း စသော အာကတိ၊ နစ္စ ဂီတ စသော အာကတိအားဖြင့် နှစ်ပါးအပြားရှိ၏။

### ဟာဿအပြား

၁။ သောမနဿ ၂။ မုဒိတာ –ဟု နှစ်မျိုးပြား၏။

http://www.dhammadownload.com



## ဟာသဋ္ဌာယီဘာဝထုတ်နည်း

၁။ ရယ်ရွှင်ခြင်းသောမနသဿဝေဒနာပြတန်းသော စိတ္တုပ္ပါဒ်သည် -- ဟာသဋ္ဌာယီဘာဝ။

(အတ္တနောထ ပရဿ ဝါ ဟာသော)

၂။ ယင်းရယ်ရွှင်ခြင်း၏ အကြောင်းဖြစ်သော စကား၊ ဖောက်ပြန်သောစကား၊ ဖောက်ပြန်သောအမူအရာရှိသူ အံ့သြဖွယ် ဝတ္ထုတို့သည် -- အာလမ္ဗဏ
(ဝိကာရကတိ အာဒီဟိ)

၃။ ဖောက်ပြန်သော အခြင်းအရာ၊ ဖောက်ပြန်သောစကား၊ ဖောက်ပြန်သောအမူအရာ အံ့သြဖွယ်သည် -- ဥဒ္ဒိပန
(ဝိကာရကတိ အာဒီဟိ– ကိုပင် ကြည့်ထုတ်)

၄။ သေဒ အဿု စသည်တို့သည် -- သတ္တိကာဘာဝ။

၅။ နိဒ္ဒါသမ အာလဿ မုစ္ဆာ စသည်တို့သည် -- ဗျဘိစာရီဘာဝ။
(နိဒ္ဒါသမလျှ မုစ္ဆာဒိ ဗျဘိစာရိဘိ– ကိုကြည့်ထုတ်)

၆။ နိဒ္ဒါ စသည်တို့သည် -- အနုဘာဝ။
**တစ်နည်း။** ။ မျက်စိမှိတ်ခြင်း၊ နှုတ်ခမ်းလှုပ်ခြင်း တို့သည် အနုဘာဝ။

၇။ ဝိဘာဝ အနုဘာဝ သတ္တိကာဘာဝ ဗျဘိစာရီဘာဝ တို့ဖြင့် တိုးပွားစေအပ်သော ဟာသဋ္ဌာယီဘာဝသည်ပင် -- ဟဿရသ မည်၏။
(ပရိပေါသေ သိယာဟသော– ကို ကြည့်ထုတ်)

**ဆောင်။** ။ ရယ်ရွှင်ခြင်းမှ ဟာသယူလော့၊ မူရာဖောက်ပြား ဝတ္ထုများမှာ အာရမ္မဏဝိဘာဝ တည်း၊ ဖောက်ထမူရာ စသည်မှာလျှင် ဥဒ္ဒိတွင်ဘိ၊ မျက်စိမှိတ်မှု နှုတ်လှုပ်မှုမှာ အနုဘာမှတ်၊ ဝိသရဿု ဝေပထုမှာ သတ္တိကာ တည်၊ နိဒ္ဒါသမအာလဿ စသား သဘောများကို ဗျဘိဆိုလော့၊ ထိုလိုဖွင့်မှ ယင်းဟာသသည် ဟဿရသာ ပေါ်ထွက်လာ။

http://www.dhammadownload.com



## သောမနဿ ဟာသဋ္ဌာယိဘာဝ ပုံစံ(၁)

※ ကောနုဝဋ္ဋိတ ဘတ္တောဝ၊ ပူရဟတ္ထောဝ ဖြဟ္မဏော။
ကဟံနု ဘိက္ခံ အစရိ၊ ကံ သဒ္ဓံ ဥပသင်္ကမိ။ (တိက– ကစ္စပ)

၁။ ဘုရားလောင်း၏ သန္တာန်၌ဖြစ်သော ရယ်ရွှင်ခြင်း သောမနဿဝေဒနာ ပြတန်းသော စိတ္တုပ္ပါဒ်သည် -- ဟာသဋ္ဌာယိ ဘာဝ။
၂။ မျှောက်သည် -- အာလမ္ဗဏဝိဘာဝ။
၃။ အင်္ဂါဇာတ်ကို ခဲထားသောလိပ်ကြီးကို မယူလာသောအမူအရာသည် -- ဥဒ္ဒိပနဝိဘာဝ။
၄။ သေဒ စသည်တို့သည် -- သတ္တိကာဘာဝ။
၅။ ဘုရားလောင်း၏ ရွှယ်ရွှင်ခြင်းဟူသော ဟရိသ၊ နောက်ထပ် မရယ်မိအောင် ဣန္ဒြေ ဆယ်ခြင်းဟူသော အဗဟိတ္ထ တို့သည် -- ဗျာဘိစာရီဘာဝ။
၆။ ဤဂါထာကို ရွတ်ဆို၍ မေးမြန်းခြင်းဟူသော ဝါစသိက ဗျာပါဒသည် -- အနုဘာဝ။
၇။ ထိုဘာဝ ----- ပ ----- -- ဟဿရသ မည်၏။

## ပုံစံ(၂)

※ တတော သက္ကော ဒေဝရာဇာ နာဠုကံ ပေသေသိ၊
သောဒိဗ္ဗနာဠုကံ ဒသေတွာ ဟသာပေသိ။ (သိ–၅)

၁။ မဟာပနာဒမင်းသားကလေး၏ သန္တာန်၌ဖြစ်သော လောဘမူ သောမနဿ စိတ္တုပ္ပါဒ်သည် -- ဟာသဋ္ဌာယိဘာဝ။
၂။ နတ်ကချေသည်,သည် -- အာလမ္ဗဏဝိဘာဝ။
၃။ နတ်ကချေသည်၏ လက်တစ်ဖက်သာလျှင် လှုပ်ခြင်း စသော ဖောက်ပြန်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာသည် -- ဥဒ္ဒိပနဝိဘာဝ။
၄။ မျက်စိမှိတ်ခြင်း၊ နှုတ်ခမ်းလှုပ်ခြင်း စသည်တို့သည် -- အနုဘာဝ။

http://www.dhammadownload.com



၅။ မျက်ရည်ထွက်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ အသံဖောက်ပြန်ခြင်း စသည်တို့သည်
— သတ္တိကာ ဘာဝ။

၆။ ဣန္ဒြေဆယ်ခြင်း စသည်သည် — ဗျဘိစာရီဝိဘာဝ။

၇။ ထိုဘာဝ ------ ၀ ------ — ဟာဿရသ မည်၏။

## ဟာသဍ္ဍာယီဘာဝ ပုံစံတစ်ချို့

- ရေကြည်ရောင်းခ အဘိုးရတဲ့ ငွေစ,လေးရွေး မြို့ရိုးကြားမှာ သူနေရှာတဲ့ ဟိုဟာကလေးကိုလည်း ပြေး၍ယူချင်လှ ပါသေးသည်။
(ရေသည်ပြဇာတ်)
- နွားအို မြက်နုကြိုက်ကြီး။
- စောက်ထိုးထမီလှန် အကျီ နာရီလည်ပင်းမှာ။

မှတ်ချက်။ ။ ရေသည်ယောက်ျား၏ ပုံစံနှင့် နွားအိုမြက်နုကြိုက်ကြီး ထိုစောက်ထိုးထမီ စသော စကားတို့၌ အပြောခံရသော ပုဂ္ဂိုလ်တို့၏ အမူအရာတို့ကို ကြည့်ထုတ်။

## မုဒိတာတရားကိုယ်ပုံစံ

- စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ။
ဉာတိ မိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။

၁။ ဤ၌ အဘိနန္ဒန္တိအရ– မုဒိတာပြတန်းသော စိတ္တုပ္ပါဒ်သည် ဟာသဍ္ဍာယီ စသည်။

မှတ်ချက်။ ။ ဤပုံစံကို သမ္ဘောဂ သိင်္ဂါရ,ရသလည်း ဆိုကြသည်။ ဝတ္ထုံစွာအားလျော်စွာ အမျိုးမျိုးထုတ်နိုင်၏။

* * * * *

http://www.dhammadownload.com



(၃၅၉–၃၆၀) သိတ ဓိဟ -------- --ပ---------- မေပိစကမသော။

## ရယ်ခြင်း (၆)မျိုးဖြစ်ရာ ပုဂ္ဂိုလ် (၃)စား

၁။ မျက်စိဖွင့်ရုံ ရယ်ခြင်း သိတ။

၂။ သွားပေါ်ရုံ ရယ်ခြင်း ဟသိတ။

ဤနှစ်မျိုးသည် အမြတ်စားပုဂ္ဂိုလ်၌ ဖြစ်၏။

၃။ ဖြေးညှင်းချိုသာ အသံထွက်ရုံမျှရယ်ခြင်း ဝိဟသိတ။

၄။ ပခုံးဦးခေါင်းလှုပ်အောင်ရယ်ခြင်း ဥပဟသိတ။

ဤနှစ်မျိုးသည် အလတ်စားပုဂ္ဂိုလ်၌ ဖြစ်၏။

၅။ မျက်ရည်ထွက်အောင်ရယ်ခြင်း အပဟသိတ။

၆။ တစ်ကိုယ်လုံး သိမ့်သိမ့်ခါ ကိုယ်ကို ပစ်လှဲ၍ ရယ်ခြင်း အတိဟသိတ။

ဤနှစ်မျိုးသည် အညံ့စားပုဂ္ဂိုလ်၌ ဖြစ်၏။

ဆောင်။ ။ ပွင့်ရုံမျက်စိ ရယ်ရွှင်ဘိသော် သိတခေါ်၏။ သွားပေါ်ရုံမျှရယ်က ဟသိ– လူမြတ်သိလော့၊ ထွက်ဘိသံညှင်း ရယ်ခြင်း ဝိဟ၊ သိတခေါ်ဆို၊ ပုခုံးကို လှုပ်၊ ခေါင်းကိုလှုပ်ကာ ရယ်တုံပါမူ မှတ်ယူ ဥပ၊ ဟသိတမည်၊ နှစ်ဝ သတ်မှတ် လူအလတ်တည့်၊ ယိုစွတ်မျက်ရည် ရယ်ခြင်းသည်ကား မည်လေအပဟသိတတည့်၊ ပြင်းလှထန်စွာ ကိုယ်လုံးခါ၍ ရယ်ပါအတိ ဟသိမှတ်သား ဤနှစ်ပါးကား ယုတ်ကြားသူသာ ရယ်ရွှင်ပါသည်၊ မှတ်ပါ (၆)မျိုး သုံးစားတည်း။

## သောမနဿဓော (၁၃)ခုကို ဟဿရသ ယူနိုင်ပုံ

သောမနဿဇဝနန္တိ ပနေတ္ထ တေရသ ဟာသနမ္ပိ စနေန္တိ– ဟု အဘိဓမ္မတ္ထ သင်္ဂဟ၌ မိန်သောကြောင့် ယူနိုင်ပါသည်။

* * * * *

http://www.dhammadownload.com



(၃၆၁) သောကရူပေါတု ------------ပ------------ ဗျဘိစာရိတော။

## (၃) ကရုဏာရသအဓိပ္ပာယ်

အလိုမရှိအပ်သော အနိဋ္ဌာရုံသို့ရောက်ခြင်း၊ အလိုရှိအပ်သော ဣဋ္ဌာရုံ၏ ပျက်စီးခြင်းကြောင့်ဖြစ်သော သောကဋ္ဌာယီ ဘာဝသည် ကရုဏာရသ မည်၏။

## ဤနေရာ၌ ကရုဏောဟု ပုံလိင်ထားပုံ

သောကရူပေါတု ကရုဏော–၌ ကရုဏာပုဒ်သည် ဣတ္ထိလိင်ဖြစ်သော်လည်း ရသောကို ငဲ့၍ ကရုဏောဟု ပုံလိင် ထား၏။ ထို့ကြောင့်– ကရုဏာ ယဿ အတ္ထိတိ–ကရုဏောဟု ဝိဂ္ဂဟပြု။

## ကရုဏာရသ အပြား

၁။ ကာမနှင့်ဆိုင်သော ကရုဏာရသ။
၂။ ဓမ္မနှင့်ဆိုင်သော ကရုဏာရသ။ ပေါင်း – ၂ – ပါး။

## သောကဋ္ဌာယီဘာဝ စသည်ထုတ်နည်း

၁။ ဝမ်းနည်းပူဆွေးသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါမနဿ ဝေဒနာပြတန်းသော စိတ္တုပ္ပါဒ်သည် -- သောက ဋ္ဌာယီဘာဝ။
(သောကရူပေါတု ကရုဏော)
၂။ ဝမ်းနည်းပူဆွေးရခြင်း၏ အကြောင်းဖြစ်သော သတ္တဝါ သင်္ခါရတို့သည် -- အာလမ္ဗဏ ဝိဘာဝ။
(အနိဋ္ဌပ္ပတ္တိဣဋ္ဌ နာသတော)
၃။ အလိုရှိအပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့၏ ကွေ့ကွင်းပျက်စီးခြင်း၊ အလိုမရှိအပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့ကို ရခြင်းသည် -- ဥဒ္ဒီပနဝိဘာဝ။
(အနိဋ္ဌပ္ပတ္တိဣဋ္ဌနာသတော)

http://www.dhammadownload.com



၄။ အသုံ့ စသည်တို့သည် -- သတ္တိကာဘာဝ။
၅။ ဝိသာဒ အာလသျ မရဏ စိန္တာ– စသည်တို့သည် -- ဗျဘိစာရီဘာဝ။
(ဝိသာဒါလသျ မရဏ စိန္တာဒိ ဗျဘိစာရိနော)
၆။ ရုဒိတ ပလျ ထမ္ဘက စသည်တို့သည် -- အနုဘာဝ။
(သတ္တာ နုဘာဝါ ရုဒိတ ပလျ ထမ္ဘကာဒယော)
၇။ ထိုဘာဝ ----- ပ ----- သောကဋ္ဌာယီဘာဝသည်-- ကရုဏာရသ မည်၏။

ဆောင်။ ။ စိုးရိမ်ခြင်းကို သောကဆိုလော့၊ အလိုရှိအပ် မရှိအပ်ဟု နှစ်ရပ်ဝတ္ထုအစုစုမှာ အာရမ်သာတည်၊ ကွဲကွာ ပျက်ပြားဆုံရှုံးဟု မှတ်သားကာမ ဥဒ္ဒိပတည်။ ငိုရခြင်းရာ သညာပျောက်ကင်းတောင့်တင်းစွာ နုဘာဝါမှတ်၊ ဝိသာလသျ မရဏ စိန္တာ စသည်မှာလျှင် ဗျဘိတွင်သည် ဖွင့်လျှင် ကရုဏာအရသာ။

## သောကဋ္ဌာယီဘာဝ ကရုဏာရသပုံစံ (၁)

❀ တတော ဝဿန္တရော ရာဇာ၊ ဒါနံ ဒတွာန ခတ္တိယော။
ပဏ္ဏသာလံ ပဝိသိတွာ၊ ကလုနံ ပရိဒေဝယိ။

၁။ ဝေဿန္တရာမင်း၏ သန္တာန်၌ဖြစ်သော ပူဆွေးဝမ်းနည်းခြင်း ဒေါမနဿ ဝေဒနာပြတန်းသော စိတ္တုပ္ပါဒ်သည် -- သောကဋ္ဌာယီဘာဝ။
(ကျန်အားလုံး ထင်ရှားသိသာပြီ)

## ပုံစံ (၂)

❀ စောဒိတာ ဒေဝဒူတေဟိ၊ ယေပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာရူပဂါ နရာ။ (သီ–၄ ၃၆)

ပြန်။ ။ သေမင်းတမာန်တို့သည် တိုက်တွန်းနှိုးဆော်အပ်ပါကုန်လျက် အကြင်သတ္တဝါတို့သည် ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ကြကာ အပါယ်သို့ လားကြရကုန်၏။ ထိုသတ္တဝါတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး ပူဆွေးကြရကုန်၏။

http://www.dhammadownload.com



၁။ ကုသိုလ်ကောင်းမှု မေ့လျော့သော သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော ဒေါမနဿဝေဒနာ ပြတာန်းသော စိတ္တုပ္ပါဒ်သည် -- သောကဋ္ဌာယီဘာဝ။

၂။ ကုသိုလ်ကောင်းမှု၌ မေ့လျော့သောသူတို့သည် -- အာလမ္ဗဏဝိဘာဝ။

၃။ မသူတော်ကို မှီဝဲခြင်း၊ မလျောက်ပတ်သောအရပ်၌ နေခြင်း– စသည်တို့သည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ အပါယ်ဘုံသို့ လားရခြင်း ပူဆွေးရခြင်းစသော အကျိုးအဆက်ဆက်သည် -- အနုဘာဝ။

## ပုံစံ (၃)

❁ · သားတော် အာဇာတသတ်မင်းသည် မိခင် ဝေဒေဟီ မိဖုရားကြီးကို ဘခင် ဗိမ္ဗိသာရ မင်းကြီးထံ မသွားဖို့ တားမြစ်၏။
ထိုအခါ မိဖုရားကြီးသည် တံခါးဝ၌ ရပ်၍ အမျိုးမျိုး ပြောဆိုကန်တော့ကာ ငို၍ ပြန်သွား၏။ (သီ–၅ ၌ ပါဠိ ရှိ၏)

၁။ ဤစကား၌လည်း ဝေဒေဟီမိဖုရားကြီး၏ သန္တာန်၌ ငိုကြွေးမည်တမ်းသော အခြင်းအရာ အားဖြင့်ဖြစ်သော ဒေါမနဿဝေဒနာသည် --သောကဋ္ဌာယီဘာဝ မည်၏။ (ကျန်ထင်ရှားသိသာပြီ)

## ပုံစံ (၄)

❁ ဝါးကွဲထမ်းပိုး ဆိုင်းပေါင်ကျိုးနှင့် ပုဆိုးညစ်တေ– ရောင်ထန်းစေ့မှတ် ခေါင်းမွေးစုတ်တဲ့ ကျုပ်ဖအေငယ်။ (ရေသည်ပြဇာတ်)

❁ အမိမဲ့သား ရေနည်းငါး ဘိုးဘွားဒုက္ခိတာ။

❁ အစာလည်းငတ်၊ ရေလည်းပြတ် မတ်ရပ်မထုသာ။

❁ ရေသည်ယောက်ျားရဲ့ သနားစရာ ပုံဟန်မူရာကို ကြည့်၍ဖြစ်သော ကရုဏာပြတာန်းသော စိတ္တုပ္ပါဒ်ကြည့်ထုတ်)

http://www.dhammadownload.com



## ဝမ္ဗနှင့်ဆိုင်သော ကရုဏာရသ

❀ နေဝါဟမတ္တာန မနတ္တုနာမိ၊ နပုတ္တ ဒါရံ နဓနရဇ္ဇံ။

သတဥ္စဝမ္ဗော ပုရာဏောစရိတော၊ တံသင်္ကရံ ဗြဟ္မဏာသာနုတပ္ပေ။

၁။ ဤပုံစံ အချိန်းအချက် စကားပျက်မည်မှ စိုးရိမ်ခြင်းသည်
-- သောကဗျာဘိစာရီဘာဝ

၂။ စကားသည်လည်းကောင်း၊ ပုဏ္ဏားသည်လည်းကောင်း
-- အာလမ္ဗဏဝိဘာဝ။

၃။ ချိန်းချက်ထားခြင်းသည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ အချိန်းအချက်ပျက်မည်မှ ပူပန်လှပါသည်ဟု ဆိုခြင်းသည်
-- အနုဘာဝ။

၅။ ထို ဘာဝ ----- ပ ----- -- ကရုဏာရသ။

* * * * *

**(၃၆၂) ကောဓေမဏ္ဍရိ -----------ပ----------- ရသောဘာဝေ။**

## (၄) ရုဒ္ဒရသ အစိပ္ပာယ်

ဝန်တိုခြင်းအစရှိသော ဝိဘာဝတို့ကြောင့်ဖြစ်သော ကောဓဗျာဘိစာရီဘာဝသည် ရုဒ္ဒရသ မည်၏။

## ဤဂါထာကိုကြည့်၍ ကောဓဗျာဘိစာရီဘာဝ ရုဒ္ဒရသ ထုတ်ပုံ

၁။ ကြမ်းကြုတ်ခက်ထန်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသစေတသိက်သည်
-- ကောဓဗျာဘိစာရီဘာဝ။

(ကောဓေ--ကြည့်ထုတ်)

၂။ ထိုကောဓဗျာဘိစာရီဘာဝ၌ အလိုမရှိအပ်သော အနိဋ္ဌဖြစ်သည့် ဝတ္ထုအာရုံသည်လည်း ကောင်း၊ ရန်သူသည်လည်းကောင်း -- အာလမ္ဗဏဝိဘာဝ။

http://www.dhammadownload.com



၃။ ဝန်တိုခြင်း မစ္ဆရိယ– ထိုကောဇကို တိုးပွားစေတတ်သော ရန်သူ၏ အပြုအမူ စသည်တို့
သည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ ထိုကောဇအားလျော်သော သော ဝေပထု စသည့်တို့သည်
-- သတ္တိကာဘာဝ။

၅။ စိတ်ခြောက်ခြားခြင်း တာသ၊ မူးယစ်ခြင်း မဒ၊ တွေဝေခြင်း မသိခြင်း မောဟ၊ သည်းမခံ
နိုင်ခြင်း အမရိသ စသည်တို့သည် -- ဗျဘိစာရိဘာဝ။
(တာသမဒမောဟ)

၆။ မျက်လုံးနီခြင်း၊ မျက်မှောင်ကြုတ်ခြင်း၊ လက်ခမောင်းခတ်ခြင်း စသည်တို့သည်
-- အနု ဘာဝ။

(နယနာရုဏတာဒီဟိ)

၇။ ထို ဘာဝ ----- ပ ----- ကောဇဌာယီဘာဝသည်ပင်
-- ရုဒ္ဒရသ မည်၏။

(ရုဒ္ဒေါနာမ ရသော ဘဝေ။)

ဆောင်။ ။ မျက်ထွက်ခြင်းကို ကောဇဆိုလော့၊ မလိုဝတ္ထု ရန်သူစုမှာ အာရမ်သာဆို၊ ဝန်တို မစ္ဆရိ၊ မရှိဥဒ္ဒီ၊ မျက်လုံး နီမှု အစပြု၍ အနုဘာဝ မှတ်သားကြလော့၊ တာသမဒ မောဟာ မရိ အစရှိမှု ဗျဘိစာပေ တိုးပွားစေသည် မည်လေ ရုဒ္ဒရသတည်း။

## ကောဇဌာယီဘာဝ ရုဒ္ဒရသ (၁)

❀ နဟိန္နူနာယံ သာခုဇ္ဇာ၊ လဘိစ္စိတ္တာယ ဆေဒနံ။
သုနိသိတေန သတ္တေန၊ ဓေဒ္ဒဏ္ဍါသိတ ဘဏံ။

၁။ စိတ်ဆိုးသော ပဘာဝတီ၏ သန္တာန်၌ဖြစ်သော ဒေါသပြတန်းသော စိတ္တုပါဒ်သည်
-- ကောဇဌာယီဘာဝ။

၂။ ခုဇ္ဇာသည် -- အာလမ္ဗဏဝိဘာဝ။

၃။ ခုဇ္ဇာ၏ အောင်သွယ်စကား၊ တံခါးပိတ်ထားသော အမူအရာများသည်
-- ဥဒ္ဒီပနဝိဘာဝ။

http://www.dhammadownload.com



၄။ သေဒ ဝေပထု စသည်တို့သည် -- သတ္တိကာဘာဝ။
၅။ ရိုက်ရအောင် လိုက်သောလှံလ ဗျာပါဒ ဟူသော ဥသုက၊ ခက်ထန်ကြမ်းကြုတ်သော အမူအရာဟူသော ဥဂ္ဂတ စသည်တို့သည် -- ဗျဘိစာရိဘာဝ။
၆။ ဤဂါထာကို ရွတ်ဆိုသော ပဘာဝတီ၏ ဝစီပယောဂသည်
-- အနုဘာဝ။
၇။ ထိုဘာဝ ----- ပ ----- -- ရုဒ္ဒရသ မည်၏။
❀ ကျောင်းတက်မမှန် အကျင့်တန် ဆက်ဆံရိုင်းပြစွာ။

## ရုဒ္ဒရသပုံစံ (၂)

❀ အယဥ္စ် ပိတုမာရိတကာလတော ပဋ္ဌာယ နေဝရတ္တိံ န ဒိဝါနိဒ္ဒံ လဘတိ။

၁။ နလဘတိအရ– အာဇာတသတ်မင်း၏ သန္တာန်၌ အိပ်မပျော်သော အခြင်းအရာအားဖြင့် ဖြစ်သော ကုက္ကုစ္စပြတာန်းသော ဒေါသမှု စိတ္တုပ္ပါဒ်သည်-- ကောဓဋ္ဌာယိဝိဘာဝ။
၂။ ဗိမ္ဗိသာရမင်းသည် -- အရမ္မဏဝိဘာဝ။
၃။ ဗိမ္ဗိသာရမင်း၏ ဂုဏ်ကျေးဇူးအပေါင်းသည်လည်းကောင်း၊ အယောနိသော မနသိကာရ သည်လည်းကောင်း– -- ဥဒ္ဒီပန ဝိဘာဝ။
၄။ ကာယိကဒုက္ခ စေတသိကဒုက္ခသည် -- အနုဘာဝ။
၅။ ထို ဘာဝ ဝိဘာဝ ----- ပ ----- -- ရုဒ္ဒရသ မည်၏။

## ရုဒ္ဒရသ ပုံစံ(၃)

❀ သိရောတေ ဗဇ္ဈယိတွာန၊ ဟဒယံ ဆေတွာ သဗန္ဓနံ။
ဗန္ဓ သကုဏံ ယဓိဿာမိ၊ တုယှံ မံသေန ဗြဟ္မဏ။ (ဝေဿန္တရာဇာတ်)
(စူဇကာပုဏ္ဏားနှင့် မုဆိုးတွေ့ခက်းဝယ် ပုဏ္ဏားကို မုဆိုးကြိမ်းဝါးသော ဂါထာ)

http://www.dhammadownload.com



၁။ သာမဏ္ဍိယအားဖြင့် မုဆိုး၏ သန္တာန်ဖြစ်သော အမျက်ထွက်ခြင်း ဒေါသသည်
-- ကောဓ ဌာယိဘာဝ။

(ကျန်သိသာထင်ရှားပြီ)

## ရုဒ္ဒရသ ပုံစံ(၄)

❀ ပရဝဓ္မာ နုပသိသ၊ နိစ္စံ ဥဇ္ဈာန သညိနော။
အာသဝါ တဿဝဍ္ဎန္တိ၊ အာရာသော အာသဝက္ခယော။

၁။ သူတစ်ပါးကို ကဲ့ရဲ့လိုခြင်း သညာနှင့်တကွဖြစ်သော ဒေါသသည်
-- ကောဓဌာယိဘာဝ။

(ကျန်သိသာထင်ရှားပြီ)

## ရုဒ္ဒရသ ပုံစံ(၅)

❀ မနောနုရုဋ္ဌနော မာရဂ်ဏာသိဂ်ါရ ဝိဗ္ဘ မော။
ဗိနေနာ သမကုညာတော၊ မာရဿ ဟာဒယာနလော။

၁။ မြတ်စွာဘုရားအား အမျက်ထွက်နေသော မာရ်နတ်မင်း၏ ဒေါသပြတ်နိုးသော စိတ္တုပ္ပါဒ်သည်- -- ကောဓဌာယိဘာဝ။

(ကျန်သိသာထင်ရှားပြီ)

* * * * *

(၃၆၃) ပတာ ပဝိဏ္ဏမာ ----------ပ---------- ဗျဘိစာရိနော။

## (၅) ဝီရ,ရသ အစိပ္ပာယ်

ရန်သူတို့က ပူပန်စေခြင်း၊ မိမိတို့နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခြင်း အစရှိသော ဝိဘာဝတို့ကြောင့်ဖြစ်သော ဥဿာဟဌာယိဘာဝကို ဝီရ,ရသဟု ခေါ်သည်။

http://www.dhammadownload.com



## ဝီရ,ရသ အပြား

ထိုဝီရ, ရသသည် စစ်တိုက်ခြင်း၊ အလှူပေးခြင်း၊ သနားခြင်း၊ တရားအားထုတ်ခြင်းနှင့် ယှဉ်သောကြောင့်–

၁။ ရဏ (ယုဒ္ဓ) ဝီရရသ စစ်တိုက်မှုနှင့်ယှဉ်သော၊ စစ်တိုက်ဖို့ရန် ရဲရင့်သောဝီရ,ရသ။

၂။ ဒါနဝီရ,ရသ– ပေးကမ်းလှူဒါန်းမှုနှင့်ယှဉ်သော ဝီရ,ရသ။

၃။ ဒယာဝီရ,ရသ– သနားကရုဏာနှင့်ယှဉ်သော ဝီရ ရသ။

၄။ ဓမ္မဝီရ,ရသ– တရားနှင့်ယှဉ်သော ဝီရ ရသ –ဟု (၄)ပါး ရှိ၏။

ဆောင်။ ။ အားမာန်တက်မှု ဝင့်ဝါပြု မှတ်ရှု ဝီရပါ။

* ရန်ဘက်ပေးလှူ တရားယူ ပွားမှု သုံးမျိုးလာ။

## တစ်နည်း ဝီရ,ရသ အပြား (၁၂)ပါး

သီလဝီရ,ရသ၊ နေက္ခမ္မ ဝီရ,ရသ စသော ပါရမီဝီရ,ရသ ကိုးပါးနှင့် အထက်ပါ ရဏ (ယုဒ္ဓ) ဒါန–ဒယာ– ဟူသော သုံးပါးနှင့်ပေါင်းသော် ဝီရ,ရသ အပြား (၁၂)ပါး ဖြစ်ပါသည်။

## ဓိတိမတ္တာ ဒယော–၌ အာဒိသဒ္ဒါ၏ အာဒိဝန်

အာဒိဝန်ကား– ဥဂ္ဂတ ကြမ်းကြုတ်ခြင်း၊ ဂဗ္ဗ – မာန်မူခြင်း စသည်ဖြစ်ပါသည်။

## ပတာပနှင့် ဝိက္ကမအထူး

* ဥစ္စာအင်အား တန်ခိုးဒဏ်ထားခြင်းကြောင့်ဖြစ်သော တန်ခိုးသည် ပတာပ။

* သူတစ်ပါး၏ နိုင်ငံနယ်ပယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ကျူးကျော်ခြင်းသည် ဝိက္ကမ။

ဤသို့ထူး–

http://www.dhammadownload.com



## ဥဿာဟနှင့် ဝီရအထူး

* ဒုက္ခကို သည်းခံ၍ တက်တက်ကြွကြွ ကြိုးစားမှုဝီရိယသည် ဥဿာဟ။
* တွေ့ကြုံလာသော ဘေးဒုက္ခကြောင့် မကြောက်မရွံ့ ရဲဝံ့သော ဝီရိယသည် ဝီရ,ရသ။

## (က) ဥဿာဟ ယုဒ္ဓဝီရ,ရသနှင့် အပြား

စစ်တိုက်ခြင်းကိုဖြစ်စေတတ်သော ဝီရိယသည် ဥဿာဟဌာယီဘာဝ ဝီရ,ရသ မည်၏။

၁။ သတ္တုယုဒ္ဓ ဝီရ,ရသ– သတ္တုဝါတို့ကို စစ်တိုက်ရာ၌ ရဲရင့်မှု။
၂။ ကိလေသ ယုဒ္ဓဝီရ,ရသ– ကိလေသာကို စစ်တိုက်ရာ၌ ရဲရင့်မှု။ – ပေါင်း (၂)ပါး။

## ဤဂါထာ၌ ဥဿာဟဌာယီဘာဝ စသည်ထုတ်ပုံ

၁။ စစ်တိုက်ခြင်း စသည်ကိုဖြစ်စေတတ်သော ဝီရိယပြတာန်းသော စိတ္တုပါဒ်သည်
-- ဥဿါဟ ဌာယီဘာဝ၊

(ဥဿာဟော– ကြည့်ထုတ်)

၂။ တစ်ဖက်ရန်သူ့စသည်တို့သည် -- အာလမ္ဗဏ ဝိဘာဝ။
၃။ ရန်သူ၏ အပြုအမူ တန်ခိုးလုလ္လ စသည်တို့သည် -- ဥဒ္ဒီပနဝိဘာဝ။
(ပတာပဝိက္ကမာဒီဟိ)
၄။ ဒေသ စသည်တို့သည်– -- သတ္တိကာဘာဝ။
၅။ စစ်တိုက်ခြင်း၊ ဖေးကမ်းခြင်း၊ သနားစောင့်ရှောက်ခြင်း တို့သည်
-- အနုဘာဝ။

(တောဝါနုဘာဝါ)

၆။ ရောင့်ရဲနှစ်သက်ခြင်း ပီတိ၊ သိခြင်း မတိ၊ ကြမ်းကြုတ်ခြင်း ဥဂ္ဂတာ စသည်တို့သည်
-- ဗျဘိစာရီဘာဝ။

(ဓိတိမတျာဒယော ဗျဘိစာရိနော)

၇။ ထို ဘာဝ ----- ပ ------ ဥဿဟဌာယီဘာဝသည်ပင်
-- ဝီရ,ရသ မည်၏။

http://www.dhammadownload.com



ဆောင်။ ။ ရဲရင့် အားကြီးဝီရိယမျိုးကို ခေါ်ရိုး ဂိရ ဥဿာဟတည့်၊ ယုဒ္ဓဒါနာဒယာ ယှဉ်ရိုး ကြားသုံးမျိုးပေ၊ တန်ခိုး လုလ္လ ဝိဘဝသာ၊ ရဏဒါနာဒယာတို့ပင် နဘာတွင်၏။ များဖြင် ဓိတိ၊ မတိ စသား သဘောများသည် မည်ငြားဗျဘိစာရီတည်း။

## (က) ရဏ (ယုဒ္ဓ) ဝီရ,ရသ ပုံစံ

❀ ဟတ္ထိခန္ဓဋ္ဌ အာရုယှ၊ အာရောပေတွာ ပဘာဝတိံ။
သင်္ဂါမံ ဩတရိတွာ၊ သီဟနာဒံ နဒီကုသော။

၁။ စစ်တိုက်ရန် လုလ္လထုတ်သော ကုသမင်း၏ သန္တာန်၌ဖြစ်သော ဝီရိယပြတန်းသော စိတ္တုပ္ပါဒ်သည် -- ဥဿာဟ ဌာယီဘာဝ။
၂။ ခုနစ်ပြည်ထောင်မင်းတို့သည် -- အာလမ္ဗဏဝိဘာဝ။
၃။ ထိုမင်းတို့က ပဘာဝတီခမည်းတော်၏ နိုင်ငံသို့ ကျူးကျော်ခြင်း၊ ပဘာဝတီကို ပေးရမည်ဟု တောင်းဆိုခြင်းတို့သည် -- ဥဒ္ဒိပနဝိဘာဝ။
၄။ ချွေးထွက်ခြင်း သေဒ စသည်တို့သည် -- သတ္တိကာဘာဝ။
၅။ စိတ်ဓာတ်တည်ကြည်ခြင်း ဓိတိ၊ စစ်တိုက်မည်ဟု ဆုံးဖြတ်ခြင်း မတိ တို့သည် -- ဗျဘိစာရီဘာဝ။
၆။ ကုသမင်း၏ မရွံ့မကြောက် ခြသေ့်ဟောက်သို့ ရဲရဲတောက်အသံကို ကြွေးဝါးခြင်းသည် -- အနုဘာဝ။
၇။ ထို ဘာဝ ----- ပ ----- ဥဿာဟဌာယီဘာဝသည်ပင် ရဏ (ယုဒ္ဓ) ဝီရ,ရသ မည်၏။

## ရဏ(ယုဒ္ဓ) ဝီရ,ရသ ပုံစံ(၂)

❀ ယော မာရသေန မာဿနူ၊ မာသနူဝိဖယုဿဝေါ။
တိဏာယပိ နမညိတ္တွာ၊ သော ဝေါ ဒေတု ဖယံ ဇိနော။

http://www.dhammadownload.com



၁။ အနီးသို့ စစ်တိုက်လာသော မာရ်နတ်မင်းစစ်သည်များကို မြက်မှိုက်လောက်မျှ မအောက်မေ့ဟု ပြောဆိုခြင်း၊ ဝီရယပြတန်းသော စိတ္တုပ္ပါဒ်သည်-- ဉဿာဟဋ္ဌာယိဘာဝ။ (ကျန်သိသာထင်ရှားပြီ)

* နမြူပိုင်ရှင် ကမ္ဘာတွင် ငါလျှင် မင်းစကြာ။

## ပုံစံ (၃)

※ အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အနုံ အဂ္ဂိံ ဝ သန္ဓမံ။

၁။ ကုန်သွယ်ရေး၌ လိမ္မာကျွမ်းကျင်သော ပညာရှိ၏ သန္တာန်၌ဖြစ်သော ဝီရိယပြတန်းသော စိတ္တုပ္ပါဒ်သည် -- ဉဿဟ ဋ္ဌာယိဘာဝ။
၂။ အနည်းငယ်သော အရင်းအနှီးဥစ္စာသည် -- အာရမ္ဘဏဝိဘာဝ။
၃။ ကုန်သွယ်ရေး၌ လိမ္မာကျွမ်းကျင်ခြင်းသည် -- ဥဒ္ဒီပနဝိဘာဝ။
၄။ ဥစ္စာအခြံအရံ တိုးပွားခြင်း၊ ယင်းတိုးပွားသော ဥစ္စာအခြံအရံ၌ တည်ခြင်း၊ ထင်ရှားကျော်စောခြင်းသည် -- အနုဘာဝ။
၅။ ထိုဘာဝ ----- ပ ----- -- ဝီရ ရသ မည်၏။

## ပုံစံ (၄)

※ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်ပါကွာ။

၁။ ကြီးဝါးသူ၏ သန္တာန် ဖွဲ့လုလ္လဝီရိယပြတန်းသော စိတ္တုပ္ပါဒ်- ကြည့်ထုတ်။

## (က) ၂။ ကိလေသယုဒ္ဓ ဝီရ,ရသပုံစံ

※ တေ နမုစိ တေ သေနာ၊ ကဏှနဿာ ဘိပ္ပဟာရိနီ။
န နံ အသူရော ဇိနာတိ၊ ဇေတွာ စ လဘတေ သုခံ။
သေမုဉ္ဇံ ပရိဟရေ၊ ဓိရတ္ထု ဣဓ ဇီဝိတံ။
သင်္ဂါမေ မေ မတံ သေယျော၊ ယဉ္စေ ဇီဝေ ပရာဇိတော။ (ပဓာနသုတ်)

http://www.dhammadownload.com



၁။ ဤ၌ ကိလေသာတို့နှင့် စစ်တိုက်ခြင်း သမ္ဗုပ္ပတန် လုံ့လ ဝိရိယတို့သည်~ -- ဥဿာဟ ဌာယီဘာဝ။

၂။ ကိလေသာတို့သည် -- အာရမ္မဏဝိဘာဝ။

၃။ ကိလေသာတို့၏ အာရုံဖြစ်သော တရား၊ ထိုကိလေသာတို့၏ ပူပန်စေတတ်သောသဘော သည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ ဤဂါထာ (ကဗျာ)ကို ရွတ်ဆိုခြင်းသည် -- အနုဘာဝ။

၅။ အသက်ရှည်ဖို့ရန် ငြီးငွေ့ခြင်း နိဗ္ဗေဒ၊ စစ်တိုက်ဖို့ရန် ဆုံးဖြတ်ခြင်း မတိတို့သည် -- ဗျဘိစာရိဝိဘာဝ။

၆။ ထို ဘာဝ ----- ပ ----- -- (ကိလေသ) ယုဒ္ဓဝီရ,ရသ မည်၏။

## (ခ) ဒါနဝီရ,ရသ ပုံစံ(၁)

❁ ကော် တေ ယာစမာနဿ၊ ဥဘယာနိ ဒဒါမဟံ။
သစက္ခုမာ တုဝံ ဂစ္ဆ၊ မဟာဇနဿ ပေက္ခတော။

၁။ မျက်လုံးများကို ပေးလှူသော သိဝိမင်း၏ သန္တာန်၌ဖြစ်သော ရဲရင့်သည့် ဝိရိယပြတန်း - သော စိတ်အုပ္ပါဒ်သည် -- ဥဿာဟ ဌာယီဘာဝ။

၂။ မျက်စိကို အလှူခံသော ပုဏ္ဏားသည် -- အာလမ္ဗဏဝိဘာဝ။

၃။ အလှူခံလာသော ပုဏ္ဏား၏ မျက်စိမမြင်ပုံ အခြင်းအရာသည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ ခိုင်မြဲတည်ကြည်သော ပီတိ၊ လှူမည်ဟု ဆုံးဖြတ်သော မတိတို့သည် -- ဗျဘိစာရီဘာဝ။

၅။ ဤဂါထာကို နှုတ်ဖြင့် ရွတ်ဆိုခြင်းသည် (တစ်နည်း) မျက်စိနှစ်လုံးကို ပေးလှူခြင်းသည် -- အနုဘာဝ။

၆။ ထို ဘာဝ ----- ပ ----- -- ဒါနဝီရ,ရသ မည်၏။

❁ ဘုရားဖြစ်ရေး အသက်သွေးစွန့်ပေး အခါခါ။

http://www.dhammadownload.com



## ပုံစံ (၂)

ဏ ဇာလိ ကဏှာဇိနံ ဓီတံ၊ မဒ္ဒိဒေဝိံ ပတိဗ္ဗတံ။
စဇမာနော နစိန္တေသိံ၊ ဗောဓိယာယေဝ ကာရဏာ။

၁။ ဝေဿန္တရာမင်းကြီး၏ သန္တာန်၌ ပေးလှူခြင်းနှင့်ယှဉ်သော ရဲရင့်သော ဝီရိယပြတာန်းသော စိတ္တုပ္ပါဒ်သည် -- ဥဿာဟဌာယီဘာဝ။
၂။ အလှူခံပုဏ္ဏား သားတော် သမီးတော် မဒ္ဒိဒေဝီမိဖုရားသည် -- အာလမ္ဗဏဝိဘာဝ။
၃။ သဒ္ဓါတရား သဗ္ဗညုတဉာဏ်သည် -- ဥဒ္ဒီပနဝိဘာဝ။
၄။ ပေးလှူခြင်း ဘုရားဖြစ်တော်မူခြင်း စသည် -- အနုဘာဝ။
၅။ ထို ဘာဝ ----- ပ ------ -- ဒါနဝီရ,ရသ မည်၏။

## (ဂ) ဥဿာဟ ဒယာဝီရ,ရသ ပုံစံ(၁)

ဏ ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။ (ဗုဒ္ဓဝင်ပါဠိ)

၁။ သတ္တဝါတို့ကို သနားခြင်းနှင့်ယှဉ်သော ဝီရိယသည် -- ဥဿာဟဌာယီဘာဝ။
၂။ နတ်လူအပေါင်းသည် -- အာလမ္ဗဏဝိဘာဝ။
၃။ ထိုနတ်လူအပေါင်း၏ ဆင်းရဲဒုက္ခသည် -- ဥဒ္ဒီပနဝိဘာဝ။
၄။ ဤပုံစံပါ စကားကို ကျူးရင့်မြွက်ဆိုခြင်းသည် -- အနုဘာဝ။
၅။ ဘုရားဖြစ်အောင် အားထုတ်မည်၊ သတ္တဝါတို့ကို ကယ်တင်မည်ဟု ကြံစည်ခြင်း တက္ကဆုံးဖြတ်ခြင်း မတိတို့သည် -- ဗျဘိစာရီဘာဝ။
၆။ ထို ဘာဝ ----- ပ ----- -- ဒယာဝီရ,ရသ မည်၏။

http://www.dhammadownload.com



## ပုံစံ (၂)

❀ ကုလာဝကာ သိမ္ဗလိမှိ၊ ဤသာဝဋယ မာတလိ။
စဓံပိ အသုရေ ပါဏံ၊ မာဟုံ ဝိက္ကုလဝါဒိဇာ။

၁။ သိကြားမင်း၏ သနားခြင်းကြောင့် မာတလိကို ဗျာပါရကြီးစွာဖြင့် အမိန့်ပေးခြင်းသည် -- ဥဿာဟဌာယီဘာဝ။

၂။ ဂဠုန်ငှက်ကလေးများသည် -- အာလမ္ဗဏဝိဘာဝ။

၃။ ငှက်ကလေးများ၏ ကြောက်လန့်၍ အော်သံသည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ စိတ်၏ မကြောက်ရွံ့တည်ကြည်ခြင်း ဓိတိ၊ အသေခံဖို့ရန် ဆုံးဖြတ်ခြင်း မတိ စသည်တို့သည် -- ဗျဘိစာရီဘာဝ။

၅။ ငှက်ငယ်တို့ကို စောင့်ရှောက်ခြင်း ဒယာ၊ ဤဂါထာကို ပြောဆိုခြင်း ဝစီ ဗျာပါရတို့သည် -- အနုဘာဝ။

၆။ ထို ဘာဝ ----- ပ ----- -- ဒယာဝီရ,ရသ မည်၏။

### ကရုဏာရသနှင့် ဒယာဝီရ,ရသ အထူး

❀ ဒုက္ခိတသတ္တဝါအား သနားရုံမျှ သနားလျှင် ကရုဏာရသ။

❀ သနားခြင်းကြောင့် တစ်စုံတစ်ခု ပြုလုပ်ပေးဖို့ အင်အားစိုက်ထုတ် အပတ်တကုတ် ကြိုးစားလျှင် ဒယာဝီရ,ရသ။

**ဆောင်။** ။ သနားရုံမျှ သနားကမူ ရသကရု။
သနားမှုကြောင့် တစ်ခုခုမျှ ကြိုးစားက မှတ်ကြ ဒယာဝီရပါ။

### (ဃ) ဥဿာဟဝမ္မဝီရ,ရသ (၁)

❀ ကိဥ္စိမေပဟိတတ္တဿ၊ လောဟိတံ နပသုဿယေ။
လောဟိတေ သုဿမာနမှိ၊ ပိတ္တံသေမှုဥ္စ သုဿတိ။
မံသေသု ခီယမာနေသု၊ ဘိယျော စိတ္တံ ပသီဒတိ။

http://www.dhammadownload.com



၁။ အားထုတ်ခြင်းသည် -- ဥဿာဟဋ္ဌာယီဘာဝ။

၂။ နိဗ္ဗာန်သည်လည်းကောင်း၊ ကမ္မဋ္ဌာန်းအာရုံသည်လည်းကောင်း
-- အာလမ္ဗဏဝိဘာဝ။

၃။ စိမ်းစိုသော တောတောင် ချောက်ကမ္ဘားရံ၊ ကျောင်းသင်္ခမ်းတို့သည်
-- ဥဒ္ဒိပနဝိဘာဝ။

၄။ သွေးသား စသည်တို့ ခြောက်သွေ့ခြင်းသည် -- အနုဘာဝ။

၅။ စိတ်ကြည်လင်ခြင်းသည် -- ဗျဘိစာရီဘာဝ။

၆။ ထို ဘာဝ ----- ပ ----- -- ဝမ္မဝီရ,ရသ မည်၏။

❁ ရိုးကြေရေခန်း ကြိုးအားပမ်း မင်္ဂလမ်း ဖိုလ်ရောက်ရာ။

## ပုံစံ (၂)

❁ တိစီဝရဋ္ဌ ပဏ္ဍောစ၊ ဝါသိ သူစိစ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော။

၁။ တရားအားထုတ်သော ရဟန်း၏ ကုသိုလ်စေတနာနှင့်တကွသော ဝီရိယသည်
-- ဥဿဟ ဋ္ဌာယီဘာဝ။

## ပုံစံ (၃)

❁ တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတော ဘယေ။
နသက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တ မပိ ကေနစိ။

၁။ ဘုရားရှင်တို့ကို ပူဇော်သောသူ၏ ပူဇာစေတနာနှင့်တကွသော ဝီရိယသည်
-- ဥဿာဟ ဋ္ဌာယီဘာဝ။

## ဝီရလေးမျိုးလုံး ပုံစံ

❁ အစိတွာ သဏ္ဌာဝံ ဥဗ္ဗိ ်၊ အယန္တ ဝိဝိဓေ မခေ။
အဒတွာ စတ္တ မတ္တိနော၊ ဘဝေယျံ ပတ္တိဝေါ ကထံ။

http://www.dhammadownload.com



* အဇ္ဇိတ္တွာ သဏ္ဌာဝ် သမ္ဘိ – ဖြင့် ယုဒ္ဓဝိရကို ပြ၏။
* အယဓ္ဓဝိဝိဓေ မခေ– ဖြင့် ဓမ္မဝိရကို ပြ၏။
* အဒတွာ စတ္တ မတ္တိနော– ဖြင့် သူတောင်းစားတို့ကို သနားလွန်ခြင်း ဒယာဝိရကို ပြ၏။
* ပေးလှူခြင်း ဒါန ဝီရ တို့ကို ပြ၏။

* * * * *

(၃၆၄) ဝိကာရိသန ----------ပ---------- ဗျာဘိစာရီနော။

၆။ ဘယနကရသအဓိပ္ပာယ်

ပင်ကိုယ်သဘောမှ ထူးခြားသောသဘောရှိသော အသံ၊ ထူးခြားခြင်းရှိသော သတ္တဝါ အစရှိသော ဝိဘာဝတို့ကြောင့် ဖြစ်သော ကြောက်ခြင်း၏ လွန်ကဲခြင်းသည် ဘယာနက,ရသ မည်၏။

ဤဂါထာကို ရှု၍ ဘယဋ္ဌာယီဘာဝ စသည်ထုတ်ပုံ

၁။ ကြောက်တတ်သောသဘောရှိသောသူ၏ သန္တာန်၌ဖြစ်သော ဆုတ်နစ်သော အခြင်း အရာအားဖြင့်ဖြစ်သော ဒေါသ ပြတန်းသော စိတ္တုပါဒ်သည်– -- ဘယဋ္ဌာယီဘာဝ။

(ဘယုက္တံသော)

၂။ ကြောက်စရာဖြစ်သော အသံ စသော ဝတ္ထု၊ ကြောက်စရာဖြစ်သော ပုဂ္ဂိုလ်တို့သည် -- အာလမ္ဗဏဝိဘာဝ။

၃။ ထိုကြောက်စရာဖြစ်သော အသံ၊ ဝတ္ထု၊ ပုဂ္ဂိုလ်တို့၏ ဖောက်ပြန်သော အမူအရာ၊ အသံ စသည်တို့သည်– -- ဥဒ္ဒီပနဝိဘာဝ။

(ဝိကာရာသနသတ္တာဒိ)

၄။ ထိတ်လန့်ခြင်း တာသ စသည်တို့သည် — ဗျာဘိစာရီဘာဝ။

၅။ ကြောက်တတ်သူ၏ ချွေးထွက်ခြင်း၊ အဆင်းဖောက်ပြန်ခြင်း၊ အသံဖောက်ပြန်ခြင်း၊ မေ့မြောခြင်း၊ ကြက်သီးထခြင်း စသည်တို့သည် -- အနုဘာဝ။

(သေဒါဒယော နုဘာဝေတ္တ)

http://www.dhammadownload.com



၆။ ထို ဘာဝ ----- ပ ----- ဘယဋ္ဌာယီဘာဝသည်ပင်

-- ဘယာနကရသ မည်၏။

(ဘယ်ပုက္ကံသော ဘယာနကော)

ဆောင်။ ။ * ဆုတ်နစ်တွန့်တို ဒေါသကိုလျှင် ခေါ်ဆိုဘယာ ဋ္ဌာယီသာတည်း၊ ကြောက်ရာဝတ္ထု ပုဂ္ဂိုလ်စုကို ကောက်မှု အာရမ် အသံမှုရာ ဥဒ္ဒီသာတည်း၊ သေဒါစရှိ နုဘာသီလော့၊ ထိတ်ဘီတာသ၊ ဗျာဘိ စသည် ပြည့်ပါဘယာနက တည်း။

* လောကုတ်လောကီ ပိုင်းခြားရည် နှစ်လီဘယမှာ။

* ရုပ်နာမ် ခန္ဓာ အနိစ္စာ စိတ်မှာ တုန်လှုပ်လာ။ (လောကုတ်)

* တေးလုံလက်နက် ကျားဆင်ဝက် သဘက်ဘီလူးရှာ။ (လောကီ)

## ဘယနကရသ ပုံစံ(၁)

❀ တသ္သ တံ နဒတော သုတွာ၊ သီဟဿေ ပိတရေ မိဂါ။
ခတ္တိယာ ဝိပ္ပလာယိံ သု၊ ကုသဿ ဘယဋ္ဋိတာ။

၁။ ကြောက်လန့်ကြကုန်သော ခုနစ်ပြည်ထောင်မင်းတို့၏ သန္တာန်၌ဖြစ်သော ဆုတ်နစ်သော ဒေါသပြတန်းသော စိတ္တုပ္ပါဒ်သည် ဘယဋ္ဌာယီဘာဝ။

## ပုံစံ(၂)

❀ တသ္သ တံဒိသ္သာ သရီရတော သေဒါ မုစ္စိံ သု၊ အန္တောကုစ္ဆိမှိ ပရိဝတ္တ မာနော ၊ဟာရဝံ ဝိရဝိ (သိ–၅)

၁။ ဤ၌ (တသ္သ တံ ဒိသ္သာ စသော ပါဠ်တို့၏ အစွမ်းသတ္တိဖြင့်ပြအပ်သော) အမှုဋ၏ ကြောက်ရွံ့ခြင်းသည် -- ဘယဋ္ဌာယီဘာဝ။

၂။ သိကြားမင်းသည် -- အာလမ္ဗဏဝိဘာဝ။

၃။ ထိုသိကြားမင်းသည် ဖန်ဆင်းထားအပ်သော ကြီးစွာသော ဦးခေါင်း၊ သင်းခွေပန်းကဲ့သို့ ဖြူဖွေးသောအစွယ် စသည်တို့သည် -- ဥဒ္ဒီပနဝိဘာဝ။

http://www.dhammadownload.com



၄။ အမ္ဗဋ္ဌ၏ ချွေးထွက်ခြင်း၊ ဝမ်းထဲ၌ ကြီးစွာသော အသံဖြစ်ခြင်းတို့သည် -- အနုဘာဝ။

၅။ တာသ အာဝေဂ ဂိလာနိ ဒိနတာ စသည်တို့သည် -- ဗျဘိစာရီဘာဝ။

၆။ ထိုဘာဝ ----- ၈ ----- -- ဘယာနကရသ မည်၏။

## ပုံစံ (၃)

❁ သီဟောစ သီဟနာဒေန၊ ဒဠှံရုံ အဘိနာဒယိ။
သုတွာ သီဟဿ နိဂ္ဃောသံ၊ သိင်္ဂါလော ဒဋ္ဌရေ ဝသံ။
ဘီတော သန္တာသမာပါဒိ၊ ဟဒယဉ္စဿ အဖလိ။ (ဒုကနိပါတ်)

၁။ မြေခွေး၏ သန္တာန်၌ဖြစ်သော ဆုတ်နစ်သော ဒေါသပြတာန်းသော ကြောက်ရွံ့သော စိတ္တုပ္ပါဒ်သည် -- ဘယဋ္ဌာယီ ဘာဝ။

မှတ်ချက်။ ။ဩတ္တပ္ပ သဟောတပ္ပ ဓမ္မသံဝေဂတို့ကိုလည်း ဘယာနကရသ ထဲသို့ သွင်းကြသေး၏။

* * * * *

## (၃၆၅) ဇိဂုစ္ဆာ ----------ပ---------- ဟိဿ ပေါသနံ။

## ၇။ ဗီဘစ္ဆရသ အဓိပ္ပာယ်

သွေးအပုတ်နံ့ မနှစ်သက်အပ်သော ဝတ္ထုစသော ဝိဘာဝတို့ကြောင့် စက်ဆုတ်ရွံ့ရှာခြင်း ဇိဂုစ္ဆာ ဌာယီဘာဝသည် ဓေါဘန ဥဗ္ဗေဂ ကရုဏာယုတ ဗီဘစ္ဆရသ မည်၏။

## စက်ဆုတ်မှု ဇိဂုစ္ဆာနှင့် သာယာအပ်သော ရ...တွဲပုံ

* ဇိဂုစ္ဆာရုဓိရာဒီဟိ ----- ပ ----- ဏမေန ကရုဏာယုတော ကိုထောက်၍-

၁။ ရုဓိရ– စသည်တို့ကြောင့်ဖြစ်သော ဇိဂုစ္ဆာမျိုး၌ ခေါဘနဗီဘစ္ဆရသ ရနိုင်ပါသည်။

http://www.dhammadownload.com



၂။ ပုတိ စသည်တို့ကြောင့်ဖြစ်သော ဇိဂုစ္ဆာမျိုး၌ ကရုဏာယုတ ဗီဘစ္ဆရသ ရနိုင်ပါသည်။
၃။ ဝိရာဂကြောင့်ဖြစ်သော ဇိဂုစ္ဆာမျိုး၌ ကရုဏာယုတ ဗီဘစ္ဆရသ ရနိုင်ပါသည်။

## တစ်နည်း ဇိဂုစ္ဆာအပြား

၁။ ရုဓိရ ၂။ ပုတိ ၃။ ဝိရာဂ ၄။ ဩဗ္ဗုဒ္ဓပ္ပ ပေါင်း (၄)ပါး

## ဩဗ္ဗုဒ္ဓပ္ပ ပုံစံ

※ ဇိဂုစ္ဆာမိတိ ဂူထံ ဒိသွာဝိယ ဇိဂုစ္ဆံ ဥပ္ပါဒေမိ (သီ–၅)

ဥပမေယျ စကားရပ်၌ မြတ်စွာဘုရားသခင်၏ သန္တာန်၌ လူ့ဒိပါဠိဟာရိယကို စက်ဆုတ်မသော အခြင်းအရာအားဖြင့်ဖြစ်သော ဩဗ္ဗုဒ္ဓပ္ပပြတာန်းသော မဟာကြိယာစိတ္တုပ္ပါဒ်သည်
-- ဇိဂုစ္ဆာဌာယီဘာဝ။

* ဥပမာစကားရပ်၌ ပစင်ကို တွေ့မြင်ရသောသူတို့၏ သန္တာန်၌ စက်ဆုတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြတာန်သော စိတ္တုပ္ပါဒ်သည် ဇိဂုစ္ဆာဌာယီဘာဝ။

## * ဇိဂုစ္ဆာ ---- ပ ---- ပေါသန်ဂါထာကို ရှု၍ ဌာယီဘာဝ စသည်ထုတ်ပုံ

၁။ သွေး စသည်တို့ကြောင့်လည်းကောင်း၊ အပုတ်နံ စသည်တို့ကြောင့်လည်းကောင်း ဖြစ်သော စက်ဆုတ်ရွံ့ရှာခြင်း ဒေါသ၊ ထိတ်လန့်ငြီးငွေ့ခြင်း ဩဗ္ဗုဒ္ဓပ္ပပြတာန်းသော စိတ္တုပ္ပါဒ်သည်
-- ဇိဂုစ္ဆာဌာယီဘာဝ။
(ဇိဂုစ္ဆာ ရုဓိရာဒိဟိ ----- ပ ---- ကရုဏာယုတော– ကို ရှု)
၂။ သွေး စသည်တို့သည်လည်းကောင်း၊ အကောင်ပုတ် စသည်တို့သည်လည်းကောင်း
-- အာလမ္ဗဏဝိဘာဝ။
၃။ သွေးပြည်ယိုခြင်း၊ ပိုးလောက်ကျခြင်း၊ ရုပ်နာမ်ခန္ဓာ စသည်တို့သည်
-- ဥဒ္ဒီပနဝိဘာဝ။
(ရုဓိရာဒိဟိ ပုတျာဒိဟိ ဝိရာဂတော– ကို ရှု)

http://www.dhammadownload.com



၄။ ယုံမှားခြင်း စသည်တို့သည်- -- ဗျဘိစာရီဘာဝ။
(သင်္ကာဒီဟိဿ ပေါသန်– ကိုရှု)
၅။ နှာခေါင်းရှုံ့ခြင်း၊ မျက်နှာလွှဲခြင်း၊ တံတွေးထွေးခြင်း စသည်တို့သည်
-- အနုဘာဝ။
(နာသာဝိကုနနာဒီဟိ– ကိုရှု)
၆။ ထိုဘာဝ ----- ပ ----- ဇိဂုစ္ဆာဌာယီဘာဝသည်ပင်
-- ဗီဘစ္ဆရသ မည်၏။
(ဗီဘစ္ဆော ခေါ်ဘနုဗ္ဗေဂီ– ကိုရှု)

ဆောင်။ ။ စက်ဆုတ်ရွံ ရှာ ဇိဂုစ္ဆာတည့်၊ ရွံရှာဖွယ်မှု ဝတ္ထုစုလျှင် အာရမ်တင်၏။ သွေးလျှင် ယိုကျ ပုတ်ပွနံဘိ ကျိကျိ လောက်တက် ပြည်ထွက်စိုစို စသည်ကိုမူ ဥဒ္ဒီယူပါ၊ မျက်နှာလွှဲမှု နှာရှုံ့မှုကို အနုဘာဝါ မှတ်လေပါလော့၊ တာသာ စသား ဗျဘိ ထားသည် တိုးပွားဝိဘစ္ဆ မည်သတည်း။

## ရုစိရကြောင့် ဗီဘစ္ဆရသပုံစံ

❀ ပါယံပါယံ ကဝါရိုန်၊ သောဏိတံ ပါဏိသမ္ဘုဇ္ဇိုက်။
ကောဏပါ သဟနစ္စန္တိ၊ ကဗန္ဓေ ဟျန္တဘူသဏာ။

၁။ စက်ဆုတ်ရွံရှာခြင်းသည် -- ဇိဂုစ္ဆာဌာယီဘာဝ။
၂။ သွေးအူတို့သည် -- အာလမ္ဗဏဝိဘာဝ။
၃။ လက်ခုပ်တို့ဖြင့် ယူ၍သောက်ခြင်း၊ ဦးခေါင်းမပါ ခန္ဓာကိုယ်ချည်းသာဖြစ်သော ကဗန္ဓ်ရုံ ပြိတ္တာတို့နှင့် တွဲ၍ ကခြင်း တို့သည် -- ဥဒ္ဒီပနဝိဘာဝ။
၄။ နှာခေါင်းရှုံ့ခြင်း စသည်တို့သည် -- အနုဘာဝ။
၅။ ထိုဘာဝ ---- ပ ----- ဇိဂုစ္ဆာဌာယီဘာဝသည်ပင်-- ဥဗ္ဗေဂိဗီဘစ္ဆရသ မည်၏။

❀ ကျင်ငယ် ကျင်ကြီး သွေးပြည်စီး ညီးညီးကိုယ်ခန္ဓာ။

http://www.dhammadownload.com



## ပူတိကြောင့် ဓိဂုစ္ဆာဖြစ်ပုံ

❀ အသုစိ ပူတိလောမောသိ၊ ဒုဂ္ဂန္ဓော ဝါတိ သူကရ။
သစေ ယုဇ္ဈိတကာမောသိ၊ ဇယံ သမ္မ ဒါမိ တေ။

၁။ စက်ဆုတ်ရွံရှာသော ခြသေ့်မင်း၏ သန္တာန်၌ဖြစ်သော ဒေါသပြဓာန်းသော စိတ္တုပါဒ်သည် -- ဓိဂုစ္ဆာဌာယီဘာဝ။
၂။ သူနှင့် အဖက်မလုပ်– ဟုထင်ခြင်း ဂမ္ဘ သည် -- ဗျဘိစာရီဘာဝ။

## ဓိဂုစ္ဆာ ပုံစံတစ်မျိုး

❀ ဥဘော ပါဒါနိ ဘန္ဒိတွာ၊ သညာပေဿာမိ ဝေါ အဟံ။
အင်္ဂီယာမိ ဟာရာမိ၊ သရာဂမရဏံ အဟံ။

၁။ ငြီးငွေ့ခြင်းနှင့် အတူတကွဖြစ်သော ရွံ့ရှာစက်ဆုတ်ခြင်းသည် -- ဓိဂုစ္ဆာဌာယီဝိဘာဝ။
၂။ ထိုရာဂတည်းဟူသော သမုဒယသစ္စာသည် -- အာလမ္ဗဏဝိဘာဝ။
၃။ ထိုရာဂနှင့်တကွဖြစ်သော ရုပ်နာမ်၊ ထိုရာဂ၏ အပြစ်သည် -- ဥဒ္ဒိပနဝိဘာဝ။
၄။ ခြေကို ရိုက်ချိုးခြင်း၊ ရာဂနှင့်တကွ သေရမည်ကို ငြီးငွေ့ရွံစိုးသည်၊ ရှက်နိုးသည်ဟု ဆိုခြင်းသည် -- အနုဘာဝ။
၅။ ငြီးငွေ့ခြင်း၊ နိဗ္ဗေဒ၊ ရှက်ခြင်း မိဠတို့သည် -- ဗျဘိစာရီဘာဝ။
၆။ ထိုဘာဝ ----- ပ ----- -- ဓိဘစ္ဆရသ မည်၏။

မှတ်ချက်။ ။ မိမိမယားကို နဂိုချစ်နေရာမှ အကြောင်းတစ်စုံတစ်ရာကြောင့် မချစ်တော့သော အခါ မုန်းခြင်းကြောင့် ဓိဂုစ္ဆာဌာယီဘာဝ ဖြစ်၏။ ထိုသို့ဖြစ်ရာ၌ ကရုဏာ သဘောမကောင်းသော ကရုဏာယုတ ဓိဘစ္ဆရသ ဖြစ်နိုင်ပုံကိုသိပါ။

http://www.dhammadownload.com



## (၃၆၆) အတီလောက ----------ပ---------- ဗျဘိစာရိနော။

### ၈။ အဗ္ဘုတရသ အဝိပ္ပာယ်

လောကသဘာဝကိုလွန်သော ပုဒ်အနက်တို့ကြောင့်ဖြစ်သော အံ့ဩခြင်း ဝိမှယဋ္ဌာယိဘာဝသည် အဗ္ဘုတရသ မည်၏။

### ဤဂါထာကို ရှု၍ ဋ္ဌာယီဘာဝ စသည်ထုတ်ပုံ

၁။ အံ့ဩသော အခြင်းအရာနှင့်တကွဖြစ်သော ဆန္ဒပြတာန်းသော စိတ္တုပ္ပါဒ်သည်
-- ဝိမှယ ဋ္ဌာယီဘာဝ။

(အတိလောကပဒတ္ထေဟိ, ဝိမှယောယံ)

၂။ လောက၌ ဖြစ်မြဲသဘောကို လွန်၍ဖြစ်သော ဝတ္ထုပုဂ္ဂိုလ်တို့သည်
-- အာလမ္ဗဏဝိဘာဝ။

၃။ ထိုဝတ္ထုပုဂ္ဂိုလ်၏ လွန်စွာဆန်းကြယ်အံ့ဩဖွယ်ဂုဏ်သည်
-- ဥဒ္ဒီပနဝိဘာဝ။

(အတိလေကပဒတ္ထေဟိ)

၄။ ထိတ်လန့်ခြင်း တာသ၊ အရင်လိုခြင်း အာဝေဂ၊ ရောင့်ရဲခြင်း ဓိတိ၊ ဆုံးဖြတ်ခြင်း မတိ၊ ကြံစည်ခြင်း တက္က စသည် ဘို့သည်
-- ဗျဘိစာရိ ဘာဝ။

(တာသာဝေဂါ ----- ပ ----- ဗျဘိစာရိနော)

၅။ ချွေးထွက်ခြင်း၊ မျက်ရည်ယိုခြင်း၊ သာဓုခေါ်ခြင်း စသည်တို့သည်
-- အနုဘာဝ။

(တဿာနုဘာဝါ ---- ပ ----- သိယုံ)

၆။ ထိုဘာဝ ----- ပ ----- ဝိမှယ ဋ္ဌာယီဘာဝသည်ပင်
-- အဗ္ဘုတရသ မည်၏။

(ဝိမှယောယံ ရသောဗ္ဘုတော)

http://www.dhammadownload.com



ဆောင်။ ။ အံ့ဩလေက ဝိမှယတည့်၊ လောကဖြစ်မြဲ လွန်ကဲဝတ္ထု ပုဂ္ဂိုလ်စုမှာ အာရမ္မဏ ဝိဘာဝရှင့်၊ ဆန်းလှလွန်စွာ ဂုဏ်တို့မှာလျှင် ဥဒ္ဒီတွင်၏။ ထိုပြင် ချွေးထွက် မျက်ရည်ထွက်မှု သာဝုနမော် ခေါ်ခြင်းစသားသဘောများမှာ မှတ်သား နုဘာ တာသာ ဓိတိ မတိ အာဝေ စထွေများစွာ ဗျဘိစာသည် ပွားပါအဗ္ဘုတရသ တည်း။

## အဗ္ဘုတရသ ထုတ်ပုံ(၁)

❀ အစ္ဆေရံဝတ လောကသ္မိံ ၊ အဗ္ဘုတံ လောမဟံသနံ။
ဝေဿန္တရဿ တေဇေန၊ သယမေ ဝေါ နတာဒုမာ။ (စရိယာပိဋက)

၁။ မဒ္ဒီမိဖုရား၏ အံ့ဩဖွယ်အခြင်းအရာနှင့်တကွဖြစ်သော ဆန္ဒပြတ်ဆန်းသော စိတ္တုပ္ပါဒ်သည် -- ဝိမှယဌာယိဘာဝ။
၂။ သစ်ပင်တို့သည် -- အာလမ္ဗဏဝိဘာဝ။
၃။ အလိုလို ညွတ်လာကြခြင်းသည် -- ဥဒ္ဒီပနဝိဘာဝ။
၄။ စိတ်ကြည်လင် ရွှင်လန်းခြင်း ဟရိသ စသည်တို့သည် -- ဗျဘိစာရိဘာဝ။
၅။ ကြက်သီးမွေးညှင်းထခြင်းသည် -- အနုဘာဝ။
၆။ ထိုဘာဝ ----- ပ ----- -- အဗ္ဘုရသ မည်၏။

## ပုံစံ (၂)

❀ ဒုလ္လဘဥ္စိ လဒ္ဓါ အစ္ဆရိယံဝါ၊ ဒိသွာပိယာနံ ဉာတိမိတ္တာဒီနံ။
အနုဿရဏံ နာမ လောကဿ ပကတိယေဝ။ (သီ–၅)

၁။ ဤဒွိ (လဒ္ဓါဒိသွာ–ဟူသော ပါဌ်တို့၏ အစွမ်းသတ္တိဖြင့် ပြအပ်သော) အံ့ဩခြင်းသည် -- ဝိမှယ ဌာယိဘာဝ။
၂။ ရခဲသော အရာဝတ္ထု၊ အံ့ဩဘွယ်ကောင်းသောအရာဝတ္ထုသည် -- အာလမ္ဗဏဝိဘာဝ။
၃။ ထူးကဲလွန်မြတ်ခြင်း၊ လွန်စွာဆန်းကြယ် အံ့ဩဘွယ်ရာကောင်းခြင်းဂုဏ်တို့သည် -- ဥဒ္ဒီပန ဝိဘာဝ။

http://www.dhammadownload.com



၄။ သာရခေါ်ခြင်း၊ စုတ်သပ်ခြင်း စသည်တို့သည် -- အနုဘာဝ။
၅။ ချစ်ခင်မြတ်နိုးအပ်သော ဆွေမျိုးမိတ်ဆွေ စသူတို့ကို အောက်မေ့အမှတ်ရခြင်း သတိ သည် -- ဗျဘိစာရီဘာဝ။
၆။ ထိုဘာဝ ----- ပ ----- -- အဗ္ဘုတရသ မည်၏။

* စာဖြေဂုဏ်ထူး ငါးခြောက်ရူးချီးကြူးအံ့ဖွယ်ရာ။
* လူရည်ချွန်ပန်း ထပ်ထပ်ကွမ်း အံ့ခမ်း မကုန်ပါ။
* မျက်လုံးဖောက်လှူ ဗုဒ္ဓကို ပြိုင်တူတုမဲ့စွာ။

## ပုံစံ (၃)

❁ ဝေ်ယသာ နဘာဝေန၊ အကမ္ပိတ္တ အနေကသော။
မေဒနီ အုတ္တ္တသေဠသ၊ ဒေသိတာသ သယမ္ဘုနာ။

၁။ မြေလှုပ်သည်ကို မြင်ရ၍ ဝမ္ဘပဋိဂ္ဂါဟက ရဟန်းတော်များနှင့် နတ်ဗြဟ္မာတို့၏ သန္တာန်၌ အံ့ဩသောအခြင်းအရာ အားဖြင့်ဖြစ်သော ဆန္ဒသည် -- ဝိမှယဋ္ဌာယိဘာဝ။
၂။ မြေကြီးသည် -- အာလမ္ဗဏဝိဘာဝ။
၃။ ထိုမြေကြီး၏ အကြိမ်ပေါင်းများစွာ တုန်လှုပ်ခြင်း၊ မြတ်စွာဘုရားက ဗြဟ္မဏသုတ်ကို ဟောကြားခြင်းသည် -- ဥဒ္ဒိပနဝိဘာဝ။
၄။ သာရခေါ်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်း စသည်တို့သည် -- အနုဘာဝ။
၅။ ရောင့်ရဲခြင်း ပီတိ၊ ထိတ်လန့်ခြင်း တာသ စသည်တို့သည် -- ဗျဘိစာရီဝိဘာဝ။
၆။ ထိုဘာဝ ----- ပ ----- -- အဗ္ဘုတရသ မည်၏။

## ပုံစံ(၄)

❁ အဗ္ဘုတောဝတ လောကသ္မိ ၊ ဥပ္ပန္နံ လောမဟံသနော။
ဒိဗ္ဗော ရသောပါတု ရဟု၊ ဝေဒေဟဿ ယသဿိနော။ (နေမိဇာတ်)

http://www.dhammadownload.com



၁။ လောကကဥ္ဆ မဖြစ်စဖူး အထူးဖြစ်ခြင်းသည် -- ဝိမှယဋ္ဌာယီဘာဝ။
၂။ ဝိဒေဟမင်းကြီးအား ထင်ရှားဖြစ်ပေါ်လာသော နတ်ရထားသည်
-- အာလမ္ဗဏဝိဘာဝ။
၃။ နတ်ရထား၏ တန်ဆာသည် -- ဥဒ္ဒိပနဝိဘာဝ။
၄။ ကြက်သီးမွေးညှင်းထခြင်းသည် -- သတ္တိကာဘာဝ။
၅။ အထူးကို ကြည့်ရှုခြင်းသည် -- အနုဘာဝ။
၆။ ထိုဘာဝ ------ ပ ------ -- အဗ္ဘုတရသ မည်၏။

* * * * *

(၃၆၇) ဌာယီဘာဝေါ -----------ပ----------- နိသေဝိတော။

## ၉။ သန္တရသအစိပ္ပာယ်

ယင်းသမဋ္ဌာယီဘာဝသည် ဆိုင်ရာဗျဘိစာရီဘာဝ အနုဘာဝတို့ဖြင့် တိုးပွားလာသော အခါ သူတော်ကောင်းတို့ မှီဝဲအပ်သော သန္တရသ မည်၏။

**ဆောင်။** ။ *ငြိမ်းအေးဟူသည် ကုတ်နင့် ကိ နှစ်လီရှိခဲ့ရာ။
*ဤနှစ်ဖြေခန်း စာအတန်း အောင်ပန်းဆွတ်ခဲ့ပါ။ (လောကီ)
*လျှစောင့်ပွားပြန် တရားမှန် ခြေခံစုပြီးပါ (လောကုတ်)။

## ဤဂါထာကို ရှု၍ ဌာယီဘာဝ စသည်ထုတ်ပုံ

၁။ မဟဂ္ဂုတ်လောကုတ္တရာ၌ရှိသော ကာယပဿဒ္ဓိ။ စိတ္တပဿဒ္ဓိ စေတသိက်နှစ်ခုသည်
-- သမဋ္ဌာယီဘာဝ။

(ဌာယီဘာဝေါ ------ ပ ------ သမ္ဘာ ဝေါ)

၂။ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဟုဆိုအပ်သော ဗြဟ္မစိုရ်တရား လေးပါးတို့သည် လည်းကောင်း၊ ယင်းတရား တို့၏ အာရုံသည်လည်းကောင်း
-- အာလမ္ဗဏဝိဘာဝ။

http://www.dhammadownload.com



**တစ်နည်း။** ။ ကမ္ဘဋ္ဌာန်း လေးဆယ်သည်လည်းကောင်း၊ အနိစ္စ၏အဖြစ် ဒုက္ခ၏အဖြစ် အနတ္တ၏ အဖြစ်သည်လည်းကောင်း၊ ရုပ်နာမ် နိဗ္ဗာန်ဟူသော ပရမတ်သည်လည်းကောင်း အာလမ္ဗဏဝိဘာဝ။

၃။ ဖြူစင်သန့်ရှင်းသော အဇ္ဈတ္တ ဝတ္ထု ဗဟိဒ္ဓ ဝတ္ထုတို့သည် -- ဥဒ္ဒိပနဝိဘာဝ။

**တစ်နည်း။** ။ စင်ကြယ်သော သင်္ခမ်းကျောင်း၊ စိမ်းသောလယ်ယာ၊ ရေဆိပ်၊ တောတောင် စသည်တို့သည်လည်းကောင်း၊ မြတ်သော ယောဂီများတို့ကို ဆည်းကပ်ရခြင်းသည် လည်းကောင်း ဥဒ္ဒိပနဝိဘာဝ။ (မေတ္တာဒယာ မောဒါဒိ သမ္ဘာ ဝေါ)

၄။ ငြိမ်ငွေ့ခြင်း နိဗ္ဗေဒ, ရယ်ရွှင်ခြင်း ဟာသ၊ အောက်မေ့ခြင်း သတိ၊ ဆုံးဖြတ်ခြင်း မတိ စသည်တို့သည် -- ဗျဘိစာရီ ဘာဝ။

၅။ နီဝရဏတို့မှ ကင်းခြင်း၊ ကြက်သီးမွေးညှင်းထခြင်း စသည်တို့သည် -- အနုဘာဝ။

၆။ ထိုဘာဝ ----- ပ ----- သမဋ္ဌာယီဘာဝသည်ပင်-- သန္တရသ မည်၏။

**ဆောင်။** ။ ကိုယ်စိတ်ငြိမ်းမှု မှတ်ရူသမ လေးဝဖြဟ္မစိုရ် စသည်ကိုမူ အာရမ်ယူလော့၊ စင်ဖြူသန့်ရှင်း ကျောင်းဝင်း စသား ဥဒ္ဒိထားလေ၊ ခေါင်းပါး နီဝရဏ ကြက်သီးထမူ အစုစုမှာ အနုဘာဝ နိဗ္ဗေဒ ဟာသာ ဗျဘိစာသည် ပွားခါ သန္တရသတည်း။

## သန္တောရသ ပုံစံ(၁)

❁ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ရှိခိုးသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ သမာဓိပြတာန်းသော မိတ္တဖူပါဒ်သည် -- သမဋ္ဌာယီ ဘာဝ။

၂။ မြတ်စွာဘုရားသည် -- အာလမ္ဗဏဝိဘာဝ။

၃။ အရဟံ သမ္မာသမ္ဗုဒ္ဓ ဘဂဝါ ဂုဏ်တော် စသည်သည် -- ဥဒ္ဒိပနဝိဘာဝ။

၄။ ကြက်သီးမွေးညှင်းထခြင်း ရောမဥ္စ စသည်တို့သည် -- သတ္တိကာဘာဝ။

http://www.dhammadownload.com



၅။ အလိုပြည့်၍ နှစ်သက်ခြင်း ဓိတိ၊ စိတ်ရွှင်လန်းခြင်း ဟရိသ၊ ဟုတ်တိုင်းမှန်စွာ သိခြင်း မတိတို့သည်– -- ဗျဘိစာရီ ဘာဝ။

၆။ ရှိခိုးအပ်သော ကိုယ်နှုတ်အမူအရာနှင့်တကွ ရှိခိုးသဖြင့် ရအပ်သော ပသာဒ ပီတိ၊ ပါမောဇ္ဇ စသောအကျိုး၊ အန္တရာယ်ကင်းခြင်း၊ ကျွမ်းပြီးခြင်း အကျိုးတို့သည် -- အနုဘာဝ။

၇။ ထိုဘာဝ ----- ပ ----- -- သန္တရသ မည်၏။

## ပုံစံ(၂)

* တတ္ထပတာနံ ပဒဟိ ၊ နိသဇ္ဇဋ္ဌာန စင်္ကမေ။
အဇ္ဈတ္တရမို သတ္တာဟော၊ အဘိညာဖလ ပါပုဏိ ။ (ဗုဒ္ဓဝင်–ပါ)

၁။ တည်ငြိမ်သော သမာဓိသည် -- သမဋ္ဌာယိဘာဝ။

၂။ သူမေတာရသေ့ နှလုံးသွင်းအပ်သော တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်းသည် -- အာလမ္ဗဏ ဝိဘာဝ။

၃။ တော သစ်ပင်ရင်းတို့သည် -- ဥဒ္ဒီပနဝိဘာဝ။

၄။ အဘိညာဏ်ရခြင်းသည် -- အနုဘာဝ။

၅။ ထိုဘာဝ ----- ပ ----- -- သန္တရသ မည်၏။

## ပုံစံ (၃)

* ဥပဇ္ဈန္တေစ ဇာယန္တေ၊ ဗုဇ္ဈန္တေ ဝမ္မဒေသနေ။
စတုရောနိမိတ္တေ နာဒသိ ၊ ဈာနပီတိ သမပ္ပိတော။ (ဗုဒ္ဓဝင်–ပါ)

၁။ ဈာန်စိတ်နှင့်ယှဉ်သော စေတသိက်ခန္ဓာ သုံးပါးတို့၏ ငြိမ်းအေးမှု ကာယပဿဒ္ဓိ၊ စိတ်တို့ ငြိမ်းအေးမှု စိတ္တပဿဒ္ဓိ သည် -- သမဋ္ဌာယိဘာဝ။

၂။ ထိုဈာန်တို့၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းသည် -- အာလမ္ဗဏဝိဘာဝ။

၃။ ဈာန်ဝင်စားရန်ကောင်းသော တောတောင် စသည်တို့သည် -- ဥဒ္ဒီပနဝိဘာဝ။

http://www.dhammadownload.com



၄။ လေးပါးသောနိမိတ်တို့ကို မသိလိုက်ခြင်းသည် -- အနုဘာဝ။
၅။ ထိုဘာဝ ----- ပ ---- -- သန္တရသ မည်၏။

## ပုံစံ (၄)

❀ ယဥ္စ ကာမသုခံလောကေ၊ ယဥ္စိဒံ ဒိဝိဒံ သုခံ။
တဏှက္ခယ သုခဿေတေ၊ ကာလံန႒ န္တိ သောဠသိ ။ (ဥဒါန်း)

၁။ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော လောကုတ္တရာစိတ်၌ရှိသော ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ သည် -- သမဌာယီဘာဝ။
၂။ နိဗ္ဗာန်သည် -- အာလမ္ဗဏဝိဘာဝ။
၃။ သမထ ဝိပဿနာတို့သည် -- ဥဒ္ဒီပနဝိဘာဝ။
၄။ ကြက်သီးမွေးညှင်းထခြင်း စသည်တို့သည် -- သတ္တိကာ ဘာဝ။
၅။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိတို့နှင့် တကွဖြစ်သော သဒ္ဓါ၊ သတိ၊ ပီတိ စသည်တို့သည် -- ဗျဘိစာရီ။
၆။ ထိုဘာဝ ----- ပ ----- -- သန္တရသ မည်၏။

## ပုံစံ (၅)

❀ သောအဟောဗုဒ္ဓေါ အဟောဓမ္မော အဟောသံဃောတိ အနုဿရန္တောယေဝ စေတိယင်္ဂဏေ- စိတ္တမာလာဝိယ မိလာယိတွာ တတုမဟာရာဇိက ဒေဝလောကေ ဝဿဝဏဿ ပရိစာရကော စေဝသဘောနာမ ယက္ခော ဟုတွာ နိဗ္ဗတ္တိ။ (သီ–ဋ္ဌ ၁၂၆)

၁။ ဗိမ္ဗိသာရမင်းကြီး၏ သန္တာန်၌ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ (သမာဓိ) ပြတန်းသော စိတ္တုပ္ပါဒ်သည် -- သမဌာယီဘာဝ။
၂။ ဗုဒ္ဓ ဓမ္မ သံဃ တို့သည် -- အာလမ္ဗဏဝိဘာဝ။
၃။ ဗုဒ္ဓ ဓမ္မ သံဃ တို့၏ ဂုဏ်တော်များသည်လည်းကောင်း၊ မေတ္တာ ကရုဏာ စသော ဗြဟ္မဝိဟာရတရား နှလုံး၌ ထားခြင်းသည်လည်းကောင်း၊
-- ဥဒ္ဒီပနဝိဘာဝ။

http://www.dhammadownload.com



၄။ ဗိမ္ဗိသာရမင်းကြီး၏ အဟော ဗုဒ္ဓေါ စသော ဝစီကံအမူအရာသည်လည်းကောင်း၊ စတုမဟာရာဇ်နတ်ပြည်၌ ဝဿဝဏ်နတ်မင်း၏ အလုပ်အကျွေးဖြစ်သော ဇနဝသဘ မည်သော နတ်သားဖြစ်ရခြင်း အကျိုးသည်လည်းကောင်း

-- အနုဘာဝ။

၅။ ထိုဘာဝ ------ ပ ------ -- သန္တရသ မည်၏။

## ပုံစံ(၆)

❁ စာတုဒ္ဒိသော အပ္ပဋိဃောစ ဟောတိ၊

သန္တုဿမာနော ဣတရီတရေန။

ပရိဿယာနံ သဟိတာ အဆမ္ဘီ၊

ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

၁။ စရေ၏ အရ တစ်ယောက်တည်း ကျင့်သုံးနေထိုင်သော သူ၏ သန္တာန်၌ ငြိမ်သက်သော အခြင်းအရာအားဖြင့် ဖြစ်သော ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ ပြတာန်းသော စိတ္တုပါဒ်သည်

-- သမဋ္ဌာယီဘာဝ။

၂။ မေတ္တာစျာန်၏ အာရုံဖြစ်သော သတ္တဝါပညတ်သည် -- အာလမ္ဗဏဝိဘာဝ။

၃။ စိမ်းလန်းစိုပြေသော တောတောင် စသည်သည် -- ဥဒ္ဒိပနဝိဘာဝ။

၄။ သုခ သမာဓိ ယထာဘူတဉာဏ် စသော အဆက်ဆက်သော အကျိုးသည်

-- အနုဘာဝ။

၅။ ထိုဘာဝ ------ ပ ------ -- သန္တရသ မည်၏။

မှတ်ချက်။ ။ ဥဿာဟဋ္ဌာယီဘာဝ ဝီရ,ရသလည်း ထုတ်ကြသည်။

ဤတွင် ပဌမပိုင်း ပြီးပါပြီ။

□□□

http://www.dhammadownload.com



## အလင်္ကာ နှင့် ပတ်သက်၍

ဖဖဖဖဖ

စကားအရာ စာပေရေးရာတို့၌ ရှောင်ရန် အပြစ်ဆောင်ရန် အနှစ်တို့ကို ခွဲခြားသိမြင် အပြောရေး ကျွမ်းကျင် ပညာရှင် တစ်ယောက်ဖြစ်ရန်ဤစာအုပ်ကို ဆောင်ထားလေ့လာသင့်ပါကြောင်း......။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com